အမရပူရမြို့
မဂ်လာတိုက်ဂဟာဌာန်း
"အဂ္ဂမဟာဗောဓိတ္ထေရ"
ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး

၏

မိုးကုတ်စိပဿနာ

ဒုလ္လဘဓမ္မသုတ်

ဟောစဉ်—ကျင့်စဉ်

သစ္စာလေးပါး တရားဒေသနာမျှော်။

ပဌမတွဲ

တာဝန်ခံ တင်မောက်သူ
ဦးမြင့်ဆေ

"မူလ ဓမ္မာဗရိယ"
မိတ္ထီလာ။

၁၃၃၀—ခု။ ၂၀၂၁—ခု။

၁၀၉၄ခု

အာမရပူရမြို့

မဂ်လာတိုက်ဧဟာင်း

"အဂ္ဂမဟာပဏ္ဍိတ"

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး

၏

ဗိုးကုတ်ဝိပဿနာ

နိဒ္ဒိသနာ

ဟောစဉ်—ကျင့်စဉ်

သဘောလေးပါး တရားတော်များ။

ပဌမတွဲ

ဘာဝနာခံတင်ဆက်သူ

ဦးမြင့်ဆွေ

" မူလ ဓမ္မာစရိယ "

မိတ္ထိလာ။

၁၉၃၁—ခု။ ၂၅၇၄—ခု။

ဒုတိယအကြိမ်ပုံနှိပ်ခြင်း

အုပ်ဖရ(၃၀၀၀)

အာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်
(၄၀၃၃)အရ၊

[illegible]

ပုံနှိပ်သူ – ဦးမောင်ကြီး (၀၁၀၃၁-မြဲ)
ခေတ်ဆန်းညွှန့် ပုံနှိပ်တိုက်
အမှတ် ၃၈၇၊ ၈၄-လမ်း
ရဟိုင်းစျေး · မန္တလေး။

ဆုတ်ဝေသူ – ကိုပြေကျော် (၀၄၈၆-မြဲ)
သက်ပန် စာပေတိုက်
သီရိမာလာ အဓရှေ့ပိုင်း
သဘော်ဘတန်း · မန္တလေး။



အဂ္ဂမဟာပဏ္ဍိတ

ဓေးဒုးရှင် မိုးကုတ်ဆရာထော်ဘုရားဖူး ၀၃

ပဋ္ဌိစ္စသမုပ္ပါဒ်ထရား ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ဓာတ်အစဉ်

အမရပူရမြို့ မဂ်လာတိုက်ဟောင်း မိုးကုတ်ဆရာတော် ဦးဝိမလ—၏
ပဋ္ဌိစ္စသမုပ္ပါဒ်ဖြတ်လမ်း ကြည့်ရှုစရာ စက်ဝိုင်း ဒေသနာ။



အဝိဇ္ဇာနှင့်၊တဏှာရင်းခံ၊ဥပါဒါန်ကံကြောင့်—ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊မျိုးမှအပင်၊အမျှင်မပြတ်၊ ဃာက်စပ်သည့်ဟန်၊ကံကြောင့်ရုပ်နာမ်၊နာမ်ရုပ်ကြောင့် ကံ၊ အဘန်ဘန်၊ဖြစ်ပြန်နည်းအလျော်၊ငြဟ်ဘသိကြား၊ ဓာသည်များက၊ထင်ရှားပြုပြင်၊စီရင်ဘန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဥာဏ်ဖြင့် ရှုရှု မြွေ၁။

(လက်ံာဆောင်ပုဒ်) မူလနှစ်ဖြာ၊သစ္စာနှစ်ခု၊လေးခုအလှာ၊အင်္ဂါတဆယ် နှစ်ပါး၊တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ဝဋ်သုံးဝန်း၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိဝေအပ်ဘ ည်၊ သံသရာမှ လွတ်ကြောင်းတည်း။ ။

ဌင်းစက်ဝိုင်းတွင်ပါသော ဝေဒနာနိဆောခေ၊ တဏှာနိဆောခေ—ဟူသော ဖြတ်လမ်း၏ အလုပ် လုပ်စဉ်မှာ ဝေဒနာကို အနိစ္စမြင်လျှင် ဝိပဿနာမဂ်ဝင်လာသောကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ် ပြတ်ပါ၏။

ဝေဒနာနှင့် သဟဇာတဖြစ်သော သညာ, သင်္ခါရ, ဝိညာဏ်, ရုပ်, ဝိတက်, ဝိစာရ တို့ကိုလည်း ရှုနိုင်ကြပါ၏။ အားလုံး ဖြတ်လမ်းဖြစ်နိုင်ပါ၏။ ဌင်း—ရှုမှတ်နည်းမှာ နိဒါန်း၀ဂ္ဂ သံယုတ်ပါဠိတော် သမ္မသနညုတ်မှာ လာပါ၏။

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	အကြောင်းပြစကား	.... ၁
၂။	ပဏာမာဒိမင်္ဂလာစရိယာ	.... ၁၁
၃။	မြုပ်မျောရှောင်ကြဉ်ဆန်လမ်းယှဉ်တရားတော်....	၁၃
၄။	မဂ္ဂင်းပွါးမှ နိဗ္ဗာန်ရ တရားတော်	.... ၂၃
၅။	ကြောက်သေလွတ်ရာနည်းလမ်းရှာတရားတော်....	၃၃
၆။	အဓိပတိလက်နက် ရန်ဖြိုဖျက် တရားတော်	.... ၄၅
၇။	ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် တရားတော်	.... ၅၇
၈။	မိမိခန္ဓာ တရားရှာ တရားတော်	.... ၆၈
၉။	နိဗ္ဗာန်ရရာ နည်းလမ်းရှာ တရားတော်	.... ၇၇
၁၀။	သေနည်းလမ်းပြ တရားတော်	.... ၈၅
၁၁။	အနာဂတ်ဘေး လာမည့်ရေး တရားတော်	.... ၁၀၂
၁၂။	အာသဝေါချုပ်ကြောင်း အကျဉ်းကောင်းတရားတော်	၁၁၆
၁၃။	ကြက်ကိုစံပြု ခန္ဓာရှု တရားတော်	.... ၁၂၆
၁၄။	ကြက်ကိုစံပြု ခန္ဓာရှု တရားတော်	.... ၁၃၇
၁၅။	ဉာဏ်သုံးဆင့်တက် ဝဋ်မှဥက် တရားတော်	.... ၁၄၅
၁၆။	ပဉ်ကူပမာ တရားရှာ တရားတော်	.... ၁၅၉
၁၇။	ခန္ဓာရှုကွက် ဉာဏ်သုံးချက် တရားတော်	.... ၁၇၂
၁၈။	အာဝိဇ္ဇာမှောင်ကြီး ပိတ်ကာဆီး တရားတော်	.... ၁၈၃

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၉။	အဝိဇ္ဇာကြီးက် အမိုက်တိုက် တရားတော်	.... ၁၉၆
၂၀။	ဥခဲ့အဝိဇ္ဇာ မျောင်ငါးလှာ တရားတော်	.... ၂၀၈
၂၁။	အဝိဇ္ဇာငါးထပ် ဦးစွာလှုပ် တရားတော်	.... ၂၁၉
၂၂။	အဝိဇ္ဇာတဏှာ လွှတ်ကြောင်းရှာ တရားတော်	.... ၂၃၀
၂၃။	အာသဝကုန်ရန် နည်းလမ်းမှန် တရားတော်	.... ၂၅၁
၂၄။	သာဝကပါရမီ နှစ်ချက်ညီ တရားတော်	.... ၂၇၆
၂၅။	ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်အရ နမူနာပြ ရေစက်ချ တရားတော်	.... ၂၉၅
၂၆။	နိဂုံးစကား	.... ၃၀၃

အကြောင်းပြစကား

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အထူး သတိပြုရန်အချက်

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊
ဓမ္မော သုစိဏ္ဏော သုခမာဝဟတိ။
သောနိသံသော ဓမ္မေ သုစိဏ္ဏေ၊
န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ။ ။

(ဓမ္မပဒပါဠိတော်–သာရိပုတ္တတ္ထေရဝတ္ထု)

ဘာသာပြန် တရားတော်မြတ်ကိုကျင့်ကြံကြိုးကုတ်အားထုတ်သောသူကို စင်စစ်ကောန် အမှန် မုချ အားဖြင့် တရားတော်က စောင့်ရှောက်ပေ၏၊ ကောင်းစွာ ကျင့်အပ်သည့် တရားမြတ်သည် ချမ်းသာ အမျိုးမျိုးကို ရွက်ဆောင် လေ၏၊ ဤသို့သော သဘာဝသည်ကား တရားတော်ကို ကျင့်ဆောင်ရာတွင် ဖြစ်မြဲ, ရမြဲသော အကျိုးတရားပေတည်း၊ တရားတော်ကို ကျင့်ဆောင်သူသည် အပါယ် အစရှိ ဒုဂ္ဂတိ ဟူသမျှသို့ မလားရောက်ရတော့ချေတကား။

အခွင့်ကောင်း အမရပူရမြို့မင်္ဂလာတိုက်၌ ယာပိုထိလေးလီမျည်သီတင်း သုံးတော်မူသော ကျေးဇူးရှင် မိုးကုတ်ဆရာတော် ဘုရားကြီး ဟောကြားတော် မူအပ်သည့် ဝိပဿနာတရားတော်များကို ဤစာရေးကူးတင်ဆက်သူသည် ၁၃၂၀–ခု

No. 1

တပို့တဲ့လဆန်း (၁၀) ရက်နေ့မှ အစပြု၍ "မိတ္ထီလာမြို့ ပထမလမ်းမတော် ပန်းထိန်တန်းရပ်နေ ဦးကျော်မောင်—ဒေါ်စန္ဒီ" တို့၏ ကျေးဇူး ပြုချက် အရ၊ အခွင့်ကောင်း ကြုံရ ကံကောင်းထောက်မသဖြင့် နာကြားခွင့်ကို ရရှိခဲ့ပါသည်။

အရှင်ဆရာတော်၏ ဟောစဉ်မှာ တချိန်ဟောလျှင် တနာရီတိတိသာ ဟောလေ့ရှိပြီး ဟောသည့် တရားအစဉ်တွင်လည်း စကားလုံးအပိုမပါတိကျမှန်ကန်လှစွာသော သဘာဝနှင့်ပရမတ္ထအနက် သစ္စာအချက်တို့ကိုသာ ဟောပြတော်မူလေ့ ရှိပါသည်။

အရှင်ဆရာတော်၏ ဟောကြားပုံမှာ တမျိုး တဘာသာ ထူးခြားလှပြီး နာကြား၍ အားမရနိုင်အောင်ပင်ဖြစ်ပါသည်၊ ကြားနာရသူတို့၏ဟာဒယနှလုံးသားကိုလည်း ယူကျုံးဆဲငင်နိုင်စွမ်းရှိလှပါသည်၊ သဘာဝအချက် ဓမ္မအနက်တို့ကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းသိသာအောင် ကျနစွာ ဟောပြတော်မူလေ့ ရှိပါသည်။

ထို့ကြောင့်ပင်လျှင် ဓမ္မမိတ်ဆွေ အများတို့၏ နှုတ်ဖျားဌာနေ ဥဒါန်းစကား ပြောဆိုကြသည်မှာ....

"ဆရာတော်၏တရားကို တကြိမ်မျှ နာကြားရလျှင် ထပ်ခါတလဲလဲပင် ကြားနာချင် နေတော့ ဒါပါဘဲ" ဟူ၍ဌင်း။
"ဒီဆရာတော် တရားကို နာကြားရလို့မှ အကျတ်တရားမရသေးဘူးဆိုလျှင် ဒီဘဝမှာ ကျတ်လမ်းမမြင်တော့ပါဘူး" ဟူ၍ဌင်း ဖြစ်ပါတော့သည်။

ဓမ္မရတနာပီတိဖြာ ဆရာတော်၏တရားတော်ကို ကြားနာရဆဲ အခါများတွင် ကျွ် – စာရေးသူနှင့် တကွ ဓမ္မအဆွေတော် များတို့ပါ သဒ္ဓါကဲမောက် ဉာဏ်အစဉ် ထွန်း တောက်လျက်ဝမ်းမြောက်ခြင်း ဓမ္မပီတိ သုခ ဓမ္မသံဝေဂများကို ထိုက်သည့်အားလျော်စွာ ရရှိခံစားကြရပါသည်။

သံဝေဉာဏ်စက်ဆုံးဖြတ်ချက် သံဝေဂဉာဏ်များ တဖွဖွားဖွား တိုးတက် ထက်သန် လာသည့် အားလျော်စွာ တရားတော်ကို ကြားနာရ၍ ရက်ပေါင်း(၂၀) ကျော်မျှ ကြာရှိလျှင်ပင် တိကျသော ဆုံးဖြတ်ချက်တခုကို ယတိ ပြတ် ချမှတ်လိုက်ပါတော့သည်။

" ဆုံးဖြတ်ချက်ကား "

ငါသည် ယခုကဲ့သို့ အမှတ်တမဲ့နေပြီး အမှတ်တမဲ့ သေသွား ရမူ အပါယ်ကျဘို့က ပို၍သေချာလှသည်။

ကြုံတောင့် ကြုံခဲ ကြုံတွေ့ လာရသည့် မြတ်စွာဘုရား သာသ နာခေတ် လူ့အဖြစ်တွင် သဒ္ဓါစစ်လည်းရ၊ သဒ္ဓမ္မကိုလည်းယခုပင် နာကြားရပေပြီ။

အလဟာဿ အချည်းအနှီး အချိန်မစီးသည့် လူ့အနွှအဖြစ်ဖြင့် အနစ် အမှန်းမခံသင့်၊ အမြုပ် အမျောမခံအပ်၊ ဘယ်နည်းနှင့်မှ မခံနိုင် မခံလိုတော့ပြီ။

အခြိန်မလှန်ခင် အလုပ်ခွင်ဝင်မှ တေးမည်၊ ဝင်တော့အုံ၊ ကိုယ် ကိုယ်တိုင် စိတ်ချရအောင် မဆုတ် မနစ် တအားသစ်၍ ပဓါနအလုပ်ကို ကြိုးစား အားထုတ်တော့အုံ ဟူ၍ဖြစ်၏။

ဗောဓိရိပ်သာ ခိုလှုံကာ ထိုသို့ ဆုံးဖြတ်ပြီးနောက် (၂)လခန့် မျှ ကြာရှိသောကာလ ၁၃၂၁–ခု၊ တာကူးလပြည့်ကျော် (၁) ရက်နေ့ အကျတွင် မန္တလေးမြို့ တောင်ပြင် ဗောဓိကုန်းရပ်ရှိ ဗောဓိရိပ်သာ ကမ္မဋ္ဌာန်းတိုက်သို့ အကြောင်း အားလျော်စွာ သွားရောက်ခိုလှုံခွင့်ကိုရရှိပါတော့သည်။

ထိုဗောဓိရိပ်သာတွင် အားထုတ်ခွင့်ရသဖြင့်[၁၀]ရက်တာမျှ တရားတော်ကို နှလုံး သွင်းမိလျှင်ပင်, ပင်ကိုယ်အသိ၊ ပင်ကိုယ် အမြင်၊ပင်ကိုယ်အထင်တို့သည် တက်တက်စင်လွဲမှားခဲ့သည့်အဖြစ်ကို ကောန်ဒိဉ္ဉတွေ့ရှိသိမြင်ရပါတော့သည်၊ထိုအသိဉာဏ်နှင့်အတူ။

ဥဒါနဂီတိ

(၁) ထောင်သုံးရာ နှစ်ဆယ် တစ်၊ တာသစ်တဲ့စိတြာ၊
ကာဠဝမ္ဗန် လွန်ကေ၊ သိဒ္ဓိကျ ဂုရုဒိဝါ။
ဗောဓိနန်း ရိပ်သာယာ၊ ချဉ်းကပ်ခါကျွန်ုပ်။
မြတ်ဆရာ ထံတော်မှောက်မှာ၊ ဇွဲတောက်ကျင့်ထုတ်။

(၂) ဆယ်ရက်ဆို ထိုကာလ၊ ဘာကမျှ ကြာမြင့်ပါ၊
သန္နိဋ္ဌာ ကေန္တ၊ သံသယ လုံးဝကင်းကွာ။
ပစ္စတ္တ ဝေဒိတာ၊ ဘယ်ဖြဟ္မာ ဘယ်နတ်၊
ငြင်းဆိုနိုင် မပိုင်ခွင့်၊ ရဲရင့်ဆုံးဖြတ်။

(၃) အဟော, အော်—မြတ်ဗုဒ္ဓ၊ မြတ်ဇီန ဘုန်းမော်၊
သက္ခာတာ မြတ်ဓမ္မ၊ အံ့စရာ ထူးမြတ်ဂုဏ်တော်။
ကြိမ်ကြိမ်ထပ် ရှိပူဇော်၊ ကော်ရော်လို့ညွတ်တွား၊
အံ့ဘွယ်ဂုဏ် ဘုံနန္တမှာ၊ ထွန်းပစေသား။ ။

ဟူသော ဥဒါန်းစကားကိုရေးသားကျူးရင့်မိသည့် ကျူးရင့်နိုင်သည့်အခြေသို့ ဆိုက်ရောက်ခဲ့ပါသည်။

ကျေးဇူးဂုဏ်အင် တုံ့ဆပ်အင် ထိုအခြေကား၊ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရား၏ တရားတော်ကို ကြားနာရသဖြင့်သာ ဆိုက်ရောက်လာသည်ဟု ဆိုက မှားသည်ဟုမဆိုနိုင်ပါ၊ အဓိကကျေးဇူးရှင်မျှားတွင် တပါး အပါဝင်ပင် မှန်လှုပါပေသည်။

ထို့ကြောင့်ရကား "ဣဓေဝ သုဘဒ္ဒ ဘိက္ခု သမ္မာဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိ အဿ" ဟူသော သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်လာ စကားတော် အရ၊ ဘုရားရှင်၏ မဟာကရုဏာတော်, ကျေးဇူးတော်, ဂုဏ်တော် မျှား၊ တရားတော်, သံဃာတော်တို့၏ ကျေးဇူးတော်, ဂုဏ်တော်

များ၊ အရှင် မိုးကုတ်ဆရာတော်၏ စေတနာတော်, ကျေးဇူးဇာတ် ဂုဏ်တော်များကို တုံ့ဆပ်သော အနေအားဖြင့်ဇင်း၊ ဓမ္မာစရိယ ဓမ္မဒေသက, ဓမ္မလမ်းညွှန် ဆရာမှန် — ဆရာမြတ် အပေါင်းတို့၏ ကျေးဇူးတော်ကို ပူဇော်လေးမြတ် ပေးဆပ်သည့် အနေအားဖြင့် ဇင်း၊ ဓမ္မအဆွေတော်များ၏ဆန္ဒကိုပြည့်ဝစေသောအားဖြင့်ဇင်း အဇ္ဈတ္တမှလွဲ့ဆော်အပ်သည့်စေတနာဗလဝသဒ္ဓါဆန္ဒတို့ကြောင့် ဇင်း၊ ဤတရားတော်အစဉ်ကိုဒုတိယအကြိမ်ကြားနာရစဉ်ရေးကူး မှတ်သား၍ အများအကျိုးအတွက် တင်ဆက် လိုက်ရပါသည်။

သတိတမန်အရင်းခံ အနည်းငယ် သတိချပ်၍ သိမှတ်ထားရန် အချက်မှာဤတရားဟောစဉ်ကိုအသံဖမ်းကြိုးခွေ(တိပ်ရကော်ဒါ)မှတဆင့် ရေးကူးယူရပါသဖြင့် များစွာသော အခက်အခဲများနှင့် ရင်ဆိုင်ရပါသည်၊ အသံမပြီသဘဲ မကဲ့ပြားသည့်အချက်များကိုလည်းတွေ့ရှိရသည်၊လက်ရေးနှေးသဖြင့် မမှီလိုက်၍ အနည်း အကျဉ်း ကြွင်းကျန်ရစ်ခဲ့သော အရာများ ရှိပေမည်၊ ဟောစဉ်တွင် နာကြားရခြင်း၌ ကောင်းမွန်သလောက် ရေးရာတွင် တမျိုးတမည် ဖြစ်နေတတ်သည်လည်းရှိပါသည်။

ဤသို့သော အကြောင်းများကြောင့် ဆရာတော်၏ အာဘော၀ အနက် သဘာ၀ အချက်တို့ကိုသာ ဦးစားပေးလျက် မူမမျက်စေရအောင် အတတ်နိုင်ဆုံးကြိုးစား၍ ရေးသား တင်ဆက် လိုက်ရပါသည်။

သို့ရာတွင် စကားဆက်ခြားရာ လေယူလေထား စကား တန်း ဆာများနှင့်တကွ သဘာဝအချက် ဓမ္မအနက်တို့နှင့် ကဲ့လဲ့ ဆန့်ကျင်စွာ ပြစ်ဆာစွန်းငြိ တစိုးတစိမျှ ပြောပစရာ အကယ်၍ကား တွေ့ရှိရပါငြားအံ့၊ ဤစာရေးကူးတင်ဆက်သူ၏တာဝန်၊ ဤသူ၏ အပြစ်ပင်ဖြစ်သည်ဟု, ဝန်ခံကတိပြုပါကြောင်း၊ မူလဟောကြား ရင်း ဆရာတော်ဘုရားနှင့် လုံးဝ မသက်ဆိုင်ကြောင်း ကြိုတင် သတိချပ်စေရန် တောင်းပန်အပ်ပါသည်။

လေးလေးနက်နက် စဉ်းစားရန်အချက်

အင်္ဇေဝ ကိစ္စံ အာတပံ၊ ကောဇညာ မရဏံ သုဝေ။
န ဟိ နော သက်ရန္တေန၊ မဟာသေနေန မစ္စုနာ။
(ဘဒ္ဒေကရတ္တသုတ် ပါဠိတော်)

ဘာသာပြန် ဒီယနေ့ပင်လျှင် မလုပ်လျှင်မဖြစ်သည့် ဝိပဿနာ ဘာဝနာလုပ်ငန်းကို လျင်မြန်ဆောစွာ မဆုတ်တမ်း ပြုလုပ်ရာ၏၊ အရိုးပင်ကြေပစေ၊ အရေပင် ခန်းစေတော့ တကယ်တမ်း ပြုလုပ်အပ်၏၊ နက်ဖြန်, သဘက်, တရက်ရက်၌ ဆက်ဆက်မုချ သေရမည်လည်း မသိနိုင်၊ ငါတို့ အဘို့ စစ်သည် အင်အားအလွန်များသော ထိုသေမင်းနှင့် နေ့ရက် အချိန်နာရီကို ချိန်းဆိုထားခြင်း မရှိသည်မှာ အမှန်ဖြစ်ချေသည်တကား။

မာဝေါခဏံ ဝိရာဓေထ၊ ခဏာတီတာ ဟိ သောစရေ။
သဒ္ဓတ္ထေ ဝါယမေယျာထ၊ ခဏော ဝေါ ပဋိပါ တိတော။
(အပဒါန် ပါဠိတော်)

ဘာသာပြန် အို့ သူတော်စွာတို့ အသင်တို့ကား အရိယာသစ္စာ သိပိုင်ရာရ ကောင်းမြတ်သော ခဏကို ကုန်လွန်ချော်သွား အလကားမဖြစ်ကြပါစေလင့်၊ အကြောင်းကိုဆိုသော် ခဏကောင်းကိုလွန်သွားရသူတို့မှာနောင်ခါနောင်တ စိုးရိမ်ခြင်း ပြင်းပြကုန်၏၊သို့အတွက် မိမိ၏ အကျိုးစီးပွားဌ လုံ့လကြိုးကုတ်မရ,ရအောင် အားထုတ်ကြရာ၏၊အသင်တို့ဘို့ ဗုဒ္ဓပွါဒ ကောင်းမြတ်သည့် ခဏကြီးကား ယခုထင်ထင် ရှေ့တွင် မျက်မှောက် ဆိုက်ရောက် ရရှိကြပေပြီတကား....။

ဓမ္မအဆွေတော်များ

သိရှိတော်မူရန်

ဤ - ဝိပဿနာ ဟောစဉ် နှင့် ကျင့်စဉ် တရားတော်များကို ပုံမနှိပ်ရသေးမီ အရှင် "မိုးကုတ် ဆရာတော် ဘုရားကြီး" ကိုယ်တိုင် ကြည့်ရှု စစ်ဆေး သုံးသပ် ပြင်ဆင်ကာ အတည်ပြုပြီး ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

တာဝန်ခံတင်ဆက်သူ

ဦးမြင့်ဆွေ

သတိ

ဤတရားတော် စာမူမျှားကို စာရေးသူ၏
ခွင့်ပြုချက်ဆန္ဒ မရရှိဘဲ ဓမ္မ ဒါန ပြုခြင်း
ရိုက်နှိပ်ခြင်း, ထုတ်ဝေ ဖြန့်ချိခြင်း မပြုရန်
လေးနက်စွာ သတိပေး အပ်ပါသည်။ ။

ဦးမြင့်ဆွေ။

မိုးကုတ်ဝိပဿနာ-ဒုလ္လဘဒေဿနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"ပဏာမဒိမဂ်လာ စရဏ"

ဗုဒ္ဓရတနာ ပဏာမ

(၁) ကေန္တိ ဓမ္မသေန္တိ၊ ကေန္တိဉာဏဉာဏိကံ။
ကေန္တိ သေဋ္ဌသေဋ္ဌန်ံ၊ ကေရုဇ္ဈ နမာမဟံ။

ဓမ္မရတနာ ပဏာမ

(၂) ကေန္တိဝန္ဓံ ရတနံ၊ ကေန္တိ သြဘံ ဝရံ။
ကေန္တိ သုခဂ္ဂရသံ၊ ကေန္တိဂ္ဂံ နမာမဟံ။

သံဃရတနာ ပဏာမ

(၃) ကေန္တိဂ္ဂဒက္ခိဏေယျံ၊ ကေန္တိ ဝရပုညေ။
ကေန္တိ နိဗ္ဗုတိ ဘူတံ၊ ကေယျဝဂ် နမာမဟံ့။

ဝိသေသာစေရ ပဏာမ

(၄) ကေန္တိဓမ္မသေန္တိ၊ ကေန္တိဗုဒ္ဓသာဝကံ။
ကေဂ္ဂဒ် ဝန္ဒံဝစေရံ၊ ကေန္တိဓမ္မဒေသကံ။

ပတ္ထနာကာဂရ

(၅) ဝိလေခနမိဒံ ကမ္မံ၊ ဝဟ ဝိရာဂမဂ္ဂဂ္ဂံ။
ကရေယျာဟ ဝိမုတ္တတ္ထ၊ ဟိတံ လောကဿ လောကဂ္ဂ။

ဝိသေသဝိညာပနမိဒံ

(၆) သာရာသာရံ ဝိစာရေတွာ၊ သာရံ ဂဏှေယျပဏ္ဍိတော။
အသာရံ ယဒိပသေ်ယျ၊ ဝဇ္ဇေယျ သာရသေကော။

သတိ။ ပဏာမဒီ မင်္ဂလာစ.ကားမှာ စာရေးသူ၏ စေတနာ ဆန္ဒ, ဂန္ဆာရမ္ဘမျှသာ ဖြစ်သဖြင့် အများစုအား အထူး ကျေးဇူးများမည် မဟုတ်ရကား အနက်မကြားတော့ဘဲ လျစ်လျူပြု၍ ထားခဲ့ရပါတော့သည်။

ဓမ္မရတနာ မာတိကာ

"မြုပ်မျောရှောင်ကြဉ် ဆန်လမ်းယှဉ်တရားတော်"

လမ်းသုံးသွယ်—

(၁) ကာမသုခလွဲကာနုယောဂ၊ လက်ျိုစွန်း အယုတ် တရား, မျောလမ်း။

(၂) အတ္တကိလမထာနုယောဂ၊ လက်ဝဲစွန်း အယုတ်တရား မြုပ်လမ်း။

(၃) မဇ္ဈိမပဋိပဒါ၊ အလယ်ဗဟို အမြတ်တရား၊ ဆန်လမ်း နိဗ္ဗာန်လမ်း။

ဆောင်ပုဒ်—

မြုပ်,မျောရှောင်ကြဉ်၊ ဆန်လမ်းယှဉ်၊ အေးယာဉ်နိဗ္ဗာ။
အေးခွင်ရောက်မှု၊ စိတ္တာနု၊ ပွါးရှုသတိပါ။
ရှေ့စိတ်ဖြစ်ပျက်၊နောက်ဥာဏ်သက်၊ ဆက်ဆက်စဉ်တိုင်းသာ
ဖြစ်ပျက်မြင်မှုန်း၊ ဖြစ်ပျက်ဆုံး၊ ကြာအုံးခုန္နစ်ရက်တာ။

တရားသား။ ဒီကနေ့ညမှာ လှယ်လှယ်နဲ့ မှတ်ဘို့ပြောရမယ်၊ ဘာလဲဆိုတော့ "ဒုက္ခနိရောဓနဲ့ ဂါမိနီပဋိပဒါ" လို့ မှတ်ထားကြ၊ အဲဒါ "သစ္စာဆိုတဲ့" အမှန်တရားပါဘဲ၊ မှတ်တော့ တပုဒ်စီ ခဲ့ပီးမှတ်ပေါ့။

ဒုက္ခနိရောဓ,က ဒုက္ခ၏ချုပ်ရာ။

ဂါမိနိပဋိပဒါ,က ဒုက္ခချုပ်ရာ ရောက်ရာ အကျင့်မှန်၊ အမှန်တရား၊ ဒီအမှန်တရားကို ကိုယ်ပိုင်ရမှသာ ဒုက္ခချုပ်မှာ၊ ကိုယ်ပိုင်မရရင် ဘယ်တော့မှ ဒုက္ခမချုပ်နိုင်ဘူး။

ကမ္ဘာ လောကခါတ်ကြီးထဲမှာ ဒုက္ခကြောက်သူ၊ ဆင်းရဲကြောက်သူတို့ရဲ့ ကိုးကွယ်ရာ၊ ဆည်းကပ်ရာ၊ အားထားစရာ၊ လက်ကိုင်ပြုစရာ အိတ်ဆောင်တရားဘဲလို့ မှတ်ထားကြ။

ဒီတရားဟာ လောကမှာအမှန်ဆုံးတရား၊ ဒီထက်မှန်တဲ့တရား မရှိတော့ပါဘူး၊ တရားကိုယ်ကတော့ "မဂ္ဂင် ရှစ်ပါး" ဒီ မဂ္ဂင်ရှစ်ပါးဆိုတဲ့အကျင့်တရားဟာ ဒုက္ခချုပ်ရာနိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ အကျင့်တရား အမှန်အကန်ဆုံးတရားဘဲ။

အဲဒီ ဒုက္ခချုပ်ရာနိဗ္ဗာန်ဟာ ခြေလျင်,လေယာဉ်နဲ့ သွားသွားအာဘိညာဉ်ဈာန်ယာဉ်နဲ့ ဘဲသွားသွား ဘယ်လိုနည်းနဲ့ သွားလို့မှ မရောက်နိုင်ကြပါဘူး၊ ဒီတော့, ဘာနဲ့ သွားရမလဲ?၊ ဒီမဂ္ဂင်အကျင့်နဲ့ သွားရုမယ်၊ ဒီမဂ္ဂင်အကျင့်ကို ကျင့်မှ အားထုတ်မှသာ ရနိုင်ကြမယ်၊ ရှင်းကြပလား?။

မဂ္ဂသစ္စာ အကျင့်ဆိုဒါမှာ "မဂ္ဂ" က နိဗ္ဗာန်သွားရာ လမ်းကြောင်း၊ "သစ္စာ" က အမှန်၊ အဲဒီတော့ နိဗ္ဗာန်သွားဘို့ လမ်းအမှန်ဆိုဒါ မဂ္ဂင်ရှစ်ပါးအကျင့်ဘဲလို့ မြဲမြဲမှတ်ထားကြ။

သတ္တဝါတွေဟာ ဘာကို ကိုးစားရမယ်၊ ဘာကို အားထားရမယ်လို့ မသိရှာကြဘူး၊ မသိကြတော့ ဟိုပြောင်း, ဒီပြောင်း

ဟိုဟာလုပ်, ဒီဟာလုပ်နဲ့ အမျိုးမျိုး အစားစားပေါ့၊ ချမ်းသာသုခ ရကြမလားဆိုပီး ရှာလိုက်ကြ၊ ဖေ့လိုက်ကြ၊ ပြောင်းလဲနေလိုက်ကြဒါ ဒုက္ခနဲ့ ချည့် တွေ့နေကြရတော့တယ်။

ဒါဘာကြောင့်လဲဆိုတော့ သုခရောက်ရာ နိဗ္ဗာန်ရောက်ရာအကျဲကဲ့က မမှန်ကြလို့ ရမ်းလုပ်ကြ၊ ရမ်းလုပ်တော့ ဒုက္ခနဲ့ဘဲ စခန်းသိမ်းကြရရှာဒါပေါ့၊ အဲဒီဒုက္ခတွေဟာ ပဋိသန္ဓေ အို,နာသေ,ဆိုတဲ့ ဘယ်တော့မှအစမသတ်နိုင်တဲ့ ဒုက္ခအစု ဒုက္ခမှုတွေဘဲ။

ဒီဒကာတွေဟာ မျက်စိလယ်နေကြတယ်၊ ကြပ်ကြပ်စည်းစားကြ၊ နတ်ပြည်ရောက်တော့ ချမ်းသာနိုးနိုး အားကိုးကြီးတခုနဲ့ တောင့်တကြ၊ အဲ ချမ်းသာမလား?၊ ဝေးပါသေးတယ်၊ နတ်ပြည်ရောက်တော့ နတ်မသာနဲ့ တွေ့ နတ်အလောင်းကြီးထမ်းကြရ၊ ဗြဟ္မာပြည်ရောက်တော့လဲ ဒီလိုဘဲ၊အလွန်ကြီးမားလေးလံတဲ့ ဗြဟ္မာမသာ, ဗြဟ္မာအလောင်းကြီးတွေ ထမ်းကြရပြန်တယ်။

ဒီအခြေမျိုးနဲ့ဖြင့် ဘယ်ဘုံ,ဘယ်ဘဝမှာမှချမ်းသာရာရတယ်လို့ မရှိဘူး၊ ချမ်းသာရှာပါသေဉ်လဲ ဆင်းရဲနဲ့ချည့်သာ တွေ့နေကြရတယ်၊ မရှိတဲ့နေရာ သွားရှာတော့ ဘယ်မှာ ရနိုင်ပါ့မလဲ?။

ဒါ, ဘာကြောင့်လဲ? ဒုက္ခချုပ်ရာ ရောက်ရာအကျင့်က မှားနေကြလို့၊ ဒုဒကာတွေ ဒီတခါမှလဲကြရင်တော့ မဟာအလံတော်ကြီးနဲ့ကြုံရတော့မယ်၊ ဒီတော့ ဘာလုပ်ရမလဲ? သစ္စာအကျင့်ကို ကျင့်ရလိမ့်မယ်၊ ကျင့်ရမှာက အမှန်တရား သစ္စာအကျင့်ဖြစ်တဲ့ မဂ္ဂင်အကျင့်လို့ မှတ်လိုက်ကြ။

ဘုရားရှင်က ဘယ်လို ဟောပါသလဲ?၊ "ငါ-နိဗ္ဗာန် ရဒါဟာ ဒီမဂ္ဂင်အကျင့်ကို ကျင့်မှရဒါ၊ ဒီအကျင့် မကျင့်ခင်က မရခဲ့ဘူး" ဥပမာ ပင်လယ်ကူးတဲ့ လူလိုဘဲလို့မှတ်၊ ပင်လယ်ပြင်မှာ တဘက် ကမ်းရောက်အောင် ကူးတဲ့သူဟာ အပန်းတကြီး ဒုက္ခကြီး ခံပြီး တအားကူးပြန်ရင်လဲမျောမှာဘဲ၊ လုံလလျော့ပြီး မကူးမခတ်ဘဲ နေပြန်ရင်လဲ မြုပ်တော့မှာဘဲ။

ဒီ ဥပမာလိုဘဲ ခဲခဲ ယဉ်းယဉ်း အပန်း တကြီး ဒုက္ခကြီးခံပြီး ကျင့်ခဲ့ရတဲ့ ဒုက္ကရစရိယာ အတ္တကိလမထာနုယောဂ အကျင့် နဲ့လဲ ဘုရားမဖြစ်ခဲ့ဘူး၊ သက်သက်သာသာ ကာမသုခလွှ်ကာ နုယောဂ လမ်းကလဲ မြုပ်မဲ့လမ်းဘဲ။

ဒါကြောင့်, မင်းတို့သာဝကတွေ နိဗ္ဗာန်ရချင် ချမ်းသာချင် ကြရင် မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်းကိုလိုက်ကြ၊ အလယ် လမ်း မဇ္ဈိမပဋိပဒါ အကျင့် ကျင့်ကြလို့ ဟောတော်မူခဲ့တယ်၊ ကိုင်း....ရှင်းကြပလား?။

ဒို့ဒကာတွေဟာ လောကမှာ ဘာသာတွေ ကလဲ အမျိုးမျိုး အထွေထွေ ဝါဒတွေကလဲ အဖုံဖုံ ဆိုတော့ ဆရာမျိုးကလဲ စုံဒါပေါ့၊ ဒါနဲ့ဘဲ တရားတွေ ဟုန်သွားကြမယ်၊ ဒီတော့ တရားမှန်ကို ရွေးချယ်တတ်ဘို့ အလွန် အရေးကြီးတယ်၊ တရားမှန် ရအောင် ရွေးချယ်ယူကြ။

ဒါကြောင့် အစွန်းနှစ်ပါး အယူတ်တရားနှစ်ခုကိုရှောင် မဇ္ဈိမအလယ်လမ်း မဂ္ဂင်အကျင့်ကို ဆောင်ထားရမယ်လို့ တိုက်တွန်း လိုက်ပါတယ်၊ ဆိုလိုရင်းက မြုပ်မျောရှောင်၊ဆန်လမ်းကိုဆောင် ကြရမယ်၊ အလယ်လမ်း မဂ္ဂင်လမ်းကို လက်ကိုင် ထားကြရ မယ်တဲ့။

ဒီ မဂ္ဂင်လမ်းဆိုဒါ ဘာဝေတဗ္ဗလမ်း, ပဋ္ဌးမျဉ်းမှ ရမဲ့လမ်း, ပဋ္ဌးမျဉ်းပီးသွားရမဲ့လမ်းဘဲ၊ပဋ္ဌးမျဉ်းမှုအဆုံးမှာ နိဗ္ဗာန်ရမှာပါ။ မပဋ္ဌးရင် မရဘူး၊ လုပ်မယ်ရင် မရနိုင်ဘူး၊ လုပ်ယူမှသာ ကောန်ရကြမှာလို့ မြဲမြဲမှတ်ထားကြ။

ဒါဖြင့် ဘယ်မှာ ပဋ္ဌးရမလဲ? ခန္ဓာမှာ ပဋ္ဌးရမှာဘဲ၊ ခန္ဓာမှာ ပဋ္ဌးယူမှ မပျက် မစီး နိုင်တဲ့ ခိုင်တဲ့ မြဲတဲ့ နိဗ္ဗာန်ကို ရကြမယ်၊ ရှင်းကြပလား?။

ခန္ဓာမှာကော ဘယ့ကိုပဋ္ဌးရမှာလဲ? အပေါင်းကိုမဟုတ်ဘူး အစိတ်အစိတ်ကိုသာ ပဋ္ဌးရမှာ၊ ခန္ဓာကို ငါးစိတ်,စိတ်၊ ငါးပုံ,ပုံလိုက်၊ ငါးပုံက ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် အဲဒီလိုပုံထား၊အဲဒီငါးပုံကိုဉာဏ်နဲ့ ပရိညေယျတဲ့၊ဉာဏ်နဲ့ပိုင်းခြားလိုက်ပါတဲ့၊ ဉာဏ်နဲ့မစိတ်နိုင်ရင် အပေါင်းဖြစ်နေမယ်၊ အပေါင်းဖြစ်နေသေးရင် ပညတ်ဖြစ်နေလိမ့်မယ်၊ ဉာဏ်နဲ့စိတ်မှ ဉာဏ်နဲ့ အစိတ်ကို တွေ့အောင်ကြည့်နိုင်မှ ပရမတ်ဖြစ်မယ် သတိပြုကြ။

အဲဒီ ငါးပုံထဲကမှ ကြိုက်တာတခုကို ကိုင်ထား၊ ကိုယ်ကြိုက်ကိုင်ပေါ့၊ လှယ်ကူအောင်ဟာ တခြား မကိုင်နဲ့ စိတ်ကိုကိုင်၊ စိတ်ကို ကိုင်ရင် ဒီပြင်ဟာ အကုန် ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဝိညာဏကွန္ဓာ ပြဋ္ဌာန်းလို့ဘဲလို့မှတ်၊ ဒါကြောင့်....၊

"မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနော သေဋ္ဌာ မနောမယာ"လို့ ဓမ္မပဒ ပါဠိတော်မှာ ဘုရားရှင် ဟောတော်မူဒါပေါ့။

အခုကိုဘဲ နားထောင် ကြည့်ပါလား၊ ငါ့စိတ် မစမ်းနဲ့ ငါ့စိတ်က မရဘူး၊ ငါ့စိတ်က ဆိုးမိရင် သူမျှားနဲ့ မတူဘူးနဲ့

ပြော–ပြောနေကြဒါ စိတ်ပေါ်မှာ “ငါ” စွဲအားကြီးတယ်၊ ဒီတော့ စိတ်ကိုကိုင်ရင် ထင်ရှားတယ်၊ လွယ်ကူတယ်။

ရှင်သာရိပုတ္တရာ မထေရကလည်း ကိုယ့်စိတ်ကို အာက ခတ်ကြ၊ သူများစိတ်ကို အကဲမခတ်ကြနဲ့၊ သူများစိတ် အကဲ ခတ်ဘို့ထက် ကိုယ့်စိတ် အကဲ ခတ်ဘို့က လွယ်ကူတယ်; ကိုယ့်စိတ်အကဲ ကိုယ်ခတ်ကြ” လို့ ဟောတော်မူခဲ့တယ်။

အကဲခတ်နည်းက (၁) စိတ်ကိုနောက် (၂) စိတ်နဲ့ အကဲ ခတ်ရမယ်၊ ရှေ့စိတ် (၁) ကို အကဲခတ်တဲ့, နောက်စိတ် (၂) က မဂ်ဘဲ၊ ဒီလို အကဲခတ်တဲ့စိတ်က မဂ်ဖြစ်သေ့ အဲဒီ စိတ်ဟာ မဂ္ဂင် ဖြစ်တာပေါ့၊ ဒါကြောင့်.... ရှေ့စိတ်ကို နောက်စိတ်နဲ့ အကဲခတ်ကြ။

အကဲ ခတ်နည်းက အိပ်ချင်တဲ့ စိတ်ကလေး ပေါ်လာရင် အဲဒီ အိပ်ချင်စိတ်ကလေးကို အကဲခတ်လိုက်၊ ဒီလို အကဲခတ်ရ မယ်ဆိုတာ ဘုရားရှင်ကလဲ ဟောတယ်၊ ရှင်သာရိပုတ္တရာကလဲ ဟောခဲ့တယ်၊ ဘုန်းကြီးကလဲ ဟောလိုက်ပါတယ်။

အိပ်ချင်စိတ်ကလေးဟာ “သံခိတ္တံ ဝါစိတ္တံ သံခိတ္တံ ဝါစိတ္တန္တိ ပဇာနာတိ” တဲ့၊ မြန်မာလိုတော့ ထိန, မိဒ္ဓ, စိတ်ဖြစ်ရင် ထိန, မိဒ္ဓ စိတ်ဖြစ်တယ်လို့ သိပါ၊ ရှုတဲ့ အခါမှာ ဒီစိတ်ဟာ ဖြစ်လဲ ဖြစ်တယ် ဖြစ်ပီးလဲ ပျက်တာဘဲလို့ တွေ့ရမယ်၊ အဲဒီလို ဖြစ်လာလိုက်၊ ပျက်သွားလိုက်၊ အကဲ ခတ်ပါများတော့ ဖြစ်ပီး ပျက်တာချည်းဘဲ တွေ့ရ သိရမယ်။

ဒီလိုသိတော့ “ဖြင့်ပီးပျက်တာ အနိစ္စ၊ သိဒါ မဂ္ဂ၊” အကဲ မခတ်ဘဲ ထားတော့ ကံဘက် သွားမယ်၊ တဏှာ, ဥပါဒါန်, ကံ, ဇာတိ, ဇရာမရဏ, သောက, ဒုက္ခတွေ ဆက်သွားလိုက်အုံးတော့ဘဲ၊ ဆုံးကွက် မမြင်တော့ဘူး၊ ဒုက္ခပင်ပြန်စိုက် ဒုက္ခသီးတွေ သီးကြအုံးဘဲ။

အဲဒါ ပွါးရမှာကို မပွါးမိလို့ ကာမသုခလွဲကာနုယောဂ လမ်းရောက်သွားရဒါဘဲ ကြောက်စရာပါလား၊ နောက်ဆက်ပီး ဥပါယာသ, အဝိဇ္ဇာ, လာလေ အုံးတော့မယ်၊ အိပ်ချင်ဒါက လောဘ ကာမဂုဏ်လမ်း၊ ကာမဂုဏ် လမ်းက မျောလမ်း၊ ဒေါက်ရှောက် မျောလေအုံးတော့၊ မကောင်းဒါချည့်မျောရမှာပါ။

အိပ်ချင်ရင် အိပ်ချင်စိတ်ကို ရှုပီး အိပ်ပါ မဂ္ဂင် ဖြစ်တယ်၊ ရှုရင်းနဲ့ အိပ်ပျော်ပစေ၊ ဒို့ဒကာတွေဟာ ကိုယ့်ကိုယ်တိုင်တော့ ခုထိ မအိပ်တတ်ကြသေးဘူး၊ ကလေးတော့ သိပ်တတ်ကြတယ်၊ ဒီအိပ်နည်းနဲ့ မအိပ်ဘူးကြသေးဘူး မဟုတ်လား?။

“ထိနမိဒ္ဓံ ပဇ္ဇသု သသဒ္ဓါရိုက စိတ္တောသု” လို့ဆိုတော့ အိပ်ချင်တဲ့အခါ လောဘနဲ့ ဒေါသ ဖြစ်တာဘဲ၊ လောဘက ပြီတ္တာ၊ ဒေါသက ငရဲကြီးရှစ်ထပ်ပို့၊ မရှာဘဲအိပ်ရင် တော်ပါ့မလား? စဉ်းစားကြ၊ မရှုမိရင် သွားလေသေး သောက,ပရိဒေဝ(လ)အဝိဇ္ဇာ သံသရာကြီး လည်ကြအုံးတော့မယ်။

ဒီခေတ်အခါ ဒီလိုတရားမျိုးနာရဒါအင်မတန်ကံကောင်းလို့ မှတ်ရမယ်၊ သေလွန် သွားကြတဲ့ မိဘ, ဘိုးဘွားတွေ,

ဆွေမျိုး ဥာတကာတွေ ဒီတရားမျိုး ကြားနာရဘို့ အခွင့် မရကြဘူး မလွယ်ခဲ့ကြဘူး၊ ဒို့ဒကာတွေမှ ကံကြီးလို့ နာရဒါ၊ ဟောတဲ့ ပုဂ္ဂိုလ်နဲ့လဲ ကြုံကြိုက်အုံးမှ၊ ထောင်နှိုင်တဲ့ နားလဲ ရှိအုံးမှ အင်မတန်မှ ရခဲတယ်လို့ မှတ်ရမယ်၊ ကြိုးစားပီးနာကြ ကြိုးစားလိုက်နာကြ။

ဒို့ဒကာတွေ ငိုက်တတ်ကြပလား? ငိုက်တတ်ကြပါစေ၊ မိဘ ရိုးရာနဲ့ မိရိုးဘလာမငိုက်မိကြစေနဲ့၊ ကိုယ့်ဟာကိုယ် ဒီသောက် တောင် အိပ်ချင်ရမလားဆိုပီး ဆဲလိမ်၊ ပုတ်ခတ်ပစ်၊ ဖျစ်ညှစ် ပလားဆိုရင် အတ္တကိလမထာ နုယောဂလမ်းဘဲ၊ ကိုယ့်ကိုကိုယ် ညှင်းဆဲတဲ့လမ်း၊ သံသရာမြုပ်လမ်းလို့ မှတ်၊ ဒို့ဒကာတွေ ဒီကနေ့ ကစပီး မူပြောင်းကြ၊ ရှုပွားပီးအိပ်ကြ။

ဘုရားက သတိပဋ္ဌာန်မှာ "သံခိုတ်ဝါစိတ်တွံ၊ သံခိုတ်ဝါစိတ်တွန်္ဂံ ပဇာနာတိ" လို့ ဟောတော် မူတယ်၊ သံခိုတ်ဆိုဒါ ငိုက်တတ်တဲ့ စိတ်ကိုဆိုဒါ၊ ပျံ့လွင့်တဲ့စိတ် တောင်ပြေး — မြောက်ပြေး ပြေးတဲ့စိတ်က ဥဒ္ဓစ္စ၊ ဒါလာလဲရှုပစ်၊ အဲဒါကို "ဝိက္ခိတ်တဝါစိတ်ဘွံ ဝိက္ခိတ်တဝါစိတ်တွန်္ဂံ ပဇာနာတိ" လို့ ဟောတယ်၊ အဲဒါ ဖြစ်ပျက် ဖြစ်ပျက်လို့ ရှုပစ်လိုက်ပါ။

ဘုရားက သတိပဋ္ဌာန်မှာ "သံခိုတ်ဝါစိတ်တွံ၊ သံခိုတ်ဝါစိတ်တွန်္ဂံ ပဇာနာတိ" လို့ ဟောတော် မူတယ်၊ သံခိုတ်ဆိုဒါ ငိုက်တတ်တဲ့ စိတ်ကိုဆိုဒါ၊ ပျံ့လွင့်တဲ့စိတ် တောင်ပြေး — မြောက်ပြေး ပြေးတဲ့စိတ်က ဥဒ္ဓစ္စ၊ ဒါလာလဲရှုပစ်၊ အဲဒါကို "ဝိက္ခိတ်တဝါစိတ်ဘွံ ဝိက္ခိတ်တဝါစိတ်တွန်္ဂံ ပဇာနာတိ" လို့ ဟောတယ်၊ အဲဒါ ဖြစ်ပျက် ဖြစ်ပျက်လို့ ရှုပစ်လိုက်ပါ။

မရှုမီရင် ဥဒ္ဓစ္စ၊ အဲဒါ မောဟဘဲ၊ မောဟဆိုတော့ အဝိဇ္ဇာ၊ အဝိဇ္ဇာကစပြီး ဆက်တိုက် မျောကြအုံးမယ်၊ ရှုတော့ ဥဒ္ဓစ္စ ဖြစ်ပျက် အဝိဇ္ဇာချုပ်၊ အဝိဇ္ဇာစက် အစက ချုပ်တော့ ကျန်ဒါ အကုန်ချုပ်၊ သံသရာစက်ပြတ်ကရော၊ ခန္ဓာဒုက္ခ ဆုံးတဲ့လမ်းဘဲ အဲဒါ မဂ္ဂိမပဋိပဒါ အလယ်လမ်းဘဲ။

စိတ်ပျက်ရင်လဲ စိတ်ပျက်တာကို ဘုရားက ရှုဘို့ ဟောတယ်၊ မဟန်လို့ မရှုတော့ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက် လယ်မယ်၊ အဲဒါ မျောလေအုံးတော့၊ မျောလမ်းဘဲ၊ မစ္ဆေရ ဆိုဒါ ဒေါသ၊ ဘယ်စိတ်ပေါ်ပေါ် ဖြစ်ပျက်ရှု၊ ရှေ့က ဖြစ်ပျက် နောက်က မဂ် လာပစေ။

ဘုရားရှိခိုးစိတ်လဲ ဖြစ်ပျက် ရှုပေး၊ ပေါ်လာသမျှ မလစ်ရ အောင် အစဉ် အတိုင်း ရှုပေး၊ ကိလေသာကြားမခိုဘို့ အရေး ကြီးတယ်၊ ကိလေသာကြားမခိုရင်(၇)ရက်နဲ့ နိဗ္ဗာန်ရနိုင်တယ်။

ဒါကြောင့်– သတိပဋ္ဌာန်ပါဠိတော်မှာ ဘုရားရှင်က....

“ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိဝါ သဥပါဒိ သေသေ အနာဂါမိတာ” လို့ ဟောတော်မူထားတယ်၊ သံသယမဖြစ်ကြနဲ့၊ ကြိုးစားအားထုတ်ရင် ကြာလှ(၇)ရက်ပါဘဲ။

ကိလေသာ မခြားဘို့က ဖြစ်ပျက်မဂ်, ဖြစ်ပျက်မဂ်လို့ ဖြစ်ပျက်နဲ့မဂ် ဆက်သွားရင် ကိလေသာ ကြားမခိုနိုင်တော့ဘူး ကိလေသာ ကြားခိုခွင့်မရရင် နိဗ္ဗာန် ရောက်ဘို့ သေချာပီလို့ မှတ်ကြ။

အဲဒါ အလုပ် လုပ်ရဲ့ကိစ္စ၊ ဆုတောင်းကိစ္စ မဟုတ်ဘူး၊ အပြောကိစ္စလဲ မဟုတ်ဘူး၊ လုပ်ရဲ့အလုပ်၊ လုပ်ထိုက်သော ရည်ရွယ်ချက်ရှိသော အလုပ်ကိုသာ ရပ်မိကြပါလိမ့်!!

စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ဘယ်စိတ် ရှုမလဲ? ကိုယ့်သန္တာန်မှာ ပေါ်သမျှစိတ် ရှုပစ်၊ အနိစ္စနဲ့ မဂ္ဂဘဲ ရှိနေရမယ်၊ ရှုပါမျှားလာတော့အပျက်တွေ့ချည့် မြင်ရမယ်၊ အပျက်ချည့် မြင်ပါမျှားတော့ မုန်းလာရော၊ အမုန်း အားကြီးဒါနဲ့ ဆုံးဒါနဲ့ တချက်ထဲဘဲ။

ကိုင်း....နက်ဖြန်မှ ဆက်ကြစို့။

ဓမ္မရတနာမာတိကာ

မဂ္ဂင်ပွါးမှုနိဗ္ဗာန်ရတနားတော်

သစ္စာနှစ်ပါး

မဂ္ဂသစ္စာ မဂ္ဂင် ရှစ်ပါး၊ နိဗ္ဗာန် သွားလမ်း အကျင့်မှန်၊ သံသရာ ဒုက္ခစက်ဝန်း ပြတ်ကြောင်း အကျင့်တရား၊ အကြောင်းတရား။

နိရောဓသစ္စာ နိဗ္ဗာန်၊ ဒုက္ခခပ်သိမ်း ငြိမ်းရာ သံသရာ ဒုက္ခစက်ပြတ်ရာ၊ မရှိရာ၊ အကျိုးတရား။

ဆောင်ပုဒ်။

ဒုက္ခချုပ်ရာ၊ နိဗ္ဗာန်မှာ၊ မှန်စွာအမြဲရှိ။
နိဗ္ဗာန်လိုချင်၊ မျှားလှူရှင်၊ လမ်းစဉ်မှန်မသိ။
ကျင့်စဉ်မမှန်၊ ထိုနိဗ္ဗာန်၊ တရံမရောက်ဘိ။
မဂ္ဂင်ရှစ်ပါး၊ ကြဉ်ဖယ်ထား၊ အခြားလမ်းမရှိ။
ခန္ဓာငါးအင်၊ ဖြစ်ပျက်စဉ်၊ ဥာဏ်ယှဉ်စဲ့သတိ။
ရှုပ်နာမ်ဖြစ်ပျက်၊ ပေါ်တိုင်းဆက်၊ မပျက်လိုက်ပါဘိ။
ဖြစ်ပျက်မျှားမြင်၊ အမှန်းဝင်၊ မုန်းလျှင်ဆုံးဘိနိဗ္ဗာန်တိ။

တရားသား။။ ။ဒီကနေ့ မနေ့ကအဆက်ကို ပြောရမယ်၊ ဘုရားတကယ် ဟောဒါက "ဒုက္ခနိရောဓနဲ့ ဂါမိနီပဋိပဒါ" ဒါက အလယ်ပိုင်းက၊ ဒီဘက်က "သစ္စာ"လို့ မှတ်ထားကြဒါက ပါဠိလိုပြောဒါ။

မြန်မာလိုက “ဒုက္ခ ချုပ်တာ” နဲ့ “ရောက်ရာ အကျင့်” နဲ့ “အမှန်” သုံးခုပေါင်းတော့ ဒုက္ခချုပ်ရာ ရောက်ရာအကျင့်မှန်ဒါ၊ “မဂ္ဂသစ္စာ” ဆိုဒါပါဘဲ၊ ဒုက္ခချုပ်တာ ဆိုတော့ “နိဗ္ဗာန်” ကို ဆိုဒါ၊ ဒုက္ခချုပ်ရာဘဲ ရှင်းကြပလား?။

အမှန်တရားကိုဖြင့် ဒါဘဲရှိတယ်လို့ သေသေချာချာမှတ်ကြ ရောက်ရာအကျင့်ဆိုဒါက “မဂ္ဂင်ရှစ်ပါး’ သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဒီရှစ်ပါး။

“ဒါဖြင့် ဒီပြင်အကျင့်တွေဟာ မမှန်ဘူးလို့ ဘုရားကတာဝန် ခံတော်မူဒါဘဲ”လို့ ဆုံးဖြတ်ချက်ချလိုက်။

နိဗ္ဗာန်ရချင်ရင် အိုးပြစ် အိမ်ပြစ်ကျင့်၊ သင်္ကတ်လွှတ်စား ရဟန်းဝတ် တောထွက်လို့ ကျင့်ရမလား? ဆိုပီး အမျိုးမျိုး ကြံစည်မိကြမယ်။

“ဘာဘဲလုပ်ကျင့်ကျင့်၊ ဘာဘဲဖြစ်ဖြစ် အကျင့် မမှန်ရင် နိဗ္ဗာန်မရောက်ဘူး” ဆိုဒါ မြဲမြံမှတ်ကြ။

ဒို့ဒကာတွေ ဗြဟ္မာ ဗိဿနိုး ကိုးကွယ်ကြ၊ နတ်ကိုးကွယ်ကြ၊ ညောင်ပင် ကိုးကွယ်ကြနဲ့ ဒုက္ခက လွှတ်ချင်ကြလို့၊ နိဗ္ဗာန်ရချင်ကြလို့၊ လွှတ်ချင် ရချင်ဒါကတော့မှန်ပါရဲ့၊ ဒါပေမဲ့ အကျင့်က မမှန်ကြဘူး၊ ဒုက္ခကြောက်လို့ ဗြဟ္မာ ဗိဿနိုး အမျိုးမျိုးတွေ ကိုးကွယ်ကြ ဆည်းကပ်ကြပေမဲ့ မရနိုင်ကြဘူး။

ဘုရားရှင်ကဲ့ သတိပဋ္ဌာနသုတ် ပါဠိတော်မှာ ဟောတော်မူခဲ့တယ်။

“ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ၊ သတ္တာနံ ဝိသုဒ္ဓိယာ သောက ပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ”လို့ ဟောပါတယ်။

သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿဆိုတဲ့ တရားဆိုးတွေကလွတ်ဘို့၊ အရိယာမဂ်ကိုရဘို့၊ နိဗ္ဗာန်ကို မျက်မှောက် ပြုဘို့ရာတကြောင်းတည်းသော လမ်းဟာ ဒီမဂ္ဂင် အကျင့် တရားဘဲ၊ ဒီမဂ္ဂင်ရှစ်ပါး သတိပဋ္ဌာန် အကျင့်တရားကလဲရင် ဒီပြင်လမ်း မရှိဘူးလို့ ဆိုလိုရင်းဖြစ်တယ်။

ဒုိဒကာတွေ ဒီတရားကို မသေ, သေးလို့ ကြားနာရတာ၊ သာသနာတွင်းနဲ့ လဲကြုံ၊ ဟောပြမဲ့သူကလဲရှိ၊ ထောင်နိုင်တဲ့နှားလဲပါကြ၊ ကိုယ်တိုင်ကလဲ ကျင့်ကြံနိုင်ကြတယ်၊ နဲတဲ့အခွင့်အရေးမဟုတ်ပါဘူး။

ဘုရား ကျေးဇူးတော်တွေကို ကိုယ်တိုင် ကျင့်ပြီး တရားနဲ့ ပူဇော်နိုင်၊ တရားနဲ့ ဆပ်နိုင်တဲ့ အကျိုး ငါးပါးကို ရကြတယ်၊ ကိုယ်တိုင်ကျင့်ပြီး ကျေးဇူးဆပ်ကြ၊ အလွန်ရခဲတဲ့ အကျိုးတရား “ဒုလ္လဘငါးပါး”နဲ့ ပြည့်စုံနေကြတယ်၊ လေးလေး စားစား လိုက်နာကြ။

“ဒုက္ခချုပ်ရာ နိဗ္ဗာန်ဟာ အမြဲတမ်း ရှိနေတယ်၊ အမြဲရှိနေတဲ့ တရား”။

ဘုရားတွေ အဆူဆူ ပွင့်နေပေမဲ့ အကျင့်မမှန်လို့ နိဗ္ဗာန် မရောက် နိုင်ကြဘူး၊ အခုတောင်မှ လေး ငါး ခြောက် နှစ် တောင်ဝေးဆဲ, ဆဲလာခဲ့လို့ သိကြရတာ၊ ဒုိဒကာတွေ အလွန်

ကံကောင်းတယ်လို့ အောက်မေ့ကြ၊ ကံကောင်းကြလို့ ကိုယ့် ကိုယ်တိုင် ကျင့်ကြရတယ်၊ ကျင့်နိုင်တဲ့ဒီအခါမျိုးကို ရောက်လာ ရတယ်လို့မှတ်ကြ။

ဘုရားက "သောက ပရိဒေဝါနံ သမတိက္ကမာယ, ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ" တဲ့။

အော်....ဒုက္ခရောက်လိုက်တာ ဘယ်ကုန်ကူးရကောင်းမတုံး?၊ ရက်ကန်းနဲ့ဖြင့် နေရာ မကျသေးပါဘူး၊ အရောင်းအဝယ်ဘက် ပြောင်းအုံးမှ ထင်ပါရဲ့၊ အရောင်း အဝယ်ကလဲ ဒီကုန်နဲ့ဖြင့် မဟန်သေးပါဘူး၊ ဘယ်ကုန် ပြောင်းရ ကောင်းပါ မတုံးနဲ့ ပြောင်းလိုက်ကြ၊ ရွှေ့လိုက်ကြ စုံလို့ ထပ်လို့ဘဲ။

သုခ ရန်းနိုး ချမ်းသာလိမ့်နိုးနိုးပေါ့၊ ပြီးတော့ ဒုက္ခချည့်သာ တွေ့ကြရဒါဘဲ၊ ဒီဒကာတွေ စိတ်ကူးအတော်ရှော်တယ်၊ ဒုက္ခရှိဒါ ဒုက္ခဖြစ်တာချည့် လိုက်ရှာနေကြတယ်၊ မျက်စိလည်လိုက်ကြတာ ကမ်းကို ကုန်ပါရော၊ ဒီတခါမှ မျက်စိ လည်ကြအုံးမယ်ဆိုရင် ကမ်းအပြင် ချောက်ဘဲ ကျန်တော့တယ်၊ ချောက်ထဲ ကျဘို့ဘဲ ရှိတော့တယ်။

စိတ်ကူး လဲလိုက်ကြတာ တက်တက်စင်လို့ဘဲ၊ ဟိုဘက်ကူး ဟိုဒုက္ခနဲ့တွေ့၊ ဒီဘက်ကူးတော့ ဒီဒုက္ခနဲ့တွေ့ဒါဘဲ၊ဘုံဘဝလယ် ပြန်တော့လဲ ဒီနည်းဘဲ၊ အောက်နယ်က မကောင်းဘူး ဆိုပြီး အထက်နယ်ပြောင်း၊ အထက်နယ်ဒုက္ခတွေ့ရ၊ ဒီလိုနဲ့ ဘုံအထွဋ်ထွဋ် ဘဝအထွဋ်ထွဋ်မှာ နေရာမကျဘူးထင်တိုင်းပြောင်းလိုက်ကြ ရွှေ့လိုက်ကြဒါ ဘာကြောင့်လဲ?။

ဒုက္ခကြောက်လွန်းလို့ ဒုက္ခက လွတ်လိမ့်နိုးနိုး ချမ်းသာလိမ့်နိုးနိုးနဲ့ အမျိုးမျိုးပြောင်းကြပေမဲ့ နောက်ဆုံးတော့ ဒုက္ခနဲ့သာတွေ့နေကြရာတယ်၊ ဒုက္ခက လွတ်ခွင့်မရနိုင်ကြဘူး၊ ဒီဒကာတွေ ဒုက္ခတောထဲမှာ မျက်စိလယ်နေကြတယ်လို့ ဆိုရင် မလွဲပါဘူး၊ သဘောပါကြပလား?။

တသံသရာလုံးမှာ ဒီဒကာတွေ မတွေ့ခဲ့တဲ့တရားဟာ ဒီတရားတခုဘဲ၊ မကုံခဲ့ရ မမြင်ခဲ့ရတဲ့တရားဟာ ဒီ“ဒုက္ခချုပ်ရာ ရောက်ရာအကျင့်မှန်”ဆိုတဲ့ တရားပါဘဲ၊ ဒီဟာကလွဲရင် ဒီပြင်ဟာ အကုန်တွေ့ဘူးဒါချည်းဘဲ။

ဒကာတို့ စိတ်ကူး-စိတ်ကန်းက အတော် လွဲခဲ့တယ်၊ ဒီအရပ်မကောင်းရင် ဟိုအရပ်ပြောင်း ချမ်းသာနိုးနိုး၊ဟိုအရပ်ကျတော့ ဟိုအရပ် မသာချရဒါဘဲ ဘာမှမထူးဘူး၊ဒီတခါသာလွဲကြရင်ဖြင့် “ကိုယ်ကျိုးမက အကုန်လုံး လွဲကြတော့မယ်” ဆိုဒါ မြဲမြဲကြီးမှတ်ထားကြ။

ဟိုအရပ်ပြောင်းလိုက်ကြ၊ဟိုဘုံပြောင်းလိုက်ကြ၊ ဟိုခင်ပွန်းမပြောင်းလိုက်ကြနဲ့ ဘယ်လောက်ဘဲ ပြောင်းနေကြ, ပြောင်းနေကြ ဒုက္ခသာ အဖတ်တင်ဒါဘဲ၊ ဘုန်းကြီးက သတိပေး လိုက်ပါတယ်၊ အခုကစပြီး အပြောင်းရပ်ကြ၊ နောက်-မပြောင်းကြနဲ့တော့၊ ဒီတခါပြောင်းချင်လို့ မျှား ပြောင်းမဲ့ကြံရင် မဂ္ဂင်ရှစ်ပါး “အလုပ်” ဘက်ကို ပြောင်းလိုက်ကြပါတော့လို့ ပြောချင်တယ်။

အဲဒီလို မဟုတ်ရင် အပြောင်းလွဲကြတော့မယ်ဘဲ၊ အပြောင်းတချက်လွဲရင် ဒီဘက်မှာ ရှဉ့်ရှိတယ်၊ ရှဉ့်အပြင် ဟိုဘက်မှာ

ဇွက်ထဲကျမှာ ကေန်ဘဲလို့ မှတ်ကြ၊ ဒီလမ်းမသိကြရင်ဖြင့် အလွန်သနားစရာကောင်းတော့မှာဘဲ၊ မြင်ကြပလား?။

ဟိုဘာသာ ကူးလိုက်ကြ၊ ဟိုအယူ ယူလိုက်ကြ၊ ဟိုအကျင့် ကူးလိုက်၊ ဒီအကျင့် ပြောင်းလိုက်နဲ့ ဒီတချီ အပြောင်းတချက် သာလွဲလိုက်ရင်ဖြင့် ချောက်ကမ္ဘားအပြင်ဘက်က နရက်ဆိုဒါဘဲ ကျန်တော့တယ်၊ ကြပ်ကြပ် စဉ်းစားကြပါ။

ဒို့ဒကာတွေ့ ကံကောင်းလွန်းလို့ အခုလို တရားမျိုး နားထဲကြားရ၊ ကိုယ့် ဝမ်းထဲရောက်ရ၊ ကျင့်ကြံခွင့်ရကြရတာ အခုမှဘဲ အမှန်ရကြတော့တယ်၊ ရှေးက အကန်ပြောင်းခဲ့ကြတာ ဘယ်ဟာမှ နေရာမကျခဲ့ဘူး၊ ဒုက္ခကြောက်ရင် အပြောင်းမှန်ဘို့အခရေးကြီးတယ်၊ အပြောင်းမှန်အောင် သစ္စာဘက် ပြောင်းကြလို့ တိုက်တွန်းလိုက်တယ်။

ဒီအပြောင်းလဲလို့ ဗိုင်းဗိုင်းလဲပြီး သေပဲချည့် ဝင်ခဲ့ကြရပြီ၊ ငြင်းဘို့များ ရှိသေးသလား?၊ ဘုရားက အပြောင်းမခိုင်းဘူး၊ ဒို့သဘောအတိုင်း ပြောင်းကြ၊ ပြောင်းသမျှမှာ အသေချည့် ရခဲ့တယ်၊ အင်း- "ရှုးချက်သန်လှချည့်လား" လို့ ဆိုထိုက်,မဆိုထိုက် စဉ်းစားကြ၊တသံသရာလုံးပြောင်းလာကြတာအလောင်းနဲ့ ချည့်ကြုံကြရဒါဘဲ၊ ဘယ်နေရာ အလောင်းချရပမတုံး? ဆိုပြီး နေရာရွေးနေကြရတယ်။

သတိပြုဘို့က မပြောင်းဘဲ မနေနိုင်ကြရင်ဖြင့် ဒုက္ခချုပ်ရာရောက်ရာ အကျင့်ဘဲလို့ မှတ်ကြ၊ ဒီဘက်ကိုချည်း ရှေးကပြောင်းလာခဲ့ကြတယ်၊ ဖြစ်မှ ဖြစ်ရပလေတယ် - ဒကာတို့ရယ်၊

ဒို့ဒကာတွေစိတ်ထဲမှာ အသက်ကလေးကြီးရင်ဖြင့် နေရာကျမှာဘဲ၊ “အသက်ငယ်တော့ လူမလေး-ခွေးမခံ့နဲ့၊ သေခါနီးပြန်တော့လဲ အော်....ငါ့ သုဂတိ ဘုံဘဝလေးရောက်ရရင် ကောင်းမှာဘဲ” တဲ့၊ ဒီအရပ်မှာ ဟန်မကျလှဘူး၊ ဘယ်အရပ် သွားပြီး ဘယ်မိတ်ဆွေနဲ့မျှး ပေါင်းရရင် ကောင်းပမလားဘဲ၊ လှုပ်ရှားနေလိုက်တာ သွက်သွက်ကိုခါလို့ဘဲ။

အဲ....အခု, ဒီအကျင့်ကိုသိတော့ ခြေငြိမ်သွားပြီ၊ ဒါလောက်ပြောင်းရရင် တော်လောက်ကြရောပေါ့၊ မတော်လောက်ကြသေးဘူးလား?၊ ပြောင်းချင်း-ပြောင်းရင် ဘယ်ဘက်ပြောင်းမလဲ?၊ အဲ- “ဒုက္ခချုပ်ရာ ရောက်ရာ အကျင့်မှန်” ဘက် ပြောင်းရမယ်၊ ရိပ်မိပလား?။

ပြောင်းချင်တဲ့စိတ် ရှိရုံနဲ့ မပြီးသေးဘူး၊ အရေးကြီးဒါက နည်းမှန်ပြမဲ့ “ဆရာ” ကိုလဲ ဆည်းကပ်ပြီး နည်းယူအုံးမှ၊ ဒါမှ မဟုတ်ရင် ဆရာမကောင်းလို့ ဆရာပြောင်းနေရရင် မကောင်းသေးဘူး၊ဒါကြောင့်-ဘုရားရှင်က“ယထာဘူတံ ဉာဏာယသတ္ထာပရိယေသိ တဗ္ဗော” “လမ်းမှန်ပြတတ်တဲ့ ဆရာကောင်းကို ရှာရမယ်”လို့ အတိုအလင်း မှာတော်မူခဲ့ဒါဘဲ။

ဒီတော့- ဆရာနဲ့တွေ့ရတုန်း ဆရာက ပြောဒါလိုက်နာကြ၊ “ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ” လို့ သတိပဋ္ဌာန်မှာ ဟောတဲ့ အတိုင်း သတိပဋ္ဌာန်အလုပ် လုပ်ရလိမ့်မယ်၊ သတိပဋ္ဌာန်လုပ်ရင်(၇)ရက်နဲ့တောင် ရနိုင်တယ်တဲ့။

ဒီတော့- ဆရာနဲ့တွေ့ရတုန်း ဆရာက ပြောဒါလိုက်နာကြ၊ “ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ” လို့ သတိပဋ္ဌာန်မှာ ဟောတဲ့ အတိုင်း သတိပဋ္ဌာန်အလုပ် လုပ်ရလိမ့်မယ်၊ သတိပဋ္ဌာန်လုပ်ရင်(၇)ရက်နဲ့တောင် ရနိုင်တယ်တဲ့။

သတိပဋ္ဌာန်လုပ်ငန်း မဂ္ဂင်လုပ်ရင် ရက်ကန်းလောက် မကြာပါဘူး(၇)ရက်ပါဘဲတဲ့၊ (၇)ရက်ဆိုရင် "ဒိဋ္ဌေဝ ဓမ္မေ အညာ" တဲ့၊ အရဟတ္တဖိုလ်ကို ရနိုင်တယ်က-တဲ့၊ ဒါကြောင့်- ဒို့ဒကာတွေ ကြိုးစားဘိုသင့်တယ်,ကြိုးစားထိုက်တယ်,ကြိုးစားလိုက်မယ်လို့ ဆုံးဖြတ်ချက်ချ။

ကြိုးစားနည်းကို ပြောရအုံးမယ်၊ ဒီ-ဒုက္ခချုပ်ရာ ရောက်ရာ အကျင့်ကို ဘာ့ကြောင့် အကျင့်မှန်လို့ ဆိုရသလဲ?၊ အဖြက ရှင်းရှင်းဘဲ၊ "ပဋိစ္စ သမုပ္ပါဒ်" ပြတ်လို့ဘဲလို့ မှတ်ကြ၊ စာပဋိစ္စ သမုပ္ပါဒ်ပြတ်တာကို ဆိုတာမဟုတ်ဘူးလို့မှတ်။

ကိုယ်.ခန္ဓာမှာ အဆက်ဆက်ဖြစ်နေတဲ့ ဒုက္ခစက်ကြီးဒုက္ခခန္ဓာကြီး ဒုက္ခသစ္စာကြီး အကြွင်းမဲ့ ပြတ်သွားတဲ့ အကျင့်တရား ဖြစ်လို့ အကျင့်မှန်လို့ ဆိုရဒါပေါ့၊ ဒီလို ခန္ဓာအဆက်ဆက်ဖြစ်တာ ပြတ်အောင် ဝိပဿနာရှုမှ ပြတ်မှာ၊ မရှုရင်-မပြတ်ဘူး၊ မလုပ်ဘဲနဲ့ မရဘူး လုပ်မှ ရမှာဘဲလို့ မြဲမြဲကြီးမှတ်ကြ။

ဒို့ဒကာတွေ "ဝဋ်ဘဝ တိုးတိုးနဲ့ ရ-ရပါလို့၏" နဲ့ တောင်းယူနေကြတယ်၊ ဒီကနေ့ကစပြီး မတောင်းကြနဲ့၊ တောင်းယူရင် တဆုပ် တခဲဘဲ ရမယ်၊ ဒီထက်မပိုဘူး၊ တောင်းယူရင် ဒါဘဲရမယ် တဆုပ် တခဲဘဲတဲ့၊ လုပ်ယူမှ မဂ်ဉာ အစိုင် အခဲကြီးကိုရကြမှာ၊ သဘောပါကြပလား?။

ဒကာတို့တတွေ ဘဝတိုင်းဘဲ တောင်းချည့်လာကြဒါ မရှက်ကြသေးဘူးလား?၊ ကိုယ်.သိက္ခာကိုယ်မျှား အားနာကြပါအုံး ဒီကနေ့ကစပြီးပြင်ကြ၊ နောက်-ဘုရားရှေ့.သွားပြီး တဆုပ်တခဲနဲ့ မလုပ်ကြနဲ့၊ ဒီလိုသာ တောင်းနေရင် တဆုပ်တခဲသာ တန်တဲ့လူတွေလို့ မဆိုထိုက်ဘူးလား?၊ အေး- နောက်မတောင်းကြနဲ့။

မဂ္ဂင်ဆိုတာ ပဌားယူမှုရမှာ ပဌားမယူ,မရဘူး၊ လုပ်ယူမှု ရမှာ တောင်းယူလို့ မရဘူး၊ ကိုင်း....ဒါဖြင့် ဘယ်လိုလုပ်ယူရမလဲတဲ့၊ ဘုရားက "ဘာဝေတဗ္ဗံ" ကတဲ့၊ ရုပ်နာမ်တို့ရဲ့ ဖြစ်တာပျက်တာ ကို ပဌားမျှားရမယ်၊ ရုပ် နာမ် ဖြစ်ပျက် ပဌားနေရင် ကြာတော့ မုန်းလာရော၊ မုန်းတော့ ဆုံးရော၊ ဆုံးသွားတော့ နိဗ္ဗာန် ရတာပေါ့။

ဘာဝေတဗ္ဗ ကိစ္စလို့ ဘုရားကဟောခဲ့တယ်၊ ဒို့ဒကာတွေက ဘုရားရှေ့က ရှာရှေကြတယ်၊ တကထဲ ရောမဆုတောင်းရှေကြီး တွေနဲ့ ဘာတွေ ညာတွေနဲ့ ရှာရှေလို့ကို အပြီး မသတ်နိုင်ကြဘူး။

တကယ် လုပ်ရမှာက ရုပ်ဖြစ်ပျက် နာမ်ဖြစ်ပျက် မြင်အောင် ပဌားရမှာ၊ ဖြစ်ပျက်မြင်အောင် ပဌားကြ၊ နောက်- ဖြစ်ပျက် အစဉ် တန်းကြီး ရှေနေတော့ မုန်းလာအောင်ပဌား၊ မုန်း လာ တော့ ဆုံးအောင်ပဌား၊ အဲဒါမှ,လုပ်ရမဲ့အလုပ်၊ လုပ်ငန်းစဉ်ဘဲလို့မှတ်။

ရုပ်ကြီးက်ရင် ရုပ်ရှု၊ ဝေဒနာကြီးက်ရင်လဲ ဝေဒနာတွေတိုင်း တွေတိုင်းရှု၊ရှုတဲ့အခါတော့ ဝေဒနာမရှုဘဲ ဖြစ်ပျက်မြင်အောင်ရှု ဖြစ်ပျက်ကိုသာရှု၊ ဖြစ်ပျက်ကိုသာပဌား၊ စိတ် ကြီးက်ရင်လဲ စိတ် ရှောင်ပြီး ဖြစ်ပျက်ကိုသာ မြင်အောင်ပဌား၊ ရှင်းပလား?။

မပဌားရင် ဖြစ်ပျက်မမြင်ဘူး၊ ဖြစ်ပျက်မမြင်သေးရင် ကိုယ့် ခန္ဓာ, ကိုယ်မမုန်းသေးဘူး၊ မမုန်းရင် "နိဗ္ဗဒ ဒဿနာဏ" မရ၊ နိဗ္ဗဒ ဒဿ နာဏ်မရတော့ နိဗ္ဗာန်မရဘူးပေါ့။

ဒါကြောင့်-ရုပ်နာမ် ဖြစ်တိုင်း-ပျက်တိုင်း ဖြစ်ပျက်မြင်အောင် ပွား၊ ပွားတော့ မဂ္ဂင် ဝမ်းထဲရောက်မယ်၊ မဂ္ဂင် ဝမ်းထဲ ရောက်တော့ မဂ်ကို ရတော့ ဒါပေါ့၊ ပေါ့ပေါ့ တန်တန် မဖြစ်စေနဲ့၊ လုပ်ရင်-လုပ်သလောက် အကျိုးရမယ်။

ဘာမှမလုပ်ရင်ဘာမှမရဘူး၊ အနှေးအမြန်ရဘို့ရာဒကာတို့ရဲ့ ကြိုးစားမှုပေါ်မှာတည်တယ်၊ ကဲ....ရှင်းကြပလား?။

ကိုင်း....ဒီနေ့ ဒီတွင်တော်ကြဦးစို့။

ဓမ္မရတနာမာတိကာ

"ကြောက်သေလွတ်ရာ နှည်းလမ်းရှာ တရားတော်"

မှတ်ရန်....

သစ္စာမမြင်သူ - သေဘေးကြောက်သည်။

သစ္စာ မြင်သူ - သေဘေးမကြောက်။

သေဘေးကြောက်ရာ၊ ကြောင်းလေးဖြာ၊ ကြောက်သူလေးမျိုး။

(၁) အပခန္ဓာ တွယ်တာသူ၊ သူ့မှာ ရှိတဲ့ သားသမီး နှင့် ပစ္စည်းကို ဒုက္ခသစ္စာဘဲလို့မသိ၊ မသိလို့ ခင်မင် တွယ်တာတဲ့သူ။

(၂) မိမိခန္ဓာ တွယ်တာတဲ့သူ၊ မိမိခန္ဓာရဲ့ ဝိပရိဏာမ အချက်၊ ဖြစ်, ပျက်, ဒုက္ခသစ္စာကို မပွားများလို့မသိ၊ မသိလို့ တွယ်တာသူ။

(၃) ကုသိုလ် လိုသေးသူ၊ ဝိပဿနာ အလုပ် မလုပ်ရသေးသဖြင့် ဘာဝနာကုသိုလ် လိုသေးသူ၊ ကတညာဏ်မရသေးသူ။

(၄) ပဋိစ္စသမုပ္ပါဒ် မသိသူ၊ ပဋိစ္စသမုပ္ပါဒ် ကြောင်း,ကျိုး မသိမမြင်သဖြင့် ဝိစိကိစ္ဆာနှင့် သေရသူ။

ဆောင်ပုဒ်။

ကြောက်သေ,သေက၊ ငရဲကျ၊ ဒုက္ခဆိုးမြင်။
ကြောက်သေလွတ်မှု၊ မြန်ယခု၊ ပွားရှုခန္ဓာခွင်။
ရုပ်နာမ်ဖြစ်ပျက်၊ နောက်ဥာဏ်မဂ်၊ဆက်ဆက်လိုက်လျှင်
ကိလေစင်။
ကိလေစင်က၊ မြန်ခဏ၊ ဒုက္ခအဆုံးမြင်။

တရားသဝန်း။ ဒီကနေ့ည မှာ သေခါနီးအတွက် အရေးကြီးတဲ့ အချက်ကို ပြောရမယ်၊ ပဋ္ဌမဥဒီးဆုံး အင်္ဂုတ္တိုရ် ပါဠိတော်မှာ လာတဲ့ စကားကို ထုတ်ပြောမယ်၊ သတိချပ်ပြီး လေးလေး နက်နက် မှတ်ကြ။

ပုဏ္ဏား တဦးက မြတ်စွာဘုရားကို မေးမြန်းတယ်၊ "အရှင် ဘုရား၊ လောကကြီးမှာ သေရမဲ့ဘေးကို မကြောက်တဲ့သူ မရှိ၊ သေဘေး တို့ကို ကြောက်တဲ့ သူချည်းဘဲလား ဘုရား ? " လို့ လျှောက်တယ်။

ဒီတော့- ဘုရားရှင်က " အို....ပုဏ္ဏား၊ သေသေ ချာချာမှတ်၊ လောကမှာ သေရမှာ ကြောက်ဘဲ့သူ-တမျိုး၊ မကြောက်တဲ့သူ တမျိုး၊ နှစ်မျိုးရှိတယ် " လို့ ဖြေကြားတော်မူတယ်။

ပုဏ္ဏားက " ဒါဖြင့်-အကျယ်တဝင့် ရှင်းလင်းမိန့်ကြားတော်မူပါ " လို့ လျှောက်ပြန်တော့၊ ဘုရားရှင်က အကျယ်ရှင်းကာ မိန့်ကြား ဖြဆိုတော် မူလိုက်တယ်။

" အို-ပုဏ္ဏား၊ သစ္စာမမြင်တဲ့သူမှာ သေဘေးကိုကြောက်တယ် သစ္စာမြင်တဲ့ သူကတော့ သေဘေးကို လုံးဝမကြောက်တော့ဘူး ဝမ်းမြောက်စွာနဲ့ သေခြင်းတရားကို ရင်ဆိုင်ဝန်တယ် "။

ဘာကြောင့်လဲဆိုတော့ ရုပ်, နာမ်, သန္ဓါရတို့ရဲ့ ဖြစ်တတ် ပျက်တတ်တဲ့ သဘောအမှန် သိလို့ဘဲတဲ့၊ သစ္စာ သိတဲ့ သူက " အော်.... စုတိပြီး ပဋိသန္ဓေလာမှာဘဲ၊စုတိစိတ်ဖြစ်ပြီး ပျက်သွားတဲ့နောက်, ပဋိသန္ဓေစိတ် ဖြစ်ပြီး ပျက်တာဘဲ၊ စုတိဒုက္ခနောက်

ပဋိသန္ဓေ ဒုက္ခ ဆောက်ဘာဘဲ၊ ဒီသဘောဟာ သန်ါရ ရုပ်,နာမ်တို့ရဲ့ အမှန်ဖြစ်ပျက်နေတဲ့သဘော၊ ဖြစ်ရပျက်ရမဲ့ သဘာဝဘဲ" လို့ ဥာဏ်နဲ့ သုံးသပ် ဆင်ခြင်နိုင်တယ်။

ဒီလိုဥာဏ်နဲ့ သဘာဝအမှန် သစ္စာတရားကို မြင်ပီးနေတော့ မကြောက်တော့ဘူးပေါ့၊ ဒီလို အမှန်တရား သဘောကို မြင်နေတော့ သူ့စိတ်အစဉ် သူ့ဥာဏ်အမြင်မှာ ပုဂ္ဂိုလ်ဘဲ သတ္တဝါငါ သူတပါးမမြင်၊ ခင်မင်စရာ တွယ်တာ, နှစ်သက်စရာ စဲလမ်းစရာ ရယ်လို့ မမြင်တော့ဘူး မထင်တော့ဘူး။

အားလုံးသော ရုပ်, နာမ်ဓမ္မ သန်ါရတွေဟာ သူ့သဘာဝ ဓမ္မတာ ဖြစ်ခိုး-ဖြစ်စဉ်အတိုင်းသာ ဖြစ်ပြီးပျက်, ဖြစ်ပြီးပျက်နဲ့ အစဉ်မပြတ် ဖြစ်ပြီး ပျက်နေကြတဲ့ သဘော သဘာဝမျှသာ ဖြစ်ပါကလားလို့ ကိုယ်ပိုင်ဥာဏ်နဲ့ ကိုယ်တိုင် ဧကန် ဆုံးဖြတ်နိုင်တဲ့ သစ္စာဥာဏ် ရထားတော့ ကြောက်စိတ် ကင်းတာပေါ့။

သူက သေတော့ ဒေါသဆိုတဲ့ ကြောက်ဇော မလာတော့ဘဲ ကုသိုလ်ဇောသာ လာတော့တယ်၊ ကုသိုလ်ဇောနဲ့ သေတော့ အသေကောင်း သေရဒါဘဲ။

သစ္စာမသိတဲ့သူကတော့ကြောက်ပီးသေရတယ်၊ကြောက်သေဆိုတော့ ဒေါသဇောနဲ့ သေရရှာတာပေါ့၊ ကြောက်သေဆိုရင် သေခြင်းဆိုးဘဲ၊ အပါယ်သွားရမှာ သေချာတယ်၊ သစ္စာမသိတဲ့သူဟာ ဘာကြောင့် ကြောက်ပီး သေရသလဲ?။

သစ္စာမသိတော့ သက္ကာယဒိဋ္ဌိက မကွာဘူး၊ ဒီ - ဒိဋ္ဌိရှိတော့ ငါကိုယ်လို့ စွဲလမ်းတယ်၊ ငါကိုယ်ရှိတော့ ငါသား, ငါသမီး,

ငါ့ပစ္စည်းဆိုတဲ့ စဲလမ်းမှုတွေကရှိ ၊ ငါပေါ့၊ ဒါတွေရှိတော့ ခင်မင်ပြီး မစွန့်ချင်၊ ဒါတွေနဲ့ ဖက်ပြီးသာနေချင်တယ် အဲ .... သေချိန်နီးလို့ " ငါ-သေရတော့မှာ ကေန်ဘဲ၊ တယ်မကြာတော့ဘူး " လို့ သိဒါနဲ့ တပြိုင်နက် အပူကြီး ပူလာတော့တယ်၊ မီးလောက်မကတဲ့ အပူကြီး။

ပူဒါပေါ့ လက်ရှိခန္ဓာ စွန့်ရတော့မယ် ဆိုဒါ သိနေပြီကိုး၊ အင်မတန် တယ်တာ နှစ်သက် ထားတဲ့ သား,သမီး,ပစ္စည်း,အိုး, အိမ်တွေ ဒါတွေလဲ စွန့်ရတော့မယ်သိတော့ အပူကြီး ပူဒါပေါ့ ဒါဟာ ရှိသမျှကို တယ်တာတဲ့ လောဘ၊ ဒီလောဘကြောင့် ပေါ်လာတဲ့ ဒေါသတွေဘဲ၊ ဒါဟာ သစ္စာမသိတဲ့ မောဟအဝိဇ္ဇာ အရင်းခံပါဘဲ။

ဒီလို- သေခါနီးမှာ လောဘဘဲ့၊ ဒေါသတွေ့၊ မောဟတွေ့ ဒေါထပြီးသာ သေရရင် ဘယ်ရောက်မယ်ဆိုဒါ ခင်ဗျားတို့ဘဲ စဉ်းစားကြ အဲဒီလို ကြောက်ပြီးသေရရင် အသေဆိုးတင် မကတော့ဘူး " ဟဲ့....အမိုက်၊ အပါယ်လေးဘုံ နင်-ဘယ်ဘုံကြိုက် သတ်ုံး အမြန်သာ ရွေးပေတော့ " လို့ မဆိုပေမဲ့ ဆိုသလိုကျတော့တာဘဲ။

ဒီအဓိပ္ပါယ်ကို ဘုရားရှင်က အင်္ဂုတ္တိရ် ပါဠိတော်မှာ.... " ဝ ဝဝ ဝ မစ္ဆာဒဋ္ဌယာ ဘက္ခဝေ သမန္နာဂတာ သတ္တာကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ " ဟောတော်မူထားတယ်။

မိစ္ဆာဒိဋ္ဌိဆိုတဲ့ အချက်မှာ အနဲဆုံး သက္ကာယဒိဋ္ဌိ (၂၀) ရှိနေဒါလဲ ဒိဋ္ဌိ ခေါ်တာဘဲလို့ ဖွင့်ပြတော်မူထားတယ်။

ဒီတော့ မင်္ဂ မရသေးရင် အေးနေလို့တော့ မဖြစ်သေးဘူး ဆိုတဲ့ အချက်ကို လေးလေး-နက်နက် ဆုံးဖြတ်ကြပါ။ ဒီလိုသာ အမှတ်တမဲ့ နေပြီး အမှတ်တမဲ့ သေသွားရင် သေခါနီးကာမှ ကြောက်သေနဲ့ ကြုံရမယ်၊ အဲဒါ သေခြင်းဆိုးဘဲ။

ဒို့ဒကာတွေ နေ့တိုင်း သွားနေကြဒါ ဘယ်လမ်းကိုမျှား သွားနေတယ် ထင်သလဲ?၊ ဒကာတို့ နေ့တိုင်း သွားနေဒါဟာ အသေလမ်းဘဲ၊ ရှေ့-တနေ့တိုး သေဘို့ တနေ့နီး၊ ရှေ့-တလ တိုးပြန်တော့ သေဘို့ တလပိုပြီး နီးဒါပေါ့၊ ဒါ .... သေလမ်း မဟုတ် ဘာလမ်းလို့ မျှားထင်နေကြသေးလို့တုံး? ဂျင်းပလားး။

ဒီလိုနဲ့ အချိန် နာရီ မိနစ်မလပ် နေ့စဉ်, ဂျက်ဆက် သွားနေကြဒါ သေဘက်ကို တရွေ့ရွေ့ နီးလာကြဘီ၊ သွားလို့ ရောက်တာ မသွားရင် မရောက်ဘူး၊ ဘယ်လောက်မျှား နီးလာပီတုံး ဆိုတော့ ဒီနေ့လား-နက်ဖြန်လားကို မပြောနိုင်ပါဘူး၊ သေရမှာကတော့ သေချာပီးသားပါ။

ဒီလို အတိ အကျ မသိရဘဲ့ သေခြင်းနဲ့ ရင်ဆိုင်ရတဲ့အခါ ကြောက်သေ ဆိုရင်ဖြင့် ငရဲပြည်ဆိုဒါ ကိုယ်ပိုင် အိမ်ဘဲလို့ သာ မှတ်ထားကြ ကေန္တပါဘဲ၊မကြောက်သေ,သေမှ သုဂတိနဲ့ နိဗ္ဗာန်ကို ရကြမှာ၊ သဘောပါကြပလားး?။

ဒို့ဒကာတွေဟာ ဘုရားရှင်ကလဲ ဟောတော်မူတယ်၊ ဆရာဘုန်းကြီးကလဲ ဟောတယ်ဆိုပီး ယုံပုံ ကြည်ကြည် လေးလေးစားစားနဲ့ မကြောက်သေ, သေရအောင် လုပ်ထားဘို့မျှား မသင့်ဘူးလား?၊ အေး.... မသင့်သေးရုံဖြင့် မြုပ်,မျှောဘို့သာ ပြင်ကြ။

ကိုယ့်အကျိုး, ကိုယ်ကြည့်ပြီး ကိုယ့်ကိုကိုယ် သနားရင်ဖြင့် လုပ်ရမယ်၊ လုပ်သင့်တယ်လို့ ပြောလိုက်ပါတယ်၊ ဘုန်းကြီးက ကရဏာရှေ့ထားပြီး ဟောပြနေတာမို့လဲ လိုက်နာဘို့သင့်တယ် ဆိုတာ ဆုံးဖြတ်ချက်ချ၊ အခုဟောဒါ သူနဲ့သာဆိုင်တယ် ငါနဲ့ သာဆိုင်တယ်လို့ မဆိုနိုင်ဘူး၊ ခန္ဓာရှိသူ ခန္ဓာရထားသူ အားလုံးနဲ့ ဆိုင်တယ်လို့ မှတ်ထားကြ၊ သတ္တဝါအားလုံးဟာ ခန္ဓာနဲ့ ချည့်လာကြတာ အမှန်ဖြစ်တယ်။

အခုဟောနေဒါက သံဝေဂလို့မျှား မထင်ကြနဲ့၊ သံဝေဂ မဟုတ်ဘူး၊ ကေန်ရောက်မှာမို့ ပြောနေဒါ၊ ဒါကို အားလုံးလဲ အသိဘဲ၊ သေရမှာ လူတိုင်း သိကြတယ်၊ ဒါပေမဲ့ ဒကာတို့က မေ့နေကြလို့ သတိပေးနေရတာပါ။

ဘုရားရှင်က ပုဏ္ဏားကို ဟောတဲ့အချက်ဟာ "စတုကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်မှာ" လာရှိတဲ့ စကား ဖြစ်တယ်၊ ဆက်ပြီး ဟောကြားတော်မူတဲ့ အချက်က " အို .... ပုဏ္ဏား၊ သေရမှာ ကြောက်တဲ့ သူဟာ ဘာကြောင့် ကြောက်သလဲ ဆိုတော့.... အကြောင်းတရား အချက်လေးမျိုးကို မစဉ်းစားနိုင်လို့ကြောက်တာဘဲ"။

" အဲဒီအချက် လေးချက်က "

(၁) သူ့မှာရှိတဲ့ သား, သမီးနဲ့ ပစ္စည်းကို ဒုက္ခသစ္စာဘဲလို့ မသိရှာဘူး၊ မသိလို့ ခင်မင်, တွယ်တာတဲ့သူ။

(၂) မိမိ ခန္ဓာရဲ့ ဝိပရိဏာမ ဖြစ်ပျက်ဒုက္ခကို မပွားလို့ မသိသူ။

(၃) ပဓာနအလုပ် မလုပ်ရသေးသူ၊ ကုသိုလ်လိုသေးသူ။
(၄) ပဋိစ္စသမ္မပ္ပါဒ် မသိလို့ ဝိစိကိစ္ဆာနဲ့ သေသူ၊ ကိုယ့် သံသယနဲ့ ကိုယ်သေသူ။

ဒီအချက် လေးခုထဲက တခုခုနဲ့ ညီညွတ်ရင် တခုခုကို စဲ့လမ်းချက်ရှိထားရင် သေတဲ့အခါ ကြောက်ဒူးတုန်ပီး ကြောက် အားကြီးစ့ာနဲ့ သေရမှာဘဲ ကြောက်သေ ဆိုဒါ ဒေါသ ဒေါမဿနဲ့ သေရတာ၊ ဒေါသနဲ့သေရင် ငရဲပြေဆိုဒါ သေချာ ပြီးသားလို့မှတ်။

ဒကာတို့ တာဝန်က လုပ်ရေး၊ ဆရာဘုန်းကြီးက ဟောပြော ရေး၊ အရေး နှစ်ရေးရှိတဲ့အနက်က ကိုယ့်အရေးကိုယ်ရေးကြဘို့ က ကိုယ့်တ့ာဝန်ဘဲလို့ ဆုံးဖြတ်ကြ၊ ပေါ့ပေါ့တန်တန်မနေကြ နဲ့၊ လေးလေး စားစားနဲ့ နားကြီးကြီးထားပြီး နာယူကြ။

အခုနေ ကျန်းမာရေးလဲကောင်း၊ စီးပွားရေးလဲ သင့်တင့်၊ မိတ်ကောင်း-ဆွေကောင်း ဆရာသမားကောင်းနဲ့လဲ တွေ့ကြုံကြ ရ၊ ဒီလိုအခါမှာ မေ့နေကြလို့ မသင့်တော့ဘူးဆိုတာ ကိုယ်ပိုင် ဉာဏ်နဲ့ ဝေဘန် ကြည့်ကြ၊ မေ့ရင် အခု ပျော်သလောက် နောင်အခါ ငိုရမယ်၊ ငိုရမဲ့နေ့ရက် ငိုသက်ကလဲ အပိုင်းအခြား မရှိပါဘူး။

အဲ.... ငရဲကျသွားရင် ငရဲဒုက္ခ ငိုသက်ကိုဖြင့် ကုန်စင်အောင် ဟောမပြနိုင်ဘူး၊ဘာကြောင့်ငရဲဒုက္ခအကုန်မပြနိုင်ဟုံး?ဆိုတော့ ကာလရှေလျှားပြီး နှစ်ပရိစ္ဆေဒအလွန် မျှားလွန်းလို့ဘဲတဲ့၊ ဒီ စကားကို ဘုရားကလဲဟောတယ်၊ မိလိန္ဒပဉ္ဉာ ပါဠိသော်မှာလဲ....

"သော နာဝ ကာလံ ကရောတိ၊ ယာဝ နာ တံ ပါပ ကမ္မံ ဗျန္တီ ဟောတိ" လို့ ဟောတော်မူတယ်။

အဓိပ္ပါယ်က "သူ့ကံမကုန်သမျှ ငရဲက ကျွတ်လွတ်ခွင့်ကို မရနိုင်ဘူး" လို့ ဆိုလိုတယ်။

ဘုရားရှင်ကလဲ ဒီလောက်ဘဲ ဟောပြတော် မူနိုင်တယ်၊ ငရဲသတ္တဝါရဲ့ ဒုက္ခတွေဟာ အသင်္ချေ, အသခ်္ယာ ကမ္ဘာ, ကမ္ဘာမက ငရဲသက်က အလွန်-အမင်း ရှေလျားလှလို့ဘဲတဲ့။

ဘုရားသခင်ရဲ့ ရှေ့ဥာဏ်တော်မှာ ထင်ရှားပေမဲ့ ကျေးဇူး မများ ကာလကလဲ ရှေလျားအားကြီးလို့ ဟောပြတော် မမူခဲ့ ဘူးလို့ မှတ်ရမယ်၊ ဒီစကား အဓိပ္ပါယ်ကို "ပဋ္ဌာန် သမ္ပဟဒ်" သဘောကျရင် နားလည်ပါတယ်၊ ရိပ်စားမိနိုင်ပါတယ်။

ငရဲမှာက ဒုက္ခဝေဒနာ ခံစားမှုသာ ရှိတယ်၊ ဒုက္ခပီး-ဒုက္ခ၊ ကဒုက္ခနဲ့-တဒုက္ခ အဆက်မပြတ်တော့ဘူး၊ ဖဿပစ္စယာ ဒုက္ခ ဝေဒနာချည့် လာနေတာဘဲ၊ ဒုက္ခဝေဒနာ, တဏှာ, ဥပါဒါန်, ကံ, ဆိုပြီး အဲဒီဘဝမှာဘဲကံသစ်တွေ ဒေါမနဿနှင့်တကွ၊ အကုသိုလ် ကံတွေကို ထပ်ခါတလဲလဲဘဲ သိမ်းဆည်းနေမိတယ်၊ ဒီ-အသစ် ထပ်ပြီး သိမ်းဆည်းမိတဲ့ ဒေါသဇောနဲ့ အကုသိုလ်-ကံတွေက ထပ်ပြန်တလဲလဲ အကျိုးဆက်နေတော့ လွတ်ရက် မရှိတော့ဘူး၊ ဘဝတခုက စုတိကျပြီး ငရဲမှာ အနှစ်(၅၀၀)ကျခွင့်သတ်မှတ်ခဲ့ ပေမဲ့ ဟိုမှာ ထပ်ပြုတဲ့ ကံတွေက ကုန်နိုင်ဘို့ အခြေကို မမြင် တော့ဘူး၊ ဒါကြောင့်- ငရဲဒုက္ခ ဆုံးစ မမြင်ဘူးလို့ ဆိုရဒါပေါ့ ကိုင်း....ရှင်းပလား?။

ဒီတော့-ဒို့ဒကာတွေ အားထုတ်ဘို့ မသင့်ကြသေးဘူးလား?၊ နာရုံ နာပြီး အားမထုတ်ကြရင် (၃) နံပါတ်နဲ့ သေကြရမှာ၊ ငါ့ အလုပ် မလုပ် ရသေးပါလား၊ မလုပ်ဖြစ်လို့က်လေခြင်းလို့ ညည်းတွားပြီး သေရမယ်၊ ဒီလိုနဲ့ သေရင် မပြုံးနိုင်သေးဘူး၊ မဲ့သေဘဲ၊ အလုပ် မလုပ်ရသေးသမျှ စိတ်မချရသေးဘူးဆိုဒါ မှတ်ထားကြ။

ကြောက်, သေတဲ့သူဟာ သခါနီးတော့ ငရဲနိမိတ်တွေထင် လာပလားဆိုရင် အခု ကြားနေသလောက် မျက်ရည် ကျရမယ်၊ အဲဒီအခါမျိုးမှာ သား, လင်, ခင်ပွန်းဝေးလို့ ဘုရားသော်မှမကယ် နိုင်တော့ဘူး၊ မရဏာသန္နဇော ငါးကြိမ်စောတဲ့အခါမှာငရဲနိမိတ် မြင်၊ သေတော့လဲ ကြောက်ပြီးသေရမှာ မုချဘဲ။

ဥပမာဆိုရင် အလွန် ထက်မြက်တဲ့ သင်မုန်းခါးသွားပေါ်မှာ ယင်ကောင်ကလေး တင်ဖိလိုက်၊ ဒီယင်ကောင်ကလေးဟာ ဖျတ်ကနဲဆို ချက်ခြင်းသေသွားပေမဲ့ ဇောငါးကြိမ်စောပြီး သွားရမဲ့ နေရာမြင်ပြီးမှ သေသွားတာလို့ မှတ်ပါ။

ဒါဟာ ဓမ္မနိယာမ ဓမ္မသဘာဝဖြစ်စဉ်ဘဲ၊ဒီတော့-ဒီလောက် မြန်တဲ့ အချိန်ကလေးအတွင်းမှာ ကယ်နိုင် ဆယ်နိုင်သူ ဝေးရော ပေါ့။

ဒါကြောင့်-ဒီဘဝတာလောက်မှာ ဆင်းရဲ,ချမ်းသာကို မှုစရာ မလိုပါဘူး၊ ဆင်းရဲလဲ ဝမ်းမနဲနဲ့၊ ချမ်းသာလဲ ဝမ်းမသာနဲ့၊ မပြောပလောက်တဲ့ အခု အချိန်ကလေးမှာ ငရဲသက်နဲ့ စာရင် မိနစ်, စက္ကန့်လောက်ကလေးဘဲ ရှိတယ်။

ဒီဟာ ဘုန်းကြီးက ကြောက်အောင်လို့ သံဝေဂဟောနေတာမဟုတ်ဘူး၊ ဒကာတို့ သေရင် အဟုတ် တကယ် သွားရ, ရောက်ရမဲ့အတွက်က သေချာလွန်းလို့ ပြောပြနေတာပါ။

ဒါကြောင့် .... ပြခဲ့တဲ့ အချက် လေးချက်ထဲက တချက်ချက် မိအောင်ကြိုးစား၊ ဒါမှ မဲ့သေအဖြစ်က လွတ်ကြမှာ၊ သိဘို့က "စုတိ ဒုက္ခပြီး ပဋိသန္ဓေဒုက္ခ လာမှာဘဲ" လို့ သိထား ရမယ်၊ နက်နက်နဲနဲသိအောင် ကြိုးစားကြ၊ သေမှာမကြောက်တဲ့သူဟာ သေခါနီးတော့ အော်.... သေရတယ်ဆိုဒါ ဒုက္ခချုပ်တာဘဲလို့ အမှန်သိပီး ပြုံးတယ်၊ ဒုက္ခချုပ်မှ အေးရမှာဘဲလို့ အောက်မေ့တယ်။

ဒါဖြင့် ဒကာတို့လဲ ကတညာဏ်ဆိုက်အောင်လုပ်ကြ၊ဒါမှသာ ပြုံးနိုင်မှာ၊ ပြုံးပြီးသေရမှာ၊ သဘောပါကြရဲ့လား?၊ ဒီအရေး ဟာ သာမညအရေးလို့ မအောင်းမေ့နဲ့၊အလွန်ကြီးတဲ့ အရေး ဘဲလို့မှတ်၊ ပြင်ချိန်မရှိတော့ဘူး၊ နဲနဲကလေးဘဲကျန်တော့တယ်။

ဒီကြားထဲ နှုတ် နှုတ်ပြစ်တာတွေက များ,များနေသေးတယ်၊ ဒီအချိန် နဲနဲကလေးထဲမှာ သားရေး,သမီးရေး,စီးပွားရေးတွေနဲ့ အချိန်ကုန်ကြအုံးမလား?၊ ရှိသမျှပစ္စည်း အကုန် ပျောက်ပျက် သွားဒါက ကိုယ်ကျိုးမနဲသေးဘူး၊ ဒီအရေးကို လက်လွတ်သွား လို့ ကြောက်သေနဲ့ သေရမှာက ကိုယ်ကျိုး နဲရတော့မှာဘဲ။

နဲနဲ ကျန်တော့တဲ့ အချိန်ကောင်း - အခါကောင်း လေးကို ထပ်နုတ်မယ်များ မကြံကြပါနဲ့၊ နောက်-နောက်က အလကား

ဖြစ်တဲ့ အဟောသိ ကံတွေနဲ့ဆိုတော့ အခုလဲ နှုတ်ကြအုံးမယ် ဆိုရင်ဖြင့် မကျန်တော့ဘူး။

ကိုယ် အရုပ် ဆိုးခဲ့တာ ဘယ်လောက် ကြာပြီလဲ?၊ နှစ်, လ, ရက် ဆိုတဲ့ မှန်နဲ့ကြည့်ကြ၊ ကိုယ့်ခန္ဓာကိုယ် ဥာဏ်နဲ့မှပ်လုပ် ပြီးကြည့်ကြရင် အရုပ်ဆိုးတာ သိရလိမ့်မယ်၊ ကြည့်ကြစမ်းပါ။ ကိုယ့်ခန္ဓာ ကိုယ့်ဥာဏ်နဲ့ကြည့်ရင် ဖြစ်ပျက် ဒုက္ခတွေကို မြင်ရမယ်၊ အဲဒီ ဖြစ်ပျက်ကိစ္စကိုမြင်နေရင် "ကိစ္စဥာဏ်" ဘဲ။

အဲဒီလို အရှု အပုံးများလာရင် ဖြစ်ပျက်တွေ များများကြီး မြင်လာမယ်၊ နောက်-တဆင့်ထက်တဆင့် ဖြစ်ပျက်တွေနှုံးညံ့ပီး ဖြစ်ပျက်မရှိတဲ့ဘက် ဥာဏ်လှည့်သွားရင် ကတဥာဏ်ဘဲ၊ လိုရင်းတော့ မဂ်ကိစ္စပြီးပြီလို့ သိဘဲ့ဥာဏ်ကို ကတဥာဏ်ခေါ်ဒါ။

ဘုန်းကြီးတို့က ပေးထိုက်လို့ ပေးဒါ၊ ပေးထိုက်လို့ ပေးရင် ယူလိုက်ကြ၊ ယူထိုက်မှသာ ယူနိုင်ကြပေမယ်၊ ကြိုးစားသာ ယူကြပေတော့လို့ ပြောလိုက်ပါတယ်။

ဒီခန္ဓာမှာ အမှန်ရှိဒါက "ဥပါဒါဝယ ဓမ္မိနော" ဆိုတဲ့ ရုပ်,နာမ် ဖြစ်ပျက် သဘောဘဲရှိတယ်၊ ခန္ဓာသဘော ဖြစ်ပျက်သဘောဘဲရှိတယ်လို့ ဘုရားက ဟောတော်မူတယ်၊ ဒီတော့.... ကိုယ်ခန္ဓာမှာ ဒီနှစ်ခုဘဲရှိဒါမှန်တယ်၊ ဒီပြင်ဟာ ဘာမှမရှိဘူးလို့ စဲ့စဲ့မြဲမြဲ မှတ်ထားကြ။

ဖြစ်တာ-ပျက်တာ-ဒုက္ခဆင်းရဲဒါ အမှန်ဖြစ်လို့ "ဒုက္ခသစ္စာ" ဒုက္ခအစစ်ဘဲလို့ ကောန် သိလာတော့မှန်း၊ မှန်းတော့ ဆုံးသွား၊ ဖြစ်ပျက်မရှိတဲ့ဘက် ပြေးဝင် သွားရော၊ အဲဒါ "ဒုက္ခနိရောဓဘဲ" ဒါကြောင့် "စတုတ္ထသစ္စံ ပန ယသ္မာ ဧတံ ဒုက္ခနိရောဓံ ဂစ္ဆတိ အာရမ္မဏဝသေန တဒဘိမုခီဘူတတ္တာ" လို့ မှတ်လိုက်ကြလို့ "သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ" မှာ အမိန့်ရှိခဲ့တာဘဲ။

ကိုင်း....ဒီည ဒီတွင်ဘဲ တော်ကြဦးစို့။

ဓမ္မရတနာမာတိကာ

“ အဓိပတိလက်နက် ရန်ဖြိုဖျက် တရားတော် ”

အဓိပတိသုံးပါး

(၁) မိမိကိုယ်အား လေးမြတ်ထား၍ တအားထုတ်ကာ ကျင့်ကြံပါ၊ “အတ္တာဓိပတိ”။

(၂) လောကလူမျိုး သူတပါးအား လေးစားဂရု အာရုံ ပြုကာ ကျင့်ကြံရာ၊ “လောကာဓိပတိ”။

(၃) သူကွာတာစ မြတ်ဓမ္မဂုဏ် ကျေးဇူးဟုန်ကို အာရုံ ပြုကာ အားထုတ်ရှာ၊ “ဓမ္မာဓိပတိ”။

ဆောင်ပုဒ်

ပဓာနအလုပ်၊ ကြိုးအားထုတ်၊ အဟုတ်ကျင့်ခါတွင်။
ကာမ,ဗျာပါ၊ ဝိဟိ ံသာ၊ သုံးဖြာဝိတက်ဝင်။
ဝိတက်ဝင်က် ဓိပတေယျ၊ ခွင်းရလက်နက်ပင်။
ဧပတိသုံးပါး၊ လင်္ကာကိုင်ထား၊ တရားရမြန်လျင်။

သတိချပ်

သာဝကဥာဏ်ရာ၊ ပါရမီဟာ၊ ပြောစရာမရှိစင်။
သူမျိုး ပါးစပ်ဖျား၊ လမ်းဆုံးငြား၊ မျှောက်မှားသံသာခွင်။
နိဗ္ဗာန်လိုလား၊ လွန်ကြိုးစား၊ အားပါးထုတ်ခဲ့လျှင်။
နိရောဓမြတ်၊ ခန္ဓာဓါတ်၊ ဆုံးလတ်ဥာဏ်ဟုင် တွေ့မြဲပင်။

တရားသား ဒီကနေ့ ညမှာ အခိပတိ သုံးပါးကို မှတ်ရမယ်၊ တရား အားထုတ်တဲ့ အခါ ကုပ်ကဲဘို့ - ဆုံးမဘို့၊ မိမိကိုယ်ကို အားပေးတိုက်ဘန်းဘို့ အဝိပတိ သုံးပါးတဲ့....

(၁) **အတ္တာဝိပတိ။** မိမိ ကိုယ်ကို အလေး အမြတ် အကြီး အမှူး ထားပီး အာ-ပေး တိုက်ဘန်း ရမယ်။

(၂) **လောကာဝိပတိ။** လောကကြီး, သူဘပါး တို့ကို အလေး ဂရုပြုပြီး ဆုံးမ,တိုက်တန်းရမယ်။

(၃) **ဓမ္မာဝိပတိ။** သဒ္ဓါတတာ စတဲ့ တရားဓတ်ဂုဏ်တွေ အာရုံပြုပြီး တိုက်တန်းဆုံးမ အားပေး ရမယ်။

တရားအားထုတ်တဲ့ အခါမှာ ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသဝိတက် ဆိုတဲ့ "ဝိတက် သုံးမျိုး" တမျိုးမျိုးဟာ ဆီလို အပေါက်ရှာပီး အာရုံထဲမှာ ဝင်လာတတ်တယ်၊ ဒီလိုဝင်လာရင် အခုပြတဲ့ အဓိပတိ လက်နက်သုံးချက်နဲ့ ကိုက်ဖျက်ကြရမယ်။

အဓိပတိလက်နက် တချက်ချက်ကို ထက်မြက်အောင် အသုံးပြုနိုင်ရင် ဝိတက် ရန်သူတွေဟာ အနားကိုတောင် မသီလာနိုင်တော့ဘူး၊ ဝိတက် မလာလို့ ကိလေသာ ကြားမခိုရင် တရားရအမြန်ဆုံးဘဲ၊ ဒါကြောင့် ဝင်လာရင် ကြိုးစားတိုက်ထုတ်ပစ်ကြရမယ်၊ တိုက်ထုတ်တဲ့နည်းက ...

"မင်း....အခု ဘာလုပ်နေတာလဲ၊ တရား အားထုတ်တယ်ဆို မင်းလာဒါက မတရားတွေချည့်ပါလား၊ မင်းကိုယ်စောင့်နတ်က မင်းအကြောင်း အကုန် သိတယ်" စသည်ဖြင့် ကိုယ့်ကိုယ်ကို ဆုံးမကြရမယ်။

" ပြောတော့ တရား အားထုတ်တာတဲ့၊ အပြော ဟုတ်သလောက် အလုပ်က တခြားဖြစ်နေရင် ရှက်ဘို့ကောင်းလိုက်တာ" သေည်ဖြင့်လဲ အားထုတ်ဆဲမှာ ကြားထိုးတဲ့ဝိတက်တွေဝင်နေရင် ဆုံးမရမယ်၊ အဝင်ခံနေရရင် ရှက်စရာ မကောင်းပါလား၊ လေးလေးနက်နက် စဉ်းစားကြ၊ စဉ်းစားကြည့်ရင် ရိပ်မိ ပါလိမ့်မယ်။

ဒီလို အကုသိုလ်မှု ဝိတက်စုတွေ ဝင်လာဒါ ဝင်နေတာဟာ ဘာကြောင့်လဲ?၊ အရှက်အကြောက်မရှိလို့ ဟိရိသြတ္တပ္ပကင်းလို့ ဘဲဆိုဒါ ထင်ရှားတယ်၊ မရှက်တာ မကြောက်တာ ဘာလို့လဲ?၊ အဝိဇ္ဇာဝင်လို့၊ အဝိဇ္ဇာဝင်တော့ မကောင်းတာတွေ ဖြစ်သမျှ ရှက်ရကောင်းမှန်း ကြောက်ရကောင်းမှန်း မသိတော့ဘူး၊ စုံလုံးကန်းသွားပီလို့ ဆိုရမှာဘဲ၊ မဆိုထိုက်ဘူးလား?။

ကိုယ့်ကိုယ်ကိုမျှား ပေါက်လွှတ်ပဲစား မထားကြနဲ့ ရှက်စရာကြီး နတ်တွေတောင်ပြုံးလိမ့်မယ်၊ တရား အားထုတ်တာလား?၊ အရှက်မရှိလို့လုပ်နေဒါလား? ကိုယ့်ကိုယ်ကို ပြန်မေးကြည့်ကြ။

"မင်းကို မင်းတော့ လုံလှုပ်ထင်နေမှာပေါ့ မလုံဘူး၊မင်းစိတ်မှာက ဝိတက်တွေဗလပွေနဲ့ ကိလေသာ တောထနေဒါ နှုက်နှုက်ကိုကြမ်းလို့ဘဲ၊ ဗရမ်းဗတာ သောင်းကျန်းနေလိုက်တာဟယ်-၊ တကထဲ နဂိုက အရှုး အကန်းမို့ ပျောက်အောင် ကုနေဒါ မဟုတ်လား?။

"မင်းအကြောင်းကို ကိုယ်စောင့်နတ်တွေအိမ်စောင့်နတ်တွေ သာသနာတော်စောင့်နတ်တွေ တောစောင့်နတ် - တောင်စောင့်နတ်တွေ စတဲ့ နတ်ဗြဟ္မာတွေ အရိယာ ဝိဇ္ဇာတွေက အကုန်သိကြတယ်၊ မင်းမို့ မရှက်တာ ရှက်ဘို့မျှားကောင်းလိုက်တာ" စသည်ဖြင့်လဲ "အတ္တာဓိပတိ-လောကာဓိပတိ" ကုပ်ကဲပီးဆုံးမရမယ်တဲ့။

နောက်ပီး "သူကွာတော အစ,အလယ်,အဆုံး ကောင်းခြင်းသုံးပါးနှင့် မဟာ ကရုဏာတော်ရှေ့ထားပီး ကောင်းစွာ ဟောကြားတော် မူထားတဲ့ တရားတော်မြတ် ဖြစ်ပေတယ်၊ ဒီတရားတော်ဟာ "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ" ဆိုတဲ့ အတိုင်း ကိုယ့် သဒ္ဓါ,စေတနာ,ပညာ အလျောက် လုပ်သလောက် ရမှာ ကေနမုချာ။

လောကီ ကုသိုလ်မျှားလို အဟောသိကံ ဖြစ်တတ်တဲ့ ထုံးစံ မရှိဘူး၊ "ဟိ ပဿိက" ဆိုတာ လာခဲ့၊ ရှုကြည့်လဲ့၊ ကျင့်ကြည့်လဲ့ ကျင့်ကြည့်ရင်ဖြင့် "သန္ဒိဋ္ဌိက" တဲ့၊ ကိုယ်တိုင်ဒိဋ္ဌ ကေန်သိရမယ်၊ အကျိုးခံစားရမယ်၊ ဘသူကပြောဘို့မှ မလိုဘူးတဲ့၊ တရား- အရသာကို ထိုက်သလို ခံစားရမယ်။

"အစမထင်တဲ့ သံသရာတခွင်မှာ တခါဘူးမျှ မတွေ့မကြုံရသေးတဲ့တရား၊ မသိမမြင်ဘူးသေးတဲ့တရား၊ ကံအားလျော်စွာ ခုမကြာခင် ကေန် ဒိဋ္ဌ တွေ့မြင် သိရှိရတော့ မှာပါကလား၊ အရိုးကြေကြေအရေခန်းခန်း မဆုတ်တန်း ဇဲ့လုံ့လနဲ့ ယောကျ်ားစွမ်းပြတော့မယ်ဟဲ့" စသည်ဖြင့် တိုက်တွန်းဆုံးမ အားပေးကြရမယ်။

“သက္ခဘတော”ဆိုဒါကောင်းကောင်းကျင့်ဘို့ နိဗ္ဗာန်သွားဘို့ ဟောဒါ၊ စိတ်က ပေါ့ပေါ့ တန်တန် ဖြစ်နေရင် “ မင်းဟာ သာသနာဖျက်လား ”လို့ မေးရမယ်၊ တရားတော်ဆိုဒါ ကိုယ်က ဂရုစိုက်ရင် တရားကပြန်ပီး အကျိုး ပြုလိမ့်မယ်ဆိုဒါ ဆင်ခြင်စဉ်းစား ရမယ်၊ တရား ဂုဏ်တော်များကို ဉာဏ်မှီ သလောက် အောက်မေ့ပီး အားပေးကြပါ။

ချို့ယွင်းတဲ့ အချက်များ ရှိနေရင်လဲ တရားတော်ဆိုဒါ ချို့ယွင်းဒါမျိုး မဟုတ်ဘူး၊ တရားတော်ရဲ့ ချို့ယွင်းချက် မဟုတ်၊ မိမိကသာ ချို့ယွင်းနေဒါ ဖြစ်တယ် ဆိုပီး စဉ်းစား လိုက်ပါ၊ အောက်မေ့လိုက်ပါ၊ “သန္ဒိဋ္ဌိကော” တဲ့၊ အဟုတ်အားထုတ်ရင် ကိုယ်တိုင် မြင်ရ သိရမယ်၊ “အကာလိကော”တဲ့၊ အချိန်ဆဲနေဒါ မဟုတ်ဘူး၊ အချိန်မရွေးဘူး၊ လုပ်သလောက် အကျိုးပေးမယ်တဲ့၊ အဲဒါ ဓမ္မာဓိပတိ ကွပ်ကဲဘို့နည်းဘဲ။

ဒီ, အဓိပတိ သုံးပါးထဲက တပါးပါး လက်ကိုင်ထားပီးအား ထုတ်ရင် ရနိုင်ပါတယ်၊ ဒီနည်းအတိုင်း ကြိုးစားကြ၊ကြိုးစားရင် နိဗ္ဗာန်ဟာ လက်တကမ်းမှာဘဲ ရှိတယ်လို့ ဘုရားက ဟောတော်မူတယ်: မင်းတို့ကြိုးစားရင် နိဗ္ဗာန်ဟာ ကိုယ့်အနီးအနား ခန္ဓာမှာဘဲ ရှိပါတယ်· ခန္ဓာရဲ့ ဖြစ်, ပျက် အဆုံးမှာ ရှိတယ်လို့ ဟောခဲ့တယ်။

တချို့တွေ့ လက်သုံးစကားရှိသေးတယ်၊ ပင်ကိုယ်ကမှဖျင်းရတဲ့အထဲမှာ ပျင်းဒါနဲ့ ရောပီး ပြောတတ်ကြတယ်၊ “ပါရမီက လိုသေးတယ်၊ ပါရမီရှိမှ ဖြစ်နိုင်တာ၊ ကျုပ်တို့က ပါရမီမရှိသေးလို့တဲ့” ဒကာတို့က် နဂိုကမှ ဖျင်းရ, ညံ့ရတဲ့ အထဲ ပျင်းတာကလေးက ဝင်စွက်လိုက်တော့ ခက်ကုန်တော့ဒါပေါ့။

"သာဝက ဥာဏ်အရာမှာ ပါရမီ မလိုဘူးဆိုတဲ့ အချက်ကို ရင်ဝမှာ သံမို့နှက်သလို မြဲမြဲစွဲစွဲကြီး မှတ်ထားကြ" နောက်ကို ပါရမီစကား မပြောကြနဲ့၊ မလိုဘူးဆိုဒါ တထစ်ကျ မှတ်လိုက်ကြ။

တချို့က ပြောကြသေးတယ်၊ "ကျုပ်တို့တော့ဗျာ ပါရမီကို အရင်ဖြည့်အုံးမှ ပါရမီမှ မရှိသေးရင် တရား အားထုတ်ပေမဲ့ အလကား နေမှာဘဲ၊ ပါရမီ ဆိုဒါလဲ လွယ်တဲ့ဟာမဟုတ်ဘူး" ဘာ,ညာနဲ့ ရမယ်ရှာတတ်ကြတယ်။

ဒို့ဒကာတွေ ဒီလိုပြောတတ်တဲ့ သူများစကား နားယောင်မိရင် လဲကြလိမ့်မယ်၊ သူများစကား နားမယောင်ကြနဲ့၊ သူများပါးစပ်မှာ လမ်းမဆုံးကြစေနဲ့၊ သူများပါးစပ်ဖျားလမ်းဆုံးနေကြရင် တသံသရာလုံး မှောက်တော့မယ်ဆိုဒါ သေသေချာချာ မှတ်ကြတော့။

သာမည ဗဟုသုတလေးနဲ့ အပေါ်ယံရှုပ်ပြီး သာမညပြောတတ်တဲ့ ဆရာမျိုးတွေရဲ့ စကားကို ယုံမိရင် မှားကြ လိမ့်မယ်၊ ဘယ်ဆရာက ဘာဘဲပြောပြော ပညာဆိုတဲ့ချိန်ခွင်နဲ့ စက်ကြည့်ကြဘို့ လေးလေးနက်နက်ကြီးသတိပေးလိုက်ပါတယ်၊ဒီလိုထပ်ခါတလဲလဲ သတိပေးနေဒါ ဘသူ့အတွက်လဲ?၊ စဉ်းစား၊ မှားခြင်းမှားရင် ကိုယ်သာ အနစ်နာခံရမှာ ဘယ်နတ် ဗြဟ္မာ ဘယ်ဆရာကမှ ကယ်မ,နိုင်မှာ မဟုတ်ဘူး သဘောပါကြရဲ့လား?။

သတိပေးလိုက်ပါတယ်၊ ပါရမီကို မတွေးပါနဲ့လို့ သစ္စာကို မြင်အောင် ဟောပြနိုင်တဲ့ ဆရာ၊ ဟောပြ တတ်တဲ့ ဆရာကို

ရလို့ သစ္စာကို ထောင်နိုင်တဲ့နား ထောင်တတ်တဲ့ နားပါကြရင် အခု မျက်မှောက် ဘဝမှာတင်ဘဲ မင်္ဂုလ်ကို ရကြမယ်၊ မုချ ရ, ရမယ်လို့ ပြောလိုက်ပါတယ်။

ကြီးစားလိုက်နာကြ၊ ကျင့်ကြံအားထုတ်ကြ၊ သစ္စာတရားကို မမြင်ရဘဲ နှင့် သေသွားရင် လှလှကြီး ဒုက္ခ တွေ့တော့မယ်၊ လောကီစီးပွါးဆိုဒါ ခိုင်ဒါမြဲဒါ မဟုတ်ဘူး၊ မခိုင်မြဲလို့ ဖရိုဖရဲနဲ့ ပြိုကွဲပျက်စီးနေဒါမျက်မြင်ဘဲမဟုတ်ပါလား?၊ ငြင်းစရာမျှားလို့သေးသလား။

လောကုတ္တရာ စီးပွါးကမှ မြဲဒါ၊ အမြဲရှိ အစဉ် ရှိနေဒါဟာ လောကုတ္တရာစီးပွါး၊လောကီဆိုဒါ ဘဝ,ဘဝက သူငွေးကြီးတွေ့ သူကြွယ်ကြီးတွေ့ ဟော....အခု ကုန်းကောက်စရာ မရအောင်ကို မဲ့ပြောကျနေတယ် သံသရာမှာ အမဲ့ဘဝတွေကသာ များတယ်၊ ဒီတော့ ဒီဘဝ ဒီအတိုင်းနေပီး ဒီအတိုင်း သေကြရင် အမဲ့နေ, နေပီး အမဲ့သေ သေရမှာဘဲ၊ ဒီလိုနဲ့ အမဲ့နေနဲ့ အမဲ့သေတွေ့သာ ထပ်ခါတလဲလဲ ဖြစ်နေရမှာဘဲ။

စဉ်းစားကြည့်ပါ၊ ဒကာတို့ မွေးလာတော့ ဘာမျှားပါခဲ့ကြသေးသလဲ?၊ မွေးလာတုံးက ဘာမှမပါ ဘလာတုံးလုံးကလေးဘဲ မဟုတ်လား၊ သေသွားတော့ကော ဘာတွေ့မျှားပါအုံးမယ်ထင်ဘုံး?၊ သေသွားလဲ ဘာမှမပါဘူး၊ ပါတာတောင် ချွတ်ယူလိုက်ကြသေးတယ် မဟုတ်လား?၊ အိမ်မှာ ဘာမှသုံးမရတဲ့အဟောင်းအနွမ်းအစုတ် အပြတ် ကလေးတောင်မှ ထဲ့ရကောင်းမလား?၊ မထဲ့ရကောင်းမလား?၊ စဉ်းစားနေသေးတယ်။

ဒါလောက်ဆို အနဲဆုံး လက်နှိုးတော့ ရသေးတယ်၊ နှမြော စရာကြီးဘဲ၊ အို....ဒါပေမဲ့ လူမြင်မတော်ပါဘူးလေ၊ ဒါလောက် ကလေးတော့ ထဲ့အုံးမှ တော်မှာဆိုပြီး မလဲ့သာ လဲ့သာမို့သာ ထဲ့လိုက်ရဒါ၊ ရှင်းကြပလား?။

ဒီလိုနဲ့ဘဲ ထပ်တလဲလဲ အမဲ့နေ, အမဲ့သေ ကြုံကြရဒါ ဘာလို့ လဲ?၊ သိကြပလား?၊ ခိုင်ဒါမြဲဒါကို မရှာမိလို့၊ခိုင်ဒါမြဲဒါမတွေ့ ရတော့ အမဲ့လက်စဘဲ မတုံးနိုင်ကြတော့ဘူး၊ ဒါကြောင့်သိတတ် တဲ့ဘဝမှာ ခိုင်ဒါမြဲဒါရှာကြရမယ်၊ ရှာဘို့မသင့်သေးဘူးလား?။

ခိုင်ဒါ,မြဲဒါဟာ နိဗ္ဗာန်တရားဘဲ၊ ရတနာတကာတို့ရဲ့အထွတ် အထိပ်လဲဖြစ်တယ်၊ ချမ်းသာ တကာတို့မှာ လဲ နိဗ္ဗာန်ဟာအမြတ် ဆုံးဖြစ်တယ်၊ ရှိသမျှ ရတနာဘို့၏ - ထွတ်ချာ၊ ချမ်းသာတကာ တို့ရဲ့ အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို " ကေန်ရမှ အေးမှာဘဲ " လို့ ဆိုးဖြတ်ချက် ချကြ၊ ဒါကြောင့်လဲ " နိဗ္ဗာနံ ပရမံ သုခ " လို့ ဟောတော်မူဒါပါ။

ဒီလို နိဗ္ဗာန်ရမှ အေးမှာဆိုတော့ မေးစရာရှိတယ်၊ နိဗ္ဗာန်ဟာ ရောက်ကောင်းတဲ့ ဘုံဌာနလိုဟာလား?လို့ ရကောင်းတဲ့ဝတ္ထု ပစ္စည်းလို တရားမျိုးလား?လို့ မေးစရာရှိတယ်၊ ဒီတော့ ဒီနေရာ မှာ မိလိန္ဒမင်းကြီးကမေးလို့ အရှင်နာဂသိန် ရဟန္တာမထေရ်က ဖြေကြားပုံကို ပြောပြရမယ်။

မိလိန္ဒမင်းကြီးက။ ။အရှင်ဘုရား .... နိဗ္ဗာန်ဟာ အထည်ခြဖ် သဏ္ဌာန်နဲ့ ထင်ရှား ရှိပါသလား?၊ ထင်ရှား မရှိ ဘူးလား? လို့ မေးလျှောက်တော့...,

ရှင်နာဂသိန်မထေရ်က။ ။“ ဒကာတော်မင်းကြီး နိဗ္ဗာန်ဟာ ဒြဗ်သက္ကာန်နဲ့တော့ ထင်ရှားမရှိဘူး ”လို့ ဖြေတော်မူလိုက်တယ်၊ ဒီတော့....

မင်းကြီးက။ ။“ ဒါဖြင့်ဘုရား....နိဗ္ဗာန်ဟာ ထင်ရှား မရှိဘူး ဆိုရင် နိဗ္ဗာန်ကို အာရုံပြုတယ်ဆိုတဲ့ စကားဟာ အလကားစကား မဖြစ်ပေဘူးလား ” လို့ မေးပြန်တယ်၊ ဒီတော့....

ရှင်နာဂသိန်က။ ။မင်းကြီးပညာရှိမျှားဟာဥပမာနဲ့ပြောရင် အစိပ်ပါယ်ကို နားလည်ရမယ်၊ ဒါ့ကြောင့် ဥပမာနဲ့ ပြောမယ်၊ “မင်းကြီး ဝါးလုံးထဲမှာ အရင်က မီးပါသလား?”။

မင်းကြီး။ ။မပါခဲ့ပါဘုရား။

အရှင်နာဂသိန်။ ။ဒါဖြင့် ဒီဝါးနှစ်လုံးကို အားထုတ်ပါးထုတ် အချင်းချင်း ပွတ်တိုက်ပါမျှားရင် မီးမထွက်လာပေဘူးလား?။

မင်းကြီး။ ။မီးထွက်ပေါ်လာပါတယ်ဘုရား။

အရှင်နာဂသိန်။ ။ဒီတော့, ဒီ- ဝါးလုံးထဲမှာ နဂိုက မီးမပါပေမဲ့ ပွတ်တော့မီးထွက်လာရတယ်မင်းကြီး၊ဒီဥပမာအတိုင်းပါဘဲ၊မပွတ်ရင် မီးမထွက်သလို နိဗ္ဗာန်ဟာလဲ အားထုတ်မှ ပေါ်လာတယ်၊ အားထုတ်တဲ့ ပုဂ္ဂိုလ်မှသာ မြင်နိုင်တယ်၊ တွေ့နိုင်တယ်၊ အားမထုတ်ရင် မမြင်နိုင်ပေဘူး။

"အားမထုတ်တဲ့သူအတွက် မတွေ့ရပေမဲ့ အားထုတ်တဲ့သူ အဘိုရာတော့ နိဗ္ဗာန်ဟာ ကိုယ် အနားမှာဘဲ ရှိနေတယ်၊ ဒါကြောင့်- နိဗ္ဗာန်ရချင်လို့ အားထုတ်တဲ့သူများဟာ "မနေမနားမိုးပုတ်သောယောကျ်ား ကဲ့သို့ အားထုတ်ရမယ်"လို့ ဆိုခဲ့တာဘဲလို့ မိန့်ကြားဖြဆိုတော်မူတယ်။

နိဗ္ဗာန်ဆိုတာ မင်္ဂလာဦးဟူသော "ဘာဝေတဗ္ဗကိစ္စ ပွါးများခြင်းကိစ္စနဲ့ အားထုတ်ယူမှ ရနိုင်မယ်ဆိုတာ သန္နိဋ္ဌာန်ကျမှဘဲထားကြ၊ ကိုယ် အနားမှာ ရှိတယ်ဆိုတော့ ဘယ်အနားမှာရှိပါလိမ့်မလဲ?လို့ တွေးမနေနဲ့၊ မိမိခန္ဓာ အဆုံးမှာဘဲရှိနေဒါကိုယ် ခန္ဓာက ဘယ်မှ ခွါမသွားဘူး၊ အဲဒါ မြင်အောင် ကြည့်ဘို့က ကိုယ် တာဝန်ဘဲလို့ ဆုံးဖြတ်ချက်ချ။

နိဗ္ဗာန်ဟာ ခန္ဓာအဆုံးမှာ (ဝါ) ခန္ဓာမှာဘဲ တည်ရှိနေတယ် ဆိုတဲ့အချက်ကို "သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဒေဝပုတ္တသံယုတ်နဲ့ စတုကဂ်တ္တရပါဠိတော်"များမှာတွေ့မြင်နိုင်ပါတယ် ရောဟိတနတ်သားကိုဟောတဲ့ စကားအချက်ဘဲ။

"အပိစာဟံ အာဝုသော ဣမသ္မိံ ယေဝ ဗျာမမတ္တေ
ကဠေဝရေ သသညိမ္ဠိ သမနကေ လောကဉ္စ ပညပေမိ၊
လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓ-
ဂါမိနဉ္စ ပဋိပဒန္တိ"။

ဒီစကားတော်ကို လေးလေးနက်နက် မှတ်သားပီး ကိုယ်တွေ့သိရအောင် အခုချက်ချင်းထ အားထုတ်ရင် မကောင်းပါလား?။

မိမိခန္ဓာမှာ သေသေချာချာဉာဏ်နဲ့ လိုက်ရှာရင် ရုပ်အစုရယ် နာမ်အစုရယ် ဒါဘဲရှိတယ်၊ ဒီပြင် ဘာမှမရှိဘူး၊ ဒီရုပ်အစု နာမ်အစုတွေကလဲ အမြဲတည်ဘံ့ပီး ခိုင်မာပီးနေကြတာမဟုတ်ပါဘူး ဖြစ်ပေါ်လာလိုက်-ပျက်သွားလိုက်၊ ဖြစ်ပေါ်လာလိုက်-ပျက်သွားလိုက်နဲ့ ဖြစ်ပီးရင်း - ပျက်သွားရင်း တဖြစ်ထဲ ဖြစ်ပီး တပျက်ထဲ ပျက်နေကြဒါပါ၊ အဲ.... အသစ်, အသစ် ရုပ်နာမ်တွေ ဖြစ်ပေါ် လိုက်-ပျက်စီးသွားလိုက်၊ ဒီလို အဆက်မပြတ် လှည့်ပတ် ဖြစ်ပျက်နေဒါဘဲ ရှိဒါပါ။

ဒီလို ရုပ်အစု နာမ်အစုတွေ ဖြစ်ပျက်-ဖြစ်ပျက်နဲ့ ဖြစ်ပျက်စက်ကြီးဟာ ဒလစပ် မရပ်မနား လည်နေဒါကလဲရင် ဘာမှမရှိဘူး။

ဒီတော့ မိမိခန္ဓာမှာ ရုပ်ဖြစ်ပျက် နာမ်ဖြစ်ပျက်ဆိုတဲ့ တခုခုထဲက တခုခုကို စူးစိုက်ပီး ရှုမှတ်ရမယ်၊အားထုတ်ပွားများရမယ်၊ ရှုတဲ့အခါ ရုပ်ကြိုက်ရင် ရုပ်ရှု၊ နာမ်ကြိုက်ရင် နာမ်ရှုကြ၊ "ကောဓမ္မော"ဆိုတဲ့အတိုင်း တပါးပါးမှာ ဉာဏ်သက်ရာ ထင်ပေါ်ရာကို စူးစိုက်ပီး "ဖြစ်ပျက်-ဖြစ်ပျက်"လို့ ရှုပွား အားထုတ်ရမယ်၊ ရှင်းပလား?။

ဒီဒကာတွေ့ ပါရမီစကားနဲ့ ရိုးမယ်များး ဖွဲ့ကြအုံးမလား?၊ မဖွဲ့ကြနဲ့တော့၊ ပါရမီမဟုတ်ဘူး၊ဝါးပွတ်တာကိုကြည့်၊ဝါးပွတ်တဲ့ဥပမာကို အမြဲကိုင်ထားကြ၊ သဘောပါကြပလား?။

နောက်ပီး နိဗ္ဗာန်ဟာ ထင်ရှားမရှိဆိုပေမဲ့ အားထုတ်တဲ့သူအတွက် မုချရှိတယ် ဆိုတဲ့ အကြောင်း အရှင် နာဂသိန်က စကြဝတေးမင်းကြီး ဥပမာနဲ့ ဟောပြပါသေးတယ်။

စကြဝတေး မင်းကြီးဟာ ဖါသာလဝါ ပေါ့ပေါ့ တန်တန် နေခဲ့လို့ ရှိရင် စကြာ ရတနာဟာ ဆိုက်ရောက် မလာနိုင်ဘူး၊ ပုံတောင်းစကြာနဲ့ ရတနာခုနှစ်ပါးတို့ဟာ နဂိုကနေရာတခုခုမှာ သူ့အလိုလို ရှိနေနှင့်ဒါမျိုးလဲမဟုတ်ပေဘူး၊ စကြဝတေးမင်းကြီးက နဝဂ်သီလမျှားကိုစင်စင်ကြယ်ကြယ်ဆောက်တည်ပြီး သင်္ဘာလေးပါးစတဲ့ မင်းကျင့်ဝတ်မျှားနဲ့ အညီ ကျင့်သုံးတော့မှ သူ့ကျင့်ဝတ် သူ့အကျင့်တရား အားလျော်စွာ ရတနာ ခုနှစ်ပါး အလိုလို ဖြစ်ပေါ် ဆိုက်ရောက်လာရတယ်။

ဒီ ဥပမာလို နိဗ္ဗာန်တရားဟာလဲ အားထုတ်သူ ကျင့်ကြံသူရဲ့ အကျင့်အားလျော်စွာ ဆိုက်ရောက်လာရတယ်လို့ မှတ်ကြ။

နိဗ္ဗာန်ရဘို့အလုပ်ဟာအားမထုတ်ရင်မရဘူး၊ အားထုတ်သူမှ ရမှာ၊ အားထုတ်ရမှာဖြစ်လို့ "သမ္မပ္ပဓာန်တရားလေးပါး" ကို ဟောတော် မူဒါဘဲ၊ သမ္မပ္ပဓာန်ဆိုတာ "လုံ့လဝီရိယ" နဲ့ အားထုတ်ရမယ်လို့ ဆိုဒါဘဲလို့မှတ်ကြ။

ကိုင်း....ဒီနေ့ ဒီတွင်ဘဲ - တော်ကြဦးစို့။

မမ္မရတနာမာတိကာ

"ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တရားတော်"

သစ္စာနှစ်ပါး

ဒုက္ခသစ္စာ။ ။ဆင်းရဲ အမှန် သဘော၊ အကျိုးတရား၊ ဥပါဒါန်၏ အာရုံတရားစု။

သမုဒယသစ္စာ။ ။ဆင်းရဲကြောင်းတရား၊ အကြောင်းတရား တက္ကာသုံးပါး။

ဆောင်ပုဒ်-

ပဋိစ္စသမုပ္ပါဒ်၊ စက်ရဟတ်၊ မပြတ်လှည့်လည်ဟန်။
ကြောင်းကျိုးဆက်ဆက်၊ဖြစ်ကာပျက်၊ ဥာဏ်သက်ရှုမြင်ရန်။
ဖြစ်ပျက်သိက၊ နောက်မဂ္ဂ၊ စင်ထကိလေသံ။
ကိလေကင်းစင်၊ မကြာလျှင်၊ မြတ်ယာဉ်မဂ္ဂဥာဏ်။

သတိချပ်-

ဒွိဟိတ်လေလော၊ တိဟိတ်လော၊ စောကြောကျိုးမရှိ။
ကျင့်ထုတ်ဘို့ရန်၊ ကိုယ့်တာဝန်၊ ကောန်စဲသတိ။
ဓမ္မောဟဝေ၊ ကျင့်သူတွေ့၊ ပြန်လေကျင့်ကျိုးရှိ။
ကိုယ်လုပ်သလောက်၊ အကျိုးရောက်၊ ယှင်းဖေါက်ဘိတ်မရှိ။

တရားသား။ ဒီကနေ့ ကိုယ့်ခန္ဓာမှာ "ပဋိစ္စသမုပ္ပါဒ်" စက်ရဟတ်ကြီး အစဉ် မပြတ် လယ်နေဒါကို သိကြရမယ်၊ ပဋိစ္စဆိုဒါ အစဲပြုပြီး အကြောင်းပြုပီးလို့ ဆိုလိုတယ်၊ သမုပ္ပါဒ်ဆိုဒါ အဖန်ဖန် အထပ်ထပ် ဖြစ်နေဒါလို့ ဆိုလိုဘယ်။

ဒီတော့ ပဋိစ္စသမုပ္ပါဒ်ဆိုဒါ "အကြောင်းတရားကို အစဲ့ပြုပီး အကျိုးတရား ဖြစ်ပေါ်တာကို" ခေါ်တာ၊ အကြောင်း,ကြောင့် အကျိုးဖြစ်တယ်လို့ လွယ်လွယ်မှတ်ပေါ့၊ အဲဒီလိုနဲ့ အကြောင်းနဲ့အကျိုး အမျိုးမျိုး အထွေထွေ အစဉ်မပြတ် ဖြစ်ပေါ်ပီးနေဒါကို ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ထားကြ။

အချုပ်မှာတော့.... အကြောင်းနဲ့ အကျိုး တမျိုးပီး တမျိုး အစဉ်မပြတ် ဖြစ်ပေါ်နေဒါဟာ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် သံသရာ ခေါ်ရဒါပါဘဲ၊ ဒီ သံသရာစက် လည်နေပုံ ပဋ္ဌမပြောရမယ်၊ နောက်, ဖြတ်ပုံ ဖြတ်တဲ့နည်းကို ပြောရမယ်။

အလွယ်တကူ ပဋ္ဌမ သိဘို့က ပါဠိလို "အဝိဇ္ဇာ" တဲ့၊ အဲဒါ မြဲမြဲမှတ်၊ မြန်မာလိုတော့ အဝိဇ္ဇာဆိုတာ သိရမှာကို-မသိ၊ မသိရမှာကို - သိတတ်တယ်၊ စင်စစ်တော့ အမှန် အတိုင်း မသိဒါ, ဟုတ်တိုင်းမှန်စွာ မသိဒါ "အဝိဇ္ဇာ" လို့ မှတ်သားကြဒါ။

"သိရမှာကို မသိဘူး" ဆိုတဲ့ နေရာမှာ သိသင့်, သိအပ်တဲ့ သိရမဲ့ အစစ်အမှန်ရှိနေတဲ့ ပရမတ္ထ ရုပ်တရား နာမ်တရား ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်တရား၊ သဒ်ါရ ရုပ်,နာမ်တို့ရဲ့ ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ အလိုမပါခြင်း၊ အနှစ် ကင်းမဲ့ခြင်း ဆိုတဲ့ လက္ခဏာတရားရယ်၊ သစ္စာ ဆိုတဲ့ အမှန်တရားရယ်၊ အဲဒီ တရားတွေကို မသိဘူး၊ မမြင်ဘူး။

"မသိရမှာကို သိတယ်" ဆိုဒါက ပရမတ္ထနယ်မှာ အမှန်တကယ်မရှိတဲ့ သူဘဲ, ငါဘဲ၊ ယောကျ်ား မိန်းမ လူနတ် ဗြဟ္မာ သတ္တဝါဘဲလို့ သိနေဒါ ထင်မှတ်နေဒါကို ဆိုလိုတယ်၊ ဒီအဝိဇ္ဇာက ငါးမျိုးရှိတယ်လို့ မှတ်၊ နောက်တော့ ပြောပြမယ်။

"သန်ါရ"ဆိုဒါ ပြုပြင်မှု အားထုတ်မှု၊ စေ့ဆော်မှုဘဲ၊ဘဝ အဆက်ဆက်က ပါလာတဲ့ မသိမှုအဝိဇ္ဇာ၊ ယခုဘဝမှာ မသိမှု အဝိဇ္ဇာ၊ ဒီလိုမသိမှုကြောင့် ပြုမိ ပြုရာ ပြုလုပ်ကြတယ်၊ အဲဒီပြုမှုဟာ သန်ါရဘဲ၊ မသွမှုကြောင့် ကောင်းကောင်း-ဆိုးဆိုး အမျိုးမျိုး ပြုမိ ပြုရာ ပြုတော့ ဘာဖြစ်လာသလဲ?။

အသိစိတ်ဆိုတဲ့ "ဝိညာဏ်" ဒ-မျိုး တမျိုးမျိုး ဖြစ်ပေါ်လာတယ်၊ အဲဒါ သန်ါရကြောင့် ဝိညာဏ်ဖြစ်တာဘဲ။

ဝိညာဏ်ဖြစ်တာနဲ့ တပြိုင်နက် နာမ်တရား, ရုပ်တရားတွေ ပါလာတယ်၊ ဝိညာဏ်ဖြစ်လို့ "နာမ်-ရုပ်" ဖြစ်တာ၊ ဒါကြောင့် ဝိညာဏ်ကြောင့် နာမ် ရုပ် ဖြစ်ဘယ်လို့ ဆိုလိုတယ်။

နာမ်-ရုပ်ဖြစ်တော့ သံသရာခဲ့ဖူးတတ်တဲ့ "အာယတန" ဒ-ပါး သင့်သလို ဖြစ်ပေါ်လာရတယ်၊ အာယတနဖြစ်တော့ အာယတနကြောင် အာရုံ အာရမ္မဏိက တိုက်ခိုက်မှု တွေ့ထိမှုဆိုတဲ့ "ဖဿ" ဒ-မျိုး ထိုက်သလို ဖြစ်ပေါ်လာတယ်။

အဲဒီ တွေ့မှုဖဿကြောင့်ခံစားမှုသဘော "ဝေဒနာ" များဟာ ထိုက်သလို ဖြစ်လာရပြန်တယ်၊ ဝေဒနာကလဲသုံးမျိုး ကောင်းဒါနဲ့ တွေ့တော့သုခဝေဒနာ၊မကောင်းဒါနဲ့ တွေ့တော့ဒုက္ခဝေဒနာ အသင့်အတင့်နဲ့ တွေ့ပြန်တော့ ဥပေက္ခာဝေဒနာ၊အဲဒီသုံးပါးဘဲ။

ဒီဝေဒနာကြောင့် "တဏှာ" ဆိုတဲ့ တပ်ခြင်း၊ နှစ်သက်ခြင်း ဖြစ်ရတယ်၊ ကောင်းတဲ့ အာရုံကျတော့ သုခ ဝေဒနာကြောင့် တဏှာ ဖြစ်တယ်၊ မကောင်းပြန်တော့ ဒုက္ခ ဝေဒနာကြောင့် ဒေါမနဿ၊ နောက်ပီးကောင်းဒါတောင့်တတဲ့ တဏှာဖြစ်တာဘဲ

ဥပေက္ခာဝေဒနာကြောင့်လဲ တဏှာဖြစ်တာဘဲ၊ အဲဒီလိုဝေဒနာ ကြောင့် တဏှာဟာ ဖြစ်လာရတယ်။

တပ်မက်မှု တဏှာကြောင့် "ဥပါဒါန်" ၄-ပါး ထိုက်သလို ဖြစ်တယ်၊ ဥပါဒါန်ဆိုဒါ လွန်လွန်မင်းမင်း စဲလမ်းမှကို ဆိုဒါ၊ တဏှာအကြီးစားပါဘဲ၊ ၄-ပါးက ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်။

ဥပါဒါန်ဖြစ်တာနဲ့ "ဘဝ" ဆိုတဲ့ကံဖြစ်တယ်၊ ကံဖြစ်ရင် ဇာတိရဘို့ သေချာပီ ဒီဘဝမှာပြုသမျှ ကောင်းမှု-မကောင်းမှု အမျိုးမျိုးတွေကို ဥပါဒါန်ဖြစ်လဲပီးရော နောင်အခါအကျိုးပေး ဘို့ရာ "ဘဝ" ကမ္မဘဝဆိုတဲ့ နာမယ်နဲ့ သိမ်းဆည်း, သိမ်းဆည်း ပီး ထားလိုက်တယ်။

ကမ္မဘဝကပေးလို့ ကမ္မဘဝကြောင့် "ဇာတိ" ဖြစ်တယ် ဇာတိ ဆိုတဲ့ ပဋိသန္ဓေမှရတော့ "ဇရာ" အို-ဒုက္ခ၊ "မရဏ" အသေ ဒုက္ခ "သောက" စိုးရိမ်ပူဆွေးရတဲ့ ဒုက္ခ၊ "ပရိဒေဝ" ငိုကြွေးမြည်တမ်း ရတဲ့ ဒုက္ခ၊ ကိုယ်ဆင်းရဲမှု "ဒုက္ခ"၊ စိတ်ဆင်းရဲမှု "ဒေါမနဿ" ရှိုက်ကြီးတငင် ပြင်းစွာ ပူလောင်ခြင်း "ဥပါယာသ" ဆိုတဲ့ ဒုက္ခ တုံး ဒုက္ခခဲ့ ဆင်းရဲအစုကြီး ဆက်တိုက် ဖြစ်ပေါ်လာတော့ဒါဘဲ။

ဘယ်ဘဝ ဖြစ်ရပါလို့၏၊ ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်သတ္တဝါ ဖြစ်ရပါလို့၏၊ ဒို့ဒကာတွေအဖြစ်ကိုချည့် တောင်းတနေကြတယ်၊ ဘာအဖြစ် ညာအဖြစ်ဆိုဒါ "ဇာတိ" ခေါ်ဒါ၊ အဖြစ်ဆိုတဲ့ဇာတိ လဲရရော၊ ဟော - ဇာတိ ရမှတော့ "ဇရာ" "မရဏ" စတဲ့ အို-နာ သေ ဒုက္ခတွေ့ ရဒါဘဲ၊ ဒို့ဒကာတွေ့ ယူချင်ဒါ တောင့်ဒါက

အကောင်းထင်လို့တောင်းဒါ။ ရမဲ့ ရတော့ အလောင်းချည့်ဘဲ အလောင်းဘဲ တောင်းယုံနေကြသလား?။

နတ်ဖြစ်တဲ့ အခါ နတ်အလောင်း၊ ငြဟ္မာ ဖြစ်တော့ ငြဟ္မာ အလောင်း၊ ငြဟ္မာ့အလောင်းက ပိုမီးတောင် လေးသေးတယ်၊ လူဖြစ်တော့ လူ့အလောင်း၊ အလောင်းထမ်းဘဝကို မလွှတ်နိုင်ကြသေးဘူး၊ ဒကာတို့ကလိုချင်ကြတာကိုး၊ လိုချင်လို့ရကြဒါပါ မလိုချင်ရင် မရပါဘူး။

ဒီတော့ အလောင်းထမ်းဘဝကလွှတ်အောင် ဘယ်လိုလုပ်ကြမလဲ၊ အဲ.... ဝေဒနာ ဖြစ်ပီး "တဏှာ" အလာ မခံနဲ့၊ တဏှာအဖြစ်မခံနဲ့၊ တဏှာဆိုဒါ လိုချင်ဒါ၊ လိုချင်ရင် ရနေကြအုံးမှာဘဲ၊ တကယ်လို့ တဏှာဖြစ်တော့လဲ....

"သရဂံ ဝါစိတ္တံ သရဂံ ဝါစိတ္တန္တိ ပဇာနာတိ"

ဆိုတဲ့အတိုင်း တဏှာဖြစ်ရင် တဏှာဖြစ်တယ်လို့ သိလိုက်ရမယ်၊ ဥာဏ်နဲ့ သိလိုက်၊ ဥာဏ်နဲ့ကြည့်လိုက်ကြ၊ ဥာဏ်နဲ့ကြည့်တော့ တဏှာဆိုတဲ့ ရာဂစိတ်ဟာ "ဥဒယဝယ" အချက် ဖြစ်ပီး ပျက်တာဘဲရှိတယ်၊ ဖြစ်ပီးတာနဲ့ တပ်ပိုင်နက် ပျက်သွားတာကို တွေ့ရမယ်။

ဥာဏ်နဲ့ ကပ်ကပ် ကည့်လေ "ဥပ္ပါဒ" နဲ့ "ဝယ" ဆိုတဲ့ ဖြစ်ပျက်ကိုသာ တွေ့ရလေဘဲ၊ ဓါတ်ရှင်ကြည့်တဲ့အခါဖလင်ကော် ပြားအသေတွေကိုသာ တွေ့ရသလို ရုပ်အသေတွေ နာမ်အသေတွေကိုသာ ဥာဏ်ထဲမှာ တွေ့ကြရမယ်။

အမှန်ရှိနေတဲ့ "ဝေဒနာ" ဖြစ်ပျက်၊ တဏှာဖြစ်ပျက် စတဲ့ ဥပ္ပါဒနဲ့-ဝယ၊ ဖြစ်ပီး ပျက်လိုက်၊ ဖြစ်ပီး ပျက်လိုက်နဲ့ ဖြစ်ပျက်စက်ကြီး လည်နေဒါကို တွေ့ကြရမယ်။

အခု ပစ္စုပ္ပန် မျက်မှောက် ဘဝမှာက "ဝိညာဏ်" အစ "ကံ" အဆုံးဖြစ်တဲ့ တရားရှစ်မျိုးဟာ အဆက်မပြတ်ဒလစပ်စက်ရဟတ် လယ်သလို အလှည့်တမ်း ဖြစ်ပီး ပျက်နေဒါဘဲ၊ ကိုယ် သန္တာန်မှာ ဒီတရားတွေ အမှန်ရှိနေဒါ။ တကယ်ရှိလို့ တကယ် သိရဒါက "သမ္မာဒိဋ္ဌိ" ဆိုတဲ့ အမြင်မှန် အသိမှန်ဘဲ။

အဲဒီ အမြင်မှန် အသိမှန် ထက်သန်လာတော့ အော်-ခန္ဓာမှာ ရုပ်ဆိုဒါလဲ ဖြစ်ပီးပျက်ထာဘဲ၊ နာမ်ဆိုဒါလဲ ဖြစ်ပီးပျက်တာဘဲ အော်- ခန္ဓာမှာ အမှန်ရှိနေဒါက ဖြစ်တာနဲ့ ပျက်ဘာဘဲရှိနေဒါ ဖြစ်ပီးရင်း-ပျက်ရင်း၊ ဖြစ်ပီးရင်း-ပျက်ရင်းနဲ့ ဖြစ်ပျက်က လဲလို့ ဘာမျှ မရှိပါကလား၊ အဖြစ်နဲ့ အပျက်သာ ရှိပါကလားလို့ ဉာဏ်ဝမှာ အမှန်ကို သိမြင်လာရတယ်။

အမှန်သိတဲ့အတွက် "သမ္မာဒိဋ္ဌိ" ဒီ- သမ္မာဒိဋ္ဌိ ဉာဏ်အမြင် ဖြစ်တဲ့ ဖြစ်ပျက်တွေစ ဖြစ်ပျက်မြင်စက စပီး အနုစား ဝိပဿနာ ခေါ်တယ်၊ ဖြစ်ပျက်ကို မှန်းလာရင် ငြိုးငဲ့လာရင် အရင့်စား ဝိပဿနာ၊ မှန်းပီးတဲ့နောက် ဖြစ်ပျက်ဓတ္တ ရှာမတွေ့တော့ဘဲ ဖြစ်ပျက်တွေဆုံးသွားရင် "မဂ်ဉာဏ်"ဘဲ၊ ဉာဏ်နဲ့ ဖြစ်ပျက်တွေ့မှ "တိရဏပရိညာ" တိရဏပရိညာဆိုဒါ ရုပ်နာမ်တို့ရဲ့ အနိစ္စအချက် ဖြစ်ပျက်အမှန်ကို ကေန်ပိုင်းခြားပီး သိဘဲ့ဉာဏ်ကိုခေါ်ဒါ။

မိမိခန္ဓာမှာ တကယ်ရှိနေဒါက ဖြစ်ပျက်ဘဲ၊ ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခ၊ ဒီဒုက္ခအစုကိုမြင်ဒါ။ အဲဒါမှ "ဒုက္ခသစ္စာ" တွေ့ဒါဘဲ၊ ဒုက္ခသစ္စာမှာ "ပရိညာကိစ္စ" ဒုက္ခသစ္စာကိုပိုင်းခြားပီးသိရမယ်ဆိုဒါ၊

ပါဠိနာမယ်တွေ့ တပ်ထာဟာ ဆိုင်းဘုတ်ဆွဲဒါပါ၊ဆိုင်းဘုတ်ဆွဲရင် ဉာဏ်တုံးသွားမယ်၊ ဉာဏ်တုံးရင် အောက်ဉာဏ် ပြန်

ရောက်သွားမယ်၊ ဒီတော့ အကျယ်မခွဲချင်နဲ့၊ ဥာဏ်မခွဲချင်နဲ့ ဖြစ်ပျက်ကိုသာရှုကြ၊ ကိုယ် ဥာဏ်ထဲမှာ ဖြစ်ပျက်ကိုသာ တွေ့ပေစေ ဒါမှ အတက်မြန်မယ်၊ ရှင်းကြပလား?။

အမှန်ကတော့ ဒုက္ခ အဆက်ဆက် လာနေဒါ၊ တဒုက္ခပီး တဒုက္ခ၊ ဝိညာဏ်ဒုက္ခပီး နာမ်ရုပ်ဒုက္ခ၊ နာမ်ရုပ်ဒုက္ခပီး အာယတန ဒုက္ခ၊ နောက်ပီး, ဖဿဒုက္ခ၊ ဝေဒနာဒုက္ခ၊ တဏှာ ဒုက္ခပီးတော့ ဥပါဒါန်ဒုက္ခ၊ ကံဒုက္ခ၊ အဲဒီ ကံဒုက္ခ ပီးတော့လဲ ဝိညာဏ်ဒုက္ခ ပြန်ပီးလည်အုံး၊ အဲဒီလိုဒုက္ခအစုကြီးလယ်နေဒါ၊ ဒီ-ဒုက္ခအစုကြီး လယ်နေဒါကို မသိကြဘူး၊ ဒုက္ခအစုကြီး ဆင်းရဲတုံးကြီး ဆင်းရဲခဲကြီးလို့ မသိကြ မထင်မြင်ကြဘူး၊ ဘုရားက ပဋိစ္စ သမုပ္ပါဒ် မသိလို့ လို့ မဟောဘူး။

မင်းတို့ သတ္တဝါတွေဟာ ဒုက္ခသစ္စာ မသိကြလို့ သံသရာရှေ့ရှောက်နေကြရဒါ၊ သံသရာ လယ်နေကြရဒါလို့ ဟောတယ်၊ ဒါပေမဲ့ အဓိပ္ပါယ်ကတော့ အတူတူပါဘဲ။

ဝိပဿနာ ယောဂီရဲ့ ဥာဏ်အမြင်မှာ "အော်....ဒုက္ခစက်ကြီး လယ်နေတာပါလား၊ ဒုက္ခစက်ကြီး လယ်နေတာကိုး" လို့ ထင်ရမြင်ရမယ်၊ အခု ပျက်သွားတာလဲ ဒုက္ခ၊ ပေါ်လာတဲ့ဟာလဲဒုက္ခ၊ နောက်ပေါ်လာမှာလဲဒုက္ခ၊ အဲဒီလို ဒုက္ခစက်ကြီး လယ်နေဒါလို့ မြင်ရမယ်။

ဥာဏ်ထဲမှာ ဝိညာဏ်ကို မတွေ့ရဘူး၊ နာမ်ရုပ်လဲမတွေ့ရဘူး၊ အာယတန ဖဿ ဝေဒနာ တဏှာ ဘာမှမတွေ့ရဘူး၊ တွေ့ရမှာက ဖြစ်ပျက်ဘဲ၊ ဖြစ်ပျက်ကိုသာ တွေ့နေရမယ်။

ဒီပြင် တခြားအာရုံတွေ နိမိတ်တွေမြင်လာရင် ထင်လာရင် အကုန် ပယ်ချပစ်၊ ဒါတွေဟာ "ကိလေသာ" တွေဘဲ၊ ဘုရားက "ဒုက္ခကွန္ဓာ" လို့ ဟောခဲ့တယ်၊ ဒုက္ခအစုတွေဘဲတဲ့၊ ဒီတော့ ဟောတဲ့အတိုင်း ရှုကြ၊ အမှန်ကို တွေ့မြင်ရမယ်။

"ပဋ္ဌပါဒါနက္ခန္ဓာပိဒုက္ခာ" တဲ့၊ ဖြစ်ပေါ်လာသမျှ ဒုက္ခချည်းဘဲတဲ့၊ တခြားပြင်ပ အာရုံဆိုရင် ဘာကိုမှ လက်သင့် မခံနဲ့၊ လက်သင့်ခံရင် ဥပါဒါန် အာရုံဖြစ်တဲ့ ဒုက္ခအစု ဆင်းရဲမှုတွေဟာ အမျှင်ပြတ်နိုင်ဘို့ ခဲယဉ်းတယ်။

ဒီ ဒုက္ခအစု ဆင်းရဲမှုတွေရဲ့ ချုပ်ရာ ဆုံးရာဟာ နိဗ္ဗာန်ဘဲ၊ ဒါကြောင့် သံယုတ်ပါဠိတော်မှာ "တေသံ ဝူပသမော သုခေါ" လို့ ဟောတော်မူခဲ့ဒါ ဘဲ၊ တေသံ၊ ထိုရုပ်နာမ် ဖြစ်ပျက်မှု ဒုက္ခအစုတို့၏ ဝူပသမော ချုပ်ဆုံး ငြိမ်းအေးရာ နိဗ္ဗာန် မြတ်သည်၊ သုခေါ၊ စင်စစ်ကေန် ပုထုဇဉ်တို့နှင့် မဆက်ဆံသော ချမ်းသာစစ်ကြီး မှန်လှပါ ပေ၏။

ဒို့ဒကာတွေ ဒီဒုက္ခ အစုထဲမှာ တဝဲလယ်လယ်နဲ့ အပါယ် သံသရာက လွတ်တယ်လို့ မရှိဘူး၊ သုဂတိဘုံဘဝဆိုဒါ ခဏတာ ကလေးဘဲ၊ ကောင်းကင် ပစ်မြောက်လိုက်တဲ့ "ခဲ" အရှိန် ရှိသလောက်ပါဘဲ၊ "ဒုက္ခချုပ်ရာ နိဗ္ဗာန်လို့ချင်ကြရင်" ကြိုးစားပီး ရှုကြရမယ်၊ ရှုမှတ်တတ်ကြပလား?။

တခါတခါမှာ ဝိညာဏ်ပြဋ္ဌာန်းပီး ဉာဏ်မှာပေါ်တယ်၊တခါတခါ နာမ်ရုပ် ပြဋ္ဌာန်းပီး ပေါ်တယ်၊ တခါတခါဖဿဝေဒနာ ပြဋ္ဌာန်းပီးပေါ်တယ်၊ ပြဋ္ဌာန်းပီးပေါ်တဲ့တရားတခုခုကို မိအောင် ရှု၊ ရှုဆိုလဲ ဖြစ်ပျက်ကိုသာ ရှုကြရမှာ။

ဖြစ်တာ ပျက်တာဟာ ဒုက္ခဘဲ၊ ဖြစ်ပျက် ဒုက္ခသာ ရှိနေဒါ၊ ဒုက္ခရှိလို့ ဒုက္ခသိတာဟာ အမှန် သိတာဘဲ၊ အမှန် သိလာရင် နိဗ္ဗာန်ရဘို့ နီးနေပီ၊ "ပဓာနိယင်္အင်္ဂါ" ငါးချက်နဲ့ ပြည့်စုံရင် ညက အားထုတ်၊ မနက် ရ,ရမယ်၊ မနက်ကအားထုတ်ရင်ညမှာ ကောန် ရ,ရမယ်၊ ယုံမှားသံသယ မရှိကြနဲ့၊ ဘုရားက ဒီအတိုင်း ဟောတယ်၊ ဘုန်းကြီးကလဲ ဒီအတိုင်း ဟောတယ်၊ အလုပ်လုပ်ကြည့်မှ ကိုယ်တိုင်သိရမယ်။

ကိုယ့်ကိုယ်ကိုလဲ အထင်မသေးကြနဲ့၊ အထင်သေးရင်လဲကြလိမ့်မယ်၊ တိတိတ်မှ ဟုတ်မှ ဟုတ်ပမလား?၊ ရနိုင်တဲ့ပါရမီမှ ရှိမှရှိပမလား ဒွိတိတ်မျှားဖြစ်နေမလား?ဘာလား?ညာလား?၊ တွေးတောမနေကြနဲ့၊ တရားတော်အတိုင်း ကျင့်ကြံ အားထုတ်ဘို့သာ ကိုယ့်တာဝန်၊ ဖြစ်ပျက်မြင်ရင် တိတိတ်ဘဲဆိုဒါဆုံးဖြတ်ချက်ချ။

ဖြစ်ပျက် မြင်ရင် အင်မတန့်လူလို့ အောက်မေ့၊ ဖြစ်ပျက်မြင်ရင် မဖြစ်မပျက်ရာ၊ ဝါ၊ ဖြစ်ပျက်မရှိရာနိဗ္ဗာန်ကို မကြာခင်မြင်ရတော့မယ်ဆိုဒါ စိတ်ချတော့၊ ဖြစ်ပျက်မြင်ပီးမှသာ နိဗ္ဗာန်မြင်မှာ၊ ဖြစ်ပျက်ကိုမှ မမြင်ရင်တော့ မဖြစ်ရာ မပျက်ရာ နိဗ္ဗာန်မြင်နိုင်ဘို့ ဝေးသေးတယ်ဆိုဒါမှတ်။

ဝိညာဏ်ဖြစ်ပျက်-ဝိညာဏ်သန္ဓါရ၊ နာမ်ရုပ်ဖြစ်ပျက်-နာမ်ရုပ်သန္ဓါရ၊ အဲဒီလို အာယတနသန္ဓါရ၊ဖဿသန္ဓါရ၊ဝေဒနာသန္ဓါရ၊ တဏှာသန္ဓါရ အစရှိတဲ့ ရုပ်ဖြစ်ပျက်၊ နာမ်ဖြစ်ပျက် တွေကို ငါကောင်ထင်နေဒါ၊ ဒီတရားတွေ ဖြစ်ပီး ပျက်နေတဲ့ ဖြစ်ပျက် ဒုက္ခသစ္စာတွေဘဲ၊ ဒီ ဒုက္ခ သစ္စာတွေကို ဒုက္ခသစ္စာမှန်း မသိ၊

မသိတော့ ငါလို့ ထင်မြင်နေ၊ ငါလို့ ထင်မြင်နေတော့ တဲ့ယ်တာန့်စ်သက်စုံမက်မှုတက္ခာ "သမုဒယသစ္စာ" ဖြစ်တာပေါ့။ ကောင်းပါအုံးမလား?။

ဒုက္ခသစ္စာပျောက်ရင် သမုဒယသစ္စာ ရောကတာနဲ့ တချက်ထဲဘဲ၊ ဒုက္ခသစ္စာ ပျောက်မသွားစေနဲ့၊ ပျောက်ရင် သမုဒယ ရောက်တယ်ဆိုဒါ သတိကြပ်ကြပ်ပြုကြ၊ အမှတ်မဲ့နေရင် နိဗ္ဗာန်မြင်ဘို့နဲ့ ဝေးလိမ့်မယ်၊ ရှင်းကြပလား?။

ဒီနေရာမှာ နိဗ္ဗာန်အကြောင်း နဲနဲပြောရအုံးမယ်၊ မိလိန္ဒမင်းက ရှင်နာဂသိန်ကိုမေးတယ်၊ နိဗ္ဗာန်ဟာ တည်ရာ ရှိပါသလား၊ နိဗ္ဗာန်ဟာ ဘယ်နေရာမှာ တည်နေပါသလဲတဲ့။

ဒီတော့....ရှင်နာဂသိန်က "ဒကာတော်မင်းကြီး နိဗ္ဗာန်ဟာ တည်ရာမရှိဘူး၊ ဘယ်နေရာမှာ တည်တယ်လို့ မဆိုနိုင်ဘူး" လို့ ဖြေလိုက်တော့ မိလိန္ဒက "အရှင်ဘုရား၊ ဒါဖြင့် နိဗ္ဗာန်ဟာမရှိတော့ဘူးလား?၊ နိဗ္ဗာန်ရတယ်ဆိုတာ ဘယ်လိုနည်းနဲ့ ရနိုင်ပါသလဲ ရနိုင်တဲ့နည်းလမ်းကို ညွှန်ပြတော် မူပါဘုရားလို့ လျှောက်တဲ့အခါ ရှင်နာဂသိန်မထေရ်က....

မင်းကြီး နိဗ္ဗာန်ရှိတာမှန်တယ်၊ဒါပေမဲ့ နိဗ္ဗာန်ကိုကံထိုက်လို့ဖြင့် ဘယ်နည်းနဲ့မှ မရနိုင်ဘူး၊ ဥာဏ်ထိုက်မှသာ ရနိုင်တယ်၊ ဒါန, သီလ, သမထမှုနဲ့ဖြင့် ရနိုင် ရောက်နိုင်ဘို့အခွင့်မရှိဘူး၊ ဝိပဿနာ ဘာဝနာကို အခါခါပွားယှုမှ ရနိုင် ရောက်နိုင်တယ်၊ ဝိပဿနာဥာဏ် ထက်သန်လို့ တဆင့်တက်ပီး မဂ်ဥာဏ်ကျမှ နိဗ္ဗာန်ကို ရနိုင်ဒါဖြစ်တယ်။

ဥပမာဆိုရင်.... ရွာစု နာမ်စု တခုခုမှာ စူးစိုက်ပီး ဝိပရိဏာမအချက် ဖြစ်ပျက် ဒုက္ခသစ္စာကို ရှုမှတ်ပွားများရမယ်၊ ပွားများမှု

ကြာတော့ ဒုက္ခစက်ကြီးလယ်နေဒါကို ဥာဏ်နဲ့မြင်ရမယ် အဲဒီလို ဒုက္ခစက်ကြီး အဆက်မပြတ် လယ်နေဒါကို မြင်ပါမျှားလာတော့ ရှဉာဏ်ဟာ တခြားကို ထွက်မသွားတော့ဘူး၊ တခြား အာရုံဆီ မရောက်တော့ဘူး၊ ဝိပဿနာ ရှဉာဏ်ဟာ ဒုက္ခစက် မှာသာ တည်တံ့နေမယ် ဖြစ်ပျက်မှာ ကေဂွတာကျနေမယ်။

ဒီနောက် မကြာခင်ဘဲ အဲဒီဖြစ်ပျက်ဒုက္ခစက်ကိုလွန်မြောက်သွားတယ်၊ အဲဒါ နိဗ္ဗာန်မျက်မှောက်ပြုတာဘဲလို့ ဖြကြားတော်မူတယ်၊ ဒါက ဓလိန္ဒပဥ္ဉာမှာလာတဲ့ အဓိပ္ပါယ်ပါဘဲ။

ဒီတော့ နိဗ္ဗာန်ဟာ ဥာဏ်လမ်းဘဲ၊ ကံလမ်းမဟုတ်ဘူး၊ ကံထိုက်လို့ မရနိုင်ဘူး၊ ဥာဏ်ထိုက်မှ ရကြမယ်ဆိုဒါသေချာပလား ကံလမ်းကသွားလို့ နိဗ္ဗာန်ကိုမရောက်နိုင်ဘူး၊ကံလမ်းကလူ့ပြည် နတ်ပြည် ဗြဟ္မာပြည်ကိုသာရမယ်၊နိဗ္ဗာန်ကိုဥာဏ်လမ်းကသွားပီး ဥာဏ်နဲ့သာ နိဗ္ဗာန်တွေ့နိုင်တယ်လို့မှတ်ကြ။

ဒါဖြင့် ကံကို မလုပ်ရတော့ဘူးလား?၊ ကံထိုက်လို့ မရဘူးဆိုလို့ကံကိုတော့မပယ်လိုက်နဲ့အုံး၊ဒါန,သီလ,သမထတွေ့မလုပ်ရတော့ဘူးလား? ပယ်ရမှာလား? ဆိုတော့မပယ်လိုက်နဲ့အုံး၊ ဒါန, သီလ, ဘာဝနာကံတွေ့ မလုပ်မိရင် အပါယ်မှာ မြုပ်ရလိမ့်မယ်။

ဒီကံတွေ့ကြောင့် ဥာဏ်ရဘို့ ဒီလူ့ဘဝကို ရလာကြဒါ၊ ကံလမ်းကနေပီး ဥာဏ်လမ်း ပို့ပေးနေဒါရှင်းကြပလား?။

ကိုင်း....ဒီနေ့ ဒီတွင်ဘဲ - တော်ကြဦးစို့။

ဓမ္မရတနာမာတိကာ

“ မိမိခန္ဓာ တရားရှာ တရားတော် ”

ခန္ဓာငါးပါး

၁။ ရူပက္ခန္ဓာ၊ ရုပ်အစု ဖေါက်ပြန်မှု သဘောတရား။
၂။ ဝေဒနာက္ခန္ဓာ၊ ဝေဒနာအစု ခံစားမှု သဘောတရား။
၃။ သညာက္ခန္ဓာ၊ သညာအစုမှတ်သားမှု သဘောတရား။
၄။ သင်္ခါရက္ခန္ဓာ၊ သင်္ခါရအစု ပြုပြင်မှု သဘောတရား။
၅။ ဝိညာဏက္ခန္ဓာ၊ ဝိညာဏ်အစု သိမှု သဘောတရား။

ဉာဏ်သုံးဆင့်

၁။ ယထာဘူတဉာဏ်....အဟုတ်အမှန် သိတတ်သည့်ဉာဏ်။
၂။ နိဗ္ဗိန္ဒဉာဏ် ....ပျင်းမုန်းငြီးငွေ့တတ်သောဉာဏ်။
၃။ မဂ်ဉာဏ် ....ကိလေသာကို သတ်၍ နိဗ္ဗာန်သို့
ကူးသွားတတ်သောဉာဏ်။

ဆောင်ပုဒ်။

တရားရှာလျှင်၊ ကိုယ်မှာပင်၊ တို့ရှင် မိန့်တော်မြတ်။
အစ္စတ္တမှာ၊ ဉာဏ်ဖြင့်ရှာ၊ သစ္စာတွေ့ဆတ်ဆတ်။
ခန္ဓာငါးခု၊ ဖြစ်ပျက်မှု၊ ဉာဏ်ရှုသတိကပ်။
ဖြစ်ပျက်မြင်က၊ မြတ်စွဋ္ဌ၊ တဘဝပါယ်ဘေးလပ်။
မုန်းအောင်ရှုလျှင်၊ မလိုချင်၊ ဆုံးလျှင်သောတာပတ်။

သတိချပ်။

သံသရာ့ရောဂါ၊ ထက်ချပ်ပါ၊ ချမ်းသာမရမှတ်။
ရောဂါပျောက်နည်း၊ ဆေးတော်ကြီး၊ အပြီးကိုယ်မှာကပ်။
ကပ်သည်မှန်ဘိ၊ ဉာဏ်မသိ၊ အတိအန္ဓဇာတ်။
ဆရာကောင်းပင်၊ တွေ့ခိုက်တွင်၊ လျင်လျင် သုံးစားအပ်။

တရားသဘင်။ ။ဒီကနေ့ ခန္ဓာငါးခုမှာ ဉာဏ် သုံးဆင့်နဲ့ တက်နည်းကို ပြောရမယ်၊ တက်နည်းက မိမိခန္ဓာမှာ ပညာနဲ့ စောင့်ကြည့်၊ ပညာနဲ့ စိုက်ပိုးကြည့်၊ ကြည့်တော့ ခန္ဓာဖြစ်ပြီး ပျက်နေတာကို တွေ့ရမယ်၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဆိုတဲ့ ငါးပါးထဲက တပါးပါးစိုက်ကြည့် ဉာဏ်နဲ့ စိုက်ကြည့်ရင် အမှန်ဖြစ်ပေး ပျက်နေဒါသာ တွေ့ရမယ်၊ ဖြစ်ပျက် - ဖြစ်ပျက်နဲ့ အနိစ္စသဘော အမှန်ကိုသာ ဉာဏ်နဲ့ မြင်ရမယ်။

အဲဒါ ခန္ဓာကပြောနေဒါ၊ "ကျုပ်ဟာ ဒုက္ခသစ္စာဆင်းရဲဒါ အမှန်ပါ၊ ဖြစ်ပေးပျက်နေဒါပါ၊ ဖြစ်ငေးပျက်တာကလဲ့လို့ ဘာမှ မရှိပါဘူး၊ ဖြစ်ဒုက္ခ, ပျက်ဒုက္ခဘဲရှိပါတယ်" လို့ ပြောနေတယ်၊ ခန္ဓာစိုက်ကြည့်၊ ဖြစ်ပျက် ဒုက္ခသစ္စာမြင်ရင် အနိစ္စဉာဏ်ကို ရဒါဘဲ အဲဒါ ခန္ဓာကပြောလို့ ရဒါ။

ဒ- အနိစ္စဉာဏ်ရရင် မအို, မနာ, မသေရာဆိုတဲ့ နိဗ္ဗာန်သွားဘို့ရာ လေ့ခါးသုံးဆင့် ရှိတဲ့အနက်က တဆင့်တက်မိပြီလို့ မှတ်ပါ၊ တထစ်တက်မိတယ်ဆိုဒါ ယထာဘူတဉာဏ် ရဒါကို ပြောဒါ၊ ဖြစ်ပျက်တလုံးသိ ဖြစ်ပျက်တလုံးတွေ့ရင် ဒုက္ခသစ္စာသိဒါဘဲ၊ ဒုက္ခသိရင် အသေးဆုံး မသေနိုင်တော့ဘူး၊ ဒါကြောင့် ဘုရားက ဓမ္မပဒ ပါဠိတော်မှာ....

ကောဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။
"ရုပ်နာမ် ဖြစ်ပျက် အနိစ္စအချက် မြင်ရင် တရက်ထဲပင် အသက် ရှည်ရပေမဲ့ မွန်မြတ်ပါတယ်" လို့ ဟောတော်မူထား တယ်။

အားကိုးဘို့များ မကောင်းကြဘူးလား?၊ ဖြစ်ပျက်ဒုက္ခသိ နောက်ပီး ဖြစ်ပျက်မှန်းတဲ့ဉာဏ်ပေါ်လာမယ်၊ အဲဒီမှန်းတဲ့ဉာဏ် ရရင် ဒုတိယထစ်ရောက်ပီလို့ ဆိုးဖြတ်တော့။

မှန်းတယ်ဆိုဒါ အသုဘမှန်း မှန်းဒါမျိုး မဟုတ်ဘူးနော်.... မိမိခန္ဓာမှာ သတိပညာနဲ့ စောင့်ကြည့်ပါများလာတော့ မလို ချင်တော့ဘူး၊ ဒုက္ခသစ္စာ အမှန်ဆင်းရဲဒါသိလာတော့ ဘယ်မှာ လိုချင်တော့မလဲ၊ မလိုချင်တဲ့ဉာဏ် စွန့်ချင်တဲ့ဉာဏ် ရလာတော့ တယ်၊ ဒီအဓိပါယ်စကားကို....

"ဧဝံ ပဿံ ဘိက္ခဝေ သုဘဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ, ဝေဒနာယပိ နိဗ္ဗိန္ဒတိ, သညာယပိ နိဗ္ဗိန္ဒတိ, သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ, ဝိ ညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ" လို့ ဟောတော်မူတယ်။

ဖြစ်ပျက်ဒုက္ခကို မလိုချင်၊ စွန့်ချင်တဲ့ဉာဏ်ရောက်ရင် ဒုက္ခ ခန္ဓာပျောက်တော့မှာဘဲ၊ ဒုက္ခခန္ဓာ ပျောက်တာနဲ့ တပြိုင်နက် သုခနိဗ္ဗာန် ပေါ်လာတော့တာဘဲ၊ အဲဒါ မဂ်ဉာဏ် ဆိုက်တာ လို့မှတ်၊ ဒါကြောင့်....

"နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ, ဝိရာဂါ ဝိမုစ္စတိ, ဝိမုတ္တသ္မိံ ဝိမုတ္တမိံတိ ဉာဏံ ဟောတိ"

မုန်းရင် မလိုချင်၊ မလိုချင်တော့ ကိုလေသာ လွတ်ကင်း၊ လွတ်ကင်းတော့ အော်.... “ လွတ်ပြီကိုး ” လို့ သိတဲ့ဥာဏ် (မဂ်ဥာဏ်)ပေါ် လာတယ်လို့ ဟောတော်မူတယ်၊ ဒီဟာ အနတ္တလက္ခဏာသုတ် ပါဠိတော် စကားပါဘဲ။

၅ ´ အလှူကြီး အတန်းကြီး ပေးရဒါထက် လွယ်ကူပါတယ်၊ ဒီလို လွယ်တာ ကလေးကိုမှ မလုပ်ချင်ကြဘူးဆိုရင် ဂုဏ်အိတ် စုတ်ထဲမှာပျော်ချင်သေးတယ်ဆိုဒါသေချာတယ်၊ဘယ်နှယ်များ ဆိုကြမတုံး? ငြင်းကွက်များရှိကြသေးသလား?၊ အခုဟာတဲ့ နည်းလမ်းဟာ မိလိန္ဒပဉ္ဉာမှာလဲ လာတယ်လို့မှတ်ကြ။

ဒီဒကာတွေ ရှုတတ်ကြပလား? ခန္ဓာမှာ ဥာဏ်နဲ့စိုက်ကြည့်၊ ဘာမှမမြင်ရင် မမြင်တဲ့စိတ်ကလေးကို ရှုပစ်လိုက်၊ အဲဒီ မမြင်တဲ့ စိတ်ဟာ “အဝိဇ္ဇာ” ဘဲ၊ ရှုတော့ မမြင်တဲ့ စိတ်ကလေးဟာ မြဲသလား?၊ ခိုင်သလား?၊ ဥာဏ်နဲ့ကြည့်တော့ မမြဲဘူးဆိုဒါ မြင်ရမယ်၊ မမြဲလို့ အနိစ္စ။

ဝိပဿနာ အရှုခံရတဲ့စိတ်လဲ မမြဲဘူး၊ ရှုတတ်တဲ့ စိတ်ကလဲ မမြဲပါဘူး၊ ဖြစ်ပီး ပျက်သွားဒါဘဲ၊ ဥာဏ်နဲ့ကြည့်တော့ အရှုခံစိတ်လဲ ဖြစ်ပီး ပျက်သွားဒါဘဲ၊ ရှုစိတ်ကလဲ ဖြစ်ပီးပျက်သွားဒါဘဲ၊ ဒါကိုမြင်ရမယ်၊ ဒီစိတ်ကလေး မရှိတော့တာကို တွေ့ရမယ်၊ မရှိဒါက-အနိစ္စလက္ခဏာ၊ အဲဒါ ဒုက္ခသစ္စာဘဲ၊ ရှင်းကြပလား?။

ကိုင်း.... ဝိပဿနာ ရှုကြဆိုတော့ ဘယ်လိုရှုရမှာတုံး?၊မရှုတတ်ပါဘူးတဲ့၊ အဲ- မရှုတတ်ရင် အဲဒီ မရှုတတ်တဲ့ စိတ်ကလေးကို ရှု၊ တယ်ဆန်းတဲ့ တရားပါလား မအောက်မေ့နဲ့၊မဆန်းပါဘူး ဒီတရားဟာ ရိုးရာတရားကြီးပါ၊ ဒါကို ဘုရားရှင်က....

"သမ္မောဟံဝါစိတ္တံ သမ္မောဟံဝါစိတ္တန္တိ ပဇာနာတိ" လို့ ဟောတယ်။

အဲဒါ စိတ္တာနုပဿနာ ဓမ္မာနုပဿနာ ဖြစ်ပါတယ်၊ "စိတ် ပျက်ပါတယ်"လို့ဆိုဒါ စိတ္တာနုပဿနာ၊ "စိတ်ဒုက္ခ ရောက်ပါ တယ်"ဆိုတော့ ဓမ္မာနုပဿနာ ရှုဒါပေါ့၊ ဒီဒကာတွေ့ဆေးတွေ့ နေဒါ ဆေးတွေ့ရက်နဲ့ မစားတတ်လို့ ခက်နေကြတယ်။

ဒကာတို့တတွေ့ဟာ သံသရာ့ရောဂါသယ်တွေ့ဘဲ၊ ကိုယ့်မှာ ဆေးအမြဲပါနေတယ်၊ ဆေးမှန်းမသိကြလို့ စားရမှန်းမသိရှာကြ ဘူး၊ ခန္ဓာအစဉ်မှာ ဆေးကပ်ရက်ပါနေပေမဲ့ ဆရာကောင်းနဲ့ မတွေ့ကြလို့ စားရကောင်းမှန်း မသိကြဘူး၊ ဆေးမှန်းသိလာရင် နှစ်နှစ်သက်သက် စားကြတို့ဟာ ကိုယ့်တာဝန်ဘဲလို့ ဆုံးဖြတ် ချက်ချ။

အဲ....ဝိပဿနာရှုတဲ့အခါ ရှုစရာ မတွေ့ပါဘူးဆိုရင် မတွေ့တဲ့ စိတ်ကိုရှု၊ ဘယ်လိုရှုရမှန်း မသိပါဘူးလို့ဖြစ်နေရင် အဲဒီ မသိတဲ့ စိတ်ကလေးကိုဘဲ ရှုပစ်လိုက်၊ မသိတဲ့ စိတ်ကလေး ဖြစ်ပျက်, ဖြစ်ပျက်၊ ဒါကြောင့် "ဝိပဿနာအစ မသိတဲ့စိတ်က"လို့ ဆိုရင်း မမှားဘူး။

အဲဒီ မသိတဲ့စိတ်ရှုရင် မသိတဲ့စိတ် ဖြစ်ပျက်ကို သိတဲ့ဥာဏ် ဝိဇ္ဇာပေါ်တယ်၊ အဲဒီ ဝိဇ္ဇာက အဝိဇ္ဇာကို ဖြတ်ချလိုက်တာဘဲ၊ ဒါဟာ အစကဖြတ်တာ၊ အစဖြတ်တော့ အစသိမ်းသွားတာပေါ့ အစက သိမ်းလိုက်တော့ ပဋိစ္စသမုပ္ပါဒ် သံသရာရောဂါ ပျောက် တော့ဒါဘဲ၊ သံသရာရောဂါ အမြစ်ကဖြုတ်နည်းလို့မှတ်ကြ။

အဝိဇ္ဇာကခေါ်နေဒါ "ဟိပဿီကော"တဲ့၊ ဟေ့-ငါ့ကိုရှုကွ ငါ့ကိုရှုကြည့်ရင် သိရလိမ့်မယ်၊ ငါ့ကိုရှု - ငါ့ကိုရှုနဲ့ အဝိဇ္ဇာက လက်ယပ်ခေါ်နေဒါ၊ ခင်ဗျားတို့က ကဘော့ကောင်းလွန်းလို့ မှိန်းနေကြတယ်၊ရှင်းပလား?၊ ဆရာဘုန်းကြီးကသနားလို့ဟော နေဒါ ကြိုးစားပီး မှတ်ကြ၊ လိုက်နာကြ၊ ပေါ့ပေါ့ တန်တန် ကလေး မအောက်မေ့လိုက်ကြနဲ့။

ကိုယ့်အိမ်ကျရင် သေသေချာချာ ထိုင်ကြည့်ကြ၊ မတွေ့လေ ကောင်းလေဘဲလို့မှတ်၊ ကိုယ်ခန္ဓာက အမြဲတမ်း လာပါရှုပါနဲ့ ခေါ်နေဒါ၊ ဒို့ဒကာတွေက အပြင်မှာချည့် ကြည့်နေကြတယ်၊ ခန္ဓာကိုယ်မှာ သုံးသပ်ပါဆို အပြင်မှာ သုံးသပ် နေကြတယ်၊ အပြင်ကို သုံးသပ်သမျှ သဘာဝမဆိုက်အေးဘူး၊ ဒီကနေ့ကစပီး အတွင်းသုံးသပ်ကြ။

တခါတလေတော့ ရှုတဲ့အခါ တွေ့သယောင်ယောင်ရှိတယ်တဲ့ တွေ့သယောင်ယောင်ရှိရင် တွေ့သယောင်ယောင်စိတ်ကိုရှု၊ အဲဒါ "ဝိစိကိစ္ဆာ"ဘဲ၊ ရှုလိုက်တော့ ဝိစိကိစ္ဆာက အနိစ္စ၊ ရှုဒါက မဂ်၊ ရှုစရာက အနိစ္စ၊ ရှုဒါက မဂ်၊ အထင်စိတ်ဟာ ဝိစိကိစ္ဆာဘဲ။

ဒါ-လုံလောက်ကဲ့လားလို့ ယုံမှားမရှိကြနဲ့၊ သတိပဋ္ဌာန်ပါဠိတော်မှာ အသေအချာ ဟောထားတယ်၊ ယုံမှားတဲ့ စတဟာလ ဝိစိကိစ္ဆာဘဲ၊ ဒီ-ဝိစိကိစ္ဆာဟာ တသံသရာလုံး မှောက်အောင် လုပ်နေတဲ့ အဝိဇ္ဇာဘဲ၊ လက်မခံကြနဲ့၊ လက်ခံရင် သံသရာတခွင် မှောက်ချင်သေးလို့ဆိုဒါ သေချာတယ်။

တရားကတော့ခေါ်နေဒါဘဲ "အဝေးမရှုနဲ့ ကျုပ်ရှု-ကျုပ်ရှု" လို့ ခေါ်နေတယ်၊ ရှုစမ်းကြည့်ရင် တွေ့ရလိမ့်မယ်၊ကိုယ်တိုင်လုပ်မှ ကိုယ်ပိုင်ရကြမယ်၊ ကိုယ်ကဆောင်ရမယ်၊ ကိုယ်တိုင်ဆောင်လို့ ကိုယ်ပိုင်ရရင် ပူဇော်ဒါထက် ကျေးဇူးများတယ်။

"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ" လို့ ဆိုတဲ့အတိုင်း မိမိက တရားကို ဆောင်မှ ကျင့်မှ တရားကပြန်ပီး ဆောင်မှာ စောင့်ရှောက်မှာလို့ မှတ်ထားကြ။

ကိုယ်တိုင်က တရား မဆောင်ကြဘဲ ယောင်တောင် ပေါင်တောင်နဲ့ တောင်ပြော မြောက်ပြော ပြောတတ်ကြတယ်၊ ကိုယ်ဖျင်းတာကို ကိုယ်သိကြ၊ ကိုယ်ဖျင်းဒါတော့ ကိုယ်မသိကြဘူး၊ ဆရာ အပြစ်တင်လိုတင်၊ ရိပ်သာတွေ အပြစ် ပြောလို ပြောနဲ့ ကိလေသာတောထပီး အခြောက်တိုက်ပြစ်မှားနေတတ်ကြတယ်၊ နောက်ကို မပြစ်မှားမိကြစေနဲ့၊ ကိုယ်ဖျင်းဒါ ကိုယ်မလိမ္မာဒါ ကိုယ်သိကြ။

အပြင်မှာ တရားမရှိဘူး၊ မိမိခန္ဓာမှာ တရားကရှိနေဒါအော် ဒိုဒကာတွေ့ မသိသားဆိုးဝါးလိုက်ကြဒါလွန်ပါရော၊ "တရားရှာခန္ဓာမှာရှိ၊ တရားရှာ ကိုယ်မှာတွေ့" တဲ့၊ ဒိုဒကာတွေ့က ဟိုရှာဒီရှာနဲ့ အချိန်သာ ကုန်နေကြတယ်၊ တရား မတွေ့ ကြဘူး၊ ဒါကြောင့် ဒိုဒကာတွေ့ ဒါလောက် သံသရာရှေနေကြဒါ၊ ရှင်းပလား?၊ ဘုရားရှင်က....

"ယဒါဟဝေ ပါတုဘဝန္တိ ဓမ္မော ။လ။ ယတော ပဇာနာတိ သဟေတု ဓမ္မံ ။

သတ္တဝါတွေရဲ့ ဖြစ်ခြင်းကိုလဲ သိပြီ၊ ဖြစ်ကြောင်းတရားကိုလဲ သိပြီ၊ ချုပ်ကြောင်းတရားကိုလဲသိပြီ၊ "ယတော ခယံ ပစ္စယာနံ အဝေဒီ" တဲ့၊ သတ္တဝါအစဟာ အဝိဇ္ဇာဘဲလို့ ဟောခဲ့တယ်။

ဒီတော့ သတ္တဝါအစ အဝိဇ္ဇာက၊ သတ္တဝါအဆုံး ဘုရားပဲ့ဉ့်မှ ဆုံးတယ်၊ အဝိဇ္ဇာချုပ်ရင် အဝိဇ္ဇာဆုံးရင် သတ္တဝါဆုံးတာဘဲ၊ ဘုန်းကြီးက ဘုရားရှင်ရဲ့ ကိုယ်စားလှယ်ဘဲ၊ ဒီဒကာတွေကို သနားလို့ ဟောပြနေဒါ၊ ဘုရား စကားတော်တွေကို ဘုရား ကိုယ်စား ဟောပြနေဒါဖြစ်လို့ လေးလေးစားစား မှတ်သား နာယူကြ၊ လိုက်နာကျင့်သုံးကြ၊ ဒါမှမဟုတ်ရင် သံသရာ့သစ်ငုတ် ဖြစ်ဘို့သာ မှတ်ပေတော့။

ရှေး,ရှေးက အများတကာတွေဟာ အဇ္ဈတ္တမှာ မရှာကြဘဲ ဗဟိဒ္ဓမှာရှာနေကြလို့ လမ်းစပဆုံးနိုင်ဘဲ ဒုက္ခနဲ့ချည့်ကျိုက်ရဒါ ရှင်းပလား ။

"ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော
ဟောတိ၊ တထာ တထာ နံ ပဇာနာတိ" တဲ့။

ထိုင်တဲ့အခါ နဲနဲညောင်းလာလို့ ပြောင်းချင်တယ်၊ပြောင်း ချင်ရင် အဲဒီစိတ် ဖြစ်ပျက်ရှု၊ ဇွဲ့ချင်ရင် ဇွဲ့ချင်စိတ်ရှု၊ပြင်ချင် ရင် ပြင်ချင်တဲ့စိတ်ရှု၊ ဣရိယာပုထ် ပြောင်းတိုင်း ပြောင်းတိုင်း တမျိုးဖြစ်တိုင်း ဖြစ်တိုင်း မလွတ်အောင်ရှုကြ။

ဒီနည်း အတိုင်း အရှု အပ့ဉ်း များလာတော့ ကြားခိုတဲ့ ကိလေသာတွေဟာ တဖြေးဖြေး ပါး,ပါးသွားမယ်၊ကိလေသာ ပါးလေ ရှုအား ဉာဏ်အား ကောင်းလာလေ ဖြစ်ပျက်တွေ များများမြင်လာလေဘဲ။

များများမြင်ဒါ ကြပ်ကြပ်ရှုတော့ အနိစ္စအချက်က ဒုက္ခအချက်ကို ကွက်ကွက်ကွင်းကွင်း ပြနေသလို ဖြစ်လာမယ်၊ ဒုက္ခအချက် အနတ္တအမြင်များလေ ကြောက်လာလေ၊ နောက်ရှုံ့မုန်းပီး လွှတ်လိုတဲ့စိတ် လွှတ်လိုတဲ့ဉာဏ် ပေါ်လာမယ်။

ဒီလို လွှတ်လိုတဲ့ မုန်းဉာဏ်လဲလာရော တယ်မကြာတော့ဘူး ဖျတ်ကနဲဆို ဖြစ်ပျက်တွေဟာ ချုပ်ဆုံး ကုန်ပျောက်သွားတော့ဒါဘဲ၊ အဲဒါမဂ်ဉာဏ်က ဆိုင်ရာ ကိလေသာကိုဖြတ်ပီး နိဗ္ဗာန်ခေါတ် အလင်းနိဗ္ဗာန်ကို မျက်မှောက် ပြုလိုက်တာဘဲလို့မှတ်။

ဒီအလင်းနိဗ္ဗာန်ကို ကိုယ်တိုင်သိရအောင် ကိုယ်တိုင်ကျင့်ကြ။

ကိုင်း....ဒီနေ့ ဒီတွင် တော်ကြအုံး။

စမ္မရတနာမာတိကာ

“နိဗ္ဗာန်ရော နည်းလမ်းရှာ တရားတော်”

ဖြစ်-မဖြစ် တရားလေးပါး။

(၁) ကံကြောင့်ဖြစ်တဲ့တရား၊ ရုပ်,နာမ်,ခန္ဓာ သတ္တဝါများ။

(၂) အကြောင်းကြောင့် ဖြစ်တဲ့တရား၊ မျိုးစေ့ကြောင့် ဖြစ်တဲ့သစ်ပင် စသည်။

(၃) ဥတုကြောင့် ဖြစ်ကဲ့တရား၊ မြေ, ရေ, လေ,တောင် စသည်။

(၄) ကံကြောင့်၊ အစကြောင်းကြောင့်၊ ဥတုကြောင့်မဖြစ်တဲ့ တရား၊ ကောင်းကင် နှင့် နိဗ္ဗာန်တရား။

မနောနှစ်မျိုး ။

ကိလေသာကို အာရုံပြုတဲ့မနော၊ ဝိပဿနာဥာဏ်။

ကိလေသာကို အာရုံမပြုတဲ့မနော၊ မဂ်ဥာဏ်။

ဆောင်ပဒ်—

ဥတုကြောင်းကံ၊ မဆက်ဆံ၊ နိဗ္ဗာန်ချမ်းသာမြတ်။

မဂ္ဂင်ရှစ်ဝ၊ မဇ္ဈိမ၊ ကျင့်မှ ရမည်မှတ်။

သမ္မာပဋိပန်၊ စင်ကြယ်ဥာဏ်၊ နိဗ္ဗာန် မြင်ဆတ်ဆတ်။

ဆုတောင်းရုံပင်၊ မကျင့်လျှင်၊ ဘယ်တွင်မရအပ်။

သတိချပ်—

ကိလေနူနာ၊ ရှိသူမှာ၊ မြဲသာ ပိုးလောက်ကိုက်။
အတွင်းပိုးထ၊ မီးလှုံကြ၊ သားမျှား သွီးပိုက်။
နူနာပျောက်ချင်၊ တရားခွင်၊ မြန်လျှင် ကျင့်ထုတ်လိုက်။
နူနာမသီ၊ ဆေးမဖိ၊ လား၏ ပါယ်စိုက်စိုက်။

တရားသား။ ။နိဗ္ဗာန်ရောက်ကြောင်း တရားကို ပြောခဲ့ပီးပီ၊ ဒီနေ့ တရားအားထုတ်လို့ ရောက်ရာ ရရာဖြစ်တဲ့ "နိဗ္ဗာန်"ကို ပြောရမယ်၊ လောကမှာ တရားအမျိုးမျိုး ရှိတယ်၊ အမျိုးမျိုးက ကံကြောင့် ဖြစ်တဲ့တရား၊ အကြောင်းကြောင့် ဖြစ်တဲ့တရား၊ ဥတုကြောင့် ဖြစ်တဲ့တရား နောက်ပီး ကံကြောင့်မဖြစ်တဲ့တရား၊ အကြောင်းကြောင့် မဖြစ်တဲ့တရား၊ ဥတုကြောင့်မဖြစ်တဲ့တရားလို့ အစားစားဘဲ။

ကံဖြစ်တရား။ ။စေတနာဟာ သတ္တဝါကို ဖြစ်စေတယ်၊ စေတနာကံကြောင့် ရုပ်နာမ်ခန္ဓာ သတ္တဝါတွေဖြစ်တာ ဒါကြောင့် "ကမ္မံ သတ္တေ ဝိဘဇ္ဇတိ" လို့ ဆိုဒါဘဲ။

အကြောင်းဖြစ်တရား။ ။မျိုးစေ့ဆိုတဲ့ အကြောင်းကြောင့် သစ်ပင်တွေ,တောကြီးတွေ စသည်တို့ ဖြစ်ပေါ်လာရတယ်၊ မီးဆိုတဲ့ အကြောင်းကြောင့် မီးလှုံ,မီးတောက်, မီးခိုးတွေ ဖြစ်တယ်၊ အဲဒါတွေ အကြောင်းကြောင့် ဖြစ်တာတွေဘဲ။

ဥတုဖြစ်တရား။ ။ဥတုကြောင့် မြေ, ရေ, လေ, တောင်, စသည်တို့ဖြစ်တယ်၊ ဒါကြောင့် ဒီတရားတွေဟာ ဥတုကြောင့် ဖြစ်ပေါ်လာရတဲ့ တရားတွေဘဲလို့မှတ်။

အကြောင့်မဲ့ဖြစ်ဘရား။ ။နိဗ္ဗာန်တရားနဲ့ ကောင်းကင်ကြီးဟာ ဘာကြောင့်မှ မဖြစ်ဘူး၊ ကံ ကြောင့်လဲ မဖြစ်ဘူး၊ အကြောင်းကြောင့်လဲ မဖြစ်ဘူး၊ ဥတု ကြောင့်လဲ မဖြစ်ဘူး၊ ဒါကြောင့် "နိဗ္ဗာန်"ဟာ ဘာကြောင့်မှ ဖြစ်တဲ့တရားမျိုး မဟုတ်ဘူး၊ အကြောင်းကင်းတဲ့တရားလို့ မြဲမြဲမှတ်ကြ။

နိဗ္ဗာန်ဟာ ကံကြောင့် မဖြစ်ဘူး၊ ကံနဲ့ မရဘူး၊ နိဗ္ဗာန်ရောက်အောင် "မဂ္ဂင်"နဲ့ သွားမှရတယ်၊ မဂ္ဂင် ဆိုတာ ဥာဏ်ဦးစီးတဲ့လမ်း၊ ဒီဒကာတွေက "သကာသ - သကာသာ ဆိုပီး အဆုံးစွန်သောဘဝမှာ နိဗ္ဗာန် ရ, ရပါလို့"ဆိုပီး တောင်းနေကြတယ်၊ အဲဒါ အနာဂတ် လှမ်းတောင်းနေကြဒါ၊ နိဗ္ဗာန်ဆိုဒါ ကာလသုံးပါးက လွတ်နေတဲ့တရား၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန် ကာလသုံးပါးမှာရှိတဲ့ တရားမဟုတ်ဘူး။

အဆုံးစွန်သော ဘဝဆိုဒါ ဘယ်လောက်ကြာမှ ဆုံးမယ်မသိဘူး၊ ဒီဒကာတွေက သံသရာ ကြာချင်သလောက်ကြာ အဆုံးမှာတော့ ရှိမှာဘဲလို့ မျှား အောက်မေ့နေကြသလား? မပြောတတ်ဘူး ရိစရာဘဲကောင်းနေတော့တယ်၊ ကိုယ်က မဆုံးချင်ရင် ဘယ်တော့မှ မဆုံးဘူးဆိုဒါ တထစ်ချမှတ်လိုက်ကြ။

သံသရာဆိုဒါ ကိုယ်ဆုံးချင်တဲ့ အချိန် ဆုံးနိုင်တယ်၊ နိဗ္ဗာန်ဟာ ဆုံးတဲ့အချိန်မှာ ရဒါဘဲ၊ ဒါကြောင့် ဒီကနေ့ကစပီး ရှေးမူတွေဖျက်ကြ၊ "သူမျှားယောင်လို့ယောင်-အမောင် တောင်မှန်းမြောက်မှန်းမသိ" ဆိုသလို ဖြစ်နေကြမယ် နိဗ္ဗာန်ဆိုဒါတောင်းလို့ရဒါမျိုး မဟုတ်ဘူး၊ တောင်းလို့ရရင် ကုပီး တောင်းပေးပါရဲ့။

နိဗ္ဗာန်ဆိုဒါ တောင်းယူလို့လဲ မရနိုင်ဘူး၊ သူများလုပ်ပေးလို့လဲမရဘူး၊ ကိုယ်တိုင်လုပ်, ကိုယ်တိုင်ကျင့်ပီးယူ မှရကြမှာအဲဒါသေသေချာချာမှတ်၊ နိဗ္ဗာန်သွားလမ်းဟာ ကံလမ်းမဟုတ်ဘူး၊ ဥာဏ်လမ်း, ဥာဏ်နဲ့ လုပ်ယူမှ ရနိုင်တယ်၊ ဘုရားရှင်ဟာသူအို,သူနာ,သူသေတွေတော့ မအိုအောင်, မနာအောင်, မသေအောင် ဥာဏ်ကုရှာရတယ်။

အကြောင်းကြောင့် မဖြစ်ဘူး၊ အကြောင်းကြောင့် ဖြစ်တဲ့တရားမျိုးမဟုတ်ဘူး၊ ကံ အကြောင်း၊ ဥတု ဆိုတဲ့ အကြောင်းကင်းတဲ့တရား၊ ဒါကြောင့် မိလိန္ဒပဉ္ဉာ ပါဠိတော်မှာ အရှင်နာဂသိန်က မိလိန္ဒမင်းကို “ နိဗ္ဗာန် မဟာရာဇ အကမ္မဇံ အဟေတုဇံ အနုတုဇံ ” လို့ ဟောတော်မူခဲ့တယ်။

နိဗ္ဗာန်ဟာ ဖြစ်ဆဲလဲမဟုတ်၊ ဖြစ်ပီးလဲမဟုတ်၊ ဖြစ်လတံ့တရားလဲမဟုတ်၊ သူတပါးက ဖြစ်စေတဲ့ တရားလဲမဟုတ်၊ပစ္စုပ္ပန်အတိတ်,အနာဂတ် ဆိုတဲ့ ကာလသုံးပါးက လွတ်တယ်၊ ဒါဖြင့် ဒီနိဗ္ဗာန်ကို ဘယ်လို တွေ့နိုင်မလဲ?၊ တွေ့အောင်ဘယ်လိုရှာရမလဲ မေးစရာရှိတယ်။

နိဗ္ဗာန်ဟာ ကာလသုံးပါးက အလွတ် ဖြစ်ပေမဲ့ နိဗ္ဗာန်ကို မနောနဲ့ တွေ့နိုင်တယ်၊ နိဗ္ဗာန်တွေ့ချင်ရင် မနောနဲ့ရှာရမယ်၊ မနောနဲ့ရှာရင် မနောမှာ နိဗ္ဗာန်ကို တွေ့နိုင်တယ်လို့ မှတ်ကြ၊ ဒါဖြင့် ဘယ်မနောနဲ့ရှာမလဲ?၊ စင်ကြယ်တဲ့မနောနဲ့ရှာရမယ်တဲ့ ဒါကြောင့် မိလိန္ဒပဉ္ဉာ ပါဠိတော်မှာ....

“ ယံခေါ သမ္မာပဋိပန္နော အရိယသာဝကော
ဝိသုဒ္ဓေန ဥာဏေန ပဿတိ ” လို့ ဟောတော်မူတယ်။

ဝိသုဒ္ဓေန ဉာဏေန၊ စင်ကြယ်တဲ့ဉာဏ်၊ စင်ကြယ်တဲ့ မနော နဲ့မှ မြင်နိုင်တယ်လို့ ဆိုဒါ၊ စင်ကြယ်တဲ့မနောဆိုဒါ ကိလေသာ မရောတဲ့ မနောကိုပြောဒါ၊ အဲဒီမနောမှ တွေ့မှာ၊ မတွေ့သေးရင် မစင်ကြယ်သေးလို့မှတ်။

ဒို့ဒကာတွေ နိဗ္ဗာန်မြင်ချင်ကြရင် စင်ကြယ်တဲ့ မနော၊ စင်ကြယ်တဲ့ဉာဏ် ကိုယ်ပိုင်ရအောင်လုပ်ကြရမယ်၊ ဘယ်လို လုပ်ရမလဲ? "သမ္မာပဋိပန္နော" ကောင်းစွာ ကျင့်ရမယ်လို့ ဆိုတယ်၊ ကောင်းစွာကျင့်ရင် စင်ကြယ်တဲ့ မနောကို ရမယ်၊ စင်ကြယ်တဲ့ မနောကိုယ်ပိုင်ရရင်နိဗ္ဗာန်မြင်ကြရမယ်၊မြင်ချင်ရင်ကြိုးစားကြ။

မနောကနှစ်မျိုးရှိတယ်၊ ကိလေသာကို အာရုံပြုနိုင်တဲ့မနော နဲ့ ကိလေသာကို အာရုံမပြုနိုင်တဲ့ မနောလို့ နှစ်မျိုး၊ အဲ-နိဗ္ဗာန်ကို မြင်နိုင် တွေ့နိုင်တဲ့ မနောဆိုဒါက အာသဝ အာရုံမပြုနိုင်တဲ့ အာသဝနဲ့ မရောတဲ့မနောကိုပြောဒါ၊ အဲဒီ အာသဝနဲ့ မရောတဲ့မနောကမှ တွေ့နိုင်ဒါ၊ ဝိပဿနာရှုတဲ့စိတ်ဟာ အာသဝနယ်ထဲက မလွတ်သေးဘူး၊ ဝိပဿနာ ရှုဒါဟာ အာသဝ နယ်ထဲက မလွတ်သေးဘူး၊ ဝိပဿနာ ရှုဒါဟာ အာသဝ နယ်ထဲကစိတ်နဲ့ ရှုဒါလို့မှတ်ကြ၊ ဒီတော့-ဝိပဿနာဉာဏ် မနောနဲ့လဲ အာရုံမပြုနိုင်သေးဘူး၊ နိဗ္ဗာန်မမြင်နိုင်သေးဘူး။

ကိလေသာနဲ့ မရောဘူးဆိုဒါ အာရုံ အာရမ္မဏ်က အနေနဲ့ မရောဒါကို ပြောဒါလို့မှတ်၊ အချုပ်က ကိလေသာ အာရုံပြုမနော၊ ကိလေသာနဲ့ အဆက်အသွယ်ပြတ်တဲ့မနော နှစ်ခုထဲက ဒုတိယ မနောဉာဏ်(၀၂)မဂ်ဉာဏ်နဲ့မှ နိဗ္ဗာန် အာရုံပြုနိုင်တယ်လို့မှတ်၊ ဒီတော့-ဒို့ဒကာတွေ "သမ္မာပဋိပန္နော" ဖြစ်အောင် ကြိုးစားကြ၊ ဒါမှ မြင်နိုင်မှာ။

No. 11

ဘုရားရှင်က ကိလေသာဟာ နှုနာနဲ့တူတယ်တဲ့၊ ကိလေသာရှိတဲ့သူဟာလဲ နှုနာရှိတဲ့သူ၊ အနှု အရွဲလို့ ခေါ်ဆို ရတယ်လို့ ဟောတော်မူတယ်၊ ဥပမာဆိုရင် သစ်သီးတခုဟာ အနာ အဆာ ပါနေရင် မကောင်းဘူး၊ ကောင်းတဲ့ သစ်သီး မဆိုနိုင်ဘူး၊ မကောင်းတဲ့ သစ်သီးဘဲလို့ ဆိုရသလို ဒကာတို့ ခန္ဓာမှာဘဲ ကိလေသာ အနာ အဆာ ရှိနေရင် မကောင်းဘူးလို့ဆိုရတယ် ကိလေသာဟာ နှုနာဘဲ၊ ကိလေသာ နှုနာရှိတော့ အတွင်းက ကိလေသာပိုးတွေ ထ,ထ လာတတ်တယ်၊ နှုနာရှိတဲ့သူများဟာ အတွင်းပိုးထတဲ့အခါမှာ မီးလှုံကြ၊ မီးပူကင်ကြရတယ်၊ ဒါမှလဲ အယား အယံ သက်သာတယ်တဲ့၊ ဒီ သဘောဘဲ ဒကာတို့လဲ ကိလေသာပိုးတွေက ထ,ထ လာပလားဆိုရင် သားမီးဖို သို့မီးဖို ပစ္စည်းမီးဖိုနား ကပ်ချင်ကြတယ်။

သား,သို့,သားမယားဆိုတဲ့ မီးဖိုနားကပ်လိုက်ရတော့ကိလေသာပိုးဟာ သက်သာသလိုလိုနဲ့ ခံသာရေ ရှိသွားတယ် ထင်ကြတယ်၊ ဒီတော့- ဒီမီးဖိုနားဘဲ အမြဲ ကပ်ချင်နေကြတော့ဒါပေါ့၊ ကိလေသာသောင်းကျန်းတိုင်း ပိုးထဘိုင်း,ထတိုင်း သားမီးဖိုနား ကပ်လိုက်၊ မယားမီးဖိုနားကပ်လိုက် ပိုးထတိုင်း ကပ်နေကြဒါဘဲ ကပ်ချင်ရင် ပိုးထလို့ဘဲမှတ်။

နှုနာပိုးတွေကိုက်တော့ မီးဖိုနားကပ်၊ မီးပူတော့ကိုက်တဲ့ပိုးတွေက ပြန်ဝင်၊ ဒီတော့- သက်သာတယ် ထင်ရတယ်၊ အမှန် မသက်သာပါဘူး၊ ပိုပီးဆိုးဒါဘဲ ရှိတယ်၊ ကိလေသာ ရွှပိုးကိုက်တိုင်း မီးပူနားကပ်၊ ကပ်လေ ဆိုးလေ နိဗ္ဗာန်နဲ့ ဝေးလေဘဲလို့ မှတ်ကြ၊ ရှင်းပလား?။

ဒို့ဒကာတွေက ကိုယ်ဟာကိုယ် နူနာသယ်တွေမှန်း မသိကြဘူး၊မသိတော့ ဆေးစားရကောင်းမှန်း,ဆေးကုရကောင်းမှန်းလဲ မသိကြတော့ဘူး၊ ဆရာသမားက သနားလို့ ဒီဆေးစားဆိုပီး ဆေးဖေါ် ပေးပေ၇ဲ့ အင်တင်တင်နဲ့ ခေါင်းရမ်း ချင်ကြသေးတယ်၊ တကယ် ဆိုဝါးတဲ့ အနာရှိမှန်းသာ သိကြရင် မစားဘဲ မနေကြပါဘူး။

အခုနေမှာ ဘုရာကောင်းနဲ့တွေ့ရလို့ အနာရှိမှန်းသိကြရဖီ အနာပျောက်အောင် ဆေးသောက်ဘို့ဘဲ ရှိတော့တယ်၊ ဆေးကလဲ "ရော့-သောက်ကြဆိုပီး" လက်ရောက်အပ်နေဒါ၊ ပေါ့ပေါ့များမထင်ကြနဲ့၊ အနာမပျောက်ခင်သေသွားရင် အကျိုးနဲလိမ့်မယ်၊ တရားမရခင် အသေက နီးချင် နီးမယ် မသိနိုင်ကြဘူး၊ အသေများဦးသွားခဲ့ရင် မခက်ပါလား?၊ စဉ်းစားကြ။

ဝိသာခါဟာ ကိလေသာ လေးပိုင်း သုံးပိုင်း ကျန်တယ်၊ သူ့မှာစိတ်ချရလို့ ပျော်နိုင် ပါးနိုင်တဲ့ အခြေရောက်သွားပီ၊ ဒကာတို့မှာ လေးပိုင်းလုံးကျန်နေသေးတယ်၊ မပျော်နိုင်မပါးနိုင်ကြသေးဘူး၊ အနဲဆုံး ဝိသာခါလို ကိုယ့်ကိုယ်ကို စိတ်ချပီး ပျော်နိုင်တဲ့အခြေရအောင် ကြိုးစားကြ။

ရသင့်,ရထိုက်လို့ ရလာတဲ့ ခဏကလေး အချိန်တိုကလေးကို မဖြုန်းတီးကြနဲ့၊ အခွင့်သာတုန်း လုံ့လစိုက်ကြ၊ နိဗ္ဗာန်ရှာချင်ရင် ကိုယ့်ကိုယ်ကို စင်ကြယ်အောင်လုပ်ကြ၊ အဆင့်ဆင့်တက်လို့ စင်ကြယ်လာရင် ဥာဏ်ထက်တာလဲ၊ ဥာဏ်ထက်လို့လဲ စင်ကြယ်ဒါဘဲ၊စင်ကြယ်မှုဟာဥာဏ်ထက်မှု မထက်မှုပေါ်မှာမူတည်တယ်။

အလုပ်လုပ်ပီး ဥာဏ်စင်နဲ့ ရှင်းတော့ ကိလေသာဝေးသထက် ဝေးပီး စင်ကြယ်သထက် စင်ကြယ်လာမယ်၊ ကိလေသာဝေးတော့ ဝေးသလောက် ဥာဏ် ထက်မယ်၊ ဥာဏ် စင်ကြယ်မယ်၊ စင်ကြယ်ရင် နိဗ္ဗာန်မြင်တာဘဲလို့ မှတ်ကြ။

နိဗ္ဗာန်မြင်ဘို့ အဆင့်သုံးဆင့်ရှိတယ် အဲဒါက....

(၁) **ခန္ဓာသဘော။** ဖြစ်ပျက်သိရင်,မြင်ရင်ယထာဘူတ ဥာဏ်၊ အနုသယ ကိလေသာ ရှိသေးတယ်။

(၂) **ဖြစ်ပျက်မှန်းလာရင်။** နိဗ္ဗိန္ဒဉာဏ် ကိလေသာ ဝေးကွာသွားပီ။

(၃) **ဖြစ်ပျက်ဆုံးရင်။** ကိလေသာစင်ကြယ်ဘီ ကတဥာဏ် မဂ်ဥာဏ်။

တဘက်မှာ .... နိဗ္ဗာန်ကို မြင်ကယ်၊ အာရုံပြုလိုက်တယ်၊ ဒါကြောင့်—

"နိဗ္ဗာန်နံ မဂ္ဂသာ နိဗ္ဗာနံဖလသာ အရမ္မဏာ ပစ္စယေန ပစ္စယော" လို့ ဟောတော်မူတယ်၊ ရှင်းကြပလား?။

ကိုင်း....ဒီနေ့ ဒီတွင် တော်ကြအုံး။

ဓမ္မရတနာမာတိကာ

“ သေလမ်းနည်းပြ တရားတော် ”

သေနည်းနှစ်မျိုး။

(၁) သစ္စာတရားနာ၍ သေနည်း။

(၂) ကိုယ်တိုင် တရားနှလုံးသွင်း၍ သေနည်း။

ဆောင်ပုဒ်—

အာရုံတွေ့လတ်၊ အကြည်ဓာတ်၊ သိတတ်ဝိညာဏ်ဖြာ။
သုံးခုဆုံငြား၊ ဖဿလား၊ ခံစားဝေဒနာ။
ရုပ်နာမ်ဆက်ဆက်၊ ဖြစ်ပီးပျက်၊ ဥာဏ်ချက်သတိပါ။
ဝေဒနာနောက၊ တဏှာကောက၊ လက်ရောကမခရာ။
ဝေဒနာဖြစ်ပျက်၊ နောက်ဥာဏ်မင်၊ မဆက်သေတဏှာ။
ဒုက္ခသိလျှင်၊ အကုန်မြင်၊ ပြီးစင်လေးသစ္စာ။

သတိချပ်—

ခန္ဓာရတ္တက်၊ သေလမ်းဘက်၊ ရုက်ဆက် ချိန်တိုင်းသွား။
အမှတ်မထင်၊ သေပဲ့ဝင်၊ ပါယ်ခွင်ကျဘို့မျှား။
ဆရာ့ထံမှာ၊ သေနည်းနာ၊ မြန်စွာ သင်သင့်လား။
သေနည်းသိက၊ သေခါကျ၊ လွတ်ရ သေဆိုးဝါး။

တရားသား။ ။ဒီကနေ့ အသေလွတ်တရားဟောရမယ်၊ဒို့ဒကာတွေ့ အခုတရားနာရင်း ဘယ်သွားနေကြသလဲ?၊ မေးရင် ဘယ်နှယ်ဖြေကြမလဲ?၊ “တပည့်တော်တို့ တရားနာရင်း

သေရွာ သွားသွား နေဒါပါ” လို့ ဖြေရမှာဘဲ၊ တရားနာရင်း သေရွာ သွားနေတယ်ဆိုရင် ဘယ်မှ မငြင်းနိုင်ဘူး၊ ငြင်းဘို့မျှား ရှိသေးသလား?။

တနေ့ထက်တနေ့၊ တနာရီထက်တနာရီ၊ တမိနစ်ထက်တမိနစ် ဘစက္ကန့်ထက် တစက္ကန့် သေဘက်ကို သွားနေကြတယ်၊ အချိန်ရွေ့သလောက် သေဘို့နဲ့ တဖြေးဖြေး နီးကပ် နီးကပ် လာပြီ၊ အခု ဒီမှာထိုင်နေကြရင်းကို တခဏထက် တခဏ သေဝက နီး,နီး လာတယ်ဆိုဒါ သေချာပီမဟုတ်လား?။

ဒီလို့နဲ့ဘဲ ဘဝ အဆက်ဆက် သံသရာမှာ သေရပေါင်းက များလှပီ၊ အရိုးတွေစုပုံထားကြမယ်ဆိုရင်မြင့်မိုရ်တောင်လောက် မကအောင် များပြား လှပါတယ်၊ အသေတွေဟာလဲ အသေကောင်းလို့ များ မမှတ်လိုက်ကြနဲ့ အသေဆိုးကြုံရဒါက များပါတယ်၊ ဒီတော့- သေရမှာများမကြောက်ကြဘူးလား?၊ အေး, သေရမှာကြောက်လို့ တရားနာလာကြဒါ၊ အသေလွတ်ဘို့လာကြဒါ။

ဒီလို “ တပည့်တော်တို့ သွားဒါက အသေလွတ်ဘို့ပါ” လို့ ပြောပေမဲ့ ဒကာတို့သွားနေဒါကတော့သေလမ်းဘဲ၊ ဘာ့ကြောင့် များ သေလမ်းချည့် သွားနေရသလဲ?၊ သိကြရဲ့လား?၊ နောက် ဘဝက သစ္စာမမြင်ခဲ့ကြလို့ သစ္စာမမြင်တော့ အသေခန္ဓာရထားဒါပေါ့၊ အသေခန္ဓာကို ရတဲ့နောက်တော့ သေလမ်းဘဲသွားဘို့ရှိဒါပေါ့၊ ခန္ဓာ ရထားရင် အသေက မလွတ်ဘူး၊ သူကတော့ သေဘက်ချည့်သာသွားနေမှာဘဲ ဘယ်နည်းနဲ့မှတားလို့ ဆီးလို့ မရနိုင်ဘူး။

အဲလေ အခုလက်ရှိ ဒီဘဝမှာ အမှားက ရှေ့ကျပီး အမှန်က နောက်ကျနေဒါကိုး၊ ဒီတော့- ခန္ဓာက သုဿာန်ကိုသာအရောက် သွားနေတော့ဒါပေါ့၊ အခုနေ ရသမျှအချိန်ကလေးအသေထဲက လုပီး မသေတဲ့အလုပ် လုပ်နေကြရဒါ၊ တရားမရခင် သေမျှား သွားရင်ဖြင့် ခက်လိမ့်မယ်၊ တရားမပေါ်ခင်သေရင်“ငါတို့တော့ အရှုံးကြီး ရှုံးပီလို့”ဘဲ ဆုံးဖြတ်ချက်ချ။

အသေမှား နဲ့ သေသွားရင်ဖြင့် ဒုက္ခ ရောက်တော့မယ်၊ ဒါကြောင့် ဒီကနေ့ သေနည်းကို သင်ပေးရမယ်၊ သေနည်းကို တတ်တောင်သင်ထားလိုက်ကြ၊ ဘာမှအားမငယ်ကြနဲ့ သေတတ် ဘို့သာ အရေးကြီးတယ်။

မဟာ ကရုဏာတော်ရင် ဘုရားရှင်ကိုယ်တော်မြတ်က တရား မပေါက်ခင်သေရင် ဘယ်လို သေကြရမယ် ဆိုတဲ့ သေနည်းကို “ သုတ္တန်ပါတ် အဂ်ုတ္တိုရ် ပါဠိတော်မှာ ဟောကြားထားဒါရှိ တယ်၊ သေနည်းသင်ပြခဲ့တယ်လို့ မှတ်ရမယ်၊ “တရားမပေါက်မီ သေနည်း ” တဲ့၊ ဒို့ဒကာတို့အရိုးစုံအောင်မှတ်ထားကြ၊ဘုရားက ရော်မ မဟာ ကရုဏာတော်နဲ့ ဟောထားခဲ့တာ ဘယ် လို လဲ ဆိုတော့....

သာဝတ္ထိပြည်မှန် ဇေတဝန် ကျောင်းတော်မှာ ဘုရားရှင် သီတင်းသုံး နေတော်မူတဲ့အခါ ဇေတဝန်ကျောင်းတော်ရဲ့ မနီး မဝေးမှာရှိတဲ့ ကျောင်းတဆောင်မှာ “ ဖဂ္ဂုဏ ” အမည်ရှိတဲ့ ရဟန်းတော်တပါး နေထိုင်လျက်ရှိတယ်။

အဲဒီ ဖဂ္ဂုဏ ဆိုတဲ့ ရသန်းတော်ဟာ တနေ့ကျတော့မကျန်း မမာဖြစ်လာတယ်၊ တော်တော်ကြာလာရင်ဘဲ မကျန်းမာဒါဟာ

သက်သာတယ်လို့မရှိဘဲ အသဲအသန် ဝေဒနာ ဖိစီးလာခဲ့တယ် အဲဒါနဲ့ အရှင် အာနန္ဒာမထေရ်က အကဲလေးခပ်ပီး ဒီ "ဖဂ္ဂုဏ မထေရ်ဟာဖြင့် အခုနေမှာ အားကိုး အားထားစရာ ဘာတခုမှ မရသေးဘူး၊ မရဏာသန္နအသေဝကလဲနီးနေပီ ဒီဒုက္ခဝေဒနာနဲ့သာ စုတိကျရရင် လှလှကြီး မှောက်တော့မယ်၊ ဒီတော့.... မိတ်ဆွေကောင်းအဖြစ်နဲ့ ဆောင်ရွက်အုံးမှဘဲ" လို့ စဉ်းစားပီး ဘုရားသခင်ထံသွားပ်ီး အကြောင်းစုံ လျှောက်ထားတယ်။

ဒီတော့- ဘုရားကိုယ်တော်မြတ်ကလဲ မဟာကရုဏာတော်ရင်တဆူ ဖြစ်တော်မူသည့် အလျောက် ကိုယ်တော်တိုင် ကြွရောက်ပီး အဲဒီ ဖဂ္ဂုဏမထေရ်နေတဲ့ ကျောင်းကလေးကို လိုက်တော်မူလာတယ်၊ ဘုရားရှင် ကြွတော်မူလာတယ်ဆိုရင်ဘဲ ဖဂ္ဂုဏမထေရ်ဟာ အင်မတန်ကြီး မမာနေရာကထပီး ဝတ်ကြီး-ဝတ်ငယ်ပြုမဲ့ အမူအရာကိုမြင်ရတယ်၊ဒီတော့ ဘုရားရှင်က "ချစ်သားချမ်းသာသလို နေပါ၊ငါဘုရားခွင့်ပြုတယ်'လို့ မိန့်တော်မူပြီး "ချစ်သားရော၇၊ ဝေဒနာဟာ ဘယ်လိုမျှား နေသေးသလဲ" လို့ မေးတော့ ဖဂ္ဂုဏရဟန်းက " မှန်လှပါ....ဝေဒနာ တိုးပါတယ် ဘုရား " လို့ လျှောက်တယ်။

ဒီတော့- ဘုရားရှင်က တရားအချက်ကို ဟောကြားမိန့်မြွက်တော်မူတယ်။

"ချစ်သား-ဖဂ္ဂုဏ၊ ခန္ဓာရှိလို့သာ ဝေဒနာ လာနိုင်ဒါ ဘဲ၊ ခန္ဓာရှိနေရင် ဝေဒနာလာနိုင်မယ်၊ နှိပ်စက်နိုင်မယ်၊ ခန္ဓာသာမရှိရင် ဝေဒနာမလာနိုင်ဘူး၊ ခန္ဓာချုပ်ရင် ဝေဒနာ ချုပ်တာဘဲ။

" ခန္ဓာဟာ ဒုက္ခဟူသမျှကို ခံယူတတ်တဲ့ သဘောရှိတယ်၊ ခန္ဓာဟာ ဒုက္ခရဲ့ စုဝေးရာဘဲ၊ ခန္ဓာဟာ ဒုက္ခစုရာ ဆင်းရဲအမှန် ဖြစ်တဲ့ ဒုက္ခသစ္စာဘဲလို့ သိရမယ်။

" အဲဒီ ဒုက္ခ အချက် ဆင်းရဲနက်ကို မပြတ်ရှု၊ နှလုံးသွင်း၊ ဉာဏ်နဲ့ ရှင်းအောင် ကြည့်လေတော့ ချစ်သား၊ ခန္ဓာ မရှိရင် ဒုက္ခဟူသမျှ မလာနိုင်၊ ခန္ဓာ ချုပ်ရင် ဒုက္ခအစု ချုပ်တာဘဲ၊ ခန္ဓာရှိသမျှ ဒုက္ခ ရမှာဘဲ၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာ့အပြစ်ကို မပြတ်ရှု ဆင်ခြင်လော့ "။

ထို့နောက်လဲဆက်လက်၍ဟောတော်မူပြန်တယ်၊ "ချစ်သား ဖဂ္ဂုဏ ကော်ဘင်းစ္ဘ နှလုံးထားလော့၊ ဒီခန္ဓာ အစုဟာ အပူက ပေးတဲ့ ဒုက္ခကုလ ခံယူတတ်တယ်၊ အအေးကပေးလဲ ခံယူတတ်တယ်၊ အခါးကပေး, အစပ်ကပေး, ပေးသမျှ ဒုက္ခအစုကို သူက ခံယူတတ်တယ်။

• ဒါကြောင့်- ဒီခန္ဓာကို၊ ဆင်းရဲအမှန်တရား ဒုက္ခ သစ္စာလို့ ခေါ်ဆိုရတယ်၊ မိမိက မကြိုက်တာ မနှစ်သက်တာ ဟူသရွေ့ သူက အကုန် လက်ခံတတ်တဲ့ သဘော ရှိတယ်၊ သူနဲ့ ကြာရှေ နေရလေ မကောင်းလေဘဲ ဆိုတဲ့ အချက်ကို ဉာဏ်သက်အောင် အမြဲ နှလုံးသွင်းလေလော့ "။

ခန္ဓာချုပ်ရာ နိဗ္ဗာန်တရားဟာ အချမ်းသာဆုံးဖြစ်ပေတယ်၊ ခန္ဓာချုပ်ရာ ဒုက္ခအပေါင်း၏ ချုပ်ဆုံးရာ ဖြစ်တဲ့အတွက် နိဗ္ဗာန်ဟာ အလွန်လျင် အေးမြ ချမ်းသာ လှပေတယ်၊ ချမ်းသာစစ် ချမ်းသာမှန် ကောန်မှန်လှပေသည် ချစ်သား...."

စသည်အားဖြင့် ဟောကြား ဆုံးမတော်မူတယ်၊ ဒီလို ဟောကြားပီး အတန်လောက် ကြာရင်ဘဲ ဖဂ္ဂုဏ မထေရ်ဟာ စုတိကမ္မဇရုပ် ချုပ်သွားရှာတယ်။

ဒီအခါမှာ ရှင်အာနန္ဒာက ကြည့်ရှုအကဲခတ်ပြီး ဘုရားရှင်ထံ ပြောဆို လျှောက်ထားတယ်။

"အရှင်ဘုရား ဖဂ္ဂုဏမထေရ်ဟာ ဣန္ဒြေ ကြည်လင် လှပါတယ်၊ ဣန္ဒြေ ကြည်လင်သလောက် ချို့ယွင်း ဖေါက်ပြန်ချက် မတွေ့ရဘူး၊ ချို့ယွင်း ဖေါက်ပြန်ခြင်း လုံးဝကင်းပြီး အေးဆေး တည်ငြိမ်တဲ့ အသွင်လက္ခဏာ ရှိပါတယ် ဘုရား" လို့ လျှောက်ထားတယ်။

ဒီလို လျှောက်တော့ ဘုရားရှင်က အကြောင်းခြင်းတကို ဖွင့်ဟ မိန့်ကြားတော်မူလိုက်တယ်။

"ချစ်သား - အာနန္ဒာ ဖဂ္ဂုဏဟာ ဣန္ဒြေ အမှု အရာ ကြည်လင်မှာပေါ့၊ ဘာ့ကြောင့်လဲ ဆိုတော့ ငါဘုရား တရား တော်ကို အစ, အလယ်, အဆုံး ကောင်းမွန်စွာ နာကြားရပေတယ်၊ အစ, အလယ်, အဆုံး ကောင်းခြင်း သုံးရပ်နဲ့ ညီညွတ်တဲ့ တရားတော်ကို ကြားနာ သွားရ ပေတယ်၊ ဒါကြောင့်မို့လဲ ဖဂ္ဂုဏ,ဟာ အောက်မဂ်သုံးပါးကို မျက်မှောက်ပြု၍ သွားနိုင် ခဲ့ပေတယ် အာနန္ဒာ"။

"ဒါကြောင့် ဖဂ္ဂုဏ,ဟာ ကောင်းမြတ်သော သေခြင်းနဲ့ သေသွားတယ်လို့ ဆိုရတယ်၊ ဒီနည်းနဲ့ သေရင် ချို့ယွင်း ဖေါက်ပြန်ရိုး ထုံးစံမရှိပေဘူး၊ ကြည်လင် သန့်ရှင်းစွာ ဣန္ဒြေ မှုရာမျိုး ရရှိမြဲ ဓမ္မတာပေဘဲ ချစ်သား အာနန္ဒာ" လို့ မိန့်ကြား ဖြဆိုတော်မူတယ်။

ဒီတော့ - ဒို့ဒကာတွေ အသေကောင်းနဲ့ မျှား မသေချင်ကြဘူးလား?၊ သေချင်ရင် ဘုန်းကြီးက သင်ပေး ရဒါပေါ့၊ ခန္ဓာရထားကြသမျှ သေဘေးက မလွှတ်နိုင်ကြဘူး၊ ခန္ဓာရနေသမျှ သေဘေးနဲ့ ကြုံရမှာဘဲ၊ ခန္ဓာဟာ ဒုက္ခအစု ဆင်းရဲမှု ဟူသမျှ သူက အကုန်လက်ခံဒါ၊ တကယ်သာ အသေက လွှတ်ချင်ကြရင် နောက်, ခန္ဓာ ဆုမတောင်းကြနဲ့။

ဒို့ဒကာတွေကတော့ ဒီလိုမဟုတ်ပေါင်၊ သူ့ကိုဘဲ မရ-အရ ဆုတောင်းပီး ယူနေကြတယ်၊ နောက်ထပ် မရ-အရဆုတောင်းပီး ယူအုံးမယ်ဆိုရင်ဖြင့် "သေချင်ကြလို့ဘဲ၊ အသေဘဲ ကြိုက်လွန်းလို့ဘဲ၊ သူ့ထက်မိုက်တဲ့လူဖြင့် မရှိတော့ဘူး" လို့ ဆိုထိုက် မဆိုထိုက်၊ အေး....လိမ္မာဘို့ အချိန်ရောက်ကြပြီ၊ လိမ္မာသင့်ကြပြီလို့ မှတ်လိုက်ကြ။

လူခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာ ဆိုတဲ့ ခန္ဓာအမျိုးမျိုးတွေကို ဆုတောင်းပီးယူနေကြတယ်၊ အဲ-ခန္ဓာအမျိုးမျိုးတွေရလာတော့ အသေ အမျိုးမျိုးနဲ့ ကြုံရ၊ ဒုက္ခ အမျိုးမျိုးတွေ ခံကြရဒါပေါ့၊ ခန္ဓာရချင်ယူချင်ရင် ကုန်းရုန်းပီးခံနိုင်အောင်သာခံကြပေတော့။

ခန္ဓာလို့ချင်လို့ ခန္ဓာတောင်းယူနေကြဒါဟာ ဘာလို့လဲ?၊ သစ္စာတရား အမှန် အကန် တရားကို မသိကြလို့ဘဲ၊ "ခန္ဓာဟာ ဒုက္ခဘဲ"လို့ မသိဘူး၊ မသိဒါဟာ အဝိဇ္ဇာတိမ်သလာဖုံးနေလို့ ပညာမျက်စိ စုံလုံး ကန်းနေတယ်၊ ကန်းနေတော့ "ဒုက္ခအစစ်ဘဲ ဆင်းရဲအမှန်ဘဲ" ဆိုဒါ မသိတော့ဘူး၊ မသိတော့ ခန္ဓာရချင် ယူချင်ကြဒါပေါ့။

"လောကမှာ မကောင်းဒါ လိုချင်တဲ့လူဟာ အရူးမို့သာ" ဘဲလို့ ဆိုရသလို အဲဒီ သစ္စာ မသိတဲ့သူကိုလဲ အရူး အကန်းဘဲလို့ ဆိုထိုက်,မဆိုထိုက်၊ ရူးလဲ ရူးသေး၊ ကန်းလဲ ကန်းသေး ဘာမျှး ကောင်းဒါ ရှိသေးသလဲ? စဉ်းစားကြ၊ မိမိက အရူး အကန်း ဆိုတော့ ဒုက္ခခန္ဓာ အဖေါ်လုပ်မိနေတာပေါ့၊ ဒုက္ခခန္ဓာအဖေါ် လုပ်မိတော့ "ဒုက္ခနဲ့ လူ လူနဲ့ ဒုက္ခ" 'မိမိနဲ့ ဒုက္ခ-ဒုက္ခနဲ့ မိမို' ဘယ်တော့မှ ခွဲခွါလို့ မရတော့ဘူး။

ဥပမာကြမ်းတယ်လို့ မျှးမအောက်မေ့ကြပါနဲ့၊ခွေးဝဲစားနဲ့ဘဲ တူသတဲ့၊ ခွေးဝဲစားလေးလို ပါဘဲတဲ့၊ ခွေးဝဲစားဆိုဒါ ခွေးနဲ့ဝဲနာ ခွဲခွါလို့ မရသလို မိမိနဲ့ ဒုက္ခ(ဝါ)ခန္ဓာနဲ့ ဒုက္ခဟာလဲ ခွဲခွါလို့ မရဘူး၊ ခွေးဝဲစား ကလေးဟာ ပြေးရင်း လွှားရင်းလဲ မပြောင့်ဘူး၊ ဝဲနာကယာလို ဖျောက်လိုက်ရ၊ သွားရင်းလာရင်း စားရင်း သောက်ရင်း ဖျောက်လိုက်ရ၊ ကောင်းကောင်း စားရ သောက်ရတယ်လို့ မရှိရှာဘူး၊ တလုပ်စားလိုက် ဝဲနာလွဲဖျောက်လိုက်၊ တလှမ်းသွားလိုက်ဝဲနာလွဲ ကုတ်လိုက်ရနဲ့ ဣန္ဒြေကိုမရနိုင်ဘူး၊ ကောင်းကောင်းနေရတဲ့ အချိန်ရယ်လို့ မရှိတော့ဘူး၊ ဝဲနာယာလို့ ကုတ်ရဒါနဲ့ အချိန်ကုန်ဒါဘဲတဲ့။

ဒီအတိုင်းပါဘဲ ဒို့ဒကာတွေ ရန်ကုန် သွားရင်းနဲ့လဲ လမ်းမှာလေနာ,ရင်နာထ ဖျားချင်လဲဖျားနေ အအေးမိ,နှာစေး ချောင်းဆိုးနဲ့ အမျိုးမျိုး ဝဲနာ ထနေဒါပါဘဲ၊ ဝဲနာထရင် ကုရအောင် သရအောင် ငွေရှာရ,ပစ္စည်းရှာရ ဆရာဝန်နဲ့ သင့်အောင်ပေါင်းရ, အဲဒါ ဝဲနာထ,ထနေတာလို့ ခန္ဓာအတွက် လုပ်နေကြရဒါဘဲ ရှင်းကြပလား?။

ဒီလို ခန္ဓာနဲ့ ပေါင်းသင်းပီး နေထိုက်, မနေထိုက် စဉ်းစားကြ သူ့ကို ဒီလောက်တောင် ပြုရ, စုရ, အဝတ်ဆင်ရ, အစာကျွေးရ တယု တယ ကြောင့်ကြစိုက်နေရတဲ့ ကြားထဲက သူကသေလိုက် တော့မယ်မျှားပြောသေးတယ်၊ ခေါင်းကိုက်လိုက် ဗိုက်နာလိုက် အသဲ အသန် မမာလိုက်နဲ့ "ငါ့-ဟရိုက်၊ ငါသေတော့မယ်"နဲ့ ပြော,ပြောနေသေးတယ်။

"အမောင်ရယ် တောင်းပန်ပါရစေ, မသေလိုက်ပါနဲ့အုံး ကျုပ်, ခင်ဗျားကို အမျှားကြီး အသိုလိုက်ပါမယ်, ပြုစုပါမယ်, ယုယပါမယ်" ပြောပေမဲ့ ရကြသလား?၊ မရပါဘူး၊ နဂိုကထဲက အနိစ္စ, မမြဲတဲ့ခန္ဓာ၊ ဒုက္ခ, ဆင်းရဲတဲ့ခန္ဓာ၊ အနတ္တ, ကိုယ့်အလို မပါတဲ့ခန္ဓာပါလို့ ပြောနေမှာဘဲ။

ခရီးသွားရင်း အရောင်း အဝယ် သွားရင်းနဲ့ တချို့မျှား အိမ်ကိုတောင် ပြန်မရောက်ကြဘူး၊ လေထိုးလို့၊ လေဖြတ်လို့၊ ကားမှောက်လို့နဲ့ လမ်းခုလပ်မှာဘဲ သေပဲ့ ဝင်ကြ ရတယ်၊ "ကျုပ်အိမ်စိတ်မချလို့ ခဏလောက်ဆိုင်းပါအုံး စာရင်းတွေက မရှင်းရသေးလို့ပါ၊ ခုနစ်ရက်လောက် ဆိုင်းပါအုံး"ဆိုလို့မျှား ရပါရဲ့လား?၊ တားလို့ ဆီးလို့ ရနိုင်ပါ့မလား?၊ ဘယ်မှာ ရနိုင် ပါ့မလဲ?၊ ခန္ဓာကိုယ်က အနတ္တပါလို့ ပြောနေမှာဘဲ၊ ဒုက္ခလို့ အနိစ္စလို့ ပြောနေမှာဘဲ၊ မသေချင်ဘဲနဲ့လဲ သေရတယ်၊ မသေ အောင် အောင့်နေလို့လဲမရ ဆိုင်းထားလို့လဲ မရဘူး။

ဒါနဲ့မျှား ဒကာတို့တတွေက ဒီလောက်ကြီးနိုပ်စက်ဘဲ့ ခန္ဓာ ကို မရ-အရ ဆုတောင်းပီး ယူ၍ကြ သေးတယ်၊ တရားနာနေ ရင်းကတောင် ဟိုဘက်ပြောင်းရ,ဒီဘက်ပြောင်းရ,အငြိမ်ကိုမနေ

နိုင်ကြဘူး၊ စဲနာထလို့ ဘဲမွှတ်လား၊ ခါး ဆဲကတောင့် ကျောထဲက အောင့် ဇက်ကထိုးနဲ့ အမျိုးမျိုး စဲနာသနေကြတယ်၊ တရားကို တောင် ငြိမ်ငြိမ်မနာနိုင်ကြဘူး၊ စဲနာသလို့ ခန္ဓာမှာစဲနာထဒါနဲ့ အချိန်ကုန်ဒါဘဲ။

ဒကာတို့ အခုလဲ သူ့ဘို့ပစ္စည်းရှာရတယ်၊ ကျွဲဘို့ မွေးဘို့ ပြုဘို့ စုဘို့ အခုလဲပြုစုနေရသေး၊ အခုမမာရင် အခုကုဘို့လဲရှာရ နောက်ကုဘို့လဲ ရှာပေးစုထားရ ဒါနဲ့ ဘဲအချိန်ကုန်နေကြရဒါဘဲ၊ ဒီပြင် ဘာအကျိုးမျှား ရှိကြအုံးမှာလဲ?၊ ဘုရားအလုပ်၊ တရား အလုပ်မျှားလုပ်နိုင်ဘို့ အချိန်ရကြသေးသလား?၊ လုပ်နေသမျှ သူ့အတွက်ကမျှားတယ်၊ တော်လောက်ကြပီထင်တယ်။

ဒုက္ခခန္ဓာကြီးဟာ လေ့ပေါက်လိုဘဲ၊ ဒီဒုက္ခသစ္စာကြီး ဖါဘို့, ထေးဘို့, မဘို့, ဒါကို မပျောင်း မရိ လုပ်နိုင်ကြဒါမျှား အံ့လောက်ပါရဲ့၊ သာမညရူးရင်ဖြင့် မလုပ်နိုင်ပါဘူး၊ အလွန်ကိုရူးလွန်းလို့ လုပ်နိုင်ကြဒါလို့ မဆိုထိုက်ဘူးလား?၊ ဘလောက်ပဲအားထုတ်ပီး ဖါကြ, ထေးကြ, မကြပေမဲ့ မရပါဘူး၊ လော်ရင်းက နဖ်ကြရမှာဘဲ၊ ရှင်းကြပလား?။

ဒို့ဒကာတော့ ဘာနဲ့ အချိန်ဖြုန်း နေကြသလဲ?၊ ဘုရားကိစ္စ တရားကိစ္စနဲ့ ဘဲလား?၊ ဒီ-ဒုက္ခခန္ဓာကြီးအတွက်ဘဲလား?၊ ကိုယ်ကိုယ်ကို ပြန်မေးကြည့်ကြ ခင်ဗျားတို့ဟာ ဆေးရုံက သူနာပြုဆုတောင်း ထားသလိုပါဘဲ၊ အဲ.... ခန္ဓာရှိသူမှန်သမျှ သူနာပြုရာထူး ရထားဒါနဲ့ အတူတူဘဲ။

ခန္ဓာကအစိုးမရလို့ ကိုယ် ဟာကိုယ် မဟန်နိုင်တော့တဲ့အချိန် ကျပြန်တော့လဲ "ဝိုင်းပါဟ-ဝန်းပါဟ ဘယ်လောက် ပေးရပေးရ ဆရာဝန်ခေါ်ကြပါအုံး လူထက်ဘာမှပိုမကောင်းဘူး လူမသေငေ့မရှားဘူး" လို့ ဝိုင်းဝန်းကြပ်မတ်ပီး စောင့်ရှောက် ပေးပေမဲ့ ဒီကြားထဲက ကိုယ်ဟာကိုလက်ရှေ့ရ၊ ဆွဲမျိုးတွဲလဲ လက်ရှေ့လို့က်ရ၊ လက်ရှေ့ပီး နောက်ဆုံး ခေါင်းထဲသွား ခေါင်းထဲဝင်ရ ဒါပါဘဲ၊ဒီထက် ဘာများပိုသေးလို့လဲ?သဘောပါကြရဲ့လား။

ဘလောက်ပဲ ပြုနေကြ စုနေကြ ပြုကျိုးမနပ် စုကျိုးမနပ်တဲ့ ဒုက္ခခန္ဓာပါ သူစိမ်းပြင်ပ သူများကိုတော့ မြင်တတ် ကြတယ်၊ ကိုယ့်ခန္ဓာမှာတော့မမြင်တတ်ကြဘူး၊ ဒကာတို့ဟာကဖျင်းလို့က် တာမှ လွဲန်ရောဘဲ၊ တခါဖျင်းမကဘူး ဘဝ အဆက်ဆက်က ပါလာတဲ့ အဖျင်းတကာ ထိပ်ပိတ်ချည့်ဘဲ၊ ပြော, မပြောချင်တော့ဘူး မိုက်သထက် ပိုမိုက်နေကြတော့တယ်။

ဒီကနေ့ကစပီး ပြင်ကြ၊ မမိုက်ကြတော့နဲ့၊ ဒီတချိမိုက်မိရင် မိုက်စသိမ်းဘို့ရာ မမြင်တော့ဘူး၊ မမိုက်တော့ဘူးဆိုရင် အမိုက်လက်စဆုံးကြမှာဘဲ ဒီတော့,ဘုန်းကြီးတို့က ဘုရားရှင်ကိုယ်တော်စား ကျကျနန ဟောပြနေတာမို့ ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ ဘုရားစကားတော်တွေလို့ဆိုပြီး လိုက်နာကြ။

ဘုရားရှင်က သေခါနီးရင် ဘယ်လိုသေရမယ်ဆိုတဲ့ သေနည်းသင်ပြခဲ့တယ်၊ သေဒါများ သင်နေရသေးသလားလို့ မအောက်မေ့လိုက်ကြနဲ့၊ ဒို့ဒကာတွေ ခုထက်ထိ အနေလဲမတတ်၊ အသေလဲမတတ်ကြသေးဘူး၊ ဒါကြောင့် ဘုရားအဆူဆူကို ရှောင်ကွင်းပီး ဆင်းရဲတွင်း နက်နေကြဒါဘဲ။

ဘုရားရှင်က သေနည်းနှစ်မျိုး ဟောပြခဲ့တယ်၊ နှစ်မျိုးက ....

(၁) တရားတော်နာကြားရင်း သေတဲ့နည်းနဲ့။
(၂) မိမိကိုယ်တိုင် တရားနှလုံးသွင်း ဆင်ခြင်၍ သေတဲ့နည်းလို့ နှစ်မျိုး။

တရားနာရင်းသေရင် အောက်သံယောဇဉ်ငါးပါးကိုပယ်နိုင်တယ်တဲ့၊ တရားကလဲ ခန္ဓာကို စက်ဆုပ်အောင် ဟောတဲ့ တရားဖြစ်ရမယ်၊ ဒုက္ခသစ္စာ ပိုင်းခြားပီး သိတဲ့ သစ္စာဆိုက်တဲ့ တရားသစ္စာဆိုက်အောင် ဟောပြတဲ့ တရားမျိုးသာ ဆိုလိုတယ်၊ သစ္စာမဆိုက်တဲ့ ဒီပြင်တရားမျိုးကို ဆိုဒါမဟုတ်ဘူးလို့မှတ်ကြ။

ကိုယ့်ဟာကိုယ် ဆင်ခြင်ပီးသေနည်းက "သေခါနီးရင် ဒုက္ခဝေဒနာ ဒုက္ခဒဏ်ချက် တခုခု ပေါ်လာမယ်၊ အဲဒီ ပေါ်လာတဲ့ ဒုက္ခဝေဒနာကို ဖြစ်ပျက်ရှုပေး၊ အော်....နှိပ်စက်တဲ့ တရားပါလား၊ နှိပ်စက်တာ ကောန်ဖြစ်လို့ ဒုက္ခတရား ဒုက္ခသစ္စာကြီးဘဲ ဒီ-ဒုက္ခတရား ဒုက္ခသစ္စာဟာလဲ မမြဲပါဘူး၊ ဖြစ်ပီးပျက်သွားတာဘဲ၊ ဝေဒနာလဲ ဖြစ်ပီးပျက်၊ ဒီဝေဒနာရဲ့ ဆင်းရဲသဘောဟာလဲ ဖြစ်ပီး ပျက်တာပါဘဲ။

အားလုံး ဖြစ်ပေါ် လာသမျှတွေဟာ ပျက်ကြရဒါချည့်ဘဲ၊ ဘာဘဲလာလာ ပျက်မှာချည့်ဘဲ၊ အဖြစ်နဲ့ အပျက်ကလဲရင်ဘာမှ မရှိပါကလား၊ "ဖြစ်ပျက်,ဖြစ်ပျက်"လို့ ရှုနေရမယ်၊ ဖြစ်ပီး ပျက်သွားတဲ့ ဖြစ်ပျက်အစဉ်မှာ ဉာဏ်ရောက်နေရမယ်၊ ဒီလိုဉာဏ်နဲ့ နေတော့ ဝေဒနာ ချုပ်သွားတယ်၊ ဝေဒနာချုပ်တာ ဒုက္ခချုပ်တာဘဲ၊ "ဝေဒနာ နိရောဓာ တဏှာ နိရောဓော" ဝေဒနာချုပ်တဲ့နောက် တဏှာအလိုလိုသေတယ်၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ် ဒီတွင်ဘဲပြတ်၊ ပြတ်တော့ "ဒုက္ခနိရောဓော နိဗ္ဗာနံ" လာဒါဘဲ။

ဒုက္ခဝေဒနာ လာသမျှ မြစ်ပျက်သာရှု၊ ဖြစ်ပျက် အနိစ္စ နောက်က မဂ္ဂဉာဏ်လိုက်ရမယ်၊ဒီလိုဖြစ်ပျက်နဲ့ မင်္ဂလာပြတ်အောင် ဉာဏ်လိုက်သွားနိုင်ရင် မသေခင်ကလေးမှာ သုံးမင်္ဂလာအောင် ရနိုင်တယ်၊ အားမကိုးထိုက်ကြဘူးလား?။

ဘုရားရှင်က အလွန်တရာ ထက်သန် ကြီးမားလှတဲ့ မဟာ ကရုဏာတော်နဲ့ ဟောပြခဲ့ဒါ၊ "သတ္တဝါ ဝေနေယျ" ဒကာတို့ကို သနားလွန်းလို့ ကြိုးစား လိုက်နာကြ၊ ပေါ့ပေါ့ကလေးများ မမှတ်လိုက်ကြနဲ့။

"သဒ္ဓမ္မဿဝနံ အတိ ဒုလ္လဘံ" ဆိုတဲ့အတိုင်း အင်မတန်မှ ညီညွတ်နိုင်ခဲ့တယ်၊ ကိုယ်လဲ ကျန်းမာမှ တရား နာနိုင်တယ်၊ ကျန်းမာလို့ နာနိုင်ပေမဲ့လဲ သစ္စာဆိုက်တဲ့တရားလဲဖြစ်ပါအုံးမှ "သဒ္ဓမ္မ"လို့ ဆိုနိုင်တယ်၊ ဒီတော့ ဒီတရားမျိုး,ဒီနားမျိုး,အဆင်ပြေဘို့ရာ တသက်မှာမှ တခါဘဲဆိုရင် မမှားပါဘူး။

ဒါကြောင့် အရေဝအောင် နာထားကြ၊ ခုအနေမှာအဆင် မပြေလို့ မင်္ဂလာခြေ, ဖိုလ်ခြေ မဆိုက်နိုင်ခဲ့သေးရင် သေခါနီးမှာ အရေးကြီးတယ်၊ သေပီး အပါယ်မကျဘို့ လုပ်ကြ၊ ဒီတော့ ကောင်းတာက ကိုယ့်ကိုယ်ကို ဆင်ခြင် နှလုံးသွင်းပြီး သေဒါ အကောင်းဆုံးဘဲမှတ်၊ ဒို့ဒကာတွေ သေတဲ့အခါ ကိုယ့်သစ္စာ ကိုယ်ရှုပီး သေကြပါလို့ ပြောလိုက်ပါတယ်။

ဒကာတို့ တတွေဟာ ခန္ဓာရထားမှတော့ သေနာပေါက်မဲ့ လူချည့်ဘဲ၊ သေနာ မပေါက်မဲ့သူ တယောက်မှ မပါပါဘူး၊ ဒီတော့ ဒုက္ခမရောက်ရအောင် ခုကထဲက ဒီဆေးကိုလုပ်ထားကြ

ဒီဆေးနဲ့မှ သေခြင်းကောင်းသေရမယ်၊ ဒီသေနည်းနှစ်ခုမသိရင် ဒါမှမဟုတ် မလုပ်မိကြရင် သေခြင်းဆိုးသာ ကြုံရမယ်လို့သာ ဆုံးဖြတ်ချက်ချ၊ သေခြင်းဆိုး မကြုံချင်ရင် ခုအချိန်က ပြည့်စုံအောင် လုပ်ထားကြ။

လုပ်ထားရင် သေခြင်းဆိုးက လွတ်မယ်၊ သေခြင်းဆိုးလွတ်ဆိုဒါ အပါယ်လမ်း ပိတ်တာကို ပြောဒါ၊ အပါယ်လမ်းလဲပိတ်ကရော, နိဗ္ဗာန်တံခါးလဲ ပွင့်လာရော၊ သုဂတိလမ်းဆိုဒါကတော့ မဆန်းပါဘူး၊ သံသရာ လမ်းတလျှောက်မှာ မရောက်ဘူးတဲ့ ဘုံဘဝရယ်လို့မရှိပါဘူး၊ ဒါပေမဲ့လဲ ခဏတဖြုတ်ပါ၊သုဂတိကနဲနဲပါးပါးလောက်နဲ့ အပါယ်ကသာ များနေဒါ။

ဥပမာဆိုရင် ကောင်းကင်မြွောက်လိုက်တဲ့ "ခဲ"လို ပါဘဲတဲ့၊ ကောင်းကင် မြောက်တက်သွားတဲ့ အရှိန်လောက် ကြာဒါပါ၊ အရှိန်ကလေးကုန်တော့ ပြန်ကျလာပြီး အောက်မှာ နေ,နေတဲ့ အချိန်ဟာ ဒုဂ္ဂတိဘဝ အပါယ်သံသရာ နေရတဲ့အချိန်နဲ့ ဥပမာတူတယ်လို့ မှတ်ကြရမယ်။

ဒီတော့ - နိဗ္ဗာန်ရဘို့ အရေးကြီးတယ်၊ နိဗ္ဗာန်ရအောင် ဘယ်လိုလုပ်ရမလဲ?၊ ဒီနေရာမှာ မိလိန္ဒမင်းက အရှင်နာဂသိန်မထေရ်ကို မေးမြန်းတဲ့စကားအချက်ကို ထုတ်ပြရမယ်။

"အရှင်ဘုရား၊ နိဗ္ဗာန်ကို အလုံးစုံသော ပုဂ္ဂိုလ်များရနိုင်ပါသလား" မိလိန္ဒ မင်းကြီးက ဒီလို မေးလျှောက်တော့ အရှင်နာဂသိန်မထေရ်က....

" မင်းကြီး၊ အလုံးစုံသော ပုဂ္ဂိုလ်တို့ မရနိုင်ပေဘူး " လို့ ဖြေတယ်၊ " ဒါဖြင့် ဘယ်လို ပုဂ္ဂိုလ်မျှားမှ ရနိုင် ပါသလဲ?၊ ရှင်းလင်း မိန့်ကြားတော်မူပါဘုရား " လို့ လျှောက်ထားတော့ ရှင်နာဂသိန် မထေရ်က....

" မင်းကြီး၊ အဘိဇည်ယျ အဘိဇာနာတိ-တဲ့၊ ထိုးထွင်းပိုး သိရမဲ့တရားကို ထိုးထွင်းပိုးသိတဲ့ပုဂ္ဂိုလ်မှသာ နိဗ္ဗာန်ရနိုင်တယ် " လို့ ဖြေကြားတော်မူတယ်။

အဓိပ္ပါယ်က ပိုင်းခြားပီး သိရမဲ့ တရား၊ ပယ်ရမဲ့ တရား၊ ပွါးများရမဲ့ တရား၊ မျက်မှောက်ပြုရမဲ့ တရား၊ ဒီလို သစ္စာလေး ပါးတရားကို ထိုးထွင်းပီးသိမှ နိဗ္ဗာန်ရနိုင်တယ်လို့ ဆိုလိုတယ်။

ဒို့ဒကာတွေ အတွက်တော့ လေးပါးဆိုရင် များနေပါလိမ့်မယ်၊ လန့်ကုန်မှာ စိုးရတယ်၊ ဒါကြောင့် " ဒုက္ခသစ္စာ " သိရင် ရောက်တယ်လို့ ဘဲ ဘုန်းကြီးက ဟောမယ်၊ တစ်ဆို လွယ်တယ်၊ ကြိုးစားမှဘဲဆိုပီး ကြိုးစားကြ၊ တစ်မှ မကြိုးစားချင်ရင်တော့ တစ်ကလဲရင် သူညဘဲကျန်တော့တယ်၊ တခုကိုတော့ကြိုးစားကြ တစ်,ကြိုးစားရင် သုံးပါးအတွက်ကိစ္စပီးစီးပါတယ်၊တပါးသိရင် ကျန် သုံးပါးကိုလဲ အလိုလိုသိလာပါတယ်၊ အခုပြောဒါသံယုတ် ပါဠိတော်မှာ ဟောတဲ့စကား....

" ယော ဘိက္ခဝေ ဒုက္ခံ ပရိဇာနာတိ သမုဒယမ်ပိ ပဇာတိ နိရောဓမ်ပိ သစ္ဆိကရောတိ မဂ္ဂမ်ပိ ဘာဝေတိ "

လို့ ဟောတော်မူတယ်၊ ဒါကြောင့် တစ်,လောက်တော့ မခဲယဉ်းပါဘူး၊ ကြိုးစားကြ။

ဒါဖြင့် ဒီနေရာမှာ ဘယ်လိုမျိုး ကြိုးစားရမှာလဲဆိုတော့ ဥပမာ, ထမင်းစားတယ်ဆိုပါစို့၊ ထမင်းစားတော့ ဇီဝှာပဿာဒ လျှာ,အကြည်ရုပ်နဲ့ အရသာရုပ်ကို အစဲ့ပြုပြီး၊ ဇီဝှာဝိညာဏ် လျှာ,အသိစိတ် ဖြစ်ပေါ်လာရတယ်၊ အဲဒီ လျှာ, အကြည်ရုပ် အရသာရုပ်၊ လျှာ,အသိစိတ်ဆိုတဲ့ သုံးခုပေါင်းဆုံမှုသဘောဟာ "ဖဿ"ဘဲ၊ ဖဿ ဖြစ်တော့ ခံစားမှု ဝေဒနာ တခုခု ဖြစ်ပေါ်လာတယ်။

"ဇီဝှဥ္စ ပဋိစ္စ ရသေစ ဥပဇ္ဇတိ ဇီဝှါဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော, ဖဿပစ္စယာ ဝေဒနာ, ဝေဒနာပစ္စယာ တဏှာ "

လို့ ဆ,ဆဂ္ဂသုတ် ဒေသနာမှာ ဟောတော်မူတယ်။

ဒါကြောင့်လဲ.... ဒီ စားသောက်တဲ့ နေရာမှာ သတိကပ်ဖိုးရှုမှတ်ရမယ်၊ " စားသိပျက်, စားသိပျက်, စားသိ ဖြစ်ပျက် စားသိဖြစ်ပျက် " လို့ရှု၊ ရုပ်ရှုရှု၊ နာမ်ရှုရှု၊ တခုခု မိအောင်ရှု၊ ဖဿလဲရှု၊ ဝေဒနာလဲရှု၊ တခုခုကို မလစ်အောင် ဖြစ်ပျက်ရှုပေး စားသိပျက်ရှုရင် ဖဿဝေဒနာ တပြိုင်ထဲချုပ်တယ်၊ နာမ်ခန္ဓာ လေးပါးလုံး ချုပ်တာဘဲ၊ မရှုမိရင် ဝေဒနာ,တဏှာ,ဥပါဒါန်းကံတွေ ဇာတ်တိုက်လာလိမ့်မယ်၊ သတိမလွတ်စေနဲ့။

ရှုဒါနဲ့ အဲဒီ ဝေဒနာချုပ်တဲ့နေရာမှာ မဂ်ပေါ်လာတယ် မဂ်ပေါ်ဒါနဲ့ တဏှာသေဒါနဲ့ တချက်ထဲဘဲ၊ တဏှာသေဒါနဲ့ နိဗ္ဗာန် ပေါ်ဒါဘဲ၊ " တဏှာ နိရောဓော နိဗ္ဗာနံ "၊ သမ္မပ္ပဓာန် ဝီရိယနဲ့ ကြိုးစားအားထုတ်ကြ။

ဥပမာ .... အိပ်တဲ့အခါ ထိုင်တဲ့အခါဆိုပါတော့ ထွက်လေဝင်လေ၊ သို့မဟုတ် ရှူစိတ် ရှိုက်စိတ် ရှိနေတယ်၊ အဲဒီမှာဘဲ ရှုချင်ရှု၊ ရှုတဲ့အခါ "ရှူစိတ်ဖြစ်ပျက်, ရှိုက်စိတ် ဖြစ်ပျက်ဘဲရှု" ရုပ်ရှုလို့ ထွက်လေ ဝင်လေ သဘောမှာရှိတဲ့ လှုပ်ရှားမှုသဘောဆိုတဲ့ ဝါယောရုပ်ကို ရှုနိုင်တယ်၊ ရှုတိုင်း - ရှုတိုင်း လှုပ်ရှားမှုသဘော ဖြစ်ပျက် ဖြစ်ပျက်ဘဲ။

ကာယအကြည့်နဲ့ တွေ့ထိသွားလို့ ဖေဒွဗ္ဗရုပ်ကိုလဲ ရှုလို့ရတယ်၊ ရှူတိုင်း ရှိုက်တိုင်း ကာယအကြည့်နဲ့ ထိတွေ့ ထိတွေ့ပီး ဖြစ်ပျက်နေဒါကို ဉာဏ်နဲ့မြင်အောင်ကြည့်၊ ကြည့်ပီး အတွေ့သဘော တခုနဲ့ တခု တသဘောနဲ့ တသဘောပြောင်းလဲသွားဒါ မြင်ရမယ်၊ ဒါ သတိမလွတ်အောင် ဖြစ်ပျက်-ဖြစ်ပျက် ရှုပေး၊ ဘာရှုရှု တချက်ချက်မိအောင် ဉာဏ်ရောက်အောင်ရှုကြ၊ တဏှာတော့ မကူးစေကြနဲ့။

"ဒုက္ခနိရောဓော နိဗ္ဗာနံ ခန္ဓာနိရောဓော နိဗ္ဗာနံ
တဏှာနိရောဓော နိဗ္ဗာနံ" ဘဲ။

ဒါကြောင့် ဒုက္ခသစ္စာ တခုထဲကို ဒုက္ခသစ္စာအချက် ဖြစ်ပျက်ကို မြင်အောင်ရှုကြ၊ နောက် မုန်းအောင်, နောက် ဆုံးအောင် ရှုကြ၊ ဒုက္ခသစ္စာဘဲ၊ ဆင်းရဲအမှန် တရားဘဲလို့ ပိုင်ပိုင် နိုင်နိုင် ဆုံးဖြတ်ချက်ချနိုင်အောင် ရှုကြလို့ တိုက်တွန်းလိုက်တယ်။

ကိုင်း....ဒီနေ့ ဒီတွင်ဘဲ တော်ကြဦးစို့။

ဓမ္မရတနာမာတိကာ

"အနာဂတ်ဘေး လာမည့်ရေး တရားတော်"

အနာဂတ်ဘေး ငါးမျိုး

(၁) အိုဘေး။
(၂) နာဘေး။
(၃) ငတ်မွတ်ဘေး။
(၄) လူသင်းကွဲဘေး။
(၅) သံဃာသင်းကွဲဘေး။

ဆောင်ပုဒ်—

ခန္ဓာငါးတန်၊ လောင်စာမှန်၊ အလျှံရဲရဲစု။
သုံးတစ်မီးပုံ၊ ဝိုင်းကာအုံ၊ ဟုန်ဟုန် လောင်မြိုက်မှု။
လောင်မှန်းမသိ၊ မောဟဖိ၊ မိမိမိုက်ပြစ်ရှု။
လောင်စာသိမ်းကာ၊မီးငြိမ်းရာ၊မြန်စွာရောက်အောင်ပြု။
အနာဂတ်ဘေး၊ ကြာမဝေး၊ လေးဆေးမသင့်ခု။

သတိချပ်—

ကိုယ် ကိုယ်ကိုသာ၊ ဆုံးမရာ၊ လွန်စွာအခက်ဆုံး။
အရှယ်ရှိခိုက်၊ လုံလစိုက်၊ ကျင့်လိုက်ညာဏ်ထက်တုန်း။
မိုးကုန်ကာမှ၊ ထွန်ကိုချ၊ ဗာလ နောက်ပိတ်ဆုံး။
ဆင်ခြေဆင်လက်၊ ချိန်ရွဲ့တွက်၊ အခက်ကြုံကြအုံး။
တကျွာလွဲသမျှ၊ ငုံ့ခံကြ၊ ဘဝသံသာလုံး။
မေ့လျော့ပေါ့တန်၊ အသေခံ၊ တရုံဘယ်မဆုံး။
ကိုယ် ကိုယ်ကိုသာ၊ ကိုးကွယ်ရာ၊ မှန်စွာဥာဏ်လက်သုံး။

တရားသား။ ။ဒီကနေ့ ညမှာ "အနာဂတ်ဘေး" ငါးမျိုး ရှိတယ်လို့ သိရမယ်၊ ပဥ္စကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်မှာလာတဲ့ အနာဂတ်ဘေး ငါးမျိုးလို့ မှတ်ထားကြ မကြာခင်မှာ မိမိဆီကိုရောက်လာမဲ့ဘေးဆိုးငါးခုကို အနာဂတ် ဘေး ငါးပါးလို့ခေါ်တယ်။

အဲဒီဘေးငါးခုက။ ၁-အိုဘေး၊ ၂-နာဘေး၊ ၃-ငတ်မွတ် ခေါင်းပါးဘေး၊ ၄-လူသင်းကွဲဘေး၊ ၅-သံဃာသင်း ကွဲဘေး လို့ ပဌမ အကျဉ်းမှတ်ထား။

(၁) **အိုဘေး။** အိုဘေးဆိုဒါ ခါးကိုင်း, နားထိုင်း, သွား ကျိုး, ဆံဖြူ။ ငယ်မူတွေ အကုန် ပျောက်ပီး အသိဉာဏ်ပညာ ခန်းခြောက်တဲ့အရွယ်၊ အိုမင်း ရင့်ယော်တဲ့အခါ မျိုး မကြာခင် ရောက်လာမယ်၊ အခု တရားအားမထုတ်ရင် အဲဒီ "အိုဘေး" စောင့်ဒါဘဲလို့ ဆိုရမယ်၊ တရားတော်ဟာ အင်မတန် ဉာဏ် ထက်မြက်တဲ့အချိန်အရွယ်မှာမှအားထုတ်လို့ ကောင်းဒါ အရွယ် က ကုန်ဆုံး၊ အသိဉာဏ်ကလဲ တုံးနေပလားဆိုရင် ရာဘာတုံး လက်သီးနဲ့ ထိုးသလို နေရာကို မကျနိုင်တော့ဘူး၊ အချိန်ကြာ သလောက် ခရီးမရောက်ဘဲ ကြန့်ကြာနေတတ်တယ်။

ဒါကြောင့် .... အခုနေ အရွယ်ကောင်းတုံး ကြိုးစားကြ၊ အားထုတ်ဘို့ ကိုယ့်ကိုယ်ကို ဆုံးမကြ၊ ဓမ္မပဒ ပါဠိတော်မှာ "အတ္တာဟိ ကိရ ဒုဒ္ဒမော" လို့ ဟောတယ်၊လောကမှာ သူများကို ဆုံးမ ရဒါထက် ကိုယ့်ကိုယ်ကို ဆုံးမရဒါ အခက်ဆုံးဘဲတဲ့၊ ကိုယ့်ကိုယ်ကို လိမ္မာအောင် ပဌမ ဆုံးမကြရမယ်၊ ကိုယ့်ကိုယ် ကို ဆုံးမကြ။

(၂) **နာဘေး။** ကိုယ့်ကိုယ်ကို ဆုံးမလို့မှ မရရင် ဖြင့် အဲ—"နာဘေး" နဲ့ တွေ့လိမ့်မယ်၊ နာဘေးစောင့်တယ်လို့သာ မှတ်ကြတော့၊ နာဘေးဆိုတာလဲ အချိန်ရွေးဒါမဟုတ်ဘူး၊ ခန္ဓာရသူ ခန္ဓာရှိတဲ့သူ မှန်သမျှမှာ ဘေးကဝန်းရံပိုး စောင့်နေဒါသိကြရဲ့လား?၊ သူကဝင်နှိပ်စက်မယ်၊ ငါကဝင်နှိပ်စက်မယ်နဲ့ တက်ကဲပါဘဲ၊ ခုခေတ်မှာ (၉၆) ပါး မကတော့ဘူး၊အကြောင်းတိုက်ဆိုင်ဒါနဲ့ တချက်ထဲ နာဘေးက သင့်ဘို့ အဆင်သင့်စောင့်နေဒါ၊ ဒီတော့ အခုမှ အားမထုတ်ကြသေးရင် နာဘေး စောင့်တယ်ဆိုဒါမှတ်တော့။

(၃) **ငတ်မွတ်ဘေး။** အခု လူတွေ ပြောကြတယ်၊ ငွေတွင်းက နက်လှပီတဲ့၊ ရောင်းလို့ ဝယ်လို့ ရှာလို့ ဖွေလို့ အဆင်မပြေဘူး၊ ရှေးကနဲ့ မတူတော့ဘူး၊ အခုကိုဘဲ ပိုပီး ကြပ်လှပါတယ်နဲ့ ပြောဆိုနေကြပီ၊ ခန္ဓာရှိရင်"ငတ်မွတ်ဘေး"လာမယ် ငတ်ဘေးလွတ်ချင်ရင်အခုအားထုတ်ကြ၊ နိဗ္ဗာန်ဆိုဒါငတ်တာမှာ မရှိဘူး၊ ငတ်တာမှာမရှိလို့ ငတ်ဘေးက လွတ်ကြရမယ်၊ ငတ်ပီးမျှး ဇသချင်ကြသေးသလား?။

(၄) **လူသင်းကဲ့ဘေး။** လူသင်းကဲ့ဘေး ကလဲ အခုကိုဘဲ ဆိုက်ရောက်နေပီလို့ ဆိုနိုင်တယ်၊ သင်းကဲ့ဒါဟာ အယူအဆမတူ၊ ဝါဒမတူလို့ ဖြစ်ရဒါ၊ သတ္တဝါတွေ အချင်းချင်း အယူဝါဒ ကဲ့တဲ့ ဘေးဟာ ပိုပီးဆိုးတယ်၊ ဘာဝါဒ ညာဝါဒနဲ့ ဝါဒချင်းပြိုင်ကြ၊ ပြိုင်ရာကစပီး လူလူချင်းအနိုင်ခင်းကာ သတ်ဖြတ်နေကြဘီ၊ ခုနေကထဲက နောက်ကျရင့် ဒီထက်ပိုပီး ကဲ့ဘို့ရှိတယ်ဆိုဒါသိကြရမယ်၊ နောက်လာမဲ့"ကဲ့ဘေးတွေ"အမျိုးမျိုး တွေ့ကြရမယ်။

ရှင်ကဲ့,ကဲ့၊တခါသေကဲ့,ကဲ့၊လင်နဲ့ကဲ့ မယားနဲ့ကွဲ သားနဲ့ကဲ့ သမီးနဲ့ကဲ့ ဆွေမျိုး သားချင်းနဲ့ကဲ့ ရှင်ကဲ့ သေကဲ့ အမျိုးမျိုး အကဲ့ဘေးနဲ့ မုချ ကြုံရတော့မယ်၊ ကြုံရလိမ့်မယ်၊ အဲ.... အခုနေ အခါမှာမှ အားမထုတ် ကြသေးဘူး ဆိုရင် အိုဘေး, နာဘေး, သေဘေး, ဝါဒမတူလို့ အယူကဲ့ပြားတဲ့ဘေး အဲဒီဘေးတွေလာတော့မယ်မုချဘဲ၊အခုတရားအားမထုတ်သေးရင် ဘေးအမျိုးမျိုး သင့်မီး သေကြရမှာဘဲ။

(၅) **သံဃာသင်းကဲ့ဘေး** လူသင်းကဲ့တဲ့နောက် "သံဃာသင်းကဲ့တဲ့ဘေး"က လာအုံးမယ်၊ လူဒကာအချင်းချင်း သင်းကဲ့တော့ ကိုးကွယ်တဲ့ သံဃာအချင်းချင်း ဆရာအချင်းချင်းသင်းကဲ့ကြမယ်၊ ဒီတော့မှ ဟိုကိုးကွယ်ရင် ဒီဘက်က မျက်နှာ မသာ ဒီကိုးကွယ်တော့ ဟိုဘက်က မျက်နှာမသာ၊ ဟိုကိုးကွယ်ရမလို ဒီကိုးကွယ်ရမလိုနဲ့ သောကများရမယ်၊ ဒီဘေးသင့်တော့ နှလုံးမသာမယာ ဒေါမနဿဖြစ်၊ ဒေါမနဿဖြစ်ရဖန်များပီး ဒီအပြစ်နဲ့သာသေရင် အပါယ်ကျဘို့ဘဲ ရှိတော့ဒါ ဘဲ။

ဒို့ဒကာတွေ ကြပ်ကြပ် စဉ်းစားကြ၊ အနာဂတ် ဘေးတွေ လာလိမ့်မယ်၊ ဒီတော့ အခုအချိန်ဟာ အကောင်းဆုံးအချိန်ဘဲ ဆိုဒါဆုံးဖြတ်ချက်ချ၊ငယ်ပါသေးတယ်ကြီးမှဘဲအားထုတ်တော့မယ်ဆိုရင်အိုဘေးစောင့်နေဒါဘဲ စိတ်ကူးရှိပါရဲ့ဖြေးဖြေးတော့ လုပ်မှာပါဆိုရင် အပြောကယဉ်သသောက် ဘေးသင့်ဘို့ စောင့်နေဒါ ကေန်ဘဲလို့မှတ်။

ကျုပ်က စိတ်ကူးတော့ရှိပါရဲ့ အကြောင်းမညီညွတ်သေးလို့ စဉ်းစား ထားပါတယ်၊ ဖြေးဖြေးတော့ လုပ်မှာပါဘဲ၊ ဒီလိုပြော

တဲ့လူမျှားကို သွားပီး သာဓု-သာဓုလို့ မလုပ်လိုက်ပါနဲ့၊ အဲဒါ ဘေးစောင့် နေဒါ၊ ဘေးမလာသေးလို့ မလာ, လာအောင် စောင့်နေဒါလို့ မှတ်ရမယ်။

ဆင်ခြေ ဆင်လက်က သိပ်မျှားကြတယ်၊ စီးပွားရေးကဘယ် နယ်၊ သားရေး, သိမ်ရေးကဘယ်လို၊ ကျုပ်ကိုယ်တိုင်က ဘယ်သို့ ခင်ဗျားတို့ပြောဒါတော့ လွယ်ပါရဲ့၊ ကျုပ်မှာက ဘယ်ပုံဖြစ်နေ ရဒါနဲ့ ဘာနဲ့ညာနဲ့ ရိုးမယ်ဖွဲတတ်ကြတယ်၊ အဲဒါဟာနှယ်နှယ် ရရမျှား မမှတ်လိုက်ပါနဲ့၊ တဏှာက လှည့်စားနေဒါ၊ သံသရာ တလျှောက်မှာ ဒုက္ခရောက်အောင် သူနှောက်ယှက်နေဒါ၊ သူလှဲ စားနေဒါ၊ သူချယ်လယ်သမျှ ငုံ့ခံနေကြရဒါဘဲ၊ အေးသက္ကာယ မက္ခာသေးသမျှ ခံရမှာဘဲ၊ ခံနိုင်အောင်သာ ခံကြပေတော့။

တဏှာက အလှဲစားကောင်းတော့ "အင်း....ဟုတ်ပေသားဘဲ ဟုတ်ပ-ဟုတ်ပ" နဲ့ လိုက်နေကြတယ်၊ ကိုယ့်ကိုယ်ကို အလိမ်ခံ ရလို့တောင် ခံရမှန်းမသိရှာကြဘူး၊ ဒါကြောင့်.... ဘုရားရှင်က " ကိုယ့်ကိုယ်ကို ဆုံးမဘို့ အခက်ဆုံး " လို့ ဟောတော်မူဒါ၊ ကိုယ်မလိမ်မှာဒါကိုယ်သိပြီးကိုယ့်ကိုယ်ကိုလိမ်မှာအောင်ဆုံးမကြ။

ဒီအတိုင်းသာ မေ့မေ့ လျော့လျော့ ပေါ့ပေါ့ တန်တန် သာမန်အနေမျိုး နေသွားကြရင် အသေဆိုးနဲ့ ကောန်ကြုံရတော့ မယ်၊ ဘုရားက....

" အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ "လို့ ဟောတော်မူတယ်။

တရား အားမထုတ်ဘဲ မေ့လျော့ ပေါ့တန်ရင်သေရဘို့အပြင် ဘာမှ မရှိဘူးတဲ့၊ သေပီးရင်း ဖသရင်းနဲ့ ထပ်တလဲလဲသာသေပီး အသေချင်း ထပ်နေမှာဘဲတဲ့၊ ဒီလိုသာ မေ့မေ့ လျော့လျော့ အိပ်ပျော်နေကြမယ် ပေါ့နေကြမယ်ဆိုရင် မကြာခင်သေမင်းက ခေါ်သွားမယ်၊ မပေါ့ကြနဲ့။

လူ့ဘဝကို မရစဘူး အရထူးလို့ ရလာကြဒါ၊ အရထူးတဲ့ ဒုလ္လဘတရားကြီးကို တဏှာကဝင်ပီးအသေကောင်လုပ်ခိုင်းလိုက်တာ၊ တဏှာက ကပ်ကပ်ပီး အမြဲမပြတ် အသေကောင်လုပ်ခိုင်းနေတာ မသိကြတော့ အသေကောင်အဖြစ်က လက်စမသတ်နိုင်ကြဘူး၊ သမုတိမရဏဆိုတဲ့ အသေမှ အသေခေါ်တာမဟုတ်ဘူး၊ ဘာမှ မသိလောက်အောင် အိပ်ပျော်နေတဲ့ အချိန်လဲ "အသေ" ခေါ်တာဘဲ။

ဒီတော့ - အသေကောင်က ညတိုင်း, ညတိုင်း အဘိုးတန်တဲ့ အချိန်ကလေး နှုတ်ယူလိုက်၊ စားတာနှုတ်လိုက်နဲ့ ဘာကျန်သေးသလဲ?၊ နှုတ်, နှုတ်ပစ်တာနဲ့ ဘာမှမကျန်တော့ဘူး၊ တဝက်မကဘူး ရော့သွားဘီ၊ အသေမလာခင် အသေမဦးခင် ကြိုးစားပီး အားထုတ်ကြရမယ်။

ဆင်ခြေလဲချင်ရင် ဆင်ခြေလဲတာ "မိုက်တဲ့အချိန်ဘဲ" လို့ မှတ်၊ ကိုယ်မိုက်တာ ကိုယ်သိကြပလား?၊ လောကမှာ အလိမ်အကောက်ဆိုရင် တဏှာကို ဘယ်သူမှမမှီဘူး၊ "လောဘတဏှာ" ဟာ အလိမ်ဝိဇ္ဇာ အကောက်ဝိဇ္ဇာ ဆိုရင် မမှားဘူး၊ သူဗိုလ်ဘဲ သူ့ထက်သာတာ မရှိတော့ဘူး၊ သိတတ်ဘို့ အချိန်တော်ဘီ၊ နောက်ကိုများ အလိမ်မခံကြနဲ့တော့။

အခုကျန်းမာလို့ အခုစိတ်ပေါ်တဲ့အချိန်ဟာ အကောင်းဆုံး အချိန်ဘဲလို့ ဆုံးဖြတ်ချက်ချ၊ အချိန် ပြောင်းတိုင်း,ပြောင်းတိုင်း ပြောင်းချင်တဲ့တဏှာကို ဖြစ်ပျက်ရှုပစ်လိုက်၊ ပေါ်လာတဲ့တဏှာက အနိစ္စ၊ ရှုဒါက မဂ္ဂ၊ နောက်,လာသမျှကို ဖြစ်ပျက်ရှုပစ်၊ဒီလို ပေါ်လာသမျှကို နိုင်အောင်ရှုနိုင်ရင် ကိလေသာရန်သူ အောင်ပဲ့ ယူလိုက်တာဘဲ။

လက်နက် အပြည့်အစုံပါတဲ့ ဗိုလ်ခြေတသိန်းကို တယောက်ထဲနဲ့ အောင်နိုင်ဒါ အောင်ပဲ့ရဒါကို အအောင်မဆိုဘူး၊ အောင်နိုင် ခြင်းအစစ်လို့ မဆိုနိုင်ဘူး၊ "ကိလေသာ"ဆိုတဲ့ အတွင်းရန်သူကို အောင်နိုင်မှသာ အောင်နိုင်သူ အောင်ပဲ့ရသူ စစ်စစ်လို့ မှတ်ကြ။

တဏှာက အဟောကောင်း,အပြောကောင်း,အလွဲကောင်း, အလိမ်ကောင်း,အလွဲဝိဇ္ဇာ,အလိမ်ဝိဇ္ဇာ,နောက်ကို အလွဲ မခံကြနဲ့၊ တဏှာက အချိန်ရှေ့နေရင် "ဟဲ့- တဏှာ၊ သင့်အလိုမလိုက် တော့ဘူး၊ အခု အားထုတ်မယ် သင့်,နေခဲ့တော့၊ ငါ့,ဘေးတွေမခံ နိုင်ဘူး၊ အသင်တဏှာက ငါ့ကို ဘေးနဲ့တွေ့အောင် တွန်းနေဒါ သင့်အကြောင်းရိပ်မိပြီ၊ သင့်အလို မလိုက်နိုင်ဘူး" ဆိုပီး အားမ ထုတ်ချင်တဲ့စိတ်ကိုရှုပစ်၊ ရှုပီးအောင်ပဲ့ယူကြ၊ တရားအားမထုတ် ချင်ဒါ ကိလေသာမာရ် ကိလေသာရန်သူခေါ်တယ်။

အချိန် ရှေ့ချင်တဲ့ စိတ်က "လောဘ" ပျင်းတဲ့ စိတ်က "ကောသဇ္ဇ" လောဘဘဲ၊ အိပ်ချင်တဲ့စိတ် "ထိနမိဒ္ဓ" လာသမျှ မလွတ်အောင်ရှုကြ၊ အိပ်မှတော်မယ်ဆိုပီး အိပ်ချင်စိတ်ပေါ်လာ တော့ ရှုမိရင်,ရှုမိ၊ မရှုမိရင် တခါထဲ အိပ်မှ တော်မယ်ဆိုပီး ချက်ခြင်း အသေကောင် ဖြစ်သွားတာဘဲ။

ပေါ်လာတဲ့စိတ်ကို ဖြစ်ပျက်ရှုတော့ "ကိလေသာ"ကို "မင်း" နဲ့ အောင်ပဲ့ ယူလိုက်တာ၊ ဒီလို ကိလေသာ လာသမျှ မင်းနဲ့ သတ်နိုင်အောင် အောင်ပဲ့ယူနိုင်အောင် ကြိုးစားရမယ် "ကိလေသာဟူသမျှ မင်းနဲ့ အောင်ရမယ်" လို့ ကိုယ်စိတ်ကိုအဓိဋ္ဌာန်ချက်ပြုကြ။

ဘေးမှန်သမျှ မဂိုက ကာကွယ်နိုင်တယ်၊ အနာဂတ်ဘေးကပြေးမလွတ်နိုင်ဘူး၊ လာမှာ မုချဘဲ၊ ဒီတော့- အနာဂတ်ဘေးရှောင်ချင်ရင် လွတ်ချင်ရင် အခု ပေါ်တဲ့စိတ် ရှုပစ်၊ ဒါမှသာ လွတ်နိုင်မယ်၊ ဒီပြင်မှာလွတ်လမ်းမရှိဘူး ပေါ်,ပေါ်လာတဲ့ အဲဒီစိတ်တွေဟာ သူခိုးချည့်ဘဲ၊ အဘိုးတန်တဲ့ အချိန်တွေ ရောဂါကုန်အောင် သူတို့က ခိုး, ခိုးပစ်၊ နွှတ်, နွှတ်ပစ်ကြဒါ၊ နောက်ဆုံး .အခိုးမခံရအောင် ကြိုးစားကြ။

သံယုတ်ပါဠိတော်မှာ "အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တသရဏာ အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ, အနညသရဏာ" လို့ ဟောတယ်၊ "မိမိကိုယ်သာ မှီခို အားထားရာ၊ မိမိကိုယ်သာ ကိုးကွယ်ရာ၊ တရားတော်သာ မှီခိုအားထားရာ၊ တရားတော်သာ ကိုးကွယ်ဆည်းကပ်ရာ" လို့ ဆိုလိုတယ်။

ဒကာတို့က အသက်ရှည်ချင် အနာကင်းချင်ကြလို့ အသက်ရှည်အောင် အနာကင်းအောင် ဆိုပီး အိမ်မှာ ပရိတ်ရွတ်ကြ၊ အန္တရာယ်ကင်း ကမ္မဝါရွတ်ကြနဲ့ ဘယ်ကင်းပမလဲ ပရိတ်ရွတ်နေရင်းကကို အို,အိုပီးလိုက်နေတယ်၊အဲဒါရွတ်ရင်းဘေးသင့်နေဒါ။

ရိုးရာ အလုပ်က ဘာဘေးကိုမှ မတားနိုင်ဘူး၊ "မင်" ကသာ တားနိုင်ဒါ၊ ရိုးရာအလုပ်တွေ ပြင်ကြ၊ ကိုးသင့်ဒါကို မကိုး၊ မကိုးသင့်ဒါကို ကိုး၊ အားကိုးမှားကြတယ်၊ လုပ်သင့်ဒါကို လုပ်ရမှာ မလုပ်ဘဲ၊ မလုပ်သင့်ဒါ မလုပ်ရမှာ စွဲလုပ်နေကြရင်အသေလမ်းစ အမျှင်ပြတ်ကြတော့မှာ မဟုတ်ဘူး၊ ဘေးအမျိုးမျိုးသင့်ဘို့ကလဲ လွတ်နိုင်တဲ့ဘဝ မရှိတော့ဘူး၊ သတိ ကြပ်ကြပ် ပြုကြ၊ ကိုယ်ပိုင် ဥာဏ်နဲ့ ဝေဘန်ကြည့်ကြ။

ဥပမာ ကလေးငယ် ကလေးဟာ ကျင်ကြီးတွေ ပါချပီး ကိုယ် ကျင်ကြီးပေါ်မှာဘဲ ပြစ်ပြစ် နှစ်နှစ်ထိုင်၊ နောက်, ကျင်ကြီးကို လက်နဲ့ မွေပီးစားလိုက်၊ မွေပီးကစားလိုက်လုပ်နေတော့ လူကြီးတွေက အမြင်မကောင်းလို့ အမြင်မတော်လို့ ကျင်ကြီးပုံထဲက ဆွဲထုတ်လိုက်ပီး စင်ကြယ်အောင် ဆေးကြော သုတ်သင်ပေးရတယ်၊ ဒီအခါမှာ ကလေးငယ်ဟာ သူ့အလိုမကျနိုင်ရှာဘူး ကျင်ကြီးမစားရ မကစားရတော့မှာမို့ စင်ကြယ်သွားမှာစိုးလို့ လူကြီးတွေက ကျင်ကြီးပုံထဲက ဆွဲယူမယ်လုပ်ရင်ဘဲ ကျ။ကျ။ပါ အောင် ငိုကြွေးတယ်။

လူကြီးတွေကသာ အမြင်မကောင်းအောင် ဖြစ်နေတာပါ၊ သူ့စိတ်ထဲမှာတော့ ကျင်ကြီး စားလိုက်, ကစားလိုက် လုပ်နေဒါ အလွန် နှစ်ခြိုက်ပီး အလွန် ပျော်ပိုက်နေဒါလား၊ သူက အလွန် သဘောကျနေလေတော့ လူကြီးတွေက ခေါ်မဲ့ကြံရင် ကလန်, ကဆန်နဲ့ ရှုန်းကန်နေသေးတယ်၊ ကျင်ကြီးကစားရဒါ ပျော်ရှာ လွန်းလို့ဘဲ။

ဒီဥပမာလိုပါဘဲ ဒကာတို့တတွေကလဲ ကိလေသာ အညစ် အကြေးတွေ ကစားပီး ပေရေ ညစ်ပတ်နေဒါ၊ ဘုန်းကြီးတို့က

အမြင်မတော်လွန်းလို့ ရေဆေးပေးနေပါတယ် ဟင့်အင့်၊ ဟင့်အင့်နဲ့ ရုန်းကန်ပီး ငိုလိုက်ချင်ကြသေးတယ်၊ ကောင်းကြသေးရဲ့လား?။

ဒါကြောင့်-ဘုန်းကြီးကပြောဒါ ဒကာတို့အလုပ်တွေရှော့ကြရှော့ကြဆိုဒါ လက်ဆေးကြလို့ဆိုဒါ၊ "မှန်လှပါဖြေးဖြေးတော့လုပ်ပါမယ်"ဆိုရင် ဖြေးဖြေးတော့ဆေးမယ်ဆိုဒါဘဲ၊ဒကာတို့ကဖြုံးကနဲ ပြောင်းသွားရင် "ငိုချင်တယ် ဘုရား" လို့ပြောကြအုံးမှာလား?၊ အမလေ,ခက်ကောင်း ခက်ရချည့်ရဲ့၊ကျင်ကြီးမှန်းသိရဲ့နဲ့ကစားချင်ကြသေးသလား?၊ အေး, တော်လောက်ပီဆိုဒါဆုံးဖြတ်ကြ။

နိဗ္ဗာန် ချမ်းသာဟာ ချမ်းသာ တကာတို့ထက် အမြတ်ဆုံးဖြစ်တယ်၊ ဘေးအပေါင်းက လွှန်မြောက်တယ်၊ နိဗ္ဗာန် ရရင် ဘယ်ဘေးမှ မသင့်နိုင်တော့ဘူး၊ ဘေးက လွှတ်ချင်ရင် နိဗ္ဗာန်ရအောင် ကြိုးစားကြ၊ ဒီနေရာမှာ မိလိန္ဒမင်းရဲ့အမေးကို ထုတ်ပြအုံးမယ်၊ မိလိန္ဒမင်းက အရှင်နာဂသိန်မထေရ်ကို မေးလျှောက်တယ်။

"အရှင်ဘုရား နိဗ္ဗာန် ချမ်းသာဟာ ဘယ်ချမ်းသာနဲ့ တူပါသလဲ?၊ ဒီတော့- အရှင်နာဂသိန်က "မင်းကြီး၊ ဥပမာအားဖြင့် ပြောရရင် ပဋိသန္ဓေကထဲက မျက်စီ မမြင်တဲ့လူက အဖြူ့ဆိုဒါ ဘယ်လိုဟာဟုံး?၊ အနီဆိုဒါ ဘယ်နှယ်ဟာတုံး?၊ နေဆိုဒါ ဘာနဲ့ တူသတုံး? လို့ မေးဒါနဲ့တူတယ်၊ သူက မွေးကထဲက မျက်စိမပါတဲ့ လူဆိုတော့ လောကမှာရှိတဲ့ အရာဝတ္ထုတွေကို ဘယ်နည်းနဲ့ ခဲခြမ်းပီး သိနိုင်ပါမလဲ?။

ဒီဥပမာလိုပါဘဲ လောကထဲမှာ ရှိနေတဲ့ လောကသားတွေ အဘို့ရာမှာ လောကနဲ့တန်တဲ့ မျက်စိသာပါကြဒါဘဲ. လောကထက်လွန်တဲ့ လောကမှာရှိတဲ့ ချမ်းသာမျိုးတွေနဲ့ နှိုင်းယှဉ်မရတဲ့ လောကုတ္တရာ နိဗ္ဗာန်ချမ်းသာဟာ လောကချမ်းသာ ဘယ်ချမ်းသာနဲ့မှ တူတယ်လို့မဆိုနိုင်ပေဘူး၊ နိဗ္ဗာန်နဲ့တူတဲ့ချမ်းသာဟာ လောကမှာ မရှိဘူးမှတ်ပါ" လို့ ဖြေကြားတော် မူလိုက်တယ်။

ဥပမာဆိုရင် လောကထဲမှာရှိတဲ့ ချမ်းသာဟာ သရက်သီးပုပ်နဲ့တူတယ်၊ သရက်သီးပုပ်ဆိုရင် နဲနဲ ပုပ်ပုပ် တခြမ်းဘဲ ပုပ်ပုပ် သရက်ပုပ်လို့ ခေါ်ရဒါဘဲ၊ အပြစ်အနာအဆာကင်းရင်သရက်ကောင်း၊ အနာ အဆာ မကင်းရင် သရက်သီးပုပ်လို့ခေါ်ရသလို လောကချမ်းသာဆိုဒါလဲ အပြစ် အနာမကင်းတော့ချမ်းသာစစ် ချမ်းသာကောင်းလို့ မခေါ်ဆိုနိုင်ဘူး။

ဖြစ်ပီးပျက်နေတဲ့ လောကထဲမှာ ချမ်းသာစစ်ဆိုဒါဘယ်မှာ ရှိနိုင်ပါမလဲ?၊ ဖြစ်,ပျက်လောကထဲမှာ ချမ်းသာစစ် မရနိုင်ဘူး ဆိုဒါမှတ်၊ ဒါကြောင့် "လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော တဲ့၊ လုဇ္ဇတီ ပလုဇ္ဇတိ၊ ပျက်တတ် အဖန်တလဲလဲ အမြဲတစေ ပျက်တတ်ပေ၏၊ ဣတိ၊ ထို့ကြောင့်၊ လောကော၊ လောကမည်၏" လို့ ဆိုရဒါပေါ့။

နောက်တဖန် ရှင်နာဂသိန်က မီးဝိုင်းခံရသူဥပမာနဲ့နှိုင်းယှဉ်ပြပြန်တယ်၊ ဒကာတော် မင်းကြီး ဥပမာအားဖြင့် ပတ်ဝန်းကျင်အရပ်လေးမျက်နှာက လှည့်ပတ် ဝိုင်းရံပီး လောင်မြိုက်လာတဲ့ မီးပုံကြီးဆိုပါတော့၊ အဲဒီ မီးပုံကြီးအလယ်မှာ လူတယောက်ဟာ မီးပတ်ချာ ဝိုင်းမိရက်သား ဖြစ်နေတယ်၊ မကြာခင် အတွင်း

တဟုန်းဟုန်းလောင်မြိုက်လာတဲ့မီးတောက်မီးလျှံတွေဟာကိုယ့်အနားရောက်ရောက်ပီး နီးသထက် နီးကပ် နီးကပ်လာကြတယ်။ ဒီအခါမှာ မီးခိုးတွေ မီးရှိန်မီးဝါတွေဟာ ကိုယ်ကိုအပူဟာဗ်လာဘီ၊အပူလွန်လွန်းလို့ အခံရအတော်ကြပ်နေလေပြီ၊ဒီအခါမှာ အဲဒီလူဟာ ဘယ်လိုစိတ်ထားမျှားပေါက်ပမလဲ၊ အော်-အကြီးဆုံး ဒုက္ခရောက်ရတော့မယ်၊ ငါဒီမီးပုံထဲက ဘယ်နည်းနှင့်မျှားလွတ်ကင်းနိုင်ပမလဲဆိုပီး အပူတပြင်းထွက်ပေါက်ကိုရှာကြံတယ်၊ လွတ်မြောက်နိုင်ရေးအတွက် တအားထုတ်တော့မယ်။

အဲဒီလို ဘေးဆိုးကြီးနဲ့ ရင်ဆိုင်ရတော့ ယောကျ်ားတို့စွမ်းပကားနဲ့ကြောက်အားကြီးပီး တအားကြီး ကြိုးစားလိုက်တော့ ကံအားလျော်စွာ မီးပုံကြီးအတွင်းက လွတ်မြောက်သွားရတယ်၊ အဲဒီ မီးလောင်ခံရတော့မဲ့ဆဲဆဲ ဘေးက လွတ်မြောက်သွားတဲ့ ယောကျ်ားဟာ ဘယ်လောက်များ ဝမ်းမြောက်မလဲ ဘယ်လောက်များ စိတ်ချမ်းသာသွားမယ်ဆိုဒါ စဉ်းစားကြည့်ကြ၊ အတိုင်းအဆကို မမြင်နိုင်ဘူး။

“မင်းကြီး-ဒီဥပမာကဲ့သို့ဘဲ၊နိဗ္ဗာန်ချမ်းသာဆိုဒါနှိုင်းယှဉ်စရာမရှိပေဘူး၊မီးဘေးက လွတ်မြောက်ရတဲ့ စိတ်ချမ်းသာမှုမျိုးထက် အဆ ရာ-ထောင်မက ငြိမ်းအေးချမ်းသာတဲ့သဘောရှိပေတယ်” လို့ မိန့်ဆို ဖြကြားတော်မူတယ်။

ဒီနေရာမှာ ဒုဒ္ဒကာဒတွေ သိဘို့က “ခန္ဓာငါးပါး” ဆိုဒါ မီးလောင်စာနဲ့ မီးတွေဘဲလို့ သိထားကြရမယ်၊ခန္ဓာဟာလောင်စာနဲ့ မီး၊မီးနဲ့ လောင်စာတဲ့ရက်ကြီးအမြဲနေဒါဘဲ၊ခန္ဓာမှာဥာဏ်နဲ့ရှာရင် မီးနဲ့ လောင်စာမှတပါး တခြားဘာမှမတွေ့ရပါဘူး

ဒါကြောင့်မို့ ဒို့ဒကာတွေ ရှုကြ မှတ်ကြလို့ တိုက်တွန်းရတယ်၊ ရှုရင်ခန္ဓာဖြစ်ပျက်မြင်ရမယ်၊ဖြစ်ပျက်မြင်ရင် မီးဝိုင်းမှန်းသိပီ၊ မီးမှန်းသိလို့ မီးကိုမုန်းရင်"နိဗ္ဗဒါဉာဏ်"ရဒါဘဲ မီးမုန်းတော့ ထွက်လမ်းရှာ၊ ရှာတော့ ထွက်လမ်းဟာ "မဂ်" ဘဲ၊ မဂ်လမ်းစဉ်နဲ့ ထွက်တော့ မီးဘေးက လွတ်မြောက်တာဟာ"နိဗ္ဗာန်" ပါဘဲ။

ဒို့ဒကာတွေဟာ ပဌမဦးဆုံးအနေနဲ့ မီးမှန်းသိဘို့လိုတယ်၊ မီးဝိုင်းဒါကို ဝိုင်းမှန်းသိမှ အရှုးပျောက်မယ်၊ ဝိုင်းမှန်းမသိရင် အရှုးဘဲ၊ ဘာ့ကြောင့်လဲဆိုတော့ မီးကို မီးမှန်းမသိ၊ ရှေတောင်မျှားထင်လို့ ဝင်ပီးတိုးမိ ဝင်တိုးဘော့ လောင်လိုက်တာပေါ့၊ ဒါကြောင့်"ပိုးဖလံမျိုး"လိုဘဲလို့ဆိုရဒါ၊ တိုးပြန်ရင် ကိုယ်ကျိုးနဲပြန်ရောဘဲ။

မီးကို မီးမှန်းမသိ၊ မီးဝိုင်းဒါ ဝိုင်းမှန်း မသိဘူးဆိုဒါ လူကောင်းဖြင့် သိမှာပေါ့၊စိတ်မကောင်းတဲ့အရှုးမို့သာ မသိဒါဘဲ၊ ဒို့ဒကာတွေ အခုလိုမီးဝိုင်းမှန်း မသိကြဘူး၊ အခုကို ရှုးချက်သန်လွန်းလို့ အရှုးပျောက်အောင် ဟောပြနေဒါဆိုရင် လွဲသေးသလား၊ အေး....မလွဲမှန်းသိရင် အချိန်မှီပြင်ကြပါ။

ခန္ဓာမှာ လောင်စာနဲ့ မီးဘဲရှိတယ်၊ ဒါကိုသိမှ ကလျာဏပုထုဇဉ်ခေါ်နိုင်တယ်၊ ဒါမသိသေးရင် "ဥမ္မတ္တက" အရှုးဘဲရှိသေးတယ်မှတ်၊ ဒီတော့—အရှုးမဖြစ်ချင်ရင် အားထုတ်ကြ၊ အားထုတ်ရင် ခန္ဓာရုပ်နာမ် ဖြစ်ပျက်ကို မြင်ရမယ်၊ ဖြစ်ပျက်မြင်ရင် မီးဝိုင်းမှန်းသိပီ၊ မီးဝိုင်းမှန်းသိလာတော့ လွတ်ရာ

လုတ်ကြောင်း လမ်းကောင်းရှာမယ်၊ လုတ်လမ်းရှာလို့ တွေ့တော့ ငြိမ်းတာပေါ့၊ အဲဒါ- နိဗ္ဗာန် တွေ့ဒါဘဲ၊ သုံးဆယ် တဘုံဆိုဒါက "မီးပုံကြီး" သတ္တဝါတွေရဲ့ ခန္ဓာငါးပါးက "လောင်စာ" တွေဘဲ လို့ မှတ်ကြ။

ဒကာတို့ အခုနေရဒါ လောင်စာနဲ့ မီး တွဲရက်ကြီး နေရဒါ ဒီတော့ လောင်စာတွေသိမ်းကြ၊ လောင်စာသိမ်းမှ မီးငြိမ်းမှာဘဲ ငြိမ်းရာဟာ "နိဗ္ဗာန်ဘဲ"၊ ဒါကြောင့် လောင်စာသိမ်း၍မီးငြိမ်းရာ ဟာ နိဗ္ဗာန်ဘဲလို့မှတ်ကြ၊ ရှင်းပလား?။

ကိုင်း....ယနေ့ ဒီတွင် တော်ကြအုံး။

ဓမ္မရတနာမာတိကာ

"အာသဝဓျုပ်ကြောင်း အကျင့်ကောင်း တရားတော်"

အာသဝ ငါးချက်။

(၁) အာသဝတရား၊ကာမာသဝ၊ဘဝါသဝ၊အဝိဇ္ဇာသဝ။
(၂) အာသဝရဲ့ ဖြစ်ကြောင်းတရား။
(၃) အာသဝရဲ့ ထူးခြားချက်။
(၄) အာသဝရဲ့ အကျိုးပေးပုံ။
(၅) အာသဝချုပ်ကြောင်း အကျင့်ကောင်း။

ဆောင်ပုဒ်—

အဝိဇ္ဇာက၊ အာသဝ၊ ဖြစ်ထ, ကြောင်းကျိုးဆက်။
ပုညာ ပုည၊ ပြုလုပ်ကြ၊ ကျိုးရ သုံးတစ်စက်။
အပါယ်လူနတ်၊ ဗြဟ္မာရုပ်၊ ပို့တတ် သူ့လက်ချက်။
အထက်ကန်ချ၊ အောက်ကန်ချ၊ အာသဝပြစ်ဒဏ်နှက်။
လက်ရှိအနာ၊ မပျောက်ရာ၊ နောက်နာရှာချင်လျက်။
ခုရေးနောင်ရာ၊ ကျိုးကြောင်းမှာ၊ မှန်စွာ မသိတွက်။
အရှုးအကန်း၊ လူအနှမ်း၊ သေ့သွမ်းဆိုမည်ရှက်။

သတိချပ်—

သူ့များသန္တာန်၊ ကဲ့ခတ်ရန်၊ အမှန်ခက်ခဲရှိ။
ကိုယ် ကိုယ်ကိုပ၊ ကဲ့ခတ်ရ၊ မုချလွယ်ကူ၏။
ခက်ခဲပယ်ထုတ်၊ လွယ်ကူလုပ်၊ အဟုတ် ကျိုးများဘိ။
မိမိခန္ဓာ၊ အစ္ဆတ်မှာ၊ ခတ်ကာ ဖြစ်ပျက်သိ။
တစ်စိတ်နောက်တွင်၊ နှစ်ဉာဏ်ဝင်၊ မြန်ပင် နိဗ္ဗဒိ။
နိဗ္ဗိန္ဒြာ၊ ဝိရဇ္ဇာ၊ ဉာဏာ ဝိမုတ္တိ။

တရားသား။ ။ဒီကနေ့ ပဥ္စဂုံတွရပါဠိတော်မှာလာတဲ့ အာသဝဝနဲ့ ပတ်သက်တဲ့တရားကိုဟောရမယ်၊ဒီအာသဝဝအကြောင်းနဲ့ စပ်ဆိုင်တဲ့ အချက်ငါးချက်နဲ့ ရှင်းပြရလိမ့်မယ်၊ ဒီအချက်ငါးချက်ကို ပဌမမှတ်ထားကြ၊ ဒီအချက် ငါးချက်က ၁-အာသဝဝတရား၊ ၂-အာသဝဝရဲ့ဖြစ်ကြောင်း၊ ၃-အာသဝဝရဲ့ ထူးခြားချက်၊ ၄-အာသဝဝရဲ့ အကျိုးပေးပုံ၊ ၅-အာသဝဝရဲ့ ချုပ်ရာချုပ်ကြောင်း အကျင့်ကောင်း ဒီငါးချက်ကိုသိကြရမယ် အာသဝဝရဲ့ ချုပ်ရာရောက်ဘို့ရာ ဆုတောင်းလို့ ရမလား?ဘယ်လို လုပ်မှ ရနိုင်မလဲ?၊ ဒီနေ့ ဒီဟာတွေကို သိကြရမယ်။

(၁) **အာသဝတရား။** အာသဝ တရားက သုံးပါးရှိတယ်၊ သတ္တဝါတွေကို သံသရာမှာ ဘုချလည်အောင် လုပ်နေဒါ သူ့လက်ချက်ဘဲ၊ အဲဒီ သုံးပါးဆိုတာက....

(၁) သားသီးနဲ့ ပစ္စည်းကို ခင်မင်ဒါဟာ ကာမာသဝ။

(၂) ဘုံဘဝကို ခင်တွယ်ဒါဟာ ဘဝါသဝ။

(၃) သစ္စာလေးပါးကို မသိမမြင်တတ်တာ အဝိဇ္ဇာသဝ။

"အာသဝတရား သုံးပါး"ဆိုတဲ့ စကားဟာ ပဥ္စဂုံထွဋ်ရှိ ပါဠိတော်မှာလာတဲ့ စကားလို့မှတ်ကြ။

(၂) **အာသဝရဲ့ဖြစ်ကြောင်း။** အာသဝရဲ့ ဖြစ်ကြောင်း တရားဟာ "အဝိဇ္ဇာ" ဘဲ၊ အာသဝဖြစ်ရတာ၊ အဝိဇ္ဇာကြောင့် ဖြစ်ရတာ၊ စင်စစ်တော့ "အဝိဇ္ဇာ" နဲ့ "အာသဝ" ဆိုဒါ အချင်းချင်းအကြောင်းအဖြစ်,အကျိုးအဖြစ်အနေနဲ့ဆက်စပ်ပီးနေဒါဘဲ၊အဝိဇ္ဇာရဲ့အကြောင်းဟာလဲအာသဝဝပါဘဲ၊ ဒါကြောင့် သံယုတ်ပါဠိတော်မှာ"အာသဝ သမုဒယာ အဝိဇ္ဇာ သမုဒယော" လို့ ဟောတော်မူတာဘဲ။

ဒီတော့ လိုရင်းက....(က) အဝိဇ္ဇာကြောင့် (ခ) အဝိဇ္ဇာ ဖြစ်ရတယ်လို့ သာ မှတ်ထားကြ၊ အာသဝ ဆိုဒါမှာလဲ"အဝိဇ္ဇာ သဝ"ဆိုဒါပါနေဒါကိုး၊ ဒါကြောင့်ပဌမ"အဝိဇ္ဇာအကြောင်း" ကြောင့် ဒုတိယအကျိုး"အဝိဇ္ဇာ"ဖြစ်တယ်လို့မှတ်၊ အဲဒီတော့ အာသဝရဲ့ဖြစ်ကြောင်းဟာ "အဝိဇ္ဇာ" လို့ ဆိုရတော့တယ်။

(၃) အာသဝရဲ့ထူးခြားချက်။ ထူးခြားပုံက ဘာလဲဆိုတော့ အာသဝက "မင်း....အပါယ် ရောက်စေ၊ မင်း....လူ့ပြည် ရောက်စေ၊ မင်း- နတ်ပြည်ရောက်စေ"နဲ့ အမိန့်ချတတ်တယ်၊ အပါယ်ပို့တတ်တဲ့အာသဝ၊ လူ့ပြည်ပို့တတ်တဲ့ အာသဝ၊ နတ်ပြည်ပို့တတ်တဲ့ အာသဝ၊ အဲဒီလို အာသဝ တမျိုးထဲကပေမဲ့ ထူးခြားချက် တန်ခိုးသတ္တိရှိတယ်။

(၄) အာသဝရဲ့အကျိုးဧပေး။ အကျိုးပေးပုံက အာသဝ ကို မပယ်ရသေးရင် ပုညလဲ လုပ်ဖြစ်တယ်၊ အပုညလဲ လုပ်ဖြစ်တယ်၊အာသဝကြောင့် ကုသိုလ်လဲပြုတယ်၊ အကုသိုလ်လဲပြုတယ် လို့ ဆိုလိုတယ်။

အာသဝရှိတော့ အာသဝကြောင့် အကုသိုလ် လုပ်တော့ အကုသိုလ်ဆိုင်ရာ မကောင်းကျိုးကို ရမယ်၊ ကုသိုလ် ပြုတော့လဲ သူ့ဆိုင်ရာအကျိုး ၃၁-ဘုံ ဒုက္ခမျိုးသာရမှာဘဲ၊ဒီတော့ အာသဝကြောင့်ဖြစ်ရမဲ့ ကုသိုလ်မျိုးကိုကြောက်ကြရမယ်၊ဒီလိုဆိုတော့ ဘုရားရှင်က"ပုည ဘိက္ခဝေ မာဘာဝယိတ္ထ"လို့ဟောတဲ့စကားနဲ့ ဆန့်ကျင်သလို ဖြစ်နေလို့ ဘုန်းကြီးက ရန်တိုက်တာလား?၊ မေးစရာရှိတယ်၊ ရန်တိုက်တာ မဟုတ်ပါဘူး။

မြတ်စွာဘုရား ဟောတော်မူရင်းက "ဝိဝဋ္ဋ" ဝင်္ဂိုနဲ့ မနှယ်တဲ့ ကုသိုလ်မျိုး၊ ဝင်္ဂိုနဲ့ ကင်းတဲ့ ကုသိုလ်မျိုးကို ဆိုလိုဒါလို့ မှတ်ရမယ်၊ ဝင်္ဂိုနဲ့ နှယ်တဲ့ ဝင်္ဂိုကုသိုလ်မျိုးကိုတော့ ကြောက်ရမှာပါဘဲ ကုသိုလ်ဆိုတိုင်းလဲ အကောင်းချည့် မမှတ်လိုက်ကြပါနဲ့။

ဒို့ဒကာတွေဟာ သူများ ပါးစပ်တွင် လမ်းဆုံး နေကြတယ်၊ သူများတွေက လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ ချမ်းသာနဲ့ ပြောတော့ အဟုတ်ကြီးမှတ်ပီး အဲဒီ လူနတ်ချမ်းသာဆိုတာတွေ တမ်းတပီး မရ-ရအောင် တောင်းယူကြတယ်၊ ဒါကြောင့် အခု ကိုယ်ပိုင်ရထားကြတာ၊ နောက်, သူများပါးစပ်တွင် လမ်းဆုံးကြ အုံးမယ်ဆိုရင် ကိုယ်ကျိုးနဲ့တော့မယ်လို့ မှတ်ကြ။

အခု အာသဝက္ခယဉာဏ်ရထားတဲ့ခန္ဓာက သေလိုက်တော့မယ်, သေလိုက်တော့မယ်နဲ့ ပြောနေတယ်၊ဒီကြားထဲက အမောင်ခန္ဓာ ဆိုင်းပါအုံး၊ မသေလိုက်ပါနဲ့ အုံးဆိုပီး မနဲ့ကို ဆေးနဲ့ဝါးနဲ့ တား,တား နေရတယ်၊ သိရင်တော်လောက်ကြရောပေါ့ အာသဝက္ခယဉာဏ် နတ်ပြည် ရောက်သွားလိုက်, လူဖြစ်လာလိုက်, အပါယ်ကျသွားလိုက်, အတည်ကျတယ်လို့ မရှိကြဘူး၊ အဲဒါအာသဝက အထက်ကန်ချ အောက်ကန်ချနဲ့ လုပ်နေလို့ဘဲ၊ အာသဝနဲ့ ပေါင်းရင် အကန်ခံရမှာ မလွဲဘူး၊ နောက်များ အကန်ခံချင်ကြသေးသလား?၊ မေးလိုက်ပါတယ်။

ဒကာတို့တတွေဟာ နှုတ်သွား ပါပေမဲ့လဲ အလုပ်သွား မပါကြဘူး၊ အလုပ်သွားပါမှ အရာ ရောက်ကြမှာ၊ ဒကာတို့မယ် အာသဝက ကန်ချတဲ့ ဒဏ်ရာဒဏ်ချက်တွေ အခုတောင်ဘဲ အနာရွတ်မပျောက်ကြသေးပါဘူး၊ နက်နက်နဲနဲ စဉ်းစားကြ။

ဘုရားက ကုသိုလ်ဆိုတိုင်း မကောင်းဘူးတဲ့၊ ကုသိုလ်ဆိုတိုင်း လက်ခံရမယ်လို့လဲ မဟောပါဘူး၊ ဒီတော့ ဒီအချိန်က စပီး ကုသိုလ်ပြုတတ်အောင်လုပ်ကြ၊ ဝဋ်ကုသိုလ် မဖြစ်စေနဲ့၊ ဝိဝဋ်ကုသိုလ်ဖြစ်ဘို့ ကြိုးစားကြ၊ ရှင်းပလား?။

နောက်ထပ် တောင်းအုံးမယ်ဆိုရင် အကန်ခံချင်သေးလို့ဘဲ နောက်ထပ် လက်ခံချင်ရင် နောက်ထပ် အနာ ရှာတာလို့မှတ်၊ ဒီကောဒ အနာရှုတ်မပျောက်ခင်က အနာရှာသလိုပါဘဲ၊ ကလေးများဟာ မိမိမှာ အနာ ရှိပေမဲ့ စိုးရိမ်ရမှုန်း ကြောင့်ကြရမှုန်း မသိကြဘူး၊ အငြိမ်မနေနိုင်ဘဲ ဆော့ပီးချည့်နေကြတယ်၊ ဒီအခါမှာ လူကြီးတွေက "ဟဲ့-ကလေး နင့်နှယ်ဟယ် ဆော့လှချည့်လား အရင်အနာ မပျောက်သေးခင် နောက်တနာ ထပ်ရချင်လို့လား မိုက်လှချည့်လား?၊ ပြောမရဆိုမရနဲ့"လို့ ပြောဆိုဆုံးမကြတယ် အဲဒါ မှန်းလို့ဆိုသလား? ချစ်ကြင်နာလို့ဆိုသလား?။

ဒို့ဒကာတွေ နောက်ထပ်ရှာချင်ရင် နောက် နင့်ထက် မိုက်တာများရှိသေးသလား? ဆိုထိုက်မဆိုထိုက်၊ အေး-ကလေးထက်တော့ မမိုက်ကြစေနဲ့၊ ဒကာတို့ အနာက ငန်း မန်းတောင် မပျောက်တတ်သေးဘူး၊ ဒါနဲ့မှ အနာရှာချင်တယ် ဆိုရင်ဖြင့် ပစ္စုပ္ပန် အကျိုးအကြောင်းလဲမမြင်၊ သံသရာ အကျိုးအပြစ်ကိုလဲ မသိကြလို့ဘဲ၊ ပစ္စုပ္ပန် သံသရာ နှစ်ခုလုံး မမြင် နိုင်တာဟာ "အကန်းမို့သာဘဲ" ဒီလို မဆိုသင့်ဘူးလား?၊ စဉ်းစားကြ။

ပစ္စုပ္ပန်သံသရာမှာ နှစ်ဘက်ကန်းဘဲလို့မှတ်ကြ၊ ဒါကြောင့် အကန်းပျောက်အောင်ဆေးသောက်ကြရမယ်၊ဆေးက အာသဝေါချုပ်ကြောင်း အကျင့်ကောင်းကို ပြောဒါ၊ ဒီ အကျင့်ကောင်းကို ကျင့်ခဲ့ရင် အဆင့်အတန်း တက်သလောက် အရှုံး အကန်း

ပျောက်မယ်၊ နောက်တဆင့်တက် "နိဗ္ဗာန်" အာသဝကုန်ရာ ချုပ်ဆုံးရာ နိဗ္ဗာန်ရကြမယ်၊ နိဗ္ဗာန်ဆိုဒါ ကောင်းလိုက်တာ အေးလိုက်တာ မြလိုက်တာ ချမ်းသာလိုက်တာ လောကမှာ နှိုင်းယှဉ်စရာကို မရှိဘူးလို့ မှတ်ကြ။

ဒီဒကာတွေ နိဗ္ဗာန်လိုချင်တယ် ဆိုဒါဟာလဲ ပြောသံကြားနဲ့ ကြိုက်နေကြဒါပါ၊ လူချမ်းသာ နတ်ချမ်းသာ ကြိုက်နေတယ် ဆိုဒါလဲ ပြောသံကြားနဲ့ ကြိုက်နေဒါပါဘဲ၊ အကြိုက်မှာနှစ်မျိုးရှိတယ်၊ ပြောသံကြားကြိုက်, ကိုယ်တိုင်ကြိုက်, လို့ နှစ်မျိုးဘာကိုဘဲဖြစ်ဖြစ် ကိုယ်တိုင်ကြိုက် ဆိုတဲ့ နောက်ကြိုက်ကြိုက်မှ ကောင်းမယ်၊ ကိုယ်တိုင်ကြိုက်ဖြစ်မှ ဇဲနဲဘဲ လုံ့လစီရိယဆန္ဒဓါတ် ပြင်းပြင်းနဲ့ အားထုတ်ချင်ကြမယ် ဟုတ်ပါရဲ့လား?။

ဒီတော့ ကိုယ်တိုင်ကြိုက်ဖြစ်အောင် ကြိုးစားကြ၊ လက်တွေ့ဖြစ်မှ ကိုယ်တိုင်ကြိုက်ဖြစ်ကြမှာ၊ သာဝကမှာ ပါရမီမလိုဘူး၊ ပါရမီစကားမပြောကြနဲ့၊ နဂိုကဖျင်းရတဲ့အထဲ ပျင်းဒါကလေးကကူပီး ဒီအလုပ်က ပါရမီရှိမှ ဖြစ်မှာ၊ ကျုပ်တို့က ပါရမီမရှိပါဘူး၊ အခုတော့မလွယ်သေးဘူးနဲ့ ရှိုးမယ်ဖွဲ့ ရမယ်ရှာပီးပေါက်ရ ပြောတတ် ဆိုတတ်ကြတယ်။

"သူမျှား ယောင်တိုင်း မယောင်ကြနဲ့" လို့ သတိပေးလိုက်ပါတယ်၊ ပေဋ္ဌကောပဒေသ ပါဠိတော်မှာ အသေအချာ ဟောထားတယ်၊ "မင်းတို့ သာဝကအဘိုအဆူမှာ ပါရမီမလိုဘူး" တဲ့၊ ဒါကြောင့် ဒီကနေ့ကစပီး " သာဝကမှာ ပါရမီမလိုဘူး" လို့ တထစ်ချမှတ်ကြ။

No. 16

(၅) **အာသဝချုပ်ကြောင်း အကျင့်ကောင်း** အာသဝချုပ်ကြောင်း အကျင့်ကောင်း ဆိုဒါကတော့ "ဝိပဿနာအကျင့်၊ မဂ္ဂင်အကျင့်"ပါဘဲ၊ ဝိပဿနာ မဂ္ဂင်အကျင့် ကျင့်ရင် ခန္ဓာဆုံးမယ်၊ ခန္ဓာ ဆုံးတယ် ဆိုဒါ နိဗ္ဗာန်မျက်မှောက်ပြုဒါကို ပြောဒါ၊ ခန္ဓံဝမှ ဆုံးတဲ့နောက် အာသဝလဲ့ဆုံးရောပေါ့၊ ဒီတော့-အာသဝချုပ်ရာရောက်အောင် အာသဝချုပ်ကြောင်းဖြစ်တဲ့ မဂ္ဂင်အကျင့်ကို ကျင့်ကြရမယ်။

ဒါဖြင့် အခု အာသဝချုပ်နည်း ခန္ဓာဆုံးနည်းကို မှတ်ကြရမယ်၊ ခန္ဓာဆုံးနည်းက မိမိခန္ဓာမှာ "နာမ်နဲ့ရုပ်" သာ ရှိတယ်၊ အကျဉ်းချုပ် နာမ်တရားနဲ့ ရုပ်တရားအပြင် ဘာမှမရှိဘူး ဒါကိုလဲ သေသေချာချာ ဝိပဿနာ ဉာဏ်နဲ့ကြည့်တော့ အနိစ္စကိုဘဲတွေ့ရမယ်၊ ဒီနာမ်တရား ရုပ်တရားများ ဖြစ်ဖြစ်ပီး ပျက်ပျက်သွားဒါကို အနိစ္စလို့ပြောဒါ။

အဲ - နာမ်ကိုကြည့်ကြည့် ရုပ်ကိုကြည့်ကြည့် ကြည့်ချင်ဒါကို စိုက်ကြည့်၊ တခုထဲကို မိမိရရကြည့်၊ ရုပ်ကြည့်တော့ ရုပ်ဖြစ်ပျက် အနိစ္စ၊ နာမ်ကြည့်တော့ နာမ်ဖြစ်ပျက် အနိစ္စ၊ ဒါဘဲ တွေ့ရမယ်၊ ခန္ဓာမှာ ဖြစ်ပေါ်လာသမျှ တရားအစုဟာ ဖြစ်ပေါ် လာလိုက်ပျောက်သွားလိုက်နဲ့ ဖြစ်ပီးပျက်သွားဒါတွေ့ချည့် ဉာဏ်မှာတွေ့ရမယ်၊ ဒီဟာ တွေ့အောင် မြင်အောင် ဉာဏ်နဲ့စိုက်မီး ရှုကြရမယ်၊ သဘောပါကြရဲ့လား?။

ဒီ- ရုပ်,နာမ် တချက်ချက်မှာ "ဖြစ်ပျက်အနိစ္စ တခုထဲတွေ့ရင်ပီးဒါပါဘဲ" ဒီ,တွေ့လာတဲ့ ဖြစ်ပျက် အနိစ္စကို ဆုံးအောင်လိုက်ရမယ်၊ ဒီတခုထဲကို လိုက်သွားတော့ နောက်,မုန်းလာမယ်၊မုန်းလာရင် မကြာခင် ဆုံးမှာဘဲ၊ ဒီ ဖြစ်ပျက် အနိစ္စ ဆုံးသွားရင် မဖြစ်မပျက်တဲ့ နိစ္စနိဗ္ဗာန် ရောက်တာဘဲ။

တရားတွေ များများစားစား အကျယ်ခဲ့ဘို့မလိုဘူး၊ တလုံးထဲတဲ့ မှတ်ထားကြ၊ "ဝိရာဂေါတိ မဂ္ဂေါ" ဆိုတဲ့အတိုင်း မလိုချင်တဲ့အဆုံးမှာ "မင်" လာမှာဘဲ၊ ဒါကြောင့်- ဒီ တွေ့တဲ့ တခုထဲကို မလိုချင်အောင်, မုန်းလာအောင် လိုက်ကြပါလို့ လေးလေးနက်နက် တိုက်တွန်းလိုက်တယ်။

ဒို့ဒကာတွေက သူများကိုတော့ အကဲ ခတ်တတ်ကြတယ်၊ ဘသူကဘယ် နှယ်၊ ဘယ်ဝါက ဘယ်လိုနဲ့၊ အင်း-ကိုယ့် ကိုယ်ကို တော့ အခုထိအကဲမခတ်တတ်ကြသေးဘူး၊ ဘုရားရှင်က "ကိုယ့် စိတ်ကို အကဲခတ်ကြ၊ သူများစိတ် အကဲခတ်ရဒါ မှားလေရှိ၊ မှန်လေရှိ အကဲခတ်မနေကြနဲ့တဲ့၊ ကိုယ့်စိတ်အကဲ ကိုယ်ခတ်ကြ ကိုယ့် ကိုယ်ကို အကဲခတ်တာက အမှန်ချည့် ကျလိမ့်အုံးမယ်။

"နောဧစေ ဘက္ခဝေ ဘက္ခု ပရစိတ္တပရိယာယ
ကုသလော ဟောတိ၊ အထ သစိတ္တပရိယာယ
ကုသလော ဘဝိဿာမိတိ ဧဝံဟိ ဝေါ ဘိက္ခဝေ
သိက္ခိတဗ္ဗ" လို့ သစိတ္တ ပရိယာယ သုတ်မှာ
ဟောတော်မူထားတယ်။

ကိုယ့်စိတ်ကိုအကဲခတ်တဲ့အခါ(၁)စိတ်ကို(၂)စိတ်နဲ့ အကဲခတ်ပါ၊ ဘာစိတ်ဘဲ ဖြစ်ဖြစ် အဲဒီ ဖြစ်ပေါ်လာတဲ့ ရှေ့စိတ်ကို နောက်စိတ်နဲ့ မလွတ်အောင် ရှုမှတ်ရမယ်၊ ဒီလို အကဲ ခတ်တဲ့ အခါ အကုသိုလ်ဖြစ်လဲ မကြောက်နဲ့၊ ကုသိုလ်ဖြစ်လဲ ဝမ်းမသာနဲ့၊ (၂)စိတ်နဲ့သာ လိုက်ပေးကြ၊ ရှင်းကြပလား?။

သတ္တဝါတွေဟာ အိုလိုက်ကြ၊ နာလိုက်ကြ၊ သေလိုက်ကြနဲ့ နောက်ပီး သေတော့လဲ မသာပို့လိုက်ကြ၊ အဲဒီ အို, နာ, သေ, မသာပို့ဆိုတဲ့ အလုပ်တွေဟာ အများနဲ့ ဆက်ဆံတဲ့အလုပ်တွေ

ဘဲ၊ နိဗ္ဗာန်ဆိုဒါကတော့ အများနဲ့ ဆက်ဆံတဲ့ အရာမျိုး မဟုတ် ပါဘူး၊ နိဗ္ဗာန်ဆိုဒါ ထူးမှ,ထူးခြားတဲ့လူမှ ရနိုင် ရောက်နိုင်ဒါပါ ဒီတော့ သီးသန့် ထူးခြားတဲ့ လူဖြစ်အောင်လုပ်ပီး ရှာကြည့်ဘို့ မကောင်းဘူးလား? စုံစမ်းကြည့်ဘို့ စမ်းသပ် ကြည့်ဘို့ ကောင်း ပါတယ်။

ဒီပြင် ကိစ္စတွေမှာတော့ "ငါက သူများပြောတိုင်း ယုံတတ်တဲ့ လူ မဟုတ်ဘူး၊ ကိုယ်တိုင် ကိုယ်ကျ လက်တွေ့ စမ်းကြည့်လို့ အသေ အချာသိရမှကျေနပ်တာ၊ ကိုယ်တွေ့မဟုတ်ရင်မယုံကြည်ဘူး"တဲ့၊ ဒီလိုများ တခါလောက် စိတ်ကူးပီး စမ်းသတ်ကြည့်ဘို့ မကောင်းပါလား?၊ စမ်းသပ်ဘို့ လွယ်ပါတယ် စမ်းသပ်ကြည့်ပါ လို့ လဲ တိုက်တွန်းလိုက်တယ်။

စမ်းကြည့်နည်းက ဘာစိတ် ပေါ်ပေါ် ဖြစ်ပျက် ရှုလိုက်ရင် ပီးပါတယ်၊ ဖြစ်ပျက်ဒုက္ခဆုံးအောင်လိုက်ရင် "နိဗ္ဗာန်" ဆိုက်မယ် နိဗ္ဗာန်ကိုကေန်တွေ့ရမယ်၊ ဥပမာဆိုရင် "လမ်းဆုံးတော့ရွာတွေ့" ဆိုသလိုပါဘဲ၊ ဒါကြောင့် တွေ့ချင်ရင် ကြိုးစားရှာကြဘို့ဘဲ။

ရှုတဲ့အခါ ဘယ်စိတ် လာလာ ဝမ်းမသာနဲ့၊ ဝမ်းသာရင် လောဘ၊ ဝမ်းနဲရင် ကြောက်ရင် ဒေါသ၊ ဒါတွေလာလိမ့်မယ် ဒီလောဘ ဒေါသ ဖြစ်မှာစိုးလို့ ပြောဒါပါ၊ ဝမ်းသာရင် ဝမ်း နဲရင် ပဋိစ္စသမုပ္ပါဒ်ဆက်မယ်၊ ရှုစိတ်-ရှုဉာဏ် ကုသိုလ်-အကုသိုလ် ဂရုပြုနေဘို့ မလိုဘူး၊ ဖြစ်ပေါ်သမျှ ပျက်စီးကြဒါဘဲ၊ ဖြစ်ပျက် ဒုက္ခသစ္စာဘဲလို့ သိရမယ်၊ဒီလိုသိဘို့ အရေးကြီးတယ်၊ ဒါမသိရင် ပဋိစ္စသမုပ္ပါဒ်ဆက်တော့မယ် သတိချပ်ကြ။

လိုရင်းမှတ်ဘို့က “အာသဝ ချုပ်ရာ ချုပ်ကြောင်း အကျင့် ကောင်း” ဆိုဒါဟာ (၁)စိတ်ကို (၂)စိတ်နဲ့ လိုက်တဲ့အကျင့်၊ ရှေ့စိတ်ကို နောက်စိတ်နဲ့ လိုက်တဲ့ အကျင့်ဘဲလို့ လွယ်လွယ် မှတ်ထားကြ။

သတိပဋ္ဌာန် ပါဠိတော်မှာ “သမုဒယဓမ္မာ နုပဿီဝါစိတ္တာသ္မိ ဝိဟရတိ၊ ဝယဓမ္မာ နုပဿီဝါ စိတ္တာသ္မိ ဝိဟရတိ”လို့ ဆိုတဲ့ အတိုင်း အဖြစ်မြင်ရင် အဖြစ်ကိုရှု၊ အပျက်မြင်ရင် အပျက်ကိုဘဲရှု။ ပဋ္ဌမမြင်ရဒါ ပေါ်လွင်ဒါကိုသာ မလွတ်အောင်လိုက်ရှုကြ။

ကိုင်း....ဒီနေ့ ဒီတွင်ဘဲ တော်ကြဦးစို့။

ဓမ္မရတနာမာတိကာ

“ ကြက်ကိုစံပြု ခန္ဓာရှု တရားတော် ”

ကြက်အလုပ်သုံးမျိုး

ဥပမာ

(၁) ကြက်ဥကို အတောင်ဖြန့်၍ ဝပ်ပေးရခြင်း။
(၂) ကြက်ဥကို အပူဓါတ် ကိုယ်ငွေ့ပေးရခြင်း။
(၃) ကြက်ဥကို သဘာဝ ကြက်ရန့်ပေးရခြင်း။

လောကီအလုပ်သုံးမျိုး

ဥပမေယျ

(၁) မိမိခန္ဓာမှာ သတိစိုက် ထားရခြင်း။
(၂) အာတပ လုံ့လစီရိယ ရှိစေရခြင်း။
(၃) ရုပ်,နာမ် ဖြစ်ပျက်ကို ဉာဏ်ဖြင့် ရှုမှတ်ရခြင်း။

ဆောင်ပုဒ်။

ဥပမာ

ကြက်ဥပမာ၊ စံယူကာ၊ ထုတ်ရှာပခဏ။
တောင်ပံဖြန့်ဝပ်၊ အပူဓါတ်၊ ပေးလတ်ကြက်နံ့မျှ။
ခြေလက်သည်းမွှန်၊ ပါးဉဒ္ဓန်၊ ရေမြန်ခန်းခြောက်ပ။
ကတော်-ကတော်၊ တောင်းဆုအော်၊ ဘယ်သော်လိုမရ။
တောင်းရှိယူချင်၊ ဒုက္ခပင်၊ ပွားလျှင်နိဗ္ဗာန။

ဥပမေယျ

ခန္ဓာငါးပါး၊ တပါးပါး၊ စိုက်ထားရှုကြည့်က။
အဝိဇ္ဇာဥဒ္ဓံ၊ ပါးလှပ်ပြန်၊ တဏှံစေးခြောက်ရ။
ဥာဏ်ခြေလက်သဲ၊ ထက်မြက်ကဲ၊ ဖေါက်ခဲ့ဥာဏ်က။

ကျက်ရန်

ခန္ဓာအရှိ၊ သတိကပ်ထား၊ လုံ့လအားပြု၊ ဥာဏ်ဖြင့်ရှု၊
ရမှုနိဗ္ဗာန်ရောဓ။

သတိချပ်။

လက်ရိုက်ရိုးတွင်၊ လက်ရာထင်၊ နှိုင်းယှဉ်ပမာသင့်။
အားထုတ်ကြိုးစား၊ဇဲ့ဥာဏ်အား၊ရင်ငြား လျှင်နှေးသင့်။
အမျှအတန်း၊ ပေးဝေမှန်း၊ စခန်းပြိတ္တာပုဒ်သင့်။
သာဓုတန်းက၊ တဆုပ်မျှ၊ ရကြကျိုးမဖုံ့။
သာဓုကိုသိုလ်၊ မျှကိုသိုလ်၊ လူလိုဘယ်မသင့်။
ကိုယ့်ကိုယ်ကိုသာ၊ ကိုးစားရာ၊ သူ့ဟာမမြော်သင့်။

တရားသား။ ဒီကနေ့ ဒို့ဒကာတွေ့ မေးတယ် ဆိုပါတော့၊ “ တပည့်တော်တို့ တရား အားထုတ်လို့ ဘယ်လောက်ကြာမှ မဂိုကိုရပါမလဲ ” လို့၊ ဘယ်လောက်ကြာအောင် အားထုတ်ရမှာလဲလို့ မေးတယ်ဆိုရင် ဒကာတို့ရဲ့ ကိလေသာထုက နဲရင် ပါးရင်ဖြင့် မြန်မြန်နဲ့ ရကြမယ်၊ ကိလေသာထုက ထူရင် ဖြင့်ကြာမယ် နှေးမယ်လို့ မှတ်ကြ။

"သံယုတ်ပါဦတော် ဝါသိဇဉ္ဇသုတ်" မှာ ဘုရားဟောတော်မူတဲ့ လက်ရိုက် ဥပမာကဲ့သို့ မှတ်ရမယ်၊ လက်ရိုက် ရိုက်တော့ လဏ်းကိုင်တဲ့နေရာမှာ လက်ရာထင်တယ်၊ လက်က လက်ရိုက်ရိုးကို တဖြေးဖြေး စားစားသွားလို့ ရိုက်ပါမျှားတော့ လက်ရာခွက်နေအောင် ထင်ဒါပေါ့၊ ဒီလို အတိုင်းသာ ဆက်မီး ရိုက်သွားခဲ့ရင် အဲဒီအရိုးဟာ တချိန်တော့ ကုန်သွားမှာဘဲ။

ဘယ်နေ့ ဘယ်လောက် ကုန်တယ်လို့တော့ တိုင်းတာလို့မရလို့ မသိနိုင်ဘူး၊ ဒါပေမဲ့ တနေ့ကုန်မှာကတော့ သေချာတယ်၊ အဲဒါ လက်ရိုက်ကိုကြည့်ရင် ထင်ရှားပါတယ်၊ ဒီ ဥပမာအတိုင်းပါဘဲ၊ တရားအားထုတ်တဲ့ ယောဂီဟာလဲ အားထုတ်တဲ့အခါ သူ့သမာဓိ၊ ပညာ၊ လုံ့လ၊ ဝီရိယအားလျော်စွာအနှေးနဲ့အမြန် အဝိဇ္ဇာက ပါးလာမယ်၊ တဏှာကလဲ တစထက်တစ ခန်းခြောက်လာမယ်။

အဝိဇ္ဇာပါးလို့ တဏှာ ခန်းခြောက်သလောက် ဉာဏ်စွမ်းကလဲ ထက်မြက်လာတော့တယ်၊ ဘာလို့လဲဆိုတော့ "ပွါးများမှုများလို့ဘဲ" လို့မှတ်ကြ၊ ဒီလိုပွါးများမှုများရင် မကြာခင် အာသဝေါလဲကုန်မယ်၊ ဉာဏ်စွမ်းထက်ရင် ထက်သလောက် ခရီးပေါက်မယ်လို့မှတ်၊ ဒါ- ဘုရားက တိုက်ရိုက် ကိုယ်တော်တိုင် ဟောတော်မူခဲ့ဒါဘဲ။

ဘုရားက "ပွါးကြဟဲ့-ပွါးကြဖျဲ့" လို့ ဟောဒါ၊ ဒီဒကာတွေကဖြင့် "တောင်းလိုက်ကြဒါ" လွန်ပါရောဘဲ၊ လက်ရိုက်ပုံပမာဆိုတော့ ပါရမီချဉ်းမရှိတော့ဘူး၊ ဒီကရှေ့ အတောင်းလဲရှေ့ကြပါရမီလဲ မချန့်တော့၊ "လုပ်မှရမယ်" ဆိုဒါ ဆုံးဖြတ်ချက်ချ၊ လက္ခဏာသုံးပါး တပါးပါးမြင်ရင်ပီးပါတယ်၊ ဘယ်သင်းရှုအုံးမယ် ဘယ်ဟာကျန်သေးတယ်လို့ မရှိပါဘူး။

အနိစ္စ, စတဲ့ လက္ခဏာ တခုခု ကိုသာ မြင်အောင်ကြည့်၊ လက္ခဏာမြင်လေ အဝိဇ္ဇာဥဒ္ဓံပါးလေဘဲလို့မှတ်၊ လက္ခဏာရေးသုံးပါး, တပါးပါးထင်ရင် ကျန်တဲ့နှစ်ပါးအကျုံးဝင်တယ်၊ခန္ဓာငါးပါးမှာလဲ တပါးပါးကို စဲမြဲမီးရှုပွါးရမယ်၊ တပါးကိုပွါးရင် ကျန်လေးပါး သီးခြားရှုဘို့ မလိုတော့ဘူး၊ အလိုလို ကိစ္စပီးလာမယ်၊ ဒီလိုရှုပွါးရင် အဝိဇ္ဇာဥဒ္ဓံပါးမယ်၊ တဏှာ အစေးလဲ ခန်းခြောက်မယ်၊ ဥာဏ်ခြေသဲ လက်သဲများလဲ ထက်မြက်လာမယ်၊ ဒီအကျိုးသုံးချက် တပြိုင်နက် ကိစ္စပြီးစီးမယ်။

ပွဲးများတဲ့ ကိစ္စဟာ "ဘာဝေတဗ္ဗကိစ္စ, မဂ်ကိစ္စ" လို့မှတ်၊ ဒီတော့ပွါးများယူမှရမယ်ဆိုဒါ ရှင်းပလား?၊ ဘုရားက "ငါလဲပွါးယူလို့ရဒါ ပွါးမယူရင် မရဘူး၊ မင်းတို့လဲ ပွါးများယူကြ၊ တောင်းယူလို့ မရဘူး" လို့ သံယုတ်ပါဠိတော်မှာ အသေအချာဟောထားတယ်၊ ဒါဖြင့် ဒကာတို့တတွေ အခုအခါမှာ လမ်းစတော့တွေ့ပီ၊ လမ်းစကိုတွေ့နေရင် ဆုံးအောင်လိုက်ဘို့ဟာ ကိုယ့်တာဝန်ဘဲ ရှိတော့တယ်။

ဒကာတို့တတွေ ရှေးက လမ်းမှား လိုက်မိလို့ ဒုက္ခစက်ထဲလယ်နေကြရဒါ အခုသိရင် ပြင်ကြဘို့ဘဲ၊ ရှေးက မှားခဲ့ပုံတွေသိရရင်အကုန်ဖျောက်ကြပေါ့၊ ဒကာတို့တတွေက ၃၁-ဘုံလမ်းသာ လယ်နေကြတယ်၊ တောင်းလို့ရဒါဟာ ၃၁-ဘုံမှာ ရှိတဲ့ဟာမို့သာရဒါ၊ ၃၁-ဘုံမှာ တောင်းလို့ရသမျှ အသေတွေဘဲ ရကြမှာ၊ အသေကလဲရင် ဘာမှရဘို့ မမြင်ပါဘူး။

ဒါကြောင့်- တောင်းရင် ဒုက္ခသစ္စာရမယ်၊ ပွါးယူရင်နိရောဓသစ္စာ ရကြမယ်၊ "တောင်းလမ်းက ဒုက္ခသစ္စာ၊ ပွါးလမ်းက

နိုရောဓသစ္စာ”ဘဲလို့မှတ်ကြ၊ ဒီကနေ့ကစပီး နှစ်လမ်းမလိုက်ကြနဲ့ တလမ်းလိုက်ကြ၊ တလမ်းက ပွါးလမ်းလို့မှတ်၊ ဒကာတို့ကတဆင့်ကြားဆိုတဲ့(အနုဿဝ)မှာ လမ်းဆုံးနေကြဒါ၊တောင်းလို့ရဒါ “အသေ” ပွါးလို့ရဒါ “နိဗ္ဗာန်” စဲ့စဲ့မြဲမြဲမှတ်။

အခုပြောတဲ့ စကားမျိုး, တရားမျိုး ရှေးက ကြားနာရဘို့မလွယ်ဘူး၊ အခုမှ ကံထိုက်လို့ သာနာကြရဒါ၊ ပေါ့ပေါ့တန်တန်မနာကြနဲ့ လေးလေးစားစား နာယူကြ၊ ဟောတဲ့ပုဂ္ဂိုလ်ကလဲဟောနိုင်လို့၊ ဒကာတို့ကလဲထောင်နိုင်တဲ့နားရှိလို့ အခွင့်ကြုံကြရဒါ၊ ထောင်နိုင်တဲ့နားရှိဘို့ကိုလဲ မလွယ်ဘူး၊ ကျတ်ထိုက်တဲ့ လူမှလဲ ထောင်နိုင်တဲ့နားပါကြဒါ ကြိုးစားကြ။

တရားအားထုတ်တဲ့သူဟာ ကြက်ဥပမာ စံထားပီး ကြိုးစားရမယ်၊ကြက်မဥပမာယူပီးအားထုတ်ရမယ်လို့ ဘုရားဟောတော်မူတယ်၊ ဘယ်လိုလဲ ဆိုတော့ ကြက်မဟာ အဥတွေဥပီး ကြက်ထုံးစံ၊ ကြက်အလုပ် မလုပ်ဘဲ “ဥခွံတွေ ပါးပါစေ၊ အရေတွေခန်းခြောက်ပါစေ၊ ကြက်သားငယ်လေးတွေ ခြေသည်း, လက်သည်းများ ထက်ပါစေ”ဆိုပီး အနိုးအပါးကဆုတောင်းနေခဲ့ရင် ကြက်ကောင်ကလေးတွေ ပေါက်နိုင်ပမလား?၊ မပေါက်ပါဘူး အဥတွေဟာ ပုပ်သွားကြမှာပါဘဲ။

သူ့ထုံးစံ ကြက်အလုပ် မလုပ်ရင် မရဘူး၊ အနှားကနေဆုတောင်းနေတဲ့အလုပ်ဟာ သူ့အလုပ်မဟုတ်ဘူး၊ ကြက်ထုံးစံအလုပ် မဟုတ်ဘူး၊ ဒါကြောင့်- မရနိုင်ဒါဘဲ၊ ကြက်ထုံးစံက ကြက်ဥတွေ ဥပီးရင် အလုပ်သုံးလုပ် လုပ်ပေးရတဲ့ထုံးစံရှိတယ်။

အလုပ်သုံးလုပ်ဆိုဒါက— (၁) အတောင်ဖြန့်ပီး ဝဲပ်ပေးရမယ်၊ (၂) အပူဓာတ် ကိုယ်ငွေ့ကိုလဲ ပေးရမယ်၊ (၃) ကြက်တို့ရဲ့ သဘာဝ ရနံ့ကိုလဲ ပေးရမယ်၊ အဲဒီ သုံးခုပါဘဲ။

ကြက်ဥပေါက်စေချင်ရင် ဒီအလုပ်သုံးလုပ်ကိုလုပ်ပေးရမယ်၊ ဒီလိုလုပ်ပေးမှ အမိရဲ့သတ္တိကြောင့် ကြက်ကောင် ဖြစ်လာရဒါ၊ ဒီ ကြက်ထုံးစံ အလုပ် သုံးလုပ် လုပ်ပေးမှသာ ကြက်သားငယ် လေးတွေ ပေါက်ဖွားလာရမှာ၊ အတောင်ဖြန့်ဝပ် အပူဓာတ် ပေးရဒါ အထဲက အရောခန်းအောင် ခြောက်အောင်လို့ဘဲ၊ ပူမှ အရောတွေက ခန်းခြောက်မယ်၊ ခန်းခြောက်မှ ကြက်ကောင် ကလေးတွေရင့်လာမယ်၊ အရောခန်းပီး ကြက်ကောင်ကလေးတွေ ရင့်တော့ ဥခွံကလဲပါးသွား၊ ခြေသည်း လက်သည်းတွေကလဲ ထက်မြက်လာမယ်တဲ့။

ဒီအခါမှာမှ ကြက်ကောင်ကလေးဟာ မိုက်မှောင်ကျဉ်းကျပ် အောနေရက်ပ်တဲ့ ဥခွံထဲမှာ မနေလိုတော့ဘဲ သူ့ခြေသည်း လက်သည်းကလေးတွေနဲ့ အားထုတ်ပီး ရုန်းကန်လိုက်တော့ ဥခွံဟာ ပါးနေဒါမို့ ဖျတ်ကနဲ ကွဲထွက် သွားတော့တယ်၊ ဒီတော့မှ ကြက်ကလေးလဲ "အင်း - အခုမှဘဲ လွတ်လပ် ချမ်းသာခြင်းနဲ့ အလင်းရောင်ကို ရပေပြီ"လို့ ဝမ်းမြောက်လို့ မဆုံးနိုင်အောင် ချမ်းသာမှု ရသွားတော့တယ်တဲ့။

ဒီ - ဥပမာကဲ့သို့ တရား အားထုတ်တဲ့ ယောဂီဟာ အလုပ်သုံးလုပ် လုပ်ရမယ်။

(၁) မိမိခန္ဓာမှာ "သတိ" ကို ကပ်ထားရမယ်။

(၂) ကိလေသာကို ပူပန်စေတဲ့ "အာတပဓိရိယ" စိုက်ထုတ်ရမယ်။

(၃) ခန္ဓာမှာ ဖြစ်ပျက်တဲ့ ရုပ်,နာမ်ကို ဖြစ်တာလဲ သိအောင် ပျက်တာလဲ သိအောင် ဖြစ်-ပျက် အစဉ်မှာ "ဥာဏ်နဲ့" စူးစိုက်ပီး ရှုမှတ်ရမယ်။

ဒီအလုပ် သုံးလုပ်ကိုလုပ်ရင် မကြာခင် "မဂ်ဖိုလ်" ကို ရ,ရမယ် သဘောပါပလား?၊ ဒီသုံးချက်ကို လွယ်လွယ်မှတ်ဘို့ ဆောင်ပုဒ် ကျက်ထားကြ။

" ခန္ဓာအရှိ၊ သတိကပ်ထား၊ လုံ့လအားပြု၊ ဥာဏ်ဖြင့်ရှု၊ ရမှုမဂ်ဖိုလ်သာ။ "

ဒီအတိုင်းသာ သုံးလုပ်ညီအောင် ကြိုးစားရင် မကြာလှပါဘူး၊ ၇-ရက်နဲ့ တောင် မဂ်ဖိုလ်ရနိုင်ပါတယ်တဲ့၊ ဒါ သံယုတ်ပါဠိတော်မှာဟောတဲ့ ဘုရားစကားတော်လို့ မှတ်ကြ၊ရှင်းကြပလား။

ဒီဒကာတွေ ဆုတောင်း မနေကြနဲ့တော့၊ ကိုယ်က အလုပ်မလုပ်ဘဲ ဆုသာတောင်းနေကြရင် မဂ်ဖိုလ်မရဘဲ ခန္ဓာကြီးသာ ပုပ်သွားရမှာပါဘဲ၊ ဒါကြောင့်,လုပ်သင့်လုပ်ထိုက်တာကိုလုပ်ကြရမယ်၊ "ကတော် - ကတော်" နဲ့ လုပ်မနေကြနဲ့၊ ကြက်မကြီးအော်နေရုံနဲ့ ဘာမှ မဖြစ်ဘူး၊ ဖြစ်မှာကတော့ ဥတွေပုပ်ဘို့ဘဲ ရှိတယ်၊ ဒကာတို့တတွေလဲ ကတော် နေကြအုံးမယ်ဆိုရင် ခန္ဓာဥခွံပုပ်ဘို့က လက်စတုံးမှာ မဟုတ်ကြဘူး။

ဒကာတို့မှာက ဝိပါက ဝဋ်ကောင်ကြီးကို ရထား ကြဒါ၊ "လူ့ဘဝကို ရပါလို့၏" ဆိုပီး ကိလေသာနဲ့ ဆုတောင်း ယူကြ၊ လူ့ဘဝ လိုချင်လို့ ဒါန - သီလ စတဲ့ ကမ္မ ဝဋ်တွေ ပြုကြရ၊

ဒီတော့ ကိလေသာကြောင့် ကံတွေ့ဖြစ်လာ၊ ဒီ ကံကြောင့်ဘဲ ဒီလူကောင် ဝိပါက ဝဋ်တုံးကြီးကို ကိုယ်ပိုင် ရလာကြတယ်၊ ဒီဝဋ်ထက်ကြီးတဲ့ ဝဋ်ဖြင့် မရှိတော့ဘူး၊ ခဲလို့မရ ခွါလို့မရနဲ့ အစဉ်တစိုက်သာ ပါနေတော့တာဘဲ။

ဒီလို ထက်ချပ်မကွာ ခွါမရ ခဲမရရှိနေတော့ ဒီ ဥခွံထဲမှာဘဲ နေ့နေကြရဒါပေါ့၊ ဒကာတို့ကို ခန္ဓာဥခွံကအုပ်နေဒါ၊ ဒီ အုပ်နေတဲ့ဥခွံကို ကွာစေချင်ရင် ဘာလုပ်ကြမလဲ? အလုပ်သုံးလုပ် လုပ်ကြရမယ်၊ ခန္ဓာပြင်ဘက် ထွက်ရအောင် ကြိုးစားမှဖြစ်မယ် အလုပ် သုံးလုပ် လုပ်ရင် ခန္ဓာဝဋ်က ကျတ်မယ်၊ ခန္ဓာ ဝဋ်က ကျတ်လွတ်ပီး ခန္ဓာ ဥခွံကို ထားပြစ်ခဲ့ဒါဟာ နိဗ္ဗာန် ပါဘဲ၊ ကိုင်း-ရှင်းကြပလား?။

ဥခွံထဲက မထွက်ရခင် ပုပ်သွားရင်ဖြင့် အပါယ်လေးပါး သွားရဘို့ဘဲရှိတယ်၊ ကြက်ဖြစ်မလို့ လာခဲ့ဒါဟာ ကြက်ကောင် မဖြစ်လိုက်ရဘူး၊ အဲဒါလိုဘဲ၊ လူဖြစ်မလို့လာဒါ လူမဖြစ်လိုက်ရ၊ နတ်ဖြစ်မလို့ လာဒါ နတ်မဖြစ်လိုက်ရဘူး ဆိုရမယ်၊ လူဖြစ် နတ်ဖြစ်မလို့လာတာ လူ့နတ် မဖြစ်လိုက်ရဘဲ ကလလရေကြည် ဘဝနဲ့ဘဲ အနိစ္စ ရောက်သွားရတယ်၊ အဲဒီလို အဖြစ်ဆိုးတွေဟာ ဘလောက်များတယ်လို့ကို မရေမတွက်နိုင်ဘူး။

လူကောင်,နတ်ကောင် ဖြစ်လာပေမဲ့လဲ အဝိဇ္ဇာဥခွံမကွာရင် လူစင်စစ် နတ်စင်စစ်ဖြစ်တယ်လို့ မဆိုရဘူး၊ ဥခွံထဲမှာဘဲနေပြီး ဥခွံထဲမှာဘဲ သေရဒါ ဖြစ်လေတော့ အပါယ် ကျဘို့မှတပါး တခြား မရှိပါဘူး၊ ဒီလို မရှိလို့လဲ သေလွန်တဲ့ အခါမှာ

နောက်ကျန်တဲ့လူတွေက အမျှအတန်းပေးဝေကြရတယ်၊စိတ်ကူးကတော့ ပြိတ္တာဘဝမျှား ရောက်သွားရင်ဖြင့် အငတ်ပြဿနာဖြေရှင်းနိုင်မလားလို့ ခဲယဉ်းပါတယ် အမျှပေးလို့ ရနိုင်တယ်ဆိုတဲ့ အဖြစ်မျိုးဟာ မလွယ်လှဘူး။

သူပြုခဲ့သမျှနဲ့ သူ့ဖြစ်ရာဘဝမှာ ခံရစံရဘို့သာရှိတယ်၊ အမျှဆိုဒါ'ဆယ်ရေးတရေး-ကိုးရေးတရာ'ရဘို့ရာ အလွန်ဝေးပါတယ် ဒီတော့"အမျှကိုအားကိုးမနေကြပါနဲ့"လို့ ပြောလိုက်ပါတယ်၊ အမျှပေးတဲ့စနစ်ဟာ ပြိတ္တာစခန်းဖွင့်နေဒါတဲ့၊ ဘာလို့ ပြိတ္တာစခန်းဖွင့်နေတုံးဆိုတော့ အမျှနဲ့ဘဲ ကျနပ်ကြလို့ပေါ့။

သုံးဆယ် တဘုံကုသိုလ်သာ အမျှပေးလို့ရချင်ရမှာ နိဗ္ဗာန်မရဘူး၊နိဗ္ဗဲာန်စခန်း,နိဗ္ဗာန်လမ်းဆိုဒါ ဝိပဿနာစခန်း ဝိပဿနာလမ်း အမျှစခန်း မဟုတ်ဘူး၊ လုပ်မှု ရမှာဆိုဒါ တထစ်ချမှတ်၊ အမျှကြိုက်ရင်ပြိတ္တာစခန်းဖွင့်ဒါဘဲ"ကျုပ်အတွက်စိတ်မချရဘူး ကျုပ်ရောက်ရာဘဝ အမျှဝေကြပါလို့"မဆိုပေမဲ့ ဆိုသလိုပါဘဲ၊ "ကျုပ်ဟာကျုပ်တော့ ဘယ်နည်းနဲ့မှ စိတ်ချစရာမရှိဘူး၊ နဲနဲမှသက်သာ သက်သာ အမျှ အတန်း ကလေးများတော့ ဝေဖြစ်အောင် ဝေလိုက်ပါနော်" လို့ မျက်နှာငယ်လေးနှင့် မှာခဲ့ရတဲ့အဖြစ်မျိုး မဖြစ်ကြစေနဲ့။

အင်း.... "ကျုပ်တို့လဲ စိတ်ကူးထားပါတယ်၊ အားထုတ်ရအုံးမယ်၊စေတနာရှိပါတယ်၊ ကိစ္စကလေးတွေကတန်းလန်းနဲ့ မို့အခုတော့ မသွားဖြစ်သေးဘူး၊ စိတ်ကူး ရှယ်စူးထားပါတယ်"နဲ့ ကြားရတဲ့လူတွေက "အင်း-သာဓု-သာဓု၊ ကောင်းပ-ကောင်းပ" နဲ့ ဝိုင်းမြောက်လိုက်ကြတယ်။

အင်း.... "ကျုပ်တို့လဲ စိတ်ကူးထားပါတယ်၊ အားထုတ်ရအုံးမယ်၊စေတနာရှိပါတယ်၊ ကိစ္စကလေးတွေကတန်းလန်းနဲ့ မို့အခုတော့ မသွားဖြစ်သေးဘူး၊ စိတ်ကူး ရှယ်စူးထားပါတယ်"နဲ့ ကြားရတဲ့လူတွေက "အင်း-သာဓု-သာဓု၊ ကောင်းပ-ကောင်းပ" နဲ့ ဝိုင်းမြောက်လိုက်ကြတယ်။

ဒီတော့- အကျေနပ်ကြီး ကျေနပ်လို့ "တယ်ဟုတ်တဲ့ ငါပါလား" အောက်မေ့နေကြတယ်၊ နောက်ပီးတော့ ရှိသေးတယ် သူတကာတွေ့ တရားကျောင်းက ပြန်လာပလားဆိုရင် "အင်း-ကောင်းပ-ကောင်းပ၊သာဓုဗျာ-သာဓုဝမ်းသာပါတယ် ခင်ဗျားတို့ကပါရမီရှိပေသကိုး၊ကုသိုလ်ကောင်းပေသကိုး၊သာဓု-သာဓု" လို့ ဆီးမီး ခေါ်တတ်ကြတယ်။

အဲဒီလို သာဓုလောက်နဲ့ နေ့,နေကြလို့ မဖြစ်ဘူး၊သာဓုတန်းက နိဗ္ဗာန်မရဘူး ဒီကရှေ့ သာဓုတန်းက မနေကြနဲ့ "ကိုယ်တိုင်လုပ်ကြပါ" လို့ တိုက်တွန်းလိုက်ပါတယ်၊ သာဓုကုသိုလ် အမျှကုသိုလ်တို့နဲ့ လောကီကုသိုလ်လောက်သာ ဖြစ်တယ်၊ နိဗ္ဗာန်ကို မရနိုင်ပါဘူး၊ သူတပါးအားကိုးနေရင် ကိုယ်ကျိုးနဲ့မယ်မှတ်ကြ။

"အတ္တာဟိ အတ္တနော နာထော
ကောဟိ နာထော ပရော သိယာ ။

ဆိုတဲ့အတိုင်း ကိုယ့်ကိုယ်ကို အားကိုးကြ၊ သူများအားကိုးစရာ မရှိဘူး၊ သူများပေးတဲ့ အမျှလောက်၊ သူများ ခေါ်ရတဲ့ သာဓုလောက်နဲ့ဖြင့် ဒုက္ခ ရောက်ဘို့က များတယ်၊ သဘောပါကြပလား?။

ဒါဖြင့် ကိုယ့်ကိုယ်ကို အားကိုးရအောင် စိတ်ချရအောင် ဘာလုပ်ရမလဲ? တရားအားထုတ်ရမယ်၊ တရား အားထုတ်တော့လဲ ပြင်ပဗဟိဒ္ဓကို ဂရုမစိုက်ရဘူး၊ ပြင်ပခန္ဓာကို ရှုနေရင်ဖြင့်ခရီးမရောက်နိုင်ဘူး၊ "တရားရှာ-ကိုယ်မှာတွေ့" ဆိုတဲ့ အတိုင်း မိမိခန္ဓာမှာ မိမိကိုယ်မှာရှာရမှာ၊ကြက်မဝပ်တဲ့ဥပမာလို မိမိခန္ဓာမှာ ဝပ်ရမှာ တခြားမှာ ဝပ်လို့ မရဘူး၊ တရားရှုဒါ မိမိခန္ဓာမှသာ ရှုကြရမှာ ဒါကို မြဲမြဲစွဲစွဲ မှတ်ထားကြ။

မိမိခန္ဓာ မရှုဘဲ ပြင်ပခန္ဓာ,သူတပါးခန္ဓာ ရှုမိတော့ဘာဖြစ်တတ်သလဲ?၊ ဘယ်လို အဖြစ်မျိုးတွေ ဖြစ်လာ တတ်သလဲ?၊ နှိုင်းယှဉ်ဘို့ဥပမာဆိုရင် ယသောဓရာနဲ့ ဒေဝဒတ်တို့ကိုကြည့်ရင် သိနိုင်တယ်။

ယသောဓရာ နဲ့ ဒေဝဒတ် တို့ဟာ တဒ္ဂု တုံဆင်းလာတဲ့ မောင်နှမ အရင်းခေါက်ခေါက် ဖြစ်ကြပေမဲ့လဲ အကြည့်ချင်းက ကွာခြားတော့တလမ်းစီသွားကြရတယ်၊ ယသောဓရာက'နိဗ္ဗာန်' အထက်လမ်း အမြတ်လမ်း၊ ဒေဝဒတ်ကတော့ "အဝီစီ" ဆိုတဲ့ အောက်လမ်း အယုတ်တမာတို့ သွားရာလမ်းကို သွားရတယ်။

သူတို့နှစ်ဦးဟာမောင်နှမအရင်းဖြစ်ရက်နဲ့ ဘာကြောင့်မျှားတခြားစီ တလမ်းစီ သွားကြရသလဲ? အဲဒါ အကြည့်ချင်း အမြင်ချင်းမတူကြလို့ ဘဲ ဒေဝဒတ်က မိမိခန္ဓာမကြည့်မိဘဲ ဗဟိဒ္ဓ,ပြင်ပခန္ဓာကိုကြည့်မိလို့၊ ယသောဓရာကတော့ ပြင်ပခန္ဓာဂရုမစိုက်ဘဲ မိမိခန္ဓာမှာသာ စူးစိုက်မိးကြည့်ခဲ့ရှုခဲ့လို့ အာသဝေါကင်းကွာတဲ့ ရဟန္တာထေရီဖြစ်ပီး "ဒုက္ခ ခပ်သိမ်း ကင်းငြိမ်း" သွားရတယ်၊ ဒီတော့ "ကိုယ့်ဝန် ကိုယ်ထမ်းပီး,ကိုယ့်လမ်း ကိုယ်သွား"ကြရတယ်လို့ဆိုနိုင်တော့တယ်၊ ရှင်းကြပလား?။

ကိုင်း....ဒီနေ့ ဒီတွင်ဘဲ တော်ကြအုံးစို့။

စမ္မရတနာမဟာတိကာ

"ကြက်ကိုစံပြု ခန္ဓာရှုတရားတော်"

အထူးသိရန်

(၁) ယောနိသော မနသိကာရ၊ ရုံးစုခြင်း သဘောရှိ၏။
(၂) ပညာ၊ ပိုင်းခြားခြင်း သဘောရှိ၏။

ဆောင်ပုဒ်—

ယောနိသောကာ၊ မနသိကာရ၊ ပဌမလိုအပ်ချက်။
ပညာဖြင့်ပင်၊ ပိုင်းခြားအင်၊ နောက်တွင် မှန်လက်နက်။
နှလုံးသွင်းက၊ မှန်ကန်မှု၊ ဥာဏ်က ပိုင်းနိုင်တုက်။
သစ္စာနက်ရင်း၊နှလုံးသွင်းမှန်၊ဥာဏ်ဖြင့်ပိုင်းခြား၊ညီစေအား၊
တရားပေါ်မြန်ထက်။

သတိချပ်—

ဥခွံအဝိဇ္ဇာ၊ မျောင်မိုက်မှာ၊ သံသာတလျှောက်လုံး။
ရမ်းသွားရမ်းလာ၊ စုံကန်းစွာ၊ ဒုက္ခာဘယ်မဆုံး။
ဆရာကောင်းကြုံ၊ ခွင့်ကောင်းစုံ၊ ကြည်ယုံအားသစ်ကျုံး။
ကိုယ်မသေခင်မှာ၊ ကိုယ် သာသနာ၊ ခဲစွာ ကြုံကြိုက်တုန်း။
ကြုံတောင့်ကြုံခဲ၊ တခါလွဲ၊ ကျိုးနဲဘဝဆုံး။

တရားသား။ ဒီကနေ့ မနေ့က တရားအဆက်ကို ပြောရမယ်၊ ပဌမသတိပြုဘို့က ဒို့ဒကာတွေ "ဝင်္ဂ" ဆိုက်နေကြတယ်၊ဘာဝင်္ဂတုံးဆိုတော့ ကမ္မဝင်္ဂ၊ဝိပါကဝင်္ဂ၊ကိလေသာဝင်္ဂဆိုတဲ့ ဝင်္ဂသုံးမျိုးဘဲ၊ ကုသိုလ်-အကုသိုလ်ဆိုတဲ့ ကမ္မဝင်္ဂတွေ လုပ်

ကြ၊ အဲဒီ ကမ္မဝဋ်ကမ်တွေနဲ့ ခန္ဓာ အမျိုးမျိုး ဆုတောင်းယူ ဆုတောင်းတော့ ဝိပါက ဝဋ်ကောင်ကြီး ရလာကြတယ်၊ ဒီရတဲ့ ဝဋ်ကောင်ကလဲ ကိလေသာ အစေးအညော် ဗလဖြစ်နဲ့ အဝိဇ္ဇာ ဥဒ္ဓံဆိုတဲ့ အမှောင်တိုက်ထဲမှာ နေရရှာတယ်။

အခုနေရတဲ့အဖြစ်ဟာ အဝိဇ္ဇာဥဒ္ဓံကလဲအုပ်၊ တဏှာအစေး တွေကလဲရှုပ်လို့ ဒီတော့-ဥာဏ်ကလေးတွေ တုံးနေကြဒါပေါ့၊ အဲဒါကြောင့် အခုအဖြစ်ဟာ တောင်မှန်းမသိ-မြောက်မှန်းမသိ ချောက်မှန်းလဲမသိ-ကမ်းမှန်းလဲမသိ ဘာမှန်းမှမသိတဲ့အဖြစ်မျိုး ကြုံရတယ်ဆိုရင်မမှားပါဘူး၊အဲဒီတော့ ကိုယ့် အဖြစ်ဟာ "အဖြစ်ဆိုး" ဘဲဆိုဒါ သိကြရမယ် အဖြစ်ဆိုးကြုံရဒါ ဥဒ္ဓံထဲက မထွက်နိုင်ကြလို့ဘဲ၊ ဥဒ္ဓံဟာ ပဋိစ္စသမုပ္ပါဒ်ကြီးဘဲ၊ ပဋိစ္စသမုပ္ပါဒ် အလုံးကြီးဟာ ဥဒ္ဓံကြီးဘဲလို့ မှတ်ကြ။

ဒို့ဒကာတွေ အင်မတန် ကံကော်ငင်းကြလို့ဘဲ၊ ဘုရားဟော ဟော် မှုတဲ့ စကားတော်တွေ ဆရာကောင်း, သမားကောင်းနဲ့ တွေ့ရကြုံရလို့ သိကြရဒါ၊ အကြောင်းအကျိုးနားလည်ကြရဒါ သာမည မအောက်မေ့ကြနဲ့၊ နက်နက်နဲနဲသိတဲ့ပုဂ္ဂိုလ်က "သူသိသလိုသိပါစေ" ဆိုတဲ့ စေတနာနဲ့ တိုက်တွန်းတဲ့ ကိစ္စ ဖြစ်တယ်၊ ပြောပြတဲ့ ပုဂ္ဂိုလ်ကလဲ "သူ့ပါရမီနဲ့ သိလာပေလို့ ပြောပြနိုင်တယ်" လေးလေးစားစား လိုက်နာ အားထုတ်ကြ။

ဒကာတို့တတွေ နောက်,နောက်တုံးကဥဒ္ဓံထဲတွင်အကောင် မဖြစ်လာဘဲ ပုပ်ပုပ်ပီး သေသွားကြရဒါ၊ ဘဝပေါင်း အသချေ် မရေ မတွက်နိုင်အောင် မျှားခဲ့ကြပြီ၊ ဒီအခါမှ ဥဒ္ဓံထဲက မထွက်ကြတော့ဘူးဆိုရင် နောက်အဖို့ရာ ဝေးပါသေးတယ်၊ ကိုယ်ကျိုးနဲ့ဘို့အပြင် မရှိပါဘူး။

ကိုယ့်အထက်ကို ပြန်ကြည့်ကြ၊ ဒကာတို့ အထက်အထက်က မိတော့ဘတွေဟာ၊ ဘိုးတော့ဘွားတွေဟာ ဒီဥစ္စာထဲကကို မထုတ်နိုင်ခဲ့ကြဘူး၊ ဒကာတို့မှာ ဘာကောင်းလို့ ထုတ်နိုင်တဲ့လမ်းစထုတ်နည်းကိုရကြဘီ၊ သူတို့တတွေဟာဆိုရင် ဥထဲမှာနေပီး ဥထဲမှာဘဲသေကြရရှာတယ်၊ ဒါကြောင့်မို့ ကြုံတောင့်ကြုံခဲ ရတောင့်ရခဲ ရလာတဲ့အခွင့်အခါကောင်းမှာ ဥထဲကထုတ်နိုင်အောင်ကြိုးစားရမယ်၊ မရအရ အားထုတ်ကြဘို့ သင့်တယ်၊ မသင့်ကြဘူးလား?။

အခုကြုံလာတဲ့ ဝိမုတ္တိယုဂ အနှစ်[၅၀၀]လို့သာဆိုဒါစင်စစ်က "ကိုယ့်အနိစ္စမကြုံခင် ကိုယ်မသေခင်မှာသာ ကိုယ်သာသနာရှိဒါပါ" အခါခိန် များများ စားစား မရှိတော့ဘူး၊ "အင်္ဂေဝါသုဝေဝါ" ဆိုရင် စဉ်းစားဘို့ကို အခါခိန်မရတော့ဘူး၊ ရှင်းကြပလား?၊ ဒီတော့ ဘယ်လိုလုပ်ကြမလဲ? ဆရာသမားက ညွှန်ကြားတဲ့ အတိုင်း အခါခိန် မဆိုင်းဘဲ လုပ်ဘို့သာ ကိုယ့်တာဝန်ဘဲလို့ မှတ်ကြ။

ဒီအရေးဟာ အလွန်ကြီးတဲ့အရေးပါ၊ ဒါကြောင့်လဲ အသိညာဏ်ရှိတဲ့ပုဂ္ဂိုလ်များက ထပ်မနားတိုက်တွန်းကြဒါဘဲလို့မှတ်၊ "ထမင်းမစားရချင် နေပါစေ၊ ဒီအလုပ်ကိုဖြင့် အရင်ပီးအောင်လုပ်လိုက်ကြပါ"လို့ လေးလေးနက်နက်ကြီး တိုက်တွန်းလိုက်ပါတယ်။

အခုဥစ္စကပေါက်နည်းကိုပြောရမယ်၊ ဒီခန္ဓာငါးပါး ဒီခန္ဓာကို ဥစ္စကသိုးထပ် အုပ်နေတယ်၊ သုံးထပ်က လက္ခဏာ မသိတဲ့ဥစ္စအဝိဇ္ဇာသုံးထပ် အနိစ္စလက္ခဏာမသိတဲ့အဝိဇ္ဇာ ဒုက္ခလက္ခဏာ

မသိတဲ့ အဝိဇ္ဇာ၊ အနုတ္တလက္ခဏာ မသိတဲ့ အဝိဇ္ဇာ၊ ဒီ အဝိဇ္ဇာ ဥခွံသုံးထပ် အုပ်နေတယ်၊ ဒီအပေါ်မှာ တဏှာ ရေတွေကလဲ ဖုံးထားပြန်တော့ ဥာဏ်တွေကလဲ တုံးနေဒါပေါ့။

ဒီ သုံးထပ်ကို ဥာဏ်ထက်အောင်လုပ်မီး ခွါပြစ်ရမယ်၊ ခွါတဲ့ နေရာမှာ တချက်ကိုပိုင်နိုင်ရင် ကျန်တဲ့လက္ခဏာ နှစ်ချက်အတွက် ကိစ္စပီးစီးပါတယ်၊ သံယုတ်ပါဠိတော်မှာ "ယံ အနိစ္စံ တံဒုက္ခံ တဒေဝ အနတ္တာ" လို့ ဟောတော်မူတယ်၊ ဒီတော့- လက္ခဏာ တပါးရှုရင်ပီးနိုင်တယ်ဆိုဒါ သေချာဘီ၊ ကြိုးစားကြ၊တခုထဲဆို မခက်တော့ဘူး။

နောက် – ဒီတရားမျိုး မတွေ့ကြရင် အခက်ချည့် ကြုံရဘို့ ရှိတော့တယ်၊မျောင်ထဲမွေးပီး မျောင်ထဲသေရမှာဘဲ၊ ပြင်မရောက်ဘဲသေရတော့ သေခြင်းဆိုးပေါ့၊ မဆိုထိုက်ဘူးလား? ဥပမာဆိုရင် ဘဝတခု ရောက်ဘို့ရာ ပဋိသန္ဓေ ကလလရေကြည် တည်လာတယ်ဆိုပါတော့ ဒီအခါမှာ ရေကြည်ကလေးကို ပိုးမျိုး[၁၀]က စားသွား၊ ဒီလိုဘဲ နောက်ဘဝလဲ စားသွားနဲ့ ဒီလို ဘဝပေါင်းတွေကလဲ အသခြေနဲ့ အနန္တ ရေတွက်လို့ မရနိုင်ဘူး။

"သမင်မွေးရင်း-ကျားစားရင်း၊ ကြက်မွေးရင်း-ကြောင်စားရင်း" ဆိုသလိုပါဘဲ၊ ဒကာတို့ဟာ ဘဝအထွေထွေ ဆုတောင်းနေကြဒါ၊ သူများစားဘို့ ဝါးဘို့ ဆုတောင်းနေကြဒါ၊ မရဏမင်းစားဘို့ ဆုတောင်း မရ,အရ ယူပီး အသေခံမိုက်နေကြဒါဘဲ ဆိုထိုက် မဆိုထိုက် စဉ်းစားကြည့်ရင် သိကြမယ်၊ ဒို့ဒကာတွေက ကိုယ့်ကိုယ်ကို မကြည့်သူများကို ကြည့်တတ် ကြတယ်၊ ဒီတော့ ကိုယ့်အကြောင်း ကိုယ်တောင် မသိနိုင်လောက်အောင် ဖြစ်နေကြရဒါပေါ့။

ဘေးပတ်၀န်းကျင်ကို မကြည့်နဲ့၊ ကိုယ့်ခန္ဓာမှာ ကိုယ်ကြည့်ကြ၊ ဥာဏ်နဲ့ကြည့်ပီး ကိုယ့်အကြောင်းကိုယ်သိအောင်လုပ်ကြ၊ ကိုယ့်အကြောင်း ကိုယ်ကိုယ်တိုင်မှ မသိဘူးဆိုဒါ ရှက်ပီး သေကြဘို့သာ ကောင်းတော့တယ်၊ ကိုယ့်အကြောင်း သိအောင်မှ မလုပ်ချင်ဘူးဆိုရင် ဥခွံကအုပ်နေရတဲ့အထဲမှာ ဇာတိဇရာဗျာဓိမရဏဆိုတဲ့ ဒုက္ခတွေနဲ့တွေ့ပီးသေရမှာဘဲ၊ဒီပြင်ဘာမှမရှိပါဘူး ဒကာတို့မှ အင်မတန် ကံထိုက်လို့ ထောင်နိုင်တဲ့ နားလဲ ရှိကြ၊ ဟောပြတဲ့ ပုဂ္ဂိုလ်ကလဲရှိလို့ ဟောပြတဲ့အခါ ယူနိုင်တဲ့ဥာဏ်နဲ့ ရအောင် ယူကြ၊ ဒီတပွဲမှ လွဲခဲ့ရင် မဟာ အလွဲတော်ကြီးဘဲလို့ ဆုံးဖြတ်ချက်ချ။

ဒီနေရာမှာ သတိချပ်ဘို့ ပြောရ အုံးမယ်၊ ယူနိုင်တဲ့ ဥာဏ်အတွက် အချက်အချာဘဲလို့မှတ်၊ မိလိန္ဒမင်းက အရှင်နာဂသိန်ကိုမေးတယ်၊ "အရှင်ဘုရား၊ ယောနိသော မနသိကာရနဲ့ ပညာဟာ ဘယ်လိုထူးပါသလဲ? သူတို့နှစ်ခု ထူးခြားပုံကို အမိန့်ရှိတော်မူပါ" လို့ လျှောက်တော့ အရှင်နာဂသိန်က ရှင်းလင်းဖြကြားတော်မူတယ်၊ ဒီဖြကြားချက်ကို လွယ်ကူအောင် အဓိပ္ပါယ်နဲ့ ပြောရမယ်။

ယောနိသော မနသိကာရ ရုံးစုခြင်း သဘော၊ ပညာက ပိုင်းခြားခြင်း သဘောရှိတယ်၊ ဥပမာဆိုရင် ကောက်ရိတ်သလိုဘဲလို့မှတ်၊ ကောက်ရိတ်သမား ကောက်ပင်ရိတ်တဲ့အခါမှာ ဘယ်ဘက်လက်နဲ့ ကောက်ပင်ကို စုရုံး ဆုပ်ကိုင်ပီး ညာလက်က တဇင်နဲ့ ရိတ်ဖြတ်လိုက်တယ်၊ ဒီဥပမာလိုဘဲ ယောနိသောက ဘယ်လက်လို ရုပ်,နာမ်,သင်္ခါရတွေကို စုရုံးခြင်း သဘောရှိတယ်၊

ညာလက်က ဥာဏ်နဲ့ တူတယ်လို့ မှတ်ရမယ်၊ ယောနိသောက ရုပ်,နာမ်,သင်္ခါရကို ရုံးစုတော့ ဥာဏ်က ပိုင်းခြား လိုက်နိုင်တော့ တယ်လို့ မှတ်ကြ။

ဒါကြောင့်- နှလုံးသွင်းမှန်မှ ဥာဏ်ဖြတ်နိုင်တယ်လို့ အသေ အချာမှတ်၊ ရုပ်နာမ်မမှ သင်္ခါရ တခုခုကို အနိစ္စ,အနိစ္စလို့ နှလုံး သွင်းတော့ ဥာဏ်က ကိလေသာကိုဖြတ်နိုင်တယ်၊ သူတို့ချင်းဟာ ခွဲလို့ မရဘူး၊ ယောနိသော မပါရင် ဥာဏ်ဟာ အလကားဘဲ၊ ဒါကြောင့် သူတို့နှစ်ခု ခွဲမရလို့ တွဲဘက်ပီး ထားရမယ်၊ ဒီလို တွဲဘက်ထားမှသာ ဥာဏ်က ကိလေသာကို ဖြတ်နိုင်မယ်။

အဲဒါကြောင့်ရှမှတ်ပုံးများတဲ့အခါ ပဌမအချက်နှလုံးသွင်း မှန်ကန်ဘို့ရာ အထူးအရေးကြီးတယ်လို့ မှတ်ရမယ်၊ ဥပမာ ဝေဒ နာဆိုပါစို့ ဝေဒနာသုံးပါး တပါးပါးဖြစ်ပေါ်လာမယ်၊နေလို့ ကောင်းတယ်ဆိုတော့ သုခ ဝေဒနာ၊ နေလို့ မကောင်း ဆိုပြန် တော့ ဒုက္ခဝေဒနာ၊ နေလို့ အသင့် အတင့် ရှိတယ် ဆိုတော့လဲ ဥပေက္ခာဝေဒနာ ဒီသုံးပါးထဲက တပါးပါးတော့ ကိုယ့်ခန္ဓာမှာ အမြဲတမ်း ရှိပီးနေတယ်။

ဒါကိုမြင်အောင်ကြည့်ရမယ်၊ ကိုယ့်ခန္ဓာမှာ ဥာဏ်နဲ့စူးစိုက် ပီးကြည့်ရင် ဖြစ်ပေါ်နေဆဲ ဝေဒနာ တခုခု ဝေဒနာကွန်ရှာကို တွေ့ရမယ်၊ ဥာဏ်နဲ့မစိုက်မိရင် နေလို့ကောင်းတဲ့ သုခဝေဒနာ လာတော့ လောဘဖြစ်၊ နေလို့ မကောင်းပြန်တော့ ဒေါသဖြစ်၊ အသင့်အတင့်ရှိတော့လဲ လောဘတဏှာ ဖြစ်တော့ဒါဘဲ။

ဒီလိုဆိုရင် ဘာဖြစ်မလဲ? “ဝေဒနာ ပစ္စယာ တဏှာ” ဝေဒနာတွေကြောင့် တဏှာဖြစ်ပေါ်လာတယ်၊ တဏှာဖြစ်တော့

ဥပါဒါန် ကမ်-ဆိုပီး အနာဂဟ် နောက်,ခန္ဓာအတွက်အကုသိုလ်ထုတွေ သိမ်းဆည်း မိလိုက်ပြန်တယ်၊ ဒီနည်းနဲ့ ချည့် တဏှာက မကောင်းဆိုးဝါး လာလာသမျှ သိမ်းပိုက် - သိမ်းပိုက်ထားမိုးနောက်, ခန္ဓာဇာတိဒုက္ခက လူဇာတိ,နတ်ဇာတိ,ခွေး,ဝက်,ကြက်ငှက်, ဖြုတ်,ခြင်,ယင်,မှက်,ဇာတိ,ပိုးဟတ်,ပရစ်,အိမ်မြှောင်,တက်တူ,ပင့်ကူ,တိကောင်,မဆုံးနိုင်အောင်ဇာတိဒုက္ခအမျိုးမျိုးတွေ လာပါရော။

အဲ- ဇာတိကိုမှ ရတဲ့နောက် ဇရာ,မရဏ,သောက စတဲ့ အို,နာသေ ဒုက္ခတွေဟာ ပြေးမလွတ်သာတော့ဘူး၊ ဆက်တိုက်လာကြတော့မယ်၊ ဒို့ဒကာတွေ ဇာတိကပေးလို့ အခုလက်ငင်းဘဲတွေ့ကြုံနေကြရတယ် မဟုတ်လား?လို့ ငြင်းကွက်မရှိပါဘူး။

ဒါကြောင့်- နေကောင်းတော့လဲ သုခ ဝေဒနာဖြစ်ပီး ပျက်သွားဒါဘဲ၊ နေမကောင်းတော့ ဒုက္ခဝေဒနာ၊ သူလဲအမြဲမနေဘူးဖြစ်ပီး ပျက်သွားဒါဘဲ ရှိတယ်၊ "အော်- မမြဲတဲ့ သဘောတွေပါကလား"လို့ နှလုံးသွင်းစာတ်တဲ့ ယောနိသောလို့တယ်၊ဒီလိုအမှန်တရား အရှိတရားကို ဉာဏ်နဲ့မြင်အောင် ကြည့်ပီး အမှန် အရှိသဘာဝနဲ့ညီအောင် နှလုံးသွင်းမှုကို ယောနိသော မနသိကာရဆိုဒါဘဲ။

အမှန် အရှိက ရုပ်,နာမ် ခန္ဓာငါးပါး၊ ဖြစ်ပီး ပျက်နေဒါဘဲ ရှိတယ်၊ ဒါကို ငါ,သူတပါး ယောကျ်ား,မိန်းမဆိုတဲ့မသင့်မတင့် နှလုံးသွင်းမိနေရင် ယထာဘူတ သဘာဝမကျဘူး၊ "ဒီနေ့ ငါ-သိပ်နေမကောင်းဘူး၊မနေ့ကတော့နေကောင်းသား နေ့လယ်ကမှ ပိုဆိုးလာတယ်"တဲ့၊ အဲဒါဝေဒနာကို ငါထင်နေလို့ဘဲ၊ ခန္ဓာမှာ ငါစဲ့ထားလို့ ငါစဲ့နာနေလို့ဘဲ၊သဘောပါကြပလား?။

ဒီတော့ မိမိခန္ဓာမှာ ဉာဏ်နဲ့ကြည့် ဝေဒနာကွန္ဓာ တခုခုကို တွေ့၊ တွေ့တော့ တွေ့တဲ့ ဝေဒနာ တပါးပါးကို မလွတ်အောင် ဖြစ်ပျက်ရှုပစ်၊ ခံစားမှုသဘော ဝေဒနာကိုမလိုက်နဲ့၊ ဒီဝေဒနာသဘောကလေး ဖြစ်ပီးပျက် - ဖြစ်ပီးပျက်နေတဲ့ သဘော မမြဲတဲ့ အနိစ္စ အချက်ကလေးမျှကို မိမိရရ မလွတ်အောင်ရှုရမယ်၊ ရှုတဲ့ အခါ ပဌမ ခန္ဓာမှာ ဖြစ်နေဆဲ ခံစားရမှု ဝေဒနာတခုခုပေါ်မှာ စိုက်ထား၊သတိကပ်မိလို့ သိဒါနဲ့ရှုဉာဏ်က "ဖြစ်ပျက်-ဖြစ်ပျက်" လို့ ရှုမှတ်ရမယ်။

ဒီနည်းအတိုင်း အရှုအမှတ် များလာရင် ဉာဏ်က သူ့အလုပ် သူလုပ်လိမ့်မယ်၊ ဒါကြောင့် ယောနိသောကို ပဌမ သန်အောင် လုပ်ရမယ်၊ ယောနိသောသန်လို့ နှလုံးသွင်းမှန်မှသာကိုလေသာကို ဉာဏ်က ဖြတ်ယူနိုင်တယ် ရှင်းကြပလား?။

ကိုင်း....ယနေ့ ဒီတွင်တော်ကြအုံး၊ အချိန်စေ့သွားဘီ။

ဓမ္မရတနာမာတိကာ

“ ညာဏ်သုံးဆင့်တက် ဝဋ်မှထွက် တရားတော် ”

ညာဏ်သုံးဆင့်

(၁) ယထာဘူတညာဏ်၊ ဟုတ်တိုင်းမှန်စွာ၊ သိတတ်သည်။
(၂) နိဗ္ဗိန္ဒဉာဏ်၊ ခန္ဓာငြီးငွေ့မုန်းသည်။
(၃) မဂ်ဉာဏ်၊ မလိုချင် ကိလေသာဖြတ်သည်။

ဆောင်ပုဒ်—

ယထာဘူတ၊ နိဗ္ဗိန္ဒ၊ မဂ္ဂဉာဏ်သုံးချက်။
ဟုတ်မှန်သိမြင်၊ ငြီးငွေ့ထင်၊ လိုချင်ကင်းကွာမင်္ဂ်။
တစ်ဉာဏ်ရမှ၊ နှစ်တက်ရ၊ နှစ်ရသုံးဉာဏ်တက်။
ဓမ္မနယာမ၊ သဘာဝ၊ ဆောင်ထလုပ်အားတွက်။

သတိချပ်—

ဒုက္ခရဟတ်၊ လှည့်ကာပတ်၊ မပြတ်သံသာစက်။
အသေဒုက္ခ၊ နေဒုက္ခ ဘာမျှပို့မစွက်။
ခန္ဓာဓါတ်သား၊ ကန့်လန့်သွား၊ ကိုယ်အားမလိုက်ခက်။
စိတ်ကူးတခြား၊ ဓါတ်သွားတဖုံ၊ မသိတုံ၊ အပုံရွှေးလှချက်။
ကန့်လန့်သမား၊ ပေါင်းဒါမျှား၊ အံ့အား သင့်အောင်ခက်။
ဘဝသုံးတန်၊ စက္ကာလံ၊ သုဿာန် သင်းချိုင်းပျက်။
ဒွန်းစက္ကားပျော်၊ နှစ်ချိုက်ပျော်၊ မြို့တော်မသိတွက်။

တရားသား။ ဒီကနေ့မှာ အလုပ်သုံးခုကိုပြောရမယ်၊ ဒကာတို့ လုပ်ရမဲ့ အလုပ်သုံးခုဘဲ၊ ဒီအလုပ်သုံးခုကဘာလဲ ဆိုတော့....(၁)ဟုတ်မှန်တဲ့အတိုင်းသိဘို့၊ (၂) ငြီးငွေ့နိုင်ဘို့၊

(၃) မလိုချင်ဘို့တဲ့၊ အကျင့်ချုပ်က ဒီသုံးခုဘဲ မှတ်ထား၊ ဒီအလုပ်သုံးခုကို ဘာ့ကြောင့် လုပ်ရသလဲ?၊ မလုပ်မိရင် ဘယ်လို ဒုက္ခနဲ့ တွေ့ရမလဲ?၊ လုပ်ရင် ဘယ်လို အကျိုးကို ခံစားရမလဲ?၊ သိထားကြဘို့လိုတယ်။

ကိုယ့်ခန္ဓာမှာ အမှန် ရှိနေဒါက ရုပ်,နာမ် ဖြစ်ပျက် အနိစ္စ၊ ရုပ်,ဖြစ်ပျက်၊ဝေဒနာဖြစ်ပျက်၊ သညာဖြစ်ပျက်၊ သင်္ခါရဖြစ်ပျက် ဝိညာဏ်ဖြစ်ပျက်၊ အဲဒီ ဖြစ်ပျက် အနိစ္စတွေဘဲ အမှန် ရှိနေဒါပါ၊ ဒကာတို့တတွေ ထင်နေ မြင်နေကြဒါကတော့ လူဘဲ, နတ်ဘဲ, ယောကျ်ားဘဲ, မိန်းမဘဲလို့ မြင်နေကြတယ်၊ အမှန် ရှိဒါတော့ မမြင်၊ အမှန်မရှိတာတော့ မြင်တတ်ကြတယ်၊ ဒါဘာကြောင့်လဲ အဝိဇ္ဇာဥဒ္ဓံက ထူလွန်းလို့။

ဥဒ္ဓံကထူ, တဏှာရေကများ, ဒီတော့ ဥာဏ်သွေးကလဲတုံး ပိတ်ပိတ်တုံး ကန်းကြရောဘဲ၊ ပိတ်ပိတ်တုံးကန်းတော့ အမှန် မမြင်နိုင် ကြတော့ဘူး၊ အမှန် မမြင်တော့ မြင်ချင်သလို မြင်ပို့ ဆင်ကန်းတောတို့ အဖြစ်မျိုးနဲ့ ကုံကြရဒါဘဲ၊ ဘဝ များစွာ သံသရာက ဒီနည်းချည့်ပါဘဲ၊ စုံလုံးကန်းအဖြစ်နဲ့ သံသရာ ဥဒ္ဓံ ထဲမှာဘဲနေပီး ဥဒ္ဓံထဲမှာဘဲ သေကြရဒါ၊ ဥဒ္ဓံကကို မထွက်နိုင်ခဲ့ ကြဘူး၊ အပုပ်သေနဲ့ ချည့် ကုံကြရဒါဘဲ။

သံသရာဥဒ္ဓံထဲကထွက်ချင်ရင် ဘာလုပ်ရမလဲ? ပထမပြောခဲ့တဲ့ အလုပ် သုံးလုပ်ကို လုပ်ကြရမယ်၊ ဥဒ္ဓံဆိုဒါက သံသရာဘဲ၊ ရုပ်အစဉ် နာမ်အစဉ် ဖြစ်ပီး ပျက်နေတဲ့ ဖြစ်ပျက် ဒုက္ခစက်ကြီး မပြတ်တာ ဒုက္ခစက်ကြီးလယ်နေဒါကို သံသရာခေါ်ဒါဘဲ၊ သံသရာဆိုဒါတခြားမှာရှိဒါမဟုတ်ဘူး၊ ခန္ဓာအစဉ်မှာတည်နေဒါပါ။

အခုဘဝ သေပီးတဲ့နောက် ရှေးဦးစွာ ပဋိသန္ဓေ ဒုက္ခရမယ်၊ ပဋိသန္ဓေ ဒုက္ခရပီး တမိနစ်ထက် တမိနစ်၊ တစက္ကန့်ထက် တစက္ကန့် ဆိုသလို တဖြေးဖြေး အိုဒုက္ခဘက် လာရပြန်တယ်၊အိုဘက်လာဒါနဲ့ နာဘက်ရောက်တော့ဒါပါဘဲ၊ အဲ- နောက်ဆုံးကျ သေလိုက်အုံးဘဲ၊ အဲဒါလို ဘဝအစဉ် ခန္ဓာအစဉ်မပြတ် ပဋိသန္ဓေ အိုနာသေဆိုတဲ့ ဒုက္ခစက်ကြီး တခုပီးတခု မပြတ်လှည့်ပတ်ပီးနေဒါဟာ သံသရာဘဲလို့ မှတ်ကြ။

ဒီအသေပီးပြန်တော့ အနေလာအုံး၊ နောက်အသေပီးတော့လဲ နောက်အနေလာခဲ့အုံး၊ အဲဒီလို အသေရယ်,အနေရယ်,အစဉ်မပြတ်အောင် ဆက်စပ်နေတော့တယ်၊ သတ္တဝါတိုင်းဟာ ဒီနှစ်ခုကိုဘဲ ပခုံးပြောင်းနေကြရဒါဘဲ၊ ဒါ နှစ်ခုအပြင် ဘာမှမရှိပါ ဘူး။

ဘုရားရှင်က ကစ္စာယန အန္ဒယ် ဖြစ်တဲ့ ရဟန်း တပါးကို ဟောတော်မူတယ်၊"အို-ချစ်သား,လောကသုံးခွင် ဘုံအပြင်ဝယ် ပညာဖြင့်ကြည့်ရှုပါက အသေဒုက္ခနှင့် အနေဒုက္ခသာ ရှိပေတယ်၊ အသေဒုက္ခ နှင့် အနေဒုက္ခမှတပါး အခြား ဘာမှမရှိ၊ ဒီနှစ်ခုဘဲ ရှိတယ်"လို့ အသေအချာ ဟောတော်မူခဲ့တယ်။

ဒို့ဒကာတွေက ဒါကိုဘဲ မနဲ့ ဖေါ်ပြ နေရတယ်၊ မသိသားဆိုးဝါးလွန်းလို့ ၊ အင်း-ဒကာတို့ကတော့ အခုနေမှာ လူဖြစ်လို့ ကောင်းတုန်း ရှိသေးတယ်လို့ အောက်မေ့ နေကြဒါ၊ အခုလို ဟောပြနိုင်တဲ့ ဆရာနဲ့ကုံလို့ သိကြရဘီ၊ သိရင် ခုလို အခါမှာ ကိုယ့်ဇာတ်ကိုယ်သိမ်းကြ၊ ဒကာတို့တတွေက လှူလိုက်အုံးမယ် ဒါန်းလိုက်အုံးမယ် အေးအေးဆေးဆေး လှူဒါန်းလို့ ပီးရင်ဖြင့်

လုပ်ပါတော့မယ်ဆိုပီး အချိန်ဆွဲနေကြရင် ခန္ဓာကတော့ စောင့်မှာမဟုတ်ဘူး၊ ခန္ဓာက အသေဒုက္ခဘက်ကို ဒိုင်းဒိုင်းပြေးနေတယ်ဆိုဒါ သတိထားဘို့သင့်တယ်။

ကိုယ် စိတ်ကူးနောက်ကို ခန္ဓာက လိုက်ပါရဲ့လား?၊ မလိုက်ပါဘူး၊ အနတ္တခန္ဓာပါဆိုမှဘဲ သူဖြစ်ချင်သလိုဖြစ်နေမှာဘဲပေါ့ ဒီတော့ စိတ်ကူးတခြား ဓာတ်သွားတဖုံ ဆိုသလို ဖြစ်နေကြဘီ၊ ဒီစိတ်ကူးတွေရှောကြ၊ မရှောရင် အရူးဘဲ၊ ဆိုထိုက် မဆိုထိုက် ခန္ဓာက အမှန်အတိုင်း သွားနေဒါ၊ သူ့ထုံးစံ သူ့ဓမ္မတာ သူ့သဘာဝအတိုင်း သူကသွားနေဒါ။ ခန္ဓာက အမှန်သွား၊စိတ်ကူးက အရူးကူး စဉ်းစားကြ၊ ထုံးစံနဲ့ သဘာဝနဲ့ ပြောင်းပြန် ပြန်ပီး ကူးချင်သလို ကူးနေကြဒါဟာ အရူးကူးမို့ဘဲပေါ့။

ဒီ အရူးစိတ်ဟာ ဘာ့ကြောင့် ဖြစ်ရသလဲ? အဝိဇ္ဇာဖုံးလို့ တဏှာရေကလဲပေါလို့ ဥာဏ်ကလဲမထက်လို့ သာဘဲ၊ အဝိဇ္ဇာက ထူ၊ တဏှာရေကများနေလေတော့ ရှိသမျှဥာဏ်စွမ်းကလေးဟာ မထက်မြက်နိုင်တော့ဘူး၊မထက်တော့ အမှန်အတိုင်းမမြင်နိုင်ဘူး မြင်ချင်သလိုမြင် အရူးမြင် အနှမ်းမြင်ဘဲ မြင်တော့ဒါဘဲ။

ခန္ဓာကကန့်လန့်သမား ကိုယ်လိုသလိုဘယ်တော့မှမသွားဘူး ဒါကို အနတ္တ ခေါ်ဒါဘဲ၊ ဒကာတို့က ဒီ ကန့်လန့်သမားနဲ့ဘဲ တဲ့အောင် ပေါင်းနေနိုင်ကြတယ်၊ တဲ့အောင် ပေါင်းနိုင်ဒါဟာ အံ့စရာဘဲ တော်တော်ရှုးလို့သာ ပေါင်းနိုင်ကြတာပါ၊ ကိုယ်က အလုပ်ကလေးတခုလုပ်ဘို့ စိတ်ကူးကာရှိသေး၊ ဟာ....သူက ဖေါက်လာလိုက်ပီ၊ ခေါင်းကိုက်လို့ လေနာထလို့ အအေးမိလို့

အပူငုပ်လို့ မလှုပ်ချင် မရှားချင်ဖြစ်နေဘီ၊ သူကဝင်ပီးကန့်လန့်လုပ်လိုက်ပါရော၊ ဒီ ကန့်လန့်သမားများ နောက်ထပ်ပေါင်းချင်ကြသေးသလား?။

အေး.... တော်ကြ,တန်ကြ၊ တော်လောက်,တန်လောက်ကြပါပြီ၊ တော်လောက်,တန်လောက်ကြရောပေါ့၊ မပေါင်းချင်ရင်သူနဲ့မပေါင်းရအောင် ဘယ်လိုလုပ်ကြမလဲ?၊ ဘုန်းကြီးကနည်းပေးပါမယ်၊ ဘုရားရှင်ကလဲ ဒီနည်းကို ဟောတော် မူခဲ့တယ်၊ ဒီနည်းက ဘယ်လိုလဲ ဥာဏ်သုံးဆင့်နဲ့ တက်တဲ့နည်းလို့မှတ်ကြ ဥာဏ်သုံးဆင့်ဆိုဒါ(၁)ဟုတ်တိုင်းမှန်စွာသိတဲ့ဥာဏ်(၂)ငြိုးငွေ့တဲ့ဥာဏ် (၃) မလိုချင်တဲ့ဥာဏ်၊ ဒီသုံးချက် အလုပ် သုံးလုပ်နဲ့လုပ်ကြရမယ်။

ဒီသုံးချက်ဟာအနတ္တလက္ခဏသုတ်ပါဦးတော်မှာ ဟောတော်မူခဲ့တဲ့ သုံးချက်ပါဘဲ၊ ဘုရားရှင် အဆူဆူ ပဋ္ဌင်တော် မူလာသမျှ ဒီတရား ဒီနည်းလမ်းကို ဒီအတိုင်း ဟောတော်မူခဲ့ကြတယ်၊ဘုရားအဆူဆူမစ္ဆန့်တဲ့ဥာဏ်သုံးချက်လို့မှတ်ကြ၊ ဘုရားရှင်အဆူဆူဟာဒီဥာဏ်သုံးဆင့်နဲ့ တက်တာ၊ ဒီဥာဏ်သုံးဆင့်နဲ့ပဋ္ဌင်တော်မူလာကြဒါလို့မှတ်ကြ၊ ရှင်းပလား?။

ဒီ ဥာဏ်သုံးဆင့်နဲ့ တက်ဆိုတော့ ရမ်းတက်လို့ မရဘူး၊ တက်နည်းကလိုသေးတယ်၊ ၁-မရဘဲနဲ့ ၂-မတက်နဲ့၊ ၂-မကူးနဲ့ ၂-မရဘဲနဲ့ ၃-မတက်နဲ့၊ ၁-ကိုရမှ ၂-ကိုတက်၊ ၂-ကို ရမှသာ ၃ ကိုတက်ရမယ်၊ သုံးဥာဏ်ရပီးနောက် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်တော့တယ်၊ အဝိဇ္ဇာဥဒ္ဓံတင်းက လွတ်ကင်းပါပီ၊ တဏှာအနှောင် အဖွဲ့မှလဲကျွတ်လွတ်ပါပြီလို့ ဆုံးဖြတ်နိုင်တော့တယ်။

ဒါဘာကြောင့်လဲဆိုတော့ ဥာဏ်ထက်လို့ ထက်မြက်တဲ့ဥာဏ် ကိုယ်ပိုင် ရလို့ဘဲဆိုဒါမှတ်၊ ဒို့ဒကာတွေ အခုလို အခွင့်ကောင်း ကြုံကြိုက်တုန်းမှာ ကြိုးစားယူကြ၊ ပေါ့ပေါ့မျှားမထင်လို့ကြနဲ့၊ ဒီလိုအခွင့်မျိုးနဲ့ ဒီလို အခွင့်အခါမျိုးကို ရနိုင်ဘို့မလွယ်ဘူး သာသနာ(၅၀၀၀)ငါးထောင်ဆိုပေမဲ့ ကိုယ်မသေခင် အတွင်း မှာသာ ကိုယ့် သာသနာရှိဒါပါ။

ပုဂ္ဂိုလ်ခေတ်က ဒီဘက်ကို ယထာဘူတဉာဏ် ရတဲ့သူ ရအောင် ဟောပြနိုင်တဲ့သူ အလွန်ရှားပါးတယ်၊ မရှိမဟုတ်ဘူး အင်မတန် ခဲယဉ်းတယ်ဆိုဒါ သိကြရမယ်၊ အခုအခါမှာမှ အင်မတန်ကံကြီး လို့ ကံထိုက်လို့သာ ကြုံကြိုက်ရတယ် ဆိုဒါ ဆုံးဖြတ်ချက်ချ၊ ဒီတော့ ရတောင့်ရခဲ ရလို့မှ မကြိုးစားရင် အရှုံး၊ ဒီပြင် မရှိ တော့ဘူး၊ စုံးစုံးမြုပ်ဘို့သာ ပြင်ကြ ပေတော့ဘဲ၊ မဆိုထိုက်ပေ ဘူးလား?။

အင်း, ဒို့ဒကာတွေက ဘဝတက္ကာ အားကြီးလွန်းလို့ အမှား ကြီး မှားနေဒါ၊ ထန်းလက်ဖတ်စုတ်ကို နတ်ရုပ်ထင်အောင် လှည့် စားလိုက်တော့ အမိုက်တိုက်ဘဲ ဇတ်တိုးကြတော့ဒါ ပေါ့၊ ဘဝ တက္ကာဒဏ်ချက်ဟာ ဘယ်လောက်များ ထက်မြက်သလဲ သိရဲ့ လား?၊ မြင်းသားကလေးဟာ အမိဝမ်းက ကျတ်ရင် ကျတ်ချင်း သူ့အမေ မြင်းမကြီးကို လေးငါး ခုနှစ်ပတ်လောက် ပတ်ပြီး ပြေးလေ့ ပြေးထရှိတယ်၊ အဲဒါ သူရောက်လာရတဲ့ မြင်းဘဝမှာ ပျော်ရွှာလွန်းအားကြီးလို့ပါဘဲ၊ ဒီလို ပျော်နိုင်ဒါ ဘဝတက္ကာ အားကြီးလို့ဆိုဒါ မှတ်လိုက်ကြ။

ဒကာတို့တတွေလဲ ဒီနည်းအတိုင်း ပျော်ကြ ရွှင်ကြမှေ့လျော် နိုင်ကြဒါပါ၊ ဘဝတက္ကာက အားကြီးတော့ ကိုယ့်အဖြစ်မှန်

ကိုယ်မသိရှာကြဘူး မသိကြတော့ဒုန်းစက္ကားထဲမှာသူကြီးလုပ်ပီး ပျော်သလို ပျော်နေကြဒါပါ။

သုဿာန်တစပြင်မှာ ဒုန်းစက္ကားခေါင်းသူကြီးလုပ်တဲ့သူဟာ လူရာမရောက်လို့ လူထဲမပေါက်မြောက်နိုင်တော့ စုလစ်မှန်းသွန် အမှန် အမြတ်ဖြစ်တဲ့ ရွှေနန်း ပြဿဒ်တော်ကို တခါတရံမှ မမြင် ရှာဘူး,ဘူး၊ သူနေရတဲ့ စရပ်စုတ်စုတ် တဲကုပ်ကုပ် ကလေးထဲမှာ ဖြစ်သလိုနဲ့ နေ,နေရဒါပေါ့။

ရပ်က ရွာက အသုဘကလေး သင်္ဂြိဟ်လာမှ ကူးတို့ခကလေး ပဲစ ပြားစ ဆိုသလို ရတဲ့အခါရ၊ သင်္ဂြိဟ်ပြီး ပြန်သွားကြတော့ ထမင်းကျန် ဟင်းကျန် ကွမ်းဆေး လဘက်ကျန် ကလေးများနဲ့ ဆေးလိပ်တိုကလေးအစ အကြွင်းအကျန်ကလေးများ ရလိုက်ကြ တယ်၊ ဝတ်ဘို့ ဆီးဘို့ ကျပြန်တော့လဲ အလောင်းက ခွါချထားခဲ့ တဲ့ သွေးနံ့ ပြည်နံ့ ညှီစော် ပုပ်စော်နံ့တွေနဲ့ အဝတ်စုတ် အဝတ်နွမ်းကလေးများနဲ့ဘဲ ထွေးရခြုံရ ဝတ်ဆင်ကြရရှာတယ်။

တဲအိုကုပ်ကလေးက လေ,မိုး မလုံခြုံပြန်တော့လဲ သူများတွေ စုပုံပီး ပစ်ထားခဲ့တဲ့ တလားပျက် လောင်တိုက်ပျက်က သစ်တို ဝါးစ ရတတ်သမျှနဲ့ ဖြစ်သလိုမိုးကာပီး နေကြရရှာတယ်၊ ဒီလို အဖြစ်ဆိုးနဲ့ နေ,နေရပေမဲ့ သူ့ဘဝမှာတော့ သူအလွန်ပျော်ပိုက် နှစ်ခြိုက်ပီး နေလေတော့တယ်၊ အဲဒါ "မြစ်မမြင်ဘူးတော့ မူးမြစ်ထင်" ဆိုတဲ့ စကားလို အလွန်မြင့်မြတ် ဆန်းကြယ်အံ့သြဘွယ်ရာ မင်္ဂလာကြက်သရေအဖြာဖြာနဲ့ ပြည့်စုံတဲ့ ရွှေဘုံ ရွှေနန်းကြီးကို မမြင်ဘူး မတွေ့ဘူးသေးလို့သာ ပျော်ပိုက်နေနိုင်ကြဒါပါ။

ဒီ ဥပမာကဲ့သို့ဘဲ ဒို့ဒကာတွေလဲ ရှေနန်းဗိမ္မာန်ကို မသိဘူး မကြုံဘူးကြသေးတော့ ဒုန်းစက္ကားပျော်,ပျော်နေကြဒါဘဲ၊ ထားခဲ့ရမဲ့ လောကီစည်းစိမ်ကလေးကို အဟုတ်ထင်မီး မက်ကပ်နေ,နေကြတယ်၊ လောကီစည်းစိမ်ဆိုဒါ ကွမ်းကျန် လဘက်ကျန်ကလေး ဆေးလိပ်တိုကလေးနဲ့ အတူတူပါဘဲ၊ ဒါကိုဘဲ ဒကာတို့ကသူမရ ငါမရ လုနေကြပြန်တယ်၊ ရွက်ဘို့များ မကောင်းကြဘူးလား?။

ဒါဟာ - ရှေနန်းတော်ကြီးကို မရောက်ဘူးကြ သေးလို့ပါ၊ ရှေနန်းတော်ကြီး ရောက်ဘူးတဲ့သူဟာ ဒုန်းစက္ကားရွာကို ဘယ်တော့မှ ပြန်လိုစိတ် မရှိတော့ပါဘူး၊ ရှေနန်းတော် မရောက်ဘူးသေးတော့ ဒုန်းစက္ကားရွာဘဲ အဟုတ်အဟပ်ကြီးထင်မီးပျော်နေကြတယ်၊ တလားပျက် - လောင်တိုက်ပျက်တွေနဲ့ နေမီး ထမင်းကျန် ဟင်းကျန် ကွမ်းဆေးလဘက်ကျန်ကလေးများနဲ့ တင်းတိမ်နေကြ၊ သူများပစ်ခဲ့တဲ့ ပစ္စည်းအတိုအစ ကူးတို့ခ ပဲစ ပြားစ ကလေးနဲ့ ဘဲ မျတနေကြဒါကိုဘဲ ဟုတ်လှဘီထင်၊ ငါ့လူဟုတ်ကြီးဘဲထင်မီး ပျော်ရွှင် ဝမ်းမြောက်နေကြတယ်။

အခုလက်ရှိ စည်းစိမ်ဟာ ဆေးလိပ်တိုကလေး တတို့လောက်ပါဘဲ၊ဒီလိုနဲ့ နှစ်ခြိုက်နေ့နိုင်ဒါ ပျော်ပိုက်နိုင်ဒါဟာ ဒုန်းစက္ကားရွာမှာ သူကြီးလုပ်မီး ပျော်နေဒါနဲ့ မခြားပါဘူး၊ ဒီဥပမာဟာ ဘုန်းကြီးတို့က လုပ်ကြံမီးပြောနေဒါ မဟုတ်ပါဘူး၊ ဒို့ဒကာတွေ ဖြစ်စဉ်ကိုက်အတိုင်း ရှေဥာဏ်တော်နဲ့ ကြည့်မီး ပါဠိတော်မှာ ဘုရားရှင် ဟောတော်မူခဲ့တဲ့ ဥပမာလို့ မှတ်ကြပါ။

ပါဠိတော်လာ ဥပမာဟာ ဒကာတို့ဖြစ်စဉ်နဲ့ မကွာဘူး၊ ဒီအချက်ကို ထင်ရှားအောင် ဝိသာခသူကြွယ်နဲ့ ဓမ္မဒိန္နတို့ဝတ္ထုသွား

ကိုကြည့်ရမယ်၊ ဝိသာခသူကြွယ်ကိုကြည့်ရင် ဘုရားပေးတဲ့ဥပမာ စကားနဲ့ ဒကာတို့ဖြစ်စဉ်နဲ့ ဘယ်လောက် ကိုက်ညီတယ်ဆိုဒါ ငြင်းဘို့မရှိပါဘူး၊ တထပ်ထဲ ကျတယ်ဆိုဒါ ဝန်ခံရမှာဘဲ။

ဓမ္မဒိန္နာရဲ့ ခင်ပွန်းသယ် ဝိသာခသူကြွယ်ဟာ မြို့တော်စဉ်ဘုရားထံတော် သွား သွားပီးတရားနာယူလေ့ရှိတယ်၊ အဲဒီလိုနဲ့ တဆင့်ထက်တဆင့်ဆိုသလို ရင့်ကျက်လာပီး တနေ့မှာတော့ပါရမီဉာဏ်အားလျော်စွာ အနာဂါမ်စခန်းတိုင် ပေါက်မြောက် နိုင်ခဲ့တယ်၊ ဘုရားထံတော်က အနာဂါမ် တည်ပြီးတဲ့နောက် အိမ်ပြန်ရောက်လာရင်ဘဲ တမူထူးခြားပီး စိတ်နေ စိတ်ထား ပြောင်းလဲသွားဒါကို တွေ့ကြရတယ်။

ဝိသာခ တခြားနေရာထွက်လို့ အိမ်ပြန်လာတိုင်း ဓမ္မဒိန္နာက အိမ်ဝင်ကနေပီး စောင့်မျော် ဆီးကြိုလေ့ရှိတယ်၊ ဝိသာခကလဲ စောင့်မျော် ဆီးကြိုနေတဲ့ ဓမ္မဒိန္နာရဲ့လက်ကို ချစ်ခင် ယုယစွာ ဆွဲကိုင်ပီး အိမ်ထဲ ဝင်လေ့ရှိတယ်၊ ဒီ ဝတ္တရားဟာ ခရီးတိုရှေ့ဘယ်က ပြန်လာလာ ပြုလုပ်မြဲ ဖြစ်တဲ့ ဝတ္တရား တခုဘဲ ဒီလိုနဲ့ တဦးနဲ့တဦး ချစ်ချစ်ခင်ခင် ဝတ္တရားမပျက် နေထိုင်လာကြဒါ အဲဒီနေ့မှာတော့ အကြီး အကျယ် ပြောင်းလဲသွားတဲ့ ဝိသာခရဲ့ ဖြစ်ပုံဟာ အလွန် ဆန်းနေတော့ဒါ ပေါ့။

အဲဒီနေ့မှာတော့ အိမ်ရှေ့ခပ်လှမ်းလှမ်းရောက်တယ်ဆိုရင်ဘဲ ဓမ္မဒိန္နာက ဆီးကြိုဘို့ အဆင်သင့် စောင့်နေရှာတယ်၊ ဝိသာခကိုလဲ မလှုပ်မယှက် ဂုဏ်ဒေါကလဲ ရင့်ကျက်ပီး တည်တံ့ခံ့ညားတဲ့ အမူအယာနဲ့ လာနေဒါကို မြင်ရတယ်၊ အိမ်ဝင်ဝရောက်တဲ့အခါ ဓမ္မဒိန္နာဟာ သူပြုနေကြ ဝတ္တရား အတိုင်း ပြုပေမဲ့ ဝိသာခက

ခါတိုင်းလို လက်ကို လှမ်းယူ ဆွဲကိုင်မနေတော့ဘဲ၊ ကုန်ဆုံးအခန့်သားနဲ့ တိုက်ပေါ်အရောက်သာ တက်သွား တော့တယ်၊ အဲဒါ ဒုန်းစက္ကားရွာ စရပ်ပျက်မှန်း သိလို့ဘဲ။

အဲဒီတော့ ဓမ္မဒိန္နာကလဲ စဉ်းစားခန်း ဝင်တော့ ဒါပေါ့၊ "မောင်မောင် ဝိသာခဟာ ခါတိုင်းနဲ့ မတူပါဘူး၊ ဒီနေ့ဘယ်လို မျှားဖြစ်လာပါလိမ့်မလဲဘဲငါလဲဘာအပြစ်မှမရှိပါဘူးခက်တော့ ဒါဘဲ"နဲ့ ဗျာမျှားပီးတိုက်ပေါ်တက်လိုက်သွားတယ်၊တက်သွားလို့ ဝိသာခရှေ့ရောက်ရင်ဘဲ မောင်မောင်ဟာ ဒီနေ့ဘယ်လိုဖြစ်လာပါသလဲ? စကားမပြော တုက္ခံဘောနဲ့ နှမသယ်မှာ အင်မတန်စိတ်ဆင်းရဲလှပါတယ် စသည်ဖြင့် မိန်းမတို့မာယာရှိသမျှသုံးပီး ဒူးကလေးထောက်ကာ ခယတောင်းပန် မေးမြန်းလိုက်တယ်။

ဒါပေမဲ့ ဝိသာခကတော့ မဖြုံဘူးတဲ့ ဘာတခွန်းမှပြန်မပြောဘဲ မလှုပ်မယှက် ကုန်ဆုံးနဲ့ နေမြဲနေဒါဘဲတဲ့၊ ဘယ်တုန်လှုပ်တော့မလဲ ဝိသာခရဲ့ ဥာဏ်အမြင်မှာ အတော် စင်ကြယ်သွားဘီ၊ ဒုန်းစက္ကားရွာမှန်းလဲသိ၊ စရပ်အို စရပ်ပျက်မှာ လောင်တိုက်ပျက်တလားပျက်နဲ့ အသက်ဆက်ပီး ဒုန်းစက္ကားပျော် ပျော်နေရတဲ့အဖြစ်မှန်ကိုလဲ သိသွား ရှာဘီကိုး၊ သူ့စိတ်ထဲမှာ နှစ်သက်စရာခင်မင် တွယ်တာ စရာ ဘာတခုမှ မမြင်မိတော့ဘူး၊ ဒီတော့ ဘယ်တုန်လှုပ်စရာ ရှိတော့မလဲ။

ဒီလိုနဲ့ ဝိသာခက ဘာမှပြန်မပြောလေလေ ဓမ္မဒိန္နာမှာအခံရခက်လေလေဖြစ်နေဒါပေါ့၊ ဒါနဲ့ ဓမ္မဒိန္နာကလဲ ရှိသမျှမာယာလှန်နက်မျိုးစုံ သုံးပီး နောက်ဆုံး ဝိသာခရှေ့မှာ လူးလှိမ့်ကာ သနားစဖွယ် ငိုကြွေးပစ်လိုက်တယ်၊ ဒါပေမဲ့ ဝိသာခကတော့ ဖါသာလဝါ ကုန်ခြေမပျက် ထိုင်နေရက်ဘဲတဲ့။

ဒီလိုနဲ့ ဓမ္မဒိန္နာက ရုတ်တရက် အငိုရပ်ပီး ခပ်တည်တည် မျက်နှာထားနဲ့ အကြောင်းစုံဖွင့်ဟပြောဆိုဘို့ရာ ထပ်ပီးတောင်း ပန်တယ်၊ ဒီတော့မှ ဝိသာခဟာ အေးဆေး တည်ငြိမ်တဲ့ အမူအရာနဲ့ ခံ့ခံ့ညားညားကြီး ပြန်ကြားဖြေဆိုလိုက်တယ်တဲ့။

"နှမသယ်ဓမ္မဒိန္နာ ဘာကိုမှ ထူးထူးထွေထွေမေးမြန်းမနေနဲ့ တော့၊ ကျုပ်တခုပြောမယ် အသေအချာ နားထောင်၊ ပြောလို့ ဒါက တခြားမဟုတ်ဘူး၊ ဒို့နှစ်ယောက် မောင်လို့ နှမလို့ သဘော ထားပီး နေထိုင် ကြဘို့ပါဘဲ၊ ကျုပ်ကလဲ ဓမ္မဒိန္နာ အပေါ်မှာ နှမရင်းကလေးတယောက်လို့ သဘောထားပီး ထိုက်သလိုစောင့် ရှောက်သွားမယ်၊ ဓမ္မဒိန္နာကလဲ ကျုပ်ကို အစ်ကိုကြီး သဘော ပိုက်ပီး လုပ်ကျွေးသမှု ပြုပါလို့ ဆိုတဲ့အကြောင်း ပြောချင်ဒါပါ ဘဲ၊ တအိုး တအိမ်ထောင် ပြုလိုရင်လဲ ခွင့်ပြုပါမယ်"။

ဒို့ဒကာတွေစဉ်းစားကြ၊ ဒကာတို့တတွေမှာတော့ဒဲ့နှန်းစကားရှာမှာ ဒဲ့နှန်းစကားပျော့, ပျော့ပီး ကိုယ် ကိုယ်ကိုမျှား အဟုတ်ကြီးထင်နေကြတယ်၊ ရှေနန်းတော်ကြီးကို မတွေ့ဘူးမရောက်ဘူး ခင်မှာတော့ ဒီနည်းချည့် ပါဘဲ၊ ဝိသာခ သူကြွယ် ကတော့ ဒဲ့နှန်းစကားရှာမှာ ဒဲ့နှန်းစကားပျော့ ပျော့နေမှန်းသိသွားတော့ ငြိုးငွေ့နေဒါပေါ့၊ ပျော်ဘို့ရာအကွက်မမြင်မိတော့ဘူး၊ ဒကာတို့ တတွေ့ ပျော်နိုင်ကြတဲ့အဖြစ်ဟာ အမှန်အကန်မသိကြ၊ မမြင်ကြ သေးလို့ပါ၊ သဘောပါကြရဲ့လား?။

ဒကာတို့တတွေက အမြင်မဆုံးကြသေးလို့ အမြင်ဆုံးအောင် အမြင်မှန်ရောက်အောင်ကြိုးစားကြ၊ အမြင်ဆုံးမှသာအေးကွက် ကိုရကြမယ်၊ အမြင်မဆုံးသေးဓတော့ ပူစရာပိုက်ထားကြ၊ ငိုစရာ

ပိုက်ထားကြဒါ ပူစရာအထုပ် ငိုစရာ အထုပ်ကလေးတွေ ကိုယ်စီနှင့် ဒကာတို့ ပိုက်ထားတဲ့ အထုပ် ကလေးတွေဟာ အရှုးထုပ် ကလေးတွေလိုပါဘဲ။

အရှုးမျှားဟာ သူတို့ အိတ်ထောင်ထဲမှာ အထုပ်ကလေးတွေကို ပြည့်လို့နေတယ်၊ ဆေးလိပ်တို့ အဝတ်စုတ်, သံဘူး, သံခွက်, ငါးခြောက်မီးတို့ ခရမ်းချဉ်သီး, ငြုပ်သီးပုပ်ကအစမကောင်းဆိုး ဝါးမှန်သမျှ စုံရာက ထပ်လို့ဘဲ၊ ဒီအရှုးဟာ သူ့အထုပ်ကလေးတွေထမ်းပိုးပီး လှည့်လည်သွားလာနေဒါဘဲ၊ သူ့အထုပ်ကလေးတွေကို အလွန်ကို နှစ်ခြိုက်လွန်းလို့ လက်က မချဘူး၊ တခြားသူတွေက လူကောင်းတွေက လုယူမယ်မျှားလုပ်တော့ ဘယ်နှယ်မျှားနေမယ် ထင်ကြသလဲ?။

မကြိုက်ဘူး သဘော မကျနိုင်ဘူး၊ အလွန် စိတ်ဆိုးတယ် လူကောင်းတွေကို သူကပြန်ပီးရန်မမူရင် ကံကောင်းလို့အောက်မေ့။

ဒီ ဥပမာလိုဘဲ ဒကာတို့တတွေလဲ ဒီအတိုင်းဘဲဆိုရင် မမှားပါဘူး၊ ပုထုဇဉ်ဆိုတော့ အကောင်းကိုမရှိဘူး၊ တကိုယ်လုံးရွှေးနေဒါပါ၊ တကိုယ်လုံးရွှေးတော့ သားထုပ်, သမီးထုပ်, ပစ္စည်းထုပ်ကလေးတွေ ကိုယ်စီ ပိုက်ထားကြ၊ လုမယ်လုပ်ရင် မကြိုက်နိုင်ကြဘူးပေါ့ ရှင်းကြပလား?။

အရှုးဟာ သောတာပန်ဆိုတောင် အနည်းငယ်တော့ကျန်နေသေးတယ်၊ အကုန် မပျောက်တတ် သေးဘူး၊ အကုန် ပျောက်အောင် ဆက်ပီးကုစားရအုံးမယ်၊ ဒကာတို့လဲ အရှုးပျောက်ချင်ရင် ဆရာကပေးတဲ့ ဆေးကို ကြိုးစား, စားကြရမယ်၊ မစားချင်သေးရင် အရှုးဖြစ်ရဒါ သဘောကျနေလို့ဘဲမှတ်၊ ဆေးက ဘာဆေးလဲဆိုတော့ လွယ်ပါတယ်။

မိမိခန္ဓာမှာ ဝေဒနာတခုခု ပေါ်လာတယ်ဆိုပါတော့ အဲဒီ ဝေဒနာတခုခုပေါ်မှာစိုက်ပီး ဉာဏ်နဲ့ ဖြစ်ပျက်ရှုရမယ်၊ဝေဒနာ ဖြစ်ပျက်ကို တွေ့မှသာ အရှုး ပျောက်မှာ၊ သုခ ဝေဒနာဆိုရင် အရှုး မပျောက်သေးဘူး၊ ဒုက္ခဝေဒနာ တွေ့နေလဲ အတူတူဘဲ၊ ဝေဒနာ ဖြစ်ပျက်ကိုတွေ့မှသာ အရှုးပျောက်မယ်ဆိုဒါ မှတ်ထားကြ၊ သဘောပါကြရဲ့လား?။

မိမိခန္ဓာမှာ ဝေဒနာတခုခုပေါ်လာလို့ ဝေဒနာလို့ထင်နေသေးရင် ယထာဘူတဉာဏ် မဟုတ်သေးဘူး၊ ''ယထာ သဘာဝဇာနန ဉာဏံ''လို့ ဆိုတဲ့အတိုင်း ခန္ဓာမှာတကယ်အရှိက ရုပ်ဖြစ်ပျက်၊ ဝေဒနာ ဖြစ်ပျက်၊ သညာ ဖြစ်ပျက်၊ သင်္ခါရ ဖြစ်ပျက်နဲ့ ဝိညာဏ် ဖြစ်ပျက် တခုခုရှိဒါဘဲ၊ ဒီပြင် မရှိဘူး၊ ဖြစ်ပျက်ရှိလို့ ဖြစ်ပျက်ကို သိဒါမှ ''ယထာဘူတဉာဏ်''ဘဲလို့ မှတ်ကြ။

ယထာဘူတဉာဏ်ရရင် အကောင်းကြီး မဟုတ် သေးပေမဲ့ သိပ်ပီးမည့်တော့ဘူး၊ ယထာဘူတဉာဏ် ထက်ထက်သန်သန်နဲ့ သာသေရင် ဒုတိယဘဝမှာ သောတာပန်ဖြစ်ဘို့ သေချာဘီလို့ မှတ်ကြ၊ဒါဖြင့် ဒို့ဒကာတွေအားမရွေ့တမ်း မဖြစ်မနေကြိုးစားကြဘို့ အားထုတ်ကြဘို့ မသင့်ပါလား?၊ ကြိုးစား ကြပါလို့ တုက်တွန်းလိုက်တယ်။

ဒီ ယထာဘူတဉာဏ် ရတဲ့သူဟာ ဒီဘဝ ဆက်ကြိုးစားသွားရင် ''နိဗ္ဗဒ''ဆိုတဲ့ ငြီးငွေ့တဲ့ဉာဏ်ပေါ်လာမယ်၊ အဲဒီငြီးငွေ့တဲ့ဉာဏ်ရောက်၊ နောက်မကြာခင်မှာဘဲ ရုပ်,နာမ်,သင်္ခါရ,ရုပ်,နာမ် ဖြစ်,ပျက်မှာ တွယ်တာ ကပ်ငြိခြင်း ကင်းပီ ''မဂ်ဉာဏ်'' ဆိုက်တော့ဒါဘဲ၊ ဒါကြောင့်- အနတ္တလက္ခဏသုတ် ပါဠိတော်မှာ....

“ဧဝံ ပဿ ဘိက္ခဝေ သုတဝါ အရိယသာဝကော”

ဒီလို ခန္ဓာ ရုပ်နာမ် ဖြစ်ပျက်အရှိကို အမှန်အတိုင်းသိမြင်တဲ့ အရိယာသာဝကလို့ ဆိုလိုတယ်။

ဒီ - အရိယာ သာဝကဟာ....

“ရူပသ္မိံ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ” ရုပ်,နာမ်,ခန္ဓာမှာ ငြီးငွေ့မုန်းညာဏ်ဝင် လာတော့တယ်လို့ ဆိုတယ်။

ဒီလို ငြီးငွေ့ လာတော့ “နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ဝိရာဂါ ဝိမုစ္စတိ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ညာဏံ ဟောတိ” တဲ့၊ ငြီးငွေ့လို့ တပ်ခြင်းကင်းသွားတယ်၊ တပ်ခြင်း ကင်းလို့လဲ ကိလေသာမှလွတ်တော့၏၊ ကိလေသာကလွတ်တော့ “အော်-လွတ်ပြီကိုး”လို့ သိရတယ်လို့ ဆိုတယ်။

မဂ်ညာဏ်ဖြစ်တော့ မဂ်ညာဏ် ဖြစ်တာကိုးလို့ ကိုယ်ပိုင်ညာဏ်နဲ့ ဆုံးဖြတ် နိုင်တော့တယ်တဲ့၊ ဒါကြောင့် ဒုဒကာတွေကိုယ်ပိုင် ဆုံးဖြတ်ချက်ချနိုင်အောင် ဒီညာဏ်သုံးဆင့်နဲ့ တက်ရမယ်၊ တက်နိုင်အောင် ကြိုးစားအားထုတ်ကြ ရှင်းကြပလား?။

ကိုင်း....ဒီနေ့ ဒီတွင်ဘဲ တော်ကြအုံးစို့။

❶ မမွရတနာမာတိကာ

“ပင့်ကူပမာ တရားရှာ တရားတော်”

ဥာဏ်သုံးဆင့်အမြင်

(၁) ရုပ်,နာမ် ဖြစ်ပျက်မြင်လျှင် ယထာဘူတဥာဏ်။
(၂) ရုပ်,နာမ် ဖြစ်ပျက်မုန်းလျှင် နိဗ္ဗိန္ဒဥာဏ်။
(၃) ရုပ်,နာမ် ဖြစ်ပျက်ဆုံးလျှင် မဂ်ဥာဏ်။

ကွာခြားပုံ

ယထာဘူတဥာဏ်,နိဗ္ဗိန္ဒဥာဏ်နှစ်ပါးက ဖြစ်,ပျက်မြင်သည်။
မဂ်ဥာဏ်က မဖြစ်မပျက်မြင်သည်။

❷ဆောင်ပုဒ်—

ပင့်ကူပမာ၊ ကျင့်သုံးဆု၊ ပဥ္စာမိလိန္ဒ။
အာလယ်ချက်ထိုင်၊ လှုပ်ကြွေးကိုင်၊ လျင်နိုင်ဖမ်းအုပ်ရ။
ကြွေးမလှုပ်လျှင်၊ လယ်ချက်တွင်၊ မြဲပင်ပြန်ထိုင်ချ။

ဥပမာ

အဿာဝပဿာ၊ မနောဒ္ဓါ၊ မြစ္ဆာဥာဏ်စိုက်ချ။
ပဥ္စအာရုံ၊ ပေါ်လာတုံ၊ ကြိုက်ကြုံရှုကြည့်ရ။
ငါးအာရုံမြင်၊ ချုပ်စဲလျှင်၊ မြဖြင်မနောဒ္ဓါရ။

ဥပမေယျ

သတိချပ်—

ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်၊ ထိုထိုမရွေးဘိ။
သတိလေးပါး၊ တပါးပါး၊ ရှုပွါးဥာဏ်ဖြင့်ကြည့်။
ခုနစ်ရက်ပင်၊ ရှုပွါးဝင်၊ နှုံ့လျှင်နှာဂါမိ။
သတိပဋ္ဌာန်ခေါ်၊ ပါဠိတော်၊ ရှင်တော်ဟောမိန့်ရှိ။
ဒိဋ္ဌိသက္ကာ၊ စိတ်၌သာ၊ မျှားစွာစဲ့ဝင်ငြိ။
သောတာပန်ကို၊ မြန်တည်လို၊ စိတ်ကိုပွါးပါဘိ။
ပေဋ္ဌကောပဒေသ၊ ပါဠိရ၊ ဖွင့်ဟဟောထုတ်၏။

တရားသား။ ဒီကနေ့မှာ မနေ့က ပြောခဲ့တဲ့ တရားအဆက်ကို ပြောရမယ်၊ ဒို့ဒကာတွေ နေ့မအား ညမအား အေးအေးနေရမလားလို့ အေးကွက်ရှာကြတယ်. အေးကွက်မျှား ရကြပလား?၊ မရပါဘူး၊ မရတာ အရှာမှားနေကြလို့ မှတ်ရမယ် ဝိပဿနာအလုပ် ဒီ အလုပ်ကျမှ အေးကွက်ကိုရမယ်၊ ဒီပြင်မှာ ရှာလို့မရပါဘူး မရှိတဲ့နေရာသွားရှာလို့ ဘယ်မှာရနိုင်ပါမလဲ?။

ဝိပဿနာအလုပ် ဒီအလုပ် လုပ်မှ အေးကွက် ရကြမှာဘဲ၊ ဒီအလုပ်လုပ်ပီးရင် အအေးဆုံး, အမြတ်ဆုံး ဖြစ်တဲ့ ဒုက္ခ ချုပ်ရာ "နိဗ္ဗာန်"ကို ရမယ်ဆိုဒါ မှတ်ကြ၊ ငါသေရင်ဘယ်မျှားသွားအုံး မလဲဆိုဒါ စဉ်းစားစရာ မလိုတော့ဘူး၊ ဘယ်ရောက်မှာပါလိမ့် မတုံးလို့ မတွေးနဲ့တော့၊ ဒီ အခုပြောတဲ့ စကားဟာ ဒကာတို့ ကိုယ်တိုင်ရတော့ ကိုယ်ပိုင် ဆုံးဖြတ်နိုင်ကြပါ့လိမ့်မယ်၊ ဘယ်သူကမှ ပြောစရာ မလိုဘူး။

၁-ယထာဘူတညာဏ်၊ ၂-နိဗ္ဗိန္ဒညာဏ်၊ ဒိန္နစ်ညာဏ်ကဝိပဿနာ ညာဏ်၊ ၃-နံပါတ်က မဂ်ညာဏ်ဘဲ၊ အေးကွက်ရဘို့ ကိုယ်ပိုင် ဆုံးဖြတ်နိုင်ဘို့ ဒီ ညာဏ်သုံးဆင့်နဲ့ တက်ရမှာ၊ ခန္ဓာငါးပါး တပါးပါးမှာ ဖြစ်ပျက်နေတဲ့ သဘောကို ကျကျနန မြင်အောင် ပဌမကြည့်၊ ဒုတိယ ခန္ဓာ ဖြစ်ပျက်ကိုဘဲ မုန်းလာအောင်ကြည့်၊ မုန်းလာတော့ တချက်ချက်မှာ ဆုံးသွားပါရော၊ အဲဒီ ဆုံးသွား ဒါဟာ မဂ်ဉာဏ်ဝင်လာဒါဘဲ။

ကြည့်တဲ့အခါမှာအစဉ်အတိုင်းကြည့်ရမှာ၊ယထာဘူတဉာဏ် မရသေးဘဲ မရင့်သေးဘဲ နိဗ္ဗိန္ဒဉာဏ်ကူးလို့မရဘူး၊နိဗ္ဗိန္ဒဉာဏ် မရသေးဘဲနဲ့လဲ မဂ်ဉာဏ်မကူးနိုင်ဘူးဆိုဒါ တထစ်ချ မှတ်ထားကြ၊ ဒီလို သဘောမှန် လမ်းမှန်အတိုင်းလုပ်သွားရင် ခုနစ်ရက်နဲ့ တောင် ရနိုင်ပါတယ်၊ ရမှ, ရပမလားဆိုတဲ့ ဝိစိကိစ္ဆာမျိုး ဘယ် တော့မှ မလာစေနဲ့၊ ကိုယ့်အညွှန့် ကိုယ်သံသယရှိပီးမချိုးလိုက် ကြနဲ့။

သတိပဋ္ဌာန် ပါဠိတော်မှာ ဘုရားရှင်ဟောထားတာထင်ရှား ရှိပါတယ်။

“ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ တဿဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ”

လူဖြစ်ဖြစ် ရဟန်းဖြစ်ဖြစ် ဘသူဘဲဖြစ်ဖြစ် “ဒီ သတိပဋ္ဌာန် လေးပါးကို ကျကျနနပွါးရင် အခုမျက်မှောက်တွင်ဘဲ ခုနစ်ရက်နဲ့ အရဟတ္တဖိုတ်ကို ရနိုင်တယ်” လို့ ဆိုလိုရင်းဖြစ်တယ်။

No. 21

ဘုန်းကြီးကတော့ စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ပိုပီးအား ရတယ်။ ဒါကြောင့်လဲ စိတ္တာနုပဿနာကို အဓိကထားမီး ဟော ပြနေဒါဘဲ၊ ဘာလို့လဲဆိုတော့ သက္ကာရဒိဋ္ဌိ သဘောဟာ စိတ် မှာသာ ဖြစ်လေ့ ရှိတယ်၊ ဒီတော့ ပထမဆုံး သက္ကာရဒိဋ္ဌိကို ပယ်သတ်နိုင်ဘို့ရာ စိတ်ကို ရှုရမှာဘဲ၊ ဒို့ဒကာတွေ သောတာပန် အမြန်တည်ချင်ရင် စိတ္တာနုပဿနာကို ရှုကြရမယ်၊ သောတာပန် အမြန်တည်နိုင်တဲ့နည်းဟာ စိတ္တာနုပဿနာဘဲလို့မှတ်ကြ။

ဒီစကားဟာလဲ ကိုယ့်သဘောချည့် ပြောနေဒါ မဟုတ်ဘူး၊ ပေဠကောပဒေသ ပါဠိတော်နှင့် သမ္မောအဋ္ဌကထာမှာဒီအတိုင်း ဟောထားတာ ရှိတယ်လို့မှတ်ကြ၊ ဒီတော့ "သောတာပန်အမြန် တည်တဲ့နည်းဟာ စိတ္တာနုပဿနာဘဲ" လို့ အရှင်ကစ္စာယနကလဲ ဟောတယ်၊ ဘုန်းကြီးကလဲ ဟောတယ်လို့မှတ်။

စိတ်ကို ရှုတဲ့နည်းက ပထမ တရားထိုင်တော့မယ်လို့ စိတ်ကူး လိုက်ရင်ဘဲ ရှေးဦးစွာ ထိုင်ချင်တဲ့ စိတ်ကလေး ပေါ်လာမယ်၊ အဲဒီလို ပေါ်လာတဲ့ ထိုင်ချင်တဲ့စိတ်ကလေးကို အကဲခတ်လိုက်ပါ "ထိုင်ချင်တယ်" ဆိုဒါနဲ့ ကိုယ့်သန္တာန်မှာ ထိုင်ချင်စိတ်ကလေး ပေါ်လာပီး တည်တံ့မနေဘူး၊ ဖြစ်လာပီး ဖြုတ်ဆို ပျက်သွားဒါပါဘဲ၊ အကဲခတ်ရင် ဒါ ကိုတွေ့ရမယ်။

ကိုယ့်သန္တာန်မှာ ပေါ်လာတဲ့ ထိုင်စိတ်ကလေးဟာ ထိုင်လဲ ပီးရောမရှိတော့ဘူး၊ ဒါကိုဥာဏ်နဲ့မြင်အောင်ကြည့်၊ကြည့်တော့ ဒီ ထိုင်ချင်စိတ်ကလေး မရှိတော့ဘူးလို့ သိတယ်၊ ဒီလို သိဒါ ယထာဘူတဥာဏ်ဘဲ၊ ဒီဥာဏ်က စိတ်ကလေး ဖြစ်ပီး ပျက်သွား ဒါကိုသိတယ်၊မရှိဒါကအနိစ္စ၊သိဒါကမဂ္ဂ၊ဒါကြောင့် "ဝိပဿနာ အစ ထိုင်ချင်တဲ့စိတ်က" လို့ မှတ်ထားလိုက်ကြ။

ထိုင်ချင်တဲ့စိတ် ကောင်း, မကောင်းကို မတွေးတောနဲ့၊ ကောင်းမကောင်းတွေးရင် လောဘ, ဒေါသ တခုခုဖြစ်မယ်၊ ထိုင်ချင်တဲ့စိတ် ဖြစ်ပျက်တွေးရင် ဝိပဿနာဖြစ်မယ်၊ ဖြစ်ပျက်အရှိကို တွေးတော့ ဖြစ်ပျက်ကို သိတယ်၊ ဒီလို ဖြစ်ပျက်ကိုသိမှ ယထာဘူတဉာဏ် ရဒါဘဲ။

ဘာမှမပေါ်ရင် ရှုစိတ်,ရိုက်စိတ်ကိုရှု၊ လေကိုရှုထုတ်တော့ "ရှုစိတ်"ရိုက်သွင်းတော့ "ရိုက်စိတ်" သူက အဖြစ် အပျက်ကို တလွဲစီပြနေဒါ၊ ရှုစိတ်ဖြစ်ပျက်၊ ရိုက်စိတ်ဖြစ်ပျက်၊ထွက်သိစိတ်ဖြစ်ပျက်၊ ဝင်သိစိတ်ဖြစ်ပျက်၊ ကိုယ့်ဉာဏ်မှာ သဘောပါသလို ဉာဏ်သက်သလို တခုခုကိုရှု ဖြစ်ပီးပျက်သွားဒါကို မိအောင်ရှုဘို့ အရေးကြီးတယ်၊ များများ မိရင် မြန်မြန် တက်မယ်၊ အမိနဲ့ရင် အတက်နှေးမယ်၊ ရှုစိတ်ကြားမှာ ကိလေသာခြားရင်ကြာနေမှာဘဲ၊ ကိလေသာ မခြားအောင် ကြိုးစားကြ၊ အချိန်က သိပ်မရတော့ဘူး။

ရှုစရာမရှိဘူး အားတယ်ဆိုရင် အတော် ဆိုးဝါးသွားမယ်၊ အဝိဇ္ဇာဝင်လာမယ်၊ သူက အဆင်သင့် အမြဲစောင့်နေဒါမအား ကြစေနဲ့၊အဝိဇ္ဇာဝင်ဒါနဲ့ ပဋိစ္စသမုပ္ပါဒ် အစကနေပီး အညံ့ခံ လိုက်ရတော့မယ်၊ ရှင်းကြပလား?။

ထိုင်နေတဲ့အခါ ရှုစိတ် ရိုက်စိတ် ကလေးဟာ တခါတရံ အလွန်နူးညံ့သွားတတ်တယ်၊နူးညံ့တော့ ရှုလို့မကောင်းတတ်ဘူး၊ မကောင်းပေမဲ့ အသိကလေးကတော့ ရှိနေမှာဘဲ၊ ရှိနေရင် အဲဒီ အသိစိတ်ကလေးကိုဘဲရှု၊ "အို-ရှုလို့ အာရုံမရပါဘူး" ဆိုရင် ဘေးကပေါ်ဒါ ထင်ရှားဒါကို ဖမ်းရှု၊ ဘေးက အသံတခုခုကြား

လာမယ်၊ ကြားရင် ကြားစိတ် ပေါ်မယ်၊ ဒီ ကြားစိတ်ကလေး ဖြစ်ပျက်ကိုရှု၊ နံစိတ်ပေါ်ဖြစ်ပျက်ရှု၊ ဘာပေါ်ပေါ်လိုက်ရှု ဘေး အာရုံ မပေါ်လာ ပြန်တော့ ထုံကော်သိစိတ်, ဝင်သိစိတ် ဖြစ်ပျက် ပြန်ထိုင် ရှုစိတ် ရှိုက်စိတ် ဖြစ်ပျက်ပြန်ထိုင်။

ဘာစိတ်ပေါ်ပေါ် ပေါ်ချင်တာပေါ် သူက အနတ္တာ၊ ပေါ်ချင်တာပေါ်မှာဘဲ၊ ပေါ်တဲ့အခါမှာသာဥာဏ်နဲ့ မိအောင် ရှုဘို့လိုတယ်၊ ပေါ်သမျှစိတ် ဖြစ်ပျက်ရှုကြ၊ မိမိဥာဏ်မှာထင်ရှား ရာ ပေါ်လွင်ရာကို ကြည့်လိုက်ရမယ်။

ဒီနေရာမှာ မိလိန္ဒပဉှာ ပါဠိတော်လာ စကား အဓိပ္ပါယ်ကို ပြောရမယ်။

တနေ့သော အခါမှာ မိလိန္ဒ မင်းကြီးက အရှင် နာဂသိန် မထေရ်ကို မေးမြန်းလျှောက်ထားတယ်တဲ့။

“ အရှင်ဘုရား၊ အဘယ်မျှ လောက်သော အင်္ဂါရုပ်နဲ့ ပြည့်စုံမှ အရဟတ္တဖိုလ်ကို မျက်မှောက် ပြုနိုင်ပါသလဲ? ဒီတော့ အရှင်နာဂသိန်က “မင်းကြီး၊ ပင့်ကူရဲ့ အင်္ဂါရုပ် တပါးနဲ့ ပြည့်စုံရင်လဲ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု နိုင်ပါတယ်”လို့ ဖြေကြားတော်မူတယ်။

အဓိပ္ပါယ်က....ဝိပဿနာ ယောဂီပုဂ္ဂိုလ်ဟာ ပင့်ကူမျှားလို့ ကျင့်သုံးရမယ်လို့ ဆိုလိုတယ်၊ပင့်ကူမျှားဟာချက်ကျတဲ့နေရာမှာ ဒုဂါရုက အမြှင်ကလေးတွေထုပ်ပိုး ကွန်ရက် အဝိုင်းကြီးလုပ်ထား ကြတယ်၊ နောက် ကွန်ရက်ဝိုင်းအလယ်ချက်ကနေစောင့်၊ တောင် ဘက်ကြိုးကလှုပ်တော့ တောင်ဘက်လိုက်သွားလိုက်၊မိတဲ့ပိုးမွှား

အကောင် ဖမ်းစားပီး အလယ်ချက် ပြန်ထိုင်နေလိုက်၊ မြောက်ဘက်ကြီးကလျှပ်တော့ မြောက်ဘက်လိုက်သွားလိုက်၊ မိတ့ဲ ခြင်ကောင် ယင်ကောင် ပိုးမွှားများ စားသောက်ပီး အလယ်ချက် ပြန်ထိုင်လိုက်၊ ဒီနည်းအတိုင်း လျှပ်သမျှကြီးဘက် လိုက်,လိုက်ပီး အလယ်ချက် ပြန်ထိုင်လိုက်နဲ့ နေထိုင်, ကျင့်သုံးတတ်တဲ့ အလေ့ ရှိတယ်။

ဒီ ဥပမာလိုဘဲ "တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဒွါရခြောက်ခုမှာ သတိပဋ္ဌာန်ဆိုတဲ့ ကွန်ရက်ကြီး ခြောက်ကြီးထား ရမယ်၊ အဲဒီ ဒွါရခြောက်ကြီးမှာ ငြိကပ်လာတဲ့ ခြောက်အာရုံ ကိလေသာ ခြင်ကောင် ယင်ကောင်တွေကို မိအောင် ပညာနဲ့ လိုက်သတ်ရမယ်၊ ဒီလို မလွတ်အောင် သတ်နိုင်ခဲ့ရင် မကြာခင် အရဟတ္တဖိုလ်ကို မျက်မှောက် ပြုနိုင်ပါတယ်" လို့ ဆိုလိုရင်း ဖြစ်တယ်။

ဒါကြောင့် ဘေးက ပေါ်လာသမျှ အာရုံစိတ်တွေကို မလွတ် စေရအောင် ဖြစ်ပျက် ရှုပေးရမယ်၊ မနော ဒွါရမှာ အမြဲထိုင်၊ ပေါ်လာတဲ့ ပဉ္စဒွါရမှာ လိုက်ရှု၊ ပဉ္စဒွါရ ချုပ်စဲနေတဲ့အခါ အလယ်ချက် မနော ဒွါရမှာ ပြန်ထိုင်၊ အဿာသ ပဿာသ ရှုစိတ် ရှုက်စိတ် ဖြစ်ပျက်ရှု၊ ဒီနည်းအတိုင်း ခန္ဓာမှာ မပြတ် အောင် မလပ်အောင် ရှုပေးကြရမယ်။

ဒီလို အရှုအမှတ်များလာတော့ ကြာရင် "ခန္ဓာမှာ ဖြစ်သမျှ စိတ်တွေဟာ ခိုင်ဒါ မြဲဒါရယ်လို့ ရှာမရဘူး၊ ဖြစ်ပီး ပျက်တာဘဲ ရှိပါကလား၊ ငါ့စိတ် ငါ့စိတ်လို့ ထင်နေဒါဟာ ဘာမျှမဟုတ်ပါ လား အလကား ပါဘဲလား၊ ငါ့စိတ်ဆိုဒါ မရှိပါဘဲကလား" လို့

အဟုတ် အမှန်ကို ကိုယ်ပိုင်ဥာဏ်နဲ့ မြင်လာမယ်၊ ဒီအခါမှာ ကိုယ်တိုင် ဆုံးဖြတ်ချက် ချနိုင်မယ်၊ ဘယ်ကမှ ပြောပြနေစရာ မလိုတော့ဘူး၊ ယထာဘူတဆိုတဲ့ ဟုတ်တိုင်းမှန်စွာမြင်သိလာတဲ့ ဥာဏ်ရပါဘီ၊ ရှင်းကြပလား?။

ဒီနည်းလမ်းနဲ့ ဥပမာကို အရှင်နာဂသိန် မထေရ်ကလဲဟောတယ်၊ အရှင် အနုရုဒ္ဓါ မထေရ်ကလဲ ဒီအတိုင်း ဟောတော်မူခဲ့တယ်လို့ မှတ်ထားကြ။

အဲဒီစကားက....

စိတ္တံ နိယမေ ဆသုဒ္ဓါရေသု၊ သတိပဋ္ဌာန ဝရုတ္တမေ။
ကိလေသာ တတ္ထ လဂ္ဂါစေ၊ ဟန္တိဗ္ဗာတေ ဝိပဿိနာ။

ဘာသာပြန် ယောဂီသူမြတ်သည် အာရုံလပ်လျှား ခြောက်တံခါးတို့၌ စိတ်အမှတ်ရှိမှုဖြင့် စောင့်ရှောက်ခြင်းပြုရာ၏၊ ထို့ဒုါရခြောက်ပါး ခြောက်တံခါးတို့မှာ ကိလေသာတရား ငြိကပ်လာငြားအံ့၊ ဝိပဿနာယောဂီသည် မြတ်ဓသာသတိပဋ္ဌာန်လေးပါး တံခါး ကွန်ရက်ကိုပြုကာ ထိုငြိလာသည့် ကိလေသာတို့ကို သတ်ဖြတ် အပ်သတည်း။

ဒါကြောင့် ထုက်လေဝင်လေ စိတ်မှာအမြဲထိုင်ထား မျက်စိကလှုပ် မျက်စိလိုက်၊ လိုက်ပီး အလယ်ပြန်ထိုင်၊ နားကကြားရင် ကြားရာ ဥာဏ်နဲ့ ဖြစ်ပျက်လိုက်၊ ဒီနည်းအတိုင်း ဒွါရခြောက်ပါးမှာ ပေါ်လာသမျှစိတ်ကို ဖြစ်ပျက်လိုက်ရှု၊ ပြီးရင် အလယ်ချက် ထုက်သို့ ဝင်သို ဖြစ်ပျက်ပြန်ထိုင်၊ အဲဒါစိတ္တာနုပဿနာဘဲ။

ခန္ဓာအတွင်း စူးစိုက် ရှုတဲ့အခါ ဖြစ်ပျက်ကို တွေ့စေရမယ်၊ အာရုံခြောက်ပါးပေါ်ရာ သိစိတ် ဖြစ်ပျက်လိုက်ရှု ဖြစ်ပျက်သာ

တွေ့စေရမယ်၊မြင်လို့ကောင်းတယ်၊ကြားလို့ကောင်းတယ်ဆိုဒါ မလိုက်တော့ တဏှာ မဖြစ်တော့ဘူး၊ တဏှာ အလိုလို သေတယ်၊ မြင်စိတ် ကြားစိတ် ဖြစ်ပျက်ရှုတော့ ဝိပဿနာဖြစ်တာပေါ့။

ရှုတဲ့အခါ ဖြစ်ပျက်မတွေ့ရင် အစာမကြေသေးဘူး၊ ဖြစ်ပျက်တွေ့မှ အစာကြေမယ်၊ အစာမကြေရင် မကြာခင်သေတတ်တယ် သေမင်းက ဝမ်းထဲမှာ အမြဲရှိပီးနေဒါ၊ ဒီတော့ ဒီနည်းကိုအမြန်လုပ်ကြရမယ်၊ဒါလုပ်ပီးမှစိတ်ချရမယ်၊ သဘောပါကြရဲ့လား?။

အလုပ် မလုပ်ရသေးတော့ အိုဘေး,နာဘေးမသိ၊သေမဲ့ဘေးလဲမသိ၊နောက်လာမဲ့အပါယ်ဘေးလဲမသိကြတော့ဘူး၊ ဘာဘေးမှ မသိနိုင်ဒါ စုံလုံးကန်းလို့ စုံလုံးကန်းအဖြစ်နဲ့ဆိုတော့ ဖြစ်ချင်သလိုဖြစ်နေကြတော့ဒါပေါ့၊ ဥပမာဆိုရင် နွားသတ်ရုံဆဲသွားတဲ့ နွားနဲ့ မခြားတော့ပါ ဘူး။

နွားသတ် ယောကျ်ားက သတ်မဲ့နွားကို နွားသတ်ရုံဘက် ဆဲသွားတယ်၊အဲဒီနွားဟာ သားသတ်ရုံမရောက်ခင် လမ်းခုလတ်မှာ ဒီပြင် နွားဖေါ် တွေတော့ "ဝပ်ထရိန်း-ဝပ်ထရိန်း" နဲ့ တွန်သံပေးတယ်၊ နောက်, ဒေါတွေ့ မာန်တွေ့ ထပီး ချိုသွေးလိုက်သေးတယ်၊ ခွါ များတောင် ယက်တဲ့အခါယ့်ကလိုက်သေးတယ်၊ အဲဒီနွားဟာအခု မကြာခင် နွားသတ်ရုံရောက်ရင် သေရတော့မယ်၊ လယ်လှီးခံရတော့မယ်ဆိုတဲ့အဖြစ်ဆိုးကိုမသိရှာဘူး၊မသိလို့ သာတွန်နိုင်ဒါ ချိုသွေးနိုင်ဒါ ခွါယက်နိုင်ဒါပါ။

ဒီဒကာတွေလဲ ဒီနည်းနဲ့ မခြားလှဘူးဆိုရင် မှားသလား?၊ "ငါ့ဘာအောက်မေ့လို့လဲ"ဆိုဒါတွန်သံပေးဒါ"ငါ့အကြောင်းသိစေမယ် ဘာမှတ်သလဲ" ဆိုဒါ ချိုသွေးဒါ၊ "တွယ်လိုက်ရ၊

အုပ်ထဲ့လိုက်ရ မျိုးပြုတ်သွားမယ်” ဆိုဒါဟာ ခွဲယက်တာဘဲ မဟုတ်လား?၊ နွားသတ်ရုံ သွားတဲ့နွား လမ်းမှာ တွန်တုန်း ချိုသွေးတုန်း ခွဲယက်တုန်းဆိုရင် တော်ပမလား စဉ်းစားကြ၊ ဘုန်းကြီးက ဒကာတို့ဖြစ်စဉ်ကိုက်အတိုင်း ပြောနေဒါ၊ ကြမ်းလှ ချည့်လားမအောက်မေ့ကြနဲ့ ရှင်းကြပလား? ကိုယ့်ဝမ်းထဲမှာ သေမင်းက ပါနေဒါ၊ အခုသေမလား, တော်တော်နေရင် သေမလား? မသိနိုင်ဘူး၊ အသေက မဦးခင် ကိုယ်က အရင်ဦးအောင် လုပ်ထားကြ။

ဒီအလုပ် လုပ်ရင် အဝိဇ္ဇာဉာဉ့် ပါးမယ်၊ တဏှာရေလဲ ခန်းခြောက်မယ်၊ ဥာဏ်ခြေသဲ့, လက်သဲ့မျှားလဲ ထက်မြက် လာမယ်၊ အနုဆုံး ယထာဘူတဉာဏ်ရ ဒဉာဏ်နဲ့သေသွားအုံး ဥာဏ်စွန်းပါလို့ အပါယ်က လွတ်နိုင်တယ်၊ အသေကောင်းဘဲ၊ နောက်, ဒုတိယဘဝမှာလဲစိတ်ချလိုက်တော့ မင်္ဂိုလ်ကို မုချရနိုင်ပါတယ်၊ ဒီဥာဏ်မှ မရသေးဘဲ သေသွားရရင် ပစ္စည်းမဲ့ လူတန်းစား ကိုယ်ကျိုးနဲပီး သေရဒါနဲ့ အတူတူဘဲလို့မှတ်ကြ။

ဒီ ယထာဘူတဉာဏ်ရလို့ ရင့်သန် လာရင် နိဗ္ဗိန္ဒဉာဏ်ကို ရလာမယ်၊နိဗ္ဗိန္ဒဉာဏ်ကို ဘုန်းကြီးကတက်ပေးမယ်ဆိုလို့လဲမရ ဒကာတို့ တက်ပါမယ်ဆိုလဲ မရပါဘူး၊ သူ့ဉာဏ်ရဲ့ သဘာဝ အတိုင်း အလုပ်လုပ်သလောက်တက်နိုင်မယ်၊ ဒကာတို့သဒ္ဓါဝိရိယ ပညာ အားလျော်စွာ အနှေး အမြန် တက်မယ်ဆိုဒါမှတ်၊ ဥပမာ သရက်သီးဟာ သူ့အချိန်ကျမှ မှည့်သလိုပါဘဲ၊ အသီး, သီးသီး ချင်း မမှည့်ဘူး၊ ရင့်ပီး မှည့်ချိန်တန်မှ မှည့်လာမယ်၊ ဒီအတိုင်းဘဲ ရှုမှတ်တဲ့ လုံ့လအား ဉာဏ်အားအလျောက် ဖြစ်ပေါ်လာမယ်။

ယထာဘူတဉာဏ် အမြင်မျှားရင် နိဗ္ဗဒါန္ဒဉာဏ် တက်နိုင်တယ် ဖြစ်ပျက်ကို အတော် စိပ်စိပ် တွေ့လာရင် နိဗ္ဗဒါန္ဒဉာဏ် ဖြစ်တော့ ဒါဘဲ၊ဥပမာ ကိုယ့်အိမ်ရှေ့ကဖြတ်ဖြတ်ပီး မသာတွေအလောင်းတွေ့ တလောင်းပီး တလောင်း သင်္ဂြိဟ် သင်္ဂြိဟ်သွားဒါမြင်နေရတယ်ဆိုပါတော့ တလောင်းပီးတလောင်း ဆက်တိုက်ကြီးမြင်နေရဖန်များလာတော့ စိတ်ထဲမှာ ရှဲ့မုန်းစက်ဆုပ်လာပီးမကြည့်ချင်မမြင်ချင်တော့ဘူး။

ပဋ္ဌမမြင်ခါစတော့ ဘယ်လိုပါလိမ့်ဆိုပီး ပြူတင်းကထွက်ရပ်ပီးကြည့်နေမိတယ်၊ မြင်ရဖန်များလာတော့ မကြည့်ချင်လောက်အောင် မုန်းတီး စက်ဆုပ်လာတော့တယ်၊ ဒီသဘော ဒီဥပမာလိုပါဘဲ ရုပ်နာမ်တို့ရဲ့အဖြစ်အပျက်တွေ့ချည့် အမြင်များလာတော့ ရှဲ့မုန်းငြီး ငွေ့လာရတော့တယ်၊ ငြီးငွေ့ ရှဲ့မုန်းဆိုပေမဲ့ ဒေါသမုန်းမျိုးတော့ မဟုတ်ဘူးလို့ မှတ်ရမယ်၊ ဖြစ်ပျက် အမြင်စိပ်လာမှ တက်လာမှ ဒီဉာဏ်ပေါ်လာဘီလို့မှတ်။

ဖြစ်ပျက်ကျဲကျဲမြင်ရင် ယထာဘူတ၊ စိပ်စိပ်မြင်ရင် နိဗ္ဗဒါန္ဒဘဲ ယထာဘူတဉာဏ်က ကျေးဇူးပြုလို့ ဖြစ်ပျကစိပ်၊ ဖြစ်ပျက်စိပ်တာနဲ့ အာရုံက နိဗ္ဗဒါန္ဒဉာဏ် ပေါ်လာရော ရှင်းကြပလား?။

မသာချဒါကြည့်မှ ရှဲ့မုန်းမှာ မကြည့်ရင် မမုန်းဘူး၊ ဒီတော့ ကိုယ့်မသာကိုယ်ကြည့်ကြ ကိုယ့်ခန္ဓာမှာ အမြဲမပြတ်ဖြစ်ပီးပျက်ဖုံးပီးသေနေတဲ့ ရုပ်မသာ, နာမ်မသာတွေကို ဂရုစိုက်ကြည့်ကြ၊ ကြည့်ဖန် များလာတော့ မသာတွေယာ ကြည့်မဆုံးနိုင်အောင် မြင်ရလိမ့်မယ်၊ အဲဒီအခါမှ အော်....ဒုက္ခပါဘဲ မသာတွေဟာ ကြည့်လို့မဆုံးနိုင်ပါကလားဆိုပီး များများမြင်ရလေလေ ရှဲ့မုံး

လေလေ ဖြစ်လာရော၊ အဲဒီလို မြင်လာရင် ဒီနေရာမှာ မနေချင်တော့ဘူး၊ ဒီအဖြစ်မျိုးလဲ မကြုံ မတွေ့ချင်တော့ပါဘူး။

ဖြစ်ပျက် ကြည့်ပါမျှားလေ အမြင်ကစိပ်လာလေ ရှုမှုန်းလာလေ၊ ဖြစ်ပျက်ကို ထပ်တလဲလဲကြည့်လေ စိပ်သထက်စိပ် မှုန်းသထက်မှုန်း၊ ကြာတော့ ဒီအဖြစ်မဖြစ်ချင် ဒီခန္ဓာမလိုချင်ဒီခန္ဓာကလွတ်ချင်လာဘီ လွတ်ရာကိုရှာဘီ၊ ဒီလိုဖြစ်ပျက်ကြာကြာရှုတော့ မလိုချင် လွတ်ချင်ရာက မဖြစ်ရာ မပျက်ရာဘက်ကို ပြေးဝင်သွားတော့တယ်၊ မဖြစ်ရာ မပျက်ရာကို မြင်ဒါဟာ "နိဗ္ဗာန်ကို မင်္ဂကမြင်ဒါ" ဒါဘဲ။

ဝိပဿနာက၊ သင်္ခါရတရား,သင်္ခတကို အာရုံပြုတယ်။

မဂ်ဉာဏ်က၊ အသင်္ခတကို အာရုံပြုတယ်။

ယထာဘူတဉာဏ်,နိဗ္ဗိန္ဒဉာဏ်နှစ်ပါးက ဝိပဿနာသမ္မာဒိဋ္ဌိအမြင်,ပုထုဇဉ်အမြင် သင်္ခတအမြင်ဘဲ။

မဂ်ဉာဏ်က၊ မဂ် သမ္မာဒိဋ္ဌိအမြင်, အရိယာအမြင် အသင်္ခတအမြင်။

(၁) ဖြစ်ပျက်ပုံးလို့ ဖြစ်ပျက်မြင်ရင် ယထာဘူတဉာဏ်။
(၂) ဖြစ်ပျက်ပုံးလို့ ဖြစ်ပျက်မှုန်းရင် နိဗ္ဗိန္ဒဉာဏ်။
(၃) ဖြစ်ပျက်ပုံးလို့ ဖြစ်ပျက်ဆုံးရင် မဂ်ဉာဏ်။
(၁) ယထာဘူတဉာဏ်, နိဗ္ဗိန္ဒဉာဏ် နှစ်ပါးအမြင်က.... ဖြစ်ပျက်။
(၂) မဂ်ဉာဏ်အမြင်က မဖြစ် မပျက်လို့မှတ်။

မဂ်ဉာဏ်က အေးငြိမ်းတာကိုမြင်တယ်၊ နိဗ္ဗာန်မြင်ရင်ဝမ်းထဲက သက်သက်အေးဒါဘဲ၊ ရေအလုံးပေါင်း(၁၀၀၀)တထောင်နဲ့ အလောင်း ခံရသထက် မကအောင်ဘဲ အေးချမ်း ပါတယ်

တရားက "ဟိပဿိကော"တဲ့၊ ကယ်တင်ဘို့ အဆင်သင့်ရှိပီး အဆင်သင့် စောင့်ပီးနေဒါ၊ ဒကာတို့ကပူဇော်ချင်ရာကြတော့ တရားနားကို မကပ်ချင်ကြဘူး၊ ဒါလဲ အဟုတ်မသိကြသေးလို့သာပါ၊ သိအောင် ညွှန်ပြတဲ့ ပုဂ္ဂိုလ်နဲ့ ကြုံကြိုက်တုန်း ကြိုးစားယူကြ၊ စိတ္တာ နုပဿနာဟာ အကောင်းဆုံးဘဲ၊ သောတာပန် မြန်မြန် ကည်ချင်ရင် စိတ္တာနုပဿနာရှုကြ၊ ဒီစကဲားကို သတိပဋ္ဌာန်မှာ ဟောထားတယ်၊ ကိုင်း....ရှင်းကြပလား?။

ကိုင်း....ဒီနေ့ ဒီတွင်ဘဲ တော်ကြအုံးစို့။

စမ္မရတနာမဟာတိကာ

"ခန္ဓာရှုကွက် ဥာဏ်သုံးချက် တရားတော်"

ဆောင်ပုဒ်—

ပျင်းလို့ဖျင်းကာ၊ လွန်နှုံးချာ၊ ဗာလာနောက်ပိတ်ခွေ။
မြင့်မိုရ်ထုပျောက်၊ သမုဒ်ခြောက်၊ အုံလောက်ဖြစ်နိုင်စေ။
အို့နာ့သေကာ၊ မလွတ်မာ၊ နန္တကမ္ဘာဝေ။
ဥာဏ်လုပ်သုံးဆင့်၊ မလုပ်ဖင့်၊ ကဲဆင့်ဒုက္ခပွေ။
နေကြီးဝင်ကာ၊ ရေကြီးစွာ၊ နီးလာသေခြင်းပေ။
မနုဿတ္တာ၊ ဒုလ္လဘာ၊ အရတော်ခိုက်နေ။
ငရဲမီးအို့၊ ခွေးနက်မျိုး ပျောက်လျှိုးတတ်ကောင်းလေ။
ရင်ဝလှံစူး၊ ထိပ်ဦးမီးလောင်၊ ပမာဆောင်၊ လွတ်အောင်
သက္ကာဆွေ။

တရားသား။ ဒီနေ့အဘို့ရာ မနေ့က အဆက်ကိုဘဲ ပြောရမယ် လို့မှတ်ကြ မနေ့ကပြောတဲ့ အလုပ် သုံးလုပ်မှ မလုပ်ရင် ကျတ်လွတ်ခွင့် မမြင်တော့ဘူး၊ ဒီအလုပ်သုံးလုပ်လုပ်မှသာ ချမ်းသာရာရကြမယ်၊ ဘုရားရှင် ဟောတော်မူတဲ့ဥပမာမှာ ယူဇနာမေါင်း(၈၄၀၀) မြင့်တဲ့ မြင့်မိုရ်တောင်ကြီးသာ မြင့်မိုရ်ထုကြီးသာ ပျောက်ကွယ်မယ် ဆိုရင် ပျောက်ကွယ် သွားစရာရှိတယ်။

ဒီအလုပ် သုံးလုပ်ကိုမှ မလုပ်ရင် ဒကာတို့ တတွေရဲ့ အိုရမှု နာရမှု သေရမှုတွေဟာ ဘယ်တော့မှ ပျောက်မှာ မဟုတ်ဘူး၊ မဟာသမုဒ္ဒရာကြီးလေးစင်းက ရေတွေဟာ အကုန်ခန်းခြောက် ပျောက်ကွယ် သွားစရာသာရှိတယ်၊ ဒကာတို့ရဲ့ အိုမှု နာမှု သေမှု တွေဟာ ဘယ်တော့မှ မပျောက်နိုင်ဘူး၊ ဒီဥဿာဏ်အလုပ် သုံးလုပ် လုပ်မှသာ ပျောက်မှာဘဲလို့ ဟောထားဒါရှိတယ်။

ဒကာတို့က ပေါ့ပေါ့တန်တန်နဲ့ "အင်း....ဒီလိုဆိုရင် လုပ်မှ ထင်ပါရဲ့"လို့ မတွေးလိုက်ပါနဲ့၊ မလုပ်ရင်မဖြစ်ဘူးဆိုဒါ ဆုံး ဖြတ်ချက်ချ၊ အခုလို အခါကောင်း အခွင့်ကောင်း ကြုံတုန်းမှ မလုပ်ဖြစ်လို့ လက်လွတ်သွားကြရင် မျောလေအုံး, မြုပ်လေ အုံးတော့မယ်၊ သူများပါးစပ်ထဲ လမ်းဆုံးရမဲ့ဘဝတွေ အသခ်ျ နဲ့ သွားရတော့မှာဘဲ၊သွားရအုံးမဲ့ ဘဝတွေကအနန္တမို့ ပြောပြ လို့ မရနိုင်ပါဘူး။

မလုပ်မဖြစ်တဲ့ အလုပ်က ဥဿာဏ်သုံးပါးနဲ့ လုပ်ရမဲ့ အလုပ်ဘဲ လောကမှာ မဟာပထဝီ မြေပြင်အနှံ့ ဆုံးအောင် သွားနိုင်တဲ့သူ မရှိပါဘူး၊ ဒီလောက်ကြီးမား ကျယ်ပြန့်တဲ့ မြေပြင်ကြီးဟာ ပျောက်ကွယ်သွားမယ်ဆိုရင် ပျောက်ကွယ်နိုင်စရာ ရှိသေးတယ်၊ ဒီဥဿာဏ်သုံးပါးမရတဲ့သူအဘို့ရာမှာ အေးကွက်မမြင်ဘူး၊ဒီအလုပ် မလုပ်ရင် အိုဒုက္ခ,နာဒုက္ခ,သေဒုက္ခ ဆိုတဲ့ ဒုက္ခအမျိုးမျိုးတွေဟာ ဘယ်တော့မှ မဆုံးနိုင်တော့ပါဘူး။

ဒီကြားထဲ သူများ ပါးစပ်ထဲ လမ်းဆုံးရမဲ့ ဘဝတွေကလဲ အနန္တပါဘဲ၊ ဆွမ်းဖြစ်, ဝက်ဖြစ်, ကြက်ဖြစ်, ဆိတ်ဖြစ်, လူတွေ ပါးစပ်ထဲ သင်္ကြိဟ်ကြရ၊ တီကောင်, ပရက်ဆိတ်,တုပ်ကောင်ဖြစ်

ကြက်ပါးစပ် ကျီးပါးစပ်ထဲ လမ်းဆုံး၊ ပိုးမွှားတိရစ္ဆာန်တွေ ဖြစ်ပြန်တော့ ကြီးတဲ့ အကောင်က ငယ်တဲ့အကောင် စားလိုက်ကြ, သောက်လိုက်ကြ, သူမျှားပါးစပ်ထဲ လမ်းဆုံးသွားကြ၊ ဒီလိုနဲ့ သူမျှားပါးစပ်မှာ ကိုယ့်ခန္ဓာနဲ့ အခွန်ဆက်ရမဲ့ဘဝတွေရောက်လို့ကို မဆုံးနိုင်ပါဘူး။

ဒီအထဲမှာ ရောက်ရာဘဝရဲ့ သားသေလို့ငိုရ, သမီးသေလို့ငိုရ, မယားသေလို့ လင်သေလို့ ငိုရတဲ့ မျက်ရေတွေဟာ မဟာသမုဒ္ဒရာကြီး လေးစင်းရေထက် များအုံးမယ်. ဒီတော့ ဒို့ဒကာတွေက "တော်ပါပေါ့-တန်ပါပေါ့" လို့ များ ဆုံးဖြတ်ချက်ချကြပါ၊ သဘောပါ ကြရဲ့လား?။

ဘုရားစကားတော်ကိုယုံရင် ဒီအလုပ်သုံးလုပ် လုပ်ကြရမယ်၊ မလုပ်ရင် မယုံလို့ဘဲဆိုးဒါ ငြင်းကွက်မရှိဘူး၊ "ဘုရားကိုးကွယ်ရာ တရားကိုးကွယ်ရာ" ဆိုပြီး "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ" လို့ လုပ်နေကြ ဆိုနေကြတယ်၊ ဘုရား တရားတကယ် အားကိုးမှ အပါယ်သံသရာက ကာကွယ်ပေးမှာပါ၊တကယ်ကိုးမှ တကယ်ကွယ်မှာ၊ တကယ်မကိုးရင် တကယ်မကွယ်ဘူး၊ ရှေ့မျက်နှာတော် ထောက်ထားပြီး အလကားတော့ ရွတ်မနေကြနဲ့၊ အားနာစရာကြီး အဟုတ်ယုံကြည်လို့ တကယ်ကိုးစားတာမှန်ရင် ဒီအလုပ်ကိုလုပ်ကြ၊ ရှင်းကြပလား?။

ညမှာဘဲ လုပ်တော့မယ်, မနက်ကျမှ လုပ်မယ်, နောက်မှ လုပ်မယ်နဲ့ အချိန်ရှိ.ရှိ.နေကြ၊ အိုဘေး,နာဘေး,သေဘေးက မရှိ.ဘူး၊ အချိန်ရှိ.ဒါဟာ မိုက်လို့ဘဲ၊ မိုက်လို့သာ ရှိ.ဒါပါ၊ လိမ္မာတဲ့သူ ဘုရားစကား လိုက်နာတဲ့သူဆိုရင် မရှိ.ပါဘူး ဒါကြောင့်, ဘုရားက-အတ္တာဟိ ကိရဒုဒ္ဒမောတဲ့၊ 'ကိုယ့်ကိုယ်ကို ဆုံးမဘို့ သာလို့ ခက်တယ်" လို့ ဟောတော်မူဒါ။

ဒီလို ဘဝမှာမှ မလုပ်မိရင်ဖြင့် ဘယ်ဘဝရောက်လို့ ဘယ် ဓနချောက်ထဲ ကျမယ်ဆိုဒါ မသိနိုင်ဘူး၊ ထောင်နိုင်တဲ့ နားရှိဘို့ ဟောပြတဲ့သူရှိဘို့ ဟောတဲ့ တရားကလဲ သစ္စာဆိုက်တဲ့ တရားမှန် ဖြစ်ဘို့ အင်မတန်မှ ခဲယဉ်းတယ်၊ ဒို့ဒကာတွေတော့ အင်မတန် ကံကြီးလို့ အခုနေမှာ ထောင်နိုင်တဲ့နားလဲရှိ၊ ဟောပြတဲ့ပုဂ္ဂိုလ် လဲကြုံ၊ သစ္စာဆိုက်တဲ့ တရားလဲမှန်လို့ အင်မတန် ကြုံတောင့် ကြုံခဲ့ ကြုံလာရတဲ့ အခါမျိုးမို့ ကြိုးစားကြ။

နေကြီးဝင်သွားလေ-အရေးကြီးလေ၊ တချိန်ထက်တချိန် ပိုပို ပီး အရေးကြီးလေလေဘဲ၊ တရွေ့ရွေ့ အချိန်တွေ့ ကုန်လိုက်လာ တော့ တချိန်ထက်တချိန် သေဘက်ကိုနီးနီးလာဘို့ဘဲ၊ "သေဘက် နီးလေလေ အရေးကြီးလေလေ" ဆိုဒါ မလဲဘူး၊ "အသေကသာ ဦးသွားရင် ကိုယ်ကျိုးတွင်မက သံသရာ တလျောက်လုံး အကျိုး နဲလို့ မဆုံးတော့ဘူး" ဆိုဒါ မှတ်လိုက်ကြ။

ဒီအလုပ် မလုပ်ကြဒါဟာ ဖျင်းလို့ ပျင်းလို့ မသိလို့ မလုပ် ကြဒါ၊ ဒါဖြင့် ဒကာတို့ဟာ စွယ်စုံတွေပေါ့၊ မသိဒါနဲ့ ဖျင်းဒါ ကိုဆရာသမားကတာဝန်ယူပါတယ်၊ ဒီတာဝန်နှစ်ခုဆရာ့တာဝန် ထား၊ ကျန်တဲ့ တာဝန် တခုကိုတော့ ကိုယ်တိုင်ယူကြ၊ ပျင်းဒါကို ဒကာတို့က တာဝန်ယူ၊ မပျင်းကြနဲ့ ကြားလား၊ ပျင်းတဲ့တာဝန် တခုကိုတော့ ကိုယ်တိုင် ယူကြပါ၊ ကျန်ဒါ ဘုန်းကြီးတာဝန် ထားလိုက်။

ဒို့ဒကာတွေအဘို့ရာ ချက်ပီးထမင်း ခူးခပ်စားရုံလောက်ပါဘဲ ဆရာကဆန်ကစပြီးထမင်းဖြစ်အောင်လုပ်ပေးရဒါပါ ဘယ်သူက တာဝန်များသလဲ? "တာဝန်မများလို့ မခက်ခဲတဲ့ တာဝန်တခု

ကိုဖြင့် လွယ်လွယ်နဲ့ အမြန်လုပ်ကြစမ်းပါ”လို့ တိုက်တွန်းလိုက်တယ်၊ (၁) ဥာဏ်နဲ့ (၂) ဥာဏ်ရရင် အရူး အကန်း လုံးလုံး မပျောက်သေးဘူး၊ အရှိန်ပြေရုံလောက်ဘဲရှိသေးတယ်၊ မဂ်ဥာဏ်ရမှ လုံးလုံးပျောက်မှာ။

ဟောတဲ့သူက တကဲ့ချမ်းသာရေးအစစ်ကိုဟောနေဒါမလိုက်တဲ့သူက မလိုက်တာတော့ ကိလေသာထု ထူလွန်းလို့ ဆိုဒါမှတ်၊ အဝိဇ္ဇာတက္ကာရှိတဲ့သူဟာ မြေထု,ရေထု,မေရု စကြာဝဠာ ကမ္ဘာအသခ်ေ့ ပျောက်ပေမဲ့လဲ အိုဘေး, နာဘေး, သေဘေး, ဆိုတဲ့ဘေးဆိုး ဒဏ်ဆိုး အမျိုးမျိုးတွေ့ မပျောက်နိုင်ဘူး၊ ဒီဥာဏ်သုံးချက်နဲ့ လုပ်ယူမှသာ ပျောက်မှာပါ၊ ဒီဥာဏ်သုံးချက်နဲ့ မလုပ်ရင် ဘယ်တော့မှ မပျောက်ဘူးလို့မှတ်။

ခန္ဓာမှာ ကိန်းနေတဲ့ အဝိဇ္ဇာ, တက္ကာစတဲ့ တရားဆိုးတွေ့ကို ဥာဏ်သုံးချက်နဲ့ဖြတ်မှ ပြတ်မယ်၊ (၁) ဥာဏ်က ယထာဘူတ၊ (၂) ဥာဏ်က နိဗ္ဗိန္ဒ၊ (၃) ဥာဏ်က မဂ်ဥာဏ်၊ ကြက်မနဲ့ တူတဲ့ယောဂီ တဝေ့ယောဂီ အလုပ် ဥာဏ်သုံးချက်လို့ မှတ်ကြ၊ ရှင်းကြပလား?။

(၁) “ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ” ဆိုဒါ ယထာဘူတဥာဏ်။

(၂) “ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယာသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ” စသည်ဆိုဒါ နိဗ္ဗိန္ဒဥာဏ်။

(၃) “နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ဝိရာဂါ ဝိမုစ္စတိ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ” ဆိုဒါမဂ်ဥာဏ်ပေါ်ပီးမြင်ဒါဘဲ။

ဒီဥဿ်သုံးဆင့်နဲ့ ရအောင် အားထုတ်တဲ့ယောဂီဟာ ဥပမာဆို ကြက်မကြီးလိုပါဘဲ၊ ကြက်ကောင်ကလေးတွေပေါက်အောင် ကြက်အလုပ်သုံးလုပ် လုပ်သလို လုပ်ပေး ကြရမယ်၊ ဒို့ဒကာတွေ ရှေးက မလုပ်တတ်ကြပါဘူး။

ရှေးက ကျောင်းသွားကြ၊ ဥပုသ်စောင့် ပုတီးစိပ်ကြ၊ အနိစ္စ ဒုက္ခ အနတ္တနဲ့ ပါးစပ်က တတွတ်တွတ်ရွတ်ပြီး စိပ်ကြ ဒါဘဲ၊ ထုံးစံအတိုင်းမို့ စိပ်နေကြဒါ၊ ဥဿ်လဲ မပါဘူး၊ စိတ်ကလဲမပါဘူး။ စိတ်ကမပါတော့ အဲဒါ"ဝစသာ"ခေါ်တယ်၊ဝစသာဆိုဒါ နှုတ်က ရွတ်တာဘဲ ရှိတယ်လို့ ပြောဒါ၊ အဲဒါ - ဝစသာဘဲ၊ မနသာမဟုတ်ဘူး ဝစသာဆိုဒါ အပြောဘဲတဲ့။

လုပ်ရမှာက "မနသာ"နဲ့ လုပ်ရမှာ၊ စိတ်နဲ့ လုပ်ရမှာဘဲ၊ အသံသာဟုတ်တဲ့ ဝစသာ အလုပ် စကားအလုပ်ဘဲ၊ ဝစီကံနဲ့ လုပ်လို့ မရဘူး၊ အပြော သမားနဲ့ မရဘူးတဲ့၊ မနသာနဲ့ ကိုယ်သန္တာန်မှာ စိတ်စိုက်ရှုရမှာ၊ မနသာနဲ့ လုပ်ရမှာကို ဝစသာနဲ့ လုပ်နေကြတယ်၊ မိမိခန္ဓာမှာ မနသာနဲ့ စိုက်ရှုကြ။

အရှင်နာဂသိန်က ဟောတယ် "စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ,မန"ဆိုတဲ့ တံခါးခြောက်ခုမှာ ပေါ်လာသမျှ အာရုံကို မနသာနဲ့ စိုက်ရှုရမယ်တဲ့၊ နိဗ္ဗာန်ရအောင် မနနဲ့ အားထုတ်မှသာ မနောနဲ့ သာမြင်နိုင်တဲ့ နိဗ္ဗာန်ရကြမယ် ဒကာတို့တတွေခတ်ကွင်းပြင်ဒါနဲ့ ရွာသစ်ကြီး ရောက်ကုန်ကြမယ်၊ နိဗ္ဗာန် ဆိုတဲ့ အဆန်းလမ်းမသွားဘဲ အစုန်လမ်းဖြစ်တဲ့ အပါယ်ရွာသစ်ကြီးကိုပြောဒါ ရွာသစ်ကြီး မရောက်ခင်မှာ ဝိပဿနာ လုပ်ကြရမယ်၊ ခတ်ကွင်းချည့် ပြင်မနေကြနဲ့။

No. 23

ဒီတော့ “ ဝိပဿနာအစ ထိုင်ချင်ဒါကစ ” ထိုင်ချင်တော့ ထိုင်ချင်စိတ်ကလေး ပေါ်လာတယ်၊ ထိုင်ပီး ကြည့်လိုက်တော့ ထိုင်ချင်စိတ် မရှိတော့ဘူး၊ နဂိုက “ငါထိုင်အုံးမယ်”ပြောတယ် အခု မရှိတော့ဒါ ငါ မဟုတ်လို့ပေါ့၊ ထိုင်ဒါထဲ ငါပါသေးသလား?၊ ထိုင်လိုက်တာနဲ့ တပြိုင်နက် ထိုင်ချင်တဲ့စိတ်မရှိတော့ဘူး မရှိဒါက အနိစ္စ၊ သိဒါက ယထာဘူတဉာဏ်၊ “ဧဝမေတံ ယထာဘူတံ” လို့ ဆိုတယ်၊ ယထာဘူတဉာဏ် ရပြီးတဲ့ သူဟာ အရူးအကန်း သက်သာသွားဘီ အတော်အတန်ပျောက်ပီ၊အန္ဓပုထုဇဉ် ကလုတ်ပီဆိုဒါ ဆုံးဖြတ်ချက်ချ၊ ဉာဏ်မှမရသေးရင် အန္ဓပုထုဇဉ်ဘဲ၊ ဒီဉာဏ်ရောက်မှ ကလျာဏအစစ်ဖြစ်တယ်လို့ မှတ်ကြ။

မဂ်ဉာဏ်မရသေးရင် အရူး အကန်း အကုန် မပျောက်တတ်သေးဘူး၊ အရူးအကန်းမှ မပျောက်သေးတဲ့သူဟာ သံသရာထဲမှာသူလုပ်သမျှ အမှားချည့်ဘဲ၊ ဒါန,သီလ လုပ်လဲ အလဲချည့်လုပ်မိမှာဘဲ၊ ဒါန သီလ လုပ်နေလို့လဲ ဘယ်တော့မှ အရူး အကန်းမပျောက်၊ အရူးမပျောက်ဘဲနဲ့သေ၊ အကန်းမပျောက်ဘဲနဲ့သေ ဒီအသေမျိုးချည့်ပါဘဲ။

ဒို့ဒကာတွေဟာ စီးမွားရေးကလဲရှိမယ်၊ အပြောကလေးကလဲ ပါမယ်ဆိုရင် ဒီလူပြောသမျှ အဟုတ်ချည့်ထင်ကြတယ်၊ အန္ဓပုထုဇဉ် ပြောလေသမျှ ဥမ္မတ္တက ပုထုဇဉ်တွေက ယုံကြရတယ်၊ ဒါကြောင့် ဒီဉာဏ် အရေး ကြီးတယ်၊ ဒီဉာဏ် ရအောင်လုပ်၊ ဖြစ်ပျက်မမြင်သေးရင် အရူးအကန်းပျောက်ဘို့ ဝေးသေးတယ်လို့ မှတ်ကြ။

မှတ်မိကြပလား? “ဝိပဿနာအစထိုင်ချင်ဒါကစ”ထိုင်လိုက်တော့ ထိုင်စိတ်မရှိ၊ ထိုင်စိတ် ပျက်တာသိ၊ သိတဲ့စိတ်ကလေး

ပျက်သွားပြန်ဒါကိုလဲ ဂရုစိုက်၊ လေကိုရှူတဲ့စိတ်ကလေးလဲရှူပီး ပျက်၊ ရှိုက်စိတ်ကလေးလဲ ရှိုက်ပီး ပျက်သွားဒါဘဲ၊ ဒါကိုသိအောင် ဖြစ်ပျက်ကို မြင်အောင်ရှု၊ ဘေးအာရုံတွေ့ ပေါ်လာရင် ပေါ်တဲ့စိတ် လိုက်ရှု၊ ပင့်ကူ ဥပမာလို ရှုရမယ်ဆိုဒါ မှတ်ကြ၊ "၀ိပဿနာ ယောဂီဟာ ပင့်ကူနဲ့တူအောင် နေရမယ်" လို့အရှင်နာဂသိန်က မိလိန္ဒကို ဟောခဲ့တယ်။

၀ိပဿနာဆိုဒါဒီလို လိုက်ရမှာလား၊ ဒီဥဟာစိတ်ပေါ်မှာသာအများဆုံးဖြစ်တယ်၊ ထိုင်ဒါငါဘဲ၊ သွားချင်ဒါကျမဘဲလို့ ဆိုဒါ ဒီဥများလွန်းလို့ ဒီဥသေအောင် ပဌမရှုရမှာ၊ ဘယ်စိတ်လာလာ ရှုရမှာဘဲ၊ ရှုလို့ ဖြစ်ပျက် မြင်ရင် ယထာဘူတဉာဏ်အရှုး သက်သာသွားဘီ၊ ဒီ (၁)နံပါတ်ဉာဏ်က အရှုး အကန်းပျောက်အောင်ကုဒါ၊ ဒကာတို့ဟာ ယထာဘူတ ဆေးသောက်ကြဘို့ကောင်းဘီ။

စိတ်ကလေး တခုပေါ်လာရင် "ငါ့စိတ်မစမ်းနဲ့" တဲ့ ငါ့စိတ်ဆိုဒါဒီဥဖြစ်နေတယ်၊ စိတ္တာနုပဿနာအရှုခိုင်းဒါဟာ သောတာပန်အမြန်တည်အောင်လို့ဘဲ၊ ဒီအဓိပ္ပါယ်ဟာ ပေဋ္ဌကောပဒေသပါဠိတော်မှာ လာတဲ့ အဓိပ္ပါယ်လို့မှတ်၊ သံသယ မရှိကြနဲ့၊ ဒါကြောင့်လဲ သောတာပန်အမြန်တည်အောင် စိတ်ရှုဘို့ စိတ္တာနုပဿနာအဓိကထားပီးဟောနေဒါလို့ရင်းထားဟောနေဒါဘဲ။

ပင့်ကူဥပမာအတိုင်း အလယ်မှာထိုင်မလွတ်အောင်ရှု ဘေးကလာလဲ မလွတ်စေနဲ့၊ ဒီလို ရှုဖန် များရင် အသေတ္တဝါဉ်မြင်လာမယ်၊ အသေတ္တဝါဉ် အမြင် များတော့ မုန်းလာမယ်၊ ဒီဉာဏ်ကို ဆရာက တက်ပေးလို့ မရဘူး၊ ကိုယ့်ဟာကိုယ်

လုပ်ယူရမှာ ယထာဘူတဉာဏ် ရှုံ့ကျက်တော့ နိဗ္ဗိန္ဒဉာဏ် ပေါ်ဒါဘဲ၊ ယထာဘူတဉာဏ် ရင့်ရင် မဟာသောတာပန်နား နီးသွားဘီ။

သတ္တာ တဦးဦးအတွက် ငရဲပြက ငရဲမီးတွေက လောင်ဘို့ အဆင့်သင့် စောင့်ပီးနေတယ်၊ စောင့်နေဒါက ဒိဋ္ဌိ မကွာသေးတဲ့ သတ္တာတွေဘို့စောင့်နေဒါ၊အဲဒါဟာကိုယ်လုပ်ထားတဲ့အကုသိုလ် တွေက အကျိုးပေးဘို့ စောင့်နေဒါပါ၊ အဲဒီ ငရဲအိုးတွေ ငရဲမီး တွေ ခွေးနက်ကြီးတွေကို ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာက လုပ်ပေးထားဒါ ဆိုရင် မမှားပါဘူး။

ဒါကြောင့် ကြိုးစားကြ၊ မပေါ့ကြနဲ့ လို့ ပြောနေဒါ၊နိဗ္ဗိန္ဒ ဉာဏ်ရောက်ရင် ငရဲအိုးဟာ အဆူရပ်တယ် ငရဲမီးလဲ ငြိမ်းမယ်၊ မီးငြိမ်းသွားတော့ အဆူပျောက် အဆူ ရပ်တော့ဒါဘဲ၊ စဉ်းစား ကြည့်ကြ၊ လူ့ပြေကဒါနဲ့ပြူ သီလဆောက်တည်ကြတော့နတ်ဓပြ မှာ ကိုယ်မသေခင်က ဘုံပေါက်နေရတယ်၊ နန္ဒဝယသူဌေး စသူ တွေရဲ့ နမူနာကြည့်ကြ၊ ဒီတော့ ကုသိုလ် များလို့ သုဂတိမှာ ဘုံပေါက်သလို အကုသိုလ်များရင် ငရဲမှာ ဘုံပေါက်မယ်ဆိုဒါ သံသယမရှိကြနဲ့ သေချာတယ်။

ဒီလိုဖြင့် ဒို့ဒကာတွေ စိတ်ချ, လက်ချနေလို့ ဖြစ်ပါ့မလား?၊ စိတ်ချနေလို့မဖြစ်တော့ဘူး မနုဿတ္တဘာဝဒုလ္လဘဆိုတဲ့အတိုင်း လူ့ပြေဟာ အလွန်ရနိုင်ခဲတယ်၊ ဘာကြောင့်လဲ? အလွန်မှန်မြဲတ် လို့ အလွန်ကောင်းလို့ လူ့ပြေကနေ အထက်တက်ချင်လဲ လွယ် တယ်၊ အောက်ဆင်းချင်ရင်လဲ ပိုပီးလွယ်သေးတယ်၊ သုံးဆယ် တဘုံ ဘယ်ဘုံ သွားချင်,သွားချင် လူ့ပြေက သွားမှ ရနိုင်တယ်။

ဒီ လူ့ပြေကနေပီး ဘုံလဲပေါက်နိုင်တယ်၊ မီးငြိမ်းအောင်လဲ လုပ်ယူနိုင်တယ်၊ဒီဘုံကလိုသလိုဖြစ်နိုင်တယ်၊ဒါကြောင့် လူ့ဘုံကောင်းတယ်လို့ ဆိုဒါပါဘဲ၊ သဘောပါကြပလား?။

ဒီတော့- အလှန် ကံကောင်း ထောက်မလို့ ရထားတဲ့ ဘဝကလေးကို အကျိုးမပြီး အခွင့်နှိုး မကုန်ကြပါစေနဲ့၊ လုပ်သင့် လုပ်ထိုက်တဲ့ ပဓာနလုပ်ငန်းကို အဟုတ်တမ်း ခရီးပေါက်အောင် ကြိုးစားကြရမယ်၊ လုပ်ဆောင်ကြရမယ်၊ "မလုပ်ရင်မဖြစ်တော့ဘူး"လို့ ဆုံးဖြတ်ကြ၊ လေးလေး နက်နက်ကြီး တိုက်တွန်း လိုက်တယ်။

ခန္ဓာထဲမှာ ဇာတိတွေ၊ ဇရာမီးတွေ၊ မရဏမီးတွေ ဝိုင်းအုံပီး တဟုန်းဟုန်း တညီးညီး တောက်လောင် နေဘီ၊ ခြေကြွေလဲ မီးဝိုင်း၊ လက်ကြွေလဲမီးဝိုင်း၊ ဘယ်ကြွေကြွေ ဒီမီးတွေချည့်ဘဲ လောင်မြိုက်နေတယ်၊မီးမြင်လာရင် လွတ်ရာလွတ်ကြောင်းရှာလို့ တဲ့စိတ် ဖြစ်ပေါ်လာတယ်၊ ရှာတော့ မီးထဲက လွတ်ရာ လွတ်ကြောင်း လမ်းကောင်း လမ်းမှန်ဟာ မဝေးပါဘူး၊ ခန္ဓာမှာဘဲ ရှိပီးနေဒါပါ၊ ဒါကိုသိအောင်ညွှန်ပြနိုင်တဲ့ ဆရာနဲ့ တွေ့ရတဲ့အခု လိုအခါမျိုးမှာ ကြိုးစားယူကြ၊ ဒါမှမယူချင်ကြရင် အခုပြုံးသလောက် နောက်အခါ မဲ့ဘို့ချည့်မှတ်တော့။

ဆရာက ညွှန်ပြတဲ့အတိုင်း ရှုမှတ်သွားကြရင် ခန္ဓာအဆုံးမှာ နိဗ္ဗာန်ရကြမယ်၊ မိလိန္ဒက ရှင်နာဂသိန်ကိုမေးတယ်။

"အရှင်ဘုရား နိဗ္ဗာန်ရတယ်ဆိုဒါ ဘယ်လိုပါလဲ"

ဒီတော့ မထေရ်က "ဝိ၊ဿနာ ရှုမှတ်တဲ့ ယောဂီပုဂ္ဂိုလ်ရဲ့ ဥာဏ်ဝမှာ ရုပ်,နာမ် ဖြစ်ပျက်ကို အမြင် သန်လာမယ်၊ နောက်, တဖြေးဖြေး ဖြစ်ပျက် သဘောတွေ

ကဲ့ရာကနေ စိပ်စိပ်ပိုး နှူးညံ့လာမယ်၊ နောက်မကြာမီ ဖြစ်ပျက် သဘောတွေ့ စုလာမယ်၊ စုလာပီးတဲ့နောက် အလွန်နု အလွန် သိမ်မွေ့ပီး တချက်ချက်မှာ ရှုရင်း ရှုရင်းက ဖျတ်ကနဲ ဆုံးသွားတော့တယ်။

" အဲဒီ ဖြစ်ပျက် ဆုံးသွားဒါဟာ နိဗ္ဗာန်ပါဘဲ၊ ဖြစ်ပျက် အဆုံးကိုမြင်ဒါက မဂ်ဉာဏ်ဘဲ "လို့ ဖြေကြားတော်မူလိုက်တယ် ဆုံးဒါက-နိဗ္ဗာန်၊ မြင်ဒါက မဂ်ဉာဏ်ဘဲလို့ မှတ်ကြ၊ အဲဒီတော့ ဒီဒကာတွေ့မပေါ့ကြနဲ့တော့ ရနိုင်တဲ့အခါရအောင်ယူထားကြ။

အခုလို အလွန် အဆင်ပြေတဲ့ လူဘုံ လူ့ဘဝက နေရာကျ အောင်လုပ်ထားကြ၊ မလုပ်ရင် အခုပြုံးသလောက် နောက်အခါ မဲ့ရမယ်ဝို့ရမယ်ဆိုဒါတထစ်ချ မှတ်လိုက်ကြ၊ ရှင်းကြပလား?။

ကိုင်း....ယနေ့ ဒီတွင် တော်ကြအုံးစို့။

မမွေရတနာမဟာတိကာ

"အဝိဇ္ဇာမှောင်ကြီး ပိတ်ကာဆီး တရားတော်"

အဝိဇ္ဇာငါးထပ်

(၁) ကံညာဏ် အုပ်တဲ့ အဝိဇ္ဇာ။
(၂) နာမ်,ရုပ် ညာဏ် အုပ်တဲ့ အဝိဇ္ဇာ။
(၃) ပဋိစ္စသမုပ္ပါဒ် ညာဏ်အုပ်တဲ့ အဝိဇ္ဇာ။
(၄) လက္ခဏာညာဏ် အုပ်တဲ့ အဝိဇ္ဇာ။
(၅) သစ္စာညာဏ် အုပ်တဲ့ အဝိဇ္ဇာ။

ဆောင်ပုဒ်—

အဝိဇ္ဇာငါးတန်၊ ဉီးစွာလှန်၊ အမြန်မဂ်ရမှတ်။
ကမ္မဿကတံ၊ ကံသိညာဏ်၊ ခွါလှန်ပဋမထပ်။
နာမရူပ၊ ပရိစ္ဆေဒ၊ ညာဏ်ကဒုကိုလှပ်။
ပဋိစ္စသမုဒ်စဉ်၊ ကြောင်းကျိုးမြင်၊ ကွာစင်သုံးနံပါတ်။
ဖြစ်ပျက်မြင်လာ၊ လက္ခဏာ၊ ညာဏာလေးကိုလှပ်။
သစ္စာသိမြင်၊ ညာဏ်ရလျှင်၊ ကွာစင်မှောင်ငါးထပ်။

မှတ်ဘွယ်—

တစ်, နှစ် သုံးထပ်၊ ဆရာမြတ်၊ ခွါလှပ်ရနိုင်သည်။
လေးနှင့်ငါးကို၊ ကိုယ်တိုင်ကိုယ်၊ ခွါဖြိုကျင့်ရမည်။

သတိချပ်—

အဝိဇ္ဇာမှောင်ကြီး၊ ပိတ်ကာဆီး၊ ဘယ်နည်းကြံကြမည်။
မှောင်ထဲမှေးလေ၊ မှောင်ထဲသေ၊ သခ်ျိများလှပြီ။
တိကောင်သွား,သွား၊ သူ့နှုတ်ဖျား၊ အစားခံရသည်။
ဥခွံကြီးက်သော်၊ ရွှေးပျော်ပျော်၊ မာန်မော် ထောင်လွှားဖိ။
ဘုရားဆူဆူ၊ ပုန်းနိုင်သူ၊ ဘေးဟူမလွတ်ပြီ။
အခွင့်သာခိုက်၊ လုံ့လစိုက်၊ အမိုက်ခွါသုံ့သည်။

တရားသား။ ဒီနေ့ညမှာ နိဗ္ဗာန် မရနိုင်တဲ့ အဝိဇ္ဇာငါးချက် ရှိတယ်လို့မှတ်ရမယ်၊ နိဗ္ဗာန်မမြင်နိုင်အောင်မရ နိုင်အောင် ဖုံးအုပ်နေတဲ့ အဝိဇ္ဇာငါးချက်ဘဲ၊ ဝိဇ္ဇာဉာဏ်ပေါ်မှာ ဒီအဝိဇ္ဇာငါးချက် ဖုံးအုပ်နေတော့"ဝိဇ္ဇာဉဒပါဒိ" မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဒါ ဒီငါးချက် လက်သယ် တရားခံတွေလို့ မှတ်ကြ၊ ဒီငါးချက်ကို ဘုန်းကြီးက ဖွင့်ပေးလိုက်ရင် "ဝိဇ္ဇာ ဉဒပါဒိ" ဖြစ်လာမယ်။

ရှေးတုန်းကဆိုရင် ဒီငါးချက် မဖွင့်နိုင်ဘဲ သေကြ ကြကြ ပျက်စီး သွားကြရတယ်၊ ဒကာတို့မှာမှ အင်မတန် ကံထိုက်လို့ အခုလို အခွင့်ကောင်းကြုံကြိုက်တယ်လို့ အောက်မေ့ကြ၊ စဉ်းစားကြည့်ရင် အထက်က ဘိုးဘွားမိဘတွေဟာ အမျှားအားဖြင့် အင်မတန် ကံဆိုးရွာကြတယ်၊ လမ်းမှန်ပြနိုင်တဲ့ ဆရာကောင်းနဲ့ တွေ့တဲ့သူကရှားပါတယ်၊ ဒီတော့,ရတုန်းရခါမို့ ကြိုးစားယူကြ လို့ ပြောလိုက်ပါတယ်။

အခုပြောမဲ့ အဝိဇ္ဇာ ငါးထပ် အဓိပ္ပါယ်ဟာ သုတ္တန်ပါတ် ပါဠိတော် ပဋိသမ္ဘိဒါမဂ် ပါဠိတော်တို့မှာ လာတဲ့ အဓိပ္ပါယ် လို့မှတ်ကြ၊ဒါကြောင့်, ဒီအဓိပ္ပါယ်ကို လေးလေးစားစားအရေး ထားပီး မှတ်ယူကြရမယ်။

တရားအားထုတ်တဲ့အခါ အဝိဇ္ဇာအဖုံးကိုဖွင့်ပီးမှ အားထုတ် တာက ဉာဏ်ပေါ်လွယ်တယ်၊ တရားရလွယ်တယ်၊ ဒါကြောင့် အုပ်နေတဲ့ အဖုံးငါးထပ်ကို ဖွင့်လှန်ပစ်ရမယ်၊ မဖွင့်ဘဲအားထုတ် နေရင် ဉာဏ်ပေါ်ဘို့ မလွယ်ကူဘူး။

မဂ်ဉာဏ် ဝိဇ္ဇာပေါ်မှာ အုပ်နေတဲ့ အဝိဇ္ဇာ ငါးခု၊ ဒီ ငါးခု အုပ်ရက်နဲ့ အားထုတ်ရင် ခက်နေလိမ့်မယ်၊ ဒကာတို့ကိုယ်တိုင်က အုပ်မှန်း မသိကြရင်ဖြင့် ဖွင့်လိုတဲ့စိတ် မလာနိုင်တော့ဘူးပေါ့၊ ဒီတော့ ဘယ်လို အုပ်နေတယ်ဆိုဒါ ပဌမ ပြောရမယ်၊ ဒကာ, ဒကာမတို့က ကိုယ်မှာ အုပ်နေဒါ အုပ်မှန်း မသိရှာကြဘူး။

မဂ်ဉာဏ်ဆိုဒါ ဝိဇ္ဇာ၊ မဂ်ဉာဏ် ဖုံးအုပ်ထားဒါ ငါးချက်၊ ဒီငါးချက်က အဝိဇ္ဇာငါးချက်၊ ပဉ္စဉ်သွားရင် နိဗ္ဗာန်ဆိုတဲ့အလင်း ကြီးကို ကိုယ်တိုင် မြင်ရလိမ့်မယ်၊ "အညာသိ ဝတ ဘော ကောဏ္ဍညော" ဆိုဒါ "အဖုံးငါးချက် ပဉ္စဉ်သွားပြီ၊ ကိုယ်တိုင် ဒိဋ္ဌ သိသွားပြီ"လို့ ဆိုဒါဘဲ။

ရှေးကဆိုရင် ဒီလိုမေးပီး ဒီလိုနေ ဒီလို သေခဲ့ရဒါချည့်ဘဲ၊ နောက်တခါလဲ ဒီငါးချက် အုပ်ပီး လာဒါဘဲ၊ ဒီတော့ ဒကာတို့ တတွေ မျောင်ထဲမှေး မျောင်ထဲမှာနေပီး မျောင်ထဲမှာဘဲသေခဲ့ရ တဲ့ဘဝချည့်ပါဘဲ၊ အဲဒါ တီကောင်သွား, သွားခဲ့ ရဒါပါ၊ တီကောင်များ သွားတဲ့အခါ ချောက်မှန်းမသိ၊ ကမ်းမှန်းမသိ

သွားမိသွားရာသွား၊ စားမိစားရာစား၊ သူ့ကိုစားမဲ့ ကြက်တို့ ပုတ်သင်တို့ဆိုတဲ့ အကောင်တွေက စောင့်နေကြတယ်၊စောင့်နေ မှန်းသိတော့ ရန်သူဘက် ရမ်းသွား၊ ရမ်းသွားတော့ ရမ်းစား လိုက်ကြဒါပေါ့။

ကိုယ် ကိုယ်ကိုမှ သနားရမှန်း မသိတတ်တဲ့ ဘဝမျိုးတွေ၊ ဒီလိုအဖြစ်မျိုးမျးနောက်ထပ်ရောက်ချင်သေးသလား?မသိရင် လူ့တိရစ္ဆာန်ဘဲ့ဆိုထိုက်,မဆိုထိုက် "ဒို့သိဒါ ဘာမှ မဟုတ်သေး ဘူး" ဆိုမီး ပြင်းပြင်း ထန်ထန် စိတ်ထားကြ၊ ကိုယ် ကိုယ်ကို သနားရင်ဖြင့် ကြိုးစားပီး တရားနာ၊ ကြိုးစားမှတ်၊ ကြိုးစား အားထုတ်ကြ၊ ဘုန်းကြီးတို့က သနားလို့ဟောပြနေဒါ၊ ကိုယ် ကိုယ်ကိုမှ မသနားရင်ဖြင့် မကြိုးစားဘူးဘဲ။

မကြိုးစားတော့ မသိ၊ မသိတော့ မှောင်ထဲမှေး ဇမှောင်ထဲ သေကြဘို့ဘဲရှိတယ်၊ အပါယ်လေးပါးထဲမှေး အပါယ်လေးပါး ထဲသေ၊ တိရစ္ဆာန်ဘဝနဲ့နေ ကိရစ္ဆာန် ဘဝနဲ့သေ၊ ဒီလိုချည့် ဖြစ်နေကြတယ်၊ နှိုင်ရာစား လောကထဲမှာချည့်ဘဲ ကိုယ်ဖြစ်ဧည့် ကိုယ်မသိကြဘူး၊ မသိကြလို့သာ ပျော်နေနိုင်ကြဒါဘဲ၊ပေါ့ပေါ့ ကလေးမျး မမှတ်လိုက်ကြနဲ့၊ အင်မတန်ကြီးလှတဲ့ အရေးမို့ သတိ ခဏ,ခဏ ပေးနေရဒါပါ။

ဒီ အနေဆိုး အသေဆိုးက လွတ်အောင်ဟာ ကြိုးစားအား ထုတ်လိုက်ကြ၊ တကယ်ကြိုးစားရင် မကြာပါဘူး၊ ပဋ္ဌမမဂ်ရလို့ သောတာပန် ဆိုရင်ဘဲ "စတူဟာပါယေဟိစ ဝိပ္ပမုတ္တောဝ" တဲ့၊ အပါယ်သံသရာက ကျွတ်လွတ်ခွင့်ကို ရပြီ၊ အပါယ်လေးပါး ဘယ်တော့မှ မသွားနိုင်တော့ဘူး၊ ဒါကို ကြိုးကြိုး စားစား မှတ်ထားကြ၊ ဒီမဂ်ရမှ အပါယ်ကလွတ်မှာ မရရင်ဘယ်နှည်းနဲ့မှ မလွတ်နိုင်ဘူး၊ ရှင်းကြပလား?။

ဒကာ, ဒကာမတို့ ဝိဇ္ဇာ ဉာဏ်ကလေးပေါ်မှာ အဝိဇ္ဇာက ငါးထပ်ထောင် အုပ်နေဒါ "ဝိဇ္ဇာဉာဏ်" ပေါ်မှ သက်သာရာ ရကြမယ်၊ ဝိဇ္ဇာဉာဏ်မပေါ်သမျှ အပါယ်ဒုက္ခက မလွတ်နိုင်ဘူး၊ ဒါကြောင့်, အုပ်နေတဲ့ အဝိဇ္ဇာ ငါးခုကို ခွါပစ်ရမယ်၊ ချောက် ဟောနေတယ်များ မမှတ်လိုက်ကြနဲ့၊ ချောက်နေဒါမဟုတ်ဘူး ဒကာ,ဒကာမတို့ ဖြစ်စဉ်ကိုက်အတိုင်း ပြောနေဒါ၊ ဒီဖြစ်စဉ်က အလွန်ကို အရုပ်ဆိုးနေပါကလား လို့ ကိုယ် ကိုယ်ကိုပြန်ပြောကြ ဆုံးမကြ၊ ဘုန်းကြီးက အပြောကောင်းလို့ များ မထင်ကြနဲ့၊ အပြောကောင်းဒါ မဟုတ်ပါဘူး၊ ဒကာ,ဒကာမတို့ဖြစ်စဉ်ကိုက အရုပ်ဆိုးလွန်းလို့ ဆိုဒါ မှတ်ကြ။

အဝိဇ္ဇာ ငါးထပ်အုပ်တဲ့ အကြောင်းကို အရှင် သာရိပုတ္တရာ မထေရ်က ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ " အန္ဓ ဘူတော လောကသန္ဓိဝါသော " လို့ ဟောတော်မူတယ်၊ အဓိပ္ပါယ်က လူများအပေါင်းဟာ အဝိဇ္ဇာဥဒ္ဓံငါးထပ် အုပ်နေတဲ့ အတွက် အမိုက်အတိ အကန်းအတိ ဖြစ်ချေ၏ လို့ ဆိုလိုတယ်။

ဘုရားရှင်ကလဲ သုတ္တန်ပါတ် ပါဠိတော် ဒုယတာနုပဿနာ သုတ်မှာ....

" ဇာတိ မရဏ သံသာရံ၊ ယေ ဝေဒန္တိ ပုနပ္ပုနံ၊
ဣတ္ထဘာဝဉ ညတာဘာဝံ၊ အဝိဇ္ဇာယေစသာဂတိ " လို့
အဝိဇ္ဇာငါးထပ် အုပ်တဲ့အကြောင်း ဟောတော်မူတယ်။

အဓိပ္ပါယ်ကတော့....

အကြင် လူနတ်ဗြဟ္မာ သတ္တဝါတွေသည် ဒီဘဝမှာဖြစ် တခြား သောဘဝမှာ ဖြစ်ရခြင်း ဟူသော ပဋိသန္ဓေနေ သေရခြင်းပါ

သံသရာတခွင်၌ ဖန်ဖန်မပြတ် ထပ်ခါထပ်ခါဖြစ်ကြရပါ၏၊ ဝါ၊ ဖြစ်ပျက်မစဲ သံသရာဝဲသို့ ထပ်တလဲလဲသာ အဖန်ဖန် သွားလာကြရကုန်၏၊ ထို့ကဲ့သို့ ဒီဘဝ ဟိုဘဝ ဖြစ်ရခြင်းဟူသည်၊ ၀ါ၊ ဖြစ်ပျက်သံသာ ဖန်ခါမစဲ ဇလုပ်ဝဲတွင် ထပ်တလဲလဲသာ ဖြစ်နေခြင်းကား အမှောင်ငါးခု အဝိဇ္ဇာထူကြီးကြောင့်သာဖြစ်ရပါပေသတည်း၊ ဝါ၊ အဝိဇ္ဇာမှောင်ထု အဖုံးငါးခုကြောင့်သာ ဖြစ်ရပါ၏ပေ၏။

အဝိဇ္ဇာငါးထပ်ဆိုဒါက....

(၁) ကံ, ကံ၏ အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတာဉာဏ်ကို အုပ်တဲ့ အဝိဇ္ဇာ။

(၂) နာမ် ရုပ်ကို သိတဲ့ နာမရူပ ပရိစ္ဆေဒ ဉာဏ်ကို အုပ်တဲ့ အဝိဇ္ဇာ။

(၃) ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုး သိတဲ့ ဉာဏ်ကို အုပ်တဲ့ အဝိဇ္ဇာ။

(၄) ရုပ် နာမ် ဖြစ်ပျက် လက္ခဏာ အချက် သိတဲ့ ဉာဏ်ကို အုပ်တဲ့ အဝိဇ္ဇာ။

(၅) မဂ်ဉာဏ်၊ ဝါ၊ သစ္စာသိတဲ့ဉာဏ်ကိုအုပ်တဲ့အဝိဇ္ဇာ ဒီငါးထပ်ကို ပဌမအကျဉ်းချုပ် မှတ်ထားရမယ်။

(၁) ကမ္မဿကတာဉာဏ်အဝိဇ္ဇာ ၁-အချက်ကို ပဌမပြောရမယ် ကောင်းဒါလုပ်ရင်ကောင်းကျိုးပေးတယ် မကောင်းဒါလုပ်ရင်မကောင်းကျိုးပေးတယ်လို့ အမှန် အကန် သိရင် ကမ္မဿကတာဉာဏ်၊

ကမ္မဿကတာဥဉာဏ်ဆိုဒါ ကံ,ကံ၏အကျိုးကို ယုံကြည်တဲ့ဥဉာဏ်ဘဲ၊ ထာဝရက ဖန်ဆင်းထားဒါ၊ နတ်တွေက ဖန်ဆင်းထားဒါ၊ ကောင်းဒါလုပ်လဲ ကောင်းကျိုးမရ၊ မကောင်းဒါ လုပ်ရင်လဲ မကောင်းကျိုးမရှိ စတဲ့ အယူဝါဒတွေဟာ အဝိဇ္ဇာဖုံးနေလို့ဘဲ ဒီလိုယူတဲ့ လူများဟာ ကမ္မဿကတာဥဉာဏ် အမြင်မရှိတော့ဘူး၊ သူများ ဖန်ဆင်းဒါလို့ ယူရင် ပဋ္ဌမ ၁-နံပါတ် အဝိဇ္ဇာဘဲ၊ ကမ္မဿကတာဥဉာဏ် အမြင်ကန်းဘီ၊ ကံ, ကံ၏ အကျိုးကို မယုံကြည်တော့ဘူးလို့ ဆိုလိုတယ်။

ဒို့ဒကာတွေမှာတော့ မိဘ ရိုးရာနဲ့ ဒီဥဉာဏ်ရကြတယ်၊ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေမှာ ကံ,ကံ၏ အကျိုးကို အများအားဖြင့် ယုံကြည်ကြတယ်၊ ဒီတော့ ဗုဒ္ဓဘာသာဝင်ဒကာတို့မှာ လေးချက်အုပ်တယ်လို့ ဆိုရမယ်၊အခြားဘာသာဝင်တွေမှာတော့ ငါးချက်လုံး အုပ်နေကြတယ်၊ ဒီ့ပြင် ဘာသာဝင်တွေမှာ ဒီ တစ်အဝိဇ္ဇာကစပီး ဖုံးအုပ်နေကြတယ်၊ ကံ,ကံ၏ အကျိုးကိုမှ မယုံကြည်နိုင်တဲ့ အဝိဇ္ဇာဘဲ။

ဒကာတို့တတွေမှာတော့ မိဘရိုးရာနဲ့ ကထပ်ကဲပီ လေးထပ်အတက်ကလိုသေးတယ်၊ ဒကာတို့အမေတွေ,အဘေတွေ,ဘိုးတွေဘဉားတွေနဲ့ အထက် အထက်က ဆွေမျိုးတွေဟာ လေးထပ်အုပ်ပီး သေကြရဒါချည့် များကြတယ်၊ ဒီတော့- ဒို့ အင်မတန် ကံကောင်းပါလားအောက်မေ့ပီး ကြိုးစားယူကြ၊ဒီတရားမျိုးနာရဒါ တော်,တော်သေးတယ်လို့ ရင်,မကြ၊ အသေမစောလို့ မသေသေးလို့ အခိုက်သင့်လို့ ကြားရနာရတယ်လို့မှတ်ကြ။

ဒါကြောင့်, ညွှန်ပြတဲ့ဆရာနဲ့ တွေ့တဲ့ အခါ နည်းလမ်းရခိုက်မှာ ကြိုးစားလိုက်ကြ၊ မကြိုးစားရင် ကိုယ်ကျိုးမက သံသရာကျိုးပါ နဲကြမယ်ဆိုဒါ ဆုံးဖြတ်ချက်ချ၊ ဒါအရေးကြီးလွန်းလို့ ဆရာကောင်း သမားကောင်းကို ရှာကြ၊ ဆရာကောင်း ရှာဘို့ ဘုရားရှင်က အကြိမ် ၄၄-ကြိမ် တိုင်တိုင် မှာတော် မူခဲ့တယ်၊ "ယထာဘူတံ ဉာဏာဲယ သတ္ထာ ပရိယေသိ တဗ္ဗော" တဲ့၊ဒီတော့ ဒို့ဒကာတွေအဘို့ ဆရာကောင်း ကုံကြိုက်တုန်းမှာ ကြိုးစားဘို့ မသင့်ပါလား?၊ "ခွင့်သာခိုက်မှာ မလိုက်ချင်လျှင်အမိုက် ဒီအပြင် မရှိတော့ဘူး" ဆိုထိုက် မဆိုထိုက်။

(၂) နာမ်ရုပ် ဉာဏ် အဝိဇ္ဇာ နာမ် ရုပ် ဉာဏ် အုပ်နေတဲ့ ၂ - အဝိဇ္ဇာကို နာမ ရူပ ပရိစ္ဆေဒ ဉာဏ်နဲ့ ခွါရမယ်၊ နာမ်ရုပ်သိတဲ့ ဉာဏ်ရဘို့က ဒကာတို့ ခန္ဓာကိုယ်မှာ နာမ်နဲ့ ရုပ်ဘဲ ရှိတယ်၊ ခန္ဓာမှာ နာမ်နဲ့ ရုပ်ကလွဲရင် ဒီပြင် ဘာမှ မရှိဘူး၊ ဒါ ပဋမ သိထားဘို့ဘဲ၊ အကျဉ်းချုပ်လွယ်လွယ် သိထားဘို့ရာက ထိုင်ချင်ဒါက နာမ်၊ ထိုင်ဒါက ရုပ်၊ ထချင်ဒါကနာမ်၊ ထဒါကရုပ်၊ ရပ်ချင်ဒါကနာမ်၊ ရပ်တာကရုပ်၊ သွားချင်ဒါက နာမ်၊ သွားဒါက ရုပ်၊ စသည်ဖြင့် သိကြ ရမယ်။

အမှန်ရှိဒါက ဒီနှစ်ခုဘဲ၊ ဒါအပြင် ဘာမှ မရှိဘူး၊ မိန်းမယောကျ်ား ပုဂ္ဂိုလ် သတ္တဝါဆိုဒါ တကယ်မရှိပါဘူး၊ ခန္ဓာမှာ တကယ်အရှိက နာမ်နဲ့ ရုပ် နှစ်ခုဘဲ၊ အမှန်အရှိမို့ အမှန်သိဘို့ရာ ဉာဏ်ထွက်အောင် ကြိုးစားကြ၊ စားချင်ဒါကနာမ်၊ စားဒါရုပ်၊ လှုပ်ချင်ဒါက နာမ် လှုပ်ရှားဒါက ရုပ်၊ လှုပ်တယ်လို့ သိဒါ နာမ် စသည်ဖြင့် ဉာဏ်ခွါရမယ်။

အေးစက်စက်မျှား လုပ်မနေကြနဲ့ "နောက်တော့မှလုပ်မယ် ဖြေးဖြေးတော့ လုပ်ရအုံးမယ်" နဲ့ အေးစက်စက် လုပ်နေရင် တီကောင်သွေးဘဲကြုံရမယ်၊ လမ်းဆုံးမမြင်တော့ဘူး၊ဥခွံကြီးကွဲပီး အရွှေးပျော်,ပျော်ကြ၊ တရား မနာချင်, တရား မလုပ်ချင်နဲ့ မာန်ထောင် နေကြ၊ ဘယ်တော့မှ အေးကွက် မမြင်တော့ဘူး လို့မှတ်။

ဘုရားရှင်မို့ ကရုဏာတော် ကြီးရှာလွန်းလို့ ဒကာတို့ကို သနားလွန်းလို့ ချောက်တလွဲ မြောက်တလွဲနဲ့ ဟောခဲ့ရှာဒါ ဒါကြောင့်, ဘုရားရှင်ကျေးဇူးတော်တွေကို ထောက်ဘို့သင့်တယ် ကျေးဇူးတော်ရင် ဘုရားရှင် မျက်နှာတော်ကိုထောက်ထားတာ ဖြင့် "မလုပ်မဖြစ် လုပ်မှဘဲ" လို့ ဆုံးဖြတ်ချက်ချကြ၊ သဘောပါ ကြရဲ့လား?။

ဒီ နာမ်နဲ့ ရုပ်ကို ခွဲခြားပီးသိရင် ဒုတိယအဝိဇ္ဇာ ကွာဘီလို့ မှတ်၊ နာမ်ရုပ်သိရင် နာမ်ရုပ် ဥာဏ်ပွင့်သွားဘီ၊ နာမ်ရုပ်ဥာဏ် ဘယ်လောက် အဖိုးတန်တုံး မေးစရာ ရှိဘယ် နာမ်ရုပ် သိဒါ မဂ်ဥာဏ်သိဘို့ဘဲ နှယ်နှယ်ရရ မမှတ်ကြနဲ့ ရှေးက နေခဲ့ထိုင်ခဲ့ ဒါတွေဟာ ကိုယ်ကျိုးနဲ့ရုံတင်မကဘူး သံသရာကျိုးနဲ့ဒါဘဲ အခု နေအခါ အရတော်ပါလားဆိုပီး ကြိုးစားယူကြ။

နာမ်ရုပ် သိရင် နှစ်ထပ်ကွာဘီ နှစ်ထပ်ကွာရုံနဲ့ မဖြစ်သေး ဘူး သုံးထပ် ကျနနေသေးတယ် မသေပျောသေးဘူး ရှေးက ဥထဲမှာဘဲ သေခဲ့ကြရတယ် ဒီနေ့တော့ "ဥထဲက ထွက်နိုင်အောင် ကြိုးစားလိုက်မယ်" လို့ ဆုံးဖြတ်ချက်ချ ကိုယ့်အဖြစ်ဆိုး, သံသရာ အဖြစ်ဆိုးကြီးကကို မလွှတ် နိုင်ခဲ့ကြပါဘူး ပေါ်ကြပလား?။

တူတူပုန်းဒါက ပျော်အောင် ပုန်းကြဒါပါ၊ ဒကာတို့တွေ ဘုရားအဆူဆူတော့ လွတ်အောင်ပုန်းလာနိုင်ခဲ့ကြတယ်၊ အိုဘေး နာဘေး သေဘေးဆိုတဲ့ ဘေးဆိုး၊ သံသရာ ဘေးဆိုးကြီးတွေကို တော့ လွတ်အောင် မပုန်းနိုင်ကြပါဘူး၊ သံသရာဘေးက လွတ်အောင်ပုန်းနိုင်ရင် ပျော်စရာဘဲ၊ အို, နာ, သေ, ဆိုတဲ့ ဘေးတွေ ဟာ အခု သံသရာမှာလဲ တွေ့ကြုံဆဲ၊ ရှေ့ သံသရာမှာလဲ တွေ့ကြအုံးမှာဘဲ၊ ဒီအဖြစ်ထက် ဆိုးဘို့သာ ရှိတယ်၊ သက်သာခွင့်တော့ မမြော်လင့်နဲ့တော့ မရှိဘူးမှတ်ပါ။

ဘုရားရှင်က ဒီအဖြစ်ဆိုးတွေသိတော့ သနားလွန်းလို့၊ ကရဏာတော် ကြီးရှာလွန်းလို့ ကိုယ်တော် စိတ်တော် အနစ်နာအမျိုးမျိုးခံပြီး ကျင့်ကြံတော်မူခဲ့ရတယ်၊ ဒီသတ္တဝါတွေရဲ့ဒုက္ခကဘယ်လို ကယ်တင်ရပါ့မလဲဆိုပီး အပန်းတကြီး ခဲခဲယဉ်းယဉ်းနဲ့ ကယ်တင်တော် မူရှာတယ်၊ ဒီကြားထဲက မလိုက်နာချင်ရင် ဥဒ္ဓံကြိုက်နေသေးရင် ကိုယ့်အဖြစ်ဟာ ဘယ်လောက် ဆိုးနေတယ် ဆိုဒါ မှန်ထောင်ပီး ကြည့်ကြ၊ မှန်ထောင်ကြည့်ရင် အမှန်ကို သိရလိမ့်မယ်။

ဘုရားက ကရဏာတော် ကြီးရှာလွန်းလို့ အပင်ပန်း ခံပီး ကယ်ချတ်ပေမဲ့ ဗကဇြဟ္မာကြီးတို့မျှား တင်းခံနေလိုက်သေးတယ် သူကတောင် ပြန်ပီးတရားဟောလိုက်သေးတယ်၊ နောက်, ဘုရား ကရဏာတော်ယုံကြည်တော့မှ မာန်ကျပီး အကျတ်တရားရသွား ရှာတယ်၊ ဒို့ဒကာတွေ ဒီထက်မျှား ဆိုးနေ ကြအုံးမှာလား?၊ ဆိုးနေလဲ မဖွင့်ဘဲ ထားလိုက်ရုံပါဘဲ၊ ဥဒ္ဓံမှ ကြိုက်နေသေးရင် ဘုန်းကြီးက လက်ရှောင့်ရမှာဘဲ။

အနန္တငါးပါး ဂုဏ်ကျေးဇူးကို ကြပ်ကြပ် နှလုံး သွင်းကြ၊ အနန္တငါးပါးကျေးဇူး ဘယ်လောက်ကြီးတယ်ဆိုဒါ ပေါ်ကြမယ်၊ အခု ဒို့ဒကာတွေ့ မိဘရိုးရာနဲ့ အဝိဇ္ဇာတထပ် အလိုလိုက္ခာဘီ၊ အဲဒါ "မာတာပိတုဂုဏော အနန္တော" ဆိုဒါဘဲ၊ အခု တရားနာကို့ ဒုတိယ အဝိဇ္ဇာ တထပ် က္ခာဘီ၊ အဲဒါ " အာစရိယဂုဏော အနန္တော " ဆိုဒါပေါ့။

ရှေးက ဆိုရင် ဒကာတို့ဟာ ကိုယ်အန္တရာယ် ကင်းချင်လို့ ရွတ်နေကြဒါ၊ ရမ်းပီးရွတ်နေကြဒါပါ၊ ဘာဆိုလိုတယ်လို့ မသိကြဘူး၊ ဒကာတို့ဖြစ်စဉ်ကတော့ ပြောလို့တောင် မကောင်းနိုင်ဘူး၊ ကိုယ်အန္တရာယ်ကင်းဘို့ရာ ဟေတုပစ္စယော ဝင်းခတ်ကြ၊ အဲဒါ အတော်ဆိုးနေဒါ၊ ဟေတုပစ္စယော စည်းချကြ၊ အတော် ဂွကျကုန်ဒါပေါ့၊ တရားဂုဏ်တော်မို့ ပူဇော်ရမှာ, ထိပ်ပေါ်တင် ထားရမှာ ဝင်းခတ်နေတယ်၊ မိဘ ရိုးရာမို့ပါဘဲ၊ အဲ .... မိဘ ရိုးရာဆိုရင် သွားပြီ၊ ကိုယ့်ရာတန်ကို ဆယ်တန်လုပ်ပီး သုံးဒါနဲ့ တူတယ်၊ ကိုယ့်အဖြစ် ဘယ်လောက် ဆိုးဒါကို မြင်ကြပလား?၊ မြင်ရင် အခုကစပီး ပြင်ကြ။

မာတာပိတုဂုဏောကြောင့် အဝိဇ္ဇာ တထပ်က္ခာခဲ့ဘီ၊ အာစရိယဂုဏောကြောင့် အခု အဝိဇ္ဇာတထပ် က္ခာသွားပြီ၊ အနန္တော အနန္တနှစ်ပါးကြောင့် နှစ်ထပ်က္ခာဒါ၊ အာစရိယဂုဏောကြောင့် နောက်ဆုံးအထပ်လဲ က္ခာရမယ်၊ မထဲ့ရင် မက္ခာဘူး၊ ဒီ-အနန္တ ငါးပါးလုံးဟာ နောက်ဆုံး ဘုရားရှင်က ပြောပြလို့ သိရဒါ၊ ဒါကြောင့်လဲ ဘုရားပဲ့ရဒါ၊ ဒီတော့ ဗုဒ္ဓဂုဏော အနန္တောထဲ အကုန်ဝင်သွားတယ် ရှင်းပလား?။

အနန္တငါးပါးတို့ဟောတုပစ္စယောတို့ကို ဝင်းမခတ်ကြနဲ့ တေ
ဓမ္မဂုဏောအနုန္နေဝမို့ ထိပ်ပေါ်တင် ကိုးကွယ်ရမှာ၊ ရှေးလူကြီ
များ ပြောဒါဆိုပီး စီစစ်မယူတတ်ကြဘူး၊ ဘာမဆို ကိုယ်ပိုင်
ဉာဏ်နဲ့ စီစစ်ယူတတ်ကြဘို့ အရေးကြီးတယ်၊ ငွေစက္ကူဆယ်တန်
ရာတန် စစ်မှစစ်ရဲ့လား လို့ စီစစ်သလို စီစစ်ပီးယူတတ်ကြပါစေ၊

(၃) ပဋိစ္စသမုပ္ပါဒ် အဝိဇ္ဇာ သုံးနံပါတ် ခွဲရမယ်၊ ပဋိစ္စ
သမုပ္ပါဒ် အကြောင်းအကျိုး
သိရင် သုံးနံပါတ် အဝိဇ္ဇာ ကွာဘီ၊ အာစရိယဂုဏော မပါရင်
သုံးနံပါတ် မကွာနိုင်ဘူး၊ ဒီတော့ ပထမအဝိဇ္ဇာရှိနေရင် သင်္ခါရ
ဖြစ်မှာဘဲလို့ သိရမယ်၊ အမှန် အရှိ ဖြစ်တဲ့ သစ္စာကို မသိမှု
အဝိဇ္ဇာရှိရင် မကောင်းတဲ့ အကုသိုလ်, ကောင်းတဲ့ကုသိုလ် စတဲ့
သင်္ခါရအမျိုးမျိုးကို ပြုလုပ်ရမှာဘဲ၊ အဝိဇ္ဇာရှိရင်သင်္ခါရဖြစ်မှာ
ဘဲလို့ ဆိုလိုတယ်၊ အဝိဇ္ဇာက-အကြောင်း၊ သင်္ခါရက-အကျိုး၊
အကြောင်းရှိလို့ အကျိုးရှိဒါ၊ အကြောင်းမရှိရင်အကျိုးမဖြစ်
ဘူး၊ အကြောင်းချုပ်ရင် အကျိုးချုပ်တယ်၊ အဝိဇ္ဇာ ချုပ်ရင်
သင်္ခါရ ချုပ်တယ်လို့ သိရမယ်၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းချုပ်
က ပဋိစ္စသမုပ္ပါဒ် အကျိုးချုပ်မယ်လို့ သိထားကြဘို့ပါဘဲ။

ဒီနေရာမှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့်
ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်,ရုပ်၊ နာမ်,ရုပ်ကြောင့် အာယ
တန ၆-ခု၊ အာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊
ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်

ကြောင့် ကမ္မဘဝ၊ ကမ္မဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ,ဥပါယာသ စသည်တို့ ဖြစ်ကြရတယ်။

အဝိဇ္ဇာချုပ်ရင် သင်္ခါရချုပ်၊ သင်္ခါရချုပ်တော့ ဝိညာဏ် နာမ်, ရုပ်, သဠာယတန စတဲ့ အကျိုးတရား အဆက်ဆက်တွေ ဟာ အကြောင်းချုပ်ရင် ချုပ်ကြဒါဘဲ၊ ဖြစ်မီး ပျက်သွားတဲ့ အချုပ်ရယ်၊ အကြောင်းချုပ်လို့ အကျိုး မဖြစ်ဘဲ ချုပ်တဲ့ အချုပ်ရယ် ဒါကိုသိရမယ်၊ အကြောင်းကြောင့်သာ အကျိုးဖြစ်တယ်၊ အကြောင်းမဖြစ်ရင် အကျိုးမဖြစ်၊ အဲဒါလို ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးကိုသိရင် တတိယ သုံးနံပါတ် အဝိဇ္ဇာကွာဘီလို့ မှတ်ကြ၊ ရှင်းကြပလား?။

ကိုင်း....ယနေ့ ဒီတွင် တော်ကြအုံးစို့။

ဓမ္မရတနာမာတိကာ

"အဝိဇ္ဇာဉာဏ်ကြိုက် အမိုက်တိုက် တရားတော်"

အဝိဇ္ဇာငါးထပ်

(၁) ကံ့ကံ၏ အကျိုးကို မသိတဲ့....အဝိဇ္ဇာ။
(၂) နာမ်, ရုပ်ကို မသိတဲ့....အဝိဇ္ဇာ။
(၃) ပဋိစ္စသမုပ္ပါဒ် ကြောင်း, ကျိုး မသိတဲ့....အဝိဇ္ဇာ။
(၄) ရုပ်,နာမ် ဖြစ်ပျက် မသိတဲ့... အဝိဇ္ဇာ။
(၅) မဂ်ဉာဏ် ဝါ၊ သစ္စာ မသိတဲ့....အဝိဇ္ဇာ။

ဆောင်ပုဒ်—

ဗုဒ္ဓုပ္ပါဒ၊ ဒုလ္လဘာ၊ ကြုံရခဲဘိတောင်း။
မြေကြီးထုဆိုင်၊ ဆယ် သုံးမိုင်၊ တက်နိုင်ကာလညောင်း။
တဆူတဆူ၊ ပွင့်တော်မူ၊ ဗိုလ်လူကြိုက်ကြုံကောင်း။
ဘဝတဏှာ၊ ချေဝံတိုင်းပါ၊ သံသာခွန်ရှည်ညောင်း။
စိတ်ချလက်ချ၊ ပေါ့တန်က၊ ဒုက္ခဂယက်အောင်း။
ကျင်ကြီးလောက်နှယ်၊ ကျင်ကြီးတွယ်၊ ဘယ်ဝယ်
မကြိုက်ကောင်း။
အဘအဝိဇ္ဇာ၊ မိ-တဏှာ၊ သတ်ပါသေပျောက်ကြောင်း။
ခွင့်သာခိုက်မှာ၊ မလိုက်နာ၊ မိုက်စွာလူ့ဗျူးတောင်း။

တရားသား။ ဒီကနေ့မှာ မနေ့ကတရားကိုဆက်ရမယ်၊ အဝိဇ္ဇာ
မျောင်ထု ငါးထပ်၊ အဲဒီ အဝိဇ္ဇာအုပ်နေသမျှမှာ
ဝိဇ္ဇာဉာဏ် မဖြစ်နိုင်ဘူး၊ နိဗ္ဗာန်မရဒါဝိဇ္ဇာမဖြစ်လို့ဘဲ၊ ဝိဇ္ဇာ
မဖြစ်နိုင်အောင် အဝိဇ္ဇာက ငါးထပ်တောင် အုပ်ထားတယ်။

ဘဝသံသရာ တရွောက်မှာ အဝိဇ္ဇာ ဥဒ္ဓံထဲက ဘယ်အခါမှ မထွက်နိုင်ခဲ့ဘူး၊ ဥဒ္ဓံ မကွာလို့လဲ ဝိဇ္ဇာဥာဏ် မပေါ်နိုင်ခဲ့ဘူး၊ ဥဒ္ဓံမကွာလို့ ဥဒ္ဓံခွါနိုင်တဲ့ ဘုရားရှင်တို့ကလဲ မြေကြီးထုအထက်ကို ဆယ်သုံးမိုင်လောက်တက်မှ ဘုရားတဆူတဆူ ပွင့်တော်မူနိုင်ကြဒါ၊ ဗုဒ္ဓပွါဒဘာဝ ဒုလ္လဘတရားကြီးနဲ့ အင်မတန် ကံထိုက်လို့ အခုနေ ကြုံကြိုက်ကြရဘီ။

မနုဿတ္တဘာဝ ဒုလ္လဘကိုလဲ ရနေကြ၊ သဒ္ဓါသမ္မတ္တိဘာဝ ဒုလ္လဘနဲ့လဲပြည့်စုံကြ၊ နောက်ပီး သဒ္ဓမ္မဿဝန အတိဒုလ္လဘဆိုတဲ့ တကဲ့ဒုလ္လဘကြီးကို အခုရနေကြဘီ၊ ဘာမှမလိုတော့ဘူး၊ ဒီဘဝမှာ ဒီဆရာနဲ့ ဒီဒကာ ဒကာမတွေ တွေ့ကြုံကြရတော့ ၁-၂-၃ ဆိုတဲ့ အဝိဇ္ဇာသုံးထပ်ကို ဆရာက ခွါပေးလို့ရတယ်၊ဆရာကလို့ သုံးထပ်ကွာသွားပြီ၊ ကျန်တဲ့ ၄-နဲ့ ၅-ကိုတော့ ဆရာက ခွါပေးလို့မရဘူး၊ ကိုယ်တိုင် အားထုတ်ယူမှ ရကြမယ်၊ "အားထုတ်ဘို့ကိုယ့်တာဝန်ဘဲ"လို့ ဆုံးဖြတ်လိုက်ကြ၊သဘောပါကြရဲ့လား?။

ဒီအနေလောက်နဲ့ စိတ်မချရသေးဘူး၊ ကိုယ့်အနေက အနာရထားတဲ့ ခန္ဓာဖြစ်တော့ သေဘက်ချည့် သွားနေဒါ၊ "ကိုယ့်အနေနဲ့ ကိုယ် တော်လောက်ပါဘီ"လို့ ထင်ဒါဟာ တဏှာကပြောနေဒါ၊ ကိုယ့်အနေနဲ့ ကိုယ်ကျေနပ်နေဒါ ဘဝတဏှာကချော့ထားလို့ ပျော်ပိုက်နေဒါပါ၊ အဝိဇ္ဇာနဲ့ တဏှာက ဒကာတို့ကို တော်ရာချောင် ထိုးထားချင်လို့ ပြောနေဒါမှတ်ကြ။

အခုနေမှာ သေသွားရင် နောက်ဘဝ ငါးထပ်လုံး ပြန်အုပ်မယ်၊ကိုယ့်အခြေအနေနဲ့ ကိုယ့်အမြင်ဟာဘာမှမဟုတ်သေးဘူး ဆိုဒါသတိပြုကြ၊ အေးစက်စက်များး မနေလိုက်ကြနဲ့၊ စိတ်ချလက်ချ မနေလိုက်ကြပါနဲ့၊ အိပ်ချင်ဒါက အနာတမျိုး၊စားချင်

ဒါက အနာတမျိုး၊ တနေ့လုံး စိတ်ချလက်ချ နေချင်လို့ မရပါဘူး၊ ကျင်ကြီးကျင်ငယ်စွန့်ရဒါလဲဒုက္ခ၊ ဆာလောင်မွတ်သိပ်တာကလဲဒုက္ခ၊ အနာတွေချည့်ဘဲ၊ အနာကငန်းမန်းထလို့ အေးအေးမနေကြရဒါ။အနာခန္ဓာရထားတော့ ဘယ်အခါမှမအေးပါဘူး။

ကိုယ့်အနေနဲ့တော်လောက်ပီလို့ စိတ်ချမနေကြနဲ့ အိုဘေးနာဘေး ယောဘေးက အမြဲကပ်ရက် ချပ်ရက်ပါပြီး ဖြစ်နေဒါ၊ ပျော်ပီး နေနိုင်ဒါဟာ ဘဝတဏှာက လှဲ့စားလို့ဘဲ၊ ဘယ်သူ ဘယ်လောက် ချမ်းသာတယ်ဆိုဒါ ဘဝတဏှာက ပြောနေဒါ၊ "ကျုပ်တို့ဖြင့် မရှိမရှားဆိုရင် တော်လောက်ပါပီ" ဆိုဒါလဲ ဘဝတဏှာ လက်ချက်ဘဲ၊ ရှဲ့ထဲ, ရေထဲ, တောထဲ, တောင်ထဲမှာ အဝတ်ကစုတ်ပြတ်လို့ ကျောကလဲနေပူ ခြေထောက်မှာရေစိုလို့ သီချင်းတကျော်ကျော် သီချင်းတအေးအေးနဲ့ ပျော်နေနိုင်ဒါဟာ ဘဝတဏှာက ချော့ထားလို့၊ ဘဝ တဏှာရဲ့ လက်ချက် ဘလောက်ဆိုးဝါးသလဲကျင်ကြီးထဲကလောက်ကျင်ကြီးထဲပျော်၊ အဲဒီ လောက်ကို ဒုတ်နဲ့ ကောက်ယူကြည့် ကျင်ကြီးထဲ ပြန်ခုန်ချမယ်။

ဘဝ တဏှာရဲ့ သဘောက ကောင်းဒါ ဆိုဒါ အပထား၊ ရောက်ရာဘဝ ရောက်ရာ ဌာနမှာ ပျော်စေတတ်တယ်၊ ဒါဟာ အပျော်ကောင်းမဟုတ်ဘူး ဘဝတဏှာကချော့နေဒါ၊ ချော့မှုန်းမသိ ပျော်နေကြရင် ရှာထုတ် သေချင်လို့ ပျော်နေဒါလို့မှတ် ကျင်ကြီးထဲက လောက်ဟာ ကျင်ကြီးထဲ ပျော်နေနိုင်ဒါ သူက ချော့ထားလို့ဘဲ ဘဝ တဏှာက ငိုပီး သေဒါ ကြည့်ချင်လို့ ရှာထုတ်သေဒါကြည့်ချင်လို့ သတ္တဝါတွေကို ချောက်တွန်းချင်လို့ ချယ်တွန်းနေဒါ။

ဘဝတဏှာက ရောက်ရာမှာပျော်ခိုင်းဒါ၊ ပရွက်ဆိတ်ကလေး သူ့တွင်းထဲက မောင်းထုတ်ကြည့်ပါ ရမလား? မရဘူး၊သူ့တွင်း သူပျော်နေဒါပါဘဲ၊ တခြို့တွေမျှား သစ်ပင်ပန်းပင်ကလေးတွေ စိုက်ပီး သစ်ပင်ကလေးတွေကြည့်ပီး ပျော်နေကြတယ်၊ ဥဒ္ဓံထဲက မထွက်သေးဘဲ ပျော်နေဒါကာ တဏှာက လွှဲစားလို့ဘဲ ဆိုဒါ မှတ်ကြ၊ ခဏခဏသေ ခဏခဏမဲ့ ခဏခဏမျက်ရည်ကျ ဖြစ်လေ ရာဘဝမှာ ဒါတွေချည့် ထပ်တလဲလဲဘဲ၊ အဝိဇ္ဇာက အာဘန့်တူတယ်၊ တဏှာက အမိန့်တူတယ်၊ ဒါကြောင့် ဘုရားက အမိန့်အာဘကို သေအောင်သတ်ရမယ်လို့ ဟောခဲ့ဒါ။

အရှင် သာရိပုတ္တရာက ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ "အန္ဓဘူတော လောက သန္ဓိဝါသော" လို့ ဟောတယ်၊ လောက သန္ဓိဝါသော၊ လောကနေသူ လူမျှားအပေါင်းသည် အန္ဓဘူတော အမိုက်အတိဖြစ်၍ နေစေ၏။ ဝါ၊ အဝိဇ္ဇာဥဒ္ဓံမှောင်ထဲမှာ အမိုက် အတိသာဖြစ်၏၊ အဲဒါသတ္တဝါတွေ ဥဒ္ဓံထဲက မထွက်ဘဲ သေရဒါကိုပြောဒါ၊အဝိဇ္ဇာဥဒ္ဓံထဲမှာထပ်တလဲလဲအမြဲပျော်ပိုက် နေကြတော့ မထွက်နိုင်ဘဲ ပုပ်ပုပ်မီး သေသွားကြရဒါပေါ့။

အဝိဇ္ဇာငါးထပ်က....

ကံ့ ကံ၏အကျိုးကို မသိတဲ့....အဝိဇ္ဇာကတမျိုး။
နာမ်,ရုပ် မသိတဲ့....အဝိဇ္ဇာကတမျိုး။
ပဋိစ္စသမုပ္ပါဒ် မသိတဲ့....အဝိဇ္ဇာကတမျိုး။
ရုပ်,နာမ် ဖြစ်ပျက် မသိတဲ့....အဝိဇ္ဇာကတမျိုး။
မဂ်,ဥာဏ်(သစ္စာ)မသိတဲ့....အဝိဇ္ဇာကတမျိုး။

အဲဒီအဝိဇ္ဇာငါးထပ်ကဒကာတို့ရဲ့ဝိဇ္ဇာဥာဏ်ပေါ်မှာအုပ်မိုး ဝိုင်းထားဒါ၊ ပုထုဇဉ်ဆိုတဲ့ဆိုင်းဘုတ်ကြီး မဆွဲချင်ဘဲ ဆွဲနေရတဲ့ အထဲမှာ အထပ်ငါးထပ်က အအုပ်ခံထားရသေးတယ်၊ ကောင်း ကြသေးရဲ့လား?၊ ဒါပေမဲ့ တခြား ဘာသာဝင်တွေနဲ့ စာရင် ကိုယ့်ဘဝဟာတော်,တော်သေးရဲ့လို့အောက်မေ့ရတော့တယ်။

ကံသာအမိ ကံသာအဘလို့ သိတဲ့ဥာဏ်ရကြလို့ တော်သေး ရဲ့ပေါ့၊ ဘာလိုချင်လိုချင် ကံပေးရင်ရတယ်၊ စကြာမင်းစည်းစိမ် လိုချင်ခဲ့ရင်လဲကံပေးမှရမယ်လို့သိတဲ့ဥာဏ်၊ကမ္မဿကတာဥာဏ် ဘဲ၊ ဒါကြောင့်ဗုဒ္ဓဘာသာမှာ တထပ်ကွာတယ်၊ တခြားဘာသာ မှာ ငါးထပ်လုံး အုပ်တယ်လို့ ပြောဒါ၊ ကံအမိ,ကံအဘ သိတဲ့ ဥာဏ်မရှိတဲ့ တခြား ဘာသာဝင်တွေ ဘယ်လောက် ဆိုးသလဲ?၊ သူတို့က ထာဝရဖနဆင်းမှ ရတယ်၊ နတ်ဖနဆင်းမှ ရတယ်လို့ ယုံကြည်ကြတယ်။

ဒါကြောင့်ဒိဋ္ဌိကာတွေဟာ အင်မတန်မှ ထူးခြားတဲ့ ပုဂ္ဂိုလ် တွေလို့ ဆိုရသေးတယ်၊ ကံကောင်းလို့ တော်,တော်သေးရဲ့လို့ ကံအပေါ်မှာ ယုံကြည်တဲ့ ဥာဏ်ကလေးက ပါလာတယ်၊ အခု တထပ်သာ ကွာသေးတော့ အဝိဇ္ဇာနဲ့ အဝေးကြီး ကျန်သေး တယ်၊ ရှေးက မိတ္တ,ဘတ္တ,ဘိုးတ္တ,ဘွားတ္တ သာသနာတွင်း ကြုံပေမဲ့ ဆရာကောင်း မကြုံကြရလို့ ဒီလေးထပ် အုပ်ရက်နဲ့ သေသွားကြရဒါ များတယ်၊ ရှေးက လူတွေဟာ အများဆုံး ဥထဲမွေးပီး ဥထဲသေကြရဒါပါဘဲ။

ဒါကြောင့် ဘုရားက အကြိမ်ပေါင်း ၄၄-ကြိမ် တိုင်တိုင် "ဟုတ်တိုင်းမှန်စွာ ဟောတတ်တဲ့ ဆရာကောင်းကို ရှာကြ" လို့

မှာတော်မူခဲ့ဒါပါဘဲ၊ ဒကာတို့မှာ သာသနာ့တွင်း မွေးဖွားလာလို့ တထပ်ကွာဘီ၊ ကျန်လေးထပ်ကွာဘို့ ဆရာကောင်းလိုတယ်၊ ဆရာကောင်း ကြုံကြိုက်တုန်းမှာ ကြိုးစားယူလိုက်ကြ၊ ရှင်းကြပလား?။

ရှေးက သာသနာကြုံပေမဲ့ ဆရာမကြုံဘဲ ကံကုန်ကြရတယ်၊ ဒကာတို့မှ ရှာလို့တွေ့ရဒါ၊ တွေ့တဲ့အခိုက် လက်မလွှတ်ကြစေနဲ့. ကိုယ့်အရေးက လေးချက်ကျန်သေးတယ်၊ဒီလေးချက်ကို ကိုယ့်ဉာဏ်နဲ့.ဖွင့်လို့မရဘူး၊ စာအုပ်ကြည့်ဖွင့်လို့လဲမရပါဘူး၊မလွယ်ဘူး "သေလိမ့်မယ်မျှားထင်ရင် ထွက်သက်ဝင်သက် အောင့်ထား မသေချင်နဲ့.အုံး၊ မိဘရိုးရာနဲ့. ဆရာသမား ဖွင့်ပေးလို့ ကမ္မဿကတာဉာဏ်လောက်နဲ့.ဖြင့် သေလို့ မဖြစ်သေးဘူး မသေကြနဲ့. အုံး" လို့ ပြောလိုက်ပါတယ်။

" ဝိဇ္ဇာဉဒပါဒိ " ဖြစ်မှ သေချာမယ်၊ ဝိဇ္ဇာဉဒပါဒိ ဖြစ်ရင် အပါယ်အတွက်စိတ်ချရဘီ၊ ဒီအခြေအနေနဲ့.စိတ်အေးလက်အေးနေလို့.မတော်သေးဘူးဆုံးဖြတ်ချက်ချ၊ တထပ်ကွာရုံနဲ့.နတ်ပြည်ရောက်ရင် နတ်ဇာတိဒုက္ခ၊ နောက်, တော်တော်နေ တဖြေးဖြေးရင့်လာ နတ်ဇရာဒုက္ခ၊ နောက်,သေပြန်တော့လဲ နတ်မရဏဒုက္ခ၊ နတ်ဖြစ်လဲ ဒုက္ခကစ ဒုက္ခ ဆုံးရဒါဘဲ၊ ငြဟ္မာဖြစ်လဲ ငြဟ္မာဇာတိ ငြဟ္မာမရဏ ငြဟ္မာမသာ ဒုက္ခသစ္စာသာရမယ်။

တထပ်ကွာရုံနဲ့. ဒုက္ခကမကင်းနိုင်သေးဘူး၊ ဒီ ကမ္မဿကတာဉာဏ်ဟာ ဘုရားမပွင့်တဲ့အချိန်မှာလဲ ရှိဒါဘဲ၊ ဒီတော့ ရုပ်နာမ်မသိသေးရင် အကျိုးမထူးသေးဘူး၊ နာမ်ရုပ်ကို ဘုရားသာသနာကြုံပါမှ သိနိုင်ကြဒါပါ။

နာမ်ရုပ်သိရင် ဒုတိယအထပ်ကွာမယ်၊ ဒကာတို့ သန္တာန်မှာ နာမ်နဲ့ ရုပ်သာရှိတယ်၊ မိန်းမ ယောကျ်ားဆိုဒါ မရှိပါဘူး အဲဒါ သမုတိသစ္စာနယ်မှာ ဆိုင်းဘုတ် ဆွဲထားဒါပါ၊ နာမ်နဲ့ ရုပ်ကို စာအုပ်ထဲ သွားမကြည့်နဲ့၊ သွားကြည့်နေရင် စာအုပ်ထဲမှာမှတ်စု သာရှိလို့ မှတ်စုသာတွေ့ရမယ်၊ စာအုပ်ဆိုဒါ ရုပ်နာမ် ခန္ဓာ မှတ် တမ်းဘဲ၊ စာအုပ်မှာ ရုပ်နာမ်မရှိဘူး၊ ရုပ်နာမ်ကို ခန္ဓာမှာသွား ကြည့်မှ သိရမယ်၊ အမှန် အရှိ ဖြစ်တဲ့ ခန္ဓာမှာရှိတဲ့ နာမ်ရုပ်ကို သိရင် ဒုတိယအထပ် ကွာဘီလို့မှတ်။

ဥပမာ, ပစ္စည်းကလေးတခုယူချင်တော့ ရုပ်ကလေးကမလှမ်း ဘူးလား?၊ လှမ်းချင်တဲ့စိတ် ယူချင်တဲ့စိတ်ကြောင့် လှမ်းဒါယူဒါ ခန္ဓာထဲမှာရှိဒါ နာမ်နဲ့ရုပ်၊ လှမ်းချင်ဒါက-နာမ်၊ လှမ်းဒါက-ရုပ် ယူချင်ဒါက-နာမ်၊ ယူဒါက-ရုပ်၊ ပေးချင်တော့ ပေးချင်စိတ် က လေးပေါ်လာတယ်; ပေးချင်တဲ့စိတ်ကလေးက-နာမ်၊ ပေးဒါက ရုပ်၊ ဒီအတိုင်းဘဲ ပြောချင်ဒါက-နာမ်၊ ပြောတဲ့ အသံက-ရုပ်၊ စသည်ဖြင့် သိကြရမယ်။

ဘာလေးသိသိ သိဒါက-နာမ်၊ သိတဲ့စိတ်က နာမ်လို့မှတ်၊ ရုပ်ဆိုဒါ ဓါတ်ကြီးလေးမျိုးစတဲ့(၂၈)ပါးကိုခေါ်ဒါ၊ နာမယ် တွေတပ်နေရင် ဉာဏ်တုံးသွားမယ်၊ လွယ်လွယ်ဘဲမှတ်ထားကြ၊ နာမ်,ရုပ်သိဒါ ဉာဏ်ကသိဒါ၊ ဒီတော့ နာမ်, ရုပ် ဉာဏ် ရလို့ ဒုတိယအဝိဇ္ဇာ ကွာသွားဘီလို့မှတ်ကြ၊ အခု ဥခွံ နှစ်ထပ်တော့ ကွာဘီ ဒါနဲ့လဲမသေကြနဲ့အုံး၊ သုံးထပ် ကျန်နေသေးတယ်၊ သုံးထပ်အုပ်ပီး သေရင်လဲ မှောင်ထဲမှေး မှောင်ထဲသေနေဒါဘဲ၊ ဒီလောက်သိပီး သေဒါတောင် လိုသေးတယ်လို့ ပြောလိုက် ပါတယ်။

သုံးနံပါတ် အဝိဇ္ဇာ အုပ်ထားတော့ ပဋိစ္စသမုပ္ပါဒ် မသိဘူး၊ မသိတော့ ရွေးက ဖြစ်ခဲ့တာလဲမသိ၊ နောက်ဘာဖြစ်မှာတုံးဆိုဒါလဲမသိ၊ အဝိဇ္ဇာဖုံးထားလို့ မသိဒါ၊ ဘယ်က လာခဲ့တယ်ဆိုဒါလဲမသိ၊ ဘယ်ကိုသွားရအုံးမယ်ဆိုဒါလဲမသိ နှစ်ခုလုံးမှာ ဘာမှမသိအောင် ဖုံးထားတယ် ဒါဟာ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးမသိလို့ဘဲ၊ ပစ္စုပ္ပန်လဲမသိ အတိတ်လဲမသိ အနာဂတ်လဲမသိ ဒီဥခွံထဲက ထွက်ဘို့ရာလဲ မသိတော့ဘူး လက်ရှိ ရုပ်, နာမ် ဖြစ်ပျက်ကိုတောင် မသိအောင် ဖုံးထားနိုင်တဲ့ အဝိဇ္ဇာဘဲ။

အမှန်သိဘို့က အတိတ်တုန်းကလဲ ရုပ်, နာမ် အစဉ်ဘဲ ဖြစ်ခဲ့ပျက်ခဲ့တယ်၊ နောက်,အနာဂတ်မှာလဲ ရုပ်နာမ် အစဉ်ဘဲ ဖြစ်ကြပျက်ကြမှာဘဲ၊ ယခု ပစ္စုပ္ပန်မှာလဲ ရုပ်,နာမ်ဖြစ်ပျက် အစဉ်နဲ့ဘဲနေ, နေရဒါပါလို့ သိရမယ်၊ ဒီလိုသိရင် သုံးအဝိဇ္ဇာ ကွာဘီလို့ မှတ်ကြ၊ အချုပ်မှာတော့ ရွေးတုန်းကလဲ ရုပ်,နာမ် အစဉ်နဲ့ဘဲနေခဲ့ရတယ်၊ အခုလဲ ရုပ်,နာမ်အစဉ်နဲ့ နေ,နေရဘီ၊နောက်လဲဘဲ ရုပ်,နာမ်အစဉ်နဲ့ဘဲ နေရအုံးမှာပါဘဲလို့ သိကြရမယ်။

၁-နံပါတ် ဉာဏ်ရတော့ နတ်ရွာ သုဂတိကို ရောက်မယ်၊ ၂-နဲ့ ၃-ဉာဏ် ရတော့ စူဠဋ္ဌသောတာပန်၊ အပါယ်တဘဝတော့ စိတ်ချရဘီ၊ သောတာပန် အငယ်စားဖြစ်ရင် တဘဝ အပါယ်မလားဘူး၊ အပါယ်တံခါး တဘဝပိတ်တဲ့ဉာဏ်၊ ဒီဉာဏ်နှစ်ခုဘဲဒါကို ဆရာသမားနဲ့ တွေ့လို့သာ ရနိုင်ကြဒါ၊ ပဋိစ္စသမုပ္ပါဒ် ဉာဏ်ရဘို့ဆိုဒါ မလွယ်ဘူး။

အရှင်အာနန္ဒာက သောတာပန်ဖြစ်လာတော့ ပဋိစ္စသမုပ္ပါဒ် တွေးကြည့်ပီး ဘုရားထံလျှောက်တယ်၊ "ပဋိစ္စသမုပ္ပါဒ် ခက်တယ်

ခက်တယ်နဲ့ မခက်ပါဘူးဘုရားလွယ်ပါတယ်”လို့ လျှောက်တော့ ဘုရားရှင်က အေး....ဟုတ်မှာပေါ့၊ အသင် ဥာဏ်ရှိသလောက် သီဒါ ဥာဏ်မှိသလောက်သာ ပေါ်လို့ လွယ်တယ် ပြောဒါပါ၊ ချစ်သား, သင့်ဥာဏ်ကလေးနဲ့ သီဒါကို သင့်ဥာဏ် ကလေးနဲ့ တွေးပီး ပြောတော့ လွယ်ဒါပေါ့၊ သင်မသီဒါတွေ အမျှားကြီး ကျန်သေးတယ်၊ ပဋိစ္စသမုပ္ပါဒ်ဟာ အလွန် နက်နဲတယ်လို့ အာနန္ဒာမထေရ်အား မိန့်ကြားတော်မူတယ်။

ဒါကြောင့်,မလွယ်ဘူးဆိုဒါ ထင်ရှားပလား?၊ တရားနာရတဲ့ ကျေးဇူးဆိုဒါ အင်မတန်ကြီးပါတယ်၊ မိဘကအပါယ်တံခါးပိတ် ပေးနိုင်ဘိုမလွယ်ဘူး၊ ဆရာကသာ ပိတ်ပေးနိုင်တယ်၊ ဒါကြောင့် “အပါယ်တံခါးပိတ်အောင် ဆရာကောင်းရှာပါ”လို့ မှာတော် မူဒါပေါ့၊ ဆရာက အပါယ်တံခါး ပိတ်ပေးနိုင်တဲ့အတွက် “အာစရိယဂုဏော အနန္တော်က မာတာပိတု ဂုဏော” ထက် ကျေးဇူးများတယ်ဆိုဒါ ပေါ်ပလား?၊ ဘသူ့ကိုပိုပြီး ကျေးဇူး တင်စရာကောင်းတယ် ဆိုဒါ သိပလား?၊ ဆရာမပါရင် မပိတ်တတ်ကြပါဘူး။

ဒို့ဒကာတွေဟာ ရှေးက “ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော” ဆိုပီး ရွတ်ဘတ်နေကြတယ်၊ ဘာဆိုလိုတယ်လို့ မသိကြဘူး၊ “ဩကာသ” ဆိုပီး “နမောတဿ” ရွတ် “နမောတဿ” ပီး “ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ” ရွတ်ပီးတော့ “ပါဏာတိ ပါတာ” ရွတ်နဲ့ မိဘ ရိုးရာ ရွတ်စဉ် မို့သာ ရွတ်နေကြဒါ၊ စာအုပ်က ဝတ်ရွတ်စဉ်ဘဲ၊ ဝတ်သိစဉ် မဟုတ်ဘူး၊ ကိုယ်ပိုင်ဥာဏ်နဲ့ သိမှတန်ဘိုးရှိတယ်၊ မိဘရိုးရာတွေ ပြင်ပစ်ကြ၊ တော်လောက်ကြရော ပေါ့ သဘောပါကြရဲ့လား?။

နံပါတ်သုံးကို ခွဲရမယ်၊ မသိမှု အဝိဇ္ဇာကြောင့် သင်္ခါရတွေ ဖြစ်လာတယ်၊ သင်္ခါရတွေကြောင့် ဝိညာဏ်ခြောက်ခု ဖြစ်လာရတယ်၊ ဝိညာဏ်ကြောင့် နာမ်,ရုပ်ဖြစ်၊ နာမ်,ရုပ်ကြောင့် သဠာယတန၊ သဠာယဘနကြောင့် ဖဿ,ဝေဒနာ,တဏှာ,ဥပါဒါန်,ကံ,ဇာတိ,ဇရာမရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသစတဲ့ တရားတွေဖြစ်တယ်၊ မူလအကြောင်းကြောင့်သာ ဒီအကျိုးတရားတွေ ထိုက်သလို ဖြစ်ပေါ် ရဒါ၊ အကြောင်း မဖြစ်ရင် အကျိုးမဖြစ် အကြောင်းချုပ်တော့ အကျိုးလဲ ချုပ်တာဘဲလို့ တကယ်သိရင် သုံးအထပ်ကွာသွားဘီ။

စတုတ္ထအချက် လေးနံပါတ်အဝိဇ္ဇာကွာဘို့က လက္ခဏာဥာဏ် ရရင် ကွာနိုင်တယ်၊ လက္ခဏာဥာဏ်ဆိုဒါ ရုပ်ဖြစ်ပျက် နာမ်ဖြစ်ပျက် မြင်အောင်ကြည့်ဘို့ဘဲ၊ ရုပ်နာမ်ဖြစ်ပျက် မြင်အောင်ကြည့်တတ်တဲ့ဥာဏ်ရရင် လေးအဝိဇ္ဇာ ကွာဘီလို့ မှတ်၊ ဥပမာစားချင်တဲ့စိတ်ကလေး ဖြစ်တယ် ဆိုပါတော့ စားချင်တဲ့စိတ်က စားရသလား? မစားရပါဘူး၊ စားချင်တဲ့စိတ်က အစာလှမ်းယူလိုက်တာနဲ့ ချုပ်သွားဘီ၊ စားချင်ပီး ပျက်စီး သွားဒါဘဲ အသေမြန်လို့ မစားရဒါပါ။

လူမမာ သဗြက်သီးကလေးစားချင်တော့ လှမ်းယူလိုက်တယ် အဲဒီအချိန်မှာ စားချင်စိတ် ချုပ်သွားဘီ၊ ယူတဲ့စိတ်ကကော စားရမှာတဲ့လား? သည်စိတ်မှာလဲ ဖြစ်ပျက်သာ ရှိဒါဘဲ အသေမြန်လို့ မစားလိုက်ရရှာဘူး၊ ဒကာတို့စိတ်ကလေးတွေဟာ ကိစ္စပီးအောင် မလုပ်နိုင်ကြဘူး၊ ဖြစ်ပီးပျက်သွားဒါဘဲရှိတယ် ဖြစ်ပီးပျက်သွားဒါ အသေစောလို့ စားချင်လို့ စားချင်စိတ်ပေါ်ပေါ်ပီးပျက်၊ ယူစိတ်ပေါ် ဖြစ်ပီးပျက်၊ ကိုင်စိတ်ပေါ် ဖြစ်ပျက်

ပေါ်လာသမျှ ချုပ်ပျက် သွားကြ သေပျောက် သွားကြ ဒါဘဲ၊ ဒါကို ဥာဏ်နဲ့ မြင်အောင် ကြည့်နိုင်ဘို့လိုတယ်။

"စားချင်လို့ စားလိုက်တာ မိန်လိုက်တာ လွန်ရောဘဲ" လို့ ပြောဒါ သဿတ ဒိဋ္ဌိဘဲ ဆက်မှား အယူဘဲ၊ ဖြစ်ပျက် မမြင်လို့ ပြောဒါ ဒိုဒကာတွေအနိစ္စကလေးတွေဆိုဒါမြင်ကြပလား? မမြင် မြင်အောင် ကြိုးစားပီးကြည့်ကြ၊ ရှုတယ် ကြည့်တယ် ဆိုဒါဟာ အတူတူဘဲ၊ ဝိပဿနာရှုကြလို့ ပြောလိုက်တာ၊ ဝိပဿနာရှုမှသာ ၄-နံပါတ် အဝိဇ္ဇာ ကွာနိုင်တယ်၊ မရှုရင် မကွာဘူး၊ ရှုပီးခွဲရင် အလွယ်နဲ့ မြင်နိုင်မယ်၊ ဝိပဿနာ အားမထုတ်ဘဲ ဥခွံထဲက ဆုတောင်းနေရုံနဲ့ မရနိုင်ဘူး။

အခုကစပီး အတောင်းရှောင်ကြ၊ "ဆုတောင်း" ခါးတောင်း ကျိုက်တွေ ဖြုတ်ပစ်ကြ၊ ဥပမာအားဖြင့် မီးကိုကသေတတ်တယ် ဆိုပါတော့ မီးတောက်ကဘဲ လောင်လောင်၊ မီးခဲကဘဲ လောင် လောင် သေတတ်တာချည့်ဘဲ၊ ဒါပေမဲ့ အရင်းအစ မီးခဲရှိလို့ သာ မီးတောက်ဖြစ်သလို စိတ်ကို မီးခဲနဲ့ တူတယ်လို့ မှတ်ရမယ်၊ ရုပ်ကို မီးတောက်နဲ့ တူတယ်လို့ မှတ်ကြ၊ မီးခဲသာ မရှိရင် မီးတောက် မလာနိုင်၊ မီးခဲ ရှိလို့သာ မီးတောက် လာတာ၊ ဒါကြောင့် မီးခဲနဲ့ တူတဲ့စိတ်ကို ရှုရမယ်။

စိတ်တလုံးထဲ ရှုနေရင် မီးငြိမ်းမယ်၊ စိတ်ကိုရှုရင် ရုပ်ကိုလဲ ရှုရောရောက်တယ်၊ မီးခဲသေရင် မီးတောက် မလာနိုင်တော့ဘူး၊ စိတ်ကလေးကို မျက်ခြေမပြတ်ရှုပေး၊ အရှု အပွား များလာရင် အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက် အဖြစ် အပျက်ကို မြင်မယ်၊ မြင်ရင် ဝိဇ္ဇာဘဲလို့ မှတ်၊ ဒါမြင်ရင် လေထပ်ကွာသွား ဘီလို့ သိရမယ်၊ ရှင်းပလား?။

လေးထပ်ကွာရုံနဲ့ မဂ်မရသေးဘူး၊ သစ္စာသိမှသာရကြမယ်၊ သစ္စာပြန်ဟောမှ ၅-နံပါတ် အဝိဇ္ဇာကွာမယ်၊ အားလုံး ပွင့်သွားမယ်၊ ဒကာတို့မှာ "သစ္စာ" မသိတဲ့ အဝိဇ္ဇာ ကျန်သေးတယ်၊ ဒီတော့ "သစ္စာ" သိတဲ့ဥာဏ်နဲ့ မဂ်ကိုဖွင့်ပေးမယ်၊ ငါးခုမြောက် နောက်ဆုံးအဝိဇ္ဇာကွာဘို့ ခွာတဲ့နည်းကို နက်ဖြန်မှ ဆက်ကြစို့။

ကိုင်း....ဒီနေ့ ဒီတွင်ဘဲ တော်ကြအုံးစို့။

ဓမ္မရတနာမာတိကာ

“ ဥခဲ့အဝိဇ္ဇာ မျောင်ငါးလှာ တရားတော် ”

အဝိဇ္ဇာငါးလှာ

(၁) ပဌမ အဝိဇ္ဇာ....ကံ,ကံ၏ အကျိုးမယုံကြည်။
(၂) ဒုတိယ အဝိဇ္ဇာ....နာမ်,ရုပ်ကို မသိ။
(၃) တတိယ အဝိဇ္ဇာ....ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးမသိ။
(၄) စတုတ္ထ အဝိဇ္ဇာ....အနိစ္စ,ဒုက္ခ,အနတ္တမသိ။
(၅) ပဉ္စမ အဝိဇ္ဇာ....သစ္စာမသိ။

ဤငြေးပါး

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ။
ဤငါးပါးကို အဝိဇ္ဇာ အမျောင်ထုငါးထပ်က အထပ်ထပ်
အုပ်ဖုံးထား၏။

ဆောင်ပုဒ်—

သဒ္ဓါ၊ သတိ၊ သမာဓိ၊ ဝီရိ၊ ပညာ,ငါး။
ဤငြေးထက်၊ မျောင်ငါးချက်၊ ဖုံးဝှက်ကွယ်ကာထား။
မိုက်မဲလှစွာ၊ အဝိဇ္ဇာ၊ မြှုန်စွာခဲ့ဘင်လား။
မခဲ့ခြေက၊ နိဗ္ဗာန၊ လမ်းစပိတ်တုံးခြား။
ဇာတိမရဏံ၊ သံသာရံ၊ ဖန်ဖန်ခဲလှည့်သွား။
ရစ်ပတ်ချာချာ၊ ဆင်းရဲမှာ၊ ပမာဆုံလည်နှား။
သမုတိနယ်၊ ဆိုင်းဘုတ်တွယ်၊ သွယ်သွယ်ဇာတိပွား။
ခွင့်သာဆဲတွင်၊ မခဲလျင်၊ လွဲချင်တက်တက်မှား။

တရားသား။ ဒီကနေ့ မနေ့က အဆက်ကို ပြောရမှ‌ယ် သတ္တဝါမှန်သမျှတွေ့ဟာ ဇာတိဇရာ ဗျာဓိမရဏ ဆိုတဲ့ သံသရာ ဒုက္ခစက်ကြီးထဲမှာဘဲ တစဲလယ်လယ် မြုပ်ချည် ပေါ်ချည် နေကြရဒါဘဲ၊ ဒီပြင် ဘာမှ မရှိပါဘူး ဆိုတဲ့ အကြောင်း သုတ္တနိပါတ် ပါဠိတော်မှာ ဟောတော်မူတယ်။

သတ္တဝါတွေ့ဟာ ဇာတိဆိုတဲ့တရားက လာခဲ့ကြပီး ဇရာဆိုတဲ့ အိုမှုဒုက္ခ၊ မရဏဆိုတဲ့ အသေဒုက္ခ၊ ဒီ ဒုက္ခစက်ကြီးထဲမှာ အဖန်ဖန်ဘဲ လှည့်လည် နေကြရတယ်၊ ပုထုဇဉ်ဆိုတဲ့ အဖြစ်မှာတော့ ဒီနည်းအတိုင်းချည့် လှည့်ပတ်နေရမှာဘဲ၊ ဒီဒုက္ခစက်က ဘယ်လို နဲ့မှ လွတ်ထွက် မသွားနိုင်ကြဘူး၊ ဇာတိ ဒုက္ခသစ္စာ ကိုယ်ပိုင်ရ၊ ဇရာ ဒုက္ခသစ္စာ မရဏ ဒုက္ခ သစ္စာလဲ ကိုယ်ပိုင်ချည့် ရထားကြဒါ ကိုး။

ဥပမာဆိုရင် ဆီဆုံမှာကောက်တဲ့နွားလိုဘဲတဲ့၊ ဆီဆုံကောက်တဲ့နွားဟာ တရစ်ပတ်ပတ် ဒလစပ်လှည့်ပတ်မီး သွားနေရတယ်၊ သွားနေရပေမဲ့ သူရဲ့ သွားလမ်း အစလဲမထင် အဆုံးကိုလဲ မမြင်နိုင်ဘူး "ဆုံနဲ့ ထမ်းပိုးကြိုးနဲ့ ကြိမ်လုံး" ဆိုတဲ့ဒုက္ခဝန်ကိုထမ်းပီး လှည့်ပတ် သွားနေရှာတယ်၊ သတ္တဝါတွေလဲ ဒီနည်းအတိုင်းပါဘဲ၊ ဒီဘဝမှာ ဇာတိ ဇရာ မရဏဆိုတဲ့ ဒုက္ခသစ္စာကြီး ကိုယ်ပိုင်ရလာကြတယ်၊ နောက်လဲ ဒီဒုက္ခသစ္စာဘဲ ကိုယ်ပိုင် ရကြ အုံးမှာပါ၊ ဘဝအမျိုးမျိုး အဖြစ်မျိုးမျိုး အဖန်ဖန် ဘဝပြောင်းနေပေမဲ့ ဒီဒုက္ခသစ္စာကတော့ မပြောင်းပါဘူး၊ ဒုက္ခသစ္စာ ကိုယ်ပိုင်ရမှာ ချည့်ဘဲ၊ ဆင်းရဲဒုက္ခအမျိုးမျိုး တမျိုးပီး တမျိုး ပြောင်းနေရဒါပါဘဲ။

No. 27

ပြောင်းရဒါလဲ သမုတိသစ္စာ အနေနဲ့သာ ပြောင်းနေဒါပါ၊ သမုတိသစ္စာဆိုဒါ ဆိုင်းဘုတ် ဆွဲထားဒါဘဲ၊ ရွှေကို ငွေလုပ်ဆွဲ ငွေကို ရွှေလုပ်ဆွဲ၊ ဆွဲချင်သလို ဆွဲလို့ ဖြစ်တယ်၊ ပရမတ္ထသစ္စာကတော့ ပြောင်းလို့ မရဘူး၊ အိမ္မ, နာမ္မ, သေမ္မ ပီးရင် ဇာတိ ပြန်လာ၊ စကြာဝဠတေး မန္ဒဇာတ်ဖြစ်လဲ ဇာတိ ဒုက္ခပီး ဇရာ ဒုက္ခ၊ ဇရာပီး မရဏဒုက္ခ အဆင့်ဆင့် ရဒါဘဲ။

သမုတိနယ်မှာ သမုတိသစ္စာအနေနဲ့ ဆိုင်းဘုတ်တွေ အမျိုးမျိုးဆွဲ၊ လူ,နတ်,ဗြဟ္မာ,ခွေး,ဝက်,ကြက်,,ဌက်,ဆိုတဲ့ ဆိုင်းဘုတ်တွေက ပြောင်းနေကြပေမဲ့လဲ ပရမတ္ထ ဒုက္ခ သစ္စာ ကတော့ မပြောင်းပါဘူး၊ ဒုက္ခသစ္စာ-ဒုက္ခသစ္စာပါဘဲ၊ ဘဝပြောင်းတယ်ဆိုဒါ အမှန်ကတော့ ဒုက္ခရဒါ ဒုက္ခပြောင်းဒါပါ၊ ဒီဒုက္ခခံလို့ အားရတော့ ဟိုဒုက္ခကူးပီး လွဲခံကြဒါ၊ ပဋိသန္ဓေ ရတာဟာ ဒုက္ခပြောင်းလိုက်တာ ဒီဒုက္ခခံလို့ အားရဒါနဲ့ ဟိုဒုက္ခ ပြောင်းသွားလိုက်တာဘဲ၊ ရှင်းကြပလား?။

ပေါ့ပေါ့ကလေးများ မမှတ်ကြနဲ့၊ လေးသင်္ချိနဲ့ ကမ္ဘာတသိန်း ဖြည့်ဆည်းပူးလို့ရတဲ့ ဉာဏ်တော်နဲ့ ကြည့်ပီးဟောလို့ သိကြရဒါ၊ လေးလေးစားစားမှတ်ကြ၊ ဘုရားကျေးဇူးတော်ဟာ ဘယ်တော့မှ ဆပ်လို့ ကုန်နိုင်စရာ မရှိဘူး၊ ကျေးဇူး သိရင်ဖြင့် ကြိုးစား လိုက်နာကြရမယ်။

ဒို့ဒကာတွေ အဝိဇ္ဇာငါးထပ်အုပ်ထားတဲ့ဥခွံထဲမှာနေရတယ် ဆိုတော့ "စက္ခုံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ" ဆိုဒါတွေ မလာနိုင်တော့ဘူး၊ ကြက်ဥထဲက ကြက်ကောင်ကလေးဟာ ခြေထောက်

နှစ်ချောင်း၊ အတောင်ကနှစ်ဘက်၊ နှုတ်သီးက တခု၊ ဒီ ငါးမျိုး အသုံးချစရာ ပါရက်နဲ့ ဥဒ္ဓံက ငါးထပ်တောင် အုပ်ထားတော့ ဥဒ္ဓံထဲမှာဘဲ သေရရှာတယ်။

ဒကာတို့မှာလဲ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, ဆိုတဲ့ ဣန္ဒြေငါးခုပေါ်မှာ အဝိဇ္ဇာက ငါးထပ် အုပ်ထားတော့ ဒီ ငါးခု ဟာပေါ် ခွင့်မရကြဘူး၊ ကြက်ကောင်ကလေးထက်တောင်ဆိုးနေသေးတယ်၊ နိဗ္ဗာန်လမ်းစကို မမြင်နိုင်ကြတော့ဘူး၊ ထွက်ရပ်လမ်း စမရှိကြတော့ဘူး၊ ဒီဥဒ္ဓံငါးခုထဲမှာ ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဆိုတဲ့ ဒုက္ခတွေနဲ့ ထပ်တလဲလဲဘဲကြုံတွေ့နေရတယ်၊ ဥဒ္ဓံငါးထပ် ထဲက ထွက်နိုင်စရာလမ်းကို မတွေ့ကြဒါဟာ ဝိဇ္ဇာမဂ္ဂင် ကလေး မရကြလို့၊ ဝိဇ္ဇာမဂ္ဂင်ကလေးမရဒါ ဒီငါးထပ် အုပ်ထားလို့ ပေါ့ အလယ်လမ်း ဖြစ်တဲ့ ဝိဇ္ဇာဥာဏ် ဖြစ်ဘို့ရာ အဝိဇ္ဇာ ငါးထပ်က အုပ်ထားတော့ ဖြစ်ခွင့် မရနိုင်ခဲ့ကြရှာဘူးပေါ့။

ဒီတော့ အဲဒီ ငါးထပ်ကို ခွာရမယ်၊ အဲဒီ ငါးထပ်က ၁-က ကံ့ကဲ့အကျိုးကို မယုံကြည်တဲ့ အဝိဇ္ဇာ၊ ၂-က နာမ်ရုပ်မသိတဲ့ အဝိဇ္ဇာ၊ ၃-က ပဋိစ္စသမုပ္ပါဒ် မသိတဲ့ အဝိဇ္ဇာ၊ ၄-က အနိစ္စ ဒုက္ခ အနတ္တ မသိတဲ့ အဝိဇ္ဇာ၊ ၅-က သစ္စာမသိတဲ့ အဝိဇ္ဇာ၊ ဒီအစဉ် မသိရင် မခွါနိုင်ဘူး၊ ငါးထပ် တောင်ဘဲ တော်တော့ သတ္တိနဲ့ ရုန်းကန်ထွက်လို့ မတတ်နိုင်ဘူး။

ဘုရားရှင်မျှားဟာ သူ့ကရုဏာတော်ကို သိရရင် ကြည်ညိုလို့ မဆုံးနိုင်ပါဘူး၊ ဒီငါးထပ်ကို ဘုရားဥာဏ်တော်နဲ့ လှန်မှသာ ရနိုင်ဒါပါ၊ ငါးထပ်လုံး လှန်ပေးပီး သောတာပန် သကဒါဂါမ် အနာဂါမ်ရဟန္တာဖြစ်အောင် လုပ်ပေးနိုင်ဒါ ဘုရားဥာဏ်တော်

မို့ဘဲ၊ ဥခွဲထဲကခွါပေးနိုင်ဒါသဗ္ဗညုတဉာဏ်တော်မို့ ခွါနိုင်ဒါ၊ ဘုရားက ကရုဏာတော် အားကြီးလွန်းလို့ အမျိုးမျိုး အနစ်နာခံပီး ဘုရားဖြစ်အောင် ကြိုးစား ခဲ့ရဒါဘဲ၊ ဘုရား ဖြစ်တော့မှ ဒီအဓိပ္ပါယ်ကို ဟောပြနိုင်ဒါ သာမည မမှတ်လိုက်ကြနဲ့။

ဒုက္ခသစ္စာမှ မသိရင် အပါယ်လေးပါးတံခါး ဟင်းလင်းကြီး ပွင့်နေတယ်၊ ဥခွံငါးထပ်က ထွက်နိုင်မှသာ အပါယ်ဘေးက လွတ်နိုင်ကြရမယ်၊ ဥခွံထဲက မထွက်ရသေးခင်မှာ ကြားမနေကြနဲ့အုံး၊ ပျော်မနေကြနဲ့အုံးအခု ပျော်သလောက် အသေဆိုးသေရလိမ့်မယ်ဆိုဒါ သိထားကြ၊ ဒို့ဒကာတွေ ကိုယ်ကိစ္စကိုယ် အရင်ပီးအောင် လုပ်ထားကြဘို့ လိုတယ်၊ ကိုယ်ကိစ္စ လုပ်မယ် ကြံရင် ဟို၄ ဒီ၄နဲ့ ၄ဒါဟာ ကိုယ်ကိုယ်ကို ပိတ်ပင်ဒါဘဲ လို့မှတ်ကြ၊ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့်နဲ့ ဆင်ခြေလဲမနေကြနဲ့တော့ ရိပ်မိကြပလား?။

ပဌမအဝိဇ္ဇာ ဒို့ဒကာတွေ ငယ်ငယ်ကထဲက လူကြီးမိဘတွေရဲ့ အဆုံးအမကို ရခဲ့ကြတယ်၊ သူ့အသက်သတ်ရင် ငရဲသွားရလိမ့်မယ်လို့ ယုံကြည်ကြတယ်၊ အလှူဒါနပြုလို့ရေစက်ချတဲ့ အခါမျှားမှာလဲ"ကံ့ကဲ၏ အကျိုးကို ယုံကြည်ပါကုန်သည်ဖြစ်၍"ဆိုပီး ချကြတယ်၊ အဲဒါ ကံ့ကဲ၏ အကျိုးကို ယုံကြည်တဲ့ ကံမှသကတဉာဏ် ရထားလို့ဘဲ၊ ဒီဉာဏ်ကို မိဘရိုးရာနဲ့ ရခဲ့ကြတယ်၊ ဒီဉာဏ်ရလို့ တစ်နံပါတ် တထပ်ကွာဘီ။

ကမ္မသကတဉာဏ်ဆိုဒါ ဝိဇ္ဇာကလေးဘဲ၊ တရားနာဒါလဲ ဒီကမ္မသကတဉာဏ်နဲ့နာနေကြဒါဘဲ၊ ဒါပေမဲ့"ဝိဇ္ဇာဥဒပါဒိ" မဖြစ်သေးဘူး၊ ဥခွံက မထွက်နိုင်သေးဘူး၊ လေးထပ်က အုပ်နေသေးတယ်၊ အခုနေမှာ မိဘရိုးရာဉာဏ်လောက်နဲ့မသေလိုက်ကြ

နဲ့အုံး၊ ဝိဇ္ဇာဥာဏ်ရဘို့ အားထုတ် ရအုံးမယ်၊ ဝိဇ္ဇာဥာဏ်ရမှ နိဗ္ဗာန်မြင်မှာဖြစ်လေတော့ အခု မသေကြနဲ့အုံးလို့ ပြောလိုက်ပါတယ်၊ ရှေးက သေသွားတဲ့လူတွေဟာ ဥခွံတွင်းက မထွက်နိုင်ဘဲ သေခြင်းမလှသေသွားကြရှာတယ်သဘောပါကြရဲ့လား?။

" ကျုပ်တို့တော့ လွှဒါန်း ပီးရင် သေပျော်ပါဘီ " လို့ ပြောလိုက်ကြသေးတယ်၊ ဒို့အဖြစ်ဟာ အဖြစ်ကောင်းလို့ထင်နေကြတယ်၊ မထင်ကြနဲ့ မသေပျော်သေးဘူးလို့မှတ်၊ တရားနာတာတောင် မသေသေးဘဲနဲ့ စောင့်နာဘို့ကောင်းတယ်၊ဒီတရားမျိုးတကြိမ်ဘခါဆိုသလိုနာရဘို့ခဲယဉ်းပါတယ်၊ရှင်းကြပလား?။

ဒုတိယအဝိဇ္ဇာ ဒုတိယ ဥခွံက နာမ်နဲ့ ရုပ်ကို သိဘို့ အရေးကြီးတယ်၊ နာမ်ရုပ် သိတဲ့ ဝိဇ္ဇာနဲ့ တွန်းလှန်ပစ်ရမယ်၊ သွားချင်ဒါက-နာမ်၊ သွားဒါက-ရုပ်၊ စားချင်ဒါက နာမ်၊ စားဒါက-ရုပ်၊ လှုပ်ချင်ဒါက-နာမ်၊ လှုပ်တာက-ရုပ်၊စာထဲပါတဲ့ နာမ်ရုပ်မလိုချင်ဘူး၊ ခန္ဓာထဲမှာရှိတဲ့ နာမ်ရုပ်ကို သိသာမှအဘိုးတန်ကြမှာ၊ ကိုယ့်သန္တာန်မှာရှိတဲ့ နာမ်ရုပ်သိရင် ပီးဒါဘဲ နာမ်ရုပ်ဆိုဒါသိဘို့သာပါရှုဘို့မဟုတ်ဘူး၊ ဥာတပရိညာကိစ္စလို့မှတ်ရမယ်။

ကိုယ့်သန္တာန်မှာရှိတဲ့ နာမ်ရုပ်လိုတယ်"အိပ်ချင်ဒါက-နာမ်၊ အိပ်တဲ့ ခန္ဓာကြီးက-ရုပ်" သိပီးရင် ပီးဒါဘဲ ပွားနေဘို့ မလိုဘူး၊ သိဘို့တင်ဘဲမပွါးပါနဲ့၊ နာမ်က အခိုင်းသွား, ရုပ်က အလုပ်သွား

နာမ်နဲ့ရုပ်ဟာ သဟဇာတပစ္စည်း နာမ်က-သဟ၊ ရုပ်က-ဇာတ၊ ပေါင်းတော့ သဟဇာတဘဲ၊ နာမ်ချုပ်သွားရင် ရုပ်ချည့်နေလို့ မဖြစ်ဘူး ရုပ်ချည့်နေရင် ပုပ်သွားလိမ့်မယ်၊ နာမ်ရုပ်သိဒါဝိဇ္ဇာ ဉာဏ်ဘာ၊ သရင် နှစ်ထပ်ကွာသွာ သုံးထပ်အုပ်နေသေးတယ်။

တတိယအဝိဇ္ဇာ အဝိဇ္ဇာဆိုတဲ့အကြောင်းရင်းကြောင့် သင်္ခါရစတဲ့ အကျိုးတရားအဆက်ဆက်တွေဖြစ်ပေါ်လာရတယ်၊ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, ဇာတိ, ဇရာမရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသစသည်အားဖြင့် အကြောင်း အကျိုး အဆက်ဆက် ဖြစ်ကြ ရတယ်၊ အကြောင်းကြောင့် အကျိုးဖြစ်ရတယ်၊ အဲဒီလို အကြောင်း အကျိုး သိနေရမယ်။

ကမ္မဘဝ ပစ္စယာ ဇာတိ ဇာတိပစ္စယာ ဇရာ ဇရာကြောင့် မရဏစတဲ့ တရားတွေ ခန္ဓာထဲမှာ အကြောင်း အကျိုး ဆက်နေဒါဘဲ၊ ကံကုန်တော့ သေရတယ်၊ ဖြစ်တော့ ကံကြောင့်ဘဲ ဖြစ်တယ်၊ ကံက ကူညီ နေတော့ သွားလို့ လာလို့ ဖြစ်သေးတယ်၊ ကံကုန်တော့ သေပြီလို့ ကြားရတယ် မဟုတ်လား? ဒကာ, ဒကာမတွေ အကြောင်း အကျိုး အဆက်ဆက် ဖြစ်နေတယ်၊ ကံက အကြောင်း ပဋိသန္ဓေက အကျိုး ကံပေးသလို ဖြစ်ကြရတယ်၊ အကြောင်းကြောင့် အကျိုးဖြစ်၊ ဒီလိုအကြောင်းအကျိုးအဆက်ဆက် လှည့်လည်ဖြစ်ပျက်နေတဲ့ သံသရာ စက်ကြီးဘဲလို့ သိကြရမယ်၊ အကြောင်း အကျိုး လွဲနေဒါ ဆိုတဲ့ စကား ကျေနပ်ကြဘီလား?။

"သိကြားဖန်ဆင်းတယ် ဗြဟ္မာဖန်ဆင်းတယ်" ဆိုတဲ့ စကား မဟုတ်ဘူးဆိုဒါ ရိပ်မိဘီလား၊ ဒီအကြောင်းနဲ့ အကျိုးသိရင် ဘယ်က လာလို့ ဘယ်သွားရပါလိမ့်မလဲ ဆိုတဲ့ ဝိတက်တွေ မရှိတော့ဘူး၊ ရုပ်,နာမ် ဖြစ်ပျက် အကြောင်း အကျိုး အဆက်ဆက် တွေဟာ ပတ်လည် စက်ဘီးလို လုံးလယ် လိုက်နေတယ် ဆိုတဲ့ အဖြစ်ကို သိကြပလား? သိရင် သုံးထပ်ကွာသွားဘီ။

တစ်နံပါတ်က မာတာပိတုဂုဏောကြောင့် ကွာရတယ်၊နှစ်နဲ့ သုံးက ဆရာသမားဟောပြလို့ ကွာရတယ်၊ အာစရိယဂုဏောက တယ်ပီး ကျေးဇူးကြီးပေတယ်၊ ဒကာတို့က ရမ်းရွတ် နေကြဒါ၊ စာက ကျေးဇူးတော်ရင်ပေမဲ့ ဥာဏ်ကမပါဘဲ ဖြစ်နေကြတယ်၊ အမိအဘက နတ်ရွာသုဂတိပို့ပေးတယ်၊ ဆရာကတော့ အပါယ် တံခါးပိတ်သွားအောင် တတ်နိုင်တယ်။

စတုတ္ထအဝိဇ္ဇာ လေးနံပါတ် သာသနာတွင်းကြုံမှ ခွါနိုင်တယ် လူကလဲသာသနာတွင်းသားဖြစ်မှ ဘုရားရှင်၏ တပည့်သား သာဝကဖြစ်ပါမှ ခွါနိုင်တယ်၊ သာသနာပြင်က လူဆိုရင်မခွါနိုင်ဘူး၊ မိစ္ဆာဒိဋ္ဌိဖြစ်နေရင်ခဲယဉ်းတယ်၊ ခွါရမှာက အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ၊ ဒီ သုံးချက် အုပ်တဲ့အဝိဇ္ဇာ။

မိမိ အဘိုးတန်ဒါ သိပလား?၊ သာသနာတွင်းနဲ့ကြုံနေလို့ အဘိုးတန်ဒါကိုယ်အဘိုးတန်မှန်းသိပီး ကြိုးစားကြ၊ရှာမရှေကြနဲ့၊ ရှာရှေနေရင် သံသရာ ရှေအုံးမယ်၊ အခုနှယ် ဆုတောင်းပြည့်နေဒါ ထပ်မရှေ ကြနဲ့အုံး၊ လင်နဲ့ မယား ရန်ဖြစ်ကြဒါ ရှာရှေလို့၊ ရှာရှေတဲ့ အပြစ်ဟာ ကြီးတယ်၊ နိဗ္ဗာန် မရသေးခင်

ဆုတောင်းနေဒါဟာ ရှာရှေဒါဘဲ၊ နောက်ဘုရားစောင့်အုံးမယ် ဆိုဒါ ရှာရှေဒါဘဲ၊ အရိမေတ္တေယျ ပွင့်တော် မူတဲ့ အခါ ဆီမီး ငါးတိုင် ကြာငါးခိုင်နဲ့ ဘာ,ညာနဲ့ ရှာရှေလိုက်တာလွန်ပါရော။

"ဂေါတမပေးဒါ မလိုချင်ဘူး မေတ္တေယျကျမ ယူမယ်" နဲ့ အခုဘုရား နိဗ္ဗာန်ပေးနိုင်ရက်သားနဲ့ နောက်ဘုရားကျမှ ဆိုပီး ကြောင်တောင် ဖြောင်တိုက်နေရင် တော်ပမလား? စဉ်းစားကြ ဒကာတို့ဆီ လာပီး ကြောင်တောင် ဖြောင်တိုက်နေရင် ခံနိုင်ပါ့မ လား? ရှာရှေနေကြရင် ဂေါတမဘုရား မျက်နှာတော် မထောက် ရာကျမယ်၊ ဒီတရားက အခုလုပ်ရင် အခုနိဗ္ဗာန်ပေးနိုင်တယ်။

ဒကာတို့ဟာ ဘုရားကို ကြောင်တောင်ကြီး ဖြောင်တိုက်ည နေကြဒါ။ ကိုယ်ချင်းစာ ကြည့်ကြ၊ လူတယောက်က အိမ်လာ ဖြောင်တိုက်ရင် ကြိုက်နိုင်ပမလား?၊ မိဘရိုးရာ အမှားတွေ ပြင် လိုက်ကြတော့၊ "ဘုရားတပည့်တော် ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်ကို ကျေးဇူးပြု၍ နိဗ္ဗာန်ကို လျင် မြန်စွာ မျက်မှောက် ပြုနိုင်ရပါလို၏" လို့ ဆုတောင်းပြင်ကြ သ ဘောပါကြရဲ့လား?။

လေးနံပါတ်ဥခွံကို ဝိပဿနာဉာဏ်နဲ့ ခွဲရမယ်၊ မိမိခန္ဓာထဲ မှာကြည့်၊ ဖြစ်ပျက် တွေ့ရင် စတုတ္ထဥခွံ ကွဲဘီ၊ သတိပဋ္ဌာန် ပါဠိတော်မှာ....

"ဣဓ ဘိက္ခဝေ ဘိက္ခု ဣတိရူပံ ဣတိရူပသ သမုဒယော ဣတိရူပသ အတ္ထင်္ဂမော၊ ဣတိဝေဒနာ ဣတိဝေဒနာယ သမုဒယော ဣတိဝေဒနာယ အတ္ထင်္ဂမော" စသည်ဖြင့် ဟောတော်မူတယ်။

ရုပ်, နာမ် ခန္ဓာငါးပါး တပါးပါး ဖြစ်ပျက် မြင်ရင် လေး အဝိဇ္ဇာ ကုဘီလို့မှတ်ကြ။

မိမိသန္တာန်မှာ ပေါ်လာတဲ့စိတ်ကလေးတခု အဲဒီစိတ်ကလေး ကြည့်လိုက်တော့ ဖြစ်တာနဲ့ ပျက်တာဘဲရှိတယ်၊ ခန္ဓာမှာ ဝေဒနာရှိဒါ ရှာလိုက်တော့ ဖြစ်တာနဲ့ ပျက်တာဘဲ ရှိတယ်၊ ရုပ်, သညာ, သင်္ခါရတွေလဲ ဒီအဖြစ်နဲ့ အပျက်ဘဲ ရှိတယ်၊ ဒါကို မြင်အောင် ဝိပဿနာရှုရမယ်၊ ရှုတဲ့အခါ စိတ်ကိုရှုကြ စိတ်ရှုမှ ဖြစ်တာ ပျက်တာ အမြန်သိမယ်။

သိရင် စတုတ္ထဥ္စ သေသေချာချာ ကုဘီမှတ်၊ သမုဒယနဲ့ ဝယတွေ့မှ မှန်တယ်၊ ဖြစ်တာနဲ့ ပျက်တာဘဲ တွေ့နေရမယ်၊ တွေ့ရင် လေးထပ်ကုဘီ အနုလောမဉာဏ် ရောက်ပြီ၊ စုဠဋ္ဌသောတာပန် မဂ်တော့ဘူး၊ မဟာသောတာပန်နား ကပ်နေပြီ၊မဟာသောတာပန်နားက ငါးနံပါတ်ကို ခုံရမယ်၊ သစ္စာ ဖုံးထားတဲ့ အဝိဇ္ဇာ ရှိနေသေးတယ်၊ သစ္စာမသိတဲ့ အဝိဇ္ဇာရှိသေးလို့ နိဗ္ဗာန် မရသေးဘူး၊ ဒီဋ္ဌိ ဝိစိကိစ္ဆာ ရှိနေသေးတယ်။

နိဗ္ဗာန်လိုချင်ရင် ပါရမီစောင့်ဘို့ မလိုဘူး ဒါတွေကို တွန်းလှန်ပစ်ရင်ပီးပါတယ်ဆိုဒါ မြဲမြဲစံစံမှတ်ထားကြရှင်းကြပလား?။

ပဉ္စမအဝိဇ္ဇာ အခု ငါးနံပါတ်ကို ခုံရမယ်၊ ဒီ အဝိဇ္ဇာက မဂ် သမ္မာဒိဋ္ဌိ စတုသစ္စာ သမ္မာဒိဋ္ဌိဉာဏ်နဲ့ ခုံရမယ် ဒီဉာဏ်ရရင် ကုဘီလို့မှတ်၊ မဂ်ရအောင် အားထုတ်မှ ကုဘမယ် လို့ဆိုဒါ သတိပဋ္ဌာန် ပါဠိတော်မှာ....

"ကတမာစ ဘိက္ခဝေ သမ္မာဒိဋ္ဌိ ယံခေါ ဘိက္ခဝေ ဒုက္ခေ ညာဏံ ဒုက္ခသမုဒယေ ညာဏံ ဒုက္ခ နိရောဓေ ညာဏံ ဒုက္ခ နိရောဓဂါမိနိပဋိပဒါယ ညာဏံ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ" လို့ ဟောတော်မူတယ်။

၁-ဆင်းရဲအမှန်ကို သိတဲ့ဉာဏ်၊ ၂-ဆင်းရဲ ဖြစ်ပုံးကြောင်း သိတဲ့ဉာဏ်၊ ၃-ဆင်းရဲငြိမ်းရာ အမှန်ကို သိတဲ့ဉာဏ်၊ ၄-ဆင်းရဲ ငြိမ်းရာ ရောက်ကြောင်းအမှန်ကိုသိတဲ့ဉာဏ်၊ ဒီဉာဏ်လေးခုပေါ်မှာ အုပ်ထားတဲ့ အဝိဇ္ဇာ၊ သစ္စာဉာဏ်ပေါ် အုပ်ထားတဲ့ အဝိဇ္ဇာ အဲဒါကို သစ္စာသိတဲ့ဉာဏ် မဂ်ဉာဏ်နဲ့ ခွါရမယ်၊ မဂ်ဉာဏ်ရရင် ဒီ ငါးအဝိဇ္ဇာ ကွာဘီလို့မှတ်။

သစ္စာလေးပါးသိမဲ့ဉာဏ်ကလေးကို ဒီ ငါးအဝိဇ္ဇာကဖုံးထားတယ်၊ သူ့ကွာအောင်လုပ်ပီး နိရောဓသစ္စာ မသိဘဲနဲ့ ဘယ်သူ နိဗ္ဗာန်ရောက်မှာတုံး?၊ဒီတရားကို သုံးလေးရက်တိုင်တိုင်ဟောဒါဟာ အရေးကြီးလို့ဘဲမှတ်၊ သောတာပတ္တိမဂ်ဉာဏ်မှာ ဒီ တစ်, နှစ်, သုံး, လေး, ငါးထပ်တိုင်တိုင် အုပ်ထားတော့ ဒီဟာတွေကွာမှဘဲ နိဗ္ဗာန်မြင်ရမှာ ဒီဟာတွေ မလွှန်လျှောဘဲနဲ့ သောတာပတ္တိမဂ်ဉာဏ် မရနိုင်ဘူး၊ ဒီမဂ်ဉာဏ်မှ အပါယ်တံခါးပိတ်မှာ ရှင်းကြပလား?။

ယနေ့ အချိန်စေ့သွားပြီ နက်ဖြန်မှဘဲ ဆက်ကြစို့။

ကိုင်း....ဒီတွင် တော်ကြအုံးစို့။

ဓမ္မရတနာမာတိကာ

"အာဝိဇ္ဇာဝင်းထပ် ဦးစွာလှုပ် တရားတော်"

ဆောင်ပုဒ်—

ကမ္မဿကတာ၊ အဝိဇ္ဇာ၊ ဦးစွာ တွန်းလှန်ချ။
နှာမ ရူပံ၊ မျောင်ထုရန်၊ ခွါလှန်ဒုတိယ။
ပဋိစ္စသမုပ္ပါ၊ ခွါလှစ်ရာ၊ ဝိဇ္ဇာ တတိယ။
လက္ခဏာဉာဏ်ဖုံး၊ အမျောင်ဟုံး၊ ခြေမှုန်း စတုတ္ထ။
သစ္စာဖုံးကွယ်၊ မျောင်ညစ်ကျယ်၊ ဖြတ်ပယ် ပဥ္စမ။
တစ်ကွာပြီးလျှင်၊ နှစ်ကိုပင်၊ ခွါစဉ်ယထာဂ္ဂမ။

သတိချပ်—

အဝိဇ္ဇာဝင်းတန်၊ စဉ်တိုင်းလှန်၊ အမြန်မဂ်ရမည်။
ဆင့်ဆင့်ခွါမှု၊ သဘာဝ၊ ကျနမှန်ကန်သည်။
မခွါဘဲလျှင်၊ လုပ်ငန်းဝင်၊ ဉာဏ်စင်မတက်ပြီ။
ဉာဏ်စဉ်တက်ခါ၊ ရတုံပါ၊ လွန်စွာ ကြာတတ်သည်။
ထိုကြောင့်ဦးစွာ၊ အဝိဇ္ဇာ၊ လှုန်ခွါပစ်ရမည်။
အဝိဇ္ဇာကွာမှ၊ စင်ကြယ်လှ၊ ဒုက္ခမြင်သိမည်။
ဒုက္ခသိလျှင်၊ မှုန်လေးမြင်၊ ငြိမ်းခွင်ရောက်ဇောသည်။
ငြိမ်းခွင်ရောက်လို၊ မျှားလူဗိုလ်၊ ချိန်တိုသေနိုးပြီ။

တရားသား။ ဒီကနေ့မှာလဲ မနေ့က အဆက်ကိုဘဲဟောရမယ် ဒီတရားဟာ အင်မတန်မှ နာရခဲတယ်၊ ကြိုးစားပီး လိုက်နာကြ၊ ပထမ အဝိဇ္ဇာ၊ ဒုတိယ အဝိဇ္ဇာ၊ တတိယ အဝိဇ္ဇာ၊ စတုတ္ထ အဝိဇ္ဇာ၊ ပဉ္စမ အဝိဇ္ဇာ၊ အရင်ရက်တွေကလဲ ပြောခဲ့ပြီးပြီ။

ဒီဟာတွေ မလှန် မလှောဘဲနဲ့ သောတာပတ္တိမဂ်ဉာဏ် မရနိုင်ဘူး၊ ဒီမဂ်ဉာဏ်မှ အပါယ်တံခါးက ပိတ်မှာ၊ ဒါကြောင့် အာဃာတဝတ္ထုခင် ဒီငါးထပ်ကို အရင် ခွါရမယ်၊ မခွါဘဲနဲ့ အာဃာထုတ်ရင် ရဘို့ မလွယ်ဘူး၊ ပထမ တစ်, အဝိဇ္ဇာကိုခွါ၊ တစ်ပီးမှ နှစ်ကိုခွါ၊ နှစ်ပီး သုံး၊ သုံးပီး လေး၊ လေးပီးမှ ငါး နံပါတ် အဝိဇ္ဇာကို ခွါရမယ်၊ အစဉ်အတိုင်း ခွါမှရမယ်လို့ မှတ်ကြ။

တချို့တွေ အာဃာထုတ်တာ ကြာလှပီး ဘာမှ မဖြစ်သေးဘူးတဲ့၊ အဲဒါ ဒီငါးထပ် ဖုံးနေလို့ဘဲ၊ အလုပ်စဉ်ဝင်လို့ မရနိုင် ဒါ အဆင့်ဆင့် မကွာခဲ့လို့ ဘဲဆိုဒါ မှတ်လိုက်ကြ၊ ဒီငါးထပ်အုပ်တဲ့ အကြောင်း သုတ္တံ နံပါတ် ပါဠိတော် မှာလဲ ဟောတယ်၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာလဲ ဟောထားဒါရှိတယ်၊ဒီငါးထပ် ဖယ်ရှင်းမှ ရနိုင်ကြမယ်၊ ဖယ်ရှင်းတဲ့အခါ တစ်ကစပီး ငါးအထိ အစဉ်အတိုင်း ရှင်းရမယ်၊ ခွါပစ်ရမယ်။

အခုမှသာ ကံကောင်းကြလို့ ဒီနည်းလမ်းကိုရကြဒါ၊ လူဖြစ်တဲ့နေ့ကစပီး ဒီလိုတွန်းလှန်ရမယ်ဆိုတဲ့သဘောတရားနားမလည်ကြဘူး၊ ကြားကိုမှ မကြားခဲ့ပါဘူး၊ ဆရာကောင်းနဲ့သာ မတွေ့ရရင် အလွန်ဆိုးဝါးတဲ့ အဖြစ်ဆိုးနဲ့ ကြုံရမယ်၊ သဘောပါကြရဲ့လား?၊ ကမ္မဿကတာဉာဏ် ရလို့ ဒကာတို့မှာ တစ် နံပါတ် ဥဒ္ဓံကွာဘီ။

ဒီဥာဏ်နဲ့ မသေသင့်သေးဘူး၊ မသေပျော်သေးဘူး လို့သေး တယ်၊ လေးခုက အုပ်နေသေးလို့ အမှောင်တိုက်ထဲ အမိုက်တိုက် ထဲမှာ ရှိနေသေးတယ်၊ နှစ်နံပါတ် အလင်းက မိမိသန္တာန်ရှိဒါ ယောကျ်ားတွေလား၊ မိန်းမတွေလားလို့ မထင်မြင်ဘဲ နာမ်နဲ့ ရုပ်ဘဲ ရှိတယ်လို့ သိတယ်၊ သိရင် နှစ်အဝိဇ္ဇာ ကွာဘီ၊ နာမ်ရုပ်က လွဲလို့ ဘာမျှမရှိလို့ သိမြင်ရင် ကွာဒါဘဲ။

နှစ်ထပ်ကွာတော့ အမိုက် သုံးသင်းက အုပ်နေ သေးတယ်၊ နိဗ္ဗာန်မြင်ဘို့နဲ့တော့ ဝေးပါသေးတယ်၊ ဒီအမိုက်တိုက်ကို ဘယ် သူပို့ လိုက်သလဲ ဒီဘဝလူဖြစ်လာတဲ့အစကိုကြည့်ရင် ကိုယ် ကိုယ် တိုင် ဝင်ပြီးအောင်းနေရဒါ သိလိမ့်မယ်၊ ဒီတော့အမိုက်တိုက်က ထွက်ရအောင် တတိယအဝိဇ္ဇာ ခွါကြရမယ်၊ ဒီအထပ်ဟာ ပဋိစ္စ သမုပ္ပါဒ် အကြောင်းအကျိုးသိရင် ကွာသွားဘီ။

ကိုယ်ရခဲ့ဒါဟာ ဇာတိ၊ ဇာတိကြောင့် ဇရာ၊ ဇရာကြောင့် မရဏစတဲ့ အကျိုးတွေ အဆက်ဆက် ရလာကြတယ်၊ ဇာတိချုပ် ရင် ဇရာ မရဏချုပ်မှာဘဲ၊ သောက ပရိဒေဝ စသည်လဲချုပ်ရော ဇာတိမရှိ ဇရာမရှိ နိဗ္ဗာန်၊ မရဏမရှိရင်လဲ နိဗ္ဗာန်ဘဲ၊ ဒီလိုသိတဲ့ ဥာဏ်က တွန်းလှန်ထုတ်လိုက်ရင် တတိယဥဒ္ဓံ ကွာတယ်၊ ဒုဒ္ဒကာ ဒီအတိုင်းသာ လှန်သွားရင် ပါရမီစောင့်ဘို့ မလိုဘူး ဒီဟာတွေ တွန်းလှန်ကြဘို့ဘဲရှိတယ်။

အမိုက်နှစ်သင်း ကျန်တော့တယ်၊ အလင်းသုံးခု ရသွားဘီ၊ ဒုဒ္ဒကာတွေ နားမလယ်ဒါ လယ်အောင်ပြောနိုင်ဘို့ တော်တော့ ပါရမီနဲ့ မဆုံနိုင်ကြဘူး၊ အင်မတန်ကံထိုက်လို့ ဆုံစည်းရတဲ့အခါ ငါ့ဘယ်အခြေရောက်ပြီလဲလို့ ကိုယ်ပိုင်ဥာဏ်နဲ့ ကြည့်ကြစမ်းပါ ကိုယ့်အဖြစ်မှန်ကိုယ်သိရင်ကြိုးစားလိုက်နာကြရိပ်မိကြပလား?

"အာလောကော ဥဒပါဒိ" မဖြစ်သေးဘူး၊ နှစ်ထပ်က အုပ်ထားသေးတယ်၊ လေး, ငါးက အရေးကြီးတဲ့အချက် စတုတ္ထလေးအချက်က ပိုပီး အရေးကြီးတယ်လို့ မှတ်ကြ၊ "အာလောကော ဥဒပါဒိ" ဆိုဒါ အဝိဇ္ဇာအုပ်နေလို့ မှောင်နေတဲ့အထဲကထွက်နိုင်လို့အလင်းရပြီလို့ ပြောဒါ၊ဆရာကောင်းသမားကောင်းနဲ့ မတွေ့ရရင် အလင်း ဘယ်တော့မှ မရနိုင်ဘူးလို့ မှတ် ဒီဒကာတွေ့ ဆရာကောင်း သမားကောင်းနဲ့ မတွေ့ မကြုံရတဲ့ အဖြစ်ဆိုးလောက်ဆိုးဒါ ဘာမှမရှိဘူး၊ အခု, ဒကာတို့ တော်,တော်သေးတယ်လို့ ဆုံးဖြတ်ကြ၊ "ဒကာတို့ တရားအားထုတ်တာ ဘာလုပ်ဘို့တုံး" ဆိုတော့ "ကုလုလ်ရဘို့ပေါ့" တဲ့ နိဗ္ဗာန်ရောက်တဲ့ဥာဏ်မပါ ဘူး၊ မပါဒါမသိလို့ ဒီထဲမှေး ဒီထဲသေ ဥခွံထဲမှာ လိမ့်နေရတယ်ဆိုတော့ ဘယ်ကလာဥာဏ်ပေါ်နိုင်တော့မလဲ မှောင်ထဲမှေး မှောင်ထဲသေ မှောင်ထဲမှာဘဲ နေကြရတော့ အလင်းခါတ် မလာနိုင်ဘူးပေါ့။

စတုတ္ထအထပ် ခွါတော့မယ်ဆိုတော့ ဝိပဿနာဥာဏ်နဲ့ ခွါရလိမ့်မယ်၊ ဝိပဿနာတရား မဟောဘူးဆိုရင် မကွဘူး၊ ဒီစတုတ္ထထပ်ကို အရေးတကြီး ခွါရလိမ့်မယ်၊ သူနဲ့ ဆိုင်တဲ့အဝိဇ္ဇာနဲ့ ခွါမှရမယ်၊ အလွန် အရေးကြီးတယ်လို့ မှတ်ကြ၊ အဲဒီဥာဏ်မလုပ်ရင် "ဝိဇ္ဇာဥဒပါဒိ အာလောကောဥဒပါဒိ" မဖြစ်နိုင်ဘူး၊ "မဂ်ဥာဏ်ရ, ရပါလို့၏၊ နိဗ္ဗာန် ရ, ရ ပါလို့၏" ဘယ်လိုလုပ် ဆုတောင်းဆုံတောင်း မရဘူး၊ ဝိပဿနာဥာဏ်မှ မရရင် မရဘူးလို့ မှတ်။

ဆုတောင်းလို့ မရတော့ ဘာလုပ်ရမလဲ ဝိပဿနာဥာဏ်ရအောင် အလုပ် လုပ်ရမယ်၊ ဝိပဿနာအားထုတ်ရမယ် တောင်းလို့ မရ လုပ်ယူမှရမှာဆိုဒါ တထစ်ချ မှတ်လိုက်ကြ၊ နာရုံနဲ့လဲ

မရနိုင်ဘူး၊ ဒါကြောင့် အားထုတ် ယူကြရမယ်၊ ဘယ်လို ထုတ်ရ
မလဲ ပဌမဆုံး မိမိခန္ဓာမှာ ဖြစ်ပီး ပျက်တဲ့ တရားဘဲ ရှိတယ်လို့
သိမှတ်ထားရမယ်၊ နာမ်ဆိုဒါလဲ ဖြစ်ပီးပျက်တာဘဲ၊ ရုပ်ဆိုဒါလဲ
ဖြစ်ပီး ပျက်တာဘဲ၊ အချုပ်မှာ အဖြစ်နဲ့ အပျက် ဖြစ်ပျက်ဘဲ
ရှိတယ်ဆိုဒါ သိရမယ်။

ဒါကို ဥာဏ်နဲ့သိရအောင် ရှုတတ်ဘို့ သတိပဋ္ဌာန် လေးပါး
ဟောပြ ထားတော် မူခဲ့တယ်၊ ကာယာနုပဿနာ သတိပဋ္ဌာန်၊
ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်
ဓမ္မာနုပဿနာ သတိပဋ္ဌာန်။

ဒီလေးပါးဘဲ၊ ဒီလေးပါးထဲက ပုဂ္ဂိုလ်အလိုက် စရိုက်အား
အလျော် တပါးပါးကို ရှုပွားရမယ်၊ ဒါပေမဲ့ သောတာပတ္တိ
မဂ်ဥာဏ် အမြန် ရချင်ရင် “ စိတ္တာနုပဿနာ ” ကို ရှုရမယ်၊
ဒီအဓိပ္ပါယ်ကို အရှင်မဟာကစ္စာယနဟောတဲ့ ပေဋ္ဌကောပဒေသ
ပါဠိတော်မှာ အထင်အရှား ထုတ်ဆို မိန့်ကြားထားတယ်။

“သောတာပန် အမြန် ဖြစ်ချင်ရင် စိတ္တာနုပဿနာ ရှုကြ” တဲ့၊
“စိတ္တာနုပဿနာဟာ သောတာပန် အမြန် တည်နိုင်တဲ့ သဘော
ရှိတယ်” တဲ့၊ “အနိစ္စသညာ ဝိညာဏဿ ပရိညာတာ” စသည်ဖြင့်
ဟောထားခဲ့တယ်၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာကလဲ ဒီဋ္ဌိဟာ
စိတ်မှာ အစဲနာတယ်၊ ဒါကြောင့် ဒီဋ္ဌိဝိပ္ပလ္လာသ ရှိသူတွေဟာ
စိတ္တာနုပဿနာ ရှုကြလို့ မိန့်ဆိုထားတယ်။

ဒီတော့....စိတ္တာနုပဿနာက စကိုင်ကြရမယ်၊ ဘုန်းကြီးက
ဟောဒါ မဟုတ်ဘူး အရှင်မဟာကစ္စည်းက ဟောဒါ၊ ဥပမာ
“ငါ့စိတ်ကမရဘူး၊ ငါပြောဒါ နားမထောင်ဘူး၊ ငါပြောဒါ
မဟုတ်ဘူး၊ ငါအိပ်ချင်ဒါ ငါစားချင်ဒါ ငါတွေးချင်ဒါ ငါသင်

နေဒါ နားမထောင်ဘူးလား” အဲဒါ သညာစိတ် ပညာစိတ်ကို ငါထင်နေဒါ။

စိတ်ပေါ်မှာ ဒိဋ္ဌိအများဆုံးဘဲ၊ ဒါကြောင့် စိတ်အရှုခိုင်းရဒါ ဒိဋ္ဌိအမြန်ကွာအောင်လို့ စိတ္တာနုပဿနာ ရှုလိုက်တော့ စိတ်တွေ ဖြစ်ပျက်နေဒါကို မြင်ရမယ်၊ စိတ်ဖြစ်ပျက် မြင်ရင် “စိတ်တွေ ဖြစ်ပျက်နေဒါဘဲ၊ ငါမှမဟုတ်ဘဲကိုး၊ အော်....လက်စသတ်တော့ အာထင်လဲနေဒါ ငါမဟုတ်ပါးကလား”လို့ ဆိုပီး “ငါ” ကွာမယ် “ငါ” ဆိုဒါ မရှိမှန်း သိလာမယ်၊ ရှင်းပလား?။

အနာနဲ့ဆေး သင့်အောင်ပေးမှရောဂါပျောက်မယ်၊ဒို့ဒကာမှာ ဒိဋ္ဌိနာရှိတယ်၊ ဒါကြောင့် ဒိဋ္ဌိနာနဲ့ သင့်တဲ့ စိတ္တာနုပဿနာဆေးကို ပေးရဒါလို့မှတ်ကြ၊ သောတာပန် အမြန် တည်ချင်ရင် “ဝိပဿနာအစ စိတ္တာနုပဿနာက”လို့ မှတ်ထားကြ။

“ငါစားချင်တယ်” စားချင်ဒါ လောဘစိတ်၊ လောဘ“ငါ” လုပ်ပြန်ပြီ၊ “ငါ့စိတ် ပုံ့လှုံ့တယ်”ဆိုဒါ ဥဒ္ဓစ္စ ကို ငါလုပ်တာ “ငါဝေဝေတေတေ နေတယ်” တဲ့၊ အဲဒါ“ငါ” လုပ်လိုက် တာဘဲ၊ “ငါကျွင်ငယ် စွန့်ချင်တယ်” တဲ့၊ ဒုက္ခစိတ်ကို “ငါ” ထင်နေဒါ။

အနာနဲ့ဆေး ကိုက်အောင်ပေး ပျောက်ရေးမခက်ပါ၊ ဒိဋ္ဌိနာက များနေတော့ စိတ္တာနုပဿနာဆေးကို ကြိုးစား သောက်ကြရမယ်။

ရောဂါဖြစ်လာရင် သူနဲ့တဲ့အောင်ပေးမှ တဲ့မဲ့ဆေး သောက်မှ ပျောက်မှာဘဲ၊ ဆေးဆိုတိုင်း ဝယ်သောက်နေလို့ မပျောက်ပါဘူး၊ သဘောပါကြရဲ့လား?။

ဒိဋ္ဌိနာဖြစ်နေရင် စိတ္တာနုပဿနာ ဆေးစားမှရတယ်၊ တဏှာနာဖြစ်လာရင် အသုဘဆေးနဲ့ ကုမှရမယ် ရှင်းကြပလား?။

ဘာစိတ် ပေါ်ပေါ် ဖြစ်ပျက်ရှုပေး၊ စားချင်စိတ် ပေါ်ရင် စားချင်တဲ့ စိတ်ကိုရှု၊ ရှုရင် စိတ်မမြဲမှုသိတဲ့ ဝိဇ္ဇာဉာဏ် အဟုတ် သိလာရင် ငါကဲ့သ့ားဘီ၊ တရားထိုင်ချင်တဲ့စိတ်ပေါ်ရင် အဲဒီ စိတ် ဖြစ်ပျက်ရှု၊ ရှုတော့ ထိုင်ချင်စိတ်ကလေးဖြစ်ပီး ပျက်သ့ား ဒါသိမယ်၊ မရှိဒါက အနိစ္စ၊ သိဒါက မဂ္ဂ၊ ဒီပြင် ဘာစိတ်မှ မပေါ်ရင် ထ့က်တဲ့စိတ် ဝင်တဲ့စိတ်ရှု၊ ထ့က်ပြီးပျောက် ဝင်ပြီး ပျောက်သ့ားဒါ တွေ့ရမယ်။

ဘေးက ပေါ်လာရင် ပေါ်သမျှ မလွတ်အောင်ရှု၊ ကျောက ယားရင် ယားဒါရှု၊ တံတွေးမျိုချင်တဲ့စိတ်ပေါ်ရင် မျိုချင်တဲ့စိတ် ရှု၊ ဒကာ,ဒကာမတို့ ရှုစရာမရှိဘူးဆိုရင် သေလို့ဘဲ ဆိုဒါမှတ်၊ ရှုစရာမရှိဘူးဆိုရင်"မင်း"သေပလား?၊ ညည်းသေပလား?၊ လို့ ကိုယ် ကိုယ်ကိုပြန်မေးကြ၊ ဘာစိတ် ပေါ်ပေါ် ရှုရင် ပျောက် သ့ားဒါကို တွေ့ရမယ်၊ ဖြစ်ပေါ်လာလိုက် ပျောက်သ့ားလိုက် ပျောက်သ့ားတဲ့စိတ်က အနိစ္စ၊ ရှုတဲ့စိတ်က မဂ္ဂ။

အရှု အပ့ားများရင် များသလောက် စတုတ္ထဉာဉ် ပါးမယ်၊ ပဉ္စမ ဉာဉ်ကတော့ အုပ်ရက်ဘဲ ရှိသေးတယ်၊ ဖြစ်ပျက် မြင်လို့ ဖြစ်ပျက်မှန်းလာရင်ဖြင့် စတုတ္ထဉာဉ် ကဘီလို့မှတ်ကြ၊ စတုတ္ထ ဉာဉ်က ဉာဏ်နှစ်ဉာဏ်နဲ့ တွန်းလှန်ရမှာ၊ နှစ်ဉာဏ်က ယထာဘူ တဉာဏ်နဲ့ နိဗ္ဗိန္ဒဉာဏ်ဘဲ၊ ဝိပဿနာရှုတယ်ဆိုဒါ စတုတ္ထဉာဉ်ကို ခ့ါနေဒါဘဲလို့မှတ်ကြ။

ဒါကဘာရင် အမိုက်တသင်း ကျန်သေးတယ်၊ အလင်းလေးခု ရသ့ားပြီ၊ ဥပမာ, ကျင်ကြီးငါးပုံ တပုံကျန်နေရင် ဘာလုပ်မလဲ

အိမ်သုံးထားချင်ကြသေးသလား? ဆေးပစ်ရမှာဘဲ ငါးနံပါတ် အဝိဇ္ဇာအုပ်ထာကောကြက်သရေမင်္ဂလာရှိသေးသလား?မရှိဘူး ခွါပစ်ရအုံးမှာဘဲ။

အခု ကျန်နေဒါ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါး မသိတဲ့ အဝိဇ္ဇာ၊ ဒီ အဝိဇ္ဇာဟာ မဂ္ဂအဝိဇ္ဇာဘဲ သန့်ဖဲ့ထဲမှာမှ နိဗ္ဗာန်ပါလာမှာ။

ဒီအဝိဇ္ဇာဟာ ကျင်ကြီးတပုံဘဲ သည်တပုံ ဆေးရတော့မယ်၊ အိမ်သုံးမထားချင်ရင် သစ္စာသိအောင်လုပ်ကြ၊ ကျင်ကြီးလေးပုံတော့ ဆေးပြီးပြီ၊ သည်တပုံကျန်နေသေးတယ်၊ဒီတပုံက တခြားအပုံတွေထက် အရေးကြီးတယ်၊ ဒီကျန်တာက နိရောဓ သစ္စာကို ဖုံးထားတာ ရှင်းကြပလား?။

ဒီငါးအဝိဇ္ဇာက မကွာသေးဘူး၊ ငါးမကွာဘဲသေလဲ အဝိဇ္ဇာနဲ့ သေဒါဘဲ၊ မတော်လောက်သေးဘူး အလုံးမပျောက်သေးဘူး၊ အလုံးမှ မပျက်သေးဘဲ သေလဲ ဘာမှ သိပ်မထူးသေးဘူး၊ ဥခွံထဲမှာ အတူတူသေရဒါဘဲလို့ မှတ်ကြ၊ ဒီတော့ ဒီတဥထဲကိုဖြင့် မကွာ ကွာအောင် ခွါမယ် ဆိုတဲ့ ဆုံးဖြတ်ချက် ချကြ၊ ဥပမာ လိပ်ဥနဲ့ ကြက်ဥ ဘယ်ဥထဲမှာဘဲ နေနေ နေလို့ မတော်ဘူး၊ ဒီအတိုင်းပါဘဲ၊ အဝိဇ္ဇာက မလွှတ် သေးရင် ဘယ်အဝိဇ္ဇာဘဲ ဖြစ်ဖြစ် နေရာမကျသေးဘူးလို့ မှတ်ကြ၊သဘောပါကြပလား?။

ဒီ ငါးနံပါတ် ဥခွံက မထွက်နိုင်သေးရင် နိဗ္ဗာန်မရသေးဘူး ဘာကြောင့်လဲ?၊ အဝိဇ္ဇာက သစ္စာ မသိအောင် ဖုံးထားတဲ့

အဝိဇ္ဇာဖြစ်လို့ ဘဲ၊ သစ္စာမှမသိရင် ဘယ်တော့မှနိဗ္ဗာန်မရပါဘူး၊ ဥပမာ "မင်းဘို့ ရေခပ်ခဲ့တယ် ဘယ်မလဲ? ဟာ - မမြင်လား?၊ ဇီးဖြူရွက်နဲ့ ရေထုပ်ပီး မင်းဘို့ ယူခဲ့တယ်" ဆိုရင် ယုံစရာ ရှိသလား?၊ ယုံစရာမရှိဘူး၊ ဒီဥပမာလိုဘဲ သစ္စာမသိဘဲနဲ့ နိဗ္ဗာန် ရတယ်ဆိုရင် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဆိုဒါမှတ်၊ သစ္စာမသိဘဲ အဝိဇ္ဇာမကွာဘဲ နိဗ္ဗာန် ရတယ်ဆိုဒါဟာ မဖြစ်နိုင်၊ အရာမဟုတ်ဘူး၊ ရှင်းပလား?။

သစ္စာသိတယ်ဆိုတဲ့နေရာမှာ သစ္စာတချက်ခုတ်မှာ လေးချက်ပြတ်တယ်။

ဒုက္ခသစ္စာ....ပိုင်းခြားသိရမယ်။
သမုဒယသစ္စာ....ပယ်ရမယ်။
နိရောဓသစ္စာ....မျက်မှောက်ပြုရမယ်။
မဂ္ဂသစ္စာ....ပွါးများရမယ် ဆိုတဲ့ လေးချက်ဘဲ။

အဓိပ္ပါယ် ဒုက္ခသစ္စာ တချက် ပိုင်းခြားပီး သိမြင်ရင် ကျန်တဲ့ သုံးချက် တပြိုင်နက် ကိစ္စ ပီးပါတယ်၊ တခြား သီးသန့် လုပ်စရာ မလိုပါဘူး၊ ဒါကြောင့် ဒုက္ခသစ္စာပိုင်းခြားဘို့ အာရေးကြီးတယ်လို့ မှတ်ကြ။

"ဒုက္ခ သစ္စာကို ပိုင်းခြား သိရမယ်၊ သိနိုင်ရင် သမုဒယပယ်၊ နိရောဓ မျက်မှောက်ပြု၊ မဂ္ဂသစ္စာ ပွါးများ" ဆိုတဲ့ ကိစ္စလေးရပ် စလုံး ပီးနိုင်တယ်၊ ဒါကြောင့် ဒုက္ခသစ္စာ ပိုင်းခြား နိုင်တဲ့ဥာဏ် အာရေးကြီးတယ်လို့ ဆိုးဖြတ်ချက် ချကြ၊ ဒါကြောင့် "ဒုက္ခ

ဒီဌေ့ စတ္တာရိသစ္စာနိ ဒိဋ္ဌာနိ ဟောန္တိတိ အာမန္တာ" လို့ ကထာဝတ္ထု ပါဠိတော်မှာ ဟောတော်မူထားတယ်။

သစ္စာသိရင် ပဋ္ဌမ ၅-နံပါတ် ဥခွံ ကွာသွားဘီ၊ ပိုင်းခြားပုံ သေသေ ချာချာ ပြောမယ်၊ ပန်းဝင် နေရာဟာ အရေး ကြီးတဲ့ အချက်လို့ မှတ်ကြ အရင်က ဝိပဿနာ ဝိဇ္ဇာဉာဏ် အခုပြောရ မှာက မဂ် ဝိဇ္ဇာဉာဏ်ဘဲ အရင်က ဟောခဲ့သမျှ ဒီနေရာမှာမှ အချုပ်ဘဲ ဒါပိုင်ဘို့ အရေးကြီးတယ်။

မိမိ ခန္ဓာမှာ ဖြစ်ပေါ်တဲ့ စိတ်ကို စောင့်ကြည့်၊ ကြည့်တော့ ဖြစ်ပီး ပျက်သွားဒါကို တွေ့ရမယ်၊ ဖြစ်ပေါ်လာသမျှ ဖြစ်ပီးပျက် ဖြစ်ပီးပျက်နဲ့ ဖြစ်ပီး ပျက်သွားဒါတွေချည့် တွေ့ရမယ်၊ ဒီလိုနဲ့ ကြာကြာကြည့်တော့ စိတ်မတွေ့ဘဲ ဖြစ်တာရယ် ပျက်တာရယ် ဆိုတဲ့ ဖြစ်ပျက် ဒုက္ခကိုသာ တွေ့ရတော့တယ်။

ဥပမာ အနာ ပေါက်တာနဲ့ အနာပေါက်လို့ သေဒါဟာ တူညီ သလိုပါဘဲ၊ ဖြစ်တာက အနာ ပေါက်တာနဲ့ တူတယ်၊ ပျက်သွားဒါက အနာပေါက်လို့ သေဒါနဲ့ တူတယ်၊ ဒီဒကာတွေ့ အနာပေါက်တာရယ်၊ အနာကြောင့် သေဒါရယ်၊ ဘယ်ဟာကြိုက်ကြတုံး? ဘယ်ဟာမှ မကြိုက်ပါဘူး၊ ဖြစ်တာက အနာပေါက်တာ ပျက်တာက သေဒါဘဲ၊ သုခ ကြားမည်ပါဘူး၊ ဒုက္ခအဆက်ဆက်ချည့် လှည့်နေဒါပါ။

ခန္ဓာမှာ ရှိတဲ့ စိတ်ကလေးတွေဟာ ဖြစ်လာ ပျက်သွား ဖြစ်လာ ပျက်သွားနဲ့ ဖြစ်တာနဲ့ ပျက်တာဘဲ ရှိတယ်၊ ဒါကို

ဥာဏ်နဲ့ အထပ်ထပ်ကြည့်တော့ အနာပေါက်သေ၊အနာပေါက်သေဆိုတဲ့ အချက်ကို ကွက်ကွက်ကွင်းကွင်း ပိုင်းခြား နိုင်လာမယ်၊ ဒီနည်းအတိုင်း မြင်ပါမျှားလာတော့ မလိုချင်တော့ဘူး၊မုန်းလာဘီ စွန့်ချင်လာဘီ၊ စွန့်ချင် မလိုချင်တော့ ဖြစ်ပျက် ဒုက္ခတွေဟာ့ဆိုးသားဒါဘဲ။

ဖြစ်ပျက်ဒုက္ခဆိုးတော့ မဖြစ်မပျက် သုခနိဗ္ဗာန်ပေါ်လာတယ် ဒုက္ခချုပ်တော့ သုခရောက်ရဒါဘဲ၊ ရှင်းကြပလား?။

ကိုင်း....ဒီနေ့ ဒီတွင်ဘဲ တော်ကြအုံးစို့။

ဓမ္မရတနာ ပာတိကာ

" အဝိဇ္ဇာတဏှာ လွတ်ကြောင်းရှာ တရားတော် "

သစ္စာနှစ်ပါး

(၁) မိုက်မဲမှု အဝိဇ္ဇာ အကြောင်း တရား သမုဒယသစ္စာ။
(၂) ဆင်းရဲမှု ခန္ဓာ အကျိုးတရား ဒုက္ခသစ္စာ။

သတ္တဝါမှန်သမျှ ဤနှစ်ပါး သံသရာမှာ ထပ်ခါတလဲလဲအမြဲ တစေ ကျင်လည်ကာ နေကြရသည်။

ဆောင်ပုဒ်—

၀ ၄\ ၄ ၄ ၄ ၄ ၄ \ ၄
မိုက်မှ,တပါမက်၊ ယင်းဒဏ်ချက်၊ နှနက်ဒုက္ခပွေ့။
လိမ္မာ,ချမ်းသာ၊ ဘိတ်မပါ၊ သံသာကရှုတ်ခွေ့။
ကျောက်ခဲရေကျ၊ ပမာန၊ ဒုက္ခသက်ဆိုးရှေ့။
အသုတဝါ၊ ဥာဏ်မဲ့စွာ၊ သံသာခွေးနေသေ။
ငါဘဲထင်ရှိ၊ ယူဒိဋ္ဌိ၊ ခင်ဘိတဏှာပွေ့။
ခန္ဓာငါးအင်၊ လူနတ်ခွင်၊ မြဲဖြင်ပါယ်လေးထွေ့။
ခန္ဓာငါး၀၊ အနိစ္စ၊ ဒုက္ခ,အနတ္တော့။
ဖြစ်ပျက်ရှုဘိုး၊ မှန်မြင်သိ၊ သန္ဓိမိုက်လမ်းဖွေ့။
၀ ၄
သတိချပ်—

ဘုရားရှေ့ဥာဏ်၊ အမြင်သန်၊ ဟုတ်မှန်ထုတ်ဖေါ်ပြ။
ဥာဏ်မဲ့ထိုထို၊ မယုံလို၊ ပြစ်ဆိုစွပ်စွဲကြ။
လူလားမြောက်ဥာဏ်၊ မြတ်ဗုဒ္ဓ၊ ကေန်ယွင်းမခွ။
ငါတို့မမယ်၊ ကလေးငယ်၊ အရွယ်မွေးပေါက်စ။

ဘုရားမြတ်စွာ၊ မိန့်သြဝါ၊ ကောင်းစွာလိုက်နာမှု။
သံသာဝဋ်တွင်း၊ ဆင်းရဲခြင်း၊ ကြောင်းရင်းသမုဒယ။
မိုက်မဲကြောင်းဖန်၊ ဆင်းရဲခံ နှစ်တန်စက်လှည့်ရ။
မိုက်မဲကင်းချုပ်၊ ဒုက္ခပြုတ်၊ ဝိမုတ်လွန်ချမ်းမြေ။

တရားသား။ ဘုန်းကြီးတို့ဒကာ, ဒကာမတော့ ဒီကနေ့ အထူး သိမှတ်မိီး လိုက်နာကြဘို့ သတိပေးလိုက်တယ်၊ သတိပေးလိုဒါက "ဘုရား ဟောတော်မူတဲ့အတိုင်း ချွင်းချက်မရှိ တသဝေမတိမ်း မှတ်ယူကြ၊ လိုက်နာကျင့်သုံးကြ" ဆိုတဲ့ စကား အချက်ဘဲ၊ ရိပ်မိကြပလား?၊ ဘာကြောင့် ဒီစကားကို ထူးထူး ခြားခြား ပြောရသလဲ? သတိပေးရသလဲ?လို့ မေးစရာရှိတယ်။

ဒကာ,ဒကာမတော့်က မမြင်ကြဘူး၊ ဘုရားကမြင်တယ်၊ ဒကာ တို့မမြင်လို့ မသိကြဘူး၊ ဘုရားက မြင်လို့ သိလို့ ပြောဒါ ဘဲ၊ ဘုရားက ပြောတဲ့စကားကို မယုံဘူးလို့ မဖြစ်ကြစေနဲ့၊ဘုရားက အမှန်ပြောဒါ၊ ဒကာတို့ကမယုံရင် ဥာဏ်မမှီလို့ ဥာဏ်မလင်းလို့ မယုံဒါဘဲလို့ မှတ်လိုက်ကြ၊ သဘောပါပလား? ဘုရားစကားကို မယုံဘဲနေရင် ဘုရားကို စွပ်စွဲဒါဘဲ ရှင်းကြရဲ့လား?။

ဘုရားက လူလားမြောက်တဲ့ ပုဂ္ဂိုလ်၊ ဖွယ်ဖွယ် ရာရာ နေရာ တကျ သိမြင်တဲ့ ပုဂ္ဂိုလ်၊ ဒကာတို့က မွေးပေါက်စ ကလေးငယ် လူမမယ်သားဘဲ ရှိသေးတယ်၊ ဘုရားက လေးသခ်ျနဲ့ ကမ္ဘာ တသိန်း ပါရမီတွေဖြည့်၊ ကျင့်ကြံ အားထုတ်ထားလို့ အကုန် အစင်သိတဲ့ ပုဂ္ဂိုလ်မြတ်ဖြစ်တယ်၊ ဒါကြောင့် ဒကာတို့က ဘုရား

စကားကို မယုံမရှိကြစေနဲ့။ စွပ်စွဲရာရောက်မယ်၊ ဘုရားစကားကို စွဲစွဲမြဲမြဲ မှတ်ထားပီး လိုက်နာကြရမယ်။

ဒကာ,ဒကာမတို့ ဘုရားစကားတော်အတိုင်း ဆရာဘုန်းကြီးက ကိုယ်စားလှယ် အဖြစ်နဲ့ ပြောပြရမယ်၊ အဲဒီ တဆင့် ပြောပြဒါကို မှတ်ထားပီး မမြင်, မြင်အောင် ကြည့်ပါ တော့မယ်လို့ ဆုံးဖြတ်ချက်ချပီးမြင်အောင်ကြည့်ရမယ်သဘောပါကြပလား?၊

ဒကာ, ဒကာမတွေ ရှေးတုန်းက အခုထိအောင် နေခဲ့ကြဒါဟာ ဘာတွေနဲ့ နေခဲ့ကြရသလဲ?ဆိုတော့ ရှေးက ခုအထိဒုက္ခနဲ့ သမုဒယနဲ့ဘဲ နေခဲ့ကြရတယ်၊ အမြဲတမ်း ဒုက္ခနဲ့ သမုဒယချည့် ဖြစ်နေကြရတယ်ဆိုဒါမှတ်လိုက်ကြ၊ ဒကာတို့တတွေ သံသရာမှာ နေခဲ့ရဒါဟာ ဒီနှစ်ခု လွဲနေရတာဘဲရှိတယ်၊ ဒီ ဒုက္ခနဲ့ သမုဒယ နှစ်ခုလွဲခဲ့ရတယ် ရိပ်မိကြရဲ့လား?။

လေးခုထဲက နှစ်နဲ့ဘဲ လွဲနေရဒါဘဲ၊ သမုဒယက် မိုက်မဲမှု၊ ဒုက္ခက ဆင်းရဲမှု၊ မိုက်မဲတဲ့သစ္စာနဲ့ ဆင်းရဲတဲ့သစ္စာဘဲ ဒကာတို့ လွဲခဲ့ရတယ်၊ ကောင်းဒါ တခုမှ မပါဘူး၊ မင်္ဂိုလ်ကို မရသမျှမှာ ဒါဘဲ လုံ့လဖြစ်ရမယ်ဆိုဒါ မှတ်လိုက်ကြ၊ ဒကာ,ဒကာမတို့ သံသရာဆိုဒါ ဒီမိုက်မဲမှုနဲ့ ဆင်းရဲမှု နှစ်ခုလွဲနေဒါဟာ သံသရာဘဲ၊ ဒီပြင် တခြားဟာမျိုး မှတ်မနေကြနဲ့ လေးထဲက နှစ်ခုနဲ့ လွဲရဒါ သံသရာဘ။

ဒီမိုက်မဲမှု သမုဒယနဲ့ ဆင်းရဲမှု ဒုက္ခ နှစ်မျိုးနဲ့ လွဲရဒါဟာ ဝိဝဋ္ဋ မဟုတ်ဘူး၊ ဝဋ်သစ္စာ နှစ်ပါးဘဲ၊ အဲဒီတော့ ဒကာတို့ တတွေ သံသရာလွဲရဒါဟာ ဝဋ်ကောင် သက်သက် အဖြစ်နဲ့

လွဲရဒါ၊ ဒကာတို့ဟာ ဝဋ်ကောင်သက်သက်ဘဲဆိုရင် မလွဲပါဘူး ရှင်းကြရဲ့လား?၊ ဖြစ်စဉ်နဲ့ ရှင်းလင်းပီး ပြလိုက်တော့ အမှန် အကန် သိကြရဘီ၊ ဒကာ, ဒကာမတွေ့ ကိုယ်ဖြစ်စဉ် အမှန် အကန် သိကြဘီလား?။

သံသရာ တလျောက်လုံးမှာ မိုက်မဲမှုပီး ဆင်းရဲမှု ဒီနှစ်ခုဘဲ လွဲခဲ့ရတယ်၊ တခါတလေ မရှိပါဘူးလို့ များမအောက်မေ့လိုက်ကြနဲ့၊ ဝိပဿနာမရှုတဲ့အခါမှာ မိုက်မဲမှု ရှိနေတယ်၊ ဆင်းရဲမှုလဲ ရှိနေတယ်၊ မသိလို့သာ မရှိဘူး ထင်နေဒါပါ၊ ရိပ်မိကြပလား?၊ သံသရာ တလျောက်လုံးမှာ ချမ်းသာတဲ့ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တဲ့ မဂ်ဉာဏ်ကို ဘယ်အခါကမှ အနံ့အသက်မျှ မရခဲ့ဘူးဘူး ဆိုဒါ မှတ်ကြ။

ဒကာ,ဒကာမတွေ့ သဘော ပါကြပလား?၊ ဒကာတို့တတွေ့ သံသရာ ရှေ့သလောက် အကောင်းတခုမှ ကြားမည်ပ် ခဲ့ရဘူး၊ အဆိုးချည့် သွားနေကြရတယ်ဆိုဒါ သံသယမဖြစ်ကြနဲ့၊နတ်ဖြစ်သူ သိကြားဖြစ်သူ ဗြဟ္မာဖြစ်သူတွေ့ သမုတိနယ်က ကြည့်တော့ အကောင်းလို့ ထင်ကြတယ်၊ ထင်ကြပေမဲ့ အကောင်းမပါဘူး ဓမ္မနယ် ပရမတ္ထနယ်က ကြည့်လိုက်တော့ မိုက်မဲမှုနဲ့ ဆင်းရဲမှု ဒီနှစ်ခုဘဲ လွဲနေရတယ် ပေါ်ကြပလား?။

မိုက်မဲမှုက သမုဒယသစ္စာ၊ ဆင်းရဲမှုက ဒုက္ခသစ္စာ၊ ကောင်းဒါမျှား ပါသေးသလား?၊ မပါပါဘူး၊ အကောင်းမပါဒါ အကောင်း ထင်မိရင် အစ အဆုံး မရှိ လောက်အောင် မိုက်မဲဘို့

ဆင်းရဲဘို့ဘဲ ရှိတော့တယ်ဆိုဒါမှတ်ကြတော့၊ ဒကာ, ဒကာမတွေ သဘောပါကြရဲ့လား?၊ ပဋိစ္စသမုပ္ပါဒ်ဟာ မိုက်မဲမှုက စ,တယ်၊ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီး စ, ရဒါဟာ မိုက်မဲမှု အဝိဇ္ဇာက စဒါဘဲဆိုဒါ သဘောပါကြပလား?။

မိုက်မဲမှု အဝိဇ္ဇာက စတော့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်လာတယ်၊ ဒီ သင်္ခါရဆိုတဲ့ စေတနာဟာလဲ ဖြစ်လာပီး ပျက်သွားရှာတယ်၊ သင်္ခါရ စေတနာကလေး ဖြစ်ပီး ပျက်သွားဒါဟာ ဒုက္ခသစ္စာ၊ ဖြစ်ပျက် ဒုက္ခသစ္စာကလေးဘဲ မဟုတ်ပါလား?အဲဒီတော့ မိုက်မဲမှုအစ, ဆင်းရဲမှုအဆုံး၊ ဒါနှစ်ခုဘဲရှိတယ်၊ ဒကာ, ဒကာမတွေ ကျေနပ်ကြပလား?။

အဝိဇ္ဇာချုပ်သူက ကျေးဇူးပြုတော့ သင်္ခါရလာ၊ သင်္ခါရလာတော့ သင်္ခါရပစ္စယာ ဝိညာဏ်ဆိုပီး ကျေးဇူးပြုလိုက်ပြန်ဒါဘဲ၊ သင်္ခါရက အကြောင်းသမုဒယ၊ ဝိညာဏ်က အကျိုး ဒုက္ခဘဲ၊ အဝိဇ္ဇာလဲ ဖြစ်ပီးပျက်၊ သင်္ခါရလဲ ဖြစ်ပီးပျက်၊ ဝိညာဏ်ဟာလဲ ဖြစ်ပီးပျက်သွားပြန်ဒါဘဲ၊ အားလုံး ဖြစ်ပျက် ဒုက္ခသစ္စာချည့်ဘဲ၊ အဲဒီတော့ မိုက်မဲမှုအစ အဝိဇ္ဇာက စလိုက်တော့ ဆင်းရဲမှု ဒုက္ခသစ္စာအကျိုး ရလာဒါဘဲ၊ သဘောပါကြပလား?။

ဒကာ, ဒကာမတို့ မသိမိုက်မဲမှု သင်္ခါရကြောင့် ဆင်းရဲဒုက္ခဝိညာဏ် ပေါ်ရတယ်ဆိုဒါ ရှင်းကြပလား?၊ အဲဒီတော့ ဒကာဒကာမတွေဟာ အတိတ်တုန်းက မသိမိုက်မဲမှု သင်္ခါရတို့ကြောင့် အခု ပစ္စုပ္ပန်မှာ ပဋိသန္ဓေဝိညာဏ်ကစပြီး ဆင်းရဲမှု ဒုက္ခသစ္စာတွေ ပေါ်နေဒါဘဲ ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြ ပလား?၊ ဒီအမိပ္ပါယ်ကို စာထဲ ဘတ်နေလို့ မရဘူး၊ ကိုယ့်သန္တာန်မှာ ဒီအတိုင်းဖြစ်နေတယ်၊ ဖြစ်နေဒါကို မသိကြလို့ဘဲ။

ဝိညာဏ် ပီးပြန်တော့လဲ " ဝိညာဏပစ္စယာ နာမရူပံ " တဲ့၊ ဝိညာဏ်က အဖေကြောင်း၊ နာမ်ရုပ်က အကျိုး၊ ဝိညာဏ်က သမုဒယ၊ နာမ်ရုပ်က ဒုက္ခ၊ ဒီမှာလဲ ဒုက္ခနဲ့ သမုဒယဘဲလာတယ် ဒကာ့ဒကာမတို့ နောက်နောက်ကလဲ ဒီလိုဘဲ၊ အခုလဲ ဒီလိုဘဲ လာနေဒါဘဲဆိုဒါ အခုရှင်းပြတော့ ကိုယ်တွေ့ဉာဏ်မြင် သိကြရဘီ၊ အဲဒီတော့ ဒီဇာတ်ကိုဖြင့် အခု အခါခြိန်မှာ အမြန်ဆုံးရုပ်သိမ်းကြရမယ်။

အခုနေ့အခါမှာ ဒီဇာတ်ကိုမသိမ်းရင်မိုက်လက်စလဲမသိမ်းနိုင်ဆင်းရဲလက်စလဲ မသတ်နိုင်တော့ဘူးဆိုဒါ မှတ်လိုက်ကြ၊ရှင်းကြရဲ့လား?၊ နောက် နာမ်ရုပ်ကြောင့် သဋ္ဌာယတန ဖြစ်ပြန်တော့ အကြောင်း သမုဒယကြောင့် အကျိုး ဒုက္ခ ပေါ်လာ တာဘဲ၊ သမုဒယကြောင့် ဒုက္ခရဒါဘဲ၊ ဒကာ့ဒကာမတို့ ဒီအဓိပ္ပါယ်ဟာ "သံယုတ်ပါဦးတော်" မှာလဲလာတယ်၊ "ပဋိသမ္ဘိဒါမဂ် ပါဠိတော်" မှာလဲ လာတယ်ဆိုဒါမှတ်ကြ။

ဒီ ပါဠိတော်တွေက " အကြောင်း အကျိုးဘဲ ရှိတယ်၊ အကြောင်း မိုက်မဲမှုနဲ့ အကျိုး ဆင်းရဲမှု ဒီနှစ်ခုဘဲ ရှိတယ်လို့ " ဟောတော် မူထားတယ်၊ ရိပ်မိကြပလား?၊ ဒကာ့ဒကာမတို့ ဘုံအထွေထွေ ဘဝ အထွေထွေမှာ ဆိုင်းဘုတ်တွေ ပြောင်းလဲပြောင်းလဲ နေပေမဲ့ ဒီ မိုက်မဲမှုနဲ့ ဆင်းရဲမှု နှစ်ခုကဲတော့ မပြောင်းလဲပါဘူး၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါ အထွေထွေဆိုဒါတွေက အပြင် သဘောဘဲ၊ ဒီနှစ်ခုက အတွင်း သဘော ခန္ဓာအစစ်၊ ဒါကို အမှန်ယူရမယ်၊ ဒီသမုဒယနဲ့ ဒုက္ခ နှစ်ခုက အတွင်းသဘော အစစ်၊ ခန္ဓာ အစစ်ဘဲလို့သာ မှတ်လိုက်ကြ၊ ဒါကို အမှန်ယူရမယ်၊ ဒါက အတွင်းလည်ပုံဘဲ ရိပ်မိပလား?။

အပြင်လည်ပုံက မိုက်မဲမှုကြောင့် လူ့ဘဝကို လိုချင်တဲ့ တဏှာ၊ လူ့ဘဝကို လိုချင်တဲ့ ဒီလောဘတဏှာကြောင့်ခန္ဓာဒုက္ခ သစ္စာကိုရလာတယ်၊ ဒါက ပေါ်ပေါ်ထင်ထင် လွဲနေဒါ၊ ဒါက အပြင်ဘက်မှာ လည်ပုံ၊ ရှင်းကြပလား?၊ အတွင်းမှာကတော့ အယုတ်သစ္စာ နှစ်ပါးဘဲလွဲမယ်၊ အမြတ်သစ္စာဆိုဒါက လိမ္မာမှုနဲ့ ချမ်းသာမှု ဒီနှစ်ခုကိုဆိုဒါ၊ ဒကာ, ဒကာမတွေ့ လွဲနေရဒါဒီနှစ်ခု လုံးဝမပါကြဘူး၊ သဿေပါကြရဲ့လား?။

ဒကဲာ့ဒကာမတို့ ဆရာကောင်း သမားကောင်းနဲ့ သာ မတွေ့ မကြုံရရင် ဆင်းရဲပီးမိုက်၊ မိုက်ပီး ဆင်းရဲ၊ အဲဒီနှစ်ခု ဆင်းရဲမှုနဲ့ မိုက်မဲမှုက ဘယ်အခါမှ မလွတ်တော့ဘူး၊ ဒီနှစ်ခုဘဲချာချာလယ် ဒီနှစ်ခုထဲဘဲ လှည့်ပတ် နေရတော့မှာဘဲ၊ လိမ္မာမှုနဲ့ ချမ်းသာမှုဆို ဒါ လုံးဝ မပါတော့ဘူးလို့ သာ မုတ်လိုက်ကြ၊ လိမ္မာမှုက မဂ္ဂင်အကျင့်၊ ချမ်းသာမှုက နိဗ္ဗာန်၊ ရိပ်မိကြပလား?။

နဂိုကဲ့ ဒကာ, ဒကာမတွေ့ နေခဲ့ ထိုင်ခဲ့ ရဒါဟာ မှောင်ကြီး အတိ အမိုက်အတိဘဲ၊ "အန္ဓဝံဘူတော အယံ လောကော" တဲ့၊ ဘုရားကဟောဒါ ယုံမှားမရှိကြနဲ့၊ နဂိုက မှောင်ကြီးအတိထဲမှာ လိမ္မာမှုနဲ့ ချမ်းသာမှုဆိုတဲ့ ဒီအကြောင်းနှစ်ခုဟာ လျှပ်စီးရောင် လောက်တောင် ဒကာတို့မှာ မလာဘူးပါဘူး၊ ဒါကြောင့် မသေ ကြနဲ့အုံးလို့ တောင်းပန် နေရတယ်၊ ဒီလို အခွင့် အရေးမျိုး နောက်ဆိုဒါ မလွယ်ပါဘူး၊ ရိပ်မိကြရဲ့လား?။

ဒကာတို့တတွေမှာ တသံသရာလုံး အဝိဇ္ဇာ အမိုက်မှောင်ထဲ နေခဲ့ ကြရတယ်၊ အခုနှယ် အခွင့် သင့်တုန်းမှာ ဝိဇ္ဇာ ဉဒပါဒိ ဖြစ်အောင် လုပ်ရမယ်၊ ဝိဇ္ဇာ ဉဒပါဒိဖြစ်မှ လိမ္မာမှုဖြစ်ကြမယ်၊

လိမ္မာမှု ဖြစ်ပါမှလဲ ချမ်းသာမှု နိဗ္ဗာန်ကို ရနိုင်ကြမယ်၊ ဒဏ်ာ, ဒကာမတွေ ကိုယ့်အကြောင်း ကိုယ်သိ ကြတော့လို့ သတိပေးလိုက်ပါတယ်၊ ဒကာတို့မှာ အယုတ်တရားကို ကိုယ်ပိုင် ရနေကြတယ်၊ အမြတ်တရား နှစ်ပါးကိုတော့ မရကြဘူး၊ ဒီတော့ကို ဒုိလောက်ဆိုးဝါးဒါဖြင့် မရှိတော့ဘူးလို့သာ ဆုံးဖြတ်လိုက်ကြ။

လိမ္မာမှု မဂ္ဂင်နဲ့ ချမ်းသာမှု နိဗ္ဗာန်ဆိုတဲ့ ဒီအကြောင်းနှစ်ခု မလာရင် "ငါတော့ သွားပေါ့-သွားပေါ့"လို့သာ ဆိုလိုက်တော့ အမြတ်တရား နှစ်ခုမလာရင် အယုတ်တရား နှစ်ခုနဲ့ဘဲ ချာချာလယ်ပီးမျောရမယ်၊ နောက်,မြုပ်ရမယ်၊ ရိပ်မိကြပလား?၊ဒကာ ဒကာမတွေ ရချင်ဒါက ဒီအမြတ်တရားနှစ်ခု လိမ္မာမှုနဲ့ ချမ်းသာမှု၊ အခုလက်ရှိ ရနေဒါက အယုတ်တရားနှစ်ခု မိုက်မဲမှုနဲ့ ဆင်းရဲမှုပေါ်ကြပလား?။

ဒါကြောင့် ရချင်ဒါကို အရ ယူကြရမယ်၊ ရချင်ဒါမို့လဲ နည်းကို အရယူကြရမယ်၊ နည်းယူပီး ရအောင်လုပ်ကြ၊မလုပ်ရင် အောက်သံသရာ သစ္စာချည့်ဘဲ ရှိတယ်ဆိုဒါမှတ်ကြ၊ အောက်သံသရာလယ်ဘို့ရာ သမုဒယ သစ္စာနဲ့ ဒုက္ခ သစ္စာချည့် လာမှာဘဲ၊ သံသရာ ဖြတ်လမ်း မပါတော့ဘူး၊ အလွန် နစ်နာ ရတော့မယ်၊ ဒါကြောင့်, ကြိုးစားပီး ရအောင် ယူလိုက်ကြပါဆိုဒါ အထူးဘဲ တိုက်တွန်းလိုက်ပါတယ်။

ပေးတဲ့ သူက် ပေးနိုင်တုန်း ပေးခွင့် ကြုံတုန်းမို့ ပေးရဒါ၊ ပေးတဲ့သူက ပေးပေမဲ့ သေမင်းဆီမှာ ခန္ဓာကို အပ်ပီးသား၊ ယူတဲ့သူကလဲ သေမင်းထံမှာ ခန္ဓာအပ်ပီးသားဘဲ၊ အပေးနဲ့အယူ

အချိန်မမှီရင်မရဘူး၊ အချိန်လွန်သွားရင် မရလိုက်ဘဲ နေကြမယ် ဒါကြောင့် ပေးတဲ့သူက တွင်တွင်ပေးနေဒါ၊ ယူတဲ့သူက သွက်သွက်ယူကြ၊ ဒီညွှန်ပြတဲ့ နည်းလမ်းအတိုင်း အမြန်ဆုံး လုပ်ကြ၊ အင်မတန်မြန်မှ ရမယ်၊ သဘောပါကြပလား?။

အခု တရားဟောသူ တရားနာသူအားလုံးဟာ ခန္ဓာငါးပါး ရှိတဲ့သူချည့်ဘဲ၊ ခန္ဓာက ဘာခန္ဓာလဲ? ဆိုတော့ အသေ ခန္ဓာသေခြင်းဆင်းရဲရှိတဲ့ခန္ဓာ၊သေခြင်းဆင်းရဲမှုဆိုဒါက ခန္ဓာငါးပါးဘဲ၊ ရှင်းကြရဲ့လား?၊ သူက ဒီစက္ကန့် အတွင်းမှာ ပေ့ဖေါက်ချင်ဖေါက်မယ်၊ အခု ပေ့ဖေါက်လိုက်ရင် အခု ဒုက္ခ ရောက်ရတော့မယ်၊ ရိပ်မိကြရဲ့လား?၊ ဒကာ, ဒကာမတွေ ရှေးကလဲအရုပ်ဆိုးခဲ့ကြတယ်၊ အခုလဲ ဆိုးအုံးမယ် ဆိုရင် ကောင်းပါ့မလား?၊ မကောင်းတော့ဘူး။

ဒကာ,ဒကာမတွေ ရှေးက ဘယ်လိုနေခဲ့ကြရသလဲ? မိုက်မဲမှုနဲ့ ဆင်းရဲမှု ဒီနှစ်ခုနဲ့ဘဲ နေခဲ့ကြရတယ်၊ မိုက်မဲမှုနဲ့ ဆင်းရဲမှု ဆိုတော့ အမှောင်ထဲမှာ မွေးပီး အမှောင်ထဲမှာဘဲ သေခဲ့ရတယ် ဆိုရင် မလွဲဘူး၊ အမှောင်တိုက် အမိုက်တိုက်ထဲမှာ မွေးဖွားပီး ဒီအထဲမှာ သေခဲ့ကြရ၊ ဒီတော့ ဘာမှမမြင်ဘဲ ထင်သလိုရမ်းသွားချောက်မှန်းလဲမသိ၊ ကမ်းမှန်းလဲမသိ၊ ဒုက္ခအမျိုးမျိုး ရောက်ကြရတယ်၊ အဲဒီတော့ ဒကာတို့ဟာ သံသရာ့ ခရီးသယ် ဒုက္ခိတတွေဘဲ၊ ခရီးကလဲဝေး၊ ထော့နဲ့ ထော့နဲ့နဲ့ ခြေနာနဲ့သွားနေရတဲ့ ဒုက္ခိတ ခရီးသယ်လိုပါဘဲ။

ဘာ့ကြောင့် ထော့နဲ့ ဒုက္ခိတ ခြေနာနဲ့ သွားသလို ဖြစ်ရသလဲ? ဆိုတော့ ဒါကို ဘုရားက လက်သယ် ထုတ်ပြတယ်၊ ဒီလို ဖြစ်ရဒါဟာ အဝိဇ္ဇာ,တဏှာ မချုပ်လို့ဘဲတဲ့၊ အဝိဇ္ဇာ တဏှာ

မချုပ်လို့ ဒီမိုက်မဲမှုနဲ့ ဆင်းရဲမှုနှစ်ခုမှာ နေရဒါဘဲလို့ ဟော တော်မူတယ်၊ ရိပ်မိကြပလား?၊ ဘုရားရှင်က "အဝိဇ္ဇာ တဏှာ မချုပ်ရင် သမုဒ္ဒရာကြီး လေးစင်းက ရေတွေသာ ခြောက်ရင် ခြောက်ဘို့မြင်တယ်၊ ပင်လယ် ရေတွေသာ အကုန် ခန်းသွားဘို့ မြင်တယ်၊ မိုက်မဲမှုနဲ့ ဆင်းရဲမှု ဆုံးဘို့ မမြင်ဘူး"လို့ဟောတော် မူထားတယ်။

ဒကာ့ ဒကာမတို့ သမုဒ္ဒရာရေတို့ ပင်လယ်ရေ တို့က် နေငါး စင်းထွက်ရင် ခန်းခြောက်နိုင်တယ်၊ အဝိဇ္ဇာ တဏှာမချုပ်သူမှာ နေငါးစင်းမက အစင်းတရာ ထွက်ပေမဲ့လဲ မိုက်မဲမှုနဲ့ ဆင်းရဲမှုက လွတ်ခွင့် မရဘူး၊ မြင့်မိုရ်တောင်ကြီးသာ ပျောက်ကွယ် သွားဘို့ မြင်တယ်၊ အဝိဇ္ဇာ တဏှာ မချုပ်သူမှာ မိုက်မဲမှုနဲ့ ဆင်းရဲမှုက ဆုံးဘို့ မမြင်ဘူး၊ နှစ်သိန်း လေးသောင်း တာပေါင်း အထုရှိတဲ့ မဟာပထဝီမြေကြီးသာ ပျောက်ရင် ပျောက်မယ်၊ မြင့်မိုရ်ကြီး သာ ပျောက်ရင် ပျောက်မယ်၊ ပျောက်ကွယ် သွားနိုင်တယ်၊ အဝိဇ္ဇာ တဏှာ မချုပ်သူ အဘို့ရာမှာ မိုက်မဲမှု ဆင်းရဲမှုတွေ ချုပ် ဘို့မြင်ဘူးလို့ "သံယုတ်ပါဠိတော်"မှာ ဟောတော် မူခဲ့တယ်၊ ရှင်းကြရဲ့လား?။

ဒကာ့ ဒကာမတို့ ဘုရား ရှေ့ရှေ့ဂျာဏ်တော်နဲ့ ကြည့်ပီး အတိ အကျ ဟောတော် မူခဲ့ဒါ၊ ပေါ့ပေါ့ကလေးလို့ မျှားမမှတ်လိုက် ပါနဲ့၊ အင်မတန်ကြီးကျယ်တဲ့ မဟာကရုဏာတော်နဲ့ မှာခဲ့ဒါမို့ လေးလေး စားစား သဘောထားပီး မှတ်ယူကြ၊ လိုက်နာကြ၊ အဝိဇ္ဇာ တဏှာ မချုပ်သူ အဘို့ရာမှာ ချမ်းသာ ဆိုဒါ ဝေးဘီ၊ သေခါနီးလို့ စုတိစိတ်ကျပီး မျက်လုံးကလေးမျှားမှိတ်လိုက်ရင်

သုဂတိလို့ မထင်ပါနဲ့၊ အပါယ်ဘဲ၊ တချက် တိမ်းလိုက်ရင် ကျောက်ခဲရေကျဘဲ၊ ဘယ်တော့မှ မပေါ်နိုင်တော့ဘူး၊ ပေါ်နိုင်ဘို့ မလွယ်တော့ပါဘူး၊ ရိပ်မိကြပလား?။

သောတာပတ္တိမဂ် မကျသေးသမျှ စိတ်မချရသေးဘူးလို့သာ မှတ်လိုက်ကြ၊ သောတာပတ္တိမဂ်ကို မရသေးသမျှ အပါယ်သွားမလွတ်သေးဘူး၊ ဒါ့ကြောင့် အပါယ်သွားလွတ်အောင် ကြိုးစားကြရမယ်၊ မနေ့က ဟောခဲ့တဲ့ တရားမှာ အကြောင်း နှစ်ချက်နဲ့ ညီညွတ်ဘို့ ပြောခဲ့ဘီ၊ အကြောင်း နှစ်ချက်နဲ့ ဆိုတော့ လွယ်ကူတယ်၊ လွယ်ကူဒါမို့ ရအောင်လုပ်ကြ၊ အပါယ်သွားစိတ်ချရတဲ့ လက်ကိုင်တရားကို ရအောင်လုပ်ကြ၊ သဘောပါကြပလား?။

ဒကာ,ဒကာမတွေ တွေ့ရ,ကြုံရ ခံစားရမဲ့ ဒုက္ခကို ဘုရားက သိတော်မူ မြင်တော်မူလို့ အလွန်ကြီးမားတဲ့ သနားကရုဏာနဲ့ မှာတော်မူခဲ့ဒါဖြစ်တယ်၊ ဒကာတို့တတွေကို ဘုရားဟာ ဘယ်လောက်ကြင်နာတော်မူတယ် သနားတော်မူတယ်ဆိုဒါ့ စဉ်းစားကြ၊ ကယ်တင်နိုင်မယ်ဆိုရင် ဥပမာ "ဒီဘက်စကြဝဠာက ဟိုဘက်စကြဝဠာထိအောင် လှံတွေစီပီး အပြည့်ထောင်ထားပါ၊ဒီဘက်ကနေပီး လှံသွားတွေ လှံဖျားတွေပေါ်ကနင်းပီးဟိုဘက်နခမ်းရောက်အောင် ဖြတ်ကျော် သွားနိုင်ခဲ့ရင် သတ္တဝါတွေ ဒုက္ခကလွတ်မယ်၊ ကယ်တင်နိုင်မယ်" ဆိုရင်တောင် ဘုရားက ဒီလှံဖျားတွေပေါ်နင်းပီး ကူးသွားမယ်လို့ ဟောတော်မူတယ်။

ဘုရားဟာ ဒကာ, ဒကာမတို့ အပေါ်မှာ ဘယ်ကလောက် ကရုဏာတော် ကြီးမားတယ် ဆိုတဲ့အချက် ပေါ်ကြံ ပလား?၊ ပေါ်ရင် ကြိုးစားပီး ယူနိုင်အောင်သာ ယူကြတော့၊မယူနိုင်လို့

မရလိုက်ရင် အကြီးဆုံးသော ရှုံးခြင်းကြီးနဲ့ ကုံရဘီလို့သာ မှတ်ကြတော့၊ ဒါကြောင့် အချိန်ရှိတုန်း အခွင့်အခါရတုန်းမှာ ကြိုးစားကြ၊ သောတာပတ္တိမဂ်ကိုရရင် စိတ်ချရဘီ၊ ရှင်းကြရဲ့လား?။

"သဟာဝဿဒဿနသမ္ပယုတ္တမဒါယ၊ လ၊ စတူဟာပါယေဟိစ ဝိပ္ပမုတ္တော" ဘဲ။

"သောတာပတ္တိ မဂ်ဉာဏ်နဲ့ နိဗ္ဗာန်မြင်တဲ့ အချိန်က စပီး အပါယ်လေးပါးက လွတ်မြောက် တော့ဒါဘဲ" တဲ့၊ ဘုရားက တာဝန်ခံချက်ပေးတယ်၊ကိုယ်တိုင်လဲသိရမယ် ဘယ်သူပြောပြော မယုံနဲ့၊ ဘုရားပြောနဲ့ ဆရာသမား ပြောဒါကို ယုံကြ၊ ယုံပီး လေးစားစွာ မှတ်ထား၊ ကိုယ်တော်တိုင် ထောက်ခံချက်ပေး ထားဘီ၊ ဒီ-မဂ်ကိုရမှ အပါယ်က လွတ်မယ်၊ " မင်းတို့တော့ အပါယ်လွတ်ပီ "လို့ သာမညဆရာက စာနဲ့ ပေနဲ့ ပြောပေမဲ့ မယုံကြနဲ့လို့ သတိပေးလိုက်တယ်၊ ရှင်းကြရဲ့လား?။

အဲဒီတော့ ဒီသောတာပတ္တိမဂ်ကိုဖြင့် မရလို့ မဖြစ်တော့ဘူး၊ ရအောင်ကြိုးစားမှ ဖြစ်တော့မှာဘဲဆိုတဲ့အချက်ပေါ် ကြပလား ဒကာ, ဒကာမတွေ ရှေးတုန်းက နေလာ ခဲ့ရဒါဟာ မိုက်မဲမှုနဲ့ ဆင်းရဲမှု တလဲ့စီဘဲ၊ လိမ္မာမှုနဲ့ ချမ်းသာမှုဆိုဒါ သယ်တော့မှ မတွေ့ခဲ့ရဘူးဘူး၊ မိုက်မဲမှုက အကုသိုလ်တွေ၊ အကုသိုလ်တွေ ဆိုတော့ အပါယ်မှာဘဲအနေကြာခဲ့ရတယ်၊ သုဂတိဆိုဒါအလွန့် အလွန်နဲပါတယ်၊ ရိပ်မိကြပလား?။

ဒကာ, ဒကာမတို့ ရိပ်မိရင် ပြင်ကြ ဆင်ကြတော့အခုနေမှာ ပြင်ချိန်ဆင်ချိန်ရှိသေးတယ်၊ ဒကာတို့တတွေ အရင့်အရင်တုန်းက

နေခဲ့ရတဲ့ အချိန်တွေဟာ အချည်းနှီးဘဲ၊ နေပီးသားဟာအလကားဘဲ၊ အခု ကျန်နေသေးတဲ့ အချိန်က အလွန် နဲနေဘီ၊ ဒီလို ကျန်ဒါက နဲရတဲ့အထဲမှာမှ သားရေး, သမီးရေး, စီးပွားရေးတွေ ရှုပ်နေအုံးမယ် ဆိုရင် လာရာလမ်း ပြန်ကြဘို့ဘဲ ရှိတော့တယ်၊ ဒကာတို့ လာရာလမ်းက အပါယ်ဘဲ၊ သဘောပါကြပလား?။

ဒါကြောင့် ကျန်နေတဲ့ အချိန်ကလေး နဲနဲထဲမှာ မြန်မြန် ဆန်ဆန် ပြင်ကြရမယ်၊ ပြင်ကြတော့၊ ဒီအချိန်ကလေးက နဲရတဲ့ ခြားထဲမှာ "နင်တို့ အတွက် ရှုပ်တယ်နဲ့" လုပ်မနေလိုနဲ့၊ ဘာ အတွက်မှ မရှုပ်စေနဲ့၊ ဒီပြင်ဟာက အပိုတွေဘဲ၊ မိမိနဲ့ မဆိုင်ဘူး အားလုံး ထားပစ် ခဲ့ရမှာချည့်ဘဲ၊ ဒီအလုပ်ကမှ မိမိနဲ့ ဆိုင်တဲ့ အလုပ်၊ ဒီဟာလုပ်မှ ကိုယ်ပိုင်ရမှာ၊ အဲဒါကြောင့် ဒီ မဂ္ဂင် အလုပ်ကိုဖြင့် လုပ်ဖြစ်အောင် လုပ်ကြပါလို့ လေးလေး နက်နက် ကြီး တိုက်တွန်းလိုက်တယ်။

ဒကာ, ဒကာမတို့ အဝိဇ္ဇာ, တဏှာက ဘာ့ကြောင့် လုပ်နေသလို?ဆိုတော့ "အသုတဝါပုထုဇ္ဇနော" ဖြစ်နေလို့ဘဲ၊အသုတဝါ ပုထုဇ္ဇနောဆိုတော့ အဝိဇ္ဇာ, တဏှာ ကြီးဆဲတိုင်း,က,နေကြရတယ်၊ အကြားအမြင် မရှိတဲ့ ပုထုဇဉ် ဖြစ်နေတော့ ဉာဏ် မျက်စိနဲ့ ဉာဏ်နား မရှိရှာဘူး၊ ဒီအထဲမှာ အမိုက်က ပေါသေးတယ်၊ ပုထုဇဉ်ဆိုဒါ ကိလေသာ ထူပြော အမိုက်ဘဲ ကျေနပ်ပလား?။

အဝိဇ္ဇာ, တဏှာ မချုပ်တာ မျက်စိကန်း,နားပင်း ကိလေသာတောထနေလို့ဘဲ၊ အသုတဝါ ပုထုဇ္ဇနော ဆိုတော့ အဝိဇ္ဇာ တဏှာ မချုပ်ဘူး၊ မချုပ်တော့ ခန္ဓာသံသရာက မိုက်မဲမှုနဲ့

ဆင်းရဲမှုဘဲ လယ်တော့တယ်ဆိုဒါ ရိပ်မိကြပလား?၊ ဒါ သုံးခု သံသရာလှဲ့နေရဒါဘဲရှိတယ်၊ ဒကာ, ဒကာမတွေ့ ကိုယ့်အဖြစ်မှန်ကို သိကြပလား?၊ သိရင် သုတဝါ အရိယသာဝကောဖြစ်ဘို့ အရေးကြီးတယ်၊ ဖြစ်အောင် လုပ်ရမယ်ဆိုဒါ ပေါ်ကြပလား?။

သုတဝါဖြစ်မှ ဥာဏ်မျက်လုံး ရမယ်၊ အရိယာသာဝကောဖြစ်မှ ပုထုဇဉ် အဖြစ်က လွှတ်ကြမယ်၊ နှစ်လုံးထဲ ပြင်လိုက်ရင် ပီးပါတယ်၊ နှစ်လုံးထဲ ပြင်ရင် ဥာဏ်မျက်လုံးနဲ့ ကိလေသာ ခေါင်းပါးတဲ့ အဖြစ်ရောက်မယ်၊ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ့ ရှေးတုန်းက ဘာ့ကြောင့် အသုတဝါ ပုထုဇ္ဇနောဖြစ်ရသလဲ? လို့ဆိုတော့ ချည်တိုင်နဲ့ ကြိုးနဲ့ လည်ပတ်နဲ့ နေခဲ့ရလို့ဘဲဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြရဲ့လား?။

ဥပမာအားဖြင့်ဆိုရင် ခွေးမှာ လည်ပတ်တယ်, ကြိုးနဲ့ဆွဲပီး ချည်တိုင်မှာ ချည်ထားတော့ ဒီတိုင်, ဒီကြိုး, ဒီလည်ပတ်နဲ့ ဒီအနားမှာဘဲ လှဲပတ်နေရတယ်၊ ဘယ်တော့မှ မလွှတ်တော့ဘူး ဒီခွေးဟာ နေတော့လဲ ဒီနားမှာဘဲ နေရတယ်၊ ကြိုးကလဲမပြတ် လည်ပတ်ကလဲမပြုတ်၊ တိုင်ကလဲမကျိုးဘူး၊ အဲဒီတော့ ဒီခွေးဟာ နေတော့လဲ ဒီအနား၊ အိပ်တော့လဲ ဒီအနားဘဲ၊ စားတော့လဲ ဒီအနား၊ ကျင်ကြီး ကျင်ငယ်စွန့်လဲ ဒီအနားမှာဘဲ စွန့်ရတယ်၊ ဒီတိုင်, ဒီကြိုး, ဒီလည်ပတ်နဲ့ ဒီအနားက လုံးဝ မခွါနိုင်ဘူး ဒီအနားမှာဘဲ လှည့်ပတ် နေရတယ်တဲ့၊ အဲဒါ ဘုရားဟောတဲ့ ဥပမာစကားတော်ဘဲလို့ မှတ်လိုက်ကြ။

ဒကာ,ဒကာမတွေ့ သဘောပါကြပလား?၊ မနာကြနဲ့တော့ ဖြစ်စဉ်ကိုက်အတိုင်း ရှေ့ဥာဏ်တော်နဲ့ ကြည့်ပီး ဟောပြခဲ့ဒါမို့

ဒို့အဖြစ်က ဒီ့ထက်ဆိုးလိမ့်အုံးမယ်လို့သာ ဆုံးဖြတ်ချက်ချကြ၊ ဒကာ့ဒကာမတို့ ဘုရားက မိုက်မဲမှုနဲ့ ဆင်းရဲမှု လှည့်နေရဒါဟာ ဒီ ခွေးဥပမာ အတိုင်းဘဲတဲ့၊ သံသရာဆဲ လှည့်ရဒါဟာ ခန္ဓာချည်တိုင်မှာ သက္ကာယဒိဋ္ဌကြိုးနဲ့ တဏှာလည်ပတ်နဲ့ လှည့်လည်ခဲ့ရဒါဘဲ၊ ဒါကြောင့် ခွေးဥပမာနဲ့ တူတယ်ဆိုဒါမျှားမှားသေးသလား?။

ဒီအတိုင်းပါဘဲ၊ ဒကာ့ဒကာမတို့ အဖြစ်ဟာ ဘယ်လောက်နစ်နာသလဲ?၊ စဉ်းစားကြည့်ကြ၊ သံသရာ တလျှောက်လုံးမှာ မိုက်မဲမှုနဲ့ ဆင်းရဲမှုဘဲ အချိန်ကကုန်ခဲ့ရတယ်၊ ကြိုးတဆုံးကနေပီး ဘယ်မှ လွှန်မသွားတတ်ပါဘူး၊ အဲဒီတော့ "ငါတို့ တတွေဟာ ခွေးနေ့နေ့၊ ခွေးသေ့သေတဲ့ ဇာတကုံ တသံသရာလုံး ခင်းခဲ့ရပါကလား" လို့သာ မှတ်လိုက်ကြ၊ ရိပ်မိကြပလား?။

ဒကာ့ ဒကာမတို့ ခွေးက အဿုတဝါဘဲ၊ငါ့ကိုယ်လို့ထင်ဒါက သက္ကာယကြိုး၊ ဒိဋ္ဌကြိုး ချည်လိုက်ထာဘဲ၊ ငါ့ကိုယ်မို့ ခင်ရမင်ရမှာဘဲဆိုပီး တဏှာလည်ပတ်က တပ်လိုက်ပြန်တယ်၊ နောက်ပီး ဒီကြိုး ဒီလည်ပတ်နဲ့ ခန္ဓာချည်တိုင်မှာ ချည်ထားလိုက်တော့တယ်၊ အဲဒီတော့ ဒီခန္ဓာငါးပါး ချည်တိုင်နားက တဘဝါးမှ မခွါနိုင်တော့ဘူး၊ ခွါလို့ကော ရကြသေးရဲ့လား?၊မရတော့ဘူး ဒနားမှာဘဲ တရစပတ် လှည့်ပတ်နေရတော့တယ်။

ဒိဋ္ဌကြိုး တဏှာ လည်ပတ်နဲ့ ခိုင်ခိုင် တုပ်ထားလိုက်တော့ ခန္ဓာချည်တိုင်နားက မခွါနိုင်ကြတော့ဘူး၊ ခန္ဓာချည်တိုင်မှာဘဲ နေကြရ၊ စားတော့လဲ ဒီနား၊ သွားတော့လဲ ဒီနား၊အိပ်တော့လဲ ဒီအနားမှာဘဲ အိပ်ရ၊ အညစ် အကြေး စွန့်တော့လဲ ဒီမှာဘဲ

စွန့်ရပြီး သေပြန်တော့လဲ ဒီအနားမှာဘဲ သေရရှာဒါ ဘဲ၊ ခန္ဓာချည်တိုင်က စာလှမ်းမှမရွေ့နိုင်ပါဘူး၊ ဒီလိုဖြစ်ရဒါဘာ့ကြောင့်လဲ? ဆိုတော့ ချည်တိုင်ကလဲ မကျိုး၊ လည်ပတ်ကလဲ မပြုတ်၊ ကြိုးကလဲ တန်းလမ်းနဲ့မို့ဘဲ၊ ပေါ်ကြပလား?။

ဒကာ, ဒကာမတွေ သံသရာ ဘယ်လိုမျှား နေခဲ့ ထိုင်ခဲ့ကြရသလဲ? လို့မေးရင် ဒီအတိုင်းဘဲ နေခဲ့ကြရတယ်၊ ခန္ဓာချည်တိုင်ကလဲ မကျိုး၊ သက္ကာယကြိုးကလဲ မပြတ်၊ တဏှာလည်ပတ်ကလဲ မပြုတ်နဲ့ဆိုတော့ ဒီတိုင်, ဒီကြိုး, ဒီလည်ပတ်နဲ့ဘဲ နေခဲ့ကြရပါတယ်၊ ဒါ့ကြောင့် ဒကာတို့တတွေဟာ "သံသရာမှာ ခွေးနေနေပီး ခွေးသေ, သေခဲ့ကြရတယ်လို့သာ မှတ်လိုက်ကြ၊ ရှင်းကြရဲ့လား?။

မနာကြနဲ့တော့ ဒကာ, ဒကာမကို ဖြစ်စဉ်ကိုက် အတိုင်းဘဲ၊ ဒီတိုင်ခြေမှာနေ, ဒီမှာဘဲစား, ပြေးတော့လဲ ဒီနားမှာဘဲလှည့်ပတ်ပြေးနေရတယ်၊ မွေးတော့လဲ ဒီနားမွေး သေး, ချိုးယိုတော့လဲ ဒီနားဘဲ၊ အစာ စားတော့လဲ ဒီအနား၊ တသက်လုံး ဒီတိုင်နားနေပီး, ဒီတိုင်နားဘဲ သေပွဲ ဝင်ရဒါဘဲ၊ ကြိုးသဲ့ မပြတ်ခဲ့ဘူး၊ လည်ပတ်လဲ မပြုတ်ခဲ့ဘူး၊ ချည်တိုင်လဲ မကျိုးခဲ့ဘူး၊ ဒကာဒကာမတွေ သဘောပါကြရဲ့လား?။

ဘုံအထွဋ်ထွဋ်မှာ ခန္ဓာ ငါးပါး ချည်တိုင်ကြီးကို ရလာကြတယ်၊ အဲဒီ ရလာတဲ့ ခန္ဓာ ချည်တိုင်ကို ငါကိုယ်လို့ထင်၊ ငါကိုယ်လို့ထင်ပီး သက္ကာယကြိုးနဲ့ ချည်လိုက်ပြန်တယ်၊ နောက် ငါကိုယ်မို့ ခင်ရမှာဘဲဆိုတော့ တဏှာ လည်ပတ်နဲ့ ထပ်ပတ်လိုက်ပြန်တော့ ခန္ဓာချည်တိုင်ကိုမစွန့်နိုင်တော့ဘူး၊ မစွန့်နိုင်တော့ ခိုင်ဒါပေါ့၊ ရှုန်းလို့ရပါအုံးမလား?၊ မရတော့ဘူး။

အဿုတဝါ ပုထုဇ္ဇနော ဆိုတော့ လည်ပတ်နဲ့ ကြိုးနဲ့ တိုင်ခြေမှာ လွဲပတ်မီး ပြေးနေရဒါဘဲ၊ ဒကာ, ဒကာမတို့ ဒီလို နေရဒါဟာ ကြက်သရေရှိနိုင်ပါအုံးမလား?၊ ခွဲးနေ,နေရဒါမို့ ကြက်သရေနဲနဲမှ မရှိဘူးဆိုဒါ ဆုံးဖြတ်ချက်ချကြ၊ လူနတ်ဗြဟ္မာ စကြဝတေး အဖြစ်ရပေမဲ့ အဿုတဝါ ဆိုရင် ခွဲးအနက်ဘဲ ရှိတယ်၊ အဿုတဝါမို့ ခွဲးဘဲလို့သာ မှတ်လိုက်ကြ၊ ဒါဟာ ဓမ္မသဘောအမှန်ဘဲ၊ ကျေနပ်ကြပလား?။

ဒါကြောင့်....အသိဉာဏ်ရှိတုန်းမှာ ဒီဇာတ်ကို သိမ်းကြရမယ် အသိဉာဏ်ရှိတုန်းမှာ ဒီဇာတ်ကို မသိမ်းမိရင် ခွဲးဇာတ် မသိမ်း ဒါဘဲလို့သာ မှတ်လိုက်ကြတော့၊ ဒကာ, ဒကာမတို့ အနေမှာ အမြန်ဆုံးသိမ်းပါရစေလို့တောင် ဆိုလောက်နေဘီ၊မဆိုလောက် သေးဘူးလား?၊ အဉ်တဉ်တဉ် လုပ်မနေကြနဲ့၊ " အမြန်ဆုံး သိမ်းပါရစေ " လို့ ဆိုကြတော့၊ သဘောပါကြရဲ့လား?။

ဒီဇာတ်ကို မသိမ်းချင်ရင် ဒီအတိုင်း သေခြင်းဆိုး နေပီး၊ သေခြင်းဆိုး သေရဘို့မှတပါး တခြား မရှိတော့ဘူး၊ ရိပ်မိကြ ပလား?၊ ဒီဇာတ်ကို သိမ်းချင်ရင် ပဋ္ဌမဆုံး ဒိဋ္ဌိ ပြုတ်အောင် လုပ်ရမယ်၊ ဒုတိယ တဏှာပြတ်အောင်လုပ်ရမယ်၊ ပဋ္ဌမ ဒိဋ္ဌိပြုတ်မှ တဏှာပြတ်မယ်၊ ထဏှာပြတ်မှ ခန္ဓာချည်တိုင် ကျိုးမယ် ခန္ဓာချည်တိုင်ကျိုးမှသာ ဒီဇာတ်ကို သိမ်းနိုင်မယ်ဆိုဒါ မှတ်လိုက်ကြ၊ ကျေနပ်ကြပလား?။

ဒါကြောင့် ဒိဋ္ဌိပြုတ်အောင် အရင်လုပ်ရမယ်ဆိုဒါ ဆုံးဖြတ်ချက် ချလိုက်ကြ၊ ဒိဋ္ဌိ ဘာ့ကြောင့်ဖြစ်လာ ရသလဲ? ဆိုတော့

"ရူပံ အတ္တာတော သမနုပဿတိ" တဲ့၊ ရုပ်ကို ငါ့ကိုယ်ဘဲလို့ စွဲယူလိုက်တယ်၊အဲဒါကြောင့်ဒိဋ္ဌိဖြစ်လာရတယ်၊ ဒီအတိုင်းဝေဒနာကို သညာကို သင်္ခါရတွေကို ဝိညာဏ်ကို ခန္ဓာငါးပါး အပေါင်းကို ငါ့ကိုယ်ဘဲလို့ စွဲယူမိတယ်၊ အဲဒီအတိုင်း စွဲယူနေလို့ ဖြစ်ရဒါ့ဘဲ၊ ရှင်းကြရဲ့လား?။

ဒိဋ္ဌိဖြတ်ဘို့က ပဌမပိုင်း၊ တဏှာ ဖြတ်ဘို့က ဒုတိယပိုင်း၊ သူ့အပိုင်းနဲ့ သူ လုပ်မှုရမယ်၊ အစဉ်လဲ့ရင် မရနိုင်ဘူး၊ဒါ့ကြောင့် ဒိဋ္ဌိဖြတ်မှုက အရင်လုပ်ရမဲ့ လုပ်ငန်းဘဲဆိုဒါမှတ်ထားကြ၊ဒကာ ဒကာမတွေ ရှေးဦးစွာ ဒိဋ္ဌိဖြတ်ရမယ်ဆိုဒါသဘောပါကြပလား အဿုတဝါ ပုထုဇ္ဇနောဆိုတော့ "ရူပံ အတ္တာတောသမနုပဿတိ" ဘဲ၊ ဒါကြောင့် အဦးဆုံး ပုထုဇဉ်အဖြစ်က လွတ်ဘို့ ပဌမ မဂ်ကို ရဘို့ ဒိဋ္ဌိဖြတ်ကြရမယ်။

ငါ့ကိုယ်စွဲ ဒိဋ္ဌိရှိရင် ခင်တဲ့ တဏှာလာမယ်၊ ဘယ်သူ့ခင်ဒါ တုန်းဆိုတော့ ခန္ဓာတိုင်ရောက်တော့ဒါဘဲ ရှင်းကြပလား၊ ဒီတိုင် မကျိုးနိုင်တာဟာ သူက အစဘဲ၊ သူက စုလိုက်တော့ တဏှာ ရောက်၊ နောက် ချည်တိုင်ရ၊ အဲဒါကြောင့် အစကို ဖြုတ်ပစ်ရမယ်၊ ဒီအစကို အမြစ်မဖြုတ်ရင် ဒကာ,ဒကာမတို့ဟာ ဒီအနေ ဒီအသေ ဒီအခြေက မလွတ်ရတော့ဘူး၊ မြင့်မိုရ်တောင်ကြီးသာ ပျောက်ကွယ်နိုင်တယ်၊ ဒီတိုင်, ဒီကြိုး, ဒီလည်ပတ်နဲ့ ခွေးဇာတ်ကတော့ မလွတ်ရတော့ပါဘူး။

ဒီဇာတ်ကို သိမ်းချင်ရင်ဖြင့် ဒိဋ္ဌိကို အရင် ဖြုတ်ကြ၊ နောက် တဏှာကို ဖြုတ်ရမယ်၊ တဏှာ လည်ပတ် ပြုတ်ရင် ခွင်ကျယ် သွားဘီ၊ လွတ်လပ်ခွင့် ရသွားဘီဆိုဒါမှတ်ကြ၊ ဒကာ, ဒကာမတို့

ဒီဌီအရင်ဖြုတ်ရမယ်ဆိုတော့ ဒီဌီဖြုတ်ချင်ရင် ဘာလုပ်ရမလဲ?၊ လို့မေးရင် "ပဋိစ္စသမုပ္ပါဒ် အစကို သိအောင် လုပ်ရမယ်၊ ပဋိစ္စသမုပ္ပါဒ် အစကို သိရင် ဒီဌီ ပြုတ်တယ်" ဆိုဒါ မှတ်လိုက်ကြ၊ ဒါကြောင့် ဒီဌီဖြုတ်မဲ့ကြံရင် ပဋိစ္စ သမုပ္ပါဒ် အစကို မိအောင် ဖမ်းရမယ်၊ ရိပ်မိပလား?။

ဥပမာ .... ကိုယ်သန္တာန်မှာ အိမ်ကို တွေ့တဲ့ အတွေးစိတ် ကလေးတခု ပေါ် လာ တယ် ဆိုတော့ အိမ် တည်း ဟူသော အကြောင်းကြောင့်တွေးစိတ်ပေါ်ရဒါ၊ အိမ်ဆိုတဲ့အကြောင်းက ကျေးဇူးပြုလို့ ပေါ်လာတဲ့ အိမ်တွေးစိတ် ဝိညာဏကွန္ဓာကလေးဘဲ၊ အဲဒီတော့ ဒီနေရာမှာ ဒီအတွေးစိတ်ကလေးဟာ "ငါလား? ဝိညာဏကွန္ဓာလား?" လို့ ဥာဏ်နဲ့ ကြည့်လိုက်ပါ၊ ကြည့်လိုက်တော့ "ဝိညာဏကွန္ဓာ" ငါမဟုတ်ပါကလားလို့ သိမြင်လာမယ် တွေးစိတ်ဟာ ခန္ဓာလေးဘဲလို့ သိမြင်မယ်။

ဒကာ့, ဒကာမတွေ့ သဘော ပါကြပလား?၊ အဲဒီလို သိရင် ဒီဌီပြုတ်ပီး ဒီဌီတည်းဟူသော ကြိုးဟာ တဒင်္ဂတော့ပြုတ်သွားဘီလို့မှတ်ကြ၊ နောက်, အပွါးနဲ့ပြုတ်မှ အမြစ်ပါပြုတ်မယ် ရှင်းကြရဲ့လား?၊ အဲဒါကြောင့်— ကိုယ်သန္တာန်မှာ ပေါ်လာတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ပေါ်တိုင်း, ပေါ်တိုင်း ဥာဏ်နဲ့ ကြည့်ပေးရမယ်၊ ဥာဏ်နဲ့ ကြည့်တော့ စိတ်ကလေးတခု ပေါ်တိုင်း, ပေါ်တိုင်း "ဝိညာဏကွန္ဓာ" ကလေးဘဲဆိုဒါ အမြင်မှန် အမြင်သန်လာမယ် ဒီလို အမြင်မှန်မြင်လာရင် ဒီဌီပြုတ်ပီ။

ဒကာ, ဒကာမတို့ ဝိညာဏကွန္ဓာပေါ်လာဒါသိရင် ဖြစ်ခြင်းကိုသိလို့ ချုပ်ခြင်းကိုလဲသိဒါဘဲ၊ ဝိညာဏကွန္ဓာကလေးဖြစ်ပေါ်

လာပီး ချုပ်ပျက်သွားဒါကိုမြင်ရတယ်၊ဝိညာဏကွန္ဓာကလေးရဲ့ ဖြစ်ပျက်ကို မြင်သွားတယ်ဆိုဒါ မှတ်ကြရမယ်၊ သဘောပါကြပလား?၊ ဒီလို ဝိညာဏကွန္ဓာကလေးရဲ့ ဖြစ်ပျက်ကို မြင်ဒါဟာ အနစ္စလ ဟုတ်တယ်၊ ဒုက္ခလ ဟုတ်တယ်၊ အနတ္တလ ဟုတ်တယ် ဆိုဒါ မှတ်လိုက်ကြ။

ဒကာ,ဒကဝမတွေက ဒီလိုဝိညာဏကွန္ဓာကလေးရဲ့ ဖြစ်ပျက်ကို မြင်ဒါ ဘာအကျိုး ရှိသလဲ? လို့ မေးစရာ ရှိပါတယ်၊ ဒီဝိညာဏကွန္ဓာလေးရဲ့ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်ကို သိမြင်ဒါဟာ တိုင်ကျိုးဘို့ ကြိုးပြတ်ဘို့ လည်ပတ်ပြုတ်ဘို့ လမ်းစဉ်ကိုရဘီ၊ ဒီလမ်းအတိုင်း ကန်းတန်းမတ်မတ်လိုက်သွားဘို့ ဘဲ ရှိတော့တယ်လို့လာ ဆုံးဖြတ်ချက်ချကြ။

ဝိညာဏကွန္ဓာကလေးရဲ့ အနိစ္စ သိရတဲ့အတွက် ဒိဋ္ဌိကဒတယ်၊ အနိစ္စကိုသိရင် ငါ့ကိုယ် ငါဟာစဲတဲ့ ဒိဋ္ဌိမရှိဘူး၊ဒုက္ခသိရင် ခင်တဏှာ,မင်တဏှာ မရှိတော့ဘူး၊ ရိပ်မိကြပလား? လမ်းစကို တွေ့ရင် ဆုံးအောင်လိုက်ကြရမယ်၊လမ်းမှန်ရဘို့ လမ်းစကိုတွေ့ဘို့ ညွှန်ပြဘို့ရာ ဆရာသမားတာဝန်၊ပြတဲ့လမ်းအတိုင်းခြောင့်ခြောင့် တန်းတန်း လိုက်ဘို့က ဒကာ,ဒကာမတို့ဘာဝန်၊ ကိုယ့်တာဝန် ကိုယ်ကျေပြန်ကြရမယ်၊ ကျေနပ်ကြပလား?။

မိမိသန္တာန်မှာ ဝိညာဏ် ပေါ်တိုင်း ပေါ်တိုင်း မြင်အောင် ကြည့်ပေးကြ၊ပေါ်လာတဲ့တရားလေးဟာ ပဋိစ္စသမုပ္ပါဒ် စဒါဘဲ၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် အစလဲ မြင်အောင် ကြည့်ရမယ်၊ ပဋိစ္စသမုပ္ပါဒီ အဆုံးကိုလဲ မြင်အောင်ကြည့်ရမယ်ဆိုဒါမှတ်ထားကြ၊ အဓိပ္ပါယ်ကတော့ ပေါ်လာတဲ့ တရားလေးကို ပေါ်လာတဲ့

အစကိုလဲ သိအောင်လုပ်ရမယ်၊ပေါ်လာဗီး ပျောက်ပျက်သွားတဲ့ အဆုံးကိုလဲ သိအောင်လုပ်ရမယ်၊ ရှင်းကြရဲ့လား?။

ဒကာ,ဒကာမတွေ လိုရင်းအချုပ်ကို မှတ်ထားဘို့က တရားကလေးတွေ မိမိသန္တာန်မှာ ဖြစ်လာဒါလဲသိရမယ်၊ပျက်သွားဒါလဲ သိရမယ်၊ ရှင်းရှင်းပြောရရင် ဓမ္မလေးခတွေရဲ့ "ဖြစ်ပျက်" ကို သိရမယ်၊ သိအောင် ဉာဏ်နဲ့ကြည့်ပေးရမယ်ဆိုဒါမှတ်လိုက်ကြ၊ ရှင်းကြပလား?။

မိမိသန္တာန်မှာ ပေါ်လာတဲ့ ဓမ္မလေးတွေကို ကြည့်ပေးကြ၊ စိတ်ကြိုက်ခင် စိတ်ကြည့်၊ ရုပ်ကြိုက်ရင် ရုပ်၊ ဝေဒနာကြိုက်ရင် ဝေဒနာ၊ ကြိုက်ရာကို ကြည့်ပေး၊ ဉာဏ်နဲ့ကြည့်လို့ ဖြစ်ပျက်မြင်ရင် အတော် နေရာကျဘီ၊ နောက် ဆက်ပီး မုန်းအောင်ဆုံးအောင် ဆက်သာကြည့်၊ ဆုံးရင် ဒိဋ္ဌကြိုးပြုတ်ပီ၊ နောက်ထပ် ဆက်ကြည့်လို့ ခင်ဇော်ပြတ်ရင် တဏှာလည်ပတ်ပြုတ်ရော တိုင်လဲ ကျိုးတော့ဒါဘဲ၊ ရှင်းကြပလား?။

ဒကာ,ဒကာမတို့ ဖြစ်ပျက်တလုံးနိုင်ရင် အကုန်နိုင်တယ်ဆိုဒါ မှတ်လိုက်ကြ။

ကိုင်း....ယနေ့—ဒီတွင် တော်ကြအုံးစို့။

ဓမ္မရတနာ မာတိကာ

“အာသဝကုန်ရန် နည်းလမ်းမှန် တရားတော်”

ဆောင်ပုဒ်

ခန္ဓာငါးရပ်၊ ရှုညာဏ်ကပ်၊ မပြတ်ရှုကြည့်ရာ။
အကြောင်းတိုက်က၊ ဖြစ်ပေါ်ရ၊ ခဏချုပ်ဆုံးရှာ။
ဖြစ်ပျက်သိမြင်၊ ညာဏ်ရလျှင်၊ မှန်မြင်ဇာနသာ။
အနိစ္စ,ဒုက္ခ၊ အနတ္တာ၊ သုံးဝပြီးပိုင်လာ။
ဖြစ်ပျက်မြင်ပိုင်၊ ဒုက္ခ ပိုင်၊ ဖြတ်နိုင်ပဋိစ္စာ။
ဖြစ်ပျက်ဒုက္ခံ၊ သိမြင်ညာဏ်၊ မဂ္ဂံ မြတ်သစ္စာ။
အာသဝချုပ်၊ ညာဏ်ဝိမုတ်၊ ကောင်းယုတ်နိဗ္ဗုချာ။

သတိချပ်

အဝိဇ္ဇာစ၊ အာသဝ၊ ပဋိစ္စခန္ဓာစက်။
တဏှာ,ဒိဋ္ဌိ၊ မောဟဖိ၊ မသိမိုက်မဲတွက်။
ဖြစ်ပျက်ဖန်ခါ၊ ငဲ့လှည့်ကာ၊ ဒုက္ခာလွန်နဲနက်။
သိမြင်ညာဏ်ရ၊ ထိုဒုက္ခ၊ မုချလွတ်နိုင်ကွက်။
ခန္ဓာဖြစ်စဉ်၊ ညာဏ်ရှုဝင်၊ မှန်မြင်ဒုက္ခနက်။
ဖြစ်ပျက်တလုံး၊ ပိုင်နိုင်သုံး၊ လမ်းဆုံးအာသဝက်။
ဆုတောင်းကာမျှ၊ အာသဝ၊ ကုန်ပ,မရှိတွက်။
ဆုတောင်းပယ်ဖြုတ်၊ မဂ္ဂင်လုပ်၊ မှန်ဟုတ်နိဗ္ဗုတွက်။

စာရေးသူး ဒကာ,ဒကာမတို့ အာသဝေါတရား ကုန်ဘို့ရာ အာသဝ ကုန်ရာဖြင်တဲ့ နိဗ္ဗာန်ကို ရောက်ဘို့ရာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဘယ်လို ဟောတော်မူခဲ့တယ်၊ ဘယ်လို မိန့်မှာတော်မူခဲ့တယ်ဆိုဒါ ဒီကနေ့ည အထူးတလည် သိမှတ်ကြရမယ်၊ သိမှတ်ရတဲ့အတိုင်းလဲဘဲ လိုက်နာဆောင်ရွက်ကြရလိမ့်မယ်ဆိုဒါ ဆုံးဖြတ်ချက်ချကြပါ။

ဒကာ,ဒကာမတို့ ဘုရားရှင်က အာသဝေါကုန်ဘို့ရာ ဘယ်လို မိန့်မှာတော်မူခဲ့ပါသလဲ?ဆိုတဲ့အချက်ကို သေသေချာချာ မှတ်လိုက်ကြပါ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "ခန္ဓဝဂ္ဂ သံယုတ် ဝါဋီဇဋ္ဌ" သုတ်မှာ....

"ဇာနတော ဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ နော အဇာနာတော နော အပဿတော။"

"ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော်တွေး ကြောက်ငြား အို....ချစ်သားတို့။ ဇာနတော၊ ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်ကိုသိသောသူအား သာလျှင်။ ပဿတော၊ ခန္ဓငါးပါးတို့၏ ဖြစ်ပျက်ကို မြင်သောသူအား သာလျှင်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ ကုန်ခြင်းကို။ (ဝါ) ကုန်ရာနိဗ္ဗာန်ကို။ လဒ္ဓေါတိ၊ ရအပ်၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ကောန် မြွက်ဟော် ဟောကြားတော်မူ၏။ ။ အဇာနတော၊ ခန္ဓာ ငါးပါးတို့၏ ဖြစ်ပျက်ကို မသိသော သူအား။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ကုန်ခြင်းကို။ လဒ္ဓေါတိ၊ ရအပ်၏ ဟူ၍။ အဟံ၊ ငါ ဘုရားသည်။

နောဝဒါမိ၊ဟောတော်မမူ။ အပဿတော၊ခန္ဓာငါးပါး တို့၏ ဖြစ်ပျက်ကို မမြင်သော သူအား။ အာသဝါနံ၊ တို့၏။ ခယံ၊ ကို။ လဒ္ဓါတိ၊ ၍။ အဟံ၊ သည်။ နောဝဒါမိ၊ ဟောတော်မမူ။ ”

အဲဒီလို ဟောကြား မှာထားတော်မူခဲ့ပါတယ်၊ အဲဒီတော့ သိတဲ့သူ မြင်တဲ့သူဆိုရင် အာသဝ ကုန်မယ်၊ မသိ, မမြင်တဲ့သူ ဆိုရင် အာသဝမကုန်ဘူးဆိုတဲ့အချက် မှတ်ကြရမယ်၊ သိမှ မြင်မှ ကုန်မယ်ဆိုတော့ ဘယ်လိုသိမှ ဘယ်လိုမြင်မှ အာသဝကုန်မှာလဲ လို့ မေးစရာရှိတော့ ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သိမှ, ဖြစ်ခြင်း ပျက်ခြင်းကို မြင်မှသာ အာသဝ ကုန်မယ်ဆိုတဲ့အဓိပ္ပါယ်ကို မှတ်လိုက်ကြ၊ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ သဘောပါကြပလား?။

အာသဝက (၁) ကာမာသဝ၊
(၂) ဘဝါသဝ၊
(၃) ဒိဋ္ဌာသဝ၊
(၄) အဝိဇ္ဇာသဝ၊

အဲဒီလေးပါးဘဲ၊လေးပါးဆိုပေမဲ့တရားကိုယ်အရင်းကောက် လိုက်တော့ ကာမာသဝ-လောဘ၊ ဘဝါသဝကလဲ လောဘဘဲ၊ ဒိဋ္ဌာသဝက-ဒိဋ္ဌိ၊ အဝိဇ္ဇာသဝက-မောဟ၊ ဒီသုံးခုဘဲရပါတယ်၊ အချုပ်ကတော့ လောဘ,ဒိဋ္ဌိ,မောဟဘဲ ရှင်းကြရဲ့လား? စာလို သုံးရင် ခက်တယ်၊ ဒကာ, ဒကာမတို့ အာသဝဆိုဒါ မောဟ, လောဘ,ဒိဋ္ဌိ ဒီသုံးခုဘဲ မှတ်ထားကြ၊ မှတ်တတ်ကြပလား?။

ဒီသုံးခုထဲက မောဟကို မပယ်နိုင်ရင် ပဋိစ္စသမုပ္ပါဒ် အစက စပီး အဆုံးထိအောင် လယ်သွားမယ်၊ ဒုက္ခအကုန် ပုံပီးဖြစ်တော့ မယ်ဆိုဒါ မှတ်လိုက်ကြ၊ မောဟဆိုဒါ အဝိဇ္ဇာဘဲ၊ အဝိဇ္ဇာဆိုတော့ သူဖြစ်လာလို့ရှိရင် အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏ်ဆိုပီး သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ကျအောင် ဒုက္ခအကုန်လုံး လိုက်လာမယ်၊ ရိပ်မိကြ ပလား?။

လောဘဆိုရင် ပဋိစ္စသမုပ္ပါဒ် အလယ်ကဖေါက်ပြီး အဆုံး ထိအောင် သွား၊ နောက်,အစက ပြန်ပတ်ပြန်ဒါဘဲ၊ ကာမာသဝ ဘဝါသဝ နှစ်ခုလုံးက လောဘ,တဏှာချည်ဘဲ၊ တဏှာဆိုတော့ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ကမ္မဘဝေါ ဆိုပီး အဆုံးရောက်အောင် သွား၊ နောက်-ဒေါသ, သောက ဆိုတော့ အဝိဇ္ဇာက တခါပြန်ပီး စလှဲပြန်ဒါ ဘဲ၊သဘောပါကြရဲ့လား?။

ဒိဋ္ဌာသဝက-ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန် ဆိုတော့ သူကလဲ အလယ်က စပီး အဆုံးကျအောင် သွား၊ နောက်,အစကဘဲ ပြန်ပီးပတ်အုံး ဆိုတော့ စဲလှဲ့သလို ရစ်ပတ်ပီး လှဲ့နေရတယ်၊ စဲလှဲသလိုဘဲ ဒုက္ခ စက်ကြီး လှဲနေရတယ်၊ ဒီတော့ ဒကာ,ဒကာမတို့ ခန္ဓာအစဉ်မှာ ဒုက္ခစက်စဲကြီး အမြဲတမ်း လှဲနေတယ်လို့ ဆိုရင် မမှားတော့ဘူး၊ ဒုက္ခစက်စဲကြီးဘဲလို့ သာ မှတ်လိုက်ကြ၊ရိပ်မိကြရဲ့လား?။

ဒကာ,ဒကာမတို့ သန္တာန်အစဉ် ခန္ဓာအစဉ်မှာ ဒီအာသဝ တရားတွေဘဲ၊ အကြောင်းအကျိုးဆက်ပီး စဲလှဲသလို လှဲနေ တယ်၊ စက်ကြီးများလယ်သလို လယ်နေရတယ်ဆိုဒါ ဆုံးဖြတ်

ချက် ချလိုက်ကြ၊ ဒီဟာ ဒုက္ခစက်ကြီးဘဲ၊ ဒီ အာသဝစက်ကြီး ဒုက္ခစက်ကြီးကို ရပ်သွားအောင် ပြတ်သွားအောင် လုပ်ကြရလိမ့်မယ်၊ အာသဝစက်မပြတ်ရင် ဒုက္ခစက်သဲ့ ဘယ်တော့မှ ရပ်ခွင့်မရှိတော့ဘူး၊ ရှင်းကြရဲ့လား?။

ဒါကြောင့် ဒကာ,ဒကာမတွေ မိမိသန္တာန်မှာ ပဋိစ္စသမုပ္ပါဒ်တခု ပေါ်လာရင် ဖြစ်,ပျက် ရှုရမယ်ဆိုဒါ ကြိုတင်ပီး မှတ်ထားလိုက်ကြပါ၊ ဖြစ်ပျက်တလုံးကို ပိုင်ပိုင်နိုင်နိုင် ရှုနိုင်ရင် အာသဝလေးပါးလုံး အကုန်ချုပ်မယ်၊ ကာမာသဝ,ဘဝါသဝ,ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ အားလုံး ပြုတ်မယ်၊ ဖြစ်ပျက် တလုံးထဲကို ပိုင်ရင် ဒီလေးပါးလုံး အကုန် ချေမှုန်းနိုင်တယ် ဆိုဒါ မှတ်လိုက်ကြ၊ သဘောပါကြပလား?။

ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ဒီလိုဆိုတော့ဘာလိုသေးတုံး ဖြစ်ပျက် တလုံးကို ပိုင်ဘို့သာ အရေးကြီးပါတယ်၊ ဒါဆိုဘာမှ မခဲယဉ်းတော့ဘူး၊ ဖြစ်ပျက်တလုံးကို ပိုင်အောင်လုပ်ဘို့ အရေးဟာ ဒကာ,ဒကာမတို့ အခရေးဘဲဆိုဒါ ရိပ်မိကြပလား?၊ ရိပ်မိရင် ဒီဖြစ်ပျက် တလုံးကိုဖြင့် ပိုင်အောင် ကြိုးစားတော့မယ် ဆိုဒါ ဆုံးဖြတ်ချက်ချကြ၊ ကျေနပ်ပလား?၊ ဒီ တလုံးထဲကို့မှမလုပ်ချင်ရင် အပါယ်သွားဘို့အပြင် မရှိတော့ဘူးလို့သာ မှတ်ကြတော့ ရှင်းကြပလား?။

ဖြစ်ပျက်တလုံးကို သိဘို့ဆိုတော့ မခဲယဉ်းပါဘူး၊ ဘုန်းကြီး အရင်ရက်တွေက ဟောပြထားတဲ့အတိုင်း ခန္ဓာထဲမှာ ဥာဏ်နဲ့ စိုက်ကြည့်ဘို့ဘဲ၊ အဲဒီလို ဥာဏ်နဲ့ ကြည့်ရင် ဝေဒနာ တခုခုရင်လဲ တွေ့ရင် တွေ့မယ်၊ စိတ်တမျိုးမျိုးကို တွေ့ချင်လဲ တွေ့မယ်၊

ဘာတွေတွေ တွေ့တဲ့တခုခုကို အကဲခတ်ပီး ကြည့်လိုက်ရမယ်၊ အဲဒီလို ကြည့်လိုက်တဲ့အခါ ဒီဓမ္မ ကလေးဟာ ဖြစ်ပီး ပျက်စီး သွားဒါဘဲရှိတယ်။

အဲဒီလို ပေါ်လာတဲ့ ဓမ္မကလေးတွေ ဖြစ်ပီးပျက်, ဖြစ်ပီး ပျက်နဲ့ အစဉ်အတိုင်း ဖြစ်ပျက် နေဒါချည့် တွေ့ရ မြင်ရမယ်၊ ဒကာ,ဒကာမတွေသဘောပါကြပလား?မိမိခန္ဓာမှာပေါ်လာတဲ့ ဓမ္မလေးတွေရဲ့ အဖြစ်နဲ့ အပျက် အစုကိုတွေ့ရင် ဒီအတိုင်းသာ ဆုံးအောင်ဆက်လိုက်ရမယ်၊ ဒီဖြစ်ပျက်တလုံးကိုသာ ကိုင်ထားဘို့ အရေးကြီးတယ်၊ ဖြစ်ပျက်ကို ပိုင်ဘို့ အရေးကြီးတယ် ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြပလား?။

ဒကာ,ဒကာမတို့ အာသဝကုန်ဘုရာ ဆုတောင်းနဲ့ မရဘူး၊ ဆုတောင်းရုံနဲ့ အာသဝမကုန်ဘူး" ဆိုဒါသေသေချာချာမှတ်ကြ ရမယ်၊ နောက်ပီး "ရုပ်,နာမ်,ခန္ဓာတို့ရဲ့ ဖြစ်ပျက်ကို မမြင်ရင်လဲ အာသဝမကုန်ဘူး၊ ဖြစ်ပျက်ကို မြင်မှသာ အာသဝ ကုန်မယ်၊ အာသဝကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်နိုင်မယ်ဆိုတဲ့အဓိပ္ပါယ်ကို ထူးထူးခြားခြား မှတ်လိုက်ကြဆိုဒါ သတိပေးပါတယ်။

ဒါကြောင့် အာသဝကုန်ချင်ရင် မိမိခန္ဓာမှာဥာဏ်နဲ့ ကြည့်ပေးရမယ်၊ ကြည့်ပေးလို့ ပေါ်လာဘဲ့ ဓမ္မလေးတွေရဲ့ ဖြစ်ပျက်ကို မြင်ရင် နေရာကျဘီ၊ ဒီဖြစ်ပျက်ကို ဆက်ပီး လိုက်ကြရမယ်၊ ဆက်မီးလိုက်လို့ ဖြစ်ပျက်တွေကုန်ရင် အာသဝ ကုန်ဒါဘဲ၊ ကျေနပ်ပလား? အဲဒီတော့ ဆုတောင်းနေလို့ မရဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ်ကြပလား?။

ခန္ဓာမှာ ဥာဏ်နဲ့ကြည့်တဲ့အလုပ် မဂ္ဂင်အလုပ်နဲ့မှ အာသဝ ကုန်မယ်၊ ဒီအလုပ်မပါရင် ဘယ်အခါမှ မရနိုင်ဘူး၊ ဒါဖြကြောင့်

ဒကာ့ဒကာမတွေ အာသဝကုန်ရာ နိဗ္ဗာန်ရချင်ရင် မိမိခန္ဓာမှာ ဉာဏ်နဲ့သာ ကြည့်ပေးကြ၊ ဒီအလုပ် လက်လှတ်ရင် အာသဝဝင်မယ် ရိပ်မိကြပလား?၊ အဝိဇ္ဇာသဝ ဝင်ရင် ပဋိစ္စသမုပ္ပါဒ် အစက စပီးလယ်မယ်၊ ကာမာသဝဆိုရင် အလယ်ကဖေါက်ပီး လယ်မယ်၊ ဘဝါသဝဆိုလဲ အလယ်ကဖေါက်ပီး လယ်မှာဘဲ၊ ဒိဋ္ဌာသဝဆိုလဲ အလယ်ကာဘဲ စပီးလယ်၊ နောက်အဆုံးကတခါ အစပြန်ပတ်ပီး လယ်ပြန်ဒါဘဲ။

ဘုန်းကြီးတို့ ဒကာ့ ဒကာမတွေမှာ ရှေးကဆိုရင် အာသဝ ချယ်လယ်သမျှဘဲ ငုံခံကြရတယ်၊ သူပြုသမျှဘဲနုကြရတယ်ဆိုရင် မမှားပါဘူး၊ ဒကာ့ ဒကာမတွေဟာ ရှေးရှေးက အာသဝ ချုပ် ချယ်သမျှ ချယ်လယ်သမျှဘဲ ငုံခံခဲ့ရတယ်ဆိုဒါပေါ်ကြပလား။

အဲဒါကြောင့် ဒီအာသဝကို ဖြတ်နိုင်အောင် ဖြတ်ကြရမယ်၊ မဖြတ်ရင် ဖြစ်ပါ့မလား? မဖြစ်တော့ဘူးဆိုဒါ ဆုံးဖြတ်ချက် ချကြ၊ အဲဒီလို အာသဝကို ဖြတ်ကြဘို့ဆိုတော့ ဒါကို ဘာနဲ့ ဖြတ်ရမလဲ?၊ ဒကာဒကာမတို့ ဒီအာသဝကို ဘာနဲ့ဖြတ်ရမတဲ့လို့ မေးရင် "ဇာနတော အဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ" တဲ့ ရုပ်နာမ်ဖြစ်ပျက်၊ အမြင်နဲ့ ဖြတ်ရမယ်၊ ဖြစ်ပျက်မြင်တဲ့သူမှ အာသဝပြတ်တယ်၊ အဲဒါ ဘုရားဟောတော်မူခဲ့တဲ့ စကားဘဲ၊ ကျေနပ်ကြပလား?။

အဲဒီတော့ အာသဝပြတ်ဘို့ရာ ရုပ်နာမ်ဖြစ်ပျက် မြင်မှသာ ပြတ်မယ်၊ မမြင်ရင် မပြတ်ဘူးဆိုတဲ့ အဓိပ္ပါယ်ကို လေးလေးစားစား မှတ်လိုက်ကြ၊ ရှင်းကြပလား?၊ ရုပ်နာမ်ဖြစ်ပျက် အမြင်ကိုလဲ တခြားမှာ ရှာနေဘို့မလိုဘူး၊ မိမိခန္ဓာမှာ ဉာဏ်နဲ့ ရှာရမှာ

ဆိုဒါ မှတ်ရမယ်၊ ဥပမာ ကျောထဲက ယားတယ်လို့ ဆိုတော့ ဒုက္ခဝေဒနာဘဲ၊ ဒီ ယားတဲ့ ဝေဒနာလေးဘက်ကို ဥာဏ်နဲ့ လှမ်းကြည့်လိုက်၊ ကြည့်လိုက်တော့ ယားဒါဟာ ငါမဟုတ်, သူမဟုတ် ဝေဒနာကလေးဘဲလို့ သိရတယ်၊ ဒီ ယားတဲ့ ဝေဒနာဟာလဲ ဥာဏ်နဲ့ သေသေချာချာကြည့်တော့ ဝေဒနာက ပေါ်ဒါနဲ့ ပျက်တာပြမယ်၊ အဲဒီလို ဝေဒနာပြတဲ့အတိုင်း ဥာဏ်က မြင်ရင် ဖြစ်ပျက်ကိုမြင်ဒါဘဲ ရှင်းကြရဲ့လား?၊

အဲဒီလို ဥာဏ်နဲ့ ဖြစ်ပျက်ကိုမြင်တော့ ဝေဒနာက္ခန္ဓာကလေးတခုရဲ့ အနိစ္စ အခြင်း အရာ ဒုက္ခသစ္စာလို့ မြင်ရ ဒါဘဲ၊ အဲဒီလို မြင်ရင် "ဒုက္ခေ ဉာဏံ" ဘဲဆိုဒါ မှတ်ကြတော့၊ ဒီဥာဏ်က ဒုက္ခသစ္စာကို မြင်တဲ့ဥာဏ်၊ ဖြစ်ပျက်ကို မြင်တဲ့ ဥာဏ်ဘဲ၊ ဒီဥာဏ်က ဝိဇ္ဇာကလေး ဖြစ်တာမို့ ပဋိစ္စသမုပ္ပါဒ်ကို အစက်နေပီး ဖြတ်ချလိုက်တာဘဲ၊ ဝိဇ္ဇာလာလို့ အဝိဇ္ဇာချုပ်တော့ အစကပြတ်သွားတယ်ဆိုဒါ ပေါ်ကြပလား?၊ ဒုက္ခအစက ပြတ်သွားတော့ ဒုက္ခအလယ်, ဒုက္ခအဆုံးပါ အကုန်ပြတ်တာဘဲ ရှင်းကြရဲ့လား?။

ဒကာ, ဒကာမတွေ သဘော ပါကြ ပလား?၊ ဖြစ်ပျက်သည် ဒုက္ခသစ္စာ သိတဲ့ မြင်တဲ့ ဥာဏ်သည် မဂ္ဂ သစ္စာ၊ အဲဒီတော့ "ဒုက္ခေ ဉာဏ" ဘဲဆိုဒါ မှတ်ကြ၊ ဝေဒနာကလေးရဲ့ ဖြစ်ပျက်မှုက ဒုက္ခသစ္စာ၊ ဒီဖြစ်ပျက်ဒုက္ခသစ္စာကို ဥာဏ်ကမြင်တော့ "ဒုက္ခေ၊ ဝေဒနာဖြစ်ပျက် ဒုက္ခသစ္စာ၌။ ဉာဏ၊ သိမြင်သော ဥာဏ်သည်။ ဟောတိ၊ ဖြစ်၏။" တဲ့၊ ဒီ ဒုက္ခ သစ္စာကို သိမြင်တဲ့ ဥာဏ်ဟာ ဝိဇ္ဇာကလေးဘဲ၊ ဒါက ဝိဇ္ဇာဘဲဆိုတော့ ဒါလာတော့ အဝိဇ္ဇာချုပ်တယ်၊ အဝိဇ္ဇာချုပ်တော့ ပဋိစ္စသမုပ္ပါဒ် အစကချုပ်တာဘဲ ကျေနပ်ပလား?။

ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ့ ဖြစ်ပျက်တလုံး မြင်မှဟာ ဘယ်လောက် ကျေးဇူးမျှားတယ်ဆိုတဲ့အချက် ပေါ်ကြပလား?၊ ဒီဖြစ်ပျက်တလုံးကို မြင်မှ သိမှသာ အာသဝ ကုန်မယ် ဆိုဒါလဲ ဘုရားက တာဝန်ခံထားဘီ၊ အခု ဒကာတို့လက်တွေ့အမြင်မှာလဲ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ကြီး အစက ပြတ်သွားတယ်ဆိုဒါကိုလဲ ရိပ်မိကြပါဘီ၊ ဒီတော့ ဘာလို့ နေသေးတုံး?၊ ဒကာ,ဒကာမတို့ တာဝန်တခုဘဲကျန်တော့တယ်၊ ဖြစ်ပျက်မြင်အောင် ကြိုးစားဘို့တာဝန်တခုဟာ ဒကာ,ဒကာမတွေ့ရဲ့တာဝန်ဘဲ၊ သဘော ပါပလား?။

ဒါကြောင့် ဖြစ်ပျက်မြင်အောင် ကြိုးစားကြရမယ်၊ ဖြစ်ပျက်ကိုမြင်ရင် ဖြစ်ပျက် မြင်ဒါဟာ ဒုက္ခ သစ္စာကို မြင်ဒါဘဲဆိုဒါဆုံးဖြတ်ချက် ချလိုက်ကြ၊ ဒကာ, ဒကာမတို့ ဖြစ်ပျက် မြင်တဲ့အမြင်ဉာဏ်ဟာ ဝိဇ္ဇာဘဲ၊ ဝိဇ္ဇာဆိုတော့ ဝိဇ္ဇာ ဉာဏ်က ပဋ္ဌိစ္စသမုပ္ပါဒ်ကို အဝိဇ္ဇာပေါ်ခွင့်မပေးဘဲ အစကနေပီး ဖြတ်ချလိုက်တယ်၊ ဒီ ဝိဇ္ဇာဉာဏ်ဟာ ဒုက္ခစက်ကို အစကဖြတ်လို့ ကိုးစားလောက်တယ်၊ အားထားလောက်တယ် ဆိုဒါ မှတ် လိုက် ကြ၊ ဒီဖြစ်ပျက် မြင်တဲ့ ဉာဏ်ဟာ ကိုးစား အားထား သောက်တဲ့ ဉာဏ်ဘဲ၊ ရှင်းကြရဲ့လား ကြိုးစားကြ။

ဒကာ, ဒကာမတို့ ပဋ္ဌိစ္စ သမုပ္ပါဒ် ဒုက္ခ စက်ရဟတ်ကြီး ဘာ့ကြောင့် ပြတ်သွားရသလဲ?လို့ မေးရင် ဒုက္ခသိစဲ့ဉာဏ်လာလို့ ဒုက္ခဖြစ်ကြောင်း အစပြတ်သွားဒါဘဲလို့ မှတ်ကြ၊ ရှင်းကြရဲ့လား?၊ ဒကာ,ဒကာမတွေ့ ဖြစ်ပျက်မြင်အောင် ကြည့်ပေးကြ၊ ဖြစ်ပျက်မြင်ရင် သာမညလူ မဟုတ်တော့ဘူး၊ ထူးကဲလူမြတ်တဲ့လူ ဖြစ်သွားဘီ၊ ဖြစ်ပျက်မြင်ရင် "လေးသစ္စေါ်နဲ့ ကမ္ဘာတသိန်း ဖြည့်ဆည်းပူးမှု ရတဲ့ ဉာဏ်ဟာ ဒီသန္တာန် ရောက်ပီ" လို့သာ ဆုံးဖြတ်လိုက်ကြ၊ ကျေနပ်ကြပလား။

ဖြစ်ပျက်တွေ့ရင် ဒုက္ခဥာဏ် ရဒါဘဲ၊ ကိုယ့် သံသရာ အစ ကဲလဲ ပြတ်တာဘဲ၊ ဒါကြောင့် ဒီဥာဏ်ကို မရ, ရအောင် ယူကြ၊ သိမ်းဆည်းကြလို့ ထူးထူးခြားခြား တိုက်တွန်းလိုက်တယ်၊ ဒကာ ဒကာမတို့ ဒီဥာဏ်ရအောင် မိမိခန္ဓာမှာ ဥာဏ်နဲ့ ကြည့်ရမယ် ဆိုဒါ ပြောခဲ့ပီးဘီ ကြည့်တတ်ကြပလား?၊ ဥာဏ်နဲ့ ကြည့်ပေးကြ ခန္ဓာမှာ ဘာပေါ်ပေါ် ခုမှ အသစ်ပေါ်ဒါကိုမိအောင်ဖြစ်ပျက် ရှုပေးကြ၊ အခု ပေါ်လာပီး ပျက်သွားဒါကို မြင်ရင် ဖြစ်ပျက် မြင်ဒါဘဲ၊ ဖြစ်ပျက်မြင်ရင် ဒုက္ခဥာဏ် ဒုက္ခသစ္စာ သိတဲ့ဥာဏ် ရဒါဘဲ ရှင်းပလား?။

ဒကာ, ဒကာမတို့ " ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု " လို့ ဆိုတုန်းက အာသဝေါတရားကုန်ဒါ မသိပါ ဘူး အဲဒီတုန်းက မသိသာပေမဲ့ အခု လက်တွေ့ရှုမှ လက်တွေ့ကုန်ဒါ သိရတယ်၊ ဒါကြောင့် လက်တွေ့ကုန်ချင်ရင် လက်တွေ့ အခု ရှုကြဘို့ဘဲ လိုတယ်ဆိုဒါ ရိပ်မိကြ ပလား?၊ ကိုယ့် သန္တာန်မှာ ဘာပေါ်ပေါ် ဖြစ်တိုင်း, ပျက်တိုင်း သိလိုက်သွားရမယ်၊ သဘော ပါကြ်ပလား?၊ ဒကာ, ဒကာမတို့ ဒီဥာဏ်ကို ရနိုင်ဘို့ဟာ လွယ်တဲ့ အရာမျိုး မဟုတ်ကြဘူး၊ ဘုရားဟာ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ကြာအောင် လုပ်ယူမှရတဲ့ဥာဏ်: ဒါလောက် ကြာအောင်လုပ်မှ ရတယ်၊ ရိပ်မိကြရဲ့လား?။

" ဝိပရိဏာမလက္ခဏဉာဏ် ဒုက္ခသစ္စံ " လို့ ဆိုတဲ့အတိုင်း ဖေါက် ပြန် ပျက်စီးသွားတဲ့သဘော၊ ပင်ကိုသဘာဝကို စုန့်တဲ့ သဘော၊ အဲဒီ သဘောကို မြင်အောင် ကြည့်ရမယ်၊ အဲဒီ သဘောကို မြင်ဒါဟာ ဒုက္ခသစ္စာကို မြင်ဒါဘဲ၊ ဒီဥာဏ်အမြင်ကို ရတဲ့သူဟာ

ထူးခြား မြင့်မြတ်တဲ့သူဘဲ မှတ်ကြရမယ်၊ ဘုရားရှင် ကိုယ်တော် မြတ်ကြီးက "ဓမ္မပဒ ပါဠိတော်"မှာ အသေအချာ ဟောတော် မူခဲ့တယ်။

"ရုပ်နာမ်ဖြစ်ပျက် မမြင်တဲ့သူ အဘိုရာမှာ အသက်တရာ နေရပေမဲ့လဲ အလကားဘဲ၊ မမြင့်မြတ်ဘူးတဲ့၊ ရုပ် နာမ် ဖြစ်ပျက်မြင်တဲ့သူရဲ့ တရက်ထဲ အသက်ရှေရခြင်းက ပိုပီး မြင့်မြတ်တယ်၊ တန်ဘိုးရှိပါတယ်"တဲ့။

ဒကာ့ ဒကာမတွေ ကျေနပ်ကြပလား?၊ ဒါကြောင့်ရုပ်နာမ် ဖြစ်ပျက်ကို မမြင်ရင် အသက်တရာ နေရ ပေမဲ့လဲ ဒီတချက် အမြင်လောက် မမြတ်ဘူးဆိုဒါ မှတ်ကြရမယ်၊ ဒကာ့ဒကာမတို့ ဒီလိုအမြင်ဥာဏ်ကို ရနိုင်ဘို့ရာ လွယ်ကူတဲ့အခွင့်အရေး မဟုတ်ပါ လားဆိုဒါပေါ်ကြပလား?၊ ဘုန်းကြီးတို့ ဒကာ့ဒကာမတွေမှာမှ ဘုန်းထူးကံထူးရှိလို့ ဘုန်းရှင်ကံရှင်တွေ့မို့သာ ကြုံရ တွေ့ရအခွင့် အရေး ရကြတယ်ဆိုဒါ ယုံမှား မရှိကြနဲ့တော့၊ ခြီးမြောက်ပီး ပြောနေဒါ မဟုတ်ပါဘူး၊ မလွယ်လို့ မလွယ်ဘူးပြောဒါ။

ကိုယ့်သန္တာန်မှာ ပေါ်လာတဲ့ ဟာကို ဥာဏ် ကြည့်ပေး၊ ကြည့်ပေးတော့ ဖြစ်ပေါ်ပီး ပျက်စီးသွားဒါကိုတွေ့ရမယ်၊အဲဒီလို တွေ့ဒါဟာ အနိစ္စလက္ခဏာ ဖြစ်ပျက်ဒုက္ခသစ္စာကိုတွေ့ရဒါပါဘဲ၊ ဒုက္ခသစ္စာကို သိမြင်ရတော့ အဲဒီမှာ ဒုက္ခေ ဥာဏ် လာဒါဘဲ၊ ဒုက္ခေ ဥာဏ် ဆိုတော့ ဒုက္ခေ အဥာဏ် ဆိုတဲ့ အဝိဇ္ဇာဟာ မလာ နိုင်တော့ဘူး မလာဘဲချုပ်သွားရတယ်၊ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ဟာ အဝိဇ္ဇာက စပီး ချုပ်သွားတော့ဒါဘဲ၊ သဘော ပါကြရဲ့လား?။

ဒကာ, ဒကာမတို့ တတွေ့မှာ ဒီ ဒုက္ခသစ္စာ သိတဲ့ ဉာဏ်ကို တသံသရာလုံးက မရခဲ့ကြဘူးဆိုဒါ မှတ်လိုက်ကြ၊ ဒုက္ခေ ဉာဏ် ဆိုဒါကို ရခဲ့ရင် "အာသဝါနံ ခယံ ဝဒါမိ" လို့ ဘုရားက ဟောတယ်၊ ဘယ်ပါဠိတော်နဲ့ ရှာရှာ ဒီသဘောဘဲရတယ်ဆိုဒါ မှတ်လိုက်ကြ၊ ဒုက္ခသစ္စာသိတဲ့ဉာဏ်ကိုရပါမှ အာသဝကုန်မယ်၊ ဒီဉာဏ်မှမရရင် ဘယ်တော့မှမကုန်ဘူးဆိုဒါ ဆုံးဖြတ်ချက်ချကြ သဘောပါကြရဲ့လား?။

မိမိ ခန္ဓာမှာ အခုနာဒါ အခုသိ၊ အခု နာဒါကို အခုရှုလို့ အခုသိတော့ ဒုက္ခသစ္စာကို သိရဒါဘဲ၊ ဒီလို သိဘို့ ပိုပီး အရေးကြီးတယ်၊ ဒီအသိမျိုးရမှ အာသဝ ကုန်မယ်၊ ရှင်းကြရဲ့လား?၊ ဒုက္ခသစ္စာ တလုံးကိုသိရင် ပါဠိတော်ဟာ ဒီမှာ အကုန်ဝင်သွားတယ်ဆိုဒါ မှတ်ကြ၊ ကျေနပ်ကြပလား?၊ ကိုယ်မှာဝေဒနာလေး ပေါ်လာတယ်၊ အဲဒီ အခါမှာ ဉာဏ်နဲ့ ဖြစ်ပျက်ရှုလိုက်တော့ ဝေဒနာလေးဟာ ဖြစ်ပျက်အနိစ္စ ဖြစ်သွားတယ်၊ ဝေဒနာလေး ချုပ်သွားတယ်၊ ချုပ်သွားတော့ "ဝေဒနာ နိရောဓါ ကာယာ နိရောဓေါ" ဘဲ။

ဒီတော့ "ဒုက္ခေသမုဒယေဉာဏံ" ဒုက္ခဖြစ်ကြောင်း ဖြစ်တဲ့ သမုဒယချုပ်တာကိုလဲ ဉာဏ်နဲ့ သိလိုက်ရတယ်၊ ရှင်းကြရဲ့လား?၊ ဝေဒနာချုပ်တော့ တကာ့ာမလာဘူးလို့ သိရတယ်၊ အဲဒီလိုသိဒါဟာ "ဒုက္ခသမုဒယေ ဉာဏံ" ဘဲ၊ ဒကာ,ဒကာမတွေ့ ပေါ်ကြပလား?၊ အခုပြောတဲ့ အဓိပ္ပါယ်ကို စာထဲသွားကြည့်လို့ မရဘူး စာမှာက အပေါင်းချုပ်တာကို ပြထားဒါဘဲရှိတယ်၊ ဒါကြောင့် စာထဲမှာ မတွေ့နိုင်ဘူးဆိုဒါ မှတ်ကြ။

ဒီ ဥာဏ်ကိုရတော့ ကာမာသဝ, ဘဝါသဝ, ချုပ်သွားတယ်၊ ဒုက္ခသမုဒယေ အဉာဏ်လဲချုပ်တာဘဲ၊ ဒကာ, ဒကာမတို့ ရှင်းကြပလား?၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကို သိတဲ့ဥာဏ်ရရင် ကဲ့ကာမာသဝ, ဘဝါသဝ, ဆိုတဲ့ နောက်က တဏှာချုပ်တယ်၊ ဒီသစ္စာကိုမသိတဲ့ အဝိဇ္ဇာသဝလဲ ချုပ်တော့ဒါဘဲ ဆိုဒါ မှတ်လိုက်ကြ၊ သဘော ပါကြဘီမို့လား?၊ ဖြစ်ပျက်တလုံးမြင်တဲ့ ကျေးဇူးဟာ ဘယ်လောက်များသလဲဆိုဒါ ရိပ်မိကြတော့။

ဒါကြောင့် ဖြစ်ပျက်တလုံးကိုဖြင့် ပိုင်အောင် ကြိုးစားကြရမယ် ပေးထားတဲ့ဖြစ်ပျက်ကိုပိုင်ရင် အာသဝေါကုန်ရပါလိုဏ်လို့ ဆုမတောင်းကြနဲ့တော့၊ ဖြစ်ပျက်ကိုပိုင်ရင် အာသဝေါ ကုန်ပါတယ်၊ သဘော ပါကြပလား?၊ ဝေဒနာလေး ပေါ်လာဒါကို ဥာဏ်နဲ့ ကြည့်တော့ ဒီ ဝေဒနာလေး ဖြစ်ပီး ပျက်သွားဒါကို သိမြင်ရတယ်၊ အဲဒါ ဒုက္ခဥာဏ်ဘဲ၊ ဒီဝေဒနာလေးချုပ်တော့ သူ့နောက်က တဏှာ မလာဘူး၊ ဝေဒနာ နိရောဓါ တဏှာ နိရောဓေါဖြစ်သွားတယ်၊ အဲဒါ ဒုက္ခသမုဒယေ ဥာဏ်ဘဲ၊ ရိပ်မိကြပလား?။

ဒီ ဥာဏ်ရတော့ ပဋိစ္စ သမုပ္ပါဒ် အလယ်က ပြတ်သွားတယ်၊ ဒီဥာဏ်က ဒုက္ခဖြစ်ကြောင်းတွေ ချုပ်သွားဘီလို့ သိတဲ့ဥာဏ်ဘဲ၊ သိတဲ့ဥာဏ် ရဒါဘဲလို့မှတ်ကြ၊ ဒကာ, ဒကာမတို့ ဒီလိုရှုတော့ ဒီဥာဏ်တွေကို ရတယ်၊ ဒီဥာဏ်တွေကိုရတော့ အာသဝေါတွေ ချုပ်ကုန်တယ်၊ ဆုတောင်းတုန်းက မပြေ့ဘူး၊ အခုရှုမှပြေ့တယ် ဘာဝေတဗ္ဗ ကိစ္စမို့ ရှုမှသာ ပြေ့မယ် ဆိုဒါ မှတ် ထား ကြ၊ ရှင်းပလား?။

အခု ဒကာ, ဒကာမတွေ့ လက်တွေ့ ရှုလိုက်တော့ အာသဝသုံးခု ချုပ်သွားဘီ၊ ကာမာသဝ, ဘဝါသဝနဲ့ အဝိဇ္ဇာသဝ, ဒီသုံးခုချုပ်သွားဘီ၊ ဒိဋ္ဌာသဝ တခုထဲကျန်တော့တယ်၊ ဟုတ်ကြရဲ့လား?၊ အဲဒီတော့ ဝေဒနာလေး ပေါ်လာတယ်၊ ပေါ်လာဖီး ပျက်သွားတယ်၊အဲဒီလို ဉာဏ်က ဝေဒနာလေး ဖြစ်တာပျက်တာမြင်တော့"ဝေဒနာပါကလား၊ငါကောင်းဒါမဟုတ်ပါကလား" လို့ သိမြင်လာမယ်၊ အဲဒီလို သိရင် ဒိဋ္ဌာသဝ မရှိတော့ဘူး၊ စင်သွားဘီ၊ ကျနပ်ပလား?။

ဒီ ဝေဒနာလေးရဲ့ ဖြစ်ပျက်ကို မြင်ဒါဟာ သမ္မာဒိဋ္ဌိဘဲ၊ သမ္မာဒိဋ္ဌိဆိုတော့ ဒီနေရာမှာ မိစ္ဆာဒိဋ္ဌိချုပ်နေဖီးသားဖြစ်နေဘီ၊ သဘောပါကြပလား?အဲဒီတော့ ဒီဖြစ်ပျက်ရှုတဲ့ သမ္မာဒိဋ္ဌိအလုပ် မဂ္ဂင်အလုပ်နဲ့ အာသဝလေးပါးလုံး ချုပ်တယ်၊ ဆုတောင်းနဲ့ မချုပ်ဘူး၊ ဘာဝေတဗ္ဗဆိုတဲ့ ပုဉ်းမျှားမှုကိစ္စ မဂ္ဂင်လုပ်ငန်းနဲ့မှ အာသဝချုပ်မယ်၊ ဒီလုပ်ငန်းမပါရင် အာသဝမချုပ်ဘူး၊ ရှင်းကြပလား?။

ဒကာဒကာမတို့ဒုက္ခကြောက်သူ,ဆင်းရဲကြောက်သူဟူသရွေ့ ဒုက္ခမြတ်ကြောင်းဖြစ်တဲ့ နည်းကို ရရင် ရတဲ့အတိုင်း တာသဝေမတိမ်း လိုက်နာကြဘို့ဘဲ၊ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ့မှာ အခုနည်းပေးလို့ ရကြဘီ၊ အခုနည်းရရင် အခုလက်ငင်း နေရာကျအောင် ကြိုးစား ကြရမယ် ဆိုဒါ ဆုံးဖြတ်ချက် ချကြ၊ "ဒီအလုပ်ကို နောက်မှဘဲလုပ်တော့မယ်၊ ပစ္စည်းကလေးရှာအုံးမယ်၊ ရွှေလေး ငွေလေး စုမိအောင် ရှာအုံးမယ်"နဲ့ ဆိုရင် သွားဘီလို့သာ မှတ်ကြ။

ပစ္စည်း, ပစ္စယတွေ၊ ဧရှ, ဧဋ, စိန်ကျောက်တွေ ရှာဖွေနေပေမဲ့ အလကားပါဘဲ၊ သူတို့က အပါယ်ဘေးကိုလဲ မကာကွယ်နိုင်၊ ဘာဘေးကိုမှ မကာကွယ်နိုင်ပါဘူး၊ ဒီပစ္စည်း ဧရှဋေ စတဲ့ ဟာတွေက ဒုက္ခတိုးစေတာဘဲရှိတယ်၊ ရှာဖွေစဉ်ကလဲဒုက္ခရောက်ရ၊ နောက်,သိမ်းရ ဆည်းရ ထိန်းသိမ်း စောင့်ရှောက်ရ၊ ကြောင့်ကြရတဲ့ ဒုက္ခ တိုးပွါးဘို့ဘဲရှိတယ်၊ နောက်,အဆင်မပြေရင် သူတို့ကပါကူပီး အပါယ်ကို တွန်းချလိမ့်အုံးမယ်ကျေနပ်ကြပလား?။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေကို ကရုဏာရှေ့ထားပီး အထူးတလည်ဘဲ တိုက်တွန်း လိုက်ပါတယ်၊ "သံသရာ့အလုပ်တွေ ရိုးရာအလုပ်တွေ သားရေး, သမီးရေး, စီးပွါးရေးတွေအသာ ချထားပါအုံး၊ ကိုယ့်အတွက် စိတ်ချ လောက်အောင် ကိုယ့်အလုပ်ဖြစ်တဲ့ မဂ္ဂင်အလုပ်ကို အရင် ကြိုးစားပါအုံး" လို့ အထူးသတိပေးတိုက်တွန်းလိုက်ပါတယ် သဘောပါကြရဲ့လား?၊ အင်း.... "ဆရာဘုန်းကြီးက ဒါလောက်တောင် တိုက်တွန်းနေမှဘဲ လုပ်အုံးမှ ထင်ပါရဲ့" ဆိုပီး ပေါ့ပေါ့ကလေး မမှတ်လိုက်ပါနဲ့ အလွန်ကြီးတဲ့ အရေးပါ။

ဒကဲ့, ဒကာမတို့ ဒီအာသဝချုပ်တဲ့ အလုပ်ကို လုပ်ရင်လုပ်မလုပ်ရင်မလုပ်တဲ့အချိန်တိုင်းမှာအာသဝေါတရားတွေအမြဲတမ်းတိုးပွါးနေမှာဆိုဒါ မှတ်ကြ၊ အာသဝေါတိုးပွါးတဲ့ အချိန်ဟာ အပါယ်သွားလမ်း ပွင့်တဲ့အချိန်၊ မဂ္ဂင်အလုပ်ကို လုပ်နေတဲ့အချိန်ဟာ အာသဝချုပ်ရာ နိဗ္ဗာန်လမ်း ပွင့်တဲ့အချိန်ဘဲ ဆိုဒါ ယုံမှားမရှိကြနဲ့၊ အဲဒီတော့ မလုပ်ဘဲ ပေါ့တန်နေလို့ ဖြစ်ပါ့မလား?၊ မဖြစ်တော့ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်တော့ဘူးလို့ ဆုံးဖြတ်ပီး လုပ်ဖြစ်အောင်လုပ်ကြ။

"အာသဝါနံ သမုပ္ပါဒါ အဝိဇ္ဇာစ ပဝတ္တတိ" တဲ့၊ ဒကာ့ ဒကာမတို့ သန္တာန်မှာ အာသဝဖြစ်ရင် အဝိဇ္ဇာလဲ ဖြစ်နေဒါဘဲ၊ အဝိဇ္ဇာဖြစ်တော့ ပဋိစ္စသမုပ္ပါဒ် ဒုက္ခ စက်ကြီးဟာ အစကျည့် စပီး လှဲပတ် နေရတော့ဒါဘဲ၊ ရိပ်မိကြရဲ့လား?၊ ဒီလိုဆိုတော့ ဒကာ့ ဒကာမတို့အတွက် ကောင်းနိုင်စရာအကွက် တကွက်ကမှ မမြင်နိုင်တော့ဘူး၊ ဒါကြောင့် အာသဝချုပ်တဲ့ အလုပ်ကိုဖြင့် မလုပ်ရင် မဖြစ်တော့ပါလားဆိုဒါ ပေါ်ကြပလား?။

ဒကာ့,ဒကာမတို့ အာသဝဖြစ်ရင် အဝိဇ္ဇာဖြစ်တယ်၊အာသဝ ချုပ်ရင် အဝိဇ္ဇာ မလာတော့ဘူး၊ အဝိဇ္ဇာမလာရင် ဒုက္ခစက်ကြီး အစက စပြီး ပြတ်တော့ဒါဘဲ၊ ဒါကြောင့် ဖြစ်ပျက် တလုံးကို ပိုင်အောင် လုပ်ကြရမယ်၊ ဒီတလုံးပိုင်အောင် ဝေဒနာတခုထဲကို ကိုင်ထားကြ၊ ဝေဒနာတခုကို ငါမဟုတ်,သူမဟုတ် ဖြစ်ပီးပျက်တဲ့ သဘောလေးဘဲလို့ ဉာဏ်နဲ့ မြင်အောင် ရှုပေးကြ၊ ရှုတတ် ကြပလဲ့ား?။

ဝေဒနာလေးတခုကို ငါ,သူမဟုတ်၊ ဖြစ်ပီးပျက်တဲ့ သဘော လေးဘဲလို့ သမ္မာဒိဋ္ဌိနဲ့ ရှုတော့ အဲဒီလို ရှုဒါဟာ "ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါယ ဉာဏ" ရဒါဘဲ၊ ဒုက္ခချုပ်ရာ ရောက်ကြောင်း အကျင့်မှန် ဉာဏ်အမြင်ကို ရဒါဘဲလို့ မှတ်ကြ၊ သဘော ပါ ရဲ့လဲ့ား?။

ဒီလိုရှုမြင်နေတဲ့အခါမှာ သမ္မာဒိဋ္ဌိက ဦးစီးနေတယ်၊ သမ္မာ ဒိဋ္ဌိက ဦးစီး နေတော့ သမ္မာ သင်္ကပ္ပလဲ ပါလာတယ်၊ သတိ စိရိယ, သမာဓိတွဲလဲ စုံနေတယ်၊ အဲဒီ အချိန်မှာ အဝိဇ္ဇာ မလာဘူး၊ အဲဒီ အခိုက်မှာ အဝိဇ္ဇာကုန်နေတယ်၊ အဝိဇ္ဇာကုန်

လို့ သန်ဒါရ ဝိညာဏ် နာမ် ရုပ် စတဲ့ ပဋိစ္စ သမုပ္ပါဒ်တွေ မလာဘူး၊ ရှင်းကြရဲ့လား?၊ ဖြစ်ပျက် ရှုနေတော့ ဝေဒနာ့ နောက်က တဏှာမလာဘူး၊ တဏှာချုပ်လဲ ဥပါဒါန်ချုပ်၊ ချုပ်တော့ပဋိစ္စ သမုပ္ပါဒ် အလယ်ကလဲချုပ်တာဘဲ၊ ရှင်းပလား?။

ပဋိစ္စသမုပ္ပါဒ် ချုပ်တာဟာ ဖြစ်ပျက်ရှုလို့ ချုပ်တာ၊ ရိပ်မိကြပလား?၊ ဖြစ်ပျက်ရှုလို့ ဖြစ်ပျက်မြင်တော့ ဒုက္ခချုပ်ကြောင်း အကျင့်ဉာဏ်ကို ရဘီလို့ မှတ်ကြ၊ ဒီဉာဏ်နဲ့ဘဲ ပဋိစ္စသမုပ္ပါဒ် ဒုက္ခ သစ္စာတွေ ချုပ်တာကို သိရတယ်၊ အစကလဲချုပ်၊ အလယ်ကလဲချုပ်၊ ဒီလို ဒုက္ခ ချုပ်တာကို သိတဲ့ အတွက် ဒီဉာဏ်ဟာ "ဒုက္ခနိရောဓေ ဉာဏံ" ဘဲ၊ အဝိဇ္ဇာသဝ, ကာမာသဝ, ဘဝါသဝနဲ့ ဒိဋ္ဌာသဝဆိုတဲ့ ဒုက္ခဖြစ်ကြောင်းတွေ ချုပ်လို့ ဒုက္ခဖြစ်ကျိုးတွေ မလာတော့ဘူး၊ မလာတော့ ခန္ဓာဇာတ်ကြီးလဲ မလာတော့ဘူး၊ အဲဒီလို မလာတော့ "ဒုက္ခတွေ ချုပ်ပေါ့" လို့ သိတဲ့ ဉာဏ်ဘဲလို့ မှတ်လိုက်ကြ၊ ရှင်းကြပလား?။

ဒကာ,ဒကာမတွေ သဘောပါကြရဲ့လား?၊ ဖြစ်ပျက်တလုံးထဲကိုရှုဒါနဲ့ ဉာဏ်လေးဉာဏ်ကိုရတယ်၊ ဒါ့ကြောင့် "ဇာနတော ဖြစ်ပျက်ကို သိသောသူအား။ ပဿတော၊ ဖြစ်ပျက်ကိုမြင်သောသူအား။ အာသဝါနံ၊ အာသဝေါ တရားတို့၏။ ခယံ၊ ကုန်ရာနိဗ္ဗာန်ကို၊ လဒ္ဓေါတိ၊ ရအပ်၏ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏" လို့ ဘုရားကိုယ်တော်မြတ်ကြီးကဝန်ခံတော်မူခဲ့ဒါဘဲဆိုဒါ မှတ်လိုက်ကြ၊ သဘောပါကြပလား?။

ဒကာ,ဒကာမတို့ ဖြစ်ပျက်ကိုရှုတော့ ရှုနေဆဲမှာ အဝိဇ္ဇာချုပ်တဏှာချုပ်၊ ဒိဋ္ဌိချုပ်၊ ချုပ်နေတယ်၊ ချုပ်တော့ ချုပ်တဲ့နေရာမှာ နိဗ္ဗာန်လာဒါဘဲ၊ ရှင်းပလား?၊ ဖြစ်ပျက် ရှုတုန်းကတော့

ကိလေသာတွေ ချုပ်နေတယ်၊ နောက်,ဖြစ်ပျက်မှုန်းလို့,ဖြစ်ပျက်တွေ့ ဆုံးသွားတော့ ခန္ဓာငါးပါးပါ အကုန်လုံး ချုပ်သွားတယ် အဲဒီမှာ လေးညှာဏ်လုံးရတယ်၊ ဖြစ်ပျက်မြင်နေဆဲမှာ သုံးညှာဏ်ရတယ်၊ ဖြစ်ပျက် ဆုံးသွားသူမှာကျတော့ လေးညှာဏ်လုံး ရသွားတယ်၊ အဲဒီမှာ သစ္စာလေးပါး တခါထဲ ပြီးစီးတယ်၊ ဖြစ်ပျက်တလုံးထဲကိုရှုဒါနဲ့ ပြီးစီးတယ်၊ ဒါကြောင့် ဖြစ်ပျက်တလုံးထဲဘဲ ရှုရမယ်၊ ဖြစ်ပျက်တလုံးထဲပိုင်ဘို့ အရေးကြီးတယ်ဆိုဒါမှတ်လိုက်ကြ။

ဒကဲ့၊ ဒကာမတွေ အိမ်ပြန် ရောက်ရင် ဒီတလုံးထဲကိုဖြင့် မိအောင်လုပ်မယ်လို့ ဆုံးဖြတ်ချက် ချကြ၊ ဒါလေးတလုံးပိုင်ဘို့ အရေးဟာ အလွန်ဘဲကြီးပါတယ်၊ တလုံးထဲလုပ်ရမှာမို့ ဝန်လေးစရာလဲ မရှိတော့ဘူး၊ ဒီတလုံးမှ မလုပ်ချင်ရင် ဒကာတို့အတွက် သူညဘဲကျန်တော့တယ်၊ သူညချည့်ကျန်ရင် ဘာမှ အသုံးချလို့ မရတော့ဘူး သဘောပါကြပလား?၊ အသုံးချလို့ မဖြစ်တဲ့သူဆိုရင် "ဖိုးသူည"ဘဲလို့သာ မှတ်ကြတော့။

အခု ပဋိစ္စသမုပ္ပါဒ်ကို အာသဝနဲ့ ခင်းပီး ပြလိုက်တော့ရှင်းမသွားဘူးလား?၊ ရှင်းသွားဘီ၊ ပဋိစ္စသမုပ္ပါဒ် အစနဲ့ အလယ်ကို ပြလိုက်ပီ၊ ဖြစ်ပျက် တလုံးကို မြင်ဒါနဲ့ ပဋိစ္စသမုပ္ပါဒ် အစနဲ့ အလယ် ပြတ်တယ် ဆိုဒါကိုလဲ ထင်ရှားသွားဘီ၊ ဖြစ်ပျက်ဆုံးရင် ဉာဏ်လေးဉာဏ် ရတယ်ဆိုဒါကိုလဲ သိကြရဘီ၊ ရှင်းကြရဲ့လား ဒါက စာနဲ့ပြောတဲ့ စာပြောဘဲရှိသေးတယ်၊ ဒကာတို့ကိုယ်တိုင် လုပ်ကြည့်မှ ခန္ဓာပြော ဉာဏ်မြင်ဖြစ်မယ်၊ ဒါ့ကြောင့် ခန္ဓာပြောလို့သိရတဲ့ ကိုယ်တွေ့ဉာဏ်မြင်ဖြစ်အောင် ကြိုးစားကြရမယ်။

ဒကာ, ဒကာမတို့တတွေ အင်မတန်မှ ကံကြီးကြတယ်ဆိုရင် မမှားပါဘူး၊ ကံကြီးလို့ မိတ်ကောင်း ဆွေကောင်း ဆရာသမား ကောင်းဆိုတဲ့ ကလျာဏမိတ္တကို ရနိုင်ကြတယ်၊ ဒီလိုတရားမျိုးကို ကလျာဏမိတ္တ အမှီ ရလို့သာ တွေ့နိုင်ကြတယ်၊ သို့မဟုတ်ရင် လွယ်ကူတဲ့ အခွင့်အရေး မဟုတ်ကြဘူး၊ ဒီတရားဟာ ကလျာဏ မိတ္တ မှီရလို့ ရတဲ့ တရားဘဲလို့ မှတ်လိုက်ကြ၊ သဘော ပါကြ ပလား?။

ဒါကြောင့် ဒကာ,ဒကာမတွေက မိမိတို့နဲ့ ထိုက်တန်လို့ ရလာ တဲ့ အခွင့်အရေးကြီးကို လက်လွတ်မခံရစေနဲ့၊ မရ,အရကြိုးစား ပီးယူကြပါလို့ ဆရာ ဘုန်းကြီးက အထူးတလည် တိုက်တွန်းလိုက် ပါတယ်၊အဲဒီတော့ ဖြစ်ပျက်တလုံးကိုဖြင့် ပိုင်အောင်ကြိုးစားကြ ပါ၊ ဖြစ်ပျက် တလုံးကိုပိုင်ရင် အားလုံး ကိစ္စပီးပါတယ်၊ ဖြစ်ပျက် တလုံးဟာ အကုန်မိတယ်ဆိုဒါ မှတ်လိုက်ကြ၊ အားလုံး သဘော ပါကြရဲ့လား?။

ဒကာ,ဒကာမတို့ သုံးဆယ်တဘုံမှာလဲ "အနိစ္စာဝတ သင်္ခါ ရာ" ဘဲရှိတယ်၊ မိမိတို့ ခန္ဓာအစဉ်မှာလဲ ဒီ "အနိစ္စာဝတ သင်္ခါ ရာ" ဘဲရှိထယ်၊ ဘယ်ဘုံ-ဘယ်ဘဝ-ဘယ်ဌာန-ဘယ်ခန္ဓာ မှာဘဲ ကြည့်ကြည့် ဒီနှစ်ခုဘဲရှိတယ်၊ သင်္ခါရနဲ့ အနိစ္စနှစ်ခုဘဲ၊ ဒီနှစ်ခု အပြင်ဘာမှအပိုမစွက်ပါဘူး၊ဥာဏ်ရောက်ကြပလား?၊"သင်္ခါရာ အကြောင်းတိုက်ကာ ဖြစ်ခဲပါလာကြ၊ ရုပ်,နာမ်နှစ်ဝ သင်္ခါရတို့ သည်။ ဝတာ၊ စင်စစ်ကေန် အမှန်မုချ၊ အနိစ္စာ၊ ခိုင်မြဲခြင်းမရှိကြ ပေကုန်။ အနိစ္စာ၊ ဖြစ်ပျက် သဘောမျှသာ ရှိကြ ပေကုန်၏"တဲ့။

သခ်ၤါရက ဖြစ်တာ၊ အနိစ္စက ပျက်တာ၊ ဒီ ဖြစ်တာနဲ့ ပျက်တာ နှစ်ခုဘဲရှိတယ်၊ ခန္ဓာမှာ အမှန်အရှိက ဒီနှစ်ခုထဲဘဲ၊ ဒီ သခ်ၤါရနဲ့ အနိစ္စ နှစ်ခုထဲဘဲရှိပါတယ်၊ ဒါကြောင့်ဘုန်းကြီးတို့ ဒကာ,ဒကာမတွေကို ဒီနှစ်ခုဘဲ ရေလယ်အောင် ပြောနေရတယ်၊ ဒီဖြစ်တာနဲ့ ပျက်တာနှစ်ခုကို သဘောပေါက်အောင်ဉာဏ်ရောက်အောင် ကြိုးစားကြရမယ်၊ ဒီနှစ်ခုဘဲအရေးကြီးတယ်၊ လိုရင်းက ဒီသခ်ၤါရနဲ့ အနိစ္စနှစ်ခုကိုသိဘို့ဘဲဆိုဒါ ဆုံးဖြတ်ချက်ချလိုက်ကြ။

ဒကာ,ဒကာမတို့ ဒီနှစ်ခုကို သိရင် ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်၊ အာသဝတရားတွေကုန်မယ်၊ ဉာဏ်လေးဉာဏ်ကိုလဲရမယ်၊ဒီ ဖြစ်ပျက်နှစ်ခုကို မြင်တဲ့ကျေးဇူးဟာ ဘယ်လောက် များသလဲ?ဆိုဒါ ပေါ်ကြပလား?၊ ဒါကြောင့်,ကြိုးစားသင့်တယ်ဆိုဒါ သဘော ပါကြပလား?၊ဒကာဒကာမတို့ အရှင်သာရိပုတ္တရာတို့အရှင်မဟာ မောဂ္ဂလ္လာန်တို့ နှစ်သခ်ျေနဲ့ ကမ္ဘာတသိန်း ကျင့်ရဒါဒီဉာဏ်အ တွက်ပဲ သာမညကလေးများ မမှတ်လိုက်ကြပါနဲ့၊ဒီဉာဏ်တွေကို ရဘို့, ဒီအာသဝတွေကုန်ဘို့, ဒီပဋိစ္စသမုပ္ပါဒ်ပြတ်ဘို့၊ နှစ်သခ်ျေနဲ့ ကမ္ဘာတသိန်းကြာအောင် ဒီဖြစ်ပျက် တလုံးကို လိုက်ရှာကြရဒါ ဘဲဆိုရင် မလွဲဘူး၊ ရိပ်မိကြပလား?။

ဘုရားက ရော့—အင့် ဆိုပီး မပေးနိုင်ဘူး၊ မင်းတို့ကိုယ်တိုင် ရှယူမှရမယ်၊ ဒါကို ကိုယ်တိုင် ရှမယူရင် မရနိုင်ဘူးတဲ့၊ ကုသိုလ် အဖို့ အမျှတော့ ပေးနိုင်ရဲ့တဲ့ နိဗ္ဗာန်တော့ မပေးနိုင်ဘူးတဲ့၊ သဘော ပါကြပလား?၊ သုံးဆယ့်တဘုံကုသိုလ်သာ အမျှပေး လို့ ရချင်ရမယ်၊ နိဗ္ဗာန်ကိုတော့ မရနိုင်ဘူး၊ အမျှပေးလို့ရဒါက

တမျိုး၊ မရဒါကတမျိုး၊ နှစ်မျိုးရှိတယ်ဆိုဒါ မှတ်ရမယ်၊ ရှင်းကြရဲ့လား?၊ ဒါက ဖြစ်ပျက်ကို အားထုတ်မှသာရမယ်၊ အားမထုတ်ရင် မရနိုင်ဘူးဆိုဒါ လေးလေးစားစား မှတ်လိုက်ကြ။

ဒကာ့, ဒကာမတို့ ဖြစ်ပျက်တလုံးဟာ အာသဝတွေကို ချုပ်စေနိုင်တယ်၊ ပဋိစ္စသမုပ္ပါဒ်ကိုလဲ ပြတ်စေ နိုင်တယ်၊ ဥာဏ်လေး ဥာဏ်ကိုလဲ ရစေနိုင်တယ်၊ အင်မတန်ဘဲ ခရီး ရောက်ပါတယ်၊ ဒါ့ကြောင့် ဖြစ်ပျက် တလုံးကို ပိုင်အောင် လုပ်ကြရမယ်၊ ဒါကို ပိုင်ပိုင် နိုင်နိုင် ဖြစ်အောင် ပထမ ကြိုးစား၊ နောက်,မုန်းအောင် ဆက်ပီးလိုက်၊ နောက်,ဆုံးအောင် ဆက်ပီးကြိုးစားကြ၊ဒါတလုံး ဆုံးသွားရင် သုံးဆယ်,တဘုံရဲ့ ပြင်ဘက်ကို ရောက်ပီ လို့သာ မှတ်လိုက်ကြ၊ သဘောပါကြပလား?။

ဖြစ်ပျက်ရှိနေဒါက သုံးဆယ်,တဘုံ၊ ဖြစ်ပျက် မရှိတဲ့ဘက်က ဟာက နိဗ္ဗာန်ဘဲ၊ ရှင်းကြရဲ့လား?၊ ဒီ အဓိပ္ပါယ်ကို ဘုရားဟော တော်မူလို့ ဘုန်းကြီးက ဟောပြလို့ဆိုတဲ့အနေလောက်နဲ့ ယုံကြည်ပီး ကျေနပ်မနေပါနဲ့၊ ဒကာတို့ကိုယ်တိုင် ကိုယ်တွေ့ ဥာဏ်တွေနဲ့ တွေ့မီး ကိုယ် ကိုယ်ကိုဆုံးဖြတ်နိုင်အောင် လုပ်ကြဘို့အထူး တလည် သတိပေးလိုက်ပါတယ်၊ ကျေနပ်ကြပလား?။

ဒါ့ကြောင့် ဒီ ဖြစ်ပျက်တလုံးကို ကိုယ်ပိုင်ဥာဏ်နဲ့ ကိုယ်တိုင် မြင်အောင်ကြည့်၊ နောက်,မုန်းအောင်ကြည့်၊ မုန်းရာက နေပီး နောက်, ဆုံးအောင် ဆက်ကြည့်၊ ဒီလမ်းစဉ်အတိုင်း တသဝေ မတိမ်း လိုက်နာကြဘို့ဟာ ငါတို့ တာဝန်ဘဲလို့သာ ဆုံးဖြတ် လိုက်ကြတော့၊ ဒီလမ်းစဉ်အတိုင်း လိုက်လို့ ဖြစ်ပျက် ဆုံးရင်

ဆုံးတဲ့ နေရာမှာ “တေသံ ဥပသမော သုခေါ” ကို ရမယ်၊ ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းတဲ့နိဗ္ဗာန်ချမ်းသာကြီးကို ကိုယ်တိုင် ရကြမယ် ကျေနပ်ပလား?။

သုံးဆယ် တဘုံ ထဲမှာ ဒီနိဗ္ဗာန်ချမ်းသာ မရှိဘူး သုံးဆယ် တဘုံ ထဲက ဒုက္ခသစ္စာသာရှိတယ်၊ နိရောဓမရှိဘူး၊ သုံးဆယ် တဘုံ ရဲ့ ပြင်ဘက်မှာက နိရောဓသစ္စာဘဲ၊ ရိပ်မိကြရဲ့လား?၊ဒုက္ခသစ္စာ ကိုတွေ့ရင် နိရောဓသစ္စာကိုတွေ့မယ်၊ဒုက္ခကိုမှမတွေ့ရင် နိရောဓကို ဘယ်နည်းနှင့်မှ မတွေ့နိုင်ဘူးဆိုဒါ မှတ်ထားကြ၊ ဒုက္ခ ဆိုဒါ ဖြစ်ပျက်ဘဲ၊ ဖြစ်ပျက်ကိုတွေ့ရင် ဒုက္ခကို တွေ့ဒါဘဲ၊ ဒါကြောင့် နိရောဓကို တွေ့ချင်ရင် ဖြစ်ပျက်ကို လက်လွှတ်လို့ မရဘူး၊ သူမ ပါရင် မတွေ့ဘူး၊ ဒီဟာ အရေး အကြီးဆုံး လိုရင်း အချက်ဘဲ၊ ရှင်းကြရဲ့လား?။

ဒကာ,ဒကာမတို့ ဒုက္ခအချက် ဖြစ်ပျက်ကိုမတွေ့ရင် မတွေ့သမျှ နိဗ္ဗာန်ကို မတွေ့ဘူးဆိုတဲ့ အဓိပ္ပါယ် သဘော ပါကြပလား?၊ လေးလေးစားစား မှတ်ယူကြ၊ သုံးဆယ် တဘုံ ကို ချဉ်းလိုက်ရင် နှစ်,ဘဲကျန်တယ်၊ သုံးဆယ် တဘုံ ကို အကျဉ်းချုံးရင် “အဖြစ်နဲ့ အပျက်ဆိုတဲ့ ဖြစ်ပျက် နှစ်ခုထဲဘဲ ကျန်တယ်၊ ဒီနှစ်ခုကို ပျောက်အောင် ချဉ်းနိုင်ရင် သုံးဆယ် တစ်ရဲ့ ပြင်ဘက်ကို ရောက်ပီဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြရဲ့လား?၊ သုံးဆယ် တစ်ကိုချဉ်းရင် နှစ်ပဲရှိတယ်၊ ဒီနှစ်ကိုပျောက်အောင် ချဉ်းနိုင်ရင် သုံးဆယ် တစ်ရဲ့ပြင်ဘက်ကို ရောက်သွားဘီ၊ သုံးဆယ် တစ် ပြင်ဘက်က နိဗ္ဗာန်ဘဲ၊ ကျေနပ်ကြပလား?။

ဒီ ဖြစ်ပျက် နှစ်ခုကို ပျောက်အောင် ချဉ်းနိုင်ရင် ဖြစ်ပျက် ဒုက္ခ ဆုံးဘီလို့ မှတ်လိုက်ကြ၊ ဒီနှစ်ခုကို ဆုံးအောင် ဝိပဿနာ

ဥာဏ်နဲ့ လိုက်ရမယ်၊ ဒကာ,ဒကာမတို့ ဒီ ဖြစ်ပျက်ကို ဝိပဿနာ ဥာဏ်နဲ့ လိုက်ရင် တဖြေးဖြေး တိုးတက်လာမယ်၊ တဆင့်ထက် တဆင့် ရင့်ရင့်လာမယ်၊ အဲဒီလို ရင့်လာပီးတဲ့နောက်မှာ ငါးက နေပီး ရှစ်ဖြစ်သွားမယ်၊ ငါးက မဂ္ဂင်ငါးပါး၊ ရှစ်က မဂ္ဂင်ရှစ်ပါး ရိပ်မိကြပလား?။

ဒကာ, ဒကာမတို့ ငါးက သုံးဆယ် တစ်ထဲမှာ ဖြစ်ပျက်ကို မြင်တယ်၊ ရှစ်က သုံးဆယ် တစ်ရဲ့ပြင်ဘက်က မဖြစ်မပျက်တာကို မြင်တယ်၊ ဖြစ်ပျက် မရှိဒါကို မြင်တယ်၊ အဲဒီ အမြင်ဟာ မွေး ဒုက္ခနဲ့ သေဒုက္ခ မရှိဒါကို မြင်ဒါဘဲလို့ ရှင်းရှင်း လင်းလင်း မှတ်လိုက်ကြ။

မွေးဒုက္ခက သုသာန် မျက်စောင်း ထိုးဒါ၊ သေ ဒုက္ခက မျက်ရေနဲ့ မျက်ခွက်ဘဲ၊ ရိပ်မိကြရဲ့လား?၊ ဒကာ, ဒကာမတွေ သုသာန်မျက်စောင်းထိုးတဲ့ဒုက္ခနဲ့ မျက်ရေနဲ့ မျက်ခွက်ဒုက္ခထဲက ဘယ်ဒုက္ခများ ကြိုက်ကြတုံး?၊အေး,မကြိုက်တာတကယ်မှန်ရင် ဆရာသမား ညွှန်ပြတဲ့အတိုင်း လိုက်နာကြဘို့ဘဲ ရှိတော့တယ်၊ ဒီအတိုင်းသာ ကြိုးစားရင် မွေးဒုက္ခ, သေဒုက္ခက လွတ်ကင်းကြ ရမယ်၊ ဒီဒုက္ခ မရှိရာဟာ အလွန်ငြိမ်းအေးတဲ့ နိဗ္ဗာန်ဘဲ ရှင်းပ လား?။

ဒီလို အလွန် အေးမြ ချမ်းသာတဲ့ ဒုက္ခတွေ ငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန်ကို ဘယ်လိုနည်းနဲ့ ရောက်နိုင်မလဲ?၊ ဘယ်လိုမှ ရောက် မလဲ?၊ လို့ဆိုတော့ ဒကာ,ဒကာမတို့ အသေအချာ မှတ်လိုက်ကြ “ ပဋိစ္စသမုပ္ပါဒ်ပြတ်မှ အာသဝတွေ ကုန်မှ ဥာဏ်လေးဥာဏ်ကို

ရမှ ဒီနိဗ္ဗာန်ကိုရောက်မယ်၊ ရမယ်” ဒီလိုမှ မဟုတ်ရင် မရနိုင် မရောက်နိုင်ဘူး၊ သဘောပါကြပလား?။

ဒကာ, ဒကာမတွေ ဖြစ်ပျက်တလုံးမြင်ဘို့ အရေးဟာ ဘယ် လောက်ကြီးတယ်၊ ဒီတလုံးမှာ ဘယ်လောက် ခရီးရောက်တယ် ဆိုတဲ့အချက် ရိပ်မိကြပလား?၊ ဖြစ်ပျက် တလုံးကိုမြင်ရင် ပဋိစ္စ သမုပ္ပါဒ် အစကလဲပြတ်တယ်၊ အလယ်ကလဲပြတ်တယ်၊ အာသဝ တရား လေးပါးလုံးလဲ ကုန်တယ်၊ ဥာဏ်လေးဥာဏ်ကိုလဲ ရမယ် ဆိုဒါ တထစ်ချ မှတ်လိုက်ကြ၊ ကျေနပ်ကြပလား?။

ဒါ့ကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက....

“အနိစ္စာ ဝတ သင်္ခါယာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။”

လို့ “သံယုတ်ပါဠိတော်”မှာ အသေအချာ ဟောတော်မူခဲ့ဒါဘဲ လို့ မှတ်ကြ။

အဓိပ္ပါယ်။ ။အကြောင်းပြုပြင်၊ ဖန်စီရင်မှု၊ဖြစ်ပေါ်ကြသည့်၊ ငါးဝခန္ဓာ၊ ရုပ်နာမ် မှာကား၊ မှန်စွာ ပကတိ၊ မြဲမရှိတည်း၊ ဖြစ်ဘိပျက်ပြန်၊ ဓဝကန်မို့၊ အမှန်ဓမ္မ၊ သဘာဝရှင့်၊ ဥာဏချင့်လောင်း၊ ရှုမြင် တောင်းသော်၊ အကြောင်း တိုက်ကာ၊ ဖြစ်ပြန်ပါ၍၊ မြန်စွာ တခဏ၊ ချုပ်ပြန် ရတည့်၊ နှစ်ဝ ဖြစ်ချုပ်၊ ငါမဟုတ်သည့်၊ ဤရုပ်နာမ်သာ ဖြစ်ပျက်ပါကြ၊ ထိုဒုက္ခတို့၊လုံးဝ ငြိမ်းရာ၊ ကုန်ဆုံးရာဟု၊ ဓမာ အမတ၊ နိဗ္ဗာနကား၊ သုခမှန်စွာ၊ လွန်ချမ်းသာသည်၊ မြန်စွာရောက်မှ၊ အေးမည်သော်။ ။

ဒီနေရာမှာ....ရုပ်နှာမ်ဖြစ်ပျက် နှစ်ခုက .... ဒုက္ခသစ္စာ။

ရုပ်နှာမ် ဖြစ်ပျက် နှစ်ခု

ဆုံးတဲ့နေရာ ပေါ်ဒါက .... နိဂြောဓသစ္စာ။

သိတဲ့ဥာဏ်က .... မဂ္ဂသစ္စာ။

ဒီနေရာမှာ ချုပ်တဲ့

ကိလေသာတွေက .... သမုဒယ သစ္စာ။

ရှင်းကြပလား၊ ကိုင်း, ယနေ့ ဒီမှာတင် တော်ကြအုံးစို့၊

ဓမ္မရတနာ မာတိကာ

" သာဝကပါရမီ နှစ်ချက်ညီ တရားတော် "

မှတ်ရန် ပကတိ သာဝကများမှာ—

(၁) သစ္စာတရားကို နာကြားမှု၊

(၂) မိမိခန္ဓာ,နှလုံးသွင်းမှုန်ကန်မှု၊

ဤအင်္ဂါနှစ်ခုကို ညီညွတ်က ဒိဋ္ဌဓမ္မ နိဗ္ဗာန်ကို မျက်မှောက်ပြုရမည်။

ဆောင်ပုဒ်—

ဒုက္ခတင်တင်၊ ခုက္ခတချင်၊ ခုပင်အားထုတ်ရာ။
သစ္စာတရား၊ မှုန်လေးပါး၊ နာကြားစဉ်မကွာ။
ခန္ဓာကိုယ်တွင်း၊ နှလုံးသွင်း၊ လက်ငင်းရှုကြည့်ရာ။
နှလုံးသွင်းမှုန်၊ ရုပ်နှင့်နာမ်၊ ဖြစ်ပြန်ပျက်ခြင်းရာ။
ဖြစ်ပျက်မပြတ်၊ ဒရစပ်၊ ရှုလတ်ဉာဏ်မြင်လှ၊
ဒုက္ခဖြစ်ပျက်၊ ဒုက္ခဆက်၊ သက်သက်ဒုက္ခသာ။
ဒုက္ခမြင်မျှား၊ အမှုန်းပွား၊ မှုန်းမျှားချုပ်ဆုံးရှာ။
ဒုက္ခဆုံးပျောက်၊ သုခရောက်၊ ကဲမောင်လွှန်ချမ်းသာ။

သတိချပ်—

ခန္ဓဝရုပ်နာမ်၊ အတန်တန်၊ ထပ်ပြန်ဖြစ်ချုပ်ကာ။
မိမိမွေးသေ၊ သက်ဆိုးရှည်၊ မှတ်လေသံသရာ။
သံသာရှည်မျှော၊ ဒုက္ခပြော၊ အဟောဆင်းရဲစွာ။

အသေဆက်ဆက်၊ နေမစ္စက်၊ သက်သက်ဒုက္ခသာ။
ခန္ဓာဖြစ်စဉ်၊ မဂ္ဂင်၊ ရှုလျှင်သိမည်သာ။
ထဆဲရုပ်နာမ်၊ ထိုင်ပျက်ကျန်၊ ထပြန်ထိုင်မပါ။
ဖြစ်ပျက်,ဖြစ်ပျက်၊ အသေဆက်၊ နဲနက်ဆင်းရဲစွာ။
ဆင်းရဲကြောက်လျှင်၊ များလူရှင်၊ မြန်လျှင်အားထုတ်ရာ။

တရားသား။ ဒကာ,ဒကာမတို့ သံသရာရှေလေ ဒုက္ခရှေလေဘဲ ဆိုဒါ မှတ်ကြရမယ်၊ သံသရာဆိုဒါကဘာလဲ?၊ လို့မေးရင် ဒကာ,ဒကာမတို့ သန္တာန်မှာ အခုစိတ်တွေ့ တစိတ်ပီး တစိတ်၊ ဖြစ်လိုက် ချုပ်လိုက်နဲ့ ဖြစ်ချုပ်အစဉ်တွေ့ တန်းနေဒါဟာ သံသရာဘဲလို့ မှတ်လိုက်ကြ၊ ဒကာတို့သန္တာန်မှာ ရုပ်တွေ့ နာမ်တွေ့ အစဉ်တန်းပီး ဖြစ်ပျက်နေဒါဟာ သံသရာဘဲ ရိပ်မိမလား?။

ဒကာ,ဒကာမတွေ့ တိတိကျကျ မှတ်ထားဘို့က "မိမိ-ပေါ်လာလိုက်၊ မိမိ-ပျက်စီးသွားလိုက်၊ မိမိ-ဖြစ်ပေါ်လာလိုက်၊ မိမိချုပ်ပျက်သွားလိုက်နဲ့ အဲဒီလို အဆက်မပြတ် မိမိအသေများဒါဟာ သံသရာဘဲလို့ မှတ်လိုက်ကြ၊ ရှင်းကြပလား?။

ဘုန်းကြီးတို့ဆီ ဒကာ,ဒကာမတွေ့က ဒါကို ဗျုံးကနဲ့ မကြောက်ကြဘူး၊ အခုလို အမှန် အကန် သိရတော့ မိမိမွေးပီး သေဒါကို အများ တွေ့ကြုံရဒါ သံသရာရှေဒါဘဲဆိုဒါ ပေါ်ကြ ပလား?၊ မိမိမွေးပီးသေသေနေဒါ ကိုညာဏ်နဲ့ သိကြရင်အမှန်ကြောက်လာကြမယ်၊ မသိလို့သာ မကြောက်ကြသေးဒါပါ၊ ဒီကရှေ့ သံသရာ မရှေချင်ကြပါနဲ့ တော့လို့ သတိပေး လိုက်ပါတယ်။

သံသရာရှေ့ချင်တဲ့စိတ်ကို ဖျောက်ကြတော့၊ "ခန္ဓာအာယတန ဓါတ်တို့ရဲ့ မပြတ်လယ်နေဒါဟာ သံသရာဘဲ" ဒါက စာလို ပြောတဲ့အဓိပ္ပါယ်၊ ဒကာ, ဒကာမတို့ နားလည်တဲ့ စကားနဲ့ ပြောရင် အခုပေါ်,အခုပျောက်၊ အခုဖြစ်,အခုပျက်၊ စိတ်အစဉ် ကလေးတွေ ရုပ်အစဉ်,နာမ်အစဉ်ကလေးတွေ အခုမှုံး,အခုသေ၊ အခုမှုံးပီး သေနဲ့ အနေမပါဘူး၊ သံသရာဆိုဒါ တိုတိုပြောရရင် အသေတွေဆက်နေဒါဟာ သံသရာဘဲ၊ ရှင်းပလား?။

ကိုယ်တွေ့ဉာဏ်မြင် သိချင်ရင် ခန္ဓာမှာပြန်ကြည့်၊ အမှန်သိ အမှန်မြင်ကြရမယ်၊ ဘဝကူးမှမဟုတ်ဘူး၊ အခုဘဝထဲတင်အသေ ချင်း ဆက်နေဒါကို ပြောဒါ၊ မယုံရင် ခန္ဓာမှာ ဉာဏ်နဲ့ကြည့် ပေးကြ၊ မြင်စိတ်ကလေးပေါ်လာ ဖြစ်ပီး ပျက်သွား၊ ကြားစိတ် ပေါ်လဲ ဖြစ်ပျက်၊ စားစိတ်, သောက်စိတ်, ကြံစိတ်, တွေးစိတ် ဘာလာလာ ဖြစ်ပီး ပျက်တာချည့်ဘဲလို့မှတ်ကြ။

အိမ်မှာကျတော့ ပစ္စည်းနဲ့ပြုံးလိုက်ကြ သားလေး သို့မဟုတ် တွေ့ ပြုံးလိုက်ကြ၊ အဲဒါဟာ ပြုံးတိုင်း ပြုံးတိုင်း ပြုံးတဲ့ တယောက် သေ,သေ သွားဒါဘဲ၊ မပြုံးနိုင်လို့ မဲ့ရဒါလဲ မဲ့တဲ့ နောက်က တယောက်သေဒါဘဲ၊ ပြုံးတော့လဲ ပြုံးတဲ့နောက်က တယောက် သေပြန်ဒါဘဲ၊ ပြုံးတဲ့နောက်က အသေလိုက် မဲ့တဲ့ နောက်ကလဲ အသေလိုက်နဲ့ အသေတွေ ထက်ချပ်လိုက်နေဒါဘဲ ဒါကို ကိုယ်တိုင် မြင်ချင်ရင် ဉာဏ်နဲ့ကြည့်ပေးကြ၊ သဘော ပါပလား?။

ဒကာ,ဒကာမတို့ မျက်စိတမှိတ်အတွင်းမှာ ရုပ်ပေါင်း ကုဋေ (၅၀၀၀) ငါးထောင်လောက် သေတယ်၊ နာမ်ပေါင်းက

ကုဋ္ဌေတသိန်းလောက် သေတယ်၊ မျက်စိတမှိတ်, လျှပ်တပြက် အတွင်းမှာ ဒီလောက်တောင် အသေတွေဆက်နေတယ်၊ အသေတွေ များပါတယ်၊ အဲဒီလိုအသေဆက်တာ, အသေများဒါဟာ သံသရာဘဲလို့ မှတ်ကြတော့၊ ဒကာ, ဒကာမတို့ ဒီလိုသိရလို့မှ သံသရာရှေ့ချင်သေးရင်"တပည့်တော်တို့အသေဆက်ပါရစေအုံး ဒုက္ခဆက်ပါရစေအုံး" လို့ ဆိုသလိုဘဲ။

" တပည့်တော်တို့ မိုက်လုံးဆက်ပါရစေအုံး " လို့ ဆိုလိုက်တာဘဲ၊ ရိပ်မိကြပလား?၊ သူများပြောနဲ့ မယုံကြနဲ့အုံး၊ ကိုယ်တွေ့သိရအောင် ကိုယ် ခန္ဓာမှာ ဉာဏ်နဲ့ စိုက်ကြည့်ကြ၊ဒီလိုကြည့်မှ အမှန်သိ,ကောန်သိဖြစ်မယ်၊ ဉာဏ်နဲ့ကြည့်တော့ ဝိညာဏကခန္ဓာလေး ပေါ်လာ ဖြစ်ပီး ပျက်သွားဒါကိုတွေ့မယ်၊ ဘာခန္ဓာလေးလာလာ ဖြစ်ပီး ပျက်မှာချည့်ဘဲ၊ ဉာဏ်နဲ့သာ ကြည့်ရင် အခုဘဝထဲမှာကို မသာ အလောင်းပေါင်း မရေမတွက်နိုင်ဘူးဆိုဒါသိရမယ်။

ဒကာ, ဒကာမတို့ ဘဝများစွာ တောင်းတဲ့သူဆိုရင် အသေကြိုက်လှန်းတဲ့ သူ၊ မသာ ဖြစ်ချင် အားကြီးတဲ့ သူဘဲလို့ သာမှတ်ကြတော့၊ အမှန်အကန် မသိ မမြင်တော့ ကြောက်ရကောင်းမှန်း မသိရှာကြဘူး၊ ဒကာ, ဒကာမတို့ ဉာဏ်နဲ့မြင်အောင်သာကြည့်ကြ၊ဉာဏ်နဲ့ကြည့်ပီး သံသရာကိုမှန်းကြတော့ သံသရာဘေးကို ကြောက်ကြတော့လို့ ပြောလိုက်ပါတယ်။

ခန္ဓာ ဖြစ်စဉ်က အသေချင်းဆက်နေတယ်၊ တသေပီးတသေ ဒီအသေပီး နောက် အသေနဲ့ အသေတွေသာ ဆက်နေတယ်၊ အနေတခုမှ မပါဘူး၊ ထိုင်ဆဲရုပ်နာမ်ဟာ ထ,ရုံမပါဘူး၊ ရပ်ဆဲ

ရုပ်နာမ်ဟာလဲ သွားရာကို မပါလာဘူး၊ သွားဆဲရုပ်နာမ်ဟာလဲ ရပ်တဲ့ဆီကို မပါလာဘူး၊ ရပ်ဆဲ ရုပ်နာမ်ကလဲ ထိုင်လိုက်တော့ အကုန် ချုပ်ပျောက်ကုန်ဒါဘဲ၊ ရုပ်နာမ် အစဉ်တွေဟာ အသေချင်းသာ ဆက်နေတယ် ဆိုဒါ မှတ်လိုက်ကြ၊ သဘောပါကြပလား?။

ဒကာတို့ ခန္ဓာလမ်းစဉ်ဟာ အသေလမ်းစဉ်ဘဲရှိတယ် အသေလမ်းစဉ်မှတပါး တခြားဟာ မပါဘူးဆိုဒါ ရိပ်မိ ကြရဲ့လား?၊ အဲ—ရိပ်မိရင် အသေလမ်းစဉ်ကို ပြင်ကြတော့၊ ဒီလမ်းစဉ်ကိုဖြင့် သိမ်းကြတော့၊ သိမ်းချိန်ရောက်မှဆိုဒါ သတိ ပေးလိုက်တယ်၊ "ကေစိတ္တာ သမာယုကာ" ဆိုတဲ့ အတိုင်း တစိတ်ဟာ တသက်ဘဲ၊ စိတ်အစဉ်ကလေးတွေ ဝမ်းထဲမှာ ဖြစ်ပျက်,ဖြစ်ပျက်နဲ့ တစိတ်တခါ သေနေဒါဘဲ၊ သဘောပါကြရဲ့လား?။

ဒီ အသေဇာတ်ကို သိမ်းဘို့ဆိုတော့ သိမ်းချင်တဲ့ စိတ်ရှိရင်လဲယ်ပါတယ်၊ ဘုရားဟောတဲ့အတိုင်း ဆရာ ဘုန်းကြီးက ညွှန်ပြတဲ့အတိုင်း လိုက်နာပီး အားထုတ်ဘို့ဘဲရှိမယ်၊ ရိပ်မိကြပလား?၊ ဒီအသေဇာတ်ကို သိမ်းချင်ရင် နှစ်လုံးထဲနဲ့ သိမ်းနိုင်ပါတယ်တဲ့၊ စကားနှစ်လုံးဘဲ လိုက်နာပီးသိမ်းရင် ရပါတယ်လို့ "ပဋ္ဌကော ပဒေသ" ပါဠိတော်မှာ ဟောထားခဲ့တယ်။

"ဒုဝေ ဟေတူ ဒုဝေ ပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ"

'သာဝကပါရမီဉာဏ်ကိုရဘို့ရာ နှစ်ကြောင်းထဲဘဲ ရှိပါတယ်' လို့ ဆိုလိုတယ်၊ မဂ်,ဖိုလ် နိဗ္ဗာန်ကို အခုရရင် အခုယူမယ်ဆိုတဲ့သူ အတွက် အကြောင်း နှစ်ကြောင်းထဲဘဲ လိုပါတယ်တဲ့၊ ဘုရား

ဆုတို့ လက်ျာရံ လက်စဲရ ဆုတို့ မဟာသာဝကဆုတို့ ဆိုတဲ့ဆုတွေ မျိုးကို မပန်တော့ဘဲ နိဗ္ဗာန်ရရင် ပီးရောလို့ ဆိုတဲ့သူ၊ သံသရာ မရှေ့ချင်တဲ့သူမျာ့းအတွက် ဒီအကြောင်းနှစ်ခုဘဲ ကြိုးစားတော့ ကြိုးစားရင် ရမယ်တဲ့။

ဟာ့ဒကာမတို့ ဒီအကြောင်း နှစ်ခုထဲကိုဖြင့် အခု လုပ်ပါ တော့မယ်လို့ ဆုံးဖြတ်လိုက်ကြ၊ ဒီနှစ်ကြောင်းကိုလုပ်ရင် ပူစရာ ပင်စရာ ဆွေးစရာတွေ အကုန် ဇာတ်သိမ်းမယ်၊ ရှင်းကြပလား?၊ အဲဒီအကြောင်းနှစ်ခုဆိုဒါက ...

"ပရတောစ ဃောသော သစ္စာနုသန္ဓိ၊"

"သစ္စာတရားကို နာကြား ရမယ်၊" အဲ့ဒါက အကြောင်း တခုဘဲ။

အဇ္ဈတ္တဥ္စ ယောနိသော မနသိကာရော၊

"မိမိအဇ္ဈတ္တ ခန္ဓာထဲမှာ နှလုံးသွင်းမှန်ရမယ်၊" ဒါကတခုဘဲ၊ ဒီအင်္ဂါအကြောင်းနှစ်ပါးနဲ့ ပြည့်စုံရင် ဘယ်အခါမဆို နိဗ္ဗာန်ကို ရတယ်လို့ "ပေဋ္ဌကောပဒေသ ပါဠိတော်" က ဟောထားခဲ့ တယ်ဆိုဒါ မှတ်လိုက်ကြ၊ သဘောပါကြပလား?။

ဒကာ့ဒကာမတို့ အထင်အမြင်ကတော့ သူများ အသုဘကို လိုက်ပို့၊ အလွ အတန်းလိုက်၊ ဒါန, သီလတွေ ဆည်းပူးကြနဲ့ ဒါတွေနဲ့ဘဲ နိဗ္ဗာန်ရောက်တယ်လို့ အောက်မေ့ နေကြတယ်၊ မဟုတ်ပါဘဲ ကလား၊ အသုဘပို့ရုံ အလွ အတန်း လိုက်ရုံ ဒါန သီလ ဆည်းပူးရုံ ကလေးနဲ့ ဒတော့ နိဗ္ဗာန် မရောက် နိုင်ဘူး၊ အထောက် အပန့်လောက်သာ ဖြစ်မှာဘဲဆိုဒါ မှတ်ကြ။

နိဗ္ဗာန်ကို ဒီအကြောင်း နှစ်ခုနဲ့မှ ရောက်နိုင်တယ်၊ ဒီနှစ်ခုနဲ့ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်နိုင်တယ် ဆိုဒါ မှတ်ထားကြ၊ လမ်းမသိရင် ဟိုကွေ့ဒီကွေ့နဲ့ သွားနေရင် မရောက်နိုင်ဘူး၊လိုရာခရီးကိုမရောက်တော့ဘူး၊ ရိပ်မိကြပလား?၊ ဒကာ,ဒကာမတို့ အိမ်မှာရှိတဲ့ ငရုတ်ဆွေ,ငွေတ်ဆွေ,ပစ္စည်းဘဏ္ဍာတွေ အကုန် ပျောက်ပေမဲ့ အရေး မကြီးလှဘူး၊ နှစ်ခု ပျောက်မှာ ဒီအရေးပိုကြီးတယ်။

ဒီနှစ်ခုပျောက်ရင် အလုံးစုံ ချမ်းသာရမှာ ပျောက်တာဘဲ၊ ချမ်းသာ သုခ မှန်သမျှ ပျောက်တာဘဲလို့သာ မှတ်ကြတော့၊ သဘောပါကြရဲ့လား?၊ ဒီနှစ်ခု ပျောက်ရင် အို, နာ, သေ, ဆိုတဲ့ ဘေးအမျိုးမျိုး ဒုက္ခအမျိုးမျိုးတွေနဲ့ ဘယ်တော့မှ မကွဲရတော့ ဘူး၊ အပါယ်လေးပါး ရှိသမျှပစ္စည်း ငါ့ပစ္စည်း၊ ဆင်းရဲမျိုးစုံဟာ ငါပိုင် ငါဆိုင်ဘဲလို့သာ မှတ်ထားကြ၊ ရှင်းကြရဲ့လား?။

ဒကာ, ဒကာမတို့ သားပျောက်တာလဲ အရေးမကြီးဘူး၊ သို့မဟုတ် ပျောက်လို့လဲ ပူစရာမဟုတ်ဘူး၊ သားသို့မဟုတ်, သားမယား,ဆွေမျိုး သားချင်း ဆိုဒါတွေက ဘဝများစွာ ပျောက်ဘူးခဲ့လှပြီ၊ ဘဝ များစွာက ပျောက်ဘူးတဲ့ဟာတွေမို့ ဘာမှ အရေး မကြီးဘူး အရေးကြီးဒါက ဒီနှစ်ခုဘဲ၊ ဒီနှစ်ခုသာ ပျောက်ရင် ကိုယ်ကျိုး အကြီးအကျယ်နဲ့ဘီဆိုဒါ ဆုံးဖြတ်ချက် ချကြ၊ ရိပ်မိကြပလား။

ဒီ နှစ်ခု အရေး ကြီးတယ်၊ ဒီအချက် နှစ်ခု ညီညွတ်ရင် ပါရမီ မလိုဘူး၊ ဒီနှစ်ခုနဲ့ အလုပ်,လုပ်ရုံဘဲ လိုတယ်ဆိုဒါ မှတ် လိုက်ကြ၊ ဒကာ, ဒကာမတွေ ဘဝများစွာက သေဒါကို ခန္ဓာ

နဲ့ ချည့် ထိုးအပ်ခဲ့ရ၊ အပါယ်လေးပါးကဟာ ကိုယ်ဟာချည့် ဖြစ်ခဲ့ရ၊ ဒုက္ခမှန်သမျှ ကိုယ်ပိုင်ပစ္စည်းချည့် ဖြစ်ခဲ့ရနဲ့ သုက်သုက် လယ်ခဲ့ကြရတယ်၊ အဲဒါဟာ ဒီနှစ်ခုနဲ့ လဲခဲ့လို့၊ ဒီနှစ်ခုကို မရခဲ့လို့ ဘဲဆိုဒါ သံသယ မရှိကြနဲ့။

ဒကာ့ဒကာမတွေ သဘောပါကြရဲ့လား?၊ နားကြီးကြီးနဲ့ ထောင်ကြ၊ ထောင်ပီး ယူတတ်အောင်လဲ ယူကြလို့ သတိပေး လိုက်ပါတယ်၊ကျေနပ်ကြပလား?၊ဒါကြောင့် ဒကာ့ဒကာမတွေ သစ္စာတရားကိုနာဘို့ ပဋ္ဌမ အရေးကြီးတယ်၊ သစ္စာတရားကိုမနာ ဘဲနဲ့လဲ နှလုံးသွင်းမှန်ဘို့ မဖြစ်နိုင်ဘူး ရှင်းကြရဲ့လား?။

ဒကာ့ဒကာမတို့ အခုလက်ရှိ ရထားကြတဲ့ ခန္ဓာကြီးက ဒုက္ခ ခန္ဓာကြီး၊ ခန္ဓာက ဒုက္ခသစ္စာကို အမြဲတမ်းပြပြီးနေဒါဘဲ၊ ဒီခန္ဓာ က ဟိုဘက်စောင်းပေးရ၊ဒီဘက်ပြောင်းပေးရ၊ ခြုံရ,ရုံရ,ကျွေးရ မွေးရ အားလုံး ဒုက္ခသစ္စာချည့်ဘဲ၊ မကျွေးတော့လဲဆာလောင် မွတ်သိပ်လို့၊ ကျွေးပြန်တော့လဲ ရင်တောင့်လို့ ဗိုက်အောင့်လို့ အစာကမကြေပြန်လို့ အစားမှားလို့နဲ့ အမျိုးမျိုးဒုက္ခရောက်ရ တယ်၊ ရိပ်မိကြရဲ့လား?။

အဲဒီလို ခန္ဓာရဲ့ ဒုက္ခသစ္စာ အချက်တွေကို ဟောပြ ရမယ်၊ ဒီလို ဟောလို့ ဒီလိုတရားမျိုးကို နာရရင် ဥာတပရိညာခေါ်တဲ့ သိလုံးကလေး လာတယ်၊ အဲဒီလို ဥာတပရိညာ အသိလုံးလေး ရတဲ့အချိန်မှာ ကိလေသာမရှိဘူး၊ ကိလေသာ စင်ကြယ်နေတယ် သစ္စာတရား ဟောပြလို့ သစ္စာတရားနာရင်းနဲ့ ဒကာ့ဒကာမတို့ ဥာဏ်က ခန္ဓာဘက်လွဲပီး “ အခုပျက်သွားဒါ ဒုက္ခ သစ္စာတွေ အခုပေါ်လာဒါဟာ ဒုက္ခသစ္စာတွေဘဲ ” လို့ သိနေရမယ်။

အဲဒီလို သိနေရင် ကိလေသာ ကြားမဝင်ဘူး၊ ဒီလို သိလိုက်နေတဲ့ အချိန်မှာ ကိလေသာ စင်ကြယ်နေတယ်၊ သဘောပါရဲ့လား?၊ ဥပမာအားဖြင့်ဆိုရင် သစ်တုံးတတုံးဟာ အဆီ အစေးတွေ့ မရှိတော့ဘဲ ခြောက်သွေ့နေမယ်ဆိုရင် မီးစဲ့ လွယ်တယ် အဆီအစေးရှိနေမယ် ကျန်နေမယ်ဆိုရင် မီးမစဲ့လွယ်ဘူး၊ဒီဥပမာလိုပါဘဲ နှလုံးသွင်း မှန်နေဆဲ အချိန်မှာ ကိလေသာ အစေးအလျှောဝ်တွေက ခန်းခြောက်နေတယ် အဲဒီလို ခန်းခြောက်နေလို့ တရားရလွယ်ဒါဘဲ ခန်းခြောက်နေရင် တရားရလွယ်တယ် သစ္စာသိနိုင်တယ်ဆိုဒါ မှတ်ကြ။

ဒကာ,ဒကာမတွေ့ သဘော ပါကြရဲ့လား?၊ ခန္ဓာသစ်တုံးက ကိလေသာ အရေ အစေး မရှိတဲ့ အခါမှာ ဉာဏ်က ဒုက္ခသစ္စာဘဲလို့ နှလုံးသွင်း မှန်ရင် နိဗ္ဗာန် ရောက်တယ်၊ ဒုက္ခ ခန္ဓာကြီး ပျောက်ပီး နိဗ္ဗာန်ရောက်တော့ဒါဘဲလို့ မှတ်လိုက်ကြ၊ ရှင်းကြရဲ့လား?၊ ဒကာ, ဒကာမတို့ သစ္စာတရားကို သေသေ ချာချာနာနေရတော့ ခန္ဓာမှာကိလေသာတွေက ခြောက်ခန်းနေတယ်၊ ဒီအခါမှာ ဖြစ်ဒုက္ခ, ပျက်ဒုက္ခဘဲ ရှိတယ်၊ ဘာမှ မရောဘူးလို့ နှလုံးသွင်းမှန်ပီး လိုက်နာတယ်၊ အဲဒီလို ခန္ဓာရှိနဲ့ နှလုံးသွင်းက မှန်နေဒါနဲ့ ကိုက်သွားတော့ ဖျတ်ကနဲဆို ခန္ဓာပျောက်ပီးနိဗ္ဗာန် ရောက်တော့ဒါဘဲ၊ ရှင်းကြပလား?။

သစ္စာတရားကို နာနေဆဲမှာ နှလုံးသွင်းကလဲ မှန်နေတော့ လောဘ, ဒေါသ, မောဟ ဆိုတဲ့ ကိလေသာတွေ့ တခုမှ မလာဘူး စင်ကြယ်သန့်ရှင်းနေတယ်၊ ဒီအခါမှာ ခန္ဓာမှာ မဂ်ဉာဏ်နဲ့ ကြည့်တော့ ဖြစ်ပျက်တွေမြင်၊ ဒီလို ဖြစ်ပျက်ဒုက္ခ အမြင်နဲ့ ဆက်ကြည့်တော့ ဖြစ်ပျက်တွေမုန်း၊ ဖြစ်ပျက်တွေကို မုန်းရက်နဲ့,

ဆက်ပီး ကြည့်ပြန်တော့ တချက်ချက်မှာ ဖျတ်ဆို ဖြစ်ပျက်တော့ ဆုံးသွားတော့တယ်၊ အဲဒီ ဖြစ်ပျက် အဆုံးမှာ နိဗ္ဗာန်ပေါ်လာတယ်ဆိုဒါ မှတ်ကြရမယ်၊ ကျေနပ်ပလား?။

ဒကာ,ဒကာမတို့ နိဗ္ဗာန် ပေါ်တော့ ဖြစ်ပျက် ဒုက္ခတွေဟာ ငြိမ်းသွားတယ်၊ ဒုက္ခတွေ ငြိမ်းသွားတယ် ဆိုတော့ ဒီတရားဟာ သေပျော်တဲ့ တရားဘဲလို့ ဆုံးဖြတ်ချက်ချကြ၊ ရိပ်မိကြရဲ့လား၊ ဒကာ, ဒကာမတို့ အိမ်မှာရှိတဲ့ ရွှေတွေ,ငွေတွေ,ပစ္စည်းပစ္စယတွေ သားတွေ, သမီးတွေ, တိုက်တာတွေ, အိုးအိမ်တွေဆိုဒါ ကိုယ်ပိုင် တခုမှ မဟုတ်ဘူး၊ အားလုံးရှိသမျှ ဘုံဆိုင်တွေပါ ဒီဟာတွေကို ကိုယ်က အရင်စွန့်ချင်ရင်လဲ စွန့်ရမယ်၊ ကိုယ်က မစွန့်လဲ သူတို့က စွန့်မှာပါဘဲ၊ ဒါတွေ အတွက်နဲ့ ဘာမှ စိုးရိမ်စရာ မဟုတ်ဘူး ဘာမှ ကြောင့်ကြစရာ မလိုဘူး၊ ပေါ်ကြပလား?။

တကယ် စိုးရိမ်ရမှာက ဒီနှစ်ခု မပျောက်စေဘို့ဘဲ၊ ဒီနှစ်ခု ပျောက်ရင် အပါယ်ဒုက္ခဟူသရွေ့ ကိုယ့်ဟာ အပါယ်လေးပါး ရှိတဲ့ပစ္စည်းဟာ ကိုယ်ပိုင်ချည့်ဖြစ်မယ်၊ သဘောပါကြရဲ့လား?၊ သံသရာမှာ ဘယ်အခါမဆို တွေ့နေရတဲ့ သူဆိုင် ငါဆိုင် အမျှး ပိုင် ပစ္စည်းမျိုးတွေနဲ့ အလဟဿ အချည်းအနှီး အချိန်မစီးတဲ့ အဖြစ်မျိုး မရောက် ကြစေနဲ့၊ သားသမီး ပစ္စည်း အိုးအိမ်ဆိုဒါ တွေက သံသရာမှာ အဆန်းတရား မဟုတ်ကြဘူး၊ ရိပ်မိကြ ရဲ့လား?။

ဒကာ,ဒကာမတို့ ကိုယ့်အရေး ကိုယ်ကြောင့်ကြကြ၊ ပြင်ပ ဟာတွေက ဘာမှ အရေးကြီးဒါမဟုတ်ဘူး၊ ကိုယ့်အတွက် ကိုယ် အရေးကြီးကြပါတော့လို့ သတိ ပေးလိုက်တယ်၊ ပြင်မကြည့်နဲ့

ကိုယ့်ခန္ဓာ ကိုယ်ကြည့်၊ မိမိ ခန္ဓာမှာ ဥာဏ်နဲ့. စိုက်ကြည့်ကြ နားက ဟောတဲ့တရားကိုထောင်၊ ဥာဏ်က ခန္ဓာကြည့် ခန္ဓာမှာ ဥာဏ်စိုက်ပီးကြည့်တော့ မင်းဟာ ဒုက္ခအစစ်ဘဲဆိုပီး ဥာဏ်မီးနဲ့. ရှို့လိုက် နိုင်မယ်၊ ဥာဏ်မီးနဲ့. ရှို့လိုက် နိုင်ရင် ဒုက္ခခန္ဓာကြီး ပျောက်ပီး သုခနိဗ္ဗာန် ပေါ်လာဒါဘဲ၊ အဲဒီဟာ "ခန္ဓာနိရောဓော နိဗ္ဗာနံ" ဖြစ်တာဘဲလို့ မှတ်ကြ။

အဲဒီသဘောဟာ အဆီ အစေး ခန်းနေတဲ့ ခြောက်သွေ့နေတဲ့ သစ်တုံးကြီးကို မီးနဲ့. ရှို့လိုက်တာဘဲ၊ ရှို့လိုက် သလို့ဘဲ၊ ရှင်းကြရဲ့လား?၊ နားက သစ္စာတရားကိုနာဆဲ၊ အဲဒီ နာဆဲမှာ ကိလေသာ ၁၅၀၀၊ ထောင့်ငါးရာ အစေးတွေက ခြောက်ခန်းနေတယ်၊ ဒီအခါမှာ ဥာဏ်မီးနဲ့. ရှို့ချလိုက်တော့ ဒုက္ခခန္ဓာကြီး ပျောက်ထွက်သွားတော့ဒါဘဲ၊ ခန္ဓာကဒုက္ခသစ္စာ၊ သူက ကန့်လန့် ရှိနေလို့ ရှေးက နိဗ္ဗာန်မပေါ်ဒါ၊ အခု သူပျောက်သွားတော့ နိဗ္ဗာန်ပေါ်လာဒါဘဲ ရှင်းကြပလား?။

ဒကာ, ဒကာမတို့ ဒီတရားဟာ သေပျော်တဲ့ တရားဘဲလို့ မှတ်လိုက်ကြ၊ ဒကာတို့အတွက် ဒီတရားဟာ အလွန်ဘဲအရေးကြီး ပါတယ်၊ ဂရုစိုက်ကြ၊ ယူနိုင်အောင်ယူကြ၊ ဘာမှ ဝန်လေးဘို့မရှိဘူး၊ ဒီတရားက သားဝန်, မယားဝန်, ဆွေဝန်, မျိုးဝန်လောက် မလေးဘူး၊ ဒီတရားက မောတဲ့တရားမဟုတ်ဘူး၊ မမောဘူးဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြရဲ့လား?။

ဒကာတို့တတွေမှာ ဟိုဟာတွေး ဒီဟာတွေး, တွေးပီး ဘယ့်. စိတ်မချ၊ ဘယ်ဝါ့ စိတ်မချနဲ့. အမောဆိုက်နေတဲ့ အချိန်ကများတယ်၊ ဟုတ်ကြရဲ့လား?၊ ဟိုက ဒီက နေရာ မကျလေ အမောဆိုက်လေဘဲ၊ ဟိုတွေး ဒီတွေးနဲ့. စိတ်မချဘဲ နေချင်ရင်

အမောဆိုက်ချင်လို့ဘဲ ဆိုဒါ မှတ်ကြ၊ ရိပ်မိကြပလား?၊ ဒီလို အမောဆိုက်ရဒါ သူတို့မိုက်လို့ မဟုတ်ဘူး၊ ကိုယ်က အလွဲမတတ်လို့ ကိုယ်ကအလွဲလွဲနေလို့ဘဲဆိုဒါ မှတ်ကြတော့။

ဘုရားက "အဇ္ဈတ္တခန္ဓာမှာ လွဲကြတဲ့၊ ဗဟိဒ္ဓမှာ မလွဲ့ကြနဲ့ ပြင်ပခန္ဓံဘမှာမလွဲကြနဲ့၊ ပြင်လွဲရင် ဒုက္ခရောက်မယ်"လို့ အသေအချာ ဟောတော်မူခဲ့တယ်၊ ဒကာတို့တတွေက ဘုရားကိုကန့်လန့်လုပ်ပီး အဇ္ဈတ္တကိုတော့မကြည့်၊ ဗဟိဒ္ဓကိုချည့် ကြည့်နေကြတယ် ဗဟိဒ္ဓခန္ဓာကိုကြည့်ပီး သူတို့ကြောင့် ကိုယ်အမိုက် ဖြစ်ရတယ်"နဲ့ လောက္ခတ် ချေနေကြတယ်, ဒကာတို့ လောက္ခတ်မျှားလွန်းဒါ မျက်ရည်ကျဘို့ ရင်ထုဘို့ဘဲဆိုဒါ မှတ်ကြ။

ဘုရားရှင်က " သစ္စာ တရားကိုနာပီး, အဇ္ဈတ္တ ခန္ဓာမှာ ဉာဏ်လွဲဘို့ " ဟောတော်မူတယ် ဆိုဒါ မှတ်ထားကြ။

ဒကာ, ဒကာမတွေက ဘုရားဟောနဲ့ ဆန့်ကျင်ဘက်လုပ်ပီး ဟိုဘက်အိမ်လွဲလိုက်၊ ဒီဘက်အိမ်လွဲလိုက်နဲ့ အလွဲလွဲနေကြတယ်၊ အလွဲလွဲပီး အမောဆိုက်နေကြရဒါဘဲ၊ ကြပ်ကြပ် စဉ်းစားကြ၊ အလွဲလွဲပီး အသက်ရှူဒါတောင် အောင့်ပီး ထုက်လာ ရတယ်၊ အင်း,ဆိုတဲ့ သက်ပြင်း ချသံကြီးများ ဘေးကလူတောင် အမောကူးသွားတတ်ကြတယ်၊ သဘောပါကြပလား?၊

အဲဒီလို သက်မကြီးချတဲ့ အသံဟာ ဝမ်းထဲက ကိလေသာမီး ဟုန်းဟုန်း တောက်ပီး ထုက်လာ ရဒါပါ၊ အဲဒီ ထဲမှာ မီးပုံး ပါမလာရင်တောင် ကံကောင်း လို့ဘဲသာ မှတ်ကြ၊ အဲဒီလို ဖြစ်ရဒါ ဘာ့ကြောင့်လဲ? ဆိုတော့ ပုစရာ ဆွေးစရာ ဘက်ကို

လွဲပီး အမောဆိုက်လို့ဘဲ၊ ရှင်းကြရဲ့လား?၊ ဒါကြောင့် ဆရာသမား ညွှန်ပြတဲ့ အတိုင်း ဒီနှစ်ခုကို လုပ်ရမယ်၊ လုပ်ရင် ဒုက္ခခန္ဓာပျောက် အသေတွေ့ဆက်နေဒါ ပျောက်တော့ဒါဘဲ။

ဒကာ, ဒကာမတို့ နိဗ္ဗာန်ဟာအနီးကလေးပါ၊နိဗ္ဗာန်ကို ခန္ဓာဆုံးရင် ရဒါဘဲ၊ နိဗ္ဗာန်ဆိုဒါတလံမျှလောက်သော ခန္ဓာအဆုံးမှာဘဲ ရှိတယ်လို့ ဘုရား ဟောတော်မူတယ် ဆိုဒါ အရင်ကလဲ ပြောခဲ့ပီးဘီ၊ နီးရက်သားနဲ့ ဝေးနေရဒါ ဘာ့ကြောင့်လဲ?ဒကာတို့က အလွဲလွဲနေလို့ဘဲဆိုဒါ မှတ်ကြ၊ နိဗ္ဗာန်နဲ့ ဝေးနေဒါဟာ အလွဲလွဲလို့ ဝေးနေဒါ ရိပ်မိပလား?၊ နှလုံးသွင်းကလဲ၊ တရားနာက လဲတော့ ဝေးဒါဘဲ၊ ပေါ်ကြပလား?။

ဒကာတို့တတွေ သံသရာရှေ့လေသမျှ အလဲချည့်လုပ်နေတော့ သေခြင်းဆိုး သေဘို့ချည့်ဘဲဆိုရင် မမှားဘူး၊ ရပ်ထဲ ရွာထဲမှာ အပူသယ် အပူသယ်ချင်းညီ၊ ညီမီး ခေါင်းချင်းဆိုင် နောက်, အပူချင်း ပွိုင်လိုက်ကြ၊ ဒီလိုအပူချင်းပွိုင်နေကြဒါ ရပ်ထဲ ရွာထဲမှာ ဘယ်လောက်များမလဲ? မေးရင် တပုံကြီးပါဘဲ၊ သဘောပါကြရဲ့လား?၊ဒီကိစ္စမျိုးတွေဟာ ဒကာတို့ရဲ့ မျက်မြင်လက်တွေ့မို့ အထူးပြောဘို့တောင် မလိုတော့ပါဘူး။

ဒါကြောင့် အခုချိန်မှာ အလဲတွေကို ပြင်ကြတော့၊ မပြင်ရင် မဖြစ်တော့ ပါကလားလို့ ဆုံးဖြတ်ချက်ချ၊ ရှင်းပလား?၊ ပြင်ချင်တော့ သစ္စာတရားကိုနာပီး ခန္ဓာဘက်မှာ နှလုံးသွင်းမှန်ရမယ်၊ အဲဒီလို အာဂ်ါနှစ်ချက်ညီညွတ်ရင် အလွဲမှန်သွားဘီ၊ အလွဲမှန်ရင်အမှန်မြင်ရမယ် ရိပ်မိကြပလား? နားက သစ္စာတရားကိုနာဉာဏ်က ခန္ဓာဘက်လွဲ.ပီးနှလုံးသွင်းမှန်နေ၊ မှန်နေတော့ ခန္ဓာရဲ့ ဒုက္ခသဿကို မြင်ရ သိရမယ်ဆိုဒါ မှတ်ကြ၊ ရှင်းကြရဲ့လား?။

ခန္ဓာဘက် လွဲပီး နှလုံးသွင်း မှန်နေတော့ ခန္ဓာက ဖြစ်ပေါ်လာလိုက်၊ ပျက်စီး သွားလိုက်၊ ဖြစ်လာလိုက် ပျက်သွားလိုက် ဒီသဘောအမှန်ကို ခန္ဓာကပြမယ်၊ ဒီလို ခန္ဓာပြတဲ့အတိုင်း နှလုံးသွင်းက မှန်မှန်နဲ့ ဆက်ကြည့်ပီး လိုက်သွား ရမယ်၊ အဲဒီလို လိုက်သွားရင်း တရားနာရင်းက "ဒုက္ခသစ္စာ ဆင်းရဲအမှန်ဆိုဒါ ဒါပါဘဲကလား" လို့ ဉာဏ်က ပိုင်းဖြတ် ချလိုက်တော့ ဖြစ်ပျက်နေတဲ့ ခန္ဓာကြီး အကုန် ပျောက်ထွက် သွားတော့တယ် ဆိုဒါမှတ်ကြ၊ ရှင်းကြရဲ့လား?။

ဒကာ, ဒကာမတို့ အဲဒီ ပျောက်ထွက်သွားတဲ့ ဖြစ်ပျက် ခန္ဓာကြီးက ဒုက္ခသစ္စာဘဲ၊ အဲဒီ အချိန်မှာ ဉာဏ်က ဒုက္ခ ဟူသရွေ့ မရှိတော့ဘူးလို့ အသိခံရဒါက နိရောဓသစ္စာဘဲ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ အဲဒီနေရာ သေတဲ့ကိလေသာတွေက သမုဒယသစ္စာဘဲ၊ သဘော ကျကြပလား?၊ အဲဒီတော့မှ ပုစ္ဆာ ဆွေးစရာ ရှာသုံးရပ်သုံးတွေ အကုန်လုံး ချုပ်တော့ဒါဘဲ၊ ကိုယ့်ကို လောင်မဲ့မီးဟူသမျှ အကုန်လောက်ငြိမ်းသွားတယ်၊ ရှင်းကြရဲ့လား?။

ဒီ ဥစ္စာကို မရရင် မီးဟူသမျှ ကိုယ့်လောင်ဘို့၊ ရအောင်မယူရင် မီးလောင်ပီး သေချင်လို့ဘဲ ဆိုဒါ မှတ်ကြ၊ ကိုယ့်အတွေးက ကိုယ့်ကိုပြန်မီး လောင်ဒါဘဲ၊ သား, သမီး အတွက်တွေးတော့ ဒီအပူမီးက ကိုယ့်ကိုလောင်တဲ့မီးဘဲ၊ ဒကာ,ဒကာမတွေ့ ကိုယ့်အတွက် သားသမီးအတွက်, ပစ္စည်းအတွက်, ဆွေမျိုးသားချင်းအတွက်တွေနဲ့ အမျိုးမျိုးတွေးပီး အမျိုးမျိုးမီးလောင်ခံနေကြရတယ်၊ ပေါ်ကြပလား?၊ ဒီတော့ ဒကာတို့ တမျိုးလုံးတဆွေလုံးဟာ မီးလောင် ခံနေရတဲ့ အမျိုးတွေဘဲလို့ ဆိုရင် လွဲပါ့မလား?။

ဒကာ, ဒကာမတို့ ဒီအတိုင်း အမှန်ဘဲ၊ မလွဲတော့ဘူး၊ ရိပ်မိကြပလား?၊ အဲဒီတော့ဒကာတို့အမျိုးဟာမီးလောင်မျိုးဆိုတော့ "သုဘရာဇာမျိုးလား" ဆိုပီး တွေးမယ်.ကြံတိုင်း နဖူးပေါ် လက်တင်ပီး ကိုယ် ကိုယ်ကိုမေးကြ၊ တွေးမယ် ကြံစည်တိုင်း "မင်း, သုဘရာဇာမျိုးလား" လို. မေးကြဘို ပြောလိုက်ပါတယ်၊ ဒကာဒကာမတွေ အခု ဆရာဘုန်းကြီးနဲ. တွေ့တဲ့အချိန်ကစပီး "ကိုယ်. ကိုယ်ကို မီးရှို. တဲ့ဂုဏ်းထဲကို မဝင်ချင်နဲ. တော့၊ ခန္ဓာဇာတ်သိမ်းငြိမ်းတဲ့အလုပ်ကို လုပ်ကြတော့" လို. တိုက်တွန်းလိုက်တယ်။

ဒကာ, ဒကာမတွေက ဒီအလုပ်က ဘယ်အချိန်မှာ လုပ်ရမှာလဲ?လို. မေးရင် ဘုန်းကြီးက ပြောလိုက် ပါတယ်၊ ဘုရားရှေလက်ထက်တော်တုန်းက သာတာဂီရိနဲ. ဟေမဝတဆိုတဲ့ နတ်ဘီလူးကြီး နှစ်ဦး တို့ဟာ "ကာဋ္ဌ" ဆိုတဲ့ အမျိုးသွီးတဦး နေထိုင်တဲ့ အိမ်ပေါ် တဲ့တဲ့ ကောင်းကင်ယံကနေပီး တရားစကား ပြောကြ, ဟောကြ၊ အချင်းချင်း မေးကြ, ဖြေကြတဲ့ အသံကို ကြားနာရလို. နှလုံးသွင်းကမ္မန်လိုက်တာနဲ. အဲဒီမှာတွင်သောတာပန်တည်သွားတယ်။

အဲဒီ ကာဋ္ဌ အမျိုးသွီးဟာ သူ.တို့ပေါ်က နတ်ဘီလူးနှစ်ဦးဟောတဲ့ သစ္စာတရားကိုနာရလို. သစ္စာကိုနှလုံးသွင်းမှန်လို. တခါထဲ တထိုင်ထဲ နေရာကျသွားတယ်၊ ကိုစ္စပီးသွားတယ်ဆိုဒါမှတ်လိုက်ကြ၊ ကျေနပ်ကြပလား?၊ ဒါကြောင့် ဘယ်အချိန်တုံးဆိုရင်သစ္စာတရားတွေ့ရတဲ့အချိန်ဘဲဆိုဒါမှတ်ကြ သစ္စာတရားနဲ. တွေ့ဘို့သာ အရေးကြီးတယ်၊ ဘုရားနဲ. တွေ့ဘို့က အရေးမကြီးပါဘူး၊ ဘုရားနဲ. တွေ့ပီး သစ္စာနဲ. မတွေ့ရရင် အချည်းအနှီးဘဲလို. သာ မှတ်ကြ၊ ရိပ်မိကြပလား?။

ဥပကကြီးဟာ ဘုရားနဲ့ ပဌမဆုံး တွေ့ရဒါဘဲ၊ ဘုရားနဲ့သာ တွေ့ရတယ်၊ သစ္စာနဲ့မတွေ့ရတော့ အဲဒီအချိန်မှာ အလကားဘဲ၊ သူက ပဥ္စဝဂ္ဂိငါးဦးထက် စောပီးတွေ့ပေမဲ့ တွေ့ပီးတဲ့နောက်မှာ အမဲထမ်းရောင်းတဲ့ အမဲထမ်းသယ် ဘဝ ရောက်ပီး ချောက်ကျ ရတယ် ရိပ်မိကြပလား?၊ ဒါကြောင့် ဘုရားနဲ့တွေ့ဘို့ထက် သစ္စာ တရားနဲ့ တွေ့ဘို့က ပိုပီးအရေးကြီးတယ်၊ သစ္စာတရားတွေ့ဘို့သာ လိုရင်းစဲ့ဆိုဒါ ပေါ်ကြပလား? ကြိုးစားပီးယူကြ။

ဘုရားက "သစ္စာ တရားကို မနာတဲ့, တရားကို နှလုံးသွင်း မမှန်တဲ့ ပုဂ္ဂိုလ်ကို နိဗ္ဗာန်ရမယ်လို့ ငါဘုရား မဟောဘူး" တဲ့၊ ဘုရားက ပေဠကော ပဒေသပါဠိတော် စကားကို ထောက်ခံချက် ပေးတယ်ဆိုဒါမှတ်ကြ၊ ဒကာ, ဒကာမတွေ ရိပ်မိကြပလား?။

သာတာဂိနဲ့ ဟေမဝတဆိုတဲ့ နတ်ဘီလူးကြီး နှစ်ဦး တို့က တဦးနဲ့တဦး ပြန်လှန် မေးမြန်း ပြောဆိုကြတယ်၊ "ဘုရားက ဘာတရားကိုဟောတယ်၊ ဟောတဲ့တရားက ဘယ်အခြင်း အရာ ဘယ်သို့ ဘယ်ညာ စသဖြင့် အချင်းချင်း ပြောပြ နေတဲ့ တရား စကားကို ကြားရလို့ နှလုံးသွင်းမှန်ပီး သူ့အိပ်ရာ ထက်မှာဘဲ သောတာပန် တည်သွားတယ်၊ အဲဒီ အမျိုးသမီးက ကာဠ[illegible] တဲ့ ဘုရားသာသနာမှာ မိန်းမထဲက ပဌမဦးဆုံး သောတာပန်တည်ဒါ ဒီ ကာဠ[illegible] အမျိုးသမီးဘဲ။

ဒကာ, ဒကဲ့ဒါမတို့ သစ္စာတရားနာပီး နှလုံးသွင်း မှန်ကန်တဲ့ ကျေးဇူးဟာ ဘယ်လောက် များသလဲ?ဆိုဒါ ရိပ်မိကြပလား?၊ ဒီကာဠ[illegible] အမျိုးသမီးဟာ ဘုရားနဲ့ မတွေ့ခင် ဘဘူနဲ့ မှုမတွေ့ခင်က သောတာပန်တည်ဒါ ကျေနပ်ကြပလား?၊ အဲဒီတော့ နှလုံးသွင်း

မှန်ဘို့ အရေးကြီးတယ်ဆိုဒါမှတ်လိုက်ကြ၊ ခန္ဓာကဒုက္ခသစ္စာကြီးဘဲလို့ ဒီလို နှလုံးသွင်းကမှန်နေရင် ကိလေသာ ဘယ်နည်းနဲ့မှ မလာဘူး၊ ကိလေသာအစေးတွေ ခြောက်ခန်းနေတယ်၊ အဲဒီအခါမှာ မင်္ဂလာနဲ့ ရှိ့တော့ ကုန်လွယ်တယ်၊ ရှင်းကြရဲ့လား?။

ဘုန်းကြီးတို့ ဒကာ, ဒကာမတွေဟာ အလှူန် ကံကောင်းတဲ့သူတွေ အင်မတန်ထူးတဲ့သူတွေဘဲလို့ မှတ်ယူကြ အခုသစ္စာတရားနာရဘို့ အခွင့် အခေရး ရနေကြဘီ၊ ဘာလိုသေးသလဲ? မိမိတို့ကိုယ်တိုင်က နှလုံးသွင်းမှန်မှ တခုဘဲ လိုတော့တယ်။

ဒီတော့, ဒကာ, ဒကာမတွေဘက်က နှလုံးသွင်းမှန်ဘို့အချက်ဟာ အလှူန်အရေးကြီးတယ်ဆိုဒါ ပေါ်ကြပလား?။

သစ္စာတရားလဲနာ၊ ခန္ဓာ ဒုက္ခသစ္စာကိုလဲ နှလုံးသွင်း မှန်မှ၊ မှန်တဲ့သူမှ နိဗ္ဗာန် ရမယ်လို့ဟောတယ်၊ သစ္စာတရား မနာဘဲ နှလုံးသွင်း မမှန်ကန်တဲ့သူအတွက် ဘယ်တော့မှ နိဗ္ဗာန်မရဘူးတဲ့ ရှင်းကြရဲ့လား?၊ ဒီ အခိုပ္ပါယ်ကို ထောက်ပီးတော့ ဘာမှ တွေးတောနေဘို့ မရှိတော့ဘူး၊ ဘာမှ မတွေးနဲ့တော့၊ ခန္ဓာဒုက္ခသစ္စာကိုမြင်အောင် ဉာဏ်နဲ့ ခန္ဓာမှာစိုက်ကြည့်၊ နာနေတဲ့တရားကိုလဲ နားမှာ မပျောက်စေနဲ့၊ နားမှာမပျောက်ဘဲ နှလုံးသွင်းက မှန်နေတော့ တထိုင်ထဲနဲ့ တရားနာဆဲမှာ မင်္ဂိုလ်ကိုရနိုင်တယ်။

ဒါကြောင့်, ဒကာ, ဒကာမတွေကို "နားက ဟောတဲ့တရားကို နာယူပါ၊ ဉာဏ်က ခန္ဓာမှာ လွှဲထားပါ" လို့ သတိပေးရတယ်၊ ဒီစကားကို ဒီ ပေဋ္ဌကော ပဒေသ ပါဠိတော်က ထောက်ခံနေတယ်၊ ဘုရား ကိုယ်တော်တိုင်ကလဲ ထောက်ခံချက် ပေးတယ်

သဘောကျဘီလား?၊ အဲဒါကြောင့် ဘုန်းကြီး တရားဟောတဲ့အခါ "နားက တရားနာ၊ ဉာဏ်က ခန္ဓာထဲမှာ ဖြစ်ပျက်ကိုနှလုံးသွင်းရမယ်" တရားနာရင် ဒီနည်းနဲ့ နာရမယ်လို့ဟောခဲ့တယ် ဆိုဒါ မှတ်ကြ။

ဒကာ, ဒကာမတို့ မှတ်မိကြ ပလား?၊ ဟောတဲ့ တရားကို အသားထုတ်ရင် ဘာမှ မများသေးဘူး၊ ထိုင်ရင်းက နှလုံးထဲဘဲ ရှိပါသေးတယ်၊ တသက်လုံးဆောင်ကားကို ထပ်,ထပ်မီး ပြော နေတယ်၊ ဒီနှစ်လုံးထဲကို ပျောက်မှာကိုးလို့ မှတ်မိစေချင်လွန်းလို့ ပြောရဒါဘဲ၊ မေ့များနေရင် ပျောက်မှာစိုးရင် အချင်းချင်း မေးကြ,မြန်းကြ၊ ဒီနှစ်ခုပျောက်ရင် ဘဏ္ဍာမှာ ကိလေသာ ဝင်မီး မင်္ဂမီးနဲ့ ရှို့လို့ မရတော့ဘူး၊ မင်္ဂမီးနဲ့ မရရင် ငရဲမီးနဲ့ဘဲရှို့ရ မယ်ဆိုဒါ မှတ်ကြတော့။

သစ္စာတရား နာကြားဘို့နဲ့ နှလုံးသွင်းမှုန်ကန်ဘို့ ဒီနှစ်ချက် ညီရင် ကိလေသာ အစေးခြောက်ဘုန်း မင်္ဂမီးနဲ့ရှို့ရတဲ့အတွက် အသေအချာရတယ်၊ဒီနှစ်ချက်ညီရင်တရားပဲအဆုံးမှာ သောတာပန်,သကဒါဂါမ်, အနာဂါမ်စသည် ဖြစ်နိုင်တယ်၊ ဒကာ,ဒကာမ တို့တတွေဟာ ရှေးရှေးက သစ္စာတရားလဲမနာဘူးဘူး၊ နှလုံးသွင်း လဲမမှန်ဘူးဆိုတဲ့အချက် ပေါ်ကြဘီ၊ ရိပ်မိကြရဲ့လား?။

ကာဠဳအမျိုးသမီးဟာ သူ့မဟောဘူး၊ သူ့ဟောတဲ့တရားကို နာရဒါမဟုတ်ဘူး နတ်ဘီလူးနှစ်ဦးပြောတဲ့အခါနဲ့ တိုက်ဆိုင်လို့ သူတို့နှစ်ဦး ပြောတဲ့ အခိုက်မှာ ခန္ဓာကို နှလုံးသွင်း မှုန်ကန်လို့ ရဒါဘဲ၊ ဘာပါရမီမှ မလုပ်ပါဘူး၊ ခြောက်တာနဲ့ မီးရှို့ဒါနဲ့ ချိန်ကိုက်သွားလို့ရဒါ၊ ရှို့ခြင်းအကြောင်းမှုန်တယ်၊ ဒါကြောင့်

ကိုလေသာ ခြောက်ဆဲမှာ သစ္စာတရား နာဒါဟာ အကြောင်း မှန်ဘဲ၊ သဘောပါကြပလား?။

သစ္စာ တရား မနာတဲ့ အချိန်မှာ ကိုလေသာတွေ ဗလပေ့ ကိုလေသာအစေးတွေ ဗလပြစ်နဲ့ ခန္ဓာအနှံ့အပြားမှာအပ်ချစရာ မရှိအောင် ပြေ့နှက်နေတယ်၊ အဲဒီ အချိန်မှာ မင်္ဂီမီးနဲ့ ရှို့လို့ မလောင်ဘူး၊ခြောက်တဲ့အချိန်မှာရှို့မှသာအမြန်ဆုံးလောင်မယ် အဲဒါကြောင့် အစေး ခြောက်မှနဲ့ မီးရှို့မှ ချက်ကျအောင် ဂရုစိုက်ကြ။

အစေး ခြောက်ခန်းမှနဲ့ မီးရှို့မှ ညီညွတ်ရင် ခန္ဓာကြီး တထိုင်ထဲနဲ့ ပျောက်သွားတော့ဒါဘဲ၊ အဲဒီတော့ ပျောက်တဲ့ ခန္ဓာကြီးက ဒုက္ခသစ္စာ၊ ပျောက်တဲ့နေရာမှာ အစား ထိုးဒါက နိရောဓသစ္စာဘဲ၊ ဒကာ,ဒကာမတွေ ကျေနပ်ပလား?။

ကိုင်း....ဒီနေ့ ဒီတွင်ဘဲ တော်ကြအုံးစို့။

ကျေးငှးရှင် ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်အရ၊

နမူနာပြအဖြစ် ထည့်သွင်းလိုက်သော

ရေစက်ချ - တရားတော်

အလှူဆိုဒါ စွန့်လွှတ်တာကို ခေါ်ဒါဘဲ၊ စွန့်ဒါလဲ အမျိုးမျိုးရှိတယ်၊ အမှိုက်ပုံထဲစွန့်ဒါ ရေထဲစွန့်ဒါ စသည်ဖြင့် အမျိုးမျိုးရှိပါတယ်၊ အခု အလှူအဒါန်း ပြုတယ်ဆိုတဲ့ စွန့်လွှတ် တာက အမှိုက်ပုံထဲ စွန့်သလို ရေထဲစွန့်သလို အစွန့်မျိုး မဟုတ်ဘူး၊ အဲဒီအစွန့်ဟာ မိမိလက်ကလွှတ်သွားပြီး ပြန်မရတဲ့အစွန့်မျိုးလဲရှိတယ် မိမိပြန်ရတဲ့ အစွန့်မျိုးလဲရှိတယ်၊ အဲဒီနှစ်ခုထဲက ယခု အလှူဆိုတဲ့ အစွန့်က မိမိပြန်ရတဲ့အစွန့်ဘဲ၊ ပြန်ရတဲ့ နေရာမှာလဲ ရှိပြီးသား အတိုင်းဟာကိုဘဲ ပြန်ရဒါတမျိုး၊ သာလွန် မွန်မြတ်တဲ့ ပစ္စည်း ပြန်ရဒါတမျိုးလို့ နှစ်မျိုးဘဲမှတ်ရမယ်။

ယခု လှူဒါန်းရသောကြောင့် လူမင်း, နှတ်မင်း, ဗြဟ္မာမင်းကြီးတွေရဲ့ ဘဝတွေ စည်းစိမ်တွေကို တောင့်တမယ် ဆိုရင် အဲဒီ စွန့်လွှတ်တဲ့နည်းဟာ ရှိပြီးသားပြန်ရတဲ့ အရှင်းအတိုင်း ပြန်ရတဲ့ စွန့်လွှတ် ခြင်းဘဲ၊ ဘာကြောင့်လဲ ဆိုတော့ ယခု မိမိတို့ ရထားတဲ့ ခန္ဓာ ကိုယ်ကြီးဟာလဲ အိုရ, နာရ, သေရတဲ့ သဘောတွေနဲ့ဘဲ ဖြစ်တယ်၊ နောက်ထပ် တောင့်တလိုတဲ့ နောက်ထပ်ရမဲ့ လူ,နှတ်,ဗြဟ္မာ ကိုယ်တွေလဲ ဒီ အို,နာ,သေ ခေါ်တဲ့ ဇာတိ,ဇရာ ဗျာဓိ,မရဏ ဒုက္ခတွေက မလွတ်နိုင်ကြတဲ့ ဟာတွေဘဲ၊ ဒီတော့ ဘာထူးသေးသလဲ။

ဒါကြောင့် အို,နာ,သေတွေနဲ့ ရောထွေးနေတဲ့ ခန္ဓာကိုယ်ကို စွန့်ပစ်ပီး မအို,မနာ,မသေရတဲ့ နိဗ္ဗာန်နဲ့ ရအောင် လဲယူနိုင်

ရမယ်၊ ပျက်စီးတတ်တဲ့ ခန္ဓာ ငါးပါးကို စွန့်ပြီး မပျက်စီးတဲ့ နိဗ္ဗာန်ကို လဲလှယ်ပြီးယူရမယ်၊ အလှူ၊ လှူတဲ့နေ့ဟာ ငါတို့ရဲ့ အို,နာ,သေ ဒုက္ခတွေ ပင်လယ်ဝဝနေတဲ့ ခန္ဓာငါးပါးနဲ့ ထိုဒုက္ခ မျိုးတွေ ကင်းသဖြင့် အလှန်အားချမ်း သာယာတဲ့ နိဗ္ဗာန်ကို လဲလှယ်ယူတဲ့ နေ့ဘဲလို့ မှတ်ရမယ်။

ဒီလို အို,နာ,သေ ဒုက္ခတွေနဲ့ ရောထွေးနေတဲ့ ခန္ဓာကိုယ်နဲ့ မအို,မနာ,မသေရတဲ့ နိဗ္ဗာန်ကို လဲလှယ် ယူနိုင်တယ် ဆိုဒါလဲ အလှန် ဉာဏ်ကောင်း ကံကောင်းသူများမှ လဲယူ နိုင်တော့ ကိုယ်မှာရှိတဲ့ ခန္ဓာနှင့်တကွ ရတနာ ၎, ငွေ ပစ္စည်း တွေဟာ ရန်သူငါးတန်တို့နဲ့ ဆက်ဆံနေဒါ၊ ဒီတော့ အချိန်မရွေးပျက်စီး နိုင်တဲ့ဟာတွေ အဲဒီပစ္စည်းတွေနဲ့ ရန်သူငါးတန်တို့ လုံးဝအနား မသိနိုင်တဲ့ ပြည်နိဗ္ဗာန်ကို လဲလှယ် ယူနိုင်ဘို့ ဆိုဒါ တော်တော် ဉာဏ်ရှိ ကံရှိမှ လဲနိုင်ဒါ။

တဆယ် တသီးသော မိုးတွေ ညီးညီးလောင်နေတဲ့ ပစ္စည်းနဲ့ မီးမလောင်တဲ့ နိဗ္ဗာန် ဆိုတဲ့ ပစ္စည်းကို လဲယူမဲ့နေ့ ဒီနေ့ဟာဖြင့် အတော် ဉာဏ်ပါး ထုတ်နိုင်တဲ့ နေ့လို့ မှတ်ကြ ပေတော့၊ ဒီလို ဉာဏ်ပါး မထုတ်နိုင်ကြလို့ ဒီလို အပါး ထုတ်တတ်တဲ့ ဉာဏ်ကို မရခဲ့လို့ တသံသရာလုံး ခံခဲ့ ရလှပါပြီ၊ ဒါကြောင့် ဒီနေ့ဖြင့် အမြတ် သက်သက် ရှာတတ်တဲ့ ဘဝထူး, ဘဝမြတ် ဉာဏ်ထူး ဉာဏ်မြတ် ရတဲ့နေ့လို့ မှတ်၊ ဒီလဲလှယ်နည်းကိုလဲ အမြတ်အစွန်း လုံးဝရှိတဲ့ လဲလှယ်နည်းလို့ မှတ်ပါ။

ထို့ပြင် — မိမိတို့ ယခုရရှိထားတဲ့ ခန္ဓာကြီးဟာ ဇာတိတွေ ဇရာတွေနဲ့ ရှုပ်ထွေးနေဒါ၊ ဇာတိရတဲ့သူဆိုရင် အမေရဲ့ စားဖတ် ဝါးဖတ်တွေ ကြားမှာ နေခဲ့ရဒါ၊ အောက်က အစာဟောင်း

အပေါ်က အစာသစ်တွေက ညှီလိုက် နံလိုက် ပါဘိနဲ့ ဒုက္ခိတ အဖြစ်နဲ့ နေခဲ့ရဒါပါ၊ သုခဆိုလို့ တစက်ကမှမရှိပါဘူး၊ ဗီးတော့ ဒီနေရာ ခေတ္တာ ခဏကလေး နေဒါမဟုတ်ဘူး၊ ၉-လ၊ ၁၀-လ ဆိုသလိုနေရဒါ ။

ဘဲဉးမြင်တယ်လို့ ခေါ်ကြတဲ့ အပြင်ထွက်တဲ့ အခါမှာလဲ သက်သက်သာသာ ထွက်ခဲ့ရဒါမဟုတ်ဘူး၊ အလွန် ဆင်းဆင်းရဲရဲနဲ့ အပြင် ရောက်ခဲ့ဒါပါ၊ ဒီ ဒုက္ခမှန်သမျှဟာ ဇာတိရသူမှာ မုချ တွေ့ရတဲ့ ဒုက္ခတွေဘဲ၊ ရှောင်လို့ လွဲလို့ ရစကောင်းတဲ့ ဒုက္ခတွေမဟုတ်ပါဘူး၊ ဒါကြောင့် ဒီဇာတိဒုက္ခကို ကြောက်လို့ ရှံလို့ မုန်းလို့ သူရဲ့ လွတ်ရာ အ,ဇာတိခေါ်တဲ့နိဗ္ဗာန်ကိုရလိုလို့ ရောက်လိုလို့ ဒီသင်္ခန်းစသော လှူဘွယ်ဝတ္ထုများကို လှူဒါန်း ပါတယ်လို့ စိတ်ပြောင်းပြီးညွှတ်ပါ။

ပြီးတော့ ယခု ဒကာကြွယ် ဒကာမသန်းသန်းတို့ ဒကာတို့ဟာ ဘယ်သွားနေကြသလဲလို့မေးရင်မန္တလေးက-တောင်မြို့၊တောင်မြို့ က-မန္တလေး သွားနေကြပါတယ်လို့ ထင်နေဒါ၊ အမှန်ကတော့ ဇာတိမှ မရဏသို့ အပြေးသွားနေရတယ်လို့ မှတ်ပါ၊ ဒီလိုသွားနေ ရာမှ ကြားထဲမှာ ဇရာနဲ့ ဗျာဓိကိုလဲ ရောက်ရ,တွေ့ရအုံးမှာ မလွဲ ပါဘူး၊ သွားမကျိုးချင်ဘဲ ကျိုးရ၊ မျက်စိမမဲ့ချင်ဘဲ မဲ့ရ၊ နားမ ထိုင်းချင်ဘဲ ထိုင်းရ၊ ခါးမကိုင်းချင်ဘဲ ကိုင်းရ ဆိုတဲ့ အအိုမျိုးစုံ ကလဲ မုချ တွေ့ရအုံးမှာပါ၊ သံသယရှိုမနေနဲ့ ။

အကောင်း မှုန်သမျှ အကုန် ဆုတ်ယုတ်ပြီး အဆိုးနဲ့ချည့် တွေ့ရမှာ အမှန်ဘဲ၊ ဒီဇရာတွေ့ဟာ ဘယ်နေရာ သွားသွား ဘယ် နေရာ ရောက်ရောက် အိုရက်ပါဘဲ၊ ပူတဲ့နေရာနေလဲ အိုရက်ပါဘဲ အအေးထဲမှာမှ သက်သာ လိမ့်မယ် ထင်လို့ အအေးထဲ ပြောင်း

နေလဲ အိုရက်ပါဘဲ၊ ဘယ်ပြောင်း-ဇ်ပြောင်းဇလ မိနစ်တိုင်း စက္ကန့်တိုင်းမှာ အအိုကတော့ မလျော့ပါဘူး၊ အမြဲ အိုရက်ပါဘဲ။

ဒီ အအိုဒုက္ခဟာ ရှေ့သာတိုးနေဒါ နောက်ဆုတ်တာ မရှိပါဘူး၊ ဒါကြောင့် "ဤမျှ ဆိုးဝါးသော အိုရခြင်းဒုက္ခကို ရှဲ့ခြင်း၊ ကြောက်ခြင်း၊ မုန်းခြင်း ပြင်းပြပါသည်ဖြစ်၍ ဒီ ဇရာဒုက္ခကြီးမှ လွတ်လိုလို့ ကျတ်လိုလို့ ဒီ သက်နှံး စသော ပစ္စည်း များကို လှူဒါန်းပါ၏လို့ စိတ်ပြောင်းပါ။

ဒီ ဇရာဒုက္ခသာ မကသေးဘူး၊ ဗျာဓိဆိုတဲ့ ဒုက္ခကလဲ တွေ့ရအုံးမှာ မုချပါဘဲ၊ လူ့ဘဝ ရ,ရပါလို့၏ထဲမှာ ဒီ ဗျာဓိဒုက္ခကြီး ပါလာလိမ့်မယ်တဲ့၊ သစ္စာဥာဏ် မရှိတဲ့အတွက် မသိခဲ့ဒါ ကြောင့် ဆုတောင်းမှားခဲ့ကြတယ်၊ ကိုယ့် ဟာကိုယ် ဆုတောင်း မိခဲ့ဒါဆို တော့ အောင့်ခရိဘ ရှိတော့တယ်၊ မျက စ နာရ, နား, နာရ သွားနာရနဲ့ စုံလို့ ပါဘဲ အနာမျိုးစုံလာအုံးမယ်။

အဲဒီလို အနာမျိုးစုံ မိမိခန္ဓာထဲမှာ ရှိနေလျက်နှင့်နောက်ထပ် အနာမျိုးစုံပါတဲ့ ခန္ဓာမျိုး လိုချင်သေးရင်တော့ ဒီထက်မိုက်တာ မရှိတော့ပါဘူး၊ ဒီ ဗျာဓိဒုက္ခကြီးရဲ့ မရှိရာ ကင်းရာဖြစ်တဲ့ နိဗ္ဗာန် ဆိုတဲ့ အအေးဓါတ်တရားဟာ မုချ ရှိပါတယ်၊ ဒီဗျာဓိဟာ ဒုက္ခ သစ္စာဘဲ၊ ဗျာဓိကို ဒုက္ခလို့ သိဒါဟာ မဂ္ဂသစ္စာဘဲ၊ ဒုက္ခမှန်းသိလို့ မလိုချင်လျှင် တဏှာချုပ်တာဘဲ၊ တဏှာချုပ်လျှင် နိဗ္ဗာန ခေါ်တဲ့ နိဗ္ဗာန် မျက်မှောက်ပြုပြီးသား ဖြစ်တာဘဲ။

ဒါကြောင့် ဒီ ဗျာဓိဒုက္ခကြီးက လွတ်ဘို့ ကျတ်ဘို့လို့ ဗျာဓိ ဒုက္ခကင်းတဲ့ နိဗ္ဗာန်ကို ရောက်လို ရလိုသော ဆန္ဒ ပြင်းပြပါသည် ဖြစ်၍ ဤသက်နှံးစသော လှူဘွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းပါတယ်လို့ စိတ်ပြောင်းပါ၊ ဒီဟာ " ဒီနေ့ ဒီပစ္စည်းတွေနဲ့ ဗျာဓိ ဒုက္ခကင်းတဲ့ နိဗ္ဗာန်ကိုလဲ ယူမဲ့နေ့ဘဲ " လို့ မှတ်လိုက်ပါ။

ဗျာဓိဒုက္ခပီးတော့ ဘာတွေ့ရအုံးမယ် မှတ်သလဲ?အနှိပ်သည်တွေ့ မြန်မာဆရာတွေ့ အင်္ဂလိပ်ဆရာတွေ့ ဘေးပတ်ပတ်လည်ဝိုင်းနေမဲ့ မရဏန္တိကဒုက္ခ မရဏဒုက္ခတွေ့ရအုံးမှာဘဲ၊ ယခုဒကာကြွယ်တို့ ဒကာမ သန်းသန်းတို့ ဒကာတို့ဟာ ဘယ်သူ့ဘုံး နေသလဲ?၊ သိလားဗ?၊ အဲဒီ မရဏဒုက္ခကို အရောက်ပြေးနေဒါ၊ ဒီနားထိုင်နေရတာ မမှတ်ပါနဲ့၊ ဒီလောက်ဆိုးဝါးတဲ့ဒုက္ခကြီး အစကပါလိမ့်မယ် မထင်ခဲ့ကြလို့ ဒကာတို့ တတွေ့ ဆုတောင်းမှားခဲ့ ကြဒါ့၊ မှားမှန်းသိရင် သစ္စာဥာဏ်ဘဲ။

ဘေးက လာကြည့်တဲ့လူတွေ့က လက်ခါပြီး မရတော့ပါဘူး၊ ဒီတောင်ကတော့ကျော်မယ်မထင်တော့ပါဘူးဆိုတဲ့မရဏဒုက္ခကို တွေ့မှ တွေ့ပါမလားလို့ မှား သံသယမရှိနဲ့ တွေ့ရမှာ မုချပါဘဲ ဒါကြောင့် "ဒီမရဏဒုက္ခကြီးမှလဲကြောက်ခြင်း ရှဲ့ခြင်း လန့်ခြင်း ငြီးငွေ့ခြင်းပြင်းပြပါသည်ဖြစ်၍ ထိုမရဏဒုက္ခ၏မရှိရာ အ,မရဏခေါ်သည့် နိဗ္ဗာန်ကို ရလို ရောက်လိုသောကြောင့် ဒီ သင်္ခန်းစသော ပစ္စည်း များကို လှူဒါန်းပါသည်" လို့ စိတ်ထားကို ပြုပြင်မှာ။

"ဤကဲ့သို့ ပြုစု လှူဒါန်းသော သဒ္ဓါ,စေတနာ,ပညာ,ဝီရိယတို့ကြောင့် အို,နာ,သေ, ဒုက္ခကြီးများသို့ သုဉ်းရာလမ်းကို မလုပ်လိုခြင်း မရလိုခြင်း မအို,မနာ,မသေရာ နိဗ္ဗာန်ကို မဂ္ဂင်ဆိုက်သောဉာဏ်ဖြင့်မြင်၍ ရလိုခြင်း ရောက်လိုခြင်းကြောင့် လှူတဲ့နေ့" လို့ မှတ်၊ ယနေ့ဟာ မျက်လုံး အကြီးအကျယ် ပွင့်တဲ့နေ့လို့ မှတ်ပါ၊ ဘာမျက်လုံးပွင့်သလဲ သမ္မာဒိဋ္ဌိ မျက်လုံးပွင့်တဲ့နေ့ အမြင်မှန်ရတဲ့နေ့ မှတ်ပါ။

အပြော ကြောက်နဲ့ အမြင်ကြောက်(၂)မျိုးမှာ အပြောကြောက်က အဟုတ်ကြောက်တာ မဟုတ်ပါဘူး၊ အမြင်ကြောက်

ကမ္ဘ တကယ် ကြောက်တာပါ၊ ဒါကြောင့် အပြောကြောက် ကလေးတွင် ရပ်မထားပါနဲ့ မိမိဉာဏ်နဲ့ ဆင်ခြင်၊ မဂ်ဉာဏ်နဲ့ မြင်အောင်ကြည့်ပီး ကြောက်ပါ၊ ဒီလို ဉာဏ်မမြင်လျှင် အအိုရှိလျက် အအိုရှာ၊ အနာရှိလျက်နှင့် အနာရှာ၊ အသေရှိလျက်နှင့် အသေရှာတဲ့နေ့ ဖြစ်လိမ့်မယ်၊ ကိုယ်မှာ အအိုတွေ့, အနာတွေ့, အသေတွေ့ ရှိလျက်နှင့် နောက်ထပ် အအို,အနာ,အသေရှာတယ် ဆိုဒါ ပုထုဇဉ်အမိုက်တို့ရဲ့ ရှာမှီးခြင်းဖြစ်တယ်။

အရိယာ ပုဂ္ဂိုလ် တွေကတော့ အအိုလွတ်ရာ အနာလွတ်ရာ အသေလွတ်ရာကို ရှာကြဒါ၊ အဲဒီလို မရှာတတ်ရင်တော့ ဇာတိထဲနေပြီး ဇာတိထဲပြန်ချင်လို့၊ ဇရာထဲနေပြီး ဇရာထဲပြန်ချင်လို့ ဗျာဓိထဲနေပြီး ဗျာဓိထဲပြန်ချင်လို့၊ မရဏထဲနေပြီး မရဏထဲပြန်ချင်လို့ မုတ်ရလိမ့်မယ်၊ ဒါကြောင့် ဒီနေ့ဟာဖြင့် ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖြင့် အမှန်ကိုမြင်လျက် အို,နာ,သေရေး ဒုက္ခ ဘေးကြီးတွေ ရောပြွမ်းနေတဲ့ ခန္ဓာကိုယ် ဇာတ်သိမ်းချင်လို့ လှူတဲ့အလှူလို့ မှုတ်ပါ။

ခန္ဓာကိုယ်ဟာ ဒုက္ခသစ္စာ၊ ဇာတ်သိမ်းဒါက နိရောဓသစ္စာ ဇာတ်သိမ်းချင်ဒါက မဂ္ဂသစ္စာ၊ ခန္ဓာ ကိုယ်ကို ဒုက္ခမှန်းသိလို့ မလိုချင်ရင်တော့ တဏှာ ချုပ်တော့ဒါဘဲ၊ ဒီလို တဏှာ ချုပ်၍ “ ဒုက္ခ ခပ်သိမ်း ငြိမ်းရာ နိဗ္ဗာန်ကို အမှန် မျက်မှောက် ပြုလို့၍ လှူမှာတယ် ” လို့ စိတ်ပြောင်း၊ ယခုလိုလှူ၍ ယခုလို အမြင်မှန် မြင်လျှင် ကောန် နိဗ္ဗာန်ကို ရနိုင်တယ်၊ ဒီလို ရနိုင် ကြောင်းကို ယုံကြည်လျှင် ကံ,ကံ၏ အကျိုးကို ယုံကြည်တဲ့ ကမ္မဿ ကတာ ဉာဏ်လို့ ဆိုရတယ်၊ ဝဋ်ဒုက္ခ လွတ်လိုဒါက မဂ်ဉာဏ်၊ အဲဒီ “ ကမ္မဿကတာဉာဏ် မဂ်ဉာဏ်တွေနဲ့ ဒီနေ့ လှူပါ၏ ” လို့ စိတ်ကပြောင်း၍ထားပါ။

(ရေစက်ချ)

ဘန္တေ၊ အရှင်ဘုရား၊ မယံ၊တပည့်တော်တို့သည်။။ကေဒသဂ္ဂဲ ဟိ တဆယ် တသီးညီးညီးပြောင်ပြောင်တောက်လောင်ကုန်သေါ ရာဂ,စသော မီးတို့သည်။ ပရိပီဠိတံ၊ အမြဲမပြတ် တလောင်ထဲ လောင်အပ်သော။ သံသာရဘယံ၊ တဖြစ်ထဲဖြစ် တပျက်ထဲပျက်၍ နေရသော သံသရာ ဝဋ်ဒုက္ခဘေးကြီးကို။ ဘီတာ၊ ကြောက်ခြင်း ရှိခြင်းပြင်းပြပါကုန်သည်ဖြစ်၍။ တတော၊ ထိုသံသရာဝဋ်ဒုက္ခမှ။ မုတ္တာ၊ ကျွတ်လွတ် ကြကုန်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ နိဗ္ဗာနံ၊ ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မျက်မှောက် ပြုပါရခြင်း အကျိုးငှါ။ ဥာဏစက္ခုံ အမှန်ကိုမြင်တတ်သော ဥာဏ်စက္ခုကို။ ဂဝေသန္တော၊ ရှာမှီး လတ်သော်။ ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မြော်တွေးကြောက်ငြားအို....ချစ်သားတို့။ ပုည ံ ကုသိုလ်ကောင်းမှု အစုစုသည်။ သုခံ၊ လူနတ်ချမ်းသာမျှသာမက အာတုမရှိ အချမ်းသာဆုံး ဖြစ်သော နိဗ္ဗာန်ချမ်းသာကို ဇနေတိ၊ မုချမသွေဖြစ်စေနိုင်၏။။ကွတိ၊ဤသို့။ စုတ္တ ံ၊ဟောတော်မြွက်ကြား အမိန့်တော်စကားကို။။မနသိကတ္ဝာ၊ နှလုံးသွင်း၍။ တီသရဏေန၊ သရဏဂုံ သုံးပါးနှင့်။ သဟ၊တကွ။ အဋ္ဌင်္သီလာနိ၊အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော သီလတော်မြတ်တို့ကို သမာဒိယိတ္ဝာ၊ ကျင့်သုံးခံယူ ဆောက်တည်ပြီး၍။။ကွမာနိစီဝရာဒိ ဝတ္ထူနိ၊ ဤသင်္ကန်း အစရှိသော ဒေယျဓမ္မ ဒါတဗ္ဗဝတ္ထု အစုစုတို့ကို။ အာယသ္မန္တာနံ၊ အရှင်ဘုရား တို့အား။ ယထာဥဒ္ဒိဋ္ဌံ၊ ရည်ညွှန်း ပိုင်းခြား ထားသည့် အတိုင်း။ ဒေမ၊ သဒ္ဓါ ရှင်လန်းလှူဒါန်း ဆက်ကပ်ပါကုန်၏။

ဘန္တေ၊ အရှင်ဘုရား။ ကွမိနာဒါနပုညေန၊ ဤသို့ လှူဒါန်းပြုစုရသော ဒါန ကုသိုလ်ကြောင့်ငင်း။ ကွမိနာ သီလ ပုညေန၊

ဤသို့ ဆောက်တည်ရသော သီလကုသိုလ်ကြောင့်ဌင်း။အညေဟိ ပုညေဟိ၊ ဤမှတပါး များးများး ထူးထူး ပြုခဲ့ဘူးသော ကောင်းမှုတို့ကြောင့်ဌင်း။ မယံ၊ တပည့်တော် — တပည့်တော်မတို့သည်။ အဇာတိ ပဋိသန္ဓေတည်နေရခြင်းမရှိသော။ အဇရံ၊ ခန္ဓာရွတ်ယို အိုရခြင်းမရှိသော။ အဗျာဓိ၊ဆင်းရဲပြင်းစွာနာရခြင်းမရှိသော။ အမတံ၊ ခန္ဓာလဲကြွ သေရခြင်း မရှိသော။ သီဝံ ဒုက္ခခပ်သိမ်း အေးငြိမ်းရာမှန်မြတ်နိုဗ္ဗာန်ကို။ ဣစ္ဆိတဝရေန၊ အလိုရှိအပ်သော ဆုထူးဆုမြတ်နှင့်တကွ။ သစ္စိကရေယျာမ၊ မငြို့မငြင် ဆောလျင်ကူးမြောက် အသော့ ရောက်၍ မျက်မှောက် ပြုရပါလို ကုန်၏ အရှင်ဘုရား.....။

ဘန္တေ၊ အရှင်ဘုရား။ ဣမဿ ပုညဿ၊ ဤသို့စုစုပြုပါရသော ကောင်းမှု၏ ဘာဂဿ၊ အဘို့ကို။ ဂုဏဝိသိဋ္ဌတရာနံ၊ ဂုဏ်ကျေးဇူး အထူးရှိတော်မူကြကုန်သော။မာတာပိတုန္နဉ္စ၊မိခင်ဘခင်ကျေးဇူး ရှင်တို့အားဌင်း။ အာစရိယာနဉ္စ၊ ဆရာသခင်ကျေးဇူးရှင်တို့အား ဌင်း။ ဣမဿ ပရိသာနဉ္စ၊ ဤအလှူ။ မဏ္ဍပ်သို့ ကြွရောက်လာတော်း ပရိသတ် အပေါင်းတို့အားဌင်း။ ယမရာဇဿစ၊ ငရဲသင်္ခန်း ယမမင်းအားဌင်း။ ဒေဝရာဇဿစ၊ နတ်တို့သင်္ခန်း သိကြားမင်းအားဌင်း။ ဧကတိံသဘဝေ (၃၁) ဘုံ၌၊ စရန္တာနံ၊ ကျင်လည်ကျက်စား ပြေးသွားနေကြကုန်သော။သဗ္ဗသတ္တာနဉ္စ၊ အလုံးစုံသော သတ္တဝါတို့အားဌင်း။ ဘာဇေမ၊ အမျှ,အမျှ,အမျှ၊ ပေးဝေဌပါကုန်၏။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ အမှေဟိ၊ တပည့်တော်တို့နှင့်။ သမံ၊ထပ်တူထပ်မျှ။ ပုညဿဂံ၊ကောင်းမှုအဘို့ကို။ လဘိတ္ထ၊ ရကြကုန်၍။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြကုန်သည်။ မုဒိတာ၊ ပီတိလှမ်းမောက် ဝမ်းမြောက်သောစိတ် ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

မှတ်ချက် ယခုလို အမျှပေးဝေရာ၌ ကောင်းမှုအဘို့သည် မိမိမှာ လျှော့မသွားပါ တိုးရ၍ပင် လာပါသေးသည်၊ ဥပမာ ဖယောင်းတိုင်မှ မီးကို အခြား ဖရောင်းတိုင်များသို့ ကူးယူ ရာ၌ နဂို ဖယောင်းတိုင်မှမီးသည် မလျှော့သည့်ပြင် နောက်- နောက် ဖယောင်းတိုင် မီးများကြောင့် ပို၍ပင် အရောင် အလင်းရသကဲ့သို့တည်း။

ထို့ပြင် အမျှဝေရာ၌ သာဓု ခေါ်နိုင်သူများမှာ ငရဲကျနေသော သူများမပါ၊ အနိုး အနားမှာရှိသော ပြိတ္တာများသာ ပါသည်၊ ၎င်းပြိတ္တာများလည်း နုမှုရသည်၊ ရင့်နေသေးက မခေါ်နိုင်၊ ကျတ်ချိန် နီးသော ပြိတ္တာများမှရသည်၊ ထိုသို့ အမျှယူသူ မရှိသော်လည်း အမျှပေးသောသူမှာကား ကုသိုလ်ကတော့ ဖြစ်သည်သာ။

“ ဥပမာ ”

ညွှေ့သည်တယောက်လာ၍ ထမင်းစသည်ဖြင့် ကျွေးမွေးရာ၌ ညွှေ့သည်က မစားသော်လည်း အိမ်ရှင်မှာကား တာဝန်ကျ၍ ဒါနကုသိုလ် အထမြောက်သကဲ့သို့ပင်ဖြစ်သည်။

နိဂုံးစကား။

ဤမျှတည်းသော ဒေသနာတော် အစု အစဉ်ဖြင့် “ **မိုးကုတ် ဝိပဿနာ ဒုလ္လဘဒေသနာ** ” ဟု အမည်တွင်သော တရားတော်များ “ပဋ္ဌမတဲ့” ကို ဤနေရာတွင် ကမ္ပတ်ဖုံးကာ အဆုံး သတ်ရပေတော့ပြီ။

အကယ်၍သာ ဓမ္မအဆေတော် ဝေနေယျ အများစု၌ ကောင်းအထောက်အပံ့ အားကြီးစွာ ရှိကြသည်မှန်ခဲ့ပါမူရေးကူး

ပြီး "ဆရာတော်ကိုယ်တိုင်"ကြည့်၍ စစ်ဆေးပြီးဖြစ်သော တရား တော် စာမူများ အများပင် ကျန်ရှိ နေသေးသဖြင့် ဒုတိယပိုင်း တတိယပိုင်း စသည်အားဖြင့် ထုတ်ပေါ် လာနိုင်ရန် အကြောင်း အခွင့် ရှိပါသည်။

ရေးကူးတင်ဆက်သူ၏ စေတနာ သဒ္ဓါဆန္ဒ အဓိက ရည်ရွယ် ချက်မှာ....

(၁) တရားတော်များကို လေးနက်စွာ ကြားနာကြည့်ရှု စေလိုခြင်း။

(၂) ကြားနာပြီးလျှင် လေးလေး စားစား မှတ်သား လိုက်နာ ကျင့်ကြံ အားထုတ်စေလိုခြင်း။

(၃) ကျင့်ကြံ အားထုတ်သဖြင့် ရရှိအပ်သော ဓမ္မရသ ဓမ္မညှစာ တရား အရသာ များကို ကိုယ်တိုင် ကိုယ်ကျ သုံးဆောင် ခံစားနိုင်ကြစေလိုခြင်း။

ဟူ၍ဖြစ်ရာ ဤနေရာမှနေ၍ အချက်သုံးချက်နှင့် ညီအောင် ပြည့်စုံအောင် အားသစ် နိုင်ကြပါစေ၊ ဓမ္မအဆွေတော် များက လည်း တအားသစ်၍ စုံနစ်သောလုံ့လ သမ္မာဆန္ဒထက်ထက်ဖြင့် အားတက်ဝမ်းသာ ကြိုးစားအားထုတ်လိုက်ကြစမ်းပါ ဟူသော အလေး အနက် တိုက်တွန်းချက်စကားဖြင့် တန့်နား ပြီးဆုံး စေရ ပါသတည်း။ ။

ဦးမြင့်ဆွေ-မိတ္ထိလာ၊
၁၃၂၁-ခု၊ နွေဘင်းတာကူးလ။

ခေတ်ဆန်းဘွဲ့ပုံနှိပ်တိုက်၊ ဂ၄-လမ်း၊ [illegible]

ပုန်ကြေး။